http://www.dreamdownload.com

သာမဏောကျော် ဆရာတော်
ကျောင်း စတင်တည်ထောင်တော့
ပန်းခင်းသော လမ်းချည်း
လျှောက်လှမ်းရမှာပဲလို့
ထင်ရပေမယ့် လောကသဘာဝ
ထုံးစံအတိုင်း ခရောင်းလမ်းလဲ
ဖြတ်သန်းရသေးတယ်ဆိုတာကို . . .

ကျောင်းသစ်၏ အရုဏ်ဦး

သာမဏောကျော်

DESIGN
553920

ကျောင်းသစ်၏ အရုဏ်ဦး

သာမဏောကျော်

http://www.dhammadownload.com

ကျောင်းသစ်ဇ၏ အရုဏ်ဦး

သာမဏေကျော်

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ● ၃၂၀၅၅၃၇၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက် ● ၃၂၀၀၀၅၅၀၁၀၈

အုပ်ရေ ● ၂၀၀၀

တန်ဖိုး ● ၁၅၀၀ ကျပ်

ပုံနှိပ်ခြင်း ● ၂၀၀၈ ခုနှစ်၊ မေလ
ပထမအကြိမ်

မျက်နှာဖုံးနှင့် ● ဒေါ်မေသက်ခိုင် (၀၈၂၉၄)
အတွင်းပုံနှိပ် ပြည့်စုံပုံနှိပ်တိုက်
အမှတ်-၂၀၆၊ မြေညီ၊
ဗိုလ်တထောင်ဘုရားလမ်း။

ထုတ်ဝေသူ ● ဦးတင်ကိုဦး
ရွှေရည်မြင့်မြတ်စာပေ
အမှတ်(၅၈၀/ခ)၊
အောင်ရတနာလမ်း၊
သဃ်နိုးကျွန်းမြို့နယ်၊ရန်ကုန်မြို့။

အတွင်းဖလင် ● ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ● ကိုအောင်လွင်

သာမဏေကျော်စာပေ

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး)
မော်ဘီမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၎၀၉၆၈၀

http://www.dhammadownload.com

မာတိကာ

၁။ ဦးကျော်ဦး၏ စကားဦး ၁
၂။ မိတ်ဆက်စာလွှာ ၄
၃။ သမိုင်းဝင် နေ့တစ်နေ့ ၉
၄။ ဝမ်းနည်း ဝမ်းသာ ၉
၅။ တိတ်တဆိတ် ၁၀
၆။ ကိုရင်သစ် ၁၃ ပါး ၁၁
၇။ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် ၁၁
၈။ အာရုံပြုပြီး မစားမိပါ ၁၂
၉။ သိုသိုသိပ်သိပ် ၁၃
၁၀။ တစ်ရက်ရက်မှာ ၁၄
၁၁။ ဘဝတစ်ကွေ့မှာ ၁၇
၁၂။ သစ်ပင်အောက်တွင် ဘုရားရှင် ၁၈
၁၃။ ချမ်းမြေ့မြိုင်ရဲ့စကား ၁၉
၁၄။ ငရုတ်သီးထောင်းပြီး ၂၀
၁၅။ လွတ်လပ်မှုအရသာ ၂၁
၁၆။ ငါနဲ့သာ မတွေ့ခဲ့ရင် ၂၃
၁၇။ အစကနဲ့ အခုအခြေအနေ ၂၄
၁၈။ မှော်ဘီစျေးအဖွဲ့ ၂၆
၁၉။ မိုးပေါ်က မောင်မာယ ၂၈

http://www.dhammadownload.com

၂၀။ တပို့တွဲ လပြည့်နေ့ ၂၉
၂၁။ သူတို့ကြောင့် ၃၁
၂၂။ ဘာသိဘာသာ နေကြရင် ၃၂
၂၃။ သနားသွားမိပါတယ် ၃၄
၂၄။ ရေဒီယိုနဲ့ ရုပ်မြင်သံကြားမှ တစ်ဆင့် ၃၅
၂၅။ လေ ဝင်မှာပေါ့ ၃၇
၂၆။ စပါးတွင်းရွာ ရောက်နေရသလိုပါပဲ ၃၈
၂၇။ စပါးတွင်းကို သတိရဖွယ် ၃၉
၂၈။ ဥနဲ့ပင်တွေ ၄၁
၂၉။ ပျင်းစရာမှ မဟုတ်တာ ၄၂
၃၀။ ရှိတာနဲ့ ၄၄
၃၁။ ဆွာဘတ္တိ ၄၅
၃၂။ စုပေါင်းအားနဲ့ ၄၇
၃၃။ အသုံးအနှုန်း ၄၈
၃၄။ ခေါင်းမူးပါလိမ့်မယ် ၄၉
၃၅။ ကြိုတင်ပြင်ဆင်ရပါတယ် ၅၁
၃၆။ သစ္စာရဲ့ သတ္တိ ၅၂
၃၇။ ပျော့ညက်ညက် ၅၄
၃၈။ တုံး, ခေါင်းလောင်း, ကြေးစည် ၅၅
၃၉။ တစ်နေ့တာဝန် ၅၇
၄၀။ ကျေးဇူးမျှားလှပါပေတယ် ၅၈
၄၁။ ကိုယ့်နေရာလေး ရှိထားရင် ၆၀
၄၂။ ကြည်နူးစရာ ၆၁
၄၃။ သစ်ပင်နဲ့ နွေရာသီ ၆၃
၄၄။ ပထမဆုံး ယာယီရဟန်း ၆၄
၄၅။ ယိုင်လဲသွားရပါတယ် ၆၆

http://www.dhammadownload.com

၄၆။ အဖိတ်နေ့ ၆၇
၄၇။ နှင်းတွေ ဝေဆဲ ၆၉
၄၈။ ပေါ့သွားပါတော့တယ် ၇၀
၄၉။ သံဝေဂ ၇၁
၅၀။ မေတ္တာနဲ့ ဒါန ၇၃
၅၁။ လောကရဲ့ သဘော ၇၄
၅၂။ ပီတိတွေ ဝေ ၇၆
၅၃။ စာအုပ်တွေ ၇၇
၅၄။ နိဗ္ဗာန်ဆော် ၇၉
၅၅။ အားမငယ်ပါနဲ့ ၈၀
၅၆။ သဘာဝက ပေးတဲ့ ၈၂
၅၇။ တာဝန်ကိုယ်စီ ၈၃
၅၈။ အသံတွေ ၈၅
၅၉။ သာမဏေကျော့် စာအုပ်မှန်သမျှ ၈၆
၆၀။ မွေးသဗျာ ၈၉
၆၁။ အစာ ၉၀
၆၂။ အထောက်အကူ ၉၂
၆၃။ ကျေးဇူးဆပ်နည်း ၉၃
၆၄။ ကြိုတင်ပြင်ဆင် ၉၅
၆၅။ မဟောလိုက်ရတဲ့ တရား ၉၆
၆၆။ မိဘမေတ္တာ ၉၇
၆၇။ နေပူရှိန်ပြင်းပြင်းအောက်မှာ ၉၈
၆၈။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းတွေအတွက် ၁၀၀
၆၉။ ပြော မယုံ ကြုံမှ သိ ၁၀၁
၇၀။ များလှပါပေတယ် ၁၀၂
၇၁။ ဖွင့်ပွဲ အကြိုနေ့ ၁၀၃

http://www.dhammadownload.com

၂၂။ ဖွင့်ပွဲနေ့ ၁၀၅

၂၃။ ပိုမို အားရစရာ ၁၀၆

၂၄။ သဒ္ဓါ ထက်သန်ကြတယ် ၁၀၇

၂၅။ အားရှိပါတယ် ၁၀၉

၂၆။ အနာထပိဏ်ပါပဲ ၁၁၀

၂၇။ စိတ်ကူးယဉ်မှုသာ ၁၁၁

၂၈။ တိတ်ဆိတ်ငြိမ်းချမ်းလို့ပါတဲ့ ၁၁၃

၂၉။ အလုပ် ၁၁၄

၃၀။ ထူးထူးခြားခြား ၁၁၅

၃၁။ စိတ်ကြည်နူးဖွယ် ၁၁၇

၃၂။ ကျောင်း ငါးကျောင်း အလှူ ၁၁၈

၃၃။ အရသာ ၁၁၉

၃၄။ ကြည်နူးဖွယ် ၁၂၀

၃၅။ ကျောက်တန်းရွာအဖွဲ့ ၁၂၂

၃၆။ ကျောင်း ခြောက်ကျောင်းအလှူ ၁၂၃

၃၇။ စားကြည့်ရသေးတာပေါ့ ၁၂၅

၃၈။ ဗီဒီယို ၁၂၆

၃၉။ ပိုမို စိုပြည်လာကြမှာ ၁၂၇

၄၀။ နှင်းမှုံတွေကြား ၁၂၉

၄၁။ အချိန် မနှောင်းသေးပါ ၁၃၀

၄၂။ ကြိုးစားကြည့်ပါမယ် ၁၃၁

၄၃။ မမောနိုင် မပန်းနိုင် ၁၃၂

၄၄။ ဆွမ်းဆန်စိမ်းအလှူခံ ၁၃၄

၄၅။ မောင်လှဝင်း - မမြင့်မြင့်တို့အလှူ ၁၃၅

၄၆။ လာချင်ရင် အနီးလေး ၁၃၇

၄၇။ အလှ ၁၃၈

http://www.dhammadownload.com

၉၈။ စိတ်ရှည် - ဇွဲသန် ၁၃၉

၉၉။ နိုးနိုးကြားကြား ၁၄၁

၁၀၀။ ဥယျာဉ်မှူးရဲ့ ပီတိ ၁၄၂

၁၀၁။ အကျီလေး ၁၄၄

၁၀၂။ တစ်ပွေ့တစ်ပိုက်ကြီး ၁၄၅

၁၀၃။ အေးချမ်းတဲ့ ကမ္ဘာလေး ၁၄၆

၁၀၄။ သေခါနီးသူရဲ့ ဆန္ဒ ၁၄၇

၁၀၅။ သတိမရမိပါ ၁၄၉

၁၀၆။ ခါးက မသန် ၁၅၀

၁၀၇။ ခေါင်းဆောင် ၁၅၁

၁၀၈။ အင်အား ၁၅၂

၁၀၉။ တဝေဝေနဲ့ ၁၅၄

၁၁၀။ သင်တန်းပြီး နောက်နေ့မှာ ၁၅၅

၁၁၁။ တိုက်ဆိုင်နေတယ် ၁၅၆

၁၁၂။ ကျောင်းဆောင်သစ်ပေါ်သို့ ၁၅၇

၁၁၃။ ကျောင်းဝရံတာမှ မြင်ကွင်း ၁၅၉

၁၁၄။ သူတို့မိသားစု ၁၆၀

၁၁၅။ လာလမ်းဆီသို့ ၁၆၂

၁၁၆။ မသွားခင် ပြင်ဆင် ၁၆၃

၁၁၇။ တရားရှုမှတ်ကြမယ် ၁၆၅

၁၁၈။ စွမ်းနိုင်သမျှ ၁၆၆

၁၁၉။ သူတို့ရဲ့ လက်ထဲမှာ ၁၆၇

၁၂၀။ လိုအပ်နေပါသေးတယ် ၁၆၈

၁၂၁။ မုခ်ဦးအလှူ ၁၇၀

၁၂၂။ ဝါသနာအရ ၁၇၁

၁၂၃။ ကြောင့်ကြစိုက်တယ်တော့ ၁၇၂

http://www.dhammadownload.com

၁၂၄။ ဥုးဇင်းတွေအတွက် အစကောင်းမှ အနှောင်းသေချာ ၁၇၄
၁၂၅။ ဥုးဇင်းတွေထံ ၁၇၆
၁၂၆။ ဥုးဩဘာသ ၁၇၉
၁၂၇။ ဥုးဇဋိလ ဆောင်ရွက်ရန် ၁၈၁
၁၂၈။ ဥုးဩဘာသ ဆောင်ရွက်ရန် ၁၈၁
၁၂၉။ ဥုးဝိရိယ ဆောင်ရွက်ရန် ၁၈၂
၁၃၀။ ဥုးဇင်းတွေနဲ့ မောင်လှဝင်းထံ ၁၈၃
၁၃၁။ ဥုးဇင်းတွေထံ ၁၈၄
၁၃၂။ မောင်အောင်ဆန်း၊ မောင်ဝင်းဇော် (ဖိုးတုတ်) တို့အတွက် ၁၈၆
၁၃၃။ ဥုးဇင်းတွေနဲ့ မောင်လှဝင်းတို့ထံ ၁၈၇
၁၃၄။ ဥုးဇင်းတွေနဲ့ မောင်လှဝင်းထံ ၁၉၁
၁၃၅။ ဥုးဩဘာသနဲ့ မောင်လှဝင်း ၁၉၂
၁၃၆။ ဥုးဇင်းတွေထံ ၁၉၄
၁၃၇။ ဥုးဇင်းတွေနဲ့ မောင်လှဝင်းထံ ၁၉၅
၁၃၈။ ဥုးဩဘာသနဲ့ မောင်လှဝင်းထံ ၁၉၆
၁၃၉။ ပို့လိုက်ပါ - ငွေတစ်သောင်း ၂၀၁
၁၄၀။ ကြောက်နေကြဦးလေမလား ၂၀၆

http://www.dhammadownload.com

ဦးကျော်ဦး၏ စကားဦး

ဆရာတော် သာမဏေကျော်နှင့် ကျွန်တော် စတင်ဆုံစည်းခဲ့သည်မှာ လွန်ခဲ့သော ၁၃ နှစ်ခန့် ပထမရွှေကျင်ဆရာတော်ရာပြည့်ပွဲ ကျင်းပရန် စတင် ပြင်ဆင်ချိန်က ဖြစ်သည်။ ရာပြည့်ပွဲအထိမ်းအမှတ်အတွက် ပထမရွှေကျင် ဆရာတော်ဘုရားကြီး ရေးသားခဲ့သော 'စူဠသိဿကောဝါဒနှင့် မဟာ သိဿကော ဝါဒကျမ်း' ကို ထုတ်ဝေရန် ရွှေကျင်ဂိုဏ်းကြီးက စီစဉ်ရာ ဆရာတော် သာမဏေကျော်က ယင်းကျမ်းစာ သန့်ရှင်းအောင် စိစစ်ရာတွင် ကျွန်တော် က ပုံနှိပ်ထုတ်ဝေရာတွင် အသီးသီး ကုသိုလ်ယူ ပါဝင်ခဲ့ကြရင်း ဆရာတော် ကို ဖူးမြော်ခွင့်ရခဲ့ပါသည်။

ကျွန်တော်သည် အမှတ်အသား အားနည်းသူ ဖြစ်၍ ထိုသို့ ဖူးမြော် ဆုံတွေ့ခဲ့သည်ကို မေ့မေ့ပျောက်ပျောက် ရှိခဲ့သည်။ နောင် နှစ်အနည်းငယ် အကြာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် ဆရာတော်ကို ထပ်မံ ဖူးမြော် ရသောအခါ အထက်က ဆုံးစည်းခဲ့မှုကို ရုတ်တရက် မမှတ်မိ။ ဆရာတော် က ပြန်ဖော်ပြောသောအခါမှ အလုံးစုံ ပြန်သတိရသည်။ ထိုအချိန်တွင် ဆရာတော် သာမဏေကျော်သည် ဓမ္မစာပေများကို အရှိန်ကောင်းကောင်း နှင့် စတင်ရေးသားနေချိန် ဖြစ်သည်။ သို့သော် ဆရာတော်၏ အဖိုးတန်စာ များကို ထုတ်ဝေမည့်သူ သတ်သတ်မှတ်မှတ် မရှိသေးချေ။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကသာ ထုတ်ဝေနေသေးသည်။ ထိုသို့ ထုတ်ဝေနေသော်

http://www.dhammadownload.com

လည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှ အမှုဆောင်အဖွဲ့ဝင်များမှာ ကျောင်းတိုက်၏ တာဝန်များကို ထမ်းဆောင်နေရသဖြင့် ဆရာတော်၏ စာများကို ထုတ်ဝေရန် အာရုံစူးစိုက်ဖို့ အခက်အခဲ ရှိနေသည်။

ယင်းအခက်အခဲကို ကျွန်တော် သိရှိသောအခါ ဆရာတော်၏ စာများကို ထုတ်ဝေပေးပါ့မည်ဟု ကတိပြု အကောင်အထည်ဖော်ခဲ့ရာမှ ဆရာတော် သာမဏေကျော်၏ စာအုပ်များ ပါရမီစာပေမှ ဆက်တိုက်ထွက်ရှိလာသည်။ ဆရာတော်သည် ပိဋကတ်တော်များကို နှံ့စပ်သူလည်း ဖြစ်၊ စာရေးအားလည်း ကောင်းလှသူလည်း ဖြစ်၍ ဆရာတော် ရေးပြီးသမျှ စာအုပ်များမှာ အကြီးရော အသေးပါ ရေတွက်လျှင် ယခုအခါ ရာကျော်နေလောက်ပေပြီ။ အရေအတွက်သာမဟုတ် အရည်အချင်းပါ ပြည့်စုံသူ ဖြစ်၍ ဓမ္မစာပေဖတ်ပရိသတ်များကြားတွင် 'သာမဏေကျော်' ကလောင်အမည်သည် မသိသူမရှိလောက်အောင် ထွန်းပေါက်ခဲ့ပြီဟု ပြောလျှင် မမှားနိုင်ပါ။ စာရေးခြင်းနှင့်အတူ ဆရာတော်သည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကြီး၏ အရိပ်အောက်တွင် ခိုလှုံရင်း ပရိယတ္တိ ပဋိပတ္တိ တာဝန်များကို ထမ်းဆောင်လျက် ရှိခဲ့သည်။

တစ်နေ့တော့ ဆရာတော်က ကျွန်တော့်ကို ဖုန်းဆက်လာသည်။ အလှူရှင် အချို့၏ စေတနာကြောင့် လှော်ကားကန်အနီးတွင် ပရိယတ္တိရော ပဋိပတ္တိပါ ဆောင်ရွက်မည့် သီခြားကျောင်း ထူထောင်ရန် ရှိကြောင်း ပြောရင်း ကျွန်တော်၏ သဘောထားကို သိလိုကြောင်း အမိန့်ရှိလာသည်။ ကျွန်တော့်မှာ အထူးအထွေ လျှောက်ထားရန် မရှိပါ။ သို့သော် သီခြားကျောင်းဆိုလျှင် တာဝန်တွေ ပိုလာမည်ဖြစ်၍ ဆရာတော်၏ ကျန်းမာရေးကို ပို၍ ဂရုစိုက်ရန် လိုလာမည်ဟုသာ ကြောင့်ကြနေခဲ့သည်။

ယင်းသို့နှင့် 'သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်' ပေါ်ပေါက်လာသည်။ ဆရာတော်၏ ရှေးပါရမီကုသိုလ်ကြောင့် ကျောင်းတိုက် အဆောက်အအုံများသည် အလွန်လျင်မြန်စွာ တိုးပွားလာသည်။ ဆရာတော်၏ သာသနာရေး တာဝန်များသည်လည်း တစ်စထက်တစ်စ များပြားလာသည်။ အလှမ်းကျယ် အလယ် လပ်မည် စိုးသောကြောင့် လည်းကောင်း၊ စနစ်တကျ

http://www.dhammadownload.com

ဖွံ့ဖြိုးမှုဗုဒ္ဓသာသနာတော်၏ ဂုဏ်ကို ဆောင်နိုင်မည်ဟု ယုံကြည်ထားသောကြောင့် လည်းကောင်း ကျောင်းတိုက် တည်ထောင်တိုးချဲ့ရာတွင် စီမံကိန်းချ၍ ယင်းစီမံကိန်းအတိုင်း အကောင်အထည် ဖော်စေလိုကြောင်း ဆရာတော်ကို လျှောက်ထားခဲ့သည်။

ယခုအခါ သာသနာတော်၏ တန်ခိုး၊ ဆရာတော်၏ စွမ်းရည်၊ ဒကာဒကာမများ၏ သဒ္ဓါတရားကြောင့် သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်သည် အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ပြီ။ ဆက်လက်၍ သာသနာ့ဂုဏ်ဆောင်ကျောင်းတိုက်အဖြစ် ဝင့်ထည်လာရန် ဆရာတော်ရော၊ ဒကာ ဒကာမများပါ ဆက်လက်ကြိုးစားနေမည်မှာ သေချာနေပါကြောင်း။

ကျော်ဦး
ပါရမီစာပေ

http://www.dhammadownload.com

မိတ်ဆက်စာလွှာ

တမာတွေ ကြွေတဲ့ အညာနွေက ပူပြင်းလှပါတယ်။ စပါးတွင်း ရွာဦးကျောင်းက ကန်ပေါင်ပေါ်မှာ လမ်းလျှောက်ရင်း ကိုရင် ဓမ္မိက, က စာရေးသူကို ပါဏာတိပါတက် ကျူးလွန်ရင် ခံရမယ့် အပြစ်တွေ ပါတဲ့ ဆောင်ပုဒ်ကို ရွတ်ပြပြီး အဓိပ္ပာယ်ကိုပါ ရှင်းလင်းပြနေပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်မှာ ပရိယတ္တိစာပေတွေ သင်ယူနေတဲ့ ကိုရင် ဓမ္မိက စာမေးပွဲဖြေပြီးလို့ မိမိဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်တဲ့ အရာတော်မြို့နယ် စပါးတွင်းရွာကို ပြန်လာခိုက် ရွာဦးကျောင်းက ကန်ပေါင်ပေါ်မှာ လမ်းလျှောက်ရင်း စာရေးသူအား သင်ပြပေးနေခြင်းပဲ ဖြစ်ပါတယ်။ အဲဒီ အချိန်ကာလမှာတုန်းက စပါးတွင်းရွာမှာ ကိုရင်ဓမ္မိကတို့လို မိဘဆွေမျိုးတွေနဲ့ ခွဲပြီး မြို့ကို တက်ကာ ပညာသင်ယူတဲ့ သူက အင်မတန် နည်းပါတယ်။ နီညို ရောင် သင်းပိုင်နဲ့ ဧကသီကို အဝန်းညီအောင် ဝတ်ပြီး ကိုရင်စီး ဖိနပ်စီးကာ နေရာထိုင်ကို ညာဘက်ပခုံးပေါ်မှာ တင်ပြီး အတူ လမ်းလျှောက်နေရတာ ကြည်ညိုစရာ၊ ကြည်နူးစရာ၊ အားကျစရာ၊ အတုယူစရာလို့ ရင်ထဲမှာ ခံစားမိပါတယ်။ ခွင့်ရက်စေ့လို့ မြို့ကို ပြန်ရတော့ စာရေးသူက နွားလှည်းနဲ့ သိမ်ချောင်းဆိုတဲ့ ကားလမ်းဘေးက ရွာလေးကို လိုက်ပို့ရပါတယ်။ သိမ်ချောင်းမှာ နေ့ဆွမ်းစားပြီး ကား လာတော့ ကိုရင်ဓမ္မိကရဲ့ အိတ်သေးသေးလေးကို ကားပေါ် တင်ပေးပြီး ကား ထွက်တော့မှ စာရေးသူတို့ လမ်းခွဲခဲ့ကြပါတယ်။ ခွဲသာ ခွဲရပေမယ့် ကိုရင်ဓမ္မိကရဲ့ ဆိုဆုံးမမှုတွေဟာ နားထဲက မထွက်ပါ။ အပြန်မှာ လှည်းမောင်းရင်း ပြန်ကြားယောင်နေမိပါတယ်။ "လေးတန်း

http://www.dhammadownload.com

စာမေးပွဲ အောင်ပြီးရင် ကိုရင်လိုပဲ မဟာဂန္ဓာရုံမှာ ကိုရင်ဝတ်ပြီး စာတွေ သင်ရမယ်" လို့ မိန့်သွားပါသေးတယ်။

အောင်စာရင်းထွက်လို့ လေးတန်းအောင်တော့ ကိုရင်ခမ်မိုက, က စာရေးသူကို လာခေါ်ပါတယ်။ 'ရောက်ခဲ့ရပါပြီ ကျောင်းတော်ဆီသို့' ဆိုတာလို သံဃာ ၅၀၀ ကျော်နဲ့ သန့်ရှင်းတိတ်ဆိတ်ပြီး တိုက်ကြီးတွေ ဟီးထနေတဲ့ အမရပူရမြို့၊ မဟာဂန္ဓာရုံ ကျောင်းတိုက်ဆီသို့ ဖြစ်ပါတယ်။ ကျန်းမာရေး ဂရုစိုက်ရပါတယ်။ ကျောင်းစည်းကမ်း လိုက်နာရပါတယ်။ စာ ကြိုးစားရပါ တယ်။ စာရေးသူက သာမဏေသကျသီဟ ပထမဆင့် ဖြေပြီးခါနီမှာ ကိုရင် ခမ်မိုက, က မဟာစည် သာသနာ့ရိပ်သာမှာ တရားထိုင် ထွက်သွားပါတော့ တယ်။ ကိုရင်ခမ်မိုက ကျောင်းမှာ မရှိတော့ စာရေးသူလည်း ကိုရင်လူထွက် ဖြစ်ပါတယ်။ 'ကွဲကွာကြပြီ တစ်ကမ္ဘာဆီသို့' ဆိုတာလို ကိုယ့်အကြောင်းနဲ့ ကိုယ့်ဘဝမှာ ရုန်းကန်လှုပ်ရှားရင်း အိမ်ထောင် သားမွေး အလုပ်တွေနဲ့ ရှုပ်ထွေး နေပါတော့တယ်။ တစ်ခါတစ်ရံ အိပ်မက်ထဲမှာ ငယ်ငယ်က စာဝါတွေ လိုက် နေရတာတွေကို မြင်မက်တာက လွဲလို့ သတိမရတစ်ခါ ရတစ်ခါပါပဲ။ ကိုရင် ခမ်မိုကလည်း အရှင်ခမ်မိုကာလက်ာရာဘိဝံသ ဖြစ်သွားပါပြီ။

၁ နှစ်လောက် ကြာတော့ အရှင်ခမ်မိုကာလက်ာရ ရွာကို ရောက်လာ ပါတယ်။ မျက်နှာက ကြည်လင်ပြီး တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းပါ ပဲ။ အရင်ကထက် ပိုပြီး ကျန်ခြေရလာသလို စကားပြောလည်း နည်းလာပါ တယ်။ စကားကိုလည်း တိုးတိုးပဲ ပြောပါတယ်။ တရားအားထုတ်ဖို့ စာရေးသူ ကို လာခေါ်တာတဲ့။ အမှန်အတိုင်း ဝန်ခံရရင် ကိုယ့်အလုပ်နဲ့ ကိုယ်မို့ တရား အားထုတ်ဖို့ စိတ်တောင် မကူးမိပါ။ ညီအစ်ကို တစ်ဝမ်းကွဲကလည်း တော် စာလည်း တက်ခဲ့ရတာကြောင့် ချစ်ကြောက်ရိုသေ ဖြစ်နေပြီး ငြင်းဆန်ဖို့ ခက်နေပြန်ပါတယ်။ အဝတ်အစားကို ပုဆိုးတစ်ထည်ထဲ ထည့်၊ စလွယ် သိုင်းပြီး ရန်ကုန်ကို တရားအားထုတ်ဖို့ လိုက်ရပါတယ်။ မဟာစည်ရိပ်သာမှာ တစ်လ၊ အရှင်ခမ်မိုကနေတဲ့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ မှာ နှစ်လ တရားအားထုတ်ရပါတယ်။ တရားအားထုတ်ပြီး ရွာကို ပြန်လာပါ တယ်။ တရားအားထုတ်ပြီး အပြန်မှာ မှာတမ်းချွေလိုက်တဲ့အတိုင်း နေ့စဉ်

http://www.dhammadownload.com

၁၅ မိနစ် တရားရှုမှတ် ဖြစ်ပါတယ်။ ရွာမှာ နေပြီး မိသားစု စီးပွားရေး စားဝတ်နေရေးတွေ လုပ်ရင်း ရပ်ရွာမှ ရ. ယ. က ဥက္ကဋ္ဌ တာဝန်ပါ ထမ်းဆောင်တော့ သူငယ်ချင်း အပေါင်းအသင်းတွေ လုပ်ငန်းတာဝန်တွေ ကျယ်ပြန့်လာပြီး ပျက်စီးသွားမှာ စိုးရိမ်တဲ့အတွက် အရှင်ဓမ္မိကာလင်္ကာရာဘိဝံသက 'အနေမှန်မှ အဖြေ မှန်မယ်' စာအုပ်ကလေး ရေးပြီး သတိပေးပြန်ပါတယ်။

အရှင်ဓမ္မိကာလင်္ကာရာဘိဝံသလည်း ပြည်တွင်း ပြည်ပ သာသနာရေး လုပ်ငန်းတွေ လုပ်ကိုင်ရင်း သာမဏေကျော် ဆိုတဲ့ ကလောင်အမည်နဲ့ နာမည်ရနေပါပြီ။

၁၃၆၃ ခုနှစ်ကစပြီး စပါးတွင်းရွာမှ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းနဲ့ ၇ ရက် တရားစခန်း ၃ နှစ်ဆက်တိုက် အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ ဆရာတော် ကိုယ်တိုင် လာရောက် ဖွင့်လှစ်ပါတယ်။ လူငယ်လေးများက ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း တက်ရောက်သင်ယူကြပါတယ်။ လူလတ်ပိုင်းနဲ့ လူကြီးပိုင်းက တရားအားထုတ်ကြပါတယ်။ စာရေးသူလည်း တရား အားထုတ်ပါတယ်။ အဲဒီတုန်းက စာရေးသူက သာမဏေကျော် ဆရာတော် အရှင်ဓမ္မိကာလင်္ကာရာဘိဝံသကို လျှောက်ထားဖြစ်ပါတယ်။ "အရှင်ဘုရား၊ ကိုယ်ပိုင်ကျောင်းလေးနဲ့ ကိုယ် ကျောင်းထိုင်ကျောင်းပိုင် ဖြစ်အောင် လုပ်ဦးမှပေါ့" လို့ သာမဏေကျော် ဆရာတော်က "ကျောင်းထိုင်ကျောင်းပိုင်ဆိုတာ ဘာကို ဆိုလိုတာလဲ။ ဒါတွေ မလိုပါဘူး"တဲ့။ မလေးမစား လျှောက်ထားမိသလို ဖြစ်သွားပါတယ်။ အမှန်တော့ စာရေးသူက ပြည့်စုံအောင် မလျှောက်ထားတတ်တာပါ။ သာမဏေကျော်တို့လို ပုဂ္ဂိုလ်မျိုးဟာ ကိုယ် ကြည်ညိုလေးစားရတဲ့ ဆရာတော်ကြီးတွေရဲ့ နည်းနိဿယအတိုင်း မြတ်စွာဘုရား အလိုတော်ကျ ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုဖို့ မိမိကိုယ်တိုင် ဦးစီးဦးဆောင် စီမံရတဲ့ ကျောင်းတိုက်ကြီးတစ်ခုကို မိမိမှာ ရှိတဲ့ အရည်အချင်းတွေနဲ့ ထူထောင်ဖို့ သင့်ပြီလို့ ဆိုလိုတာပါပဲ။ ဒါပေမဲ့ အဲဒီလိုမျိုး မလျှောက်ထားတတ်၊ မပြောတတ်ခဲ့ဘူး။

ဒီလိုနဲ့ စာရေးသူလည်း ရ. ယ. က ဥက္ကဋ္ဌအဖြစ်နဲ့ အစည်းအဝေးတွေ၊ စာရင်းဇယားတွေ၊ စီမံချက်တွေ၊ ညွှန်ကြားချက်တွေ၊ ဆောင်ရွက်ချက်

http://www.dhammadownload.com

တွေနဲ့ အလုပ်ရှုပ်နေခြိန် တစ်နေ့မှာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက် စတင် တည်ထောင်တော့မှာမို့ ကျောင်းမြေယာကိစ္စ၊ သာသနာမြေ၊ ရေ၊ မီး ကိစ္စ စတဲ့ ရှုံးနွဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ လုပ်ဖို့ သာမဏေကျော်က စာရေးသူကို ခေါ်ပါတယ်။ ဝမ်းသာအားရ ဖြစ်မိပါတယ်။ လိုအပ်နေတာလည်း အမှန်၊ ကိုယ်ရင်းနှီးပြီးသား လုပ်ငန်းလည်း ဖြစ်ပြန်၊ နဂိုထဲကမှ နောင်တော် ဆရာတော်ကို ဒီလိုဖြစ်စေချင်နေတာကြောင့် သက်ဆိုင်ရာကို နုတ်ထွက်စာတင်ခွင့်ပြုချက် ရယူပြီး လှော်ကားဥယျာဉ်အနီးက သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ကို ရောက်ခဲ့ရပါတယ်။ သာသနာပြုခွင့် ကြုံရသလို ပြန်လည် ဆုံဆည်းဖို့အကြောင်း ဖန်လာတယ်လို့လည်း ဆိုရမှာ ဖြစ်ပါတယ်။

လိုအပ်နေတဲ့နေရာမှာ လိုအပ်နေတဲ့အချိန်မှာ စေတနာ၊ သဒ္ဓါတရား၊ ထက်ထက်သန်သန်နဲ့ လိုအပ်ရာရာတွေကို လှုဒါန်းကြတာတွေ၊ ဆရာသမားတွေ၊ သီတင်းသုံးဖော်တွေရဲ့ အားပေးခြီးမြှောက်မှုတွေ၊ ကျောင်းဆောက်လုပ်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင် အနေအထား၊ စေတနာ၊ သဒ္ဓါ၊ မေတ္တာ ထားကြသူတွေ၊ ကရုဏာ ပွားကြသူတွေ၊ သာသနာပြုလုပ်ငန်း ဆောင်ရွက်ချက်တွေ စတဲ့ ကျောင်းအသစ်တည်ထောင်ခါစမှာ တွေ့ကြုံရတဲ့ အတွေ့အကြုံတွေကို ကျောင်းသစ်ရဲ့ အရုဏ်ဦးမှာ ဖတ်ရှုရမှာ ဖြစ်ပါတယ်။

အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်မှာ ပညာတွေ သင်ယူပြီး ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ကျမ်းစာတွေ ရေး၊ စာဝါတွေ ပို့ချ၊ ပြည်တွင်း ပြည်ပမှာ တရားတွေ ပြနေတဲ့ သာမဏေကျော် ဆရာတော် ကျောင်း စတင်တည်ထောင်တော့ ပန်းခင်းသော လမ်းချည်း လျှောက်လှမ်းရမှာပဲလို့ ထင်ရပေမယ့် လောကသဘာဝ ထုံးစံအတိုင်း ခရောင်းလမ်းလည်း ဖြတ်သန်းရသေးတယ် ဆိုတာကို မှတ်တမ်းမှတ်ရာ မရှိခဲ့ရင် လေထဲမှာ ပျောက်သွားနိုင်လို့ ကျမ်းတစ်စောင် ပေတစ်ဖွဲ့ မဟုတ်တောင် သမိုင်းတွင်ထင်ကျန်ရစ်မယ့် စာတမ်းလေးတော့ ပြုစုပေးဖို့ သာမဏေကျော် ဆရာတော်ကို လျှောက်ထား တောင်းပန်လို့ ယခုလို ကျောင်းသစ်ရဲ့ အရုဏ်ဦး ထွက်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။ ဆက်လက် ဖတ်ရှုဖို့ တိုက်တွန်းပါတယ်။

လှဝင်း (စပါးတွင်း)

http://www.dhammadownload.com

သမိုင်းဝင် နေ့တစ်နေ့

ပြင်ဦးလွင်မြို့မှ မောင်လှမြင့်က တပို့တွဲလဆန်း ၈ ရက်နေ့ (၅-၂-၂၀၀၆) ည ခုနစ်နာရီကျော်အချိန်လောက်မှာ ဖုန်းဆက်လာပါတယ်။

"သာမဏောကျော် မဟာဂန္ဓာရုံဆရာတော်ကြီး၊ လှော်ကားမှာ ပျော်နေပြီလား။ ဒီနေ့က သာမဏောကျော်ရဲ့ သမိုင်းဝင် နေ့တစ်နေ့ပေါ့။ လိုက်ပို့သူတွေနဲ့ သမိုင်းဝင်မှတ်တမ်း ကျန်ရစ်ရအောင် မှတ်တမ်းတင်ဓာတ်ပုံလေး ရိုက်မထားဘူးလား။ ရိုက်ထားလိုက်ပါ။ အခုအချိန်မှာ အမှောင်လွှမ်းသွားပြီ ဖြစ်ပေမယ့် အလင်းပေါ်ထွက်အောင် လုပ်ပြီး ရိုက်ရင် ရပါတယ်။"

မောင်လှမြင့်က တိုက်တွန်းလို့ ဓာတ်ပုံရိုက်ပညာ တတ်သိထားတဲ့ ညီဥူးသြဘာသန့်ညီ မောင်အောင်ဆန်း ရှိနေတဲ့အတွက် မောင်လှမြင့် ပေးတဲ့အကြံကို အကောင်အထည်ဖော်ဖို့ ကြိုးစားရပါတော့တယ်။ မောင်အောင်ဆန်းက မည်မြို ဦးဆောင်တဲ့အဖွဲ့ (မတင်တင်၊ မသုခ၊ မမုဒု၊ မအေးအေး၊ မသန်းသန်း၊ မသီရိ၊ မဇင်ဇာဝင့်) တို့ကို သွားခေါ်ပါတယ်။ ဆွမ်းစားကျောင်းဆောင်ပေါ် မီးစက်မောင်းလို့ လင်းလာတဲ့ ဖန်ချောင်းရောင် အကူအညီကို ယူပြီး ဓာတ်ပုံရိုက်လိုက်ပါတယ်။

ဝမ်းနည်း ဝမ်းသာ

သာမဏောကျော်ဟာ ပဲခူးမြို့နယ်၊ ဆယ်မိုင်ကုန်း၊ ပဏ္ဏိတာရာမ တောစခန်းရိပ်သာမှ ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်ရှိ သာမဏောကျော် မဟာဂန္ဓာရုံကျောင်းတိုက်သို့ ၁၃၆၇ - ခု၊ တပို့တွဲလဆန်း ၈ ရက် (၅-၂-၂၀၀၆) နေ့က

http://www.dhammadownload.com

အရုဏ်ဆွမ်း ဘဉ်းပေးအပြီးမှာ မည်မိမိတို့ကားနဲ့ အပြီးပြောင်းရွှေ့လာခဲ့ပါတယ်။ အဲဒီကားကို မည်မိမိရဲ့အစ်ကိုဝမ်းကွဲ ကိုစောထွန်းက မောင်းပါတယ်။ မောင်လှမြင့်က ဒီလိုလည်း မေးပါသေးတယ်။

"အခုလို ပြောင်းရွှေ့လာတော့ ဘယ်လို ခံစားရပါသလဲ။"

အင်း၊ ဒီမေးခွန်းကို ကားနဲ့ ပြောင်းရွှေ့အလာ ကားပေါ်မှာ မတင်တင် ကလည်း မေးခဲ့ပါတယ်။ အဲဒီကားပေါ်မှာတုန်းကတော့ အဖြေမပေးဘဲ ငြိမ်သက်နေခဲ့ပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်း ရောက်ပြီးခါနီမှာ ဆယ်မိုင်ကုန်း ပဏ္ဏိတာရာမမှ ဒေါ်သုဇာဂရန်တီကလည်း ဖုန်းနဲ့ အဲဒီမေးခွန်းကို မေးပါသေးတယ်။ အဲဒီအခါမှာတော့ အဖြေပေးလိုက်ပါတယ်။

"အရင်အခေါက်တွေက လှော်ကားသွားတဲ့အခါ ပျော်ပျော်ပါးပါး ပေါ့ပေါ့ပါးပါး ရှိခဲ့ပါတယ်။ အခုတစ်ခေါက်မှာတော့ ဝမ်းနည်းဝမ်းသာ ရောထွေးနေပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းရောက်သွားပြီး မကြာခင်မှာတော့ ဝမ်းနည်းမှုဟာ တဖြည်းဖြည်းချင်း လွင့်စင်ကွယ်ပျောက် သွားပါတော့တယ်။"

တိတ်တဆိတ်

၅-၂-၂၀၀၆ နေ့ နေ့လယ်ပိုင်းလောက်မှာ ဥုးဥုနုဇ္ဈောတာဘိဝံသ ကလည်း အင်္ဂလန်မှ မြန်မာနိုင်ငံ ပြန်ရောက်လာခိုက် ရန်ကုန် ပဏ္ဏိတာရာမက လှမ်းပြီး ဖုန်းဆက်ပါသေးတယ်။ သူ အညာကို နှစ်ပတ်လောက် ခရီးထွက်ပြီးမှ ပြန်လာမယ်။ အဲဒီအခါမှ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို လာမယ်လို့ ပြောပါတယ်။ မည်မိမိတို့တစ်သိုက် ၅-၂-၂၀၀၆ နေ့ ညနေပိုင်းမှာ ကားနဲ့ လာခေါ်မယ် ပြောထားလို့ စောင့်မျှော်နေကြရင်း ညကိုးနာရီ ခွဲသွားတော့ သူတို့တစ်သိုက် ၆-၂-၂၀၀၆ နေ့ နံနက်ရောက်မှ ပြန်တော့မယ်လို့ ဆုံးဖြတ်ကာ အိပ်သွားကြပါတယ်။ ည ၁၀ နာရီကျော်လောက်ရောက်မှ ကားက ရောက်လာပါတယ်။ မည်မိမိက သူ့အိမ်ကို မနက်မှ လာတော့မယ်လို့ ပြောကာ ညအိပ်ပြီး ၆-၂-၂၀၀၆ နေ့ အရုဏ်မတက်မီအချိန်မှာ ပြန်သွားကြပါတယ်။ ၅-၂-၂၀၀၆ နေ့ နေ့ဆွမ်းစားပြီးချိန်လောက်မှာ ကျောင်းဒကာဦးခင်ဇော်တို့ ရောက်လာကြပါတယ်။ ဖန်ချောင်းစတဲ့ လျှပ်စစ်မီးဆိုင်ရာ

http://www.dhammadownload.com

ပစ္စည်းတွေကို လာပို့ကြတာ ဖြစ်ပါတယ်။ "သာမဏေကျော်က ကံကောင်းပါတယ်၊ ဘာမှ ပူပင်စရာ မလိုပါ" လို့ ဦးခင်ဇော်က ပြောကာ "ယောဂီအများနေနိုင်အောင် အဆောင်ရှည်တစ်ဆောင် ဆောက်ပေးချင်တယ်" လို့လည်း ပြောသွားပါသေးတယ်။ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမက ဓမ္မမိသားစုတွေ အလုပ်မရှုပ်ရအောင် ဆရာတော်ကြီးကို ကြိုတင် ကန်တော့ လျှောက်ထားပြီး တိတ်တဆိတ် ထွက်လာခဲ့ပါတယ်။ ကျောက်တန်းက မဝါဝါ၊ မဌေးဌေးနဲ့ အခြားတစ်ယောက်တောင် လှော်ကား သာမဏေကျော်ကျောင်းကို အဲဒီနေ့မှာပဲ နောက်က လိုက်လာကြပါသေးတယ်။

ကိုရင်သစ် ၁၃ ပါး

၆-၂-၂၀၀၆ နေ့ နေ့ဆွမ်းစားပြီးချိန်လောက်မှာ ရန်ကုန် ရထားဘူတာရုံကြီးက နေပြီး မောင်လှဝင်းက သူဟာ ကိုရင် ၁၃ ပါးနဲ့အတူ ရောက်နေပြီဖြစ်ကြောင်းနဲ့ ဆွမ်းပြင်ဆင်ထားဖို့အကြောင်းကို ပြောပါတယ်။ ၁၂ နာရီကျော်မှ ကျောင်းကို ရောက်လာပါတယ်။ ကိုရင် ၁၃ ပါးကို လူဝတ်လဲစေကာ ထမင်းစားစေပါတယ်။ ညနေစာပါ စားပြီးမှ ကိုရင်ဝတ်ပေးပါတယ်။ လက်ရှိကိုရင် ၁၂ ပါးနဲ့ ပေါင်းလိုက်တော့ ကိုရင် ၂၅ ပါး ဖြစ်သွားပါတယ်။ နေ့ဆွမ်းအတွက် ဟင်းက မလုံလောက်လို့ သင့်တော်ရာဟင်းတစ်ခွက် အပိုချက်လာရပါတော့တယ်။ ကိုရင်သစ် ၁၃ ပါးအတွက် သပိတ်, ခြင်ထောင်, သင်္ကန်းစတဲ့ လိုအပ်ရာရာ ပစ္စည်းတွေကို ကျောင်းက စီမံပေးရပါတယ်။ ကိုယ့်ကျောင်းပုံစံ ဝင်အောင် ဥုးဩဘာသကို သင်ပြပေးခိုင်းရပါတယ်။ အသက် ၁၃ နဲ့ ၁၃ နှစ်အောက်အရွယ် ကိုရင်တွေကိုသာ လက်ခံချင်ပေမယ့် ၁၃ နှစ်ထက်ကြီးတဲ့ ကိုရင်တွေ ပါလာလို့ လက်ခံလိုက်ရပါတယ်။ ဝက်လက်မြို့နယ်၊ နှမ်းကြီးရွာမှ ဆွေမျိုးတော်စပ်သူ ဥုးပညာသိရိကာ ပို့ပေးပါတယ်။

ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်

၇-၂-၂၀၀၆ နေ့ နံနက် ရှစ်နာရီလောက်မှာ ချမ်းမြေ့မြိုင်ရိပ်သာဆရာတော် ဥုးကွန္ဒကနဲ့ ချမ်းမြေ့မြိုင်စာသင်တိုက်ဆရာတော် အရှင်သာဂရာလင်္ကာရာဘိဝံသတို့ ရောက်လာကြပါတယ်။ ချမ်းမြေ့မြိုင်ရိပ်သာက

http://www.dhammadownload.com

ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအကြောင်းနဲ့ သူဇာတိရွာ သလဲဘာမှာ ပြုလုပ်မယ့် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအကြောင်း ပြောပြသွားပါတယ်။ အရှင်သာဂရာဘိဝံသက သာမဏေကျော်ကို မေးခွန်းတစ်ခု မေးသွားပါတယ်။

"ဒီကျောင်း ရောက်လာတော့ ဘယ်လို ခံစားရပါသလဲ။"

လွတ်လပ်မှုအရသာကို စကားလုံးနည်းနည်းနဲ့ ပေါ်လွင်အောင် ပြောရမယ်ဆိုရင် "ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် ဖြစ်သွားပါတယ်" လို့ ပြောချင်ပါတယ်။ ကိုယ်ပိုင်နေရာမှာ ကိုယ့်ဆန္ဒရှိသလို ဆောင်ရွက်ခွင့်သာ လာပါတယ်။ သူတစ်ပါးနေရာမှာ နေရင် ဘယ်သူမဆို သူတစ်ပါးစိတ်နဲ့ ကိုယ့်ကိုယ် အနေအထား ရှိပါတယ်။ သူတစ်ပါးဆန္ဒနဲ့ ကိုယ့်ကိုယ် ဖြစ်နေပါတယ်။ အရှင်သာဂရက သာမဏေကျော်ရဲ့ အဖြေကို ကျေနပ်သွားပုံပေါ်ပါတယ်။

အာရုံပြုပြီး မစားမိပါ

ဆယ်မိုင်ကုန်း ပဏ္ဏိတာရာမမှာတုန်းက ပြောင်းရွှေ့ခါနီးရက်တွေမှာ ကျွဲမငေးဆရာတော် ဥးပညောဘာသက "သာမဏေကျော်ကျောင်း ရောက်သွားတဲ့အခါ ဆွမ်းစားခါနီးမှာ ဒီပဏ္ဏိတာရာမ ဆွမ်းဝိုင်းက ဟင်းတွေကို အာရုံပြုပြီး စား၊ ဟိုလျော်ကား ရောက်သွားရင် ဒီလိုဟင်းကောင်းတွေ စားရမှာ မဟုတ်ဘူး" လို့ ပြောလိုက်ပါသေးတယ်။ တိုးတက် ပြည့်စုံ ကြီးကျယ်နေတဲ့ ပဏ္ဏိတာရာမ သာသနာ့ရိပ်သာနဲ့ တစ်နှစ်ကျော်သက်တမ်းသာ ရှိသေးတဲ့ သာမဏေကျော် မဟာဂန္ဓာရုံတိုက်တို့ရဲ့ စားရေးသောက်ရေး အနေအထားကတော့ ကွာခြားလှပါ တယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာ အလွန်အကဲမပြည့်စုံပေမယ့် သင့်တင့်ရုံ အနေအထားတော့ ရှိနေပါတယ်။ သာမဏေကျော်က အရုဏ်ဆွမ်းမှာ ပဲပြုတ်နဲ့ ဆန်ပြုတ်ကို အားပြုပြီး ဘုဉ်းပေးပါတယ်။ အခြားသံဃာတွေကတော့ ပဲပြုတ်, ငံပြာရည်နဲ့ အခြားအဆင်သင့်ရာ ဟင်းတစ်ခွက်ကို ဘုဉ်းပေးကြပါတယ်။ အချက်အပြုတ်စတဲ့ မီးဖိုချောင်လုပ်ငန်းတွေကို ဒေါ်ကြီးတင်ငြိမ်နဲ့ ဒေါ်စန်းငွေတို့က ပြုလုပ်ကြပါတယ်။ နေ့ဆွမ်းအတွက် ဆွမ်းကတော့ အလွန်ပဲ ပိုနေပါတယ်။ ဆွမ်းခံရာနေရာကို နှစ်နေရာခွဲသွားရင် ဟင်းအတွက် လုံလောက်လာမယ်လို့ ထင်မှတ်ရပါတယ်။ သံဃာ

http://www.dhammadownload.com

တော်တွေအတွက် စားရေး, သောက်ရေး အဆင်ပြေအောင် ရည်ရွယ်ပြီး မောင်လှဝင်းက ပါရမီ ဦးကျော်ဦးထံ သာမဏေကျော်ရဲ့ အသစ်, အဟောင်း စာအုပ်တွေကို ရိုက်တဲ့အခါ အရင်ကလို စာအုပ် မပေးတော့ဘဲ နဝကမ္မဝတ္ထု ငွေ ပေးရင် အဆင်ပြေပါမယ်လို့ ပြောလိုက်ပါသေးတယ်။

သိုသိုသိပ်သိပ်

ဒီအောက်ပါစာလေးကို ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်း ရိပ်သာမှ ဒေါ်သုဇာဂရန္တီထံ ပေးဖို့ ဥူးပညိဿရထံ ပေးခဲ့ပါတယ်။

ပဏ္ဍိတာရာမမှ ကျေးဇူးရှင်အားလုံးထံသို့

လမ်းခွဲရာမှာ
ဝမ်းနည်းတာ ပါလာတတ်ကြတာမို့
အဲဒါကို ရှောင်လိုလို့
အခုလို စာကိုသာ ရေးလျက်
အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။

ပဏ္ဍိတာရာမက ကျေးဇူးရှင်အားလုံးအပေါ်

အစဉ်အမြဲ
ရင်ထဲမှာ ကျေးဇူးတင်လျက်ပါ။
အားလုံးအပေါ် အပြစ် ရှိခဲ့ရင်
ခွင့်လွှတ်ကြပါနော်။
သာမဏေကျော်ကလည်း
ခွင့်လွှတ်ပါတယ်။
အားလုံး ကျန်းမာချမ်းသာကြပါစေ။

သာမဏေကျော်

၅-၂-၂၀၀၆

သာမဏေကျော် ထွက်ခွာမယ့်အချိန်ကို ကြိုတင်သိထားကြရင် သာမဏေကျော် မထွက်ခွာခင် သာမဏေကျော်ထံ လာရောက်ကန်တော့ကြမယ့် သူတွေထဲမှာ ဝမ်းနည်းစကားတွေ ပြောဆိုကာ ဝမ်းနည်းမျက်ရည်

http://www.dhammadownload.com

ကျကြမယ့်သူတွေ ပါချင်ပါလာနိုင်ပါတယ်။ အဲဒီလိုစကားတွေကို မကြားလိုပါ။ အဲဒီလို မျက်နှာတွေကို မမြင်လိုပါ။ အဲဒီလို မြင်ရ, ကြားရရင် သာမဏေကျော်မှာလည်း စိတ်မထိန်းနိုင် ဖြစ်ခဲ့ပါက မြင်လို့မကောင်း, ကြားလို့မတော် ဖြစ်ရပါမယ်။ အဲဒီအခြေအနေမျိုးကို သီတင်းသုံးဖော်တချို့နဲ့ အကျိုးလိုလား သူတွေက ဖြစ်မလာစေလိုကြပါ။ ဒါကြောင့် မည်မြိထံ အားနာပါးနာနဲ့ အရဲစွန့်ကာ အကူအညီတောင်းတဲ့စာလေး ရေးပေးလိုက်ရပါတယ်။ အဲဒီစာလေးကတော့ ဒီလိုပါ -

"မည်မြိ၊ သိုသိုသိပ်သိပ် ပိပိရိရိရှိလှတဲ့ အကူအညီကို မည်မြိထံမှ ရလိုပါတယ်။ အဲဒီအကူအညီကတော့ ဘယ်သူ့ကိုမှ ကြိုတင်မသိစေဘဲ လျော်ကားကို ကားနဲ့ ပို့ပေးဖို့ပါပဲ။"

တစ်ရက်ရက်မှာ

ကျေးဇူးတော်ရှင် ဆရာတော်ထံ တပည့်တော် လျှောက်ထားလိုတဲ့ စကားများကို လျှောက်ထားခွင့် ပြုတော်မူပါ ဘုရား။

၁။ တပည့်တော်ဟာ ဆရာတော်ရဲ့မေတ္တာရိပ်အောက်မှာ မခိုလှုံခဲ့ရရင် လူ့လောကမှာ ရှိတော့မယ်လို့ မထင်မိပါဘုရား။ ပရိယတ် လောကဘက်မှာသာ ကျင်လည်ခဲ့ရရင် ယခုအချိန်အထိ အသက်ရှင် တည်ရှိနေနိုင်မယ်လို့ မယူဆမိပါဘုရား။ တပည့်တော် ကျန်းမာရေးအရ သေသွားဖို့သာ များပါတယ်ဘုရား။ တပည့်တော်ကို ဂန္ဓာရုံထွက်တချို့က သေသွားပြီလို့တောင် ထင်မှတ်ကာ ပြောကြပါတယ်ဘုရား။ တပည့်တော်ရဲ့ အသက်ကို ဆရာတော် ဆက်ပေးထားတယ်လို့ပဲ တပည့်တော် ခိုင်မြဲစွာ ခံယူထားပါတယ် ဘုရား။

၂။ တပည့်တော် ရိုသေလေးစား, မြတ်နိုး, တန်ဖိုးထား, မြင့်မားလှတဲ့ ဆရာတော်ရဲ့ ပရိယတ်, ပဋိပတ်အရည်အသွေးတွေကို တပည့်တော်ရဲ့ ရှေ့ဘဝခရီး တစ်လျှောက်လုံးမှာလည်း ဦးထိပ်ရွက်ပန်ဆင်လျက် ဆတက် ထမ်းပိုး တိုးပြီး ရိုသေ, လေးစား, မြတ်နိုး, တန်ဖိုးထားကာ အစဉ်အမြဲ အောက်မေ့တသ နေရမှာပါ ဘုရား။

http://www.dhammadownload.com

၃။ အသေးအဖွဲမှစပြီး ဝိနည်း အလေးပြုတော်မူတဲ့ ဆရာတော်ကို ဆည်းကပ်ခွင့်ရတဲ့ တပည့်တော်ကို ထူးထူးခြားခြား ကံကောင်းသူ တစ်ဦးအဖြစ်နဲ့ ယုံကြည်ယူဆလက်ခံထားပါတယ်ဘုရား။ တပည့်တော်အဖို့ တကယ့် စံနမူနာကောင်းဖြစ်တဲ့ ဆရာတော်ရဲ့ ဝိနည်းအလေးပြုမှုကို အမြဲအတုယူ ကျင့်သုံးလိုက်နာနေရမှာပါဘုရား။ ဆရာတော်ဟာ တပည့်တော်ဘဝ ခရီးအတွက် ရှေ့ဆောင်လမ်းပြကောင်းကြီးပါပဲ ဘုရား။

၄။ တပည့်တော်ရဲ့ပရိယတ်အရည်အသွေးဟာ ဆရာတော် သွေးပေးလို့ ပိုမိုတောက်ပြောင်လာတယ်လို့ ရိုးသားစွာ လျှောက်ထားလိုပါတယ်ဘုရား။

၅။ တပည့်တော်ရဲ့ ပဋိပတ်အရည်အသွေး တောက်ပြောင်လာရမှုကို ဆရာတော် သွေးပေးလို့လို့ အထူးလျှောက်ထားဖွယ် လိုမယ် မဟုတ်တော့ပါဘုရား။ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပါတယ်ဘုရား။

၆။ သာမဏေကျော်လို့ လူသိလာရတာလည်း ဆရာတော်ရဲ့ မေတ္တာ, ကရုဏာ, ပညာတော်တွေကြောင့်ပါပဲ ဘုရား။ တပည့်တော် အခုလို အသင့်အတင့် စာရေးတတ်လာတာ, စာရေးနိုင်လာတာဟာ ဆရာတော်ရဲ့ ပြုပြင်ပေးမှု, ဆရာတော်ရဲ့ ချီးမြှောက်မှုတွေရဲ့ အကျိုးကျေးဇူးတွေပဲလို့ ရဲရဲကြီး ပြောရဲပါတယ် ဘုရား။

၇။ ဆရာတော်ရဲ့မေတ္တာရိပ်အောက်မှာ တပည့်တော်ရဲ့အသက် ထက်ဝက်နီးပါး (၂၃ နှစ်ကြာ) ခိုလှုံပြီး ဆရာတော် ပေးအပ်တဲ့ ပရိယတ်, ပဋိပတ် တာဝန်တွေကို စွမ်းနိုင်သမျှ ဆောင်ရွက်ပေးကာ ကျေးဇူးဆပ်ခဲ့ရပေမယ့် တပည့်တော်အပေါ် တင်ရှိနေတဲ့ ဆရာတော်ရဲ့ ကျေးဇူးတော်တွေကတော့ တပည့်တော်တစ်သက်မှာ ဆပ်လို့ ကုန်နိုင်ဖွယ် မရှိပါ ဘုရား။

၈။ မကုန်နိုင်တဲ့ ဆရာတော့် ကျေးဇူးတော်တွေကို ဆရာတော့်ဩဝါဒတော်တွေကို ရောက်ရာအရပ်မှာ လိုက်နာကျင့်သုံးလျက် တပည့်

http://www.dhammadownload.com

တော် မသေသေးသမျှ ဆပ်ပေးသွားရမှာက တပည့်တော် တာဝန်ပါ ဘုရား။

၉။ ဆရာတော် အမိန့်တော်ရှိထားတဲ့ "နေရိပ်ထဲ မနေဘဲ နေပူထဲ ကျောက်ခဲထုနေရင် နေပူ ခံရမှာပေါ့" ဆိုတဲ့စကားလိုပဲ ပူလာမယ့် အပြင်လောက နေပူထဲမှာ ဆရာတော်ရဲ့အေးမြလှတဲ့ မေတ္တာတွေနဲ့ ပေးလိုက်တဲ့ ပရိယတ်, ပဋိပတ်အရည်အသွေးတွေနဲ့ အားခဲနေသွားရမှာပါ ဘုရား။

၁၀။ တပည့်တော်ရဲ့ ကျန်းမာရေးအခြေအနေအရ ပရိယတ်တာဝန်မှာရော၊ ပဋိပတ်တာဝန်မှာပါ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်လိမ့်မယ်လို့ လုံးဝ မယူဆရဲပါ ဘုရား။ စွမ်းနိုင်သမျှလေးပဲ ဆောင်ရွက်သွားမယ်လို့ စိတ်ကူးထားပါတယ် ဘုရား။

၁၁။ ဆရာတော် မိန့်တော်မူလေ့ရှိတဲ့ "ယူဇနာတစ်ရာ ဝေးတဲ့အရပ်မှာနေပေမယ့် ငါဘုရား ဆုံးမစကားအတိုင်း လိုက်နာကျင့်သုံးရင် အဲဒီပုဂ္ဂိုလ်ဟာ ငါဘုရားနဲ့ နီးနေတာပဲ။ ငါဘုရားကလည်း အဲဒီ ပုဂ္ဂိုလ်နဲ့ နီးနေတာပဲ" ဆိုတဲ့ ဣတိဝုတ်လာ ဘုရားစကားတော်လိုပါပဲ ဘုရား။ တပည့်တော်ဟာ လျော်ကား ရောက်သွားပေမယ့် ဆရာတော့် အဆုံးအမ ဩဝါဒတော်တွေနဲ့အညီ ကျင့်သုံးနေထိုင်နေသမျှ ဆရာတော့် အနီးမှာပဲ ရှိနေတယ်လို့ ယူဆမိပါတယ်။ ဆရာတော်ကလည်း တပည့်တော်အနီးမှာ ရှိနေတယ်လို့ ခံယူမိပါတယ် ဘုရား။

၁၂။ ဆရာတော့် မေတ္တာရိပ်အောက်မှာ ခိုလှုံခိုက် တပည့်တော်မှာ အပြစ်ရှိခဲ့ရင် ခွင့်လွှတ်ဖို့ ဥပ္ပလဝဏ္ဏထေရီစကားကို မှီးကာ တပည့်တော်ရိုးသေစွာ ဦးတင်လျှောက်ထားခဲ့ပါတယ် ဘုရား။

တဝန္တိကေ ဝသန္တသာ, ခလိတံ မေ သစေ ဘဝေ။
အာရောစေမိ မဟာထေရ, အပရာဓံ ခမသု တံ။

ရိုသေစွာ ဦးခိုက်လျက်
တပည့် - သာမဏေကျော်

ဝိနည်းစာပြန်ပွဲအပြီး ကားအဆင်ပြေတဲ့ တစ်ရက်ရက်မှာ သွားပါ့မယ် ဘုရား။

၂၅ - ၁ - ၂၀၀၆

http://www.dhammadownload.com

အထက်ပါ လျှောက်ထားလွှာကို ကိုယ်တိုင် ဆက်ကပ်ဖို့ သွားခဲ့ပေမယ့် ပဏ္ဏိတာရာမဆရာတော်ကြီးထံ ပရိသတ်တွေ ရှိနေတာမို့ ဆရာတော်ကြီးကို အနီးကပ်ပြုစုနေတဲ့ ဥုံးပညိသရထံပဲ ပေးခဲ့ပါတယ်။ ညနေ ငါးနာရီကျော်မှာ ကံ့ကော်မြိုင်ဆရာတော်နဲ့မောင်လှမြင့်တို့က လမ်းလျှောက်သွားဖို့ စောင့်နေကြပါတယ်။ ပဏ္ဏိတာရာမဆရာတော်ကြီး ပြည်ပယောဂီတွေအား ညနေ သုံးနာရီမှ လေးနာရီထိ ဟောတဲ့တရားပွဲအပြီးမှာ လျှောက်ထားစာလွှာကို ကပ်ဖို့ သွားခဲ့ပါတယ်။ တစ်ဆင့်ကပ်ရင် မရိုမသေ ပြုလုပ်ရာရောက်မှာ စိုးရိမ်လို့ ကိုယ်တိုင် ကပ်ဖို့ ရည်ရွယ်ကာ သွားခဲ့ပါတယ်။ ဥုံးပညိသရက တစ်ဆင့် ကားမောင်းတဲ့ ကပ္ပိယ မောင်ရွှေအောင် (မောင်အောင်ဆွေ)ထံ ကပ်ဖို့ ပေးခဲ့ပါသတဲ့။ ဆရာတော်ကြီးထံ ကပ်တဲ့အခါ ဆရာတော်ကြီးက "နှုတ်နဲ့ လျှောက်ရင် ရတာပဲ၊ စာတစ်တန် ပေတစ်တန် လုပ်နေရတယ်" လို့ မိန့်ပါတယ်။ သာမဏေကျော် ဆရာတော်ကြီးထံ သွားတော့လည်း အဲဒီလိုပဲ ထပ်မိန့်ပါတယ်။ "မပြည့်စုံမှာ စိုးလို့ပါဘုရား" လို့ လျှောက်တော့ ဘာမှ မပြောတော့ပါ။

ဘဝတစ်ကွေ့မှာ

မောင်လှမြင့်က ပြင်ဦးလွင်ကို ၃-၂-၂၀၀၆ နေ့ မပြန်ခင် ၂-၂-၂၀၀၆ နေ့မှာ မောင်လှမြင့်နဲ့အတူ ပဏ္ဏိတာရာမဆရာတော်ကြီးထံ သွားရောက်ကန်တော့ပါတယ်။ အပြစ်ရှိရင် အပြစ်ကို ခွင့်လွှတ်သည်းခံဖို့ လျှောက်ထားတဲ့အခါ "ခွင့်လွှတ်ပြီးသားပါ" လို့ မိန့်ပါတယ်။ သူမှာ ရှိခဲ့ရင်လည်း ခွင့်လွှတ်ဖို့ မိန့်ပါတယ်။ ဆရာတော်ကြီး မိန့်လိုက်တဲ့ စကားတွေထဲက မှတ်မိသမျှ ရေးပြပါမယ်။

၁။ အရှိန်အဟုန်နဲ့ တက်နေတဲ့ ဘုန်းကို ထိန်းဖို့ပဲ လိုတယ်။

၂။ မပြုမပြင် ပင်ကိုလှနေသူကို အလှပြင်ပေးဖို့ လိုသေးလား။ (ပြည့်စုံသူဆိုတာ ဘယ်သူမှ မရှိပါဘုရား။ လိုအပ်ချက်လေးတွေဟာ လူတိုင်းမှာ ရှိပါတယ် ဘုရားလို့ သာမဏေကျော်က လျှောက်ထားခဲ့ပါတယ်။)

၃။ ကိုယ့်အစွမ်းအစနဲ့ ဘုန်းကံကြီးနေတာပဲ။

http://www.dhammadownload.com

(ဆရာသမားတွေရဲ့ကျေးဇူးကြောင့်ပါဘုရားလို့ သာမဏေကျော်က လျှောက်ထားခဲ့ပါတယ်။)

၄။ တောင်စောင်းမှာ ပေါက်တဲ့ ဝါးလို ဖြစ်အောင် ကြိုးစားရမှာပေါ့။

၅။ စွမ်းနိုင်သမျှ အားပေးပါမယ်။

၆။ အောင်မြင်မှာပါ။

၇။ ငယ်ရွယ်တဲ့ လူကြီး, လူလတ်အရွယ် လူကြီးကနေ ရင့်ကျက်တဲ့ လူကြီး ဖြစ်ရတော့မယ်။

၈။ လင်းရိပ်မိတယ်လို့ ခံစားရလား။

၉။ အရွယ်ရောက်တဲ့အခါ သား, သမီးဟာ မိဘနဲ့ ခွဲခွာသွားရသလိုပါပဲ။

၁၀။ မျှော်လင့်ချက်မထားနဲ့။ နီးမယ်လို့ ထင်ရသူတွေကလည်း ဝေးနေတတ်ကြတယ်။ ဝေးတယ်လို့ ထင်ရသူတွေကလည်း နီးလာတတ်ကြတာပဲ။ ပထမကလည်း ဒုတိယ ဖြစ်လာတတ်တယ်။ ဒုတိယကလည်း ပထမ ဖြစ်ချင် ဖြစ်နေတတ်တယ်။

ဆရာတော်ကြီးက ပြုံးနေတဲ့ မျက်နှာတော်နဲ့ မိန့်တော်မူပါတယ်။ သာမဏေကျော်ကတော့ အစပိုင်းမှာနဲ့ နောက်ပိုင်းမှာ မျက်ရည်မကျပေမယ့် အလယ်ပိုင်းမှာတော့ မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ရပါတယ်။ ဆရာတော်ကြီးလောက် မရင့်ကျက်သေးဘူးလို့ ဆိုရမှာပါပဲ။ မိဘနဲ့ ခွဲရတော့မယ့် သား, သမီးပမာ ခံစားရပါတယ်။

သစ်ပင်အောက်တွင် ဘုရားရှင်

သာမဏေကျော်က အေးတာကို ကြောက်ပါတယ်။ အအေးမိတတ်လို့ပါ။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်း ရောက်တော့ သာမဏေကျော်သီတင်းသုံးဖို့ နှစ်ထပ်ရှိ စွန်ညိနောင် စွန်မင်း အမှတ်နှစ် ကျောင်းဆောင်ကမပြီးသေးလို့ ဝါးထရံကာ တောင်ထန်းရွက်မိုး ကျောင်းဆောင်ထဲမှာ နေရပါတယ်။ လေ မလုံခြုံပါ။ အလင်းရောင်ရအောင် ပြုလုပ်ထားပုံရပါတယ်။ တစ်နေရာမှာ ထရံမကာဘဲ ထားလို့ လေက ဝင်ချင်တိုင်း ဝင်နေပါတယ်။ ရာသီဥတုကလည်း နံနက်ပိုင်းမှာ အေးနေပါသေးတယ်။ ဒါကြောင့် သာမဏေကျော်မှာ အအေးမိပြီး ဖျားမလို ဖြစ်လာပါတယ်။ လေမလုံခြုံတဲ့

http://www.dhammadownload.com

တဲကျောင်းထဲမှာ နေရပေမယ့် အားငယ်စိတ်တော့ မဝင်မိပါဘူး။ ကျောင်းဒကာ ဦးခင်ဇော်ကလည်း သာမဏေကျော် သီတင်းသုံးဖို့ နှစ်ထပ်ကျောင်းမပြီးသေးခင် သည်းခံနေပေးပါလို့ လျှောက်နေပါတယ်။ နေရာများစွာက သစ်ပင်ပေါင်းများစွာအောက်မှာ အကြိမ်ပေါင်းများစွာ သီတင်းသုံးတော်မူသွားတဲ့ ဘုရားရှင်ကို ကြည်ညိုအာရုံပြုမိပါရင် အားငယ်စိတ် ဝင်ဖွယ်မလိုပါ။ ပဏ္ဏိတာရာမမှ ဝန်ဆောင်သံဃာတချို့က သာမဏေကျော် မဟာဂန္ဓာရုံကျောင်းရဲ့ အစပိုင်းကာလမှာ တဲကျောင်းတွေကို ကြည့်ပြီး "သာမဏေကျော်လို ပုဂ္ဂိုလ်တောင် တဲကျောင်းမှာ နေပြီး အလုပ်လုပ်နိုင်သေးတာပဲ။ ငါတို့က သူလို နေပြီး ဘာလို့ အလုပ်မလုပ်နိုင်ရမှာလဲ" လို့ ပြောကြပါသတဲ့။

ချမ်းမြေ့မြိုင်ရဲ့ စကား

အဲဒီဝန်ဆောင်သံဃာတချို့ဟာ ဘုရားရှင် သစ်ပင်တွေအောက်မှာ နေပြီး အများအကျိုးပြုအလုပ်တွေ အကြီးအကျယ် ပြုလုပ်တော်မူသွားတာကို အာရုံပြု ကြည်ညိုနိုင်ကြရင် ပိုကောင်းမယ် ထင်ပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ နောင်တစ်လလောက် ကြာရင်တော့ စွန်ညီနောင် စွန်မင်း ကျောင်းဆောင် ခြောက်ဆောင်ဟာ ပြီးစီးလောက်ပါပြီ။ အခု ၈-၂-၂၀၀၆ နေ့မှာတော့ ယောဂီတွေအတွက် ဆောက်လုပ်ထားတဲ့ ကျောင်းဆောင်နှစ်ဆောင်ကလည်း မပြီးတတ်သေးလို့ အဲဒီကျောင်းဆောင်မှာ ခေတ္တနေလို့ မဖြစ်သေးပါ။ ဥုံဩဘာသနဲ့ ဥုံဇဋိလတို့က ကိုရင်လေးတွေနဲ့ ဖိုးသူတော်, ကျောင်းသားလေးတွေအား စာဝါတွေ ပို့ချပေးကြပါတယ်။ တစ်ပါးက အုန္နဲ့ပင်ကြီးအောက်မှာ စာဝါပို့ချနေရင် အခြားတစ်ပါးက ဆွမ်းစားဆောင် တဲကျောင်းကြီးပေါ် ပို့ချပေးပါတယ်။ ဥုံဩဘာသ, ဥုံဇဋိလနဲ့ ကိုရင်, ဖိုးသူတော်လေးတွေကိုပါ ပိဋကပါဠိ ပညာရေး အားပေးကူညီလိုပေမယ့် သူတို့အခြေအနေကို ကြည့်ကာ မချပေးသေးဘဲ ကိုယ်ရေးချင်တဲ့ စာလေးတွေကိုသာ ရေးနေရပါတယ်။ ပဏ္ဏိတာရာမမှာ နေခဲ့စဉ်က ရေးလို့မပြီးသေးတဲ့ "ထင်ပေါ်ကျော်ကြား ရဟန်းမများ" စာအုပ်ကို ဆက် မရေးဖြစ်သေးပါ။ ကျောင်းထိုင်ဘုန်းကြီးဘဝရဲ့ အတွေ့အကြုံသစ်လေးတွေကို မှတ်တမ်းတင်

http://www.dhammadownload.com

နေမိပါတယ်။ ချမ်းမြေ့မြိုင်ဆရာတော် ဥုးကွန္ဒက က "စွန်ညီနောင် စွန်မင်းကျောင်းဆောင် အမှတ်တစ် ပြီးရင် ကိုယ့်ကျောင်းကို ပြောင်းရွှေ့ပြီး နေတော့။ ဘယ်သူ့စကားကိုမှ နားယောင်မနေနဲ့" လို့ တိုက်တွန်းစကား ပြောခဲ့ဖူးပါတယ်။ ကိုယ့်ကျောင်းမှာတော့ လွတ်လပ်မှုအရသာကို အပြည့်အဝ ခံစားရပါတယ်။

ငရုတ်သီးထောင်းပြီး

ပြင်ဦးလွင်မြို့မှ မောင်လှမြင့်က သာမဏေကျော် ပြောင်းရွှေ့လာတဲ့နေ့ ညပိုင်း ဖုန်းဆက်ပြောလာတဲ့အခါ မောင်လှမြင့် အကြံပြုထားတဲ့ မည်မိမိတို့ ကားနဲ့ လာခဲ့ရာ မည်မိမိတို့တစ်သိုက် လိုက်ပို့ကြလို့ ပုဂ္ဂိုလ်တစ်ဦးက အပြစ်တင်နေကြောင်းကို မောင်လှမြင့်အား ပြောပြပါတယ်။ မောင်လှမြင့်က ရွှေဘိုဆရာတော် ဥုးနန္ဒ ပြောပြထားတဲ့ စကားလေးလို ပြန်ပြောပြနေပါတယ်။ "ငရုတ်သီးကို ထောင်းပြီး ရေနွေးနဲ့ မြည်းမြည်း၊ ဘာဖြစ်လဲ" လို့ ပြောပြပါတယ်။

ရွှေဘိုဆရာတော် ဥုးနန္ဒက သူသိထားတဲ့ ဆရာတော်တစ်ပါးအကြောင်းကို သာမဏေကျော်နဲ့ မောင်လှမြင့်အား ပြောပြထားဖူးပါတယ်။ အဲဒီ ဆရာတော်ရဲ့ ဘွဲ့က ဥုးဩဘာသတဲ့။ သာမဏေကျော်ရဲ့ ညီအရင်း ရဟန်းကလည်း ဥုးဩဘာသဘွဲ့အမည် ရှိပါတယ်။ ရွှေဘိုဆရာတော်က သာမဏေကျော်ရဲ့ ညီ ဥုးဩဘာသနဲ့လည်း အလွန်ရင်းနှီးပါတယ်။ အကျိုးကိုလည်း အလွန်လိုလားပါတယ်။ သာမဏေကျော် မရောက်ခင်ကာလတုန်းက သာမဏေကျော် မဟာဂန္ဓာရုံမှာ ဥုးဩဘာသကပဲ အကြီးအကဲဆရာတော် အဖြစ် ဆောင်ရွက်နေရပါတယ်။ ဒါကြောင့် ရွှေဘိုဆရာတော်က ရယ်စရာ မောစရာအနေနဲ့ သာမဏေကျော် ညီ ဥုးဩဘာသအား သူသိထားတဲ့ ဆရာတော် ဥုးဩဘာသအကြောင်းကို ပြောပြခဲ့ပါသေးတယ်။ အဲဒီဆရာတော် ဥုးဩဘာသက အသက်ကြီးပြီး သား, သမီးတွေ ရပြီးခါမှ ရဟန်းဝတ်လာတဲ့ တောထွက်ကိုယ်တော်ကြီး ဖြစ်ပါသတဲ့။ သူတစ်ပါးရဲ့ကျောင်းမှာ အခန်းနေပုဂ္ဂိုလ် (လက်အောက်ခံပုဂ္ဂိုလ်)အဖြစ်နဲ့ နေခဲ့ရပါတယ်။ တစ်ချိန်မှာ

http://www.dhammadownload.com

ရွာတစ်ရွာက ကျောင်းထိုင်ဘုန်းကြီး လိုချင်နေလို့ အဲဒီ ဥုးသြဘာသ တော ထွက်ကိုယ်တော်ကြီးကို ကျောင်းထိုင်ဆရာတော်လုပ်ဖို့ ထည့်ပေးလိုက်ကြ ပါတယ်။ ဥုးသြဘာသက ကျောင်းထိုင်ဆရာတော် ဖြစ်သွားတဲ့အခါ သူ အောက် အသက်အားဖြင့် ငယ်ပေမယ့် သူထက် ဝါအားဖြင့် ကြီးတဲ့ သံဃာ တော် တချို့က အရင်ကလိုပဲ သဘောထားကာ အမိန့်ပေး စကားတွေကို ဥုးသြဘာသအား ပြောကြားကြပါသတဲ့။ အဲဒီအခါ ဥုးသြဘာသက အဲဒီ သံဃာတွေကို ဒီလို ပြောကြားလိုက်ပါသတဲ့။

"အရှင်ဘုရားတို့ တပည့်တော်က အရင်ကလို မဟုတ်တော့ဘဲ တပည့် တော်ကျောင်းမှာ ဆရာတော် ဖြစ်နေပြီ။ တပည့်တော်ကို အရှင်ဘုရားတို့ အရင်က အမိန့်တွေ ပေးခဲ့သလို အခု ပေးလို့ မရတော့ဘူး။ တပည့်တော် လုပ်ချင်ရာ လုပ်မယ်။ ငရုတ်သီးကို ထောင်းပြီး ရေနွေးနဲ့ အမြည်းလုပ်ကာ မြည်းချင် မြည်းမယ်၊ ညောင်ရေအိုးထဲ သေးပေါက်ထည့်ချင် ထည့်မယ်၊ ကိုယ်ကြိုက်ရာ လုပ်လို့ရတယ်" တဲ့။

သာမဏေကျော်နဲ့ရော မည်မြိတို့နဲ့ပါ ရင်းနှီးပြီး အမှန်သိထားတဲ့ သီတင်းသုံးဖော် တစ်ပါးကလည်း အပြစ်တင်နေတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကို ဂရု စိုက်စရာ မလိုပါဘူးလို့ ပြောသွားပါသေးတယ်။ အကောင်းဆုံးနည်းနဲ့ အဆင်ပြေဆုံး ဖြစ်အောင် ကြိုးစားခဲ့ပေမယ့် အပြစ်တင်ခြင်း ခံရတဲ့အခါ သာမဏေကျော် မဟာဂန္ဓာရုံသို့ ရောက်စအချိန်မှာ လွတ်လပ်ပေါ့ပါးခြင်း အရသာကို အပြည့်အဝ မခံစားနိုင်သေးပါ။

လွတ်လပ်မှုအရသာ

မောင်လှဝင်းက "သာမဏေကျော် လှော်ကား ရောက်စမှာ အစား အသောက် အနေအထိုင်အတွက် အခက်အခဲရှိမယ် ထင်တယ်" လို့ သာမဏေ ကျော်ကို ပြောပါတယ်။ ချမ်းသာတဲ့နေရာက ဆင်းရဲတဲ့နေရာကို ပြောင်းရွှေ့ လာရလို့ အဲဒီလိုတွေးကာ စိုးရိမ်မိပုံပေါ်ပါတယ်။ မောင်လှဝင်းက စပါးတွင်း ရွာမှာ ရွာသားတွေ ပြဇာတ်ကကြတဲ့အခါ ဒါရိုက်တာ မောင်တင်ဝင်းရဲ့ စကား လေးတွေကို သာမဏေကျော်အား ပြောပြနေပါသေးတယ်။ မင်းသားလုပ် သူက မင်းသမီးလုပ်သူအား ဒီလို ပြောရပါသတဲ့။

http://www.dhammadownload.com

အချစ်လေးရယ်၊ မောင်နဲ့
ထမင်းကြမ်းကို ယပ်ခတ်ပြီး အတူ စားနိုင်ပါ့မလား?
ထမင်းရည်ကို နှစ်ယောက်အတူ သောက်နိုင်ပါ့မလား?

အကာ အင်ဖက်, ဆူးခက် အမိုး, ကျူတိုင်ရိုးနဲ့ နေပူကျဲကျဲ ဝင်တဲလို တဲလေးထဲမှာ အတူ နေနိုင်ပါ့မလား? တဲ့။

အစားအသောက် အနေအထိုင် ပြည့်စုံနေတဲ့ ပဏ္ဏိတာရာမမှ ပဏ္ဏိတာရာမလောက် အရာရာ မပြည့်စုံသေးတဲ့ သာမဏေကျော် မဟာဂန္ဓာရုံမှာ အစားအသောက် အနေအထိုင်အတွက် သာမဏေကျော်မှာ ဆင်းရဲမှာကို မောင်လှဝင်းက စိုးရိမ်ပုံပေါ် ပါတယ်။ ပဏ္ဏိတာရာမလောက် မပြည့်စုံပေမယ့် အလွန်အကဲ ဆင်းရဲတဲ့ စာသင်တိုက်လောက် မဆိုးသေးပါ။ ကျန်းမာရေးနဲ့ ညီညွတ်အောင် သတိပြုကာ စားသောက်နေထိုင်လို့ ရပါတယ်။ အဆင်ပြေပါတယ်။ မောင်လှဝင်းကို ဒီလို ပြောမိပါသေးတယ်။

"လွတ်လပ်မှုအရသာက မောင်လှဝင်း ဆင်းရဲမယ်လို့ ထင်မှတ်ထားတဲ့ အရာအားလုံးကို လွှမ်းမိုးသွားပါတယ်။ အနိုင်ယူသွားပါတယ်။ ဒါကြောင့် မောင်လှဝင်း စိုးရိမ်သလို သာမဏေကျော်မှာ မခံစားရပါ။"

ဘုရားရှင် ဟောတော်မူထားတဲ့ စကားလေးတွေ ရှိပါသေးတယ်။

သဗ္ဗံ ဂ္ဂဿရိယံ သုခံ = အစိုးတရရှိမှုအားလုံးဟာ ချမ်းသာတယ်။
သဗ္ဗံ ပရဝသံ ဒုက္ခံ = သူတစ်ပါး အလိုလိုက်ရမှုအားလုံးဟာ ဆင်းရဲတယ်တဲ့။

အဲဒီ ဘုရားစကားတော်တွေကို ကောင်းကောင်းကြီး သဘောပေါက်မိပါတယ်။ သီတင်းသုံးဖော် သံဃာတချို့က ရိပ်သာရဲ့ ချမ်းသာမှုထဲက သာမဏေကျော်ကို ရုန်းထွက်နိုင်မှာ မဟုတ်ပါဘူးလို့ ထင်မှတ်ကြပါတယ်။ ရိပ်သာထဲမှာ ဇိမ်ယစ်နေမှာပါလို့ ပြောဆိုကြပါတယ်။ သာမဏေကျော်ဟာ သူတို့ ထင်မှတ် ပြောဆိုထားသလို မဟုတ်ပါလားဆိုတာကို အဲဒီသီတင်းသုံးဖော်တွေ ကြားသိ သိရှိနေကြမယ် ထင်ပါတယ်။ နောက်လိုက်ဘဝနဲ့သာတင်းတိမ်အားရ ကျေနပ်နေသူတွေဟာ ခေါင်းဆောင်အကြီးအကဲအဖြစ်နဲ့ နေရသူသာ ရနိုင်တဲ့ လွတ်လပ်မှု အရသာကို လက်လွတ်ဆုံးရှုံးနေကြရပါတယ်။

http://www.dhammadownload.com

ငါနဲ့သာ မတွေ့ခဲ့ရင်

ငါးပင်တည်, လေးခန်း ဝါးထရံကာ တောင်ထန်းရွက်အမိုး တဲကျောင်းပေါ်ကနေ နှစ်ထပ်သိမ် ဆောက်ဖို့ အုတ်ကား, သဲကား, ကျောက်စရစ်ခဲကား, သံကားတွေ အုတ်, သဲ, ကျောက်, သံချောင်းတွေ လာချကြတာကို မြင်တွေ့နေရပါတယ်။ သိမ်ကျောင်းဆောက်ဖို့ ရဟန်းဒကာမကြီး ဒေါ်ခင်စောညွှန့်နဲ့ သမီး မခင်နှင်းခိုင် မိသားစုတို့က ရှေးဦးစွာ လျှောက်ထားကြပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံမှ ဆရာတော်ဥဒုက္ကန္ဒောဘာသာဘိဝံသက မဟာဂန္ဓာရုံမှာ ဆွမ်းလာကပ်ကြတဲ့ မှော်ဘီမြို့ ဈေးသူ, ဈေးသားတွေအား "ဒီအမရပူရ မဟာဂန္ဓာရုံမှာ ဆွမ်းလာကပ်မယ့်အစား မှော်ဘီမြို့နယ်က သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကိုပဲ ဆွမ်းကပ်ကြပါ" လို့ မိန့်လိုက်လို့ မှော်ဘီဈေးသူ, ဈေးသားတွေက ၂၀၀၅ ခုနှစ်ကတည်းက လှူဖွယ်ပစ္စည်းတွေကို သာမဏေကျော် မဟာဂန္ဓာရုံမှာ လာလှူခဲ့ကြပါတယ်။ ယခုနှစ် ၂၀၀၆ ခုနှစ်မှာတော့ ဆွမ်းပါ ကပ်ပြီး သိမ်အတွက် နဝကမ္မ ၁၆ သိန်းကျော်ကိုလည်း လှူဒါန်းသွားကြပါတယ်။ ဒေါ်ခင်စောညွှန့်နဲ့ မခင်နှင်းခိုင်တို့က လှူဖို့စိတ်ကူးထားပေမယ့် မလှူဖြစ်ကြသေးပါ။ သိမ်ကို ၃၈ ပေ ပတ်လည် နှစ်ထပ် ဆောက်လုပ်တော့မယ်လို့ ပြောလိုက်ရာ ဒေါ်ခင်စောညွှန့် က ၁၀ သိန်း၊ မခင်နှင်းခိုင်က **သိန်း ၅၀** လှူသွားပါတယ်။ မခင်နှင်းခိုင်ရဲ့သားနှစ်ယောက်က တစ်သောင်း**စီ** လှူသွားကြပါတယ်။ ဒါကြောင့် စွန်ညီနောင် ကျောင်းဒကာ ဦးခင်ဇော်**က သိမ်**အတွက်ပါ ဆောက်လုပ်ပေးဖို့ တာဝန်ယူကာ ဆောက်လုပ်ပေးနေပါ**တယ်။** ဒါကြောင့် အုတ်, သဲ, ကျောက်ကားတွေ ဝင်နေတာကို မြင်တွေ့နေရပါတယ်။

"သာမဏေကျော်ကတော့ ရေခဲတုံးပေါ် ထိုင်နေရသလိုပါပဲ။ အေးအေးဆေးဆေးပါပဲ။ သာမဏေကျော်က တဲကျောင်းထဲမှာလည်း နေနိုင်ပါတယ်။ နေပြီး အလုပ်လုပ်နိုင်ပါတယ်" လို့ စွန်ညီနောင် ကျောင်းဒကာ ဦးခင်ဇော်က မောင်လှဝင်းအား ပြောပြပါသတဲ့။ သာမဏေကျော် မဟာဂန္ဓာရုံဧကျောင်းမှာ စွန်ညီနောင်က ကျောင်းခြောက်ဆောင် ဆောက်လုပ်လှူဒါန်းရာအားလုံး ပြီးလုနီးပါး ဖြစ်နေကြပါပြီ။ သာမဏေကျော်မှာ ကျောင်းအဆောက်

http://www.dhammadownload.com

အအုံတွေအတွက် ဘာမှ ကြောင့်ကြမစိုက်ရပါ။ ဘာမှ မပူပန်ရပါ။ ဦးခင်ဇော်ကပဲ အားလုံးတာဝန်ယူ ဆောင်ရွက်ပေးနေပါတယ်။ မန္တလေးမြို့မှ ရဟန်းဒကာ ဦးသာပို-ဒေါ်ခင်မေတို့ရဲ့ သမီးဖြစ်သူ မခင်ညွှန့်လွင် (မဖြူ) လျှုမယ့် ကျောင်းဆောင်အတွက်လည်း ဦးခင်ဇော်ကပဲ အားလုံးတာဝန်ယူကာ ဆောက်လုပ်ပေးနေပါတယ်။ အခြား ဆောက်လုပ်လျှုဒါန်းလိုသူတွေ ရှိခဲ့ရင်လည်း အဲဒီအဆောက်အအုံတွေအတွက် ဦးခင်ဇော်က ဆောက်လုပ်ပေးဖို့ အဆင်သင့် ရှိနေပါတယ်။ ဦးခင်ဇော်ဟာ သာမဏေကျော် မဟာဂန္ဓာရုံသာသနာအတွက် အလွန်အကဲ ထူးခြားစွာ ကူညီထောက်ပံ့ ဆောင်ရွက်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ထူး ဖြစ်ပါတယ်။ ဦးခင်ဇော်က စွန့်ညှောင် စွန့်မင်း ကျောင်းဆောင် (၁) စတင် ဆောက်လုပ်မပေးခင်က ဒီလိုလည်း ပြောပါသေးသတဲ့။

"သာမဏေကျော်ဟာ ငါနဲ့သာ မတွေ့ရင် ဘယ်လို နေမလဲ မသိဘူး။ အင်း၊ ငါနဲ့ တွေ့တာကိုက သာမဏေကျော်ရဲ့ ကုသိုလ်ကံကြောင့်ပဲလို့ ဆိုရမှာပေါ့" တဲ့။

၉-၂-၂၀၀၆ နေ့ မွန်းလွဲ နှစ်နာရီခွဲလောက်မှာ ဦးခင်ဇော် သာမဏေကျော်ထံ ရောက်လာပါတယ်။ စားရေး, သောက်ရေး, နေရေး, ထိုင်ရေး အဆင်ပြေရဲ့လား၊ စိတ်ဆင်းရဲနေလား၊ မျက်နှာ သိပ်မကောင်းပါလား၊ ချောင်းဆိုးနေပါလားလို့ မေးကာ မဖြူ လျှုမယ့်ကျောင်းအတွက် နေရာနဲ့ ဆောက်ပုံကို အင်ဂျင်နီယာမလေး မအေးမြလွင်အား လိုက်လံပြပေးနေပါတယ်။

အစကနဲ့ အခုအခြေအနေ

ဒီနေ့ ၁၀-၂-၂၀၀၆ မှာ ဆွမ်းခံသံယာတန်း နှစ်တန်း ခွဲသွားကြပါတယ်။ ဥုးသြဘာသနဲ့ ဥုးဇဋိလတို့ တစ်တန်းစီ ခွဲပြီး ဦးဆောင်သွားကြပါတယ်။ နေရာဟောင်းမှာ ကိုရင်အသစ်တွေနဲ့၊ နေရာအသစ်မှာ ကိုရင်အဟောင်းတွေနဲ့ ကြွကြပါတယ်။ နေရာဟောင်းမှာ တောရွာလေး၊ ပြည်တော်သာရွာ၊ စမ်းချောင်းရွာ၊ လှော်ကားရွာတို့ ပါဝင်ကြပါတယ်။ နေရာသစ်မှာ စမ်းချောင်းကြီးရွာ, စမ်းပုလဲရွာတို့ ပါဝင်ကြပါတယ်။ နေရာသစ် တိုးလာတဲ့အတွက်

http://www.dhammadownload.com

ဆွမ်းတွေရော ဟင်းတွေပါ တိုးလာလို့ နေ့ဆွမ်းမှာ ဟင်းတွေ ပြည့်စုံလာပါတယ်။ အဲဒီဆွမ်းခံရွာတွေက ဆွမ်းဒကာ, ဆွမ်းဒကာမတွေဟာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်အား အလွန်အကဲ ကျေးဇူးများလှပါပေတယ်။ ရဟန်းသုံးပါး၊ ကိုရင် ၂၅ ပါး၊ ဖိုးသူတော်တစ်ပါး၊ ကျောင်းသားသုံးယောက်၊ ဝေယျာဝစ္စလုပ်သူတွေဟာ နေ့လယ်စာ စားနိုင်ရုံမက ကျောင်းသားဝေယျာဝစ္စတွေက ညနေပါ စားနိုင်ကြပါတယ်။ ဆွမ်းတွေကတော့ အလွန်အကဲ ပိုနေပါတယ်။ ပိုနေတဲ့ ဆွမ်းတွေကို ဒေါ်တင်ငြိမ်နဲ့ ဒေါ်စန်းငွေတို့က အခြောက်လှန်းကြပါတယ်။ ကျောင်းတိုက်သက်တမ်း တစ်နှစ်ခွဲ ကြာလာတဲ့အခါ အဲဒီလို ပြည့်စုံလာတာ ဖြစ်ပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်က သံဃာတော်တွေဟာ တန်းစီပြီး သင်္ကန်းရုံကာ သပိတ်ကို လွယ်လျက် ယပ်တောင်ကိုယ်စီနဲ့ ကြွကြပါတယ်။ သံဃာတော်တွေရဲ့ ရှေ့က ဖိုးသူတော်က ကြေးစည်ကို ရိုက်ခတ်ပါတယ်။ ရှေ့ဆုံး သံဃာတော်က ဆွမ်းဒကာ, ဆွမ်းဒကာမတွေအား ဆွမ်းလောင်းလှူအပြီးမှာ "ကျန်းမာပါစေ၊ ချမ်းသာပါစေ" လို့ ဝစီကံမေတ္တာပွားတော်မူပါသတဲ့။ တောကျောင်းနေ ကိုရင်တိသဿလေးရဲ့ "သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ = ချမ်းသာကြပါစေ၊ ဆင်းရဲမှ လွတ်ကင်းကြပါစေ" လို့ မေတ္တာပွားပုံကို အတုယူကျင့်သုံးကြပုံ ပေါ်ပါရဲ့။

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို ၁၃၆၆ - ခု၊ ဒုတိယဝါဆိုလဆန်း (၁၀) ရက်၊ (၂၆-၇-၂၀၀၄) နေ့မှာ စတင်တည်ထောင်ခဲ့ပါတယ်။ တစ်လကျော်လောက်မှာ ရဟန်း သုံးပါး၊ ကိုရင် နှစ်ပါးနဲ့ တန်းစီကာ ဆွမ်းခံကြကြပါတယ်။ ပထမနေ့မှာ ရှေ့ဆုံးသံဃာတစ်ပါးသာ ဆွမ်းတစ်ဇွန်းမျှ ရပါသတဲ့။ ဒုတိယနေ့မှာ သံဃာငါးပါးလုံး ဆွမ်းလေးဇွန်း၊ ငါးဇွန်းလောက် ရလာကြပါတယ်တဲ့။ တတိယနေ့မှာတော့ တစ်ပါးလျှင် တစ်ပါးစာ သာမက သပိတ်အပြည့် ရလာပါသတဲ့။ ဥူးသြဘာသရဲ့ ဒိုင်ယာရီမှတ်တမ်းအရ ဒီလို သိရပါတယ်။

၂-၉-၂၀၀၄ နေ့ နံနက် ၇ နာရီ မိနစ် ၃၀ မှာ ကျောင်းမှ လှော်ကားတာဆုံသို့ ဥူးဝီရိယ, ဥူးသြဘာသ, ဥူးဇဋိလနဲ့ ကိုရင်နှစ်ပါးတို့ ဆွမ်းခံကြပါတယ်။

http://www.dhammadownload.com

ဦးစိန်ရွှေအိမ် (ကျောင်းအပေါက်နားက အိမ်) ရောက်တော့ ဌက်ပျောသီး တစ်ဖီးကို ရောင်းသူက လောင်းလျှုလိုက်ပါတယ်။ နဝကမ္မ (ပိုက်ဆံ) နဲ့ ဆန်တွေကို လောင်းလျှုကြလို့ ဆွမ်းကိုပဲ အလျှုခံကြပါတယ်လို့ ပြောရပါတယ်။ ကျောင်းသား မောင်ထွန်းနိုင်က ကြေးစည်ကို သံဃာတန်းရဲ့ ရှေ့က ထုပါတယ်။ မောင်ထူးက ချိုင့်ဆွဲပါတယ်။ ၄-၉-၂၀၀၄ နေ့ ဆွမ်းခံရာ သိန်းထိုက်စိုး လက်ဖက်ရည်ဆိုင်က စမူဆာခြောက်ခု လောင်းလျှုပါတယ်။ ၅-၉-၂၀၀၄ နေ့မှာ တစ်ရွာသူစတိုးဆိုင်က ပေါင်မုန့်ကို လှျုပါတယ်။ ဆွမ်းသပိတ်အပြည့် ရပါတယ်။ ဟင်းလေးခွက် ရပါတယ်။ ၆-၉-၂၀၀၆ နေ့မှာလည်း ဆွမ်းသပိတ်အပြည့်ပဲ ရပါတယ်။ တစ်ရွာသူ စတိုးဆိုင်က လက်ဖက် လှျုပါတယ်။ သိန်းထိုက်စိုး လက်ဖက်ရည်ဆိုင်က ဆွမ်းလောင်းလျှုပါတယ်။

အခုတော့ ဟင်းက ငါးဆင့်ပါတဲ့ ချိုင့်ကြီး ငါးချိုင့်၊ အင်္ဂါနေ့မှာ ခြောက်ချိုင့်နဲ့ သုံးဆင့်ချိုင့်လေး နှစ်ချိုင့်ရပါတယ်။ ဆွမ်းကတော့ တစ်ပါးလျှင် တစ်သပိတ်အပြည့်ကျော်ကျော် ရပါတယ်။ အခြားမုန့်ပဲ သရေစာတွေကို လည်း လှျုကြပါတယ်။ ရံခါ ဘုရားပန်းတွေကိုလည်း လှျုကြပါတယ်။ အဖိတ်နေ့မှာတော့ လှော်ကားဘက်က ဆွမ်း, ဆွမ်းဟင်း စတာတွေကို များစွာ ပိုမိုရလာပါတယ်။ အပြန်မှာ ကားနဲ့ လိုက်ပို့ပါသေးတယ်။ ငါးဆင့်ချိုင့်ကြီး ရှစ်ချိုင့်, ကိုးချိုင့်လောက်ထိ ရလာပါတယ်။

မှော်ဘီစျေးအဖွဲ့

၉-၂-၂၀၀၆ နေ့မှာ ဆွမ်းခံရာမှ ပြန်လာပြီးစအချိန် ကိုးနာရီခွဲလောက်မှာ မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းမှ ဆရာတော် ဥူးမေဓာသာရထံက ဖုန်းလာပါတယ်။ မောင်လှဝင်းနဲ့ အရင် ပြောပါတယ်။ သာမဏေကျော် ရောက်နေပြီဖြစ်ကြောင်း သိသွားလို့ သာမဏေကျော်နဲ့ စကားပြောပါတယ်။ သူက သာမဏေကျော် ရောက်နေကြောင်း ခုမှ သိရပါတယ်။ ဝမ်းသာကြောင်း, ဒီလို အရွယ်မှာ ကျောင်းထိုင်တာ ကောင်းကြောင်း ပြောပါတယ်။ လိပ်ပုတ်ကျေးရွာ ဆရာတော်က ပွဲရှိလို့ ပင့်ဖိတ်ရင် ကြွပေးပါလို့ ဆရာတော် ဥူးမေဓာသာရက တိုက်တွန်းပါတယ်။ ကျောင်းစတင်တည်ထောင်စဉ်က

http://www.dhammadownload.com

လိပ်ပုတ်ဆရာတော်က သူ့လိပ်ပုတ်ရွာမှာ ဆွမ်းခံမကြွဖို့, သူ့ရွာက ဒကာ, ဒကာမတွေက သာရေး, နာရေး ပင့်ဖိတ်ရင် မကြွဖို့ မိန့်ပါသတဲ့။ ဒါကြောင့် လိပ်ပုတ်ရွာဆရာတော်က ပင့်ပေမယ့် ဥုံးသြဘာသမှာ ကြွဖို့ ဝန်လေးပုံပေါ်ပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံက လိပ်ပုတ်ဆရာတော်ကို ပွဲရှိရင် ပင့်ပါတယ်။ အခု စာရေးနေတုန်းမှာပဲ မှော်ဘီမြို့ မခင်မျိုးတင့်က ဖုန်းဆက်ပြောလာပါတယ်။ ၁၃-၂-၂၀၀၆ နေ့မှာ သူတို့ နေ့လယ်တစ်နာရီလောက်မှာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်သို့ သာမဏေကျော်၊ သာမဏေကျော် မဟာဂန္ဓာရုံ ရောက်ပြီးစ အချိန်ဖြစ်လို့ ရှေးဦးစွာ ဖူးရအောင် လာကြမှာ ဖြစ်ပါသတဲ့။ "သြော်၊ ဒီလိုလည်း ရှိကြသကိုး"လို့ အံ့သြကာ မှော်ဘီက ဒကာ, ဒကာမတွေရဲ့ သဒ္ဓါတရားကို အထူးပဲ အားရမိပါတယ်။

လွန်ခဲ့တဲ့ နှစ်ရက်လောက်က မှော်ဘီမြို့မှ ဦးစောမောင်က အဲဒီ လာဖူးမယ့်အကြောင်းကို မောင်လှဝင်းထံ ဖုန်းဆက်ပြောပါသေးသတဲ့။ အညာခရမ်းချဉ်သီးငါးပိချက်ကို ကြိုက်လို့ အဲဒီဟင်းကိုလည်း ချက်ထားပါ။ ဧည့်ပရိသတ် ၄၀ လောက် လာပါမယ်၊ ထမင်းစားကြမယ်လို့ ပြောပါသတဲ့။ သာမဏေကျော် မဟာဂန္ဓာရုံမှာ ပျော်ပျော်ပါးပါး ရင်းရင်းနှီးနှီးနဲ့ စားလိုကြပုံပေါ်ပါတယ်။ မှော်ဘီ စျေးသူ, စျေးသားတွေနဲ့ မှော်ဘီ သာသနာ့ဝန်ဆောင်ဆရာတော်တွေကတော့ အထူးပြောစရာ မလိုတော့ပါ။ အဲဒီ ဒကာ, ဒကာမ ၄၀ နဲ့အတူ ဆရာတော် ဥုံးမေမာသာရလည်း ပါလာပါမယ်တဲ့။ မှော်ဘီ စျေးသူ, စျေးသားတွေက သာမဏေကျော် မဟာဂန္ဓာရုံသံဃာတော်တွေရဲ့ အရုဏ်ဆွမ်းကိစ္စ အဆင်ပြေအောင် ဆွမ်းဆန်စိမ်းအလှူကိုလည်း စီစဉ်ဆောင်ရွက်ပေးကြပါတယ်။ ဒီနှစ် ဒုတိယအကြိမ် (၂-၂-၂၀၀၆) နေ့မှာ မှော်ဘီမြို့နဲ့ မြောင်းတကာ စတဲ့ ရွာတွေဘက်ကို လှည့်ကြပါတယ်။ ဒီနှစ် ဆန်အတင်း ၃၀ ကျော်၊ ငွေခြောက်သိန်းကျော် ရပါတယ်။ မနှစ်က ဆန် ၁၀ တင်း၊ ငွေငါးသိန်း ရပါတယ်။ ပထမနှစ်က သံဃာ ၂၅ ပါး မပြည့်လို့ အပြင်က သံဃာ ၁၅ ပါး ပင့်ရပါတယ်။ ဒီနှစ်တော့ ခုနစ်ပါးပဲ ပင့်ရပါတော့တယ်။ နောက်တတိယနှစ်မှာ သံဃာပင့်စရာ မလိုတော့ပါ။ လိုအပ်တဲ့ ၂၅ ပါးထက် အခုအခါ ကျော်သွားပြီဖြစ်လို့ပါပဲ။ လာဖို့ လျှောက်ထားတဲ့ ကိုရင်

http://www.dhammadownload.com

တွေ ရှိနေပါသေးတယ်။ ကိုယ်ကျွေးမွေး စောင့်ရှောက်နိုင်သလောက်ပဲ လက်ခံတာ ကောင်းပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာ ပထမဆုံး အကြိမ် ကထိန်ခင်းသူတွေက မှော်ဘီ ဈေးသူ, ဈေးသားတွေပါပဲ။

မိုးပေါ်က မောင်မာယ

၁၁-၂-၂၀၀၆ နေ့မှာ နံနက် ၇ နာရီသာသာလောက် ချမ်းမြေ့မြိုင် ဆရာတော်က ကားလွှတ်ပြီး ပင့်ခိုင်းလို့ သာမဏေကျော်နဲ့မောင်လှဝင်းတို့ ချမ်းမြေ့မြိုင်ကို ကားနဲ့ သွားခဲ့ကြပါတယ်။ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေး ပြုလုပ်ကြပါတယ်။ ချမ်းမြေ့မြိုင် ဆရာတော်က သြဝါဒပေးပါဦး လို့ ပြောတဲ့အတွက် စောစောက ပြောဖို့ ရည်ရွယ်ချက် မရှိပေမယ့် ပြောခဲ့ရပါသေးတယ်။ သုံးချောင်းထောက် စားပွဲ ဥပမာနဲ့ ဗုဒ္ဓယဉ်ကျေးမှု စားပွဲ မယိုင်လဲဖို့ ဆရာသမား, မိဘ, ကလေး သုံးဦး လုံး အရေးကြီးကြောင်း၊ အဲဒီသုံးဦးဟာ အခြေသုံးချောင်းနဲ့ တူကြောင်း၊ အိမ်ဝင်းတစ်ဝင်းမှာ ခြံစည်းရိုး မလုံခြုံရင် တိရစ္ဆာန်တွေ၊ အန္တရာယ်ပြုမယ့် သူတွေ ဝင်လာနိုင်ကြောင်း၊ ဗုဒ္ဓယဉ်ကျေးမှုထွန်းကားရာ မြန်မာနိုင်ငံမှာလည်း ဘာသာခြားအန္တရာယ်တွေ ဝင်နေကြောင်း၊ မျက်စိကို ဖွင့်, နားကို စွင့်ပြီး အဲဒီအန္တရာယ်တွေကို ဒီလိုဗုဒ္ဓယဉ်ကျေးမှု သင်တန်းတွေနဲ့ ကာကွယ်ပေးဖို့ လိုကြောင်းတွေကို ပြောပြခဲ့ပါတယ်။ နေ့ဆွမ်းစားပြီး တန့်ကြည့်တောင် ကျောင်းကို သွားခဲ့ပါသေးတယ်။ ဆရာတော်က တောင်ကြီးမြို့ကို ကြွသွားကြောင်းကို သိခဲ့ရပါတယ်။

ချမ်းမြေ့မြိုင်ဆရာတော်က "ဒီသာမဏေကျော်ကလည်း လှော်ကားဥယျာဉ်အနီးရှိ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း ဖွင့်လှစ်ပြီး သင်ပြပေးမှာဖြစ်ကြောင်း" ကို သူ့ဒကာ, ဒကာမတွေအား ပြောပြပါတယ်။ လှကမ္ဘာ ပရိဘောဂဆိုင်ပိုင်ရှင် ဒေါ်ခင်ညို သင်းက ဆွမ်းဘုဉ်းပေးပြီးလို့ ပြန်တော့မယ့်အချိန်လေးမှာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်း ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းအတွက် နဝကမ္မ ဝတ္ထု ငွေတစ်သိန်းနဲ့ မှော်ဘီမြို့မှ ဦးကျော်သန်းက တစ်သောင်း လှူလိုက်ပါ

http://www.dhammadownload.com

တယ်။ ချမ်းမြေ့မြိုင်ဆရာတော်က ရေစက်ချပေးလိုက်ပါလို့ ပြောလို့ ရေစက်ချပေးလိုက်ရပါသေးတယ်။ သာမဏေကျော် မဟာဂန္ဓာရုံ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကို ဒုတိယအကြိမ်အဖြစ် ၁၂-၃-၂၀၀၆ နေ့မှာ ဖွင့်မှာဖြစ်လို့ သွားလိုတဲ့ သူဒကာ, ဒကာမတွေကို အဲဒီဖွင့်ပွဲသို့ လိုက်ပို့ပေးပါမယ်လို့လည်း ချမ်းမြေမြိုင်ဆရာတော်က ပြောလိုက်ပါသေးတယ်။

"တန်ခူးကြည့်တောင်ဆရာတော်က သာမဏေကျော်လှော်ကား သာမဏေကျောင်းကို မရောက်ခင် ကြွလာပါသေးတယ်" တဲ့။ စားဖွယ်သောက်ဖွယ်များစွာကိုလည်း ယူခဲ့ပါသတဲ့။ တန်ခူးကြည့်တောင်ဆရာတော်က သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ ရှိတဲ့ ခေါင်းလောင်းကို ဒီလို ပြောဆိုကာ ထိုးသွားပါသတဲ့။

"မိုးပေါ်က မောင်မာယ (သိကြားမင်း) ကြားလော့၊ ဓမ္မိက ဒီမှာ သာသနာ ပြုနေတယ်။ ကူညီလော့၊ စောင့်ရှောက်လော့။"

အဲဒီစကားကို ကြားရတော့ ဝေယျာဝစ္စလုပ်သူတချို့မှာ မျက်ရည်ကျကြပါသတဲ့။ မောင်လှဝင်းကတော့ တန်ခူးကြည့်တောင်ဆရာတော်ရဲ့ အဲဒီစကားလေးကို နားထဲ စွဲနေပါသတဲ့။ သာမဏေကျော်က မောင်လှဝင်းကို ဒီလိုရယ်စရာစကား ပြောမိပါသေးတယ်။

"မိုးပေါ်က သိကြားမင်း လာအောင် လုပ်နိုင်ရင် လူပြည်က လူမင်းတွေနဲ့ မြန်မာနိုင်ငံက မင်းကို လာအောင် တန်ခူးကြည့်တောင်က စွမ်းနိုင်မှာပေါ့" တန်ခူးကြည့်တောင်ဆရာတော်က ဒီလို အမိန့်ရှိပါသေးသတဲ့။

"ဝါးတဲဆိုတော့ ဝုန်းခနဲ တက်မှာပေါ့။ ဆင်းရဲခံရင် ချမ်းသာမြဲပဲလေ။ ဦးဓမ္မိကမှာ အများအကျိုးပြုမှု အရင်းအနှီးတွေ အများကြီးရှိတာပဲ။"

တပို့တွဲ လပြည့်နေ့

၁၂-၂-၂၀၀၆ နေ့ဟာ တပို့တွဲလပြည့်နေ့ ဖြစ်သလို ပြည်ထောင်စုနေ့လည်း ဖြစ်ပါတယ်။ "တပို့တွဲ - ထမနဲပွဲ" ဆိုတဲ့ မြန်မာ့ထုံးစံအရ ထမနဲထိုးကြပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာလည်း ထမနဲထိုးပါတယ်။ ဒေါ်တင်ငြိမ်တို့က ထမနဲ လာစားဖို့ ဖိတ်ခေါ်ထားလို့ မည်မီတို့အုပ်စု (မတင်

http://www.dhammadownload.com

တင်၊ မအေး၊ မဇာဇာ) တို့ လာရောက်စားသောက်ကြပါတယ်။ နေ့ဆွမ်းစား ပြီးချိန်လောက်မှာ ရောက်လာကြပါတယ်။ ဟင်းတွေကလည်း ဖောသီလှပါ တယ်။ စပါးတွင်းရွာမှ ညီမ - မန္တယ်နဲ့ မမြင့်သန်း၊ တူဖြစ်သူ မောင်မြင့်သိန်း နဲ့ ဇနီး မနုနုဝင်းတို့လည်း လာကြပါတယ်။ ထမင်း, ဟင်းတွေက စားလို့ မကုန်နိုင်အောင်ပါပဲ။ မနက်ဖြန် မှော်ဘီစျေးသူ, စျေးသား လူ ၄၀ လောက် လာမှာမို့ ဟင်းချက်ဖို့ အသီး၊ အရွက် ဝယ်ရအောင် ထောက်ကြန့်စျေးကို မောင်လှဝင်းက မည်မြီကားနဲ့ သွားပါတယ်။ ဖျားနေတဲ့ ကိုရင်တစ်ပါးနဲ့ အနာ ပေါက်နေတဲ့ ကိုရင်တစ်ပါး ဆရာဝန်ထံ ပြဖို့ မည်မြီကားနဲ့ပဲ သွားပါတယ်။ မည်မြီအပြန်မှာ မောင်လှဝင်းတို့က ဘူးသီး၊ ဘူးညွှန့်၊ ခရမ်းသီး၊ ထမနဲတွေ ကို ပေးလိုက်ကြပါသေးတယ်။ မည်မြီတို့ ပြန်ခါနီးမှာလည်း ထမင်းစားသွား ကြပါသေးတယ်။ ဟင်းပေါင်းကို ကြိုက်နှစ်သက်ကြပါတယ်။

တပို့တွဲလပြည့်နေ့မို့ သာမဏေကျော်, ဥူးဩဘာသ, ဥူးဇဋိလတို့ သိမ်ထဲမှာ ပါရိသုဒ္ဓိဥပုသ် ပြုကြပါတယ်။ နံနက်အရုဏ်ဆွမ်း ဘုဉ်းပေးပြီး ခုနစ်နာရီ မတီးခင်လောက် ဖြစ်ပါမယ်။ ဥူးဩဘာသ ဥ တ်ထားပါတယ်။ နောက်တစ်ခါ မှာ ဥူးဇဋိလကို ဥ တ်ထားဖို့ ပြောရပါတယ်။ ဥပုသ်မပြုခင် ဒေသနာကြား (အာပတ်ဖြေ) ကြပါတယ်။ သုံးပါးဆိုရင် အတူတူ ဒေသနာ ကြားလို့ရပါတယ်။ လေးပါးဆိုရင် လေးပါးစုပေါင်းပြီး ဒေသနာကြားလို့မရပါ။ သိမ်ဆောက်ဖို့ အုတ်မြစ်ပဲ ချထားပါသေးတယ်။ အုတ်မြစ်ချထားတဲ့ နေရာ ထဲက သဲလောင်းထားတဲ့နေရာမှာ ဖျာခင်းကာ ဥပုသ်ပြုလိုက်ကြပါတယ်။ ဥပုသ်နေ့ နံနက်ပိုင်းမှာ ဘုရားဝတ်တက် နားကြပါသတဲ့။ ဥူးဩဘာသနဲ့ ဥူးဇဋိလတို့က ကျောင်းပေါက်အနီးအိမ်မှာ မင်္ဂလာဆွမ်းပင့်ထားလို့ သွား ဘုဉ်းပေးကြပါသတဲ့။ ကိုရင်တွေအဆောင်မှာ စကားပြောသံလေးတွေ ကြားရ လို့ ငါးနာရီခွဲလောက်မှာ ဆွမ်းဝိုင်းလာကြဖို့ ကိုရင်တွေကို ခေါ်လိုက်ပါတယ်။ ကျန်သံဃာတွေအတွက် ရခိုင်မတစ်ဦးက ကောက်ညှင်းပေါင်း လာကပ်ပါ တယ်။ အချိန်အနည်းငယ် နောက်ကျပြီးမှ ကျောင်းကို ရောက်လာကြပါ တယ်။ အမေနဲ့သား နှစ်ယောက်တည်းပါပဲ။ ဆွမ်းဝိုင်းထိုင်နေကြတုန်း ကိုရင် တွေအား စည်းကမ်းနဲ့ ပတ်သက်တဲ့ စကားတွေကို ပြောပြနေပါတယ်။

http://www.dhammadownload.com

"ဆွမ်းစားတုန်း ဟိုဟိုဒီဒီ မငေးရ။ ကိုယ့်အိပ်ရာမှာ ကိုယ့်ကျောင်း ဆောင်မှာ ကိုယ့်အဆောင်ပတ်ဝန်းကျင်မှာ အမှိုက်တွေ မရှုပ်စေရ။ အမှိုက် တွေ့ရင် ပစ်ရင် အမှိုက်ပုံးထဲ ထည့်ရတယ်။ ဖိနပ်ကို အဝင်ပေါက်နဲ့ တည့် တည့်နေရာမှာ မချွတ်ရ။ ညီအောင် ချွတ်ရတယ်။ သက်နှဲ့လှန်းရင် ညီအောင် လှန်းရတယ်။ ခြောက်ရင် ရုပ်သိမ်းရတယ်။ ဆွမ်းဝိုင်းမှာ ဆွမ်းလုံး, ဟင်းစက် ကျရင် ကောက်သွားရတယ်။ သန့်ရှင်းသွားရတယ်။ ဆွမ်းခံသွားရင် ကျက် ထားတဲ့ စာကို ရွတ်ချင် ရွတ်သွား၊ မရွတ်ချင်ရင် ဆွမ်းဒကာ, ဒကာမတွေအား မေတ္တာပွားပေးရတယ်။ ဆွမ်းစားကျောင်းပေါ်ကို တက်ရင် ခြေထောက် သုတ်ပြီးမှ တက်ရတယ်။ တံမြက်စည်းအကြမ်းတွေကို အသစ်ကိုရင်ကြီး နှစ်ပါးက သိမ်းဆည်းရမယ်။ ပေါက်ပြားတွေကို အဟောင်းကိုရင်ကြီး နှစ်ပါးက သိမ်းဆည်းရမယ်။"

သူတို့ကြောင့်

၁၂-၂-၂၀၀၆ နေ့ မည်မြိတို့အဖွဲ့ ပြန်သွားလို့ အိမ်ရောက်ပြီးချိန်မှာ အင်္ဂလန်က မည်မြိရဲ့ညီမ မဥမ္မာလှိုင်က သာမဏေကျော်ထံ ဖုန်းဆက်ပါ တယ်။ (၆) လပိုင်း ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာ သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းတွင် ဆွမ်းဆက်ကပ်လိုကြောင်း ပြောပြီး သိမ်ဆောက်လုပ်နေတယ်လို့ မည်မြိက ပြောလို့ သိမ်အတွက်ပဲ လှူရမလား၊ ပန်းကန်ခွက်ယောက်အတွက် ပဲ လှူရမလားလို့ မဥမ္မာလှိုင်က စဉ်းစားနေပါတယ်။ ပန်းကန်ခွက်ယောက် အတွက် ပိုလိုအပ်တယ်လို့ ပြောလိုက်ပါတယ်။ မည်မြိက သိမ်အတွက် လှူ စေချင်တဲ့ ဆန္ဒ ပြင်းပြနေပုံရပါတယ်။ မည်မြိထံ ဖုန်းဆက်ကြည့်တော့ မောင် လှဝင်းနဲ့ မောင်အောင်ဆန်းတို့ကို လိုအပ်တဲ့ ပန်းကန်ခွက်ယောက်စာရင်း ပြုစုထားခိုင်းဖို့ ပြောပါတယ်။

မကြည်ကြည်ဝင်းတို့ မိသားစုက ကျောင်းဒကာ ဦးခင်ဇော်ကို 'ကိုပု' လို့ ခေါ်ကြပါတယ်။ "ကိုပု ကျောင်းဆောင်တွေ ပြီးပြီလား၊ ဘယ်တော့ ရေစက်ချမှာလဲ၊ ဘာတွေကို အလိုရှိပါသလဲ၊ လိုတာ ရှိရင် ကိုပုကို ပြောပါ။ သာမဏေကျော် မပြောချင်ရင် တပည့်တော် ပြောပါမယ်" လို့ မကြည်ကြည်

http://www.dhammadownload.com

ဝင်းက ဖုန်းနဲ့ ပြောဖူးပါတယ်။ ကျောင်းဒကာ ဦးခင်ဇော်က အားနာစရာ ကောင်းလောက်အောင် ကူညီထောက်ပံ့နေတာမို့ 'ဘာ လိုပါတယ်' လို့မှ မပြောလိုပါ။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအတွက် လိုအပ်တာတွေကို ပြုလုပ် ဆောင်ရွက်ရာမှာ သာမဏေကျော်ထံ ရှိထားတဲ့ နဝကမ္မ ဝတ္ထုငွေနဲ့ပဲ စီစဉ် ဆောင်ရွက်နေပါတယ်။ ဦးခင်ဇော် ဆောက်လုပ်လျှုဒါန်းနေတဲ့ ကျောင်းဆောင် တွေအတွက် သူမှာ ငွေကုန်ရတာ များနေတာကို သိထားလို့ ကျောင်း အတွက် အခြားလိုအပ်နေတာ ရှိရင်တောင် သူမှာ တာဝန် မတက်စေလိုပါ။ ဒါကြောင့် မပြောလိုပါ။ သာမဏေကျော်က မပြောဘဲ သူ့ဘာသာ ဆောင်ရွက် လာရင် လက်ခံသင့်သလောက်ပဲ လက်ခံပါမယ်။ မကြည်ကြည်ဝင်းတို့ မိသားစု နဲ့ ပတ်သက်ပြီး ဦးခင်ဇော်က သာမဏေကျော်နဲ့ ဆက်စပ်မိကာ သာမဏေ ကျော် မဟာဂန္ဓာရုံသာသနာအတွက် အကြီးအကျယ် ထောက်ပံ့နေတာ ဖြစ်ပါတယ်။ တချို့က သာမဏေကျော် မဟာဂန္ဓာရုံသာသနာအတွက် အကြီးအကျယ် ထောက်ပံ့နေတဲ့ ဦးခင်ဇော်ကို ကျေးဇူးတင် ဝမ်းမြောက် ကြောင်း ဦးခင်ဇော်အား ပြောကြတဲ့အခါ "ကျွန်တော့်ကို ကျေးဇူးမတင်ပါနဲ့။ မုတ္တမမြို့က မကြည်ကြည်ဝင်းတို့ မိသားစုကို ကျေးဇူးတင်ရမှာပါ။ သူတို့ ကြောင့် သာမဏေကျော် မဟာဂန္ဓာရုံကို ရောက်ကာ ထောက်ပံ့ခွင့် ရနေတာ ပါ" လို့ ပြောပါသတဲ့။

ဘာသိဘာသာ နေကြရင်

၁၃-၂-၂၀၀၆ နေ့က မော်ဘီမြို့မှ ဆရာတော် ဥူးမေဓာသာရနဲ့ ဒကာ, ဒကာမပရိသတ် ၂၅ ယောက်လောက် သာမဏေကျော် မဟာဂန္ဓာရုံကျောင်း ကို ရောက်လာကြပါတယ်။ ဆရာတော် ဥူးမေဓာသာရက ရောက်လာစ သာမဏေကျော်ကို လာရောက်အားပေးတာပါပဲ။ မြောင်းမြဆရာတော်ကြီး က အစွမ်းရှိတဲ့ တပည့်တွေ ကျောင်းတိုက်ခွဲ တည်ထောင်တာကို အားပေး တယ်လို့ မိန့်သွားပါတယ်။ သာသနာ ပိုမိုကျယ်ပြန့်တာပေါ့လို့ မိန့်ပါတယ်။ ဆရာတော် ဥူးမေဓာသာရဟာ သာမဏေကျော် မဟာဂန္ဓာရုံအပေါ် အလွန် ပဲ မေတ္တာထားတော်မူပါတယ်။ မိဘသဖွယ်ပါပဲ။ ဆရာတော်အား ကျောင်း

http://www.dhammadownload.com

ထိုင်ဘုန်းကြီး အတွေ့အကြုံ မှတ်တမ်းစာအုပ် ရေးနေကြောင်း လျှောက်ထားတော့ ဆရာတော်က မှတ်တမ်းဆိုတာ တမ်းပြီး မှတ်ရတယ်။ ရမ်းပြီး, မှန်းပြီး မှတ်လို့မရဘူးလို့ ပြောသွားပါတယ်။ ဒေါ်ဝင်း, ဒေါ်သင်းသင်းရီ, ဒေါ်နှင်းရွှေ, ဒေါ်စိန်, မခင်မျိုးတင့် မိခင်စတဲ့ လူတွေကို ဦးစောမောင်က ဦးဆောင်ခေါ်လာပါတယ်။ အင်္ဂုတ္တရနိကာယ်, နဝကနိပါတ်လာ ဒေဝတာသုတ္တန်ကို ဟောပြလိုက်ပါတယ်။ မဟာစည်ဆရာတော်ကြီး ရေးသားတဲ့ ဒေဝတာသုတ္တန်လင်္ကာလေးတွေကို ရွတ်ဆိုကာ ရှင်းပြလိုက်ပါတယ်။

"ကြို - ရှိခိုးရေး, နေရာပေး, ကျွေးမွေး ချဉ်းကပ်သည်။
ကြားနာ ဆောင်မှတ်, ဆင်ခြင်လတ်, အမြတ် ကျင့်သုံးသည်။
ကျင့်ဝတ် ကိုးထွေ, မစုံခြေ, နတ်တွေ ပူကြသည်။
ကျင့်ဝတ် ကိုးထွေ, စုံလင်ပေ, နတ်တွေ ပျော်ကြသည်။
နတ်ပြည်ရောက်ခါ, ပျော်ဖို့ရာ, စုံစွာ တို့ ကျင့်မည်။"

မှော်ဘီမြို့နယ်က တောရွာရှိကလေးငယ်တွေကို ဘာသာခြားတွေက အစားအစာတွေ ပေးပြီး စည်းရုံးသိမ်းသွင်းနေကြောင်း၊ မိဘတွေရော, ဆရာတော်တွေရော, သားသမီးတွေပါ နှိုးနှိုးကြားကြား ရှိကြဖို့ လိုကြောင်း၊ ညအခါ အိပ်ပျော်နေတဲ့ ရွာသူ ရွာသား, တိရစ္ဆာန်တွေ ကြီးလှစွာသော အခါမဲ့မိုးကြီး ရွာလာပြီး ရေတိုက်မျောပါသွားလို့ သေရသလို အိပ်ပျော်နေတဲ့ ဗုဒ္ဓသာသနာဝင်တွေကို ဘာသာခြားတွေက အလွယ်တကူ သိမ်းယူဝါးမျိုနေကြောင်း၊ ဗုဒ္ဓဘာသာရေး သွေးအေးနေကြရင် နောင်မကြာခင်ကာလမှာ မြန်မာနိုင်ငံက ရွှေတိဂုံစေတီတော်ကြီးဟာ အင်ဒိုနီးရှားက ဗောရောဗုဓ်ဘုရားစေတီကြီး ပမာ ဖြစ်သွားနိုင်ကြောင်း၊ အဲဒီလို ဖြစ်လာမှာကို ဘယ်ဗုဒ္ဓဘာသာဝင်မှ လိုလားနိုင်မှာ မဟုတ်ကြောင်း၊ ဗုဒ္ဓသာသနာဝင်တွေဟာ ယခုလိုသာ ဗုဒ္ဓသာသနာရေးနဲ့ ပတ်သက်ပြီး ကိုယ်နဲ့ မဆိုင်သလို ဘာသိဘာသာ နေကြရင်, ပေါ့ပေါ့တော့တော့ နေကြရင် နောင်အခါမှာ မြန်မာဗုဒ္ဓသာသနာဝင်တွေဟာ မြန်မာနိုင်ငံမှာ လူနည်းစုဖြစ်ပြီး မျက်နှာငယ်ရမှာ ဖြစ်ကြောင်းတွေကို ပြောပြလိုက်ပါတယ်။ ကျေးဇူးတော်ရှင် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အောက်ပါလင်္ကာလေးကို ရွတ်ပြလိုက်ပါတယ်။

http://www.dhammadownload.com

"ယခုလိုသာ, နှစ်ပေါင်းကြာလျှင်, မြန်မာပြည်ဖွား, တိုင်းရင်းသားတို့, ဘုရားကို စွန့်, တရားစွန့်၍, စွန့်လိမ့်မှန်စွာ မြတ်သံဃာတည်း။"

သနားသွားမိပါတယ်

၁၄-၂-၂၀၀၆ နေ့မှာ မောင်နိုင်လင်းမိသားစုက နေ့ဆွမ်းဘုဉ်းပေးရန် သူတို့အိမ်ကို ကြွဖို့ သာမဏေကျော်ရယ်၊ ဥုးကဝိန္ဒရယ်၊ ဥုးပညိဿရရယ် ပေါင်း သုံးပါးကို ပင့်ပါတယ်။ သာမဏေကျော်က သာမဏေကျော် မဟာဂန္ဓာရုံမှာ ရောက်ခါစမို့ သူတို့တတ်နိုင်သမျှ လှူဖွယ်တွေကို လှူဖို့ ရည်ရွယ်ကာ ပင့်ကြောင်း အိမ်ရောက်မှ သိရပါတယ်။ မောင်နိုင်လင်းမိသားစုက သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ ပစ္စည်းလေးပါးအတွက် နဝကမ္မဝတ္ထုငွေ ငါးသောင်းနဲ့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှ စာသင်သား ကိုရင်လေးတွေအတွက် ဗလာစာအုပ်တွေ, ဘောလ်ပင်တွေ, ခဲတံတွေ, ခဲဖျက်တွေ, ပေတံတွေကို လှူဒါန်းလိုက်ပါသေးတယ်။ စာသင်သားတွေမှာ လိုအပ်တာကို စဉ်းစားပြီး လှူတတ်တဲ့ မောင်နိုင်လင်းတို့ မိသားစုဟာ တော်ပါပေတယ်။ တရားဟောပေးပါဦးလို့ လျှောက်လို့ သဂါထာ ဝဂ္ဂသံယုတ်, ကောသလသံယုတ်လာ ဣသတ္တသုတ်နဲ့ ပထမ အပုတ္တကသုတ် တရားတွေကို အဋ္ဌကထာအဖွင့်မှ မှတ်သားစရာ အကြောင်းအရာတွေကိုပါ ထည့်ပြီး ဟောခဲ့ပါတယ်။ တရားဟောပြီးလို့ ဆွမ်းစားပြီးတဲ့အခါ ဒကာကြီးတွေက သူတို့သိလိုတဲ့ တရားဆိုင်ရာ အကြောင်းအရာတွေကို မေးကြလို့ ဖြေပေးရပါသေးတယ်။ အသွားမှာ ဆယ်မိုင်ကုန်း ပဏ္ဏိတာရာမ, က ကားနဲ့ သွားခဲ့ကြပါတယ်။ အပြန်မှာတော့ ဦးအေးညိုရဲ့ ကားနဲ့ ပြန်လာခဲ့ကြပါတယ်။ ဦးအေးညို ကားက မီးပွိုင့်မှာ ရပ်ထားတဲ့ ကားကို အနည်းငယ် တိုက်မိလို့ မောင်နိုင်လင်းကားနဲ့ ပြန်ခဲ့ကြရပါတယ်။ မောင်နိုင်လင်းရဲ့ ညီ အောင်အောင်နဲ့ သူတို့အဒေါ်လည်း လိုက်လာကြပါတယ်။ သာမဏေကျော်ကို ပို့ပြီး ဆယ်မိုင်ကုန်းသို့ ခရီးဆက်ကြပါတယ်။

မောင်နိုင်လင်းနဲ့ သူ့သူငယ်ချင်းက နောင်နှစ် သာမဏေကျော် မဟာဂန္ဓာရုံ ကထိန်အတွက် ကထိန်ဒကာအဖြစ် ခံယူလိုကြပါတယ်တဲ့။ သူငယ်ချင်း

http://www.dhammadownload.com

က ကထိန်ခင်းဖို့ မုန့်ဖိုးထဲက နေ့စဉ် စုဆောင်းနေပါသတဲ့။ လေးလည်း လေးစား၊ သနားလည်း သနားသွားမိပါတယ်။ မင်္ဂလာဈေးမှ ဒေါ်သန်းသန်းတို့က နောင်နှစ်မှာ တတိယအကြိမ် ကထိန်အတွက် ကထိန်ဒကာအဖြစ် ခံယူဖို့ လျှောက်ထားသွားပြီဖြစ်ကြောင်း ပြောပြလိုက်တော့ "ပင်မအလှူရှင် ရှိရင် အရန်အဖြစ်နဲ့ လှူပါ့မယ်။ ပေါများတဲ့ နေရာမှာ လှူတာထက် လိုအပ်နေတဲ့ နေရာမှာ ပိုလှူချင်ပါတယ်။ ချို့နေတဲ့ ကော်ဖီခွက်ထဲ သကြားနဲ့ နို့ဆီကို ထပ်ထည့်ဖို့ မလိုပါ" လို့ မောင်နိုင်လင်းက ပြောပါတယ်။ "ရေနည်းရာမှာ ရွာတဲ့မိုးက ရေများရာမှာ ရွာတဲ့ မိုးထက် ပိုအကျိုးကြီးပါတယ်။ နောက်နောင် နှစ်တွေမှာတော့ မည်မီရဲ့ အင်္ဂလန်က ညီမ မဥမွာလှိုင်နဲ့ မောင်ကောင်းမြတ်စိုးတို့က ကထိန်ဒကာ, ဒကာမအဖြစ် အမြဲခံယူဖို့ လျှောက်ထားပါတယ်" လို့ ပြောပြလိုက်ပါသေးတယ်။ မည်မီက ဥူးပညိဿရထံ သာမဏေကျော် မဟာဂန္ဓာရုံမှ ဒက်ပေါက်နေတဲ့ ကိုရင်လေးအတွက် ဒက်ဆေးဘူးတွေနဲ့ ဆီးသီးတွေကို ပေးလိုက်ပါတယ်။ ကိုရင်လေးတွေအတွက် သကြားလုံး, ဆပ်ပြာ, သွားတိုက်ဆေး, သင်္ကန်း, ဖျော်ရည်စတဲ့ လှူဖွယ်တွေကို မကြာမကြာ မည်မီက လှူလေ့ရှိပါတယ်။ ကိုရင်လေးတွေမှာ လိုအပ်နေတဲ့ အရာတွေကို လာရောက်လေ့လာပြီး လှူမှန်း မသိရအောင် လှူသွားတတ်ပါတယ်။ သူ့သဒ္ဓါကိုလည်း လေးစားမိပါတယ်။

ရေဒီယိုနဲ့ ရုပ်မြင်သံကြားမှ တစ်ဆင့်

၁၅-၂-၂၀၀၆ နေ့ နံနက်ပိုင်းမှာ ဥူးသြဘာသ, ဥူးဇင္ဒိလတို့နှစ်ပါး ဦးဆောင်ပြီး ဘုရားရှိခိုး, ပရိတ်ရွတ်, မေတ္တာပို့, တရားရှုမှတ်, ပစ္စဝေက္ခဏာဆင်ခြင်, အမျှဝေတဲ့ အလုပ်တွေကို ကိုရင်တွေနဲ့အတူ ပြုလုပ်ကြပါတယ်။ အရင်နေ့တွေမှာ ဘက်ထရီအိုးနဲ့ ထွန်းထားတဲ့ ဖန်ချောင်းအရောင်နဲ့ ပြုလုပ်ကြပါတယ်။ ဒီနေ့မှာတော့ မီးစက်မောင်းပြီး မီးထွန်းကြပါတယ်။ ကျောင်းဝင်းတစ်ဝင်းလုံး ဖန်ချောင်းမီးရောင်တွေနဲ့ ထွန်းလင်းနေပါတယ်။ တပို့တွဲလပြည့်ကျော် သုံးရက်နေ့ နံနက်မလင်းမီ ကောင်းကင်ပေါ်မှာ ထိန်ထိန်သာနေတဲ့ လမင်းကြီးက ဝင်းဝင်းပကာ ကျောင်းဝင်းတစ်ဝင်းလုံး ကြီးစိုးထားပါတယ်။ နံနက်ပိုင်းမှာ တရားရှုမှတ်နေတုန်း မီးစက်မောင်းလို့ ဖန်ချောင်းမီး

http://www.dhammadownload.com

တွေ လင်းလာကြပါတယ်။ ဘာကြောင့်များ ဒီနေ့မှ ထူးထူးခြားခြား မီးစက်နဲ့ မီးထွန်းပါလိမ့်လို့ တွေးနေမိပါတယ်။ ဆွမ်းစားတုန်း ခေါက်လို့ ဆွမ်းစားကျောင်းကို သွားပါတယ်။ သံဃာတွေက ဆွမ်းဒကာ, ဆွမ်းဒကာမတွေနဲ့ ကုသိုလ် လုပ်အားပေးသူတွေကို အသံထွက်ပြီးပွားတဲ့ ဝစီကံမေတ္တာကို ပွားပြီးနေကြပါပြီ။ ဆွမ်းဘဉ်းပေးနေကြပါပြီ။ ငါးနာရီခွဲမှာ တုံးခေါက်ပါတယ်။ ဆွမ်းစားကျောင်းပေါ်မှာ မိဘနှစ်တွဲနဲ့ ယောကျ်ားလေး လေးယောက် ထိုင်နေတာကို တွေ့ရပါတယ်။ သူတို့ လာလို့ ကိုရင်, ဦးပဉ္စင်း, ဖိုးသူတော်တွေ ဆွမ်းဘဉ်းပေးတာကို ထင်ထင်ရှားရှား ဖူးမြင်စေချင်လို့ မီးစက်မောင်းကာ မီးထွန်းတာ ဖြစ်မယ်လို့ တွေးမိပါတယ်။ ဆွမ်းဝိုင်းတွေမှာ ကြည့်လိုက်တော့ ဝက်သားဟင်းတွေ ပါနေတာကို သတိထားမိပါတယ်။ ဆွမ်းနဲ့ ဝက်သားဟင်းကို လာလှူတဲ့အပြင် ကျောင်းသားသုံးယောက်ကို ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်း တက်ရောက်စေဖို့ စာရင်းလာသွင်းကြသူတွေ ဖြစ်နေပါတယ်။

သာမဏေကျော် မဟာဂန္ဓာရုံက ဆွမ်းခံသံဃာတန်းကို မြင်တွေ့ရတော့ "ဘယ်ကျောင်းကတုံး" လို့ အဲဒီမသိသေးတဲ့ ဒကာ, ဒကာမတွေက မေးကြပါသတဲ့။ "သာမဏေကျော် မဟာဂန္ဓာရုံကျောင်းက" လို့ သိသူတွေက ဖြေကြပါသတဲ့။ မသိလို့ မေးတဲ့ ဒကာတစ်ဦးက "သာမဏေကျော်အကြောင်းကို မြန်မာ့အသံ ရေဒီယိုထဲ စာအုပ်စာပေကဏ္ဍမှ ကြားသိထားရပါတယ်။ မဟာဂန္ဓာရုံကျောင်းအကြောင်းကိုတော့ မြဝတီရုပ်မြင်သံကြားက လွှင့်လို့ သိရှိရပါတယ်။ အဲဒီ မဟာဂန္ဓာရုံအကြောင်းကို မြဝတီရုပ်မြင်သံကြားက မကြာခဏ လွှင့်ပေးသင့်တယ်။ ဒီလိုမြင်ကွင်းဟာ မြင်ရခဲတဲ့ မြင်ကွင်းထူးပဲ" လို့ ပြောပါတယ်။ "မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေထဲက ပစ္စည်းမပြည့်စုံတဲ့ ဆင်းရဲသားကလေးတွေကို ဘာသာခြားတွေက စီးပွားရေးနဲ့ရော အိမ်ထောင်ရေးနဲ့ပါ တစ်ဟုန်ထိုး ဝါးမျိနေကြပါတယ်။ ဗုဒ္ဓသာသနာဝင် အများစုတွေဟာ ဗုဒ္ဓဘာသာရေးထက် စားဝတ်နေရေးကိုသာ ပိုမိုအလေးထားကြလို့ စားဝတ်နေရေး အဆင်ပြေအောင် ကူညီပံ့ပိုးနေတဲ့ အဲဒီဘာသာခြားတွေနောက် ကောက်ကောက်ပါအောင် လိုက်ပါနေကြပါတယ်။ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင်တွေ တက်တက်ကြွကြွနဲ့ ကြိုးစားကြဖို့ လိုနေပါပြီ။

http://www.dhammadownload.com

အချိန်တောင် နှောင်းသွားပါပြီ" လို့ အဲဒီဒကာကပဲ ပြောပြနေပါတယ်။ ဒီလို အမြော်အမြင်ရှိပြီး နိုးကြားကြတဲ့ မိဘတွေကို လေးစားမိသလို အနာဂတ် ဗုဒ္ဓသာသနာနဲ့ အနာဂတ် မြန်မာနိုင်ငံအတွက် ကျေးဇူးလည်း တင်နေမိပါ တယ်။ သူတို့တစ်သိုက်ဟာ သာမဏေကျော် မဟာဂန္ဓာရုံမှာ နံနက်စာ စား သွားကြပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ လျှပ်စစ်မီး တစ်ရက်တာ အတွက် လျှဒါန်းသွားကြပါသေးတယ်။

လေ ဝင်မှာပေါ့

အအေးကို ကြောက်တတ်တဲ့ သာမဏေကျော်ရဲ့ သာမဏေကျော် မဟာဂန္ဓာရုံမှာ နေရတဲ့ တဲကျောင်းအနေအထားကို မြင်တွေ့ရသူ, ကြားသိ ရသူတွေက အံ့သြကြပါတယ်။ တဲကျောင်းမှာ ဝါးပိုးဝါး ခွဲခြမ်းတွေနဲ့ ခင်း ထားပါတယ်။ ဝါးထရံနဲ့ ကာရံထားပါတယ်။ အကာမှာလည်း လေမလုံပါ။ အောက်ကြမ်းခင်းမှာလည်း လေ မလုံပါ။ ဝါးကြမ်းခင်းကို နင်းလိုက်ရင် တကျွိကျွိနဲ့ မြည်နေပါတယ်။ နေပူခိုန်မှာတော့ တောင်ထန်းရွက်အမိုး ကြောင့် အပူ သက်သာပါတယ်။ စရောက်ခါစ သုံးရက် လေးရက်လောက် ရာသီဥတုက အအေးပိုနေသေးလို့ အအေးမိကာ ချောင်းဆိုးပြီး ဖျားမလို ဖြစ်နေပါသေးတယ်။ ကျောင်းဝင်းထဲရှိ သရက်ပင်တစ်ပင်ပေါ် နွယ်တက် နေတဲ့ ငရုတ်ကောင်းပင်မှာ ငရုတ်ကောင်းသီးတွေ မှည့်နေလို့ အဲဒီအသီးကို ကပ်ပိုခိုင်းကာ အရုဏ်ဆွမ်းမှာ ဆန်ပြုတ်နဲ့ သုံးရက်လောက် သုံးလုံးစီ ဝါးစား လိုက်ပါတယ်။ အခိုးပွင့်ကာ သက်သာသွားပါတယ်။ အကာအရံ တစ်နေရာ မှာ ထရံကာ မထားလို့ လေက ဝင်ချင်တိုင်း ဝင်နေပါတယ်။ ဖျင်သင်္ဘန်း ထူထူကြီးနဲ့ ညအခါ ကာရံထားရပါတယ်။ အအေးဒဏ်ကို အတော်အတန် ခံနိုင်ရည်အား ရှိလာတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မှတ်ယူဆလာမိပါတယ်။

၁၅-၂-၂၀၀၆ နေ့ နံနက် ကိုးနာရီမှာ မမနာပိကာ, မကမလညာနီ, မပရမညာနီတို့ဟာ ပဏ္ဏိတာရာမ ဆရာတော်ကြီးက သာမဏေကျော်အား လျှုတဲ့ စာအုပ်တွေနဲ့ သူတို့လျှုတဲ့ စားပွဲ, ကုလားထိုင်, ပန်းသီး, လိမ္မော်သီး, ဆပ်ပြာခဲ, စာရေးစက္ကူ စတာတွေကို ယူလာကြပါတယ်။ ဆရာဝန် ဆရာ လေး မကမလညာနီက ကိုရင်တွေနဲ့ ဝေယျာဝစ္စလုပ်သူတွေအား ကျန်းမာ

http://www.dhammadownload.com

ရေး ဗဟုသုတတွေကို တစ်နာရီကြာ ဟောပြောပေးသွားပါတယ်။ မမနာပိကာက ဖျာ မခင်းထားတဲ့ ဝါးကြမ်းခင်းနေရာမှ ကျဲကျဲဝါးခင်းကို ညွှန်ပြကာ "ဒီအပေါက်တွေက လေ ဝင်မှာပေါ့" လို့ ပြောပါတယ်။ တဲကျောင်း အဝင်ပေါက် စစချင်း နေရာမှာလည်း ဖျာခင်းမထားတော့ ကျဲနေတဲ့အခင်းမှ လေတွေက ဝင်ကြပါတယ်။ ဥူးဝီရိယ, ဥူးသြဘာသ, ဥူးဇဋိလတို့သုံးပါး သာမဏေကျော် မဟာဂန္ဓာရုံမှာ စတင်နေခဲ့စဉ်က ကျောင်းဆောင်လေးနဲ့ နှိုင်းစာရင်တော့ သာမဏေကျော် နေထိုင်ရာ တဲကျောင်းက ပိုကျယ်ဝန်းသလို ပိုလည်းကောင်းပါတယ်။

သာမဏေကျော် နေထိုင်နေတဲ့ တဲကျောင်းက ငါးပင်တည် လေးခန်းရှိပါတယ်။ ဥူးသြဘာသတို့ စတင်နေထိုင်ခဲ့ရာ တဲကျောင်းလေးကတော့ သုံးပင်တည် နှစ်ခန်း ရှိပါတယ်။ မီးဖိုချောင်နဲ့ ဝေယျာဝစ္စ လုပ်သူတွေနေရာ တဲလေးကလည်း သုံးပင်တည် နှစ်ခန်းပဲ ရှိပါတယ်။ ဥူးဝီရိယ, ဥူးသြဘာသ, ဥူးဇဋိလတို့သာ ရှိသေးခိုက် ဒေါ်ဝင်း, ဒေါ်သင်းသင်းရီ စတဲ့ မှော်ဘီဒကာ, ဒကာမ ၂၀ ယောက်ကို ဦးဆောင်လျက် ဆရာတော်ဥူးမေဓာသာရကြွလာပြီး အဲဒီတဲကျောင်းလေးပေါ် ထိုင်ကြပါသတဲ့။ အဲဒီပရိသတ်ရဲ့ အလေးချိန်ကို ခံနိုင်အား မရှိရှာတဲ့ အဲဒီတဲလေးဟာ ထောက်ပြုတ်ကာ ညွှတ်ကျသွားပါသတဲ့။ အနေအထိုင် အစားအသောက် ဆင်းရဲနေရှာတဲ့ ရဟန်းသုံးပါး ချမ်းသာအောင် သာမဏေကျော် စွမ်းနိုင်သမျှ တဲကျောင်းသုံးလုံး ဆောက်လုပ်ပေးရပါတယ်။ တန်းဆွမ်းခံ ကြွနိုင်အောင် ရှင်ကဝိန္ဒ, ရှင်ခေမိန္ဒတို့ကို ပို့ပေးရပါတယ်။ ဆရာတပည့် ငါးပါးဟာ အဲဒီတဲကျောင်းလေးထဲမှာ စံမြန်းတော်မူကြရှာပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်း ဖွင့်လို့ရအောင် နောက်ထပ်တဲကျောင်း ငါးကျောင်းလောက် ထပ်ဆောက်ပေးရပါသေးတယ်။

စပါးတွင်းရွာ ရောက်နေရသလိုပါပဲ

၁၅-၂-၂၀၀၆ နေ့ ညနေ ငါးနာရီကျော်လောက်မှာ မကြည်ကြည်ဝင်း, ကိုထိန်ဝင်း, မအေးအေးမြင့် + မောင်စိုးနိုင်တို့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ကို မုတ္တမကနေ ရန်ကုန်အလာခရီးမှာ ဝင်လာကြပါတယ်။ သူတို့က ဆန်တစ်အိတ်နဲ့ လိမ္မော်သီး, ငါးခြောက်, ရှောက်သီး ဆေးပြား

http://www.dhammadownload.com

ဘူး, မုန့် စသည်ကို လျှဒါန်းသွားကြပါတယ်။ နောင်နှစ်ကထိန်ကို သူတို့ခင်းလိုကြောင်း ပြောပါသေးတယ်။ ကထိန်ဒကာ ရှိနေပြီလို့ ပြောလိုက်ရပါတယ်။ သူတို့က ကျောင်းဒကာ ဦးခင်ဇော်နဲ့ ရင်းနှီးသူတွေ ဖြစ်ပြီး သူတို့နဲ့ ပတ်သက်ပြီး ဦးခင်ဇော်က သာမဏေကျော် မဟာဂန္ဓာရုံကို ရောက်ရတာ ဖြစ်လို့ ကိုထိန်ဝင်းက ဦးခင်ဇော်ထံ မကြည်ကြည်ဝင်း သာမဏေကျော် မဟာဂန္ဓာရုံမှာ ရောက်နေပြီဖြစ်ကြောင်း ဖုန်းနဲ့ ပြောပါတယ်။ ဦးခင်ဇော်က မန္တလေးကို ရောက်နေခိုက် ဖြစ်နေပါတယ်။

မကြည်ကြည်ဝင်းတို့ မောင်နှမတစ်သိုက်ဟာ ဦးခင်ဇော် ဆောက်လုပ်လျှဒါန်းထားတဲ့ ကျောင်းဆောင်တွေကို လိုက်ပြီး ကြည့်ရှုကြပါတယ်။ အခုချိန်တို့ အတောအတွင်း ဒီလောက်ကျောင်းဆောင်တွေ ပြီးစီးနေတာ တွေ့ရလို့ အံ့သြဝမ်းသာ ဖြစ်နေကြပါတယ်။ နှစ်ထပ်သိမ်ကျောင်းဆောင်လည်း အုတ်မြစ်ချပြီး အုတ်တောင် စီထားပါပြီ။ ယောဂီအများ နေနိုင်အောင် အလျား ၉၁ ပေ၊ အနံ ၂၈ ပေရှိအဆောင်ကလည်း စတင်နေပါပြီ။ မဖြူ လျှုတဲ့ကျောင်းဆောင်ကိုလည်း မကြာခင် ဆောက်လုပ်ပါတော့မယ်။ မကြည်ကြည်ဝင်း မောင်နှမတစ်သိုက် သာမဏေကျော် မဟာဂန္ဓာရုံမှာ ညနေစာ စားသွားကြပါတယ်။ မောင်အောင်ဆန်းက မကြည်ကြည်ဝင်းကို တစ်ညလောက် ကျောင်းလာအိပ်ဖို့ ဖိတ်ခေါ်ပါတယ်။ မကြည်ကြည်ဝင်းက လိုင်းကားစီးပြီး မလာတတ်သေးလို့ မောင်အောင်ဆန်း အကူအညီကို တောင်းနေပါတယ်။ ကိုထိန်ဝင်းက ကျောင်းရောက်လို့ ကားပေါ်မှ ဆင်းပြီးချင်း "ကျောင်းရောက်လာရတာဟာ စပါးတွင်းရွာကို ရောက်သွားသလိုပါပဲ" လို့ ကျောင်းဝင်း အနေအထားနဲ့ ကျောင်းရှိပရိသတ်ကို ကြည့်ကာ ပြောနေပါသေးတယ်။ မကြည်ကြည်ဝင်းတို့ မိသားစုဟာ မောင်လှဝင်း, မောင်အောင်ဆန်းတို့နဲ့လည်း ရင်းနှီးကြပါတယ်။ ဒါကြောင့် ကိုထိန်ဝင်းက အဲဒီလို ပြောတာ ဖြစ်ပါတယ်။

စပါးတွင်းကို သတိရဖွယ်

၁၆-၂-၂၀၀၆ နေ့ နံနက်ပိုင်းမှာ ပြင်ဦးလွင်မြို့မှ မောင်လှမြင့်က သာမဏေကျော်ထံ ဖုန်းဆက်ပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းရဲ့ အခြေအနေလေးတွေကိုရော, သာမဏေကျော် အခြေအနေကိုပါ သိလို

http://www.dhammadownload.com

လို့ သူက မေးပါတယ်။ ကျောင်းသစ်ဆိုတော့ အရာရာ မပြည့်မစုံ ရှိတတ်တာ မို့ သိချင်ပုံ ပေါ်ပါတယ်။ သာမဏေကျော် ကျန်းမာရေးချူချာတာကို သိထားသူ ဖြစ်လို့ သာမဏေကျော် ကျန်းမာရေးကိုပါ သိလိုပုံ ပေါ်ပါတယ်။ သူသိလိုတဲ့ အခြားမေးခွန်းလေးတွေကိုလည်း မေးပါသေးတယ်။ သာမဏေကျော် ကျန်းမာရေး ကောင်းမွန်ကြောင်းနဲ့ သံဃာတွေမှာ စားရေးသောက်ရေး အဆင်ပြေ ပေါများကြောင်း သိသွားရလို့ မောင်လှမြင့်မှာ ဝမ်းသာနေပါတယ်။ မောင်လှဝင်းက ဆွမ်း, ဆွမ်းဟင်းတွေ ပြည့်စုံ ပေါများနေလို့ ညည်းတွားနေကြောင်းကို ပြောပြတော့ မောင်လှမြင့်က ရယ်နေပါတယ်။ "သဘော်ပင်တွေ စိုက်သလား" လို့ သူက မေးပါတယ်။ "အပင်တစ်ရာလောက် စိုက်ထားပါတယ်" လို့ ပြောလိုက်ပါတယ်။ ရွှေဘိုဆရာတော် ဥူးနန္ဒက "ငှက်ပျော, သဘော်လို အသီးအမြိစားရတဲ့ အပင်တွေကို များများ စိုက်ထားဖို့ ပြောလို့ ငှက်ပျောပင် ၃၀၀ လောက်နဲ့ သဘော်ပင် ၁၀၀ လောက် စိုက်ထားပါတယ်။ ဘူးပင်, ချဉ်ပေါင်ပင်, ငရုတ်, မုန်လာ, ကန်စွန်း, ဆလတ်, ကိုက်လန်, ကြက်သွန်, နံနံ, မြင်းခွာ, ပဲပုစွန်, ကျောက်ဖရုံ, ရွှေဖရုံ, ခရမ်း, ကြက်ဟင်းခါး, ပဲစွန်တာနီ, ပဲစင်းငုံ, ရုံးပတီ စတဲ့ အပင်တွေကိုလည်း စိုက်ပျိုးထားပါတယ်။ နာနတ်ပင် နှစ်ထောင်ကျော်ဟာ ယခုအခါ စတင် အသီးသီးနေပါပြီ။

ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းမှာ အသုံးပြုနိုင်ဖို့ရာ စားပင်, သီးပင်တွေကို ကြိုတင်စိုက်ပျိုးထားပါတယ်။ ဥူးဩဘာသ, ဥူးဇဋ္ဌိလတို့က သူတို့ကိုရင်တွေနဲ့ စိုက်ပျိုးသလို မောင်အောင်ဆန်းကလည်း စိုက်ပျိုးထားပါတယ်။ စပါးတွင်းရွာက စိုက်ပျိုးရေးကျွမ်းကျင်တဲ့ တူလေး မောင်ချိုဝင်းကို ဗုဒ္ဓယဉ်ကျေးမှု သင်တန်းအမိ စိုက်ပျိုးဖို့ ခေါ်ထားပါတယ်။ တူ မောင်မြင့်သိန်းကလည်း ရံခါ ကူညီစိုက်ပျိုးပေးပါတယ်။ ကျောင်းဝင်းထဲ တစ်နေရာမှာ မိုးအခါ ရေစီးတဲ့ ချောင်းတစ်ချောင်း ရှိပါတယ်။ ချောင်းအထက်ဘက်မှာ နွားပေါင်း ၆၀၀ ကျော်လောက် ရှိတဲ့ နွားခြံမှ နွားချေးရည်တွေက အဲဒီ ချောင်းထဲ စီးဆင်းပါတယ်။ အဲဒီ နွားချေးရည်တွေကို အခုအချိန်အထိ ရေစုတ်စက်နဲ့ စုတ်တင်ကာ သီးပင်, စားပင် အခင်းတွေထဲ မောင်းတင်ပါတယ်။ နွားချေးတွေက ချောင်းထဲမှာ များစွာပဲ ရှိနေပါတယ်။ စိုက်ခင်းတွေအတွက် အလွန်

http://www.dhammadownload.com

ပဲ အသုံးဝင်လှပါတယ်။ နွားချေးနဲ့က တစ်ခါတစ်ရံ နံပါတယ်။ နံနက် နှစ်နာရီ လောက် နွားနို့ညှစ်လို့ နို့စားနွားမတွေရဲ့အသံကို ဆူညံစွာ ကြားရပါသတဲ့။ နွားသံတွေကို ကြားကြားနေရတော့ ဇာတိရပ်ရွာ စပါးတွင်းကို သတိရဖွယ် ဖြစ်ပါတယ်။

ဖူဂျီပိုက်လိုင်းက ရေသွယ်ယူခွင့် ရတဲ့အတွက် ရေနဲ့ပတ်သက်ပြီး အဆင်ပြေ ချမ်းသာလှပါတယ်။ ရေရအောင် အကျိုးဆောင်ပေးကြသူတွေကို အထူးပဲ ကျေးဇူးတင်မိပါတယ်။ ဒကာကြီး ဦးသောင်းရင်ကိုတော့ အလွန်အကဲ အထူးပဲ ကျေးဇူးတင်လှပါတယ်။ ဦးသောင်းရင်ရဲ့ စေတနာ, သဒ္ဓါ, မေတ္တာတွေကို အထူးပဲ သာဓုခေါ်နေမိပါတယ်။ ဦးသောင်းရင်ရဲ့ အကူအညီ ဟာလည်း သာမဏေကျော် မဟာဂန္ဓာရုံအတွက် အလွန်အကဲ ကြီးမားလှတဲ့ အကူအညီတစ်ခုပဲလို့ သာမဏေကျော် မဟာဂန္ဓာရုံ ပရိသတ်က စွဲမြဲစွာ ခံယူထားပါတယ်။

ဥနှဲပင်တွေ

သာမဏေကျော်၊ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို စတင် ရောက်လာခါစမှာ ဥနှဲပင်တွေဟာ ရွက်ဟောင်းတွေကို ခွေချနေကြပါပြီ။ သာမဏေကျော် ရောက်ပြီးတစ်ပတ်လောက် လွန်တဲ့အခါ ရွက်သစ်တွေနဲ့ ဝေဆာလျက် ရှိလာကြပါပြီ။ ရွက်ဟောင်းတွေ ကြွေလွန်းလို့ တံမြက်စည်းနဲ့ အဲဒီအရွက်တွေကို လှဲကာ စုလျက် ကျုံးပစ်ရပါတယ်။ ရေမဖြန်းဘဲ လှည်းလို့ ရဖြန်းလှည်းဖို့ ပြောကာ လှည်းစေရပါတယ်။ လူနှစ်ယောက် ဝိုင်းဖက်တောင် ဖက်လို့ မမိနိုင်လောက်အောင် ဥနှဲပင်ကြီးနှစ်ပင်က ပင်စည်ကြီးမား လှပါတယ်။ ဒကာမကြီး ဒေါ်ခင်စောညွှန့် လှူထားတဲ့ မြေနှစ်ကေထဲမှာ အဲဒီ ဥနှဲပင်ကြီးတွေဟာ အကြီးမားဆုံး သစ်ပင်ကြီးတွေ ဖြစ်တာမို့ သိသာပေါ်လွင် လှပါတယ်။ အဲဒီဥနှဲပင်ကြီးတွေရဲ့ ပင်စည်ပတ်လည်မှာ ထိုင်စရာ ကွပ်ပျစ် တွေကို ကျယ်ဝန်းစွာ ရိုက်ထားပါတယ်။ ကျောင်းတစ်ဆောင်ပမာ ကြီးမား ကြလို့ အဲဒီဥနှဲပင်ကြီးနှစ်ပင်ဟာ ကျောင်းနှစ်ဆောင်အလား အားကိုးရပါ တယ်။ အဲဒီသစ်ပင်ကြီးတွေအောက် ကိုရင်တွေနဲ့ ဖိုးသူတော်အား စာချပေး နေတဲ့ မြင်ကွင်းဟာ ထူးခြားတဲ့မြင်ကွင်း ဖြစ်နေပါတယ်။ လာရောက်ကြသူ

http://www.dhammadownload.com

တိုင်းဟာ အဲဒီဥနှဲပင်ကြီးနှစ်ပင်ကို အထူးသတိပြုကြည့်ကာ စိတ်ကြည်နူး အားမြမှုကို ခံစားရလေ့ရှိကြပါတယ်။ ဥနှဲရွက်တွေက နေပျောက်ထိုးလို့ မရလောက်အောင် ပိတ်သည်းနေကြပါတယ်။ စိမ်းစိုညိမှိုင်းနေတဲ့ ဥနှဲပင်ကြီးတွေဟာ ခြောက်သွေ့တဲ့ နွေရာသီမှာ စိတ်ကို စိုပြည်လန်းဆန်းစေကြပါတယ်။ မဖြူလှူထားတဲ့ တစ်ဧကပိုင်းမှာတော့ ဥနှဲပင်ခပ်ကြီးကြီးတွေအပြင် ဝါး, သရက်, မာလကာ, ပိန္နဲ, ဥသျစ်, သီဟိုဠ်သရက် စတဲ့ သစ်ပင်ကြီးငယ်တွေ ရှိနေတာမို့ သူ့တစ်ဧကပိုင်းက ပိုမိုစိုပြည်ပါတယ်။ ပိုမိုစိမ်းစိုပါတယ်။ နေချင်စရာ ပိုဖြစ်ပါတယ်။ ချောင်းရဲ့ဒီဘက်ပိုင်း သုံးဧကနဲ့ ဟိုဘက်ပိုင်း နှစ်ဧကကြားမှာ သုံးဧကကို ဖြတ်သွားတဲ့ ချောင်းတစ်ခု ရှိပါတယ်။

အဲဒီချောင်းထဲမှာတော့ ဥနှဲပင် တော်တော်များများ ရှိပါတယ်။ ဒီလောက်ကြီးမားကြပြီး ဒီလောက်များတဲ့ ဥနှဲပင်တွေကို မမြင်ဖူးသေးပါ။ ဘုရားရှင် လက်ထက်က ဘုရားရှင်နဲ့သံဃာတော်တွေ သစ်ပင်တွေအောက် သီတင်းသုံးတော်မူသွားကြပါတယ်။ ဒီလိုသစ်ပင်တွေအောက် ဖြစ်ဖွယ်ရှိပါတယ်။ ဥနှဲပင်ကြီးတွေဟာ ရွက်သစ်တွေနဲ့အတူ အပွင့်တွေပါ ပူးတွဲပါလာကြပါတယ်။ ဥနှဲပင်သီးမှည့် ဝါဝါလေးတွေရဲ့ အရသာဟာ ချိုပါတယ်။ ခါးသက်သက်လည်း ရှိပါတယ်။ ငှက်ကလေးတွေဟာ အဲဒီဥနှဲသီးမှည့်လေးတွေကို စားကြပါတယ်။ ကလေးတွေလည်း စားလေ့ရှိကြပါတယ်။ ဥနှဲသီးတွေ ကြွေကျခိုနိမ့်မှာ ကွပ်ပျစ်ပေါ် ပေပွရွှပ်ထွေးနေလို့ တံမြက်လှည်းလှည်းပစ်ကြရပါတယ်။ ဥနှဲပင်တွေအောက် ဥနှဲသီးအစေ့ဖြူဖြူလေးတွေဟာ အမှိုက်ပုံထဲမှာ များစွာ ရှိနေတာကို တွေ့ရပါတယ်။ ရွက်ဟောင်းတွေ ကြွေရင်း ရွက်သစ်တွေ ဝေဝေလာတဲ့ ဥနှဲပင်တွေရဲ့ ထူးခြားမှုက အမြဲစိမ်းစိုနေတာပါပဲ။ နွေမရောက်ခင် ရွက်ဟောင်းတွေ ကြွေပြီး ရွက်သစ်တွေ ဝေနှင့်တဲ့ ဥနှဲပင်တွေဟာ နွေရာသီမှာ အလွန်အကဲ ပိတ်သည်းကာ စိမ်းစိုညိမှိုင်းနေကြပါတယ်။

ပျင်းစရာမှ မဟုတ်တာ

၁၇-၂-၂၀၀၆ နေ့ နံနက် ခုနစ်နာရီခွဲမှာ ဖုန်းသံမြည်လာလို့ ကောက်ကိုင်ကာ နားထောင်ပြီး 'ဟဲလို' လို့ ဆိုလိုက်တော့ "တပည့်တော် မဂန္ဓသောဘာပါ" လို့ ပြောလာပါတယ်။ "မဂန္ဓသောဘာ၊ ဘာ ပြောချင်ပါသလဲ" လို့ မေး

http://www.dhammadownload.com

တော့ "အရှင်ဘုရား နေရတာ အဆင်ပြေပါသလား" လို့ မေးလာပါတယ်။ "အဆင်ပြေပါတယ်" လို့ ဖြေတဲ့အခါ "အရှင်ဘုရားနေတဲ့ အဆောင်မှာ ကော်ဇော်အခင်း လျှူလိုပါတယ်" လို့ ပြောလာပါတယ်။ "အခုနေတဲ့ ကျောင်းက တဲကျောင်း ဖြစ်ပြီး အခင်းက ဝါးခင်း ဖြစ်နေတာမို့ ကော်ဇော မလိုပါဘူး။ ဖျာကြမ်း ခင်းထားရင် အဆင်ပြေပါတယ်"လို့ ပြောတော့ "အရှင်ဘုရား အခုနေတဲ့ အခန်းက ဘယ်လောက် ကျယ်ပါသလဲ" လို့ မေးလို့ "ရှစ်ပေ လောက် ရှိမယ် ထင်ပါတယ်" လို့ ဖြေလိုက်ပါတယ်။ "တဲကျောင်းဆိုတော့ ကျန်းမာရေး အဆင်ပြေပါရဲ့လား" လို့ မေးပါတယ်။ "ပြေပါတယ်။ ဘုရားရှင် တောင် သစ်ပင်တွေအောက် သီတင်းသုံးတော်မူသွားသေးတာပါပဲ။ သစ်ပင်နဲ့ နှိုင်းစာရင် တဲကျောင်းက အများကြီး ကောင်းပါတယ်။ တဲကျောင်းထဲ နေရဲတဲ့ သတ္တိ ရှိပါတယ်" လို့ ဖြေလိုက်ပါတယ်။ "အရှင်ဘုရား၊ ပျော်နေပြီ လား။ အသံကို ကြားရတာ ပျော်နေပုံရပါတယ်" လို့ ပြောတော့ "ပျော်ပါ တယ်" လို့ ဖြေပြီး ဖုန်းက ကျသွားပါတယ်။

'ပျော်ပါတယ်' လို့ သာမဏေကျော် ဖြေလိုက်တဲ့ စကားကို ပြန်စဉ်းစား တဲ့အခါ ဖုန်းဆက်ပြီးလို့ ရေချိုးရင်း အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ရဲ့ တစ်ဘဝသံသရာ စာအုပ်ထဲမှာ ပါတဲ့ စာသားလေးကို သတိရလာမိပါ တယ်။ စစ်ကိုင်းတောင်မှာ သီလရှင်တွေကို စာချပေးခဲ့တဲ့ မဟာဂန္ဓာရုံ ဆရာ တော်ကို မေးခွန်းမေးသူ ဓမ္မဂုတ်က မေးခဲ့ပါတယ်။ အဲဒီအမေးကို ဖြေသူ မဟာဂန္ဓာရုံ ဆရာတော်က ဒီလို ဖြေခဲ့ပါတယ်။

မေး။ "ကိုယ်တော်က သီလရှင်ချောချောကလေးတွေကို စာပြနေရ တဲ့အခါ ကြက်သီးမထဘူးလား။"

ဖြေ။ "ကြက်သီး မထပါဘူး၊ ဒါပေမဲ့ မုန်းတော့ မမုန်းဘူးပေါ့ ဘုရား။ သူတို့က မုန်းစရာမှ မကောင်းဘဲဥစ္စာ။"

အခုလည်း ပဏ္ဏိတာရာမ ရန်ကုန်ရိပ်သာကနေ ဖုန်းဆက်မေးတဲ့ မဂန္ဓသောဘာကို ဖုန်းကျမသွားဘဲ ဆက်ပြောခွင့် ရခဲ့မယ်ဆိုရင် "သာမဏော ကျော် မဟာဂန္ဓာရုံကျောင်းက ပျင်းစရာမှ မဟုတ်တာ" လို့ ပြောမိမယ် ထင် ပါတယ်။ မဂန္ဓသောဘာက မမနာပိကာနဲ့မကမလညာနီထံမှ သာမဏောကျော်

http://www.dhammadownload.com

နေရတဲ့ တဲကျောင်းအနေအထားကို သိသွားပုံပေါ်ပါတယ်။ ဒါကြောင့် ဒီလို လျှူလိုစိတ် ပေါ်နေပုံရပါတယ်။ မဂန္ဓသောဘာမိသားစုက ထီးအလက် ၂၀ ကိုလည်း သာမဏေကျော် မဟာဂန္ဓာရုံအတွက် လျှူထားပါသေးတယ်။ သာမဏေကျော်ဟာ ကျောင်းသစ်မှာ ပြောင်းရွှေ့နေထိုင်စဖြစ်လို့ စားရေး သောက်ရေး နေရေး ထိုင်ရေး အဆင်ပြေမှ ပြေပါလေစ" လို့ ကြောင့်ကြပြုမေးဖော်, ကူညီဖော်ရသူတွေထဲမှာ သူလည်း တစ်ယောက် ပါဝင်သွားပါပကော။

ရှိတာနဲ့

မမနာပိကာအမည်ရှိ ကိုရီးယား သီလရှင်လေးက သာမဏေကျော်ထံ စာမသင်ယူဖူး, တရားကောင်းကောင်း အားမထုတ်ဖူးပေမယ့် သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်အပေါ် ကျေးဇူးပြုပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံက ပထမအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတုန်းက တစ်နေ့တာအတွက် ဆွမ်းအလှူ, ဖျော်ရည်အလှူ, ရေအလှူ, လျှပ်စစ်မီးအလှူတွေကိုလည်း လျှုခဲ့ပါတယ်။ ဒီနှစ် ဒုတိယအကြိမ်မှာလည်း တစ်နေ့တာအတွက် လျှုဒါန်းပြန်ပါတယ်။ ထိုင်ခုံငါးလုံးနဲ့ စားပွဲတစ်လုံး (တစ်စုံစာ) ကိုလည်း လျှုပါသေးတယ်။ "လိုတာရှိရင် အမိန့်ရှိပါ" လို့လည်း လျှောက်ထားနေပါသေးတယ်။ မမနာပိကာက သူမရင်ထဲမှာ ရှိတာကို ပြောတာပါလို့ဆိုပေမယ့် ရှိတာကို ရှိတဲ့အတိုင်း ပြောပြတတ်ဖို့ မလွယ်ကူလှပါ။ သူမရဲ့ အဲဒီလို ပြောပြတတ်တာကို ကြည့်ပြီး "မမနာပိကာက စကားတတ်တယ်၊ စကားပြောကောင်းတယ်" လို့ သာမဏေကျော်က ချီးကျူးစကားဆိုမိပါတယ်။ "လိုတာရှိရင် အမိန့်ရှိပါ" လို့ လျှောက်တဲ့အခါ မဟာဂန္ဓာရုံဆရာတော်ရဲ့စကားကို သတိရလာလို့ ပြောပြလိုက်ပါတယ်။ အဲဒီစကားလေးက ဒီလိုပါ -

"ရှိတာနဲ့ ကျေနပ်တတ်တဲ့ ပုဂ္ဂိုလ်အတွက် လိုတယ်ဆိုတာ မရှိပါဘူး"

ဒီစကားကို မဟာဂန္ဓာရုံဆရာတော်က သူ့ထံ ဦးနေဝင်း သုံးကြိမ်မြောက် ရောက်လာခိုက်မှာ "အလိုရှိတာ ရှိရင် အမိန့်ရှိပါ ဘုရား" လို့ ဦးနေဝင်း

http://www.dhammadownload.com

က လျှောက်လို့ မိန့်တော်မူလိုက်တာ ဖြစ်ပါတယ်။ မမနာပိကာက "အရှင်ဘုရား၊ အမိန့်ရှိမှ လိုအပ်နေတာကို သိရမှာပါ ဘုရား" လို့ လျှောက်ပြန်ပါတယ်။ "လိုအပ်တာကို သိအောင်, မြင်အောင် ကြည့်ပြီး ဖြည့်ပေးသွားကပဲ ကောင်းပါတယ်။ ကိုယ့်ရဲ့ ကိုယ်ပယောဂ, နှုတ်ပယောဂ မပါဘဲ ဖြစ်ပေါ်လာတာပဲ ကောင်းပါတယ်" လို့ ပြောလိုက်ပါတယ်။ ရှိတာနဲ့ တင်းတိမ်ရောင့်ရဲနိုင်တာဟာ အလွန်ပဲ ကောင်းပါတယ်။ အလွန်ပဲ ချမ်းသာပါတယ်။ ဘုရားရှင်ကလည်း "သန္တုဋ္ဌိ ပရမံ ဓနံ = ရှိတာနဲ့ ရောင့်ရဲတာဟာ အကောင်းဆုံးဥစ္စာပဲ" လို့ ဟောတော်မူထားပါတယ်။

ဘုရားရှင်ရဲ့စကားကိုရော, မဟာဂန္ဓာရုံဆရာတော်ရဲ့စကားကိုပါ အလွန်အကဲ မှတ်သားစရာကောင်းလှပါတယ်။ လိုက်နာဖွယ်လည်း ကောင်းလှပါတယ်။ လောဘကို မသတ်နိုင်ရင် လိုချင်စရာတွေက ဆုံးနိုင်မှာ မဟုတ်ပါ။ ဒီဟာလေးကို ရရင် ဟိုဟာလေးကို လိုချင်နေဦးမှာပါပဲ။ တစ်ခုကို ရရင် နှစ်ခုကို လိုချင်နေဦးမှာပါပဲ။ လောဘကို အတောမသတ်နိုင်သေးသမျှ အလောဘဆိုတာ မဖြစ်နိုင်ပါ။ သန္တုဋ္ဌိ = ရောင့်ရဲမှုဆိုတာ မရှိနိုင်ပါ။ ရှိတာနဲ့ မကျေနပ်နိုင်ရင် မကျေနပ်နိုင်သလောက် ဒုက္ခရောက်ရပါတယ်။ ကျေနပ်နိုင်ရင် ဒုက္ခနည်းရပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းအပေါ် သဒ္ဓါရှိသူတွေက တတ်နိုင်သလို ဖြည့်ဖြည့်ပေးနေကြပါတယ်။ နည်းများမဟူ ဖြည့်ပေးကြသူအားလုံးရဲ့သဒ္ဓါတွေကို အထူးပဲ တန်ဖိုးထားရပါတယ်။

ဆွာဘတ္တိ

ယုဇနပလာဇာရှိ ဦးမောင်ကောင်းရဲ့ဆိုင်ခန်းမှ မကြည်ကြည်ဝင်းက ဖုန်းဆက်ပါတယ်။ ဦးမောင်ကောင်း-ဒေါ်ခင်ခင်မိသားစုက သာမဏေကျော် မဟာဂန္ဓာရုံရဲ့ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းအတွက် လျှပ်စစ်မီးနဲ့ ဖျော်ရည်အလှူ လှူဒါန်းလိုကြောင်း ဖုန်းဆက်ပြောတာ ဖြစ်ပါတယ်။ ဦးမောင်ကောင်းနဲ့ စကားပြောဖို့ မကြည်ကြည်ဝင်းက ဦးမောင်ကောင်းအား ဖုန်းပေးလိုက်ပါတယ်။ နှစ်ခွန်းလောက်ပဲ ပြောလိုက်ပါတယ်။ ပစ္စည်းဥစ္စာ ကြွယ်ဝသူတွေနဲ့ စကားပြောတဲ့အခါ ရဟန်းသိက္ခာရှိရှိနဲ့ပဲ ပြောချင်ပါ

http://www.dhammadownload.com

တယ်။ အပိုစကားတွေ မပြောတတ်သလို ပြောလည်း မပြောချင်ပါ။ ကိုယ့်ဘက်က ဒကာ, ဒကာမတွေကို ခယဆက်ဆံတဲ့ သဘောမျိုး မရောက်ရအောင်လည်း သတိထားရပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက သူတပည့် ရဟန်း, သာမဏေတွေကို ဒကာ, ဒကာမတွေနဲ့ ဆက်ဆံတဲ့အခါ ပလူးပလဲအနေအထား, အောက်ကျိုတဲ့ အနေအထား မရှိရအောင် ဆုံးမတော်မူလေ့ ရှိပါတယ်။ အောက်ပါ ဥပမာစကားလေးနဲ့ ဆုံးမတော်မူခဲ့ပါတယ်။

"ကိုယ်တော်တို့၊ ခွေးက အရှင်သခင်ကို ဆည်းကပ်ခစားတဲ့အခါ အမြီးကို နန့်နန့်ပြီး ခစားတယ်။ ကိုယ်တော်တို့လည်း ဒကာ, ဒကာမတွေကို ဆက်ဆံတဲ့အခါမှာ ခွေးအမြီးနန့်သလို ဒကာ, ဒကာမတွေကို ခခယယနဲ့ မဆက်ဆံကြပါနဲ့။ ဆွာဘတ္တိ = ခွေးက အရှင်သခင်ကို ချဉ်းကပ်မှုမျိုးနဲ့ ဒကာ, ဒကာမတွေကို မဆက်ဆံကြပါနဲ့။"

အဲဒီလို ဩဝါဒစကားတွေကို အကြိမ်ပေါင်းများစွာ ကြားနာခဲ့ရတဲ့ သာမဏေကျော်ဟာ ဒကာ, ဒကာမတွေနဲ့ ဆက်ဆံပြောဆိုတဲ့အခါ အဲဒီ ဩဝါဒ စကားကို ကြားယောင် ကြားယောင်လာမိပါတယ်။ အဲဒီလို ဆွာဘတ္တိ သဘောမျိုး မရှိရအောင် သတိထားဆက်ဆံပါတယ်။ မာနသဘော, ဒေါသသဘော, လောဘသဘော ကင်းအောင် ဆက်ဆံနိုင်မှ ရဟန်းသိက္ခာ ရှိပါမယ်။ လာဘ်လာဘကို အလေးမပြုဘဲ ကိုယ့်ပရိယတ်, ပဋိပတ်အလုပ်ကိုသာ အလေးပြုဖို့ လိုပါတယ်။ ပရိယတ်, ပဋိပတ်သာသနာအလုပ်ကိုသာ တကယ်ရိုးသားစွာ ပြုလုပ်နေရင် ဒကာ, ဒကာမတွေက ကြည်ညိုသဒ္ဓါများကာ ထောက်ပံ့လာတတ်ကြတာပါပဲ။

ယာစယော အပ္ပိယော ဟောတိ = တောင်းတတ်သူဟာ အမုန်းခံရတယ်။

ယာစံ အဒဒမပ္ပိယော = တောင်းရင် မပေးက မပေးသူဟာ အမုန်းခံရတယ်။

ယာစနံ ရောဒနံ အာဟု = တောင်းတာကို ငိုတာလို့ ပြောဆိုကြပါတယ်။

http://www.dhammadownload.com

အဲဒီစကားတွေကို နာယူမှတ်သားထားဖူးတာမို့ တောင်းရမှာကို ဝန်လေးလှပါတယ်။ တောင်းလို့ အမုန်းခံရတဲ့ ဇာတ်လမ်းတော်တော်များများကို ပိဋကစာပေထဲမှာ ဖတ်ရှုဖူးပါတယ်။

စုပေါင်းအားနဲ့

ကျောင်းဒကာ ဦးခင်ဇော်က သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ အဆောက်အအုံတွေကို လေးကျောင်း၊ ငါးကျောင်းလောက် ပြိုင်တူဆောက်လုပ်နေပါတယ်။ တစ်ခု ဆောက်ဆဲမှာပဲ အခြားအခြား အဆောက်အအုံတွေ ပါ ဆက်လက်ဆောက်နေပါတယ်။ အင်ဂျင်နီယာမလေး မအေးမြလွင်နဲ့ ပန်းရန်ဆရာ ဦးသန်းဝင်းတို့ကို မကြာခဏ ကျောင်းဝင်းထဲမှာ မြင်တွေ့နေရပါတယ်။ ကျောင်းဆောင်တစ်ခု ဖြစ်ပေါ်လာဖို့ အလှူရှင်က ပထမဆုံး လိုအပ်သူ ဖြစ်ပါတယ်။ ဦးခင်ဇော်က "သူ့နာမည်ကို မတပ်ချင်နေပါ။ သူ့ နာမည် တပ်ဖို့ လိုရင်း မဟုတ်ပါ။ အလှူရှင် ကျောင်းဒကာ ကျောင်းဒကာမ မတတ်နိုင်ခဲ့ရင် သူက ဖြည့်စွက်လှူပါမယ်" လို့ ပြောပါတယ်။ သူ အများဆုံး လှူဒါန်းခဲ့ပေမယ့် အနည်းငယ် လှူဒါန်းထားသူရဲ့ နာမည်ကို ကျောင်း အလှူရှင်အဖြစ် ဖော်ပြခဲ့ဖူးပါတယ်။ ကျောင်းအဆောက်အဦးတစ်ခု ဖြစ်လာအောင် ကြိုးစားရမယ်ဆိုရင် အလွန်ပဲ စိတ်ရှုပ်ပင်ပန်းရပါမယ်။ အခုတော့ သာမဏေကျော်မှာ ကျောင်းဒကာ ဦးခင်ဇော်ရဲ့ ကျေးဇူးကြောင့် ကျောင်းအဆောက်အအုံတွေအတွက် မပူပန်ရပါ။

ကျောင်းအဆောက်အအုံတစ်ခု ဖြစ်ပေါ်လာဖို့ လိုအပ်တဲ့ ပုဂ္ဂိုလ်တွေကို မောင်လှဝင်းက ရေတွက်ပြပါတယ်။ (၁) အလှူရှင်၊ (၂) အင်ဂျင်နီယာ၊ (၃) မြေတူးသမား၊ (၄) သံချည်သံကွေးသမား၊ (၅) ပန်းရန်အဖွဲ့၊ (၆) လက်သမားအဖွဲ့၊ (၇) သံပန်းအဖွဲ့၊ (၈) ကြွေပြားအဖွဲ့၊ (၉) ဆေးသုတ်သမားအဖွဲ့၊ (၁၀) မြန်မာမှု၊ (၁၁) မီးတပ်ဆင်သမားအဖွဲ့၊ (၁၂) ရေပိုက်တပ်ဆင်သမားအဖွဲ့၊ (၁၃) မှန်တပ်အဖွဲ့လို့ (၁၃) ဖွဲ့ ခွဲပြထားပါတယ်။ အခုအခါ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ အလုပ်သမားတွေက ၄၀, ၅၀ လောက် ရှိတယ်လို့ မောင်လှဝင်းက ခန့်မှန်းပြောပြပါတယ်။ ပရိယတ်, ပဋိပတ်

http://www.dhammadownload.com

သာသနာ့အလုပ်တွေကို ဆောင်ရွက်ရာမှာ နေရေးအတွက် ချမ်းချမ်းသာသာ ရှိဖို့ အင်အားပေါင်းများစွာ လိုအပ်လှပါတယ်။ အလှူရှင်တွေမှာ အကျိုးများစေဖို့ အလှူခံပုဂ္ဂိုလ်တွေက ကိုယ့်အလုပ်ကို ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ ကိုယ့်အလုပ်က ပရိယတ်အလုပ်နဲ့ ပဋိပတ်အလုပ်ပါပဲ။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ ပရိယတ်ပိုင်းနဲ့ ပဋိပတ်ပိုင်းအားဖြင့် နှစ်ပိုင်း ရှိပါတယ်။ အဲဒီနှစ်ပိုင်းကို လမ်းက ခွဲခြားထားပါတယ်။ ဖူဂျီပိုက်လိုင်း သွားရာဖြစ်တဲ့ လမ်းက ပိုင်းခြားထားပါတယ်။ အဲဒီ ဂဝံလမ်းပေါ် လှည်းရော, ကားပါ သွားကြပါတယ်။ ပဋိပတ်ပိုင်းမှာ သစ်ပင်တွေ ဝေဝေဆာဆာ ရှိနေပါတယ်။ ပရိယတ်ပိုင်းမှာတော့ လယ်ကွင်းဟာလာပြင်ကြီးထဲ တိုက်ကြီးတွေသာ ထီးထီးမားမား တည်ရှိလျက် ရှိနေကြပါတယ်။ ကျောင်းဒကာဦးခင်ဇော်က ပရိယတ်ပိုင်းဘက်မှာရော, ပဋိပတ်ပိုင်းဘက်မှာပါ ကိုယ်တိုင်လည်း ဆောက်လုပ်လှူဒါန်းသလို သူတစ်ပါးတွေ လှူတာကိုလည်း ဆောက်လုပ်ပေးနေပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းရဲ့ ဝိသကြံုနတ်သားသဖွယ်ပါပဲ။

အသုံးအနှုန်း

ကိုယ့်ကိုယ်ကိုယ် 'ဥုးဇင်း' လို့ပဲ သုံးနှုန်းပြောဆိုနေပါသေးတယ်။ တစ်ခါတစ်ရံတော့လည်း 'သာမဏေကျော်' လို့ သုံးနှုန်းမိပါတယ်။ သာမဏေကျော် ငယ်ရွယ်စဉ်ကတည်းက ခင်မင်ရင်းနှီးလာကြသူတွေကတော့ သာမဏေကျော်ကို 'ဥုးဇင်း'လို့ပဲ ခေါ်ဝေါ်သုံးနှုန်း ပြောဆိုနေကြဆဲပါ။ အဲဒီလို ငယ်ရွယ်စဉ်က ခင်မင်ရင်းနှီးထားသူတွေရဲ့ 'ဥုးဇင်း' လို့ ခေါ်ဝေါ်သုံးနှုန်း ပြောဆိုတဲ့ စကားလေးက သာမဏေကျော်နားထဲမှာ နားဝင်ချိုနေဆဲပါ။ 'ဥုးဇင်း' လို့ပဲ ခင်မင်ရင်းနှီးစွာ ခေါ်ဝေါ်ပြောဆိုခဲ့သူတချို့ကတော့ 'ဥုးဇင်း' လို့ ခေါ်ဝေါ်ရမှာကို တွန့်နေတတ်ကြပါတယ်။ တချို့က သာမဏေကျော်ကို 'ဘုန်းဘုန်း' လို့ ခေါ်ဝေါ်ကြပါတယ်။ 'ဆရာတော်' လို့လည်း တချို့က ခေါ်ဝေါ်ကြပါတယ်။ တချို့က 'အရှင်ဘုရား' လို့၊ တချို့က 'ဆရာတော် သာမဏေကျော်' လို့၊ တချို့က 'သာမဏေကျော် ဆရာတော်' လို့၊ တချို့က 'ဥုးမမွိက' လို့၊

http://www.dhammadownload.com

တချို့က 'ဘုန်းကြီး' လို့ ခေါ်ဝေါ်သုံးနှုန်းကြပါတယ်။ အခေါ်အဝေါ်တွေက အမျိုးမျိုးပါပဲ။

ကိုယ့်ကိုယ်ကိုယ် 'ဥုးဇင်း' လို့ ခေါ်ဝေါ်သုံးနှုန်းခဲ့တာမို့ 'ဥုးဇင်း' လို့ပဲ ခေါ်ရတာက လျှာကို ခလုတ်မတိုက်ဘဲ ရှောရှောရှုရှု ထွက်ပါတယ်။ 'ဘုန်းကြီး' လို့ သုံးနှုန်းပြောဆိုဖို့ နှုတ်ထွက်ခက်နေပါသေးတယ်။ ဝန်လေးနေပါသေးတယ်။ တကယ်တော့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ ဦးစီးဦးဆောင် ပုဂ္ဂိုလ်ဖြစ်နေပြီမို့ 'ဘုန်းကြီး' ဆိုတဲ့ ဝေါဟာရနဲ့ 'ဆရာတော်' ဆိုတဲ့ ဝေါဟာရကပဲ အဆီလျော်ဆုံး ဖြစ်ပါလိမ့်မယ်။ ကျောင်းဒကာ ဦးခင်ဇော်ကတော့ 'သာမဏေကျော်' လို့ပဲ သုံးနှုန်းပါတယ်။ ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးကလည်း 'သာမဏေကျော်' လို့ပဲ သုံးနှုန်းပြောဆိုပါတယ်။ ကျောင်းထိုင်ဆရာတော်တွေ ဖြစ်နေကြတဲ့ တချို့သံဃာတော်တွေကလည်း သူတို့ ကိုယ်ကို 'ဥုးဇင်း' လို့ပဲ ခေါ်ဝေါ်နေကြတာကို ကြားရပါတယ်။ အရွယ်အလိုက်, အခြေအနေအလိုက် ခေါ်ဝေါ်သုံးနှုန်းတာကတော့ အသင့်တော်ဆုံးပါပဲ။ ခေါ်ဝေါ်သူရော, အခေါ်ခံရသူပါ ပထမပိုင်းမှာ အခက်အခဲ ရှိချင်ရှိနိုင်ပေမယ့် ပြောင်းလဲပြီး ခေါ်ဝေါ်ပြောဆိုတဲ့ အကျင့်ရှိလာတဲ့အခါမှာတော့ လွယ်ကူလာပါလိမ့်မယ်။ သာမဏေကျော်ကတော့ ကျောင်းထိုင်ဆရာတော် ဖြစ်လာခါစမို့ ထင်ပါရဲ့။ 'ဥုးဇင်း' ဆိုတဲ့ အသုံးအနှုန်းကပဲ သာမဏေကျော့်နှုတ်မှာ တက်နေပါသေးတယ်။ တချို့ကတော့ ကျောင်းထိုင်ဆရာတော်ဖြစ်ခါစ အသစ်စက်စက်လေးကို 'ဆရာတော်ကြီး' လို့ ခေါ်ဝေါ်သုံးနှုန်းကြပါတယ်။ 'ဆရာတော်ကြီး' လို့ ခေါ်ဝေါ်ခံရတာထက် 'ဥုးဇင်း' လို့ ခေါ်ဝေါ်ခံရတာပဲ နားဝင်ချိုသလိုလို ရှိပါတယ်။ 'ငယ်ရွယ်သေးတယ်'လို့ ကိုယ့်ကိုယ်ကိုယ် ထင်ချင်နေသေးလို့နဲ့ တူပါရဲ့။ အသက် ၅၀ ဟာ ဘယ်ငယ်တော့မှာလဲ။ ဒုတိယအရွယ်ရဲ့အဆုံးကို ရောက်နေပြီပဲ။

ခေါင်းမူးပါလိမ့်မယ်

"လှော်ကား သံလမ်းဘက် ဆွမ်းခံသံဃာတန်းကတော့ တကယ့်ကိုပဲ ဆွမ်းဟင်းတွေ ရပါတယ် ဘုရား" လို့ ဆွမ်းခံပြန်အလာ ဆွမ်းစားကျောင်းအနီးမှာ မောင်လှဝင်းက ပြောနေပါတယ်။ "ကြွားလှချေလား မောင်လှဝင်း"

http://www.dhammadownload.com

လို့ သာမဏေကျော်က စ, နေမိပါသေးတယ်။ "မကြွားပါဘုရား၊ တကယ့်ကို ရတာပါ ဘုရား" လို့ ပြောပြန်ပါတယ်။ အဖိတ်နေ့တိုင်း လှော်ကားသံလမ်းဘက်ကို သံယာတန်းက ဆွမ်းခံကြွမြဲဖြစ်ပါတယ်။ အပြန်ခရီးအတွက် လှော်ကားရွာ စျေးပိုင်းမှ ဦးဖိုးထူး + ဒေါ်စန်းစန်းနွဲ့တို့က မော်တော်ယာဉ်အလှူကို လှူကြပါတယ်။ အပြန်မှာ သံယာတွေဟာ ချမ်းသာကြပါတယ်။ သံလမ်းဘက်က တစ်ရက်တည်းမို့ ထင်ပါရဲ့။ အသားဟင်းကောင်းတွေ ပိုရပါတယ်။ ဝက်သားဟင်းတွေကို ဒကာနှစ်ဦးကပဲ လှူလိုက်ပါတယ်။ အလွန်ပဲ များပါတယ်။ ငါးကြော်တွေကလည်း များပါတယ်။ မောင်လှဝင်း ခိုးကျူးမယ်ဆိုရင် ခိုးကျူးထိုက်ပါတယ်။ သုံးနေရာက ရတဲ့ ဆွမ်းနဲ့ ဟင်းတွေဟာ အလွန်ကိုပဲ များလှပါတယ်။ ရွှေဘိုဆရာတော် ဥူးနန္ဒနဲ့ ဒကာကြီး ဦးအေးချိုတို့ ဒီအဖိတ်နေ့မှာ လာကြမယ် ပြောလို့ မျှော်နေကြပါတယ်။ အဖိတ်နေ့မှာ ဆွမ်းဟင်း အထူးပြည့်စုံလှတာကို သူတို့ဆရာတပည့်နှစ်ဦး မုဒိတာပွားရအောင် နေ့ဆွမ်းစားအမီ ရောက်လာစေလိုကြပါတယ်။ မကြာခင်မှာပဲ ရွှေဘိုတို့ ဆရာတပည့် ရောက်လာကြပါတယ်။ သိမ်အဆောက်အအုံနဲ့ ယောဂီအများအတွက် အဆောက်အအုံ စတင်ဆောက်လုပ်ထားတာကို သူတို့ ကြည့်ရှုနေကြပါတယ်။ ဆောက်လုပ်တာ မြန်တယ်လို့ ပြောကြပါတယ်။

ဦးအေးချို ကားနဲ့ တန့်ကြည့်တောင်ကျောင်းနဲ့ ချမ်းမြေ့မြိုင်ကျောင်းကို သွားကြပါသေးတယ်။ တန့်ကြည့်တောင်ဆရာတော်က ပြန်သွားပါပြီတဲ့။ ရွှေဘိုဆရာတော်က သူနဲ့တရားအားထုတ်ဖက် တန့်ကြည်တောင်ဆရာတော်ကို တွေ့လိုနေပါတယ်။ ဒါကြောင့် သွားကြပါတယ်။ ရွှေဘိုဆရာတော်တို့ ပြန်သွားပြီး တစ်နာရီလောက်ကြာတော့ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ ရိပ်သာကား ရောက်လာပါတယ်။ မဂန္ဓသောဘာ, မကမလညာနီစသော ပုဂ္ဂိုလ်တွေ လှူတဲ့ ပစ္စည်းတွေကို လာပို့ကြတာ ဖြစ်ပါတယ်။ မဝိဝေကာနန္ဒီ (မလေးရှား) နဲ့ နီပေါဆရာလေးတွေ အပါအဝင် ဝေယျာဝစ္စဒကာ, ဒကာမတချို့ ပါဝင်ကြပါတယ်။ လှော်ကားဥယျာဉ်ကို ရောက်ဖူးအောင် လာကြခြင်းလည်း ဖြစ်ပါတယ်။ မဝိဝေကာနန္ဒီနဲ့ နီပေါဆရာလေး မမခုဘာဏီနီတို့က လေမလုံခြုံတဲ့ တဲကျောင်းထဲမှာ နေရတာကို တအံ့တသြဖြစ်ကာ မေးနေကြပါတယ်။

http://www.dhammadownload.com

"မအေးဘူးလား" လို့ မေးကြပါတယ်။ "ခံနိုင်ရည် ရှိနေပါတယ်" လို့ ဖြေလိုက်ပါတယ်။ "အေးမှာပေါ့။ စောင်က သုံးထည်တောင် ထပ်ထားတာပဲ" လို့ မဝိဝေကာနန္ဒိက ရယ်မောကာ ပြောသွားပါသေးတယ်။ မဂန္ဓသောဘာလျှုတဲ့ အိပ်ရာခင်း, ခေါင်းအုံး, ကော်ဇော, မွေ့ရာတွေနဲ့အတူ မလေးရှား၊ နီပေါဆရာလေးတွေ, မဝိမလဉာနီညီမတို့ရဲ့ သာမဏေကျော်အား လျှုနေပုံကို ဓာတ်ပုံရိုက်ယူသွားပါသေးတယ်။

အဖိတ်နေ့မှာ ဆွမ်းဟင်းပေါများလှတာကို မည်ုမီတို့တစ်သိုက် မြင်တွေ့သွားရင် မုဒိတာ ထူးခြားစွာပွားမှာကို တွေးမိပါတယ်။ ဒါကြောင့် နောက်ဥပုသ်နေ့ရဲ့ လာမယ့်အဖိတ်နေ့မှာ လာကြဖို့ ပြောလိုက်ပါတယ်။ ကိုရင်လေးတွေရဲ့ စကားနဲ့ ပြောရရင် "ဟင်းခွက်တွေ များလွန်းလို့ လက်တောင် ခေါင်းမူးပါလိမ့်မယ်" လို့ပဲ ပြောရပါလိမ့်မယ်။

ကြိုတင်ပြင်ဆင်ရပါတယ်

၁၉-၂-၂၀၀၆ နေ့ နံနက် ခုနစ်နာရီခွဲလောက် ဒေါ်ရီစန်းက ဖုန်းဆက်ပါတယ်။ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းအတွက် လိုအပ်တဲ့ ပန်းကန်, ခွက်ယောက်စတဲ့ အသုံးအဆောင်တွေကို ဝယ်ပေးဖို့ ဒေါ်ရီစန်းကို အကူအညီ တောင်းထားပါတယ်။ "စတီးခို့ခ်, ဓာတ်ဘူး စတဲ့ ပစ္စည်းတွေက ဘယ်လို အမျိုးအစားတွေလဲ၊ ဘယ်လောက် ကြီးတာတွေလဲ" စသည်ဖြင့် ဒေါ်ရီစန်းက မေးပါတယ်။ "ဒီနေ့ကတော့ ဥပုသ်နေ့ဖြစ်လို့ စျေးပိတ်တယ်။ နက်ဖြန် နံနက် ၁၁ နာရီလောက် သူ့အိမ်ကို အရောက်လာခဲ့ဖို့ မောင်လှဝင်း၊ မောင်အောင်ဆန်း တစ်ယောက်ယောက်ကို လွှတ်ပေးပါ။ အောင်ဆန်းကို ခါးပိုက်နှိုက်သတိထားဖို့ ပြောလိုက်ပါ။ ငါးသိန်းကျော် ခြောက်သိန်းနီးပါးလောက် ကုန်ကျပါမယ်"လို့ ဒေါ်ရီစန်းက ပြောပါတယ်။ ဒေါ်ရီစန်းက ပင်ရင်းဒိုင်ကို သွားပြီး ဝယ်ပေးမယ်လို့ ပြောပါတယ်။ မည်ုမီရဲ့ညီမ အင်္ဂလန်က မဥမွာလှိုင်နဲ့ မောင်ကောင်းမြတ်စိုးတို့က သာမဏေကျော် မဟာဂန္ဓာရုံကျောင်း သိမ်အတွက် ၁၀ သိန်း လှျုဖို့ ရည်မှန်းထားရာ ပန်းကန်ခွက်ယောက် စသည်အတွက် လိုအပ်နေလို့ ငါးသိန်းကို လှျုပြီး ကျန်ငါးသိန်းကို သိမ်အတွက်ခွဲကာ လှျုပါမယ်။ မည်ုမီတို့က လာမယ့်အဖိတ်နေ့ (၂၅-၂-၂၀၀၆) နေ့မှာ

http://www.dhammadownload.com

လာကြပါမယ်။ အဲဒီနေ့မှာ အဆင့်သင့် ဝယ်ပြီးဖြစ်အောင် ကြိုတင် ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။

ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ လိုအပ်တဲ့ ပစ္စည်းတွေကို ကြိုတင်ဝယ်ယူထားရပါတယ်။ ဒီဇယ်ဆီ နှစ်ပေပါအတွက် သုံးသိန်းခြောက်သောင်း ပေးကာ ကြိုတင်ဝယ်ထားရပါတယ်။ နောက်ပိုင်းရောက်လေ ဈေးက ပိုတက်လေ ဖြစ်မှာမို့ပါ။ ဆီ, ပဲ, ငရုတ်, ကြက်သွန်, ငါးပိ, ငံပြာရည် စတဲ့ ချက်ပြုတ်စရာ ပစ္စည်းတွေကိုလည်း ကြိုတင်ဝယ်ယူထားရပါမယ်။ ထင်းတွေကို ကြိုတင်စီစဉ်ထားရပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းသား ၁၀၀ လောက်အတွက် စားရေး, သောက်ရေး, နေရေး, ထိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရပါတယ်။ ကိုရင်တွေအတွက် နေစရာ ကျောင်းဆောင်က အရင်နှစ်ကထက် ပိုမိုအဆင်ပြေလာပါတယ်။ စွန်ညီနောင် စွန်မင်းကျောင်းဆောင်အမှတ်တစ်မှာ နေကြရပါမယ်။ သီလရှင်လေးတွေအတွက်တော့ နေစရာကျောင်းဆောင်သစ်က အဆင်သင့် မဖြစ်သေးပါ။ မနှစ်က နေရာဟောင်း တဲကျောင်းတွေမှာပဲ နေကြရပါဦးမယ်။ သီလရှင်တွေအတွက်ရော ကိုရင်တွေအတွက်ပါ အိမ်သာကတော့ ပိုမိုအဆင်ပြေသွားပါတယ်။ အုတ်နဲ့ ဆောက်လုပ်ထားတဲ့ ရေလောင်းအိမ်သာတွေ ရှိလာပါတယ်။ သီလရှင်တွေ နေရမယ့် နေရာတဲကျောင်းဆောင်တွေက သရက်ပင်တွေအောက်မှာ ရှိတာမို့ အရိပ်ရတဲ့အတွက် အပူဒဏ်ခံရမှု သက်သာပါမယ်။ ကိုရင်တွေအတွက် နေစရာ ကျောင်းဆောင်ကြီးက ဟီးနေပေမယ့် လွင်တီးခေါင်ကြီးမှာ ဖြစ်နေလို့ နေပူဒဏ်ကိုတော့ ကောင်းကောင်းကြီး ခံရပါမယ်။ အမှတ်တစ်ကျောင်းဆောင်ကြီးရဲ့ အောက်ထပ်မှာတော့ အပူဒဏ်သက်သာပါလိမ့်မယ်။

သစ္စာရဲ့သတ္တိ

ကျောင်းဒကာ ဦးခင်ဇော်ကို မကြည်ကြည်ဝင်းတို့ မိသားစု ခေါ်ဝေါ်သုံးနှုန်းတဲ့အတိုင်း ခေါ်ဝေါ်သုံးနှုန်းကာ ဒီလို ပြောပြခဲ့ပါတယ်။

"ကိုပု၊ ကိုပုမှာ အခက်အခဲတစ်ခုခုနဲ့ ရင်ဆိုင်တွေ့ကြုံနေရတဲ့အခါမျိုးမှာ ကိုယ်လုပ်တဲ့ ကောင်းတဲ့ အလေ့အကျင့်တွေနဲ့ သစ္စာဆိုကာ အဲဒီ အခက်အခဲကို ကျော်လွှားသင့်ပါတယ်။ ကိုယ်ဖြစ်ချင်တဲ့ ကောင်းတဲ့ဆန္ဒ အောင်မြင်

http://www.dhammadownload.com

ဖို့ရာလည်း သစ္စာဆိုကာ ပြည့်အောင် ကြိုးစားသင့်တယ်။ သစ္စာဆိုတာ တကယ့်အရေးကိစ္စတွေမှာ တကယ့်ကိုပဲ အားကိုးရတယ်။"

"တပည့်တော်လည်း ဘုရားရှပ်ပွားတော်ရှေ့မှာ ဘုရားရှိခိုးကာ သစ္စာဆိုပြီး ဆုတောင်းကာ အလုပ်လုပ်လေ့ ရှိပါတယ် ဘုရား။"

"သာဓု၊ သာဓု၊ ကောင်းပါပေတယ်၊ ကောင်းပါပေတယ်။"

မောင်လှဝင်းအား အဲဒီအကြောင်းကို ပြောပြမိရာ "တပည့်တော်တို့လူတွေ အများစုက ပုတီးစိပ်တာမျိုးကိုသာ အားကိုးစရာအင်အားအဖြစ်နဲ့ သိမြင်ကြပါတယ်။ မေတ္တာပွားများတာမျိုးကိုလည်း အင်အားအဖြစ် သိမြင်ကြပါတယ်။ သစ္စာဆိုတာ (ပြုတာ) ကို အင်အားအဖြစ်နဲ့ သတိမမူမိကြပါဘုရား။"

"မောင်လှဝင်း၊ သစ္စာဆိုတာ လောကမှာ တကယ့်အားကိုးစရာ တစ်ခုပဲ။ သစ္စာအားကြောင့် မီးငြိမ်းတယ်၊ မိုးရွာတယ်၊ အဆိပ်ပြယ်တယ်၊ သမုဒ္ဒရာရေ ဖဲသွားတယ်၊ ဂင်္ဂါမြစ်ရေ အထက်ဆန်တက်တယ်။ သစ္စာဟာ အဲဒီလောက် အစွမ်းသတ္တိ ထက်မြက်တယ်။"

ဂင်္ဂါမြစ်ရေကို အထက်ဆန်တက်စေနိုင်တယ်ဆိုတဲ့ စကားကို အထူးအဆန်းအနေနဲ့ ထင်မှတ်ကာ သာမဏေကျော်ကို မောင်လှဝင်းက ကြည့်နေပါတယ်။ သာမဏေကျော်က ဆက်ပြောပါတယ်။

"မောင်လှဝင်း၊ သိရိဓမ္မာသောကမင်းကြီးက 'ဒီဂင်္ဂါမြစ်ရေကို ဘယ်သူဆန်တက်အောင် လုပ်နိုင်သလဲ' လို့ မေးတဲ့ စကားကို ပါဠိလိပုတ်မြို့က ပြည့်တန်ဆာမ ဗန္ဓုမတီက ကြားရတဲ့အခါ သူမက 'သူ လုပ်နိုင်တယ်' လို့ လျှောက်တင်ပါတယ်။ သူမက သစ္စာဆိုပါတယ်။ သူမရဲ့ သစ္စာစကားကြောင့် ဂင်္ဂါမြစ်ရေဟာ တကယ်ကိုပဲ အထက်သို့ ဆန်တက်သွားပါတယ်။

"သူမရဲ့သစ္စာစကားက ဒီလိုပါ။

"ငါဟာ၊ ငါ့အား ဥစ္စာပေးတဲ့ ဘယ်သူ့ကိုမဆို တန်းတူညီမျှပဲ ပျော်ပါးဆက်ဆံပါတယ်။ ချမ်းသာသူပဲ၊ ဆင်းရဲသားပဲဆိုပြီး ခွဲခြားသမှု မပြုပါ။ တန်းတူထား ပြုမူဆက်ဆံပါတယ်။ ချမ်းသာသူမို့ အထူးမဆက်ဆံ၊ ဆင်းရဲသူမို့ မထီမဲ့မြင် မပြု၊ အချစ်အမုန်းမှ လွတ်ပြီး ဥစ္စာရှင်ကို ပြုစုလုပ်ကျွေးပါတယ်။ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ဂင်္ဂါမြစ်ရေ အထက်သို့ ဆန်တက်ပါစေ။"

http://www.dhammadownload.com

"သစ္စာဆိုတာ ကောင်းတာကိုပဲဖြစ်ဖြစ်, မကောင်းတာကိုပဲဖြစ်ဖြစ် အမှန်အတိုင်း ပြောဆိုတာပါပဲ။ မောင်လှဝင်း၊ အံ့သြနေသလား။ မယုံဘဲ များ ရှိနေသလား။ ပြောမယုံ ကြိုက သိပါလိမ့်မယ်။ လက်တွေ့စမ်းသပ် ကြည့်ပေါ့။"

"ယုံပါတယ် ဘုရား။"

ပျော့ညက်ညက်

"ပျော့ညက်ညက် သာမဏေကျော်က ကျောင်းတိုက်ကို တည်ထောင်နိုင်သလား" လို့ ကန့်ကော်မြိုင်ဆရာတော် ဥူးသာသနဘဒ္ဒအား ဒကာမ တစ်ဦးက မေးလျှောက်တယ်လို့ ကန့်ကော်မြိုင်ဆရာတော်က ပြောပြဖူးပါ တယ်။ အနေအထိုင် အေးဆေးတဲ့သဘော ရှိပြီး စကားပြောနည်းတဲ့ သာမဏေကျော်ကို "ပျော့ညက်ညက်" လို့ အဲဒီဒကာမက ယူဆပုံပေါ်ပါ တယ်။ အဲဒီဒကာမရဲ့ နာမည်ကိုတော့ ကန့်ကော်မြိုင်ဆရာတော်က ဖော်ပြ ခြင်း မပြုပါ။ 'ပျော့' ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ပျော့ညံ့တာလည်း ဖြစ်နိုင် သလို ပျော့ပျောင်းတာလည်း ဖြစ်နိုင်ပါတယ်။ 'ပျော့ညက်ညက်' ဆိုတဲ့စကား က ပျော့ညံ့ညံ့ဆိုတဲ့ အဓိပ္ပာယ်တော့ မထွက်ပါ။ ပျော့ပျောင်းခြင်း, နူးညံ့ ညက်ညောခြင်းဆိုတဲ့ အဓိပ္ပာယ်ထွက်ပါတယ်။ ပျော့ပျောင်းတာဟာ အရည် အသွေးကောင်း တစ်ခုပါပဲ။ ညက်ညက်ညောညောရှိတာဟာလည်း အရည် အသွေးကောင်းတစ်ခုပါပဲ။ အကျိုးပေးကောင်းတယ်ဆိုတာ အကြောင်း ကောင်းလို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။ အကျိုးဆိုတာ အကြောင်းမရှိဘဲ ဖြစ်ရိုး မရှိပါ။ ကျောင်းဒကာ ဦးခင်ဇော်က ကျောင်းဆောင်တွေကို ပရိယတ်ဘက် မှာရော ပဋိပတ်ဘက်မှာပါ အချိန်တိုအတောအတွင်း တစ်ဆောင်မပြီးခင်ကို တစ်ဆောင်, နှစ်ဆောင် တိုးကာ တိုးကာ ဆောက်လုပ်နေပါတယ်။ ကျောင်း ဒကာ ဦးခင်ဇော်က "သာမဏေကျော်ဟာ ငါနဲ့သာ မတွေ့ခဲ့ရင် ဘယ်လိုများ နေလေမလဲ။ ငါနဲ့ တွေ့တာကိုက သူ့ကုသိုလ်ကံကြောင့်ပဲလေ" လို့ ပြောခဲ့ပါ တယ်။ ဦးခင်ဇော် ပြောသလိုပဲ ဖြစ်ပါလိမ့်မယ်။ သာမဏေကျော်ရဲ့ ရှေး ကုသိုလ်ကံကိုတော့ သာမဏေကျော်လည်း အတိအကျတော့ မသိနိုင်ပါ။ ရှေးအတိတ်ဘဝ ကုသိုလ်ကံတွေကရော အခုဘဝကုသိုလ်ကံတွေ ကပါ

http://www.dhammadownload.com

အကျိုးပေးခြိန် ရောက်လာလို့ အကျိုးပေးတာ ဖြစ်ပါလိမ့်မယ်။

"လှံထမ်းလာတာကို မြင်ရပေမယ့် ကံထမ်းလာတာကို မမြင်နိုင်ပါ" ဆိုတဲ့ စကားလိုပါပဲ။ သာမဏေကျော် ထမ်းလာတဲ့ ကုသိုလ်ကံတွေကို သာမဏေကျော် ကိုယ်တိုင်တောင် မမြင်နိုင်ပါ။ လက္ခဏာ တတ်သိကျွမ်းကျင်သူတွေက သာမဏေကျော်ရဲ့ဘယ်ဘက်, ညာဘက်လက်ဖဝါးတွေပေါ်မှာ ပါရှိတဲ့ ကံလမ်းကြောင်း (ထီးနိုးလမ်းကြောင်း) ကို ကြည့်ကာ 'ကံကောင်းတယ်' လို့တော့ ပြောဟောကြပါတယ်။ ဆရာသမားကောင်းတွေထံ နေခဲ့ရတာမို့ ဆရာသမားကောင်းတွေရဲ့ နည်းလမ်းကောင်းတွေအတိုင်း လိုက်နာကျင့်သုံးနေထိုင်ရင် ဆရာသမားတွေမှာလို အကျိုးကောင်းတွေ ရမှာ မလွဲပါပဲ။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးကတော့ "သာမဏေကျော်က ဘုန်းကြီးတယ်။ ဒကာတစ်ဦးတည်းက အဆောက်အအုံတွေကို ဆောက်လုပ်လှူဒါန်းနေတယ်။ ဘုန်းကြီးတို့ကတော့ မူးစု, ပဲစုနဲ့ လုပ်ရတာပဲ" လို့ အခြားပုဂ္ဂိုလ်တွေအား မိန့်တော်မူပါသတဲ့။ ပရိယတ် ဝန်ထမ်းပဲဖြစ်ဖြစ်, ပဋိပတ် ဝန်ထမ်းပဲဖြစ်ဖြစ် ကိုယ့်အလုပ်ကို ကျေပွန်အောင် လုပ်ကြရင် ဒကာ, ဒကာမတွေက အားပေးကူညီနေကြတာပါပဲ။ ပရိယတ်ကျောင်းတိုက်တွေမှာရော, ပဋိပတ်ရိပ်သာတွေမှာပါ အဆောက်အဦးတွေက ပြည့်စုံနေကြတာပဲ။ အဆောက်အဦးတွေ ပြည့်စုံပေါများနေလို့လည်း "ငါ ဘုန်းကြီးတယ်" လို့ မာနတက်နေဖွယ် မလိုပါ။ မပြည့်စုံ, မပေါများလို့လည်း အားငယ်နေဖွယ် မလိုပါ။ သာသနာ့တာဝန်ကို ထမ်းဆောင်လိုတဲ့ စိတ်အင်အား မငယ်ဖို့ဘဲ အရေးကြီးပါတယ်။

တုံး, ခေါင်းလောင်း, ကြေးစည်

အရုဏ်ဆွမ်းစားကြွဖို့ သင်္ကေတကတော့ တုံးခေါက်လိုက်တာပါပဲ။ အဲဒီ တုံးခေါက်သံ ကြားရမှ တရားထိုင်မှတ်တာကို သာမဏေကျော် ရပ်လိုက်ပါတယ်။ အရုဏ်ဆွမ်းနဲ့နေ့ဆွမ် မဘုဉ်းပေးကြခင် ဆွမ်းဒကာ, ဒကာမတွေနဲ့ လုပ်အားပေးကုသိုလ်ရှင်တွေကို သံဃာတော်တွေက နှုတ်မြွက်ကာ ဝစီကံမေတ္တာ ပွားတော်မူကြပါတယ်။ အရုဏ်ဆွမ်းမှာ ဟင်းပေါင်းအပြင် အခြားနှစ်ခွက်လောက် ပါပါသေးတယ်။ ဆွမ်းကို ကျောင်းက ချက်ရပါတယ်။

http://www.dhammadownload.com

နေ့ဆွမ်းမှာတော့ ဆွမ်းခံရာအရပ်တွေက ဆွမ်း, ဆွမ်းဟင်းတွေနဲ့ လုံလောက်မျှတကြပါတယ်။ ဆွမ်းခံကြွခါနီး ခုနစ်နာရီခွဲအချိန်နဲ့ ညနေဘုရား ဝတ်တက်ခါနီး ခြောက်နာရီအချိန်တွေမှာ ခေါင်းလောင်းထိုးပါတယ်။ အဲဒီ ခေါင်းလောင်းကို မသိဏ်ကျော်က လျှုထားပါတယ်။ မသိဏ်ကျော်ရဲ့ အဲဒီခေါင်းလောင်းကို လျှုရခြင်းအကြောင်းက ပဏ္ဏိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးရယ်, သာမဏေကျော်ရယ်, မသိဏ်ကျော်ရယ် ဒီပုဂ္ဂိုလ်သုံးဦးမှာ အင်္ဂလိပ်လိုမွေးနေ့, မွေးရက် တူနေကြလို့ပါပဲ။ ၂၈ ရက် ၇ လမှာ မွေးဖွားတာချင်း တူနေကြပါတယ်။ သူမက မွေးနေ့, မွေးရက်ဖြစ်တဲ့ ၂၈-၇-၂၀၀၅ နေ့မှာ အဲဒီခေါင်းလောင်းကို သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ လှူခဲ့ပါတယ်။ သူမရဲ့အဲဒီအလှူနေ့မှာ သံဃာတော်တွေအား ဒံပေါက်ဆွမ်း ဆက်ကပ်လှူဒါန်းတဲ့အပြင် မွေးနေ့ကိတ်မုန့်ကိုလည်း လှူဒါန်းပါသေးတယ်။ သာမဏေကျော်ကိုပါ ပင့်လို့ ဆယ်မိုင်ကုန်းမှ သာမဏေကျော် ကြွလာရပါသေးတယ်။ အဲဒီခေါင်းလောင်းကို ပထမဆုံး သာမဏေကျော်ကို စတင်ထိုးပေးဖို့ ဒေါ်သိဏ်ကျော် လျှောက်လို့ ထိုးပေးရပါတယ်။ "ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုရာဆန္ဒ ပြည့်ဝပါစေ" လို့ မေတ္တာပို့လိုက်ပါသေးတယ်။

တုံးကို ကျောက်တန်းရွာ ခွေးတော်ကျဘုရားကျောင်းတိုက်မှ ဆရာတော် ဥုံးစန္ဒိမာက သူကိုယ်တိုင် ထွင်းကာ လှူလိုက်ပါတယ်။ ပိတောက်သားကို ပြုလုပ်ထားတဲ့ တုံး ဖြစ်ပါတယ်။ အရင်က ဦးစိန်ကုလား လှူထားတဲ့ တုံးထက် အသံပိုလွင်ပြီး ပိုမြည်ပါတယ်။ ဦးစန္ဒိမာရဲ့တုံးနဲ့ ဒေါ်သိဏ်ကျော်ရဲ့ ခေါင်းလောင်းက သာမဏေကျော် မဟာဂန္ဓာရုံက သံဃာတော်တွေကို ဆွမ်းခံကြွဖို့နဲ့ ဘုရားဝတ်တက်ဖို့ အချက်ပေးတဲ့ အရာတွေ ဖြစ်ကြပါတယ်။ တုံးကို တစ်နေ့လျှင် အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းစားဖို့ နှစ်ကြိမ်၊ ခေါင်းလောင်းကို တစ်နေ့လျှင် နှစ်ကြိမ် အသုံးပြုနေရလို့ တုံးနဲ့ ခေါင်းလောင်းဟာ နေ့စဉ် အသုံးဝင်နေကြပါတယ်။ တုံးနဲ့ခေါင်းလောင်းဟာ သာမဏေကျော် မဟာဂန္ဓာရုံတိုက်အား ကျေးဇူးများလှပါတယ်။ ဆွမ်းခံသံဃာတန်း နှစ်တန်းရဲ့ ရှေ့မှာ တီးခတ်တဲ့ ကြေးစည်သံလေးကလည်း ဆွမ်းဒကာ, ဆွမ်းဒကာမတွေရဲ့ နိဗ္ဗာန်ဆော်သဖွယ် ဖြစ်နေပါတယ်။ ဆွမ်းခံအပြန်မှာ ဆွမ်းဒန်အိုးကြီးတွေ, ဆွမ်းဟင်း

http://www.dhammadownload.com

ချိုင့်ကြီးတွေ, ဆွမ်းဟင်းချိုင့်သေးတွေကို စက်ဘီးကြိုးပေါ် တင်ကာ မောင်အောင်ဆန်းဦး သယ်ဆောင်လာပါတယ်။ မောင်လှဝင်း, မောင်အောင်ဆန်း, မောင်ချိုဝင်းတို့ကတော့ လက်နဲ့ သယ်ဆောင်ကာ ဆွမ်းဟင်းချိုင့်စသည်ကို ယူလာကြပါတယ်။ ဆွမ်းခံချိန်ဟာ အသွားရော အပြန်ပါ နှစ်နာရီလောက် ကြာပါတယ်။ ကြေးစည်နဲ့ ယပ်တောင်ကို မဟာဂန္ဓာရုံ အမရပူရမှာ မသုံးခဲ့ရပေမယ့် ဥးသြဘာသတို့က စကတည်းက အသုံးပြုခဲ့ကြတာမို့ ဆက်လက် ဆောင်ရွက်ခွင့်ပေးလိုက်ရပါတယ်။

တစ်နေ့တာဝန်

နံနက်ပိုင်း အရုဏ်ဆွမ်းဘုဉ်းပေးပြီးခါနီမှာ ဥးဇင်းနှစ်ပါးက ကိုရင်တွေကို ရေဖြန်းစေပြီး အမှိုက်လှည်းစေပါတယ်။ အမှိုက်ကျုံးစေပါတယ်။ ချောင်းရဲ့ အရှေ့ဘက်ရှိ သုံးဧက ဧရိယာထဲမှာ ရှိတဲ့ သစ်ရွက်စတဲ့ အမှိုက်တွေကို သန့်ရှင်းစေရပါတယ်။ ဥးသြဘာသက တစ်ဖွဲ့၊ ဥးဇင်္ဂီလက တစ်ဖွဲ့၊ သာမဏေကျော်က တစ်ဖွဲ့, ဦးဆောင်ကာ သန့်ရှင်းရေးလုပ်ကြပါတယ်။ သန့်ရှင်းရေးလုပ်ပြီးတဲ့အခါ ကျောင်းဝင်းဟာ စိတ်ကြည်နူးစရာမြင်ကွင်း ဖြစ်လာပါတယ်။ သေနာသန ကျင့်ဝတ်ထဲမှာ သန့်ရှင်းရေးလုပ်ဖို့ ပါဝင်ပါတယ်။ ဘုရားအဆုံးအမကို လိုက်နာကျင့်သုံးတာပါပဲ။ ဘုရားက သန့်ရှင်းရေးကို အထူးပဲ အားပေးတော်မူပါတယ်။ တစ်နာရီလောက် သန့်ရှင်းရေး လုပ်ပြီးတဲ့အခါ ဆွမ်းခံကြွဖို့ ပြင်ဆင်ကြပါတော့တယ်။ ဥးသြဘာသနဲ့ ဥးဇင်္ဂီလတို့က ကိုရင်တွေကို သင်္ကန်းဝတ်ပုံ, သပိတ်ကိုင်ပုံ စသည်တွေကို အချိုးကျ အောင် ပြင်ဆင်ပေးကြပါတယ်။ အားလုံးအချိုးတကျ ဖြစ်ပြီဆိုမှ ဥးဇင်းနှစ်ပါးက ရှေ့က ဦးဆောင်ပြီး ကြီးစဉ်ငယ်လိုက် (အရပ်မြင့်သူတွေက ရှေ့က) ကြွကြပါတယ်။ အတန်းနှစ်တန်းရဲ့နောက်ဆုံးမှာတော့ အကြီးဆုံး ကိုရင်တစ်ပါးစီ လိုက်ပါစေပါတယ်။ ကိုရင်ငယ်တွေကို ထိန်းပေးရအောင်ပါပဲ။ ဆွမ်းခံသွားရင်း ဆွမ်းဒကာ, ဒကာမတွေကို မေတ္တာပို့သွားဖို့ သတိပေးရပါသေးတယ်။ ကိုးနာရီခွဲလောက်မှာ သံဃာတန်း နှစ်တန်းဟာ ရှေ့ဆင့် နောက်ဆင့် ရောက်လာတတ်ကြပါတယ်။ အပြန်မှာ တွေ့ရှိရတဲ့ ဆွမ်း, ဆွမ်း

http://www.dhammadownload.com

ဟင်းနဲ့ အခြားစားဖွယ်တွေက ဆွမ်းခံရွာတွေက ဒကာ, ဒကာမတွေရဲ့ သဒ္ဓါတရားအားကောင်းပုံကို ဖော်ပြနေကြပါတယ်။

ဥုံးသြဘာသနဲ့ ဥုံးဇင်္ဂီလတို့က ကိုရင်တွေနဲ့ဖိုးသူတော်တွေကို တစ်နေ့မှာ စာဝါ နှစ်ဝါစီ ပို့ချပေးကြပါတယ်။ စာဝါတွေ ပြီးသွားတဲ့ ညနေငါးနာရီလောက်မှာ လုပ်အားပေးကြပြန်ပါတယ်။ မြက်ရှင်းစရာရှိက မြက်ရှင်းကြပါတယ်။ သစ်ပင်စိုက်စရာရှိက သစ်ပင်စိုက်ကြပါတယ်။ ထင်းဖြတ်စရာရှိက ထင်းဖြတ်ကြပါတယ်။ ထင်းသယ်ယူကြပါတယ်။ ရေလောင်းစရာရှိက ရေလောင်းကြပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကာလအတွင်းမှာ စားစရာအသီးအနှံတွေကို စေ့းက မဝယ်ရအောင် မောင်ခို့ဝင်းကို ဦးဆောင်စေကာ ကြိုတင်စိုက်ပျိုးကြပါတယ်။ ကျောင်းဆောင်တွေ ဆောက်လုပ်ရာမှာ သဲသယ်စရာရှိက သဲသယ်ယူပေးကြပါတယ်။ တစ်နာရီလောက် လုပ်အားပေးကြပြီးနောက် ညနေခြောက်နာရီမှာ ဘုရားဝတ်တက်ကြရပါတယ်။ နံနက်ပိုင်းမှာ မင်္ဂလသုတ်, မေတ္တာသုတ်တွေကို နေ့စဉ် ရွတ်ကြပါတယ်။ ညနေပိုင်းမှာတော့ ပဌာန်းပစ္စယနိဒ္ဒေသပါဠိကို ရွတ်ဖတ်ကြပါတယ်။ ဘုရားရှိခိုး, မေတ္တာပို့, တရားရှုမှတ်, အမျှဝေအပြင် မဟာဂန္ဓာရုံ ဆရာတော်ကြီး, မဟာစည်ဆရာတော်ကြီး, ရွှေတောင်ကုန်းဆရာတော်ကြီး, သပြေကန်ဆရာတော်ကြီး, ရွှေကျင်ဆရာတော်ကြီးတွေရဲ့ အဆုံးအမတွေကိုပါ နာယူကြရပါတယ်။ နေ့ပိုင်း စာသင်ယူကြတဲ့အခါ ဓမ္မပဒဝတ္ထုဇာတ်တော်တွေကိုလည်း နာယူကြရပါတယ်။

ကျေးဇူးများလှပါပေတယ်

ဥုံးဉာနုဇ္ဇောတာဘိဝံသဟာ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းကားနဲ့ ရန်ကုန် ပဏ္ဍိတာရာမမှ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို ညနေလေးနာရီ လောက် ရောက်လာပါတယ်။ ၂၂-၂-၂၀၀၆ နေ့ နေ့ဆွမ်းအတွက် အင်းတကော်မှ ဦးကျော်လှိုင် - ဒေါ်တင်ဌေးမိသားစုက ဥုံးဉာနုဇ္ဇောတာဘိဝံသနဲ့ သာမဏေကျော်ကို ပင့်ထားပါတယ်။ အင်္ဂလန်မှာ သီတင်းသုံးတဲ့ ဥုံးဉာနုဇ္ဇောတာဘိဝံသကို အင်္ဂလန်မှာ သမီး မဥမ္မာလှိုင် ရှိတာမို့ စကားစမြည်ပြောရင်း ဆွမ်းကပ်လိုပုံရပါတယ်။ ဥုံးဉာနုဇ္ဇောတာဘိဝံသ ၂၁-၂-၂၀၀၆ နေ့

http://www.dhammadownload.com

ညတစ်ည သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ အိပ်သွားပါတယ်။ ဥုးဉာနုဇ္ဈောတာဘိဝံသနဲ့ သာမဏေကျော်တို့ဟာ မဟာစည်သာသနာ့ရိပ်သာမှာရော ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာပါ လက်တွဲညီညီနဲ့ သာသနာ့တာဝန်တွေကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြပါတယ်။ ဥုးဉာနုဇ္ဈောတာဘိဝံသက အင်္ဂလန် မပြန်ခင် သာမဏေကျော်ထံ လာရောက်တာ ဖြစ်ပါတယ်။ အင်္ဂလန်မှ မဥမွာလှိုင် - မောင်ကောင်းမြတ်စိုးတို့ လှူတဲ့ ပိုက်ဆံနဲ့ သာမဏေကျော် မဟာဂန္ဓာရုံ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းအတွက် အောက်ပါပစ္စည်းတွေကို ဝယ်ယူလှူဒါန်းပါတယ်။ မောင်အောင်ဆန်း သွားဝယ်ရာ ဒေါ်ရီစန်းက ပစ္စည်းအားလုံးကို လိုက်ဝယ်ပေးပါတယ်။

၁။	စတီးချိုင့် ငါးချိုင့်	၄	လုံး
၂။	စတီး ပန်းကန်ပြား သေး၊ လတ်၊ ကြီး	၁၅၀	ချပ်
၃။	ပလတ်စတစ် စားပွဲခင်း	၃၀	
၄။	ဇွန်းခက်ရင်းအစုံ	၁၀၀	
၅။	လက်ဖက်ရည်သောက်ပန်းကန်အလုံး	၅၀	
၆။	မုန့်ညှပ်	၃၀	
၇။	ဓာတ်ဘူး (ငှဲ့ဘူး၊ နှုတ်သီးပါ)	၁၅	
၈။	ဓာတ်ဘူး (ဘူးဝိုင်းကြီး)	၅	
၉။	စတီးလင်ပန်း	၁၅	ချပ်
၁၀။	မုန့်ဟင်းခါးစတီးဇလုံ	၁၅၀	
၁၁။	လက်ဖက်ရည်ဇွန်းခက်ရင်းအစုံ	၁၅၀	
၁၂။	ခေါင်းအုံး	၂၅	
၁၃။	စောင်	၁၅	
၁၄။	ဓား၊ ဖောက်တံ၊ ကရား		
	စုစုပေါင်း ကုန်ကျငွေ	(၃၈၂၀၀၀)	
	သုံးသိန်းရှစ်သောင်းနှစ်ထောင်ကျပ်။		

ငွေ ၁၀ သိန်းထဲမှ ကျန်ငွေအားလုံးကို သိမ်အတွက် လှူမှာ ဖြစ်ပါ

http://www.dhammadownload.com

တယ်။ သူတို့ရဲ့ စေတနာ, သဒ္ဓါတွေက သာမဏေကျော် မဟာဂန္ဓာရုံ သာသနာအတွက် အလွန်ပဲ အင်အားဖြစ်စေကြပါတယ်။ ကျေးဇူးများလှပါပေတယ်။ ဒီပစ္စည်းတွေကို လှူဖြစ်ဖို့ရာရော, အခြားအလှူတွေအတွက်ပါ မည်မြိက သာမဏေကျော် မဟာဂန္ဓာရုံသာသနာအတွက် အားကိုးရတဲ့ နိဗ္ဗာန်ဆော်လေးပါပဲ။

ကိုယ့်နေရာလေး ရှိထားရင်

မောင်လှဝင်းက ဥးဉာနဇောတာဘိဝံသအား အောက်ပါအကြောင်း အရာကို ပြောပြပါတယ်။

"ဦးထွန်းပို့နဲ့ဦးလှသောင်မှာ ယာခင်းချင်း နီးပါတယ်။ ဦးလှသောင်မှာ အသက်ကြီးမှ အိမ်ထောင်ကျတာမို့ သား, သမီး မရှိပါ။ ဦးထွန်းပိုမှာ အသက်ငယ်ရွယ်စဉ် အိမ်ထောင်ကျတာမို့ သားတွေ များစွာ ရှိနေပါတယ်။ သား, သမီးမရှိတဲ့ ဦးလှသောင်မှာ အားကိုးစရာ မရှိပါ။ ဦးထွန်းပိုမှာတော့ သားတွေက များစွာပဲ အားကိုးရပါတယ်။ ဦးထွန်းပိုက 'ဦးလှသောင်၊ ခင်ဗျားက အိမ်ထောင်ပြု နောက်ကျတာကိုး။ ကျွန်တော်ကတော့ အိမ်ထောင် စောစော ပြုခဲ့တာမို့ အားကိုးစရာ သားတွေ ရနေပါတယ်' လို့ ပြောပါတယ်။"

ဥးဉာနဇောတာဘိဝံသကို "ကိုယ့်နေရာလေး ရှိထားရင် ကောင်းပါတယ်။ ရှိအောင် လုပ်နိုင်စွမ်း ရှိရင် ရှိကို ရှိထားသင့်ပါတယ်။ လွတ်လပ်မှုအရသာကို အပြည့်အဝ ခံစားရပါတယ်။ တပည့်တော်တော့ သာမဏေကျော် မဟာဂန္ဓာရုံမှာ ရောက်လာရတာဟာ ဟာလာဟင်းလင်း ကောင်းကင်ပြင်ထဲ ရောက်လာရသလိုပါပဲ" လို့ သာမဏေကျော်က ပြောလိုက်ပါတယ်။

မောင်လှဝင်းပြောပြတဲ့ ဦးထွန်းပိုရဲ့စကားတွေဟာလည်း မှတ်သားစရာ ကောင်းလှပါတယ်။ သာမဏေကျော်ဟာ အသက် ၅၀ မှာ ကျောင်းစထိုင်ပါတယ်။ တပည့်သံဃာတွေ အနည်းငယ်ပဲ မွေးမြူနိုင်ပါသေးတယ်။ အခုအခါ ဥးဉာဏဘာသနဲ့ဥးဇဋိလတို့ကို ပိဋကအခြေခံစာပေတွေကို ပို့ချပေးစေပါတယ်။ ဓမ္မပဒဝတ္ထုတွေနဲ့ဇာတ်တော်တွေကိုလည်း ပြောပြစေပါတယ်။ ဝတ္ထုဇာတ်လမ်းတွေက ကိုရင်ငယ်နဲ့ဖိုးသူတော်တို့အတွက် စိတ်ဝင်စားဖွယ်ဖြစ်ပါတယ်။

http://www.dhammadownload.com

ဥုံညာနုဇ္ဈောတာဘိဝံသနဲ့အတူ ဦးကျော်လှိုင်-ဒေါ်တင်ဌေးတို့အိမ်ကို နေ့ဆွမ်းစား သွားခဲ့ကြပါတယ်။ အဲဒီကအပြန် ဥုံးသြဘာသ, မောင်လှဝင်း တို့နဲ့အတူ ဥုံညာနုဇ္ဈောတာဘိဝံသက နေရာတစ်နေရာကို သွားကြပါတယ်။ အပြန်မှာ ကျောက်တန်းသွားတဲ့ ကျောင်းသားလေးသုံးယောက် ပြန်ရောက် နေကြပါတယ်။ နေ့ဆွမ်းမှာ မည်မြိမိနဲ့ မအေးအေးတို့ကို တွေ့ခဲ့ရပါတယ်။ နေ့ဆွမ်းဝိုင်းမှာ အညာသားကြိုက် ဟင်းတွေရော၊ အောက်သားကြိုက် ဟင်း တွေပါ ပါပါတယ်။ ငါးပိရည်ကို ကောင်းကောင်း မစားရတာ ကြာပြီဖြစ်လို့ တော်တော်လေး စားလိုက်ပါတယ်။ ဒေါ်တင်ဌေးက ငါးပိရည် အစားများရင် သွေးတိုးမှာ စိုးရတယ်လို့ ဆိုပါတယ်။ အအေးမိပြီး ချောင်းဆိုးကာ ဖျားမလို ဖြစ်နေလို့ အခိုးပွင့်အောင် ငရုတ်သီးပါတဲ့ ငါးပိရည်ကို အားပြုစားမိပါတယ်။ ဆွမ်းကတော့ ဘဉ်းပေးလို့ ကောင်းခဲ့ပါတယ်။ အချိုပွဲကလည်း စုံလင်နေ တာပါပဲ။ ဥုံညာနုဇ္ဈောတက သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းပုံတွေကို ဓာတ်ပုံရိုက်ခဲ့လို့ မည်မြိတို့ကို စက်နဲ့ ပြပေးနေပါသေးတယ်။

ကြည်နူးစရာ

၂၃-၂-၂၀၀၆ နေ့ နံနက် ခုနစ်နာရီ မတီးခင်လောက်မှာ မုတ္တမရှိ မကြည်ကြည်ဝင်းထံမှ ဖုန်းလာပါတယ်။ ဦးခင်ဇော် ကျောင်းဆောင်တွေရှိရာ စာသင်တိုက်ဘက်မှာ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဖွင့်မှာမို့ အဲဒီ ဘက်မှာ သောက်ရေအိုးစင် လှူလိုကြောင်း ပြောပါတယ်။ သောက်ရေအိုး စင်လို့ ပြောလို့ သစ်သားရေအိုးစင်လို့ပဲ ထင်မိပါတယ်။ ရေအိုးကို မြေအိုး, စတီးအိုးထဲက ဘယ်ဟာကို ကြိုက်လဲလို့ မေးပြန်ပါတယ်။ မြေအိုး ကောင်း တယ်လို့ ပြောလိုက်ပါတယ်။ ဖုန်းဆက်ပြီးတဲ့အခါ မောင်လှဝင်းနဲ့ စကား ပြောကြည့်မှ အုတ်နဲ့ တည်ဆောက်ထားတဲ့ ရေအိုးစင် ဖြစ်မယ်လို့ နားလည် သွားမိပါတယ်။ ကောင်းမှုရှင် စာတန်းကို "မကြည်ကြည်ဝင်း၊ ရတနာရွှေဆိုင်၊ မုတ္တမ ကောင်းမှု" လို့ ရေးပေးပါလို့လည်း ပြောပါတယ်။ အဲဒီအထိ ပြောပေ မယ့်လည်း အုတ်နဲ့လုပ်တဲ့ သောက်ရေအိုးစင်လို့ မထင်မိသေးပါ။ သစ်သား ရေအိုးစင်လို့ပဲ ထင်မိနေပါသေးတယ်။ ၂၂-၂-၂၀၀၆ နေ့က "ကိုပု (ဦးခင်ဇော်)

http://www.dhammadownload.com

သာမဏေကျော်ထံ လာသွားသေးတယ်။ မီးစက်တစ်လုံး ထပ်လျှူမယ်။ မီးစက်ထားစရာ စက်ခန်းလည်း ဆောက်ရမယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ သက်နိုး စသည်အတွက် ကုန်ကျမယ့် ကုန်ကျစရိတ် မတတ်နိုင်တဲ့ ကလေးတွေရှိခဲ့ရင် အဲဒီကုန်ကျငွေကို တပည့်တော် လျှူပါမယ်" လို့ ဦးခင်ဇော်က လျှောက်ထားသွားကြောင်းကို ပြောပြလိုက်ပါတယ်။ "မကြည်ကြည်ဝင်းရဲ့ အစ်ကို ကိုထိန်ဝင်းလည်း ဒုလ္လဘ (ယာယီ) ရဟန်းဝတ်မယ်လို့ ကိုပု ပြောသွားသေးတယ်" လို့လည်း ပြောလိုက်ပါသေးတယ်။

၂၃-၂-၂၀၀၆ နေ့ အရုဏ်ဆွမ်း ဘုဉ်းပေးအပြီး အဖျားရှိနေလို့ အအေးလည်း ကြောက်, အန်လည်း အန်ချင်နေလို့ သာမဏေကျော်နေတဲ့ ကျောင်းထဲ စောင်ခြုံကာ ကွေးနေပါတယ်။ ညီ ဥူးသြဘာသနဲ့ ညီ မောင်အောင်ဆန်းတို့ ရောက်လာကြပါတယ်။ ဆေးပေး, ထွေးခံထား, ရေနွေးဘူးပို့ လုပ်ပေးကြပါတယ်။ အအေးမမိရအောင် ဝါးထရံတံခါးလေးတွေကို ပိတ်ခိုင်းထားရပါတယ်။ စောင်နဲ့ ကွေးနေတုန်း ဖုန်းလာလို့ကောက်ကိုင်လိုက်ရာ မကြည်ကြည်ဝင်းထံကဖုန်း ဖြစ်နေပါတယ်။ မောင်လှဝင်းနဲ့လည်း မကြည်ကြည်ဝင်း စကားပြောပါတယ်။ ဖုန်းက ခဏခဏ ကျသွားလို့ မကြည်ကြည်ဝင်းဘက်က ခဏခဏ ပြန်ခေါ်ပါတယ်။ မကြည်ကြည်ဝင်းက လာမယ့်နှစ် ၁၃၆၈-ခုနှစ် ကထိန်ရဲ့နောက်နှစ် ၁၃၆၉ ကထိန်ကို သူဖခင် ဦးအောင်မြတ်ကြည်က အသက် ၉၀ ရှိနေလို့ သူ မသေခင်, အမေ ဒေါ်လုံးကျင် ကျန်းမာစဉ် ကထိန်အလှူ လျှူဖူးသွားစေလိုလို့ သူတို့ကို ခင်းခွင့်ပေးဖို့ တောင်းဆိုနေပါသေးတယ်။ "အင်္ကလန်က မဥမ္မာလှိုင်၊ မောင်ကောင်းမြတ်စိုးတို့က နှစ်စဉ် ခင်းပါမယ်လို့ လျှောက်ထားလို့ သူတို့သဘောတူ ခွင့်ပြုမှ ရပါမယ်။ ရမယ်လို့ အာမခံနိုင်သေးပါ။ ပြောတော့ ကြည့်မယ်" လို့ ပြောလိုက်ပါတယ်။ မောင်လှဝင်းက မည်မြိထံ တန်းပြီး ကထိန်အကြောင်း ဖုန်းနဲ့ ပြောပါတယ်၊ "ဥမ္မာကတော့ ငြင်းပယ်မယ် ထင်တယ်လို့ မည်မြိက ပြောပါသတဲ့" ဒီနေ့နံနက်ပိုင်း ဖုန်းပြောအပြီး တရားမှတ်ရင်း စောင်နဲ့ ကွေးနေတုန်း နွေရဲ့သင်္ကေတ ဥသြဌ်သံလေးကို စတင်ကြားရပါတယ်။ နေ့ပိုင်းတွေမှာ ချိုးဌ်ရဲ့ကူသံကိုလည်း ကြားရပါတယ်။ ဥသြဌ်, ချိုးဌ်လေးတွေရဲ့ အော်သံကို အခု စာရေးနေ

http://www.dhammadownload.com

တုန်း အချိန် နံနက် ၈ နာရီ ၁၅ မိနစ်မှာလည်း ရှေ့ဆင့်နောက်ဆင့် ဆက်ကာ ကြားနေရပါတယ်။ ကြည်နူးစရာအသံလေးတွေပါပဲ။

သစ်ပင်နဲ့ နွေရာသီ

၂၁-၂-၂၀၀၆ နေ့ညက သာမဏေကျော်ရော, ဥူးဥာနုဇ္ဇောတာ ဘိဝံသပါ ချောင်းဆိုးနေကြပါတယ်။ ကိုရင်လေးတွေက ညမအိပ်ခင် နှစ်ပါး လုံးကို နှိပ်ပေးကြပါတယ်။ သာမဏေကျော်ကတော့ ဖျားသလို ဖြစ်နေလို့ အနှင်းခံပြီး အပူထုတ်ခိုင်းပါတယ်။ ၂၂-၂-၂၀၀၆ ညမှာတော့ သာမဏေကျော်ကို မောင်လှဝင်း, မောင်အောင်ဆန်း, မောင်ချိုဝင်းတို့နဲ့အတူ ဥူးဇဋ္ဌိလက ပါ နှိပ်ပေးပါတယ်။ လွယ်လွယ်ကူကူ အိပ်ပျော်သွားပါတယ်။ ညခုနစ်နာရီ ကျော်လောက်မှာ မလေးရှား ပီနန်မှ မောင်စိုးဝင်းထံက ဥူးဇဋ္ဌိလထံ ဖုန်းလာပါတယ်။ ဖုန်းက ကျကျသွားလို့ မောင်စိုးဝင်းဘက်က အခါခါ ခေါ်ပြီး ပြောနေပါတယ်။ အချိန်အတော်ကြာကြာ ပြောပါတယ်။ ဥူးဇဋ္ဌိလက မောင်စိုးဝင်းရဲ့ တူအရင်း ဖြစ်ပါတယ်။ မောင်စိုးဝင်းထံက ဖုန်းလာပြီးလို့ ဥူးဇဋ္ဌိလတို့က သာမဏေကျော်ကို နှိပ်ပေးနေကြတုန်း ဖုန်းလာလို့ မောင်အောင်ဆန်းက ဖုန်းကိုင်လိုက်ရာ မတင်တင်ထံမှ ဖြစ်နေပါတယ်။ မတင်တင်က မည်မီတို့ရဲ့ နေ့ဆွမ်းကပ်ပွဲအမီ လာပေမယ့် မမီလိုက်ပါ။ သာမဏေကျော်တို့နဲ့ မတွေ့ခဲ့ရပါ။ ဒါကြောင့် သူမက ဖုန်းဆက်ပြောပါတယ်။

ညအခါ အနှင်းခံ, အနှိပ်ခံတဲ့ အလှေအကျင့်ကို ရှောင်ရှားနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ကျန်းမာရေးကောင်းတုန်းက ကျောင်းဝင်းထဲ လှည့်လည် သွားလာ လှုပ်ရှားနေလို့ ထင်ပါရဲ့။ အရင်ကလို သိပ်မညောင်းဘဲ အိပ်လို့ရပါတယ်။ ညအခါ အသက်ရှူကျပ်လို့ အသက်ပြင်းပြင်း ကြိုးစားရှူပေးရတဲ့ အခါတွေ ရှိပါတယ်။ ကျောင်းဝင်းထဲမှာ ရေဖြန်းပြီး တံမြက်လှည်းပေမယ့် ဖုန်တွေက ထပါတယ်။ ဖိနပ်စီးပြီး ကျောင်းဝင်းထဲ လှည့်လည်သွားတဲ့အခါ ဖိနပ်ကိုလည်း ဖုန်တွေ ပေသလို ခြေထောက်ကိုလည်း ပေနေပါတယ်။ ခြေဖဝါးပြင်ဟာ မည်းညစ်နေတတ်ပါတယ်။ ညအခါ ခြေဆေးပြီး အိပ်ရပါတယ်။ ကျောင်းဝင်းတစ်ဝင်းလုံး သန့်ရှင်းနေအောင် နေ့စဉ် အမှိုက်လှည်း စေရပါတယ်၊ အမှိုက်ကျူးပစ်စေရပါတယ်။ ပလတ်စတစ်နဲ့ စက္ကူစုပ်တွေကို

http://www.dhammadownload.com

ပန်းရန်သမား, လက်သမားတွေက ပစ်ထားကြပါတယ်။ အဲဒီအမှိုက်တွေကို လည်း ကောက်ပစ်ရပါတယ်။ ဥူးဇင်းနှစ်ပါးကို သစ်ပင်တွေနဲ့ ပတ်သက်ပြီး ပြောပြထားရပါသေးတယ်။

"သစ်ပင်ရဲ့တန်ဖိုးကို မိုးအခါနဲ့ဆောင်းအခါမှာ သိပ်ပြီး မသိဘဲ ရှိနေ တတ်ကြပါတယ်။ နွေအခါရောက်မှသာ သစ်ပင်ရဲ့တန်ဖိုးကို သိတတ်ကြပါ တယ်။ နွေအခါမှာ သစ်ပင်စိမ်းစိုနေရင် မြင်ကွင်းလှပါတယ်။ ခြောက်သွေ့ နေတဲ့ နွေရာသီမှာ စိမ်းစိုမှုက လိုအပ်လှပါတယ်။ စိမ်းစိုနေရင် အရိပ်လည်း ရပါတယ်။ အရိပ်နဲ့စိမ်းစိုမှုက နွေအခါမှာ တန်ဖိုးကြီးတဲ့ အရာတွေ ဖြစ်ကြပါ တယ်။ ထင်း အလိုရှိရင် အပြင်မှ ထင်းကိုပဲ ဝယ်ယူပါ။ ကျောင်းမှ သစ်ပင်ကို ထင်းလုပ်ချင်လို့ မလှဲပါနဲ့။ မလေးရှား ပိတောက်ပင်ကို ထင်းအဖြစ် အလိုရှိ လို့ ခုတ်လှဲချင်ရင်လည်း ပူပြင်းတဲ့ နွေရာသီ ကုန်လွန်သွားမှသာ ခုတ်လှဲပါ။ သစ်ရွက်တွေကို မီးရှို့မပစ်ပါနဲ့။ သစ်ရွက်တွေက မိုးအခါ မိုးရေနဲ့ တွေ့ပြီး မြေဆွေးကောင်းတွေ ဖြစ်သွားကြပါတယ်။ မီးလောင်မှုက နေပူပြင်းခိုန်မှာ ပြင်းထန်လာပြီး မီးအန္တရာယ် ကြုံတွေ့ရတတ်ပါတယ်။ မီးရှို့ရင် သတ္တဝါ လေးတွေ အများကြီး သေသွားတတ်ကြပါတယ်။ မီးရှို့ဖို့ ရဟန်းတွေအား ဘုရားက ခွင့်မပြုခဲ့ပါ။ သစ်ပင်တစ်ပင် ဖြစ်လာဖို့ နှစ်ပေါင်းများစွာ အခိုန်ယူရ ပါတယ်။ ဒါကြောင့် သစ်ပင်ကို မလိုအပ်ဘဲ မခုတ်လှဲပါနဲ့။"

ပထမဆုံး ယာယီရဟန်း

မနေ့ (၂၃-၂-၂၀၀၆) နေ့က ကိုထိန်ဝင်းဟာ သာမဏေကျော် မဟာ ဂန္ဓာရုံကျောင်းတိုက်မှာ ရဟန်းအဖြစ်ကို တက်ရောက်ခဲ့ပါတယ်။ ညနေ ၅ နာရီ ၄၅ မိနစ်မှာ ရဟန်းဖြစ်သွားပါတယ်။ သူ့ဘွဲ့ကို 'ဥူးဓမ္မာလောက' လို့ အမည်ပေးလိုက်ပါတယ်။ တရားအလင်းရောင်ရှိသူလို့ အဓိပ္ပာယ်ရပါတယ်။ ရဟန်းခံတဲ့ကိစ္စမှာ သံဃာက ငါးပါးအနည်းဆုံး ရှိရမှာမို့ အနီးရှိ အောင်စည် ဟိန်း သာသနာ့ရိပ်သာမှ ရဟန်းတော်နှစ်ပါးကို ပင့်ရပါသေးတယ်။ ဥူးဩ ဘာသက ရဟန်းလောင်းကို ဆုံးမပါတယ်။ သူက ဒီကိစ္စကို ပထမဆုံး စတင် ပြုလုပ်ဖူးတာ ဖြစ်ပါတယ်။ ဥူးဇဋ္ဌိလပါ ဒီလိုကံကြီး, ကံငယ်ကိစ္စတွေကို

http://www.dhammadownload.com

ဖို့ရာလည်း သစ္စာဆိုကာ ပြည့်အောင် ကြိုးစားသင့်တယ်။ သစ္စာဆိုတာ တကယ့်အရေးကိစ္စတွေမှာ တကယ့်ကိုပဲ အားကိုးရတယ်။"

"တပည့်တော်လည်း ဘုရားရုပ်ပွားတော်ရှေ့မှာ ဘုရားရှိခိုးကာ သစ္စာဆိုပြီး ဆုတောင်းကာ အလုပ်လုပ်လေ့ ရှိပါတယ် ဘုရား။"

"သာဓု၊ သာဓု၊ ကောင်းပါပေတယ်၊ ကောင်းပါပေတယ်။"

မောင်လှဝင်းအား အဲဒီအကြောင်းကို ပြောပြမိရာ "တပည့်တော်တို့လူတွေ အများစုက ပုတီးစိပ်တာမျိုးကိုသာ အားကိုးစရာအင်အားအဖြစ်နဲ့ သိမြင်ကြပါတယ်။ မေတ္တာပွားများတာမျိုးကိုလည်း အင်အားအဖြစ် သိမြင်ကြပါတယ်။ သစ္စာဆိုတာ (ပြုတာ) ကို အင်အားအဖြစ်နဲ့ သတိမမူမိကြပါဘုရား။"

"မောင်လှဝင်း၊ သစ္စာဆိုတာ လောကမှာ တကယ့်အားကိုးစရာ တစ်ခုပဲ။ သစ္စာအားကြောင့် မီးငြိမ်းတယ်၊ မိုးရွာတယ်၊ အဆိပ်ပြယ်တယ်၊ သမုဒ္ဒရာရေ ဖဲသွားတယ်၊ ဂင်္ဂါမြစ်ရေ အထက်ဆန်တက်တယ်။ သစ္စာဟာ အဲဒီလောက် အစွမ်းသတ္တိ ထက်မြက်တယ်။"

ဂင်္ဂါမြစ်ရေကို အထက်ဆန်တက်စေနိုင်တယ်ဆိုတဲ့ စကားကို အထူးအဆန်းအနေနဲ့ ထင်မှတ်ကာ သာမဏေကျော်ကို မောင်လှဝင်းက ကြည့်နေပါတယ်။ သာမဏေကျော်က ဆက်ပြောပါတယ်။

"မောင်လှဝင်း၊ သိရိဓမ္မာသောကမင်းကြီးက 'ဒီဂင်္ဂါမြစ်ရေကို ဘယ်သူဆန်တက်အောင် လုပ်နိုင်သလဲ' လို့ မေးတဲ့ စကားကို ပါဠိလိပုတ်မြို့က ပြည့်တန်ဆာမ ဗန္ဓုမတီက ကြားရတဲ့အခါ သူမက 'သူ လုပ်နိုင်တယ်' လို့ လျှောက်တင်ပါတယ်။ သူမက သစ္စာဆိုပါတယ်။ သူမရဲ့ သစ္စာစကားကြောင့် ဂင်္ဂါမြစ်ရေဟာ တကယ်ကိုပဲ အထက်သို့ ဆန်တက်သွားပါတယ်။

"သူမရဲ့သစ္စာစကားက ဒီလိုပါ။

"ငါဟာ၊ ငါ့အား ဥစ္စာပေးတဲ့ ဘယ်သူ့ကိုမဆို တန်းတူညီမျှပဲ ပျော်ပါးဆက်ဆံပါတယ်။ ချမ်းသာသူပဲ၊ ဆင်းရဲသားပဲဆိုပြီး ခွဲခြားသမှု မပြုပါ။ တန်းတူထား ပြုမူဆက်ဆံပါတယ်။ ချမ်းသာသူမို့ အထူးမဆက်ဆံ၊ ဆင်းရဲသူမို့ မထီမဲ့မြင် မပြု၊ အချစ်အမုန်းမှ လွတ်ပြီး ဥစ္စာရှင်ကို ပြုစုလုပ်ကျွေးပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ဂင်္ဂါမြစ်ရေ အထက်သို့ ဆန်တက်ပါစေ။"

http://www.dhammadownload.com

"သစ္စာဆိုတာ ကောင်းတာကိုပဲဖြစ်ဖြစ်, မကောင်းတာကိုပဲဖြစ်ဖြစ် အမှန်အတိုင်း ပြောဆိုတာပါပဲ။ မောင်လှဝင်း၊ အံ့သြနေသလား။ မယုံဘဲ များ ရှိနေသလား။ ပြောမယုံ ကြုံက သိပါလိမ့်မယ်။ လက်တွေ့စမ်းသပ် ကြည့်ပေါ့။"

"ယုံပါတယ် ဘုရား။"

ပျော့ညက်ညက်

"ပျော့ညက်ညက် သာမဏေကျော်က ကျောင်းတိုက်ကို တည်ထောင်နိုင်သလား" လို့ ကန့်ကော်မြိုင်ဆရာတော် ဥူးသာသနဘဒ္ဒအား ဒကာမ တစ်ဦးက မေးလျှောက်တယ်လို့ ကန့်ကော်မြိုင်ဆရာတော်က ပြောပြဖူးပါ တယ်။ အနေအထိုင် အေးဆေးတဲ့သဘော ရှိပြီး စကားပြောနည်းတဲ့ သာမဏေကျော်ကို "ပျော့ညက်ညက်" လို့ အဲဒီဒကာမက ယူဆပုံပေါ်ပါ တယ်။ အဲဒီဒကာမရဲ့ နာမည်ကိုတော့ ကန့်ကော်မြိုင်ဆရာတော်က ဖော်ပြ ခြင်း မပြုပါ။ 'ပျော့' ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ပျော့ညံ့တာလည်း ဖြစ်နိုင် သလို ပျော့ပျောင်းတာလည်း ဖြစ်နိုင်ပါတယ်။ 'ပျော့ညက်ညက်' ဆိုတဲ့စကား က ပျော့ညံ့ညံ့ဆိုတဲ့ အဓိပ္ပာယ်တော့ မထွက်ပါ။ ပျော့ပျောင်းခြင်း, နူးညံ့ ညက်ညောခြင်းဆိုတဲ့ အဓိပ္ပာယ်ထွက်ပါတယ်။ ပျော့ပျောင်းတာဟာ အရည် အသွေးကောင်း တစ်ခုပါပဲ။ ညက်ညက်ညောညောရှိတာဟာလည်း အရည် အသွေးကောင်းတစ်ခုပါပဲ။ အကျိုးပေးကောင်းတယ်ဆိုတာ အကြောင်း ကောင်းလို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။ အကျိုးဆိုတာ အကြောင်းမရှိဘဲ ဖြစ်ရိုး မရှိပါ။ ကျောင်းဒကာ ဦးခင်ဇော်က ကျောင်းဆောင်တွေကို ပရိယတ်ဘက် မှာရော ပဋိပတ်ဘက်မှာပါ အချိန်တိုအတောအတွင်း တစ်ဆောင်မပြီးခင်ကို တစ်ဆောင်, နှစ်ဆောင် တိုးကာ တိုးကာ ဆောက်လုပ်နေပါတယ်။ ကျောင်း ဒကာ ဦးခင်ဇော်က "သာမဏေကျော်ဟာ ငါနဲ့သာ မတွေ့ခဲ့ရင် ဘယ်လိုများ နေလေမလဲ။ ငါနဲ့ တွေ့တာကိုက သူ့ကုသိုလ်ကံကြောင့်ပဲလေ" လို့ ပြောခဲ့ပါ တယ်။ ဦးခင်ဇော် ပြောသလိုပဲ ဖြစ်ပါလိမ့်မယ်။ သာမဏေကျော်ရဲ့ ရှေး ကုသိုလ်ကံကိုတော့ သာမဏေကျော်လည်း အတိအကျတော့ မသိနိုင်ပါ။ ရှေးအတိတ်ဘဝ ကုသိုလ်ကံတွေကရော အခုဘဝကုသိုလ်ကံတွေ ကပါ

http://www.dhammadownload.com

အကျိုးပေးခြိန် ရောက်လာလို့ အကျိုးပေးတာ ဖြစ်ပါလိမ့်မယ်။

"လှံထမ်းလာတာကို မြင်ရပေမယ့် ကံထမ်းလာတာကို မမြင်နိုင်ပါ" ဆိုတဲ့ စကားလိုပါပဲ။ သာမဏေကျော်ဝ ထမ်းလာတဲ့ ကုသိုလ်ကံတွေကို သာမဏေကျော် ကိုယ်တိုင်တောင် မမြင်နိုင်ပါ။ လက္ခဏာ တတ်သိကျွမ်းကျင် သူတွေက သာမဏေကျော်ရဲ့ဘယ်ဘက်, ညာဘက်လက်ဖဝါးတွေပေါ်မှာ ပါရှိတဲ့ ကံလမ်းကြောင်း (ထီးပိုးလမ်းကြောင်း) ကို ကြည့်ကာ 'ကံကောင်းတယ်' လို့တော့ ပြောဟောကြပါတယ်။ ဆရာသမားကောင်းတွေထံ နေခဲ့ရတာမို့ ဆရာသမားကောင်းတွေရဲ့ နည်းလမ်းကောင်းတွေအတိုင်း လိုက်နာကျင့်သုံး နေထိုင်ရင် ဆရာသမားတွေမှာလို အကျိုးကောင်းတွေ ရမှာ မလွဲပါပဲ။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးကတော့ "သာမဏေကျော်က ဘုန်းကြီးတယ်။ ဒကာတစ်ဦးတည်းက အဆောက်အအုံတွေကို ဆောက်လုပ်လှူဒါန်းနေတယ်။ ဘုန်းကြီးတို့ကတော့ မူးစု, ပဲစုနဲ့ လုပ်ရတာပဲ" လို့ အခြားပုဂ္ဂိုလ်တွေအား မိန့်တော်မူပါသတဲ့။ ပရိယတ် ဝန်ထမ်းပဲဖြစ်ဖြစ်, ပဋိပတ် ဝန်ထမ်းပဲဖြစ်ဖြစ် ကိုယ့်အလုပ်ကို ကျေပွန်အောင် လုပ်ကြရင် ဒကာ, ဒကာမတွေက အားပေးကူညီနေကြတာပါပဲ။ ပရိယတ်ကျောင်းတိုက်တွေမှာရော, ပဋိပတ်ရိပ်သာတွေမှာပါ အဆောက်အဦးတွေက ပြည့်စုံနေကြတာပဲ။ အဆောက်အဦးတွေ ပြည့်စုံပေါများနေလို့လည်း "ငါ ဘုန်းကြီးတယ်" လို့ မာနတက်နေဖွယ် မလိုပါ။ မပြည့်စုံ, မပေါများလို့လည်း အားငယ်နေဖွယ် မလိုပါ။ သာသနာ့တာဝန်ကို ထမ်းဆောင်လိုတဲ့ စိတ်အင်အား မငယ်ဖို့ဘဲ အရေးကြီးပါတယ်။

တုံး, ခေါင်းလောင်း, ကြေးစည်

အရုဏ်ဆွမ်းစားကြွဖို့ သင်္ကေတကတော့ တုံးခေါက်လိုက်တာပါပဲ။ အဲဒီ တုံးခေါက်သံ ကြားရမှ တရားထိုင်မှတ်တာကို သာမဏေကျော် ရပ်လိုက်ပါတယ်။ အရုဏ်ဆွမ်းနဲ့နေ့ဆွမ်း မဘုဉ်းပေးကြခင် ဆွမ်းဒကာ, ဒကာမတွေနဲ့ လုပ်အားပေးကုသိုလ်ရှင်တွေကို သံဃာတော်တွေက နှုတ်မြွက်ကာ ဝစီကံမေတ္တာ ပွားတော်မူကြပါတယ်။ အရုဏ်ဆွမ်းမှာ ဟင်းပေါင်းအပြင် အခြားနှစ်ခွက်လောက် ပါပါသေးတယ်။ ဆွမ်းကို ကျောင်းက ချက်ရပါတယ်။

http://www.dhammadownload.com

နေ့ဆွမ်းမှာတော့ ဆွမ်းခံရာအရပ်တွေက ဆွမ်း, ဆွမ်းဟင်းတွေနဲ့ လုံလောက်မျှတကြပါတယ်။ ဆွမ်းခံကြွခါနီး ခုနစ်နာရီခွဲအချိန်နဲ့ ညနေဘုရား ဝတ်တက်ခါနီး ခြောက်နာရီအချိန်တွေမှာ ခေါင်းလောင်းထိုးပါတယ်။ အဲဒီ ခေါင်းလောင်းကို မသိဏီကျော်က လျှုထားပါတယ်။ မသိဏီကျော်ရဲ့ အဲဒီခေါင်းလောင်းကို လျှုရခြင်းအကြောင်းက ပဏ္ဏိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးရယ်, သာမဏေကျော်ရယ်, မသိဏီကျော်ရယ် ဒီပုဂ္ဂိုလ်သုံးဦးမှာ အင်္ဂလိပ်လိုမွေးနေ့, မွေးရက် တူနေကြလို့ပါပဲ။ ၂၈ ရက် ၇ လမှာ မွေးဖွားတာချင်း တူနေကြပါတယ်။ သူမက မွေးနေ့, မွေးရက်ဖြစ်တဲ့ ၂၈-၇-၂၀၀၅ နေ့မှာ အဲဒီခေါင်းလောင်းကို သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ လျှုခဲ့ပါတယ်။ သူမရဲ့အဲဒီအလှူနေ့မှာ သံဃာတော်တွေအား ဒံပေါက်ဆွမ်း ဆက်ကပ်လှူဒါန်းတဲ့အပြင် မွေးနေ့ကိတ်မုန့်ကိုလည်း လှူဒါန်းပါသေးတယ်။ သာမဏေကျော်ကိုပါ ပင့်လို့ ဆယ်မိုင်ကုန်းမှ သာမဏေကျော် ကြွလာရပါသေးတယ်။ အဲဒီခေါင်းလောင်းကို ပထမဆုံး သာမဏေကျော်ကို စတင်ထိုးပေးဖို့ ဒေါ်သိဏီကျော် လျှောက်လို့ ထိုးပေးရပါတယ်။ "ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုရာဆန္ဒ ပြည့်ဝပါစေ" လို့ မေတ္တာပို့လိုက်ပါသေးတယ်။

တုံးကို ကျောက်တန်းရွာ ခွေးတော်ကျဘုရားကျောင်းတိုက်မှ ဆရာတော် ဥးစန္ဒိမာက သူကိုယ်တိုင် ထွင်းကာ လှူလိုက်ပါတယ်။ ပိတောက်သားကို ပြုလုပ်ထားတဲ့ တုံး ဖြစ်ပါတယ်။ အရင်က ဦးစိန်ကုလား လှူထားတဲ့ တုံးထက် အသံပိုလွင်ပြီး ပိုမြည်ပါတယ်။ ဦးစန္ဒိမာရဲ့တုံးနဲ့ ဒေါ်သိဏီကျော်ရဲ့ ခေါင်းလောင်းက သာမဏေကျော် မဟာဂန္ဓာရုံက သံဃာတော်တွေကို ဆွမ်းခံကြွဖို့နဲ့ ဘုရားဝတ်တက်ဖို့ အချက်ပေးတဲ့ အရာတွေ ဖြစ်ကြပါတယ်။ တုံးကို တစ်နေ့လျှင် အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းစားဖို့ နှစ်ကြိမ်၊ ခေါင်းလောင်းကို တစ်နေ့လျှင် နှစ်ကြိမ် အသုံးပြုနေရလို့ တုံးနဲ့ ခေါင်းလောင်းဟာ နေ့စဉ် အသုံးဝင်နေကြပါတယ်။ တုံးနဲ့ခေါင်းလောင်းဟာ သာမဏေကျော် မဟာဂန္ဓာရုံတိုက်အား ကျေးဇူးများလှပါတယ်။ ဆွမ်းခံသံဃာတန်း နှစ်တန်းရဲ့ ရှေ့မှာ တီးခတ်တဲ့ ကြေးစည်သံလေးကလည်း ဆွမ်းဒကာ, ဆွမ်းဒကာမတွေရဲ့ နိဗ္ဗာန်ဆော်သဖွယ် ဖြစ်နေပါတယ်။ ဆွမ်းခံအပြန်မှာ ဆွမ်းဒန်အိုးကြီးတွေ, ဆွမ်းဟင်း

http://www.dhammadownload.com

ချိုင့်ကြီးတွေ, ဆွမ်းဟင်းချိုင့်သေးတွေကို စက်ဘီးကြိုးပေါ် တင်ကာ မောင်အောင်ဆန်းဦး သယ်ဆောင်လာပါတယ်။ မောင်လှဝင်း, မောင်အောင်ဆန်း, မောင်ချိုဝင်းတို့ကတော့ လက်နဲ့ သယ်ဆောင်ကာ ဆွမ်းဟင်းချိုင့်စသည်ကို ယူလာကြပါတယ်။ ဆွမ်းခံချိန်ဟာ အသွားရော အပြန်ပါ နှစ်နာရီလောက် ကြာပါတယ်။ ကြေးစည်နဲ့ ယပ်တောင်ကို မဟာဂန္ဓာရုံ အမရပူရမှာ မသုံးခဲ့ရပေမယ့် ဥးသြဘာသတို့က စကတည်းက အသုံးပြုခဲ့ကြတာမို့ ဆက်လက်ဆောင်ရွက်ခွင့်ပေးလိုက်ရပါတယ်။

တစ်နေ့တာဝန်

နံနက်ပိုင်း အရုဏ်ဆွမ်းဘုဉ်းပေးပြီးချိန်မှာ ဥးဇင်းနှစ်ပါးက ကိုရင်တွေကို ရေဖြန်းစေပြီး အမှိုက်လှည်းစေပါတယ်။ အမှိုက်ကျုံးစေပါတယ်။ ချောင်းရဲ့ အရှေ့ဘက်ရှိ သုံးဧက ဧရိယာထဲမှာ ရှိတဲ့ သစ်ရွက်စတဲ့ အမှိုက်တွေကို သန့်ရှင်းစေရပါတယ်။ ဥးသြဘာသက တစ်ဖွဲ့, ဥးဇဋိလက တစ်ဖွဲ့, သာမဏေကျော်က တစ်ဖွဲ့ ဦးဆောင်ကာ သန့်ရှင်းရေးလုပ်ကြပါတယ်။ သန့်ရှင်းရေးလုပ်ပြီးတဲ့အခါ ကျောင်းဝင်းဟာ စိတ်ကြည်နူးစရာမြင်ကွင်းဖြစ်လာပါတယ်။ သေနာသန ကျင့်ဝတ်ထဲမှာ သန့်ရှင်းရေးလုပ်ဖို့ ပါဝင်ပါတယ်။ ဘုရားအဆုံးအမကို လိုက်နာကျင့်သုံးတာပါပဲ။ ဘုရားက သန့်ရှင်းရေးကို အထူးပဲ အားပေးတော်မူပါတယ်။ တစ်နာရီလောက် သန့်ရှင်းရေး လုပ်ပြီးတဲ့အခါ ဆွမ်းခံကြွဖို့ ပြင်ဆင်ကြပါတော့တယ်။ ဥးသြဘာသနဲ့ ဥးဇဋိလတို့က ကိုရင်တွေကို သင်္ကန်းဝတ်ပုံ, သပိတ်ကိုင်ပုံ စသည်တွေကို အချိုးကျအောင် ပြင်ဆင်ပေးကြပါတယ်။ အားလုံးအချိုးတကျ ဖြစ်ပြီဆိုမှ ဥးဇင်းနှစ်ပါးက ရှေ့က ဦးဆောင်ပြီး ကြီးစဉ်ငယ်လိုက် (အရပ်မြင့်သူတွေက ရှေ့က) ကြွကြပါတယ်။ အတန်းနှစ်တန်းရဲ့နောက်ဆုံးမှာတော့ အကြီးဆုံး ကိုရင်တစ်ပါးစီ လိုက်ပါစေပါတယ်။ ကိုရင်ငယ်တွေကို ထိန်းပေးရအောင်ပါပဲ။ ဆွမ်းခံသွားရင်း ဆွမ်းဒကာ, ဒကာမတွေကို မေတ္တာပို့သွားဖို့ သတိပေးရပါသေးတယ်။ ကိုးနာရီခွဲလောက်မှာ သံဃာတန်း နှစ်တန်းဟာ ရှေ့ဆင့်နောက်ဆင့် ရောက်လာတတ်ကြပါတယ်။ အပြန်မှာ တွေ့ရှိရတဲ့ ဆွမ်း, ဆွမ်း

http://www.dhammadownload.com

ဟင်းနဲ့ အခြားစားဖွယ်တွေက ဆွမ်းခံရွာတွေက ဒကာ, ဒကာမတွေရဲ့ သဒ္ဓါတရားအားကောင်းပုံကို ဖော်ပြနေကြပါတယ်။

ဥုံးသြဘာသနဲ့ ဥုံးဇဋိလတို့က ကိုရင်တွေနဲ့ဖိုးသူတော်တွေကို တစ်နေ့မှာ စာဝါ နှစ်ဝါစီ ပို့ချပေးကြပါတယ်။ စာဝါတွေ ပြီးသွားတဲ့ ညနေငါးနာရီလောက်မှာ လုပ်အားပေးကြပြန်ပါတယ်။ မြက်ရှင်းစရာရှိက မြက်ရှင်းကြပါတယ်။ သစ်ပင်စိုက်စရာရှိက သစ်ပင်စိုက်ကြပါတယ်။ ထင်းဖြတ်စရာရှိက ထင်းဖြတ်ကြပါတယ်။ ထင်းသယ်ယူကြပါတယ်။ ရေလောင်းစရာရှိက ရေလောင်းကြပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကာလအတွင်းမှာ စားစရာအသီးအနှံတွေကို စွေးက မဝယ်ရအောင် မောင်ချိုဝင်းကို ဦးဆောင်စေကာ ကြိုတင်စိုက်ပျိုးကြပါတယ်။ ကျောင်းဆောင်တွေ ဆောက်လုပ်ရာမှာ သဲသယ်စရာရှိက သဲသယ်ယူပေးကြပါတယ်။ တစ်နာရီလောက် လုပ်အားပေးကြပြီးနောက် ညနေခြောက်နာရီမှာ ဘုရားဝတ်တက်ကြရပါတယ်။ နံနက်ပိုင်းမှာ မင်္ဂလသုတ်, မေတ္တာသုတ်တွေကို နေ့စဉ် ရွတ်ကြပါတယ်။ ညနေပိုင်းမှာတော့ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိကို ရွတ်ဖတ်ကြပါတယ်။ ဘုရားရှိခိုး, မေတ္တာပို့, တရားရှုမှတ်, အမျှဝေအပြင် မဟာဂန္ဓာရုံဆရာတော်ကြီး, မဟာစည်ဆရာတော်ကြီး, ရွှေတောင်ကုန်းဆရာတော်ကြီး, သပြေကန်ဆရာတော်ကြီး, ရွှေကျင်ဆရာတော်ကြီးတွေရဲ့ အဆုံးအမတွေကိုပါ နာယူကြရပါတယ်။ နေ့ပိုင်း စာသင်ယူကြတဲ့အခါ ဓမ္မပဒဝတ္ထုဇာတ်တော်တွေကိုလည်း နာယူကြရပါတယ်။

ကျေးဇူးများလှပါပေတယ်

ဥုံးဥာနုဇ္ဇောတာဘိဝံသဟာ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းကားနဲ့ ရန်ကုန် ပဏ္ဍိတာရာမမှ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို ညနေလေးနာရီလောက် ရောက်လာပါတယ်။ ၂၂-၂-၂၀၀၆ နေ့ နေ့ဆွမ်းအတွက် အင်းတကော်မှ ဦးကျော်လှိုင် - ဒေါ်တင်ဌေးမိသားစုက ဥုံးဥာနုဇ္ဇောတာဘိဝံသနဲ့ သာမဏေကျော်ကို ပင့်ထားပါတယ်။ အင်္ဂလန်မှာ သီတင်းသုံးတဲ့ ဥုံးဥာနုဇ္ဇောတာဘိဝံသကို အင်္ဂလန်မှာ သမီး မဥမ္မာလှိုင် ရှိတာမို့ စကားစမြည်ပြောရင်း ဆွမ်းကပ်လိုပုံရပါတယ်။ ဥုံးဥာနုဇ္ဇောတာဘိဝံသ ၂၁-၂-၂၀၀၆ နေ့

http://www.dhammadownload.com

ညတစ်ည သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ အိပ်သွားပါတယ်။ ဥုးဉာနုဇ္ဈောတာဘိဝံသနဲ့ သာမဏေကျော်တို့ဟာ မဟာစည်သာသနာ့ရိပ်သာမှာရော ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာပါ လက်တွဲညီညီနဲ့ သာသနာ့တာဝန်တွေကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြပါတယ်။ ဥုးဉာနုဇ္ဈောတာဘိဝံသက အင်္ဂလန် မပြန်ခင် သာမဏေကျော်ထံ လာရောက်တာ ဖြစ်ပါတယ်။ အင်္ဂလန်မှ မဥမ္မာလှိုင် - မောင်ကောင်းမြတ်စိုးတို့ လျှုတဲ့ ပိုက်ဆံနဲ့ သာမဏေကျော် မဟာဂန္ဓာရုံ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းအတွက် အောက်ပါပစ္စည်းတွေကို ဝယ်ယူလှူဒါန်းပါတယ်။ မောင်အောင်ဆန်း သွားဝယ်ရာ ဒေါ်ရီစန်းက ပစ္စည်းအားလုံးကို လိုက်ဝယ်ပေးပါတယ်။

၁။	စတီးချိုင့် ငါးချိုင့်	၄	လုံး
၂။	စတီး ပန်းကန်ပြား သေး၊ လတ်၊ ကြီး	၁၅၀	ချပ်
၃။	ပလတ်စတစ် စားပွဲခင်း	၃၀	
၄။	ဇွန်းခက်ရင်းအစုံ	၁၀၀	
၅။	လက်ဖက်ရည်သောက်ပန်းကန်အလုံး	၅၀	
၆။	မုန့်ညပ်	၃၀	
၇။	ဓာတ်ဘူး (ငှဲ့ဘူး၊ နှုတ်သီးပါ)	၁၅	
၈။	ဓာတ်ဘူး (ဘူးဝိုင်းကြီး)	၅	
၉။	စတီးလင်ပန်း	၁၅	ချပ်
၁၀။	မုန့်ဟင်းခါးစတီးဇလုံ	၁၅၀	
၁၁။	လက်ဖက်ရည်ဇွန်းခက်ရင်းအစုံ	၁၅၀	
၁၂။	ခေါင်းအုံး	၂၅	
၁၃။	စောင်	၁၅	
၁၄။	ဓား၊ ဖောက်တံ၊ ကရား		

စုစုပေါင်း ကုန်ကျငွေ (၃၈၂၀၀၀)

သုံးသိန်းရှစ်သောင်းနှစ်ထောင်ကျပ်။

ငွေ ၁၀ သိန်းထဲမှ ကျန်ငွေအားလုံးကို သိမ်အတွက် လှူမှာ ဖြစ်ပါ

http://www.dhammadownload.com

တယ်။ သူတို့ရဲ့ စေတနာ, သဒ္ဓါတွေက သာမဏေကျော် မဟာဂန္ဓာရုံသာသနာအတွက် အလွန်ပဲ အင်အားဖြစ်စေကြပါတယ်။ ကျေးဇူးများလှပါပေတယ်။ ဒီပစ္စည်းတွေကို လှူဖြစ်ဖို့ရာရော, အခြားအလှူတွေအတွက်ပါ မည်မြိက သာမဏေကျော် မဟာဂန္ဓာရုံသာသနာအတွက် အားကိုးရတဲ့ နိဗ္ဗာန်ဆော်လေးပါပဲ။

ကိုယ့်နေရာလေး ရှိထားရင်

မောင်လှဝင်းက ဥးဉာနဇောတာဘိဝံသအား အောက်ပါအကြောင်းအရာကို ပြောပြပါတယ်။

"ဦးထွန်းပိုနဲ့ဦးလှသောင်မှာ ယာခင်းချင်း နီးပါတယ်။ ဦးလှသောင်မှာ အသက်ကြီးမှ အိမ်ထောင်ကျတာမို့ သား, သမီး မရှိပါ။ ဦးထွန်းပိုမှာ အသက်ငယ်ရွယ်စဉ် အိမ်ထောင်ကျတာမို့ သားတွေ များစွာ ရှိနေပါတယ်။ သား, သမီးမရှိတဲ့ ဦးလှသောင်မှာ အားကိုးစရာ မရှိပါ။ ဦးထွန်းပိုမှာတော့ သားတွေက များစွာပဲ အားကိုးရပါတယ်။ ဦးထွန်းပိုက 'ဦးလှသောင်၊ ခင်ဗျားက အိမ်ထောင်ပြု နောက်ကျတာကိုး။ ကျွန်တော်ကတော့ အိမ်ထောင် စောစော ပြုခဲ့တာမို့ အားကိုးစရာ သားတွေ ရနေပါတယ်' လို့ ပြောပါတယ်။"

ဥးဉာနဇောတာဘိဝံသကို "ကိုယ့်နေရာလေး ရှိထားရင် ကောင်းပါတယ်။ ရှိအောင် လုပ်နိုင်စွမ်း ရှိရင် ရှိကို ရှိထားသင့်ပါတယ်။ လွတ်လပ်မှုအရသာကို အပြည့်အဝ ခံစားရပါတယ်။ တပည့်တော်တော့ သာမဏေကျော် မဟာဂန္ဓာရုံမှာ ရောက်လာရတာဟာ ဟာလာဟင်းလင်း ကောင်းကင်ပြင်ထဲ ရောက်လာရသလိုပါပဲ" လို့ သာမဏေကျော်က ပြောလိုက်ပါတယ်။

မောင်လှဝင်းပြောပြတဲ့ ဦးထွန်းပိုရဲ့စကားတွေဟာလည်း မှတ်သားစရာ ကောင်းလှပါတယ်။ သာမဏေကျော်ဟာ အသက် ၅၀ မှာ ကျောင်းစထိုင်ပါတယ်။ တပည့်သံဃာတွေ အနည်းငယ်ပဲ မွေးမြူနိုင်ပါသေးတယ်။ အခုအခါ ဥးဉာဏဿာသနဲ့ဥးဇဋိလတို့ကို ပိဋကအခြေခံစာပေတွေကို ပို့ချပေးစေပါတယ်။ ဓမ္မပဒဝတ္ထုတွေနဲ့ဇာတ်တော်တွေကိုလည်း ပြောပြစေပါတယ်။ ဝတ္ထုဇာတ်လမ်းတွေက ကိုရင်ငယ်နဲ့ဖိုးသူတော်တို့အတွက် စိတ်ဝင်စားဖွယ်ဖြစ်ပါတယ်။

http://www.dhammadownload.com

ဥုံဥာနုဇ္ဈောတာဘိဝံသနဲ့အတူ ဦးကျော်လှိုင်-ဒေါ်တင်ဌေးတို့အိမ်ကို နေ့ဆွမ်းစား သွားခဲ့ကြပါတယ်။ အဲဒီကအပြန် ဥုံဩဘာသ, မောင်လှဝင်း တို့နဲ့အတူ ဥုံဥာနုဇ္ဈောတာဘိဝံသက နေရာတစ်နေရာကို သွားကြပါတယ်။ အပြန်မှာ ကျောက်တန်းသွားတဲ့ ကျောင်းသားလေးသုံးယောက် ပြန်ရောက် နေကြပါတယ်။ နေ့ဆွမ်းမှာ မည်မြိမ်နဲ့ မအေးအေးတို့ကို တွေ့ခဲ့ရပါတယ်။ နေ့ဆွမ်းဝိုင်းမှာ အညာသားကြိုက် ဟင်းတွေရော၊ အောက်သားကြိုက် ဟင်း တွေပါ ပါပါတယ်။ ငါးပိရည်ကို ကောင်းကောင်း မစားရတာ ကြာပြီဖြစ်လို့ တော်တော်လေး စားလိုက်ပါတယ်။ ဒေါ်တင်ဌေးက ငါးပိရည် အစားများရင် သွေးတိုးမှာ စိုးရတယ်လို့ ဆိုပါတယ်။ အအေးမိပြီး ချောင်းဆိုးကာ ဖျားမလို ဖြစ်နေလို့ အခိုးပွင့်အောင် ငရုတ်သီးပါတဲ့ ငါးပိရည်ကို အားပြုစားမိပါတယ်။ ဆွမ်းကတော့ ဘဉ်းပေးလို့ ကောင်းခဲ့ပါတယ်။ အခြုပွဲကလည်း စုံလင်နေ တာပါပဲ။ ဥုံဥာနုဇ္ဈောတက သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းပုံတွေကို ဓာတ်ပုံရိုက်ခဲ့လို့ မည်မြိတို့ကို စက်နဲ့ ပြပေးနေပါသေးတယ်။

ကြည်နူးစရာ

၂၃-၂-၂၀၀၆ နေ့ နံနက် ခုနစ်နာရီ မတီးခင်လောက်မှာ မုတ္တမရှိ မကြည်ကြည်ဝင်းထံမှ ဖုန်းလာပါတယ်။ ဦးခင်ဇော် ကျောင်းဆောင်တွေရှိရာ စာသင်တိုက်ဘက်မှာ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဖွင့်မှာမို့ အဲဒီ ဘက်မှာ သောက်ရေအိုးစင် လှူလိုကြောင်း ပြောပါတယ်။ သောက်ရေအိုး စင်လို့ ပြောလို့ သစ်သားရေအိုးစင်လို့ပဲ ထင်မိပါတယ်။ ရေအိုးကို မြေအိုး, စတီးအိုးထဲက ဘယ်ဟာကို ကြိုက်လဲလို့ မေးပြန်ပါတယ်။ မြေအိုး ကောင်း တယ်လို့ ပြောလိုက်ပါတယ်။ ဖုန်းဆက်ပြီးတဲ့အခါ မောင်လှဝင်းနဲ့ စကား ပြောကြည့်မှ အုတ်နဲ့ တည်ဆောက်ထားတဲ့ ရေအိုးစင် ဖြစ်မယ်လို့ နားလည် သွားမိပါတယ်။ ကောင်းမှုရှင် စာတန်းကို "မကြည်ကြည်ဝင်း၊ ရတနာရွှေဆိုင်၊ မုတ္တမ ကောင်းမှု" လို့ ရေးပေးပါလို့လည်း ပြောပါတယ်။ အဲဒီအထိ ပြောပေ မယ့်လည်း အုတ်နဲ့လုပ်တဲ့ သောက်ရေအိုးစင်လို့ မထင်မိသေးပါ။ သစ်သား ရေအိုးစင်လို့ပဲ ထင်မိနေပါသေးတယ်။ ၂၂-၂-၂၀၀၆ နေ့က "ကိုပု (ဦးခင်ဇော်)

http://www.dhammadownload.com

သာမဏေကျော်ထံ လာသွားသေးတယ်။ မီးစက်တစ်လုံး ထပ်လှူမယ်။ မီးစက်ထားစရာ စက်ခန်းလည်း ဆောက်ရမယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ သက်နိုး စသည်အတွက် ကုန်ကျမယ့် ကုန်ကျစရိတ် မတတ်နိုင်တဲ့ ကလေးတွေရှိခဲ့ရင် အဲဒီကုန်ကျငွေကို တပည့်တော် လှူပါမယ်" လို့ ဦးခင်ဇော်က လျှောက်ထားသွားကြောင်းကို ပြောပြလိုက်ပါတယ်။ "မကြည်ကြည်ဝင်းရဲ့ အစ်ကို ကိုထိန်ဝင်းလည်း ဒုလ္လဘ (ယာယီ) ရဟန်းဝတ်မယ်လို့ ကိုပု ပြောသွားသေးတယ်" လို့လည်း ပြောလိုက်ပါသေးတယ်။

၂၃-၂-၂၀၀၆ နေ့ အရုဏ်ဆွမ်း ဘုဉ်းပေးအပြီး အဖျားရှိနေလို့ အအေးလည်း ကြောက်, အန်လည်း အန်ချင်နေလို့ သာမဏေကျော်နေတဲ့ ကျောင်းထဲ စောင်ခြုံကာ ကွေးနေပါတယ်။ ညီ ဥူးသြဘာသနဲ့ ညီ မောင်အောင်ဆန်းတို့ ရောက်လာကြပါတယ်။ ဆေးပေး, ထွေးခံထား, ရေနွေးဘူးပို့ လုပ်ပေးကြပါတယ်။ အအေးမမိရအောင် ဝါးထရံတံခါးလေးတွေကို ပိတ်ခိုင်းထားရပါတယ်။ စောင်နဲ့ ကွေးနေတုန်း ဖုန်းလာလို့ကောက်ကိုင်လိုက်ရာ မကြည်ကြည်ဝင်းထံကဖုန်း ဖြစ်နေပါတယ်။ မောင်လှဝင်းနဲ့လည်း မကြည်ကြည်ဝင်း စကားပြောပါတယ်။ ဖုန်းက ခဏခဏ ကျသွားလို့ မကြည်ကြည်ဝင်းဘက်က ခဏခဏ ပြန်ခေါ်ပါတယ်။ မကြည်ကြည်ဝင်းက လာမယ့်နှစ် ၁၃၆၈-ခုနှစ် ကထိန်ရဲ့နောက်နှစ် ၁၃၆၉ ကထိန်ကို သူဖခင် ဦးအောင်မြတ်ကြည်က အသက် ၉၀ ရှိနေလို့ သူ မသေခင်, အမေ ဒေါ်လုံးကျင် ကျန်းမာစဉ် ကထိန်အလှူ လှူဖူးသွားစေလိုလို့ သူတို့ကို ခင်းခွင့်ပေးဖို့ တောင်းဆိုနေပါသေးတယ်။ "အင်္ဂလန်က မဥမ္မာလှိုင်၊ မောင်ကောင်းမြတ်စိုးတို့က နှစ်စဉ် ခင်းပါမယ်လို့ လျှောက်ထားလို့ သူတို့သဘောတူ ခွင့်ပြုမှ ရပါမယ်။ ရမယ်လို့ အာမမခံနိုင်သေးပါ။ ပြောတော့ ကြည့်မယ်" လို့ ပြောလိုက်ပါတယ်။ မောင်လှဝင်းက မည်မြိမဲထံ တန်းပြီး ကထိန်အကြောင်း ဖုန်းနဲ့ ပြောပါတယ်၊ "ဥမ္မာကတော့ ငြင်းပယ်မယ် ထင်တယ်လို့ မည်မြိမက ပြောပါသတဲ့" ဒီနေ့နံနက်ပိုင်း ဖုန်းပြောအပြီး တရားမှတ်ရင်း စောင်နဲ့ ကွေးနေတုန်း နွေရဲ့သင်္ကေတ ဥဩဂှက်သံလေးကို စတင်ကြားရပါတယ်။ နေ့ပိုင်းတွေမှာ ချိုးဂှက်ရဲ့ကူသံကိုလည်း ကြားရပါတယ်။ ဥဩဂှက်, ချိုးဂှက်လေးတွေရဲ့ အော်သံကို အခု စာရေးနေ

http://www.dhammadownload.com

တုန်း အချိန် နံနက် ၈ နာရီ ၁၅ မိနစ်မှာလည်း ရှေ့ဆင့်နောက်ဆင့် ဆက်ကာ ကြားနေရပါတယ်။ ကြည်နူးစရာအသံလေးတွေပါပဲ။

သစ်ပင်နဲ့ နွေရာသီ

၂၁-၂-၂၀၀၆ နေ့ညက သာမဏေကျော်ရော, ဥူးဥာနုဇ္ဇောတာဘိဝံသပါ ချောင်းဆိုးနေကြပါတယ်။ ကိုရင်လေးတွေက ညမအိပ်ခင် နှစ်ပါးလုံးကို နှိပ်ပေးကြပါတယ်။ သာမဏေကျော်ကတော့ ဖျားသလို ဖြစ်နေလို့ အနှင်းခံပြီး အပူထုတ်ခိုင်းပါတယ်။ ၂၂-၂-၂၀၀၆ ညမှာတော့ သာမဏေကျော်ကို မောင်လှဝင်း, မောင်အောင်ဆန်း, မောင်ချိုဝင်းတို့နဲ့အတူ ဥူးဇဋ္ဌိလကပါ နှိပ်ပေးပါတယ်။ လွယ်လွယ်ကူကူ အိပ်ပျော်သွားပါတယ်။ ညခုနစ်နာရီကျော်လောက်မှာ မလေးရှား ပီနန်မှ မောင်စိုးဝင်းထံက ဥူးဇဋ္ဌိလထံ ဖုန်းလာပါတယ်။ ဖုန်းက ကျကျသွားလို့ မောင်စိုးဝင်းဘက်က အခါခါ ခေါ်ပြီး ပြောနေပါတယ်။ အချိန်အတော်ကြာကြာ ပြောပါတယ်။ ဥူးဇဋ္ဌိလက မောင်စိုးဝင်းရဲ့ တူအရင်း ဖြစ်ပါတယ်။ မောင်စိုးဝင်းထံက ဖုန်းလာပြီးလို့ ဥူးဇဋ္ဌိလတို့က သာမဏေကျော်ကို နှိပ်ပေးနေကြတုန်း ဖုန်းလာလို့ မောင်အောင်ဆန်းက ဖုန်းကိုင်လိုက်ရာ မတင်တင်ထံမှ ဖြစ်နေပါတယ်။ မတင်တင်က မည်မီတို့ရဲ့ နေ့ဆွမ်းကပ်ပွဲအမီ လာပေမယ့် မမီလိုက်ပါ။ သာမဏေကျော်တို့နဲ့ မတွေ့ခဲ့ရပါ။ ဒါကြောင့် သူမက ဖုန်းဆက်ပြောပါတယ်။

ညအခါ အနှင်းခံ, အနှိပ်ခံတဲ့ အလေ့အကျင့်ကို ရှောင်ရှားနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ကျန်းမာရေးကောင်းတုန်းက ကျောင်းဝင်းထဲ လှည့်လည်သွားလာ လှုပ်ရှားနေလို့ ထင်ပါရဲ့။ အရင်ကလို သိပ်မညောင်းဘဲ အိပ်လို့ရပါတယ်။ ညအခါ အသက်ရှူကျပ်လို့ အသက်ပြင်းပြင်း ကြိုးစားရှူပေးရတဲ့အခါတွေ ရှိပါတယ်။ ကျောင်းဝင်းထဲမှာ ရေဖြန်းပြီး တံမြက်လှည်းပေမယ့် ဖုန်တွေက ထပါတယ်။ ဖိနပ်စီးပြီး ကျောင်းဝင်းထဲ လှည့်လည်သွားတဲ့အခါ ဖိနပ်ကိုလည်း ဖုန်တွေ ပေသလို ခြေထောက်ကိုလည်း ပေနေပါတယ်။ ခြေဖဝါးပြင်ဟာ မည်းညစ်နေတတ်ပါတယ်။ ညအခါ ခြေဆေးပြီး အိပ်ရပါတယ်။ ကျောင်းဝင်းတစ်ဝင်းလုံး သန့်ရှင်းနေအောင် နေ့စဉ် အမှိုက်လှည်းစေရပါတယ်၊ အမှိုက်ကျုံးပစ်စေရပါတယ်။ ပလတ်စတစ်နဲ့ စက္ကူစုပ်တွေကို

http://www.dhammadownload.com

ပန်းရန်သမား, လက်သမားတွေက ပစ်ထားကြပါတယ်။ အဲဒီအမှိုက်တွေကို လည်း ကောက်ပစ်ရပါတယ်။ ဥုးဇင်းနှစ်ပါးကို သစ်ပင်တွေနဲ့ ပတ်သက်ပြီး ပြောပြထားရပါသေးတယ်။

"သစ်ပင်ရဲ့တန်ဖိုးကို မိုးအခါနဲ့ဆောင်းအခါမှာ သိပ်ပြီး မသိဘဲ ရှိနေ တတ်ကြပါတယ်။ နွေအခါရောက်မှသာ သစ်ပင်ရဲ့တန်ဖိုးကို သိတတ်ကြပါ တယ်။ နွေအခါမှာ သစ်ပင်စိမ်းစိုနေရင် မြင်ကွင်းလှပါတယ်။ ခြောက်သွေ့ နေတဲ့ နွေရာသီမှာ စိမ်းစိုမှုက လိုအပ်လှပါတယ်။ စိမ်းစိုနေရင် အရိပ်လည်း ရပါတယ်။ အရိပ်နဲ့စိမ်းစိုမှုက နွေအခါမှာ တန်ဖိုးကြီးတဲ့ အရာတွေ ဖြစ်ကြပါ တယ်။ ထင်း အလိုရှိရင် အပြင်မှ ထင်းကိုပဲ ဝယ်ယူပါ။ ကျောင်းမှ သစ်ပင်ကို ထင်းလုပ်ချင်လို့ မလဲပါနဲ့။ မလေးရှား ပိတောက်ပင်ကို ထင်းအဖြစ် အလိုရှိ လို့ ခုတ်လဲချင်ရင်လည်း ပူပြင်းတဲ့ နွေရာသီ ကုန်လွန်သွားမှသာ ခုတ်လဲပါ။ သစ်ရွက်တွေကို မီးရှို့မပစ်ပါနဲ့။ သစ်ရွက်တွေက မိုးအခါ မိုးရေနဲ့ တွေ့ပြီး မြေဆွေးကောင်းတွေ ဖြစ်သွားကြပါတယ်။ မီးလောင်မှုက နေပူပြင်းခိုန်မှာ ပြင်းထန်လာပြီး မီးအန္တရာယ် ကြုံတွေ့ရတတ်ပါတယ်။ မီးရှို့ရင် သတ္တဝါ လေးတွေ အများကြီး သေသွားတတ်ကြပါတယ်။ မီးရှို့ဖို့ ရဟန်းတွေအား ဘုရားက ခွင့်မပြုခဲ့ပါ။ သစ်ပင်တစ်ပင် ဖြစ်လာဖို့ နှစ်ပေါင်းများစွာ အခိုန်ယူရ ပါတယ်။ ဒါကြောင့် သစ်ပင်ကို မလိုအပ်ဘဲ မခုတ်လဲပါနဲ့။"

ပထမဆုံး ယာယီရဟန်း

မနေ့ (၂၃-၂-၂၀၀၆) နေ့က ကိုထိန်ဝင်းဟာ သာမဏေကျော် မဟာ ဂန္ဓာရုံကျောင်းတိုက်မှာ ရဟန်းအဖြစ်ကို တက်ရောက်ခဲ့ပါတယ်။ ညနေ ၅ နာရီ ၄၅ မိနစ်မှာ ရဟန်းဖြစ်သွားပါတယ်။ သူ့ဘွဲ့ကို 'ဥုးဓမ္မာလောက' လို့ အမည်ပေးလိုက်ပါတယ်။ တရားအလင်းရောင်ရှိသူလို့ အဓိပ္ပာယ်ရပါတယ်။ ရဟန်းခံတဲ့ကိစ္စမှာ သံဃာက ငါးပါးအနည်းဆုံး ရှိရမှာမို့ အနီးရှိ အောင်စည်ဟိန်း သာသနာ့ရိပ်သာမှ ရဟန်းတော်နှစ်ပါးကို ပင့်ရပါသေးတယ်။ ဥုးဩ ဘာသက ရဟန်းလောင်းကို ဆုံးမပါတယ်။ သူက ဒီကိစ္စကို ပထမဆုံး စတင် ပြုလုပ်ဖူးတာ ဖြစ်ပါတယ်။ ဥုးဇဋိလပါ ဒီလိုကံကြီး, ကံငယ်ကိစ္စတွေကို

http://www.dhammadownload.com

ဆောင်ရွက်တတ်အောင် ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ ဥူးဓမ္မာလောကကို ကိုရင်မဝံတ်ခင်ကဘဲ တစ်နေ့မှာ ဘုရားဝတ်တက် နှစ်ကြိမ် တက်ဖို့, တရား ထိုင်မှတ်ချိန် သုံးချိန်, စကြီ့လျှောက်မှတ်ချိန် နှိုင်သလောက် မှတ်ဖို့ ပြောပေး လိုက်ပါတယ်။ တစ်နာရီကြာ စကြီ့လျှောက်မှတ်ရာမှာ ပထမမိနစ်မှာ 'ဘယ် လှမ်းတယ်၊ ညာလှမ်းတယ်' လို့ မှတ်ဖို့၊ ဒုတိယမိနစ် ၂၀ မှာ 'ကြွတယ်၊ ချ တယ်' လို့ မှတ်ဖို့၊ တတိယမိနစ် ၂၀ မှာ 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်' လို့ မှတ်ဖို့၊ မျက်စိကို ကိုယ့်ရှေ့လေးတောင်လောက်ပဲ ကြည့်ဖို့၊ လက်နှစ်ဖက်ကို ရှေ့မှာဖြစ်စေ, နောက်မှာဖြစ်စေ ပိုက်ထားဖို့ ပြောပြပါတယ်။

ပထမအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းမှာ ဘုရားရှိခိုးစာအုပ် တွေကို ကိုထိန်ဝင်းတို့မိသားစုက လှူထားပါတယ်။ အဲဒီ ဘုရားရှိခိုးစာအုပ် တစ်အုပ်, တရားဘယ်လိုရှုမှတ်ရမလဲဆိုတဲ့ စာအုပ်တစ်အုပ်, ရဟန်းတော်တို့ အတွက် ဘုရားဥပဒေတော်များစာအုပ်တစ်အုပ်စီပေးလိုက်ပါတယ်။ ရဟန်း ခံပြီး နောက်ပိုင်းမှာ မဟာစည်ဆရာတော်ကြီးရဲ့ အလုပ်ပေးတရား တိတ်ခွေ ကို နာယူစေပါတယ်။ ကိုးရက်လောက် ရဟန်းဝတ်မယ်လို့ ကိုထိန်ဝင်း က ပြောပါတယ်။ "ကံများများ ကောင်းချင်ရင် တရားများများ မှတ်" လို့ ပြော လိုက်ပါတယ်။ ဒီသိမ်မှာ ယာယီရဟန်းအဖြစ် တက်ရောက်သူဟာ ဥူးဓမ္မာ လောကပါပဲ။ ပထမဆုံး ဒုလ္လဘရဟန်း ဖြစ်ပါတယ်။ ဒီသိမ်တော်ရဲ့ နာမည် ကို အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းမှ ဆရာတော် ဥူးကွန္ဒေါဘာသာဘိဝံသ က 'သာသနဝိသုဒ္ဓိ သိမ်တော်' လို့ အမည်ပေးပါတယ်။ ဒီသိမ်တော် ကို ဆရာတော် ဥူးကွန္ဒေါဘာသက ဦးစီးပြီး နယ်သိမ်းသိမ်အဖြစ် သမုတ်ပေး ခဲ့ပါတယ်။ ၁၃၆၆-ခု၊ တပေါင်းလဆန်း ၁၃ (၂၂-၃-၂၀၀၅) နေ့ ညပိုင်းမှာ သမုတ်ခဲ့ရပါတယ်။ သိမ်နုတ်ကိစ္စကိုတော့ မှော်ဘီမြို့ သာသနာ့ဝန်ဆောင် ကျောင်းတိုက်မှ ဆရာတော် ဥူးမေဓာသာရနဲ့ ဆရာတော် ဥူးစန္ဒသီရီတို့ ဦးစီးကာ ဆောင်ရွက်ပေးကြပါတယ်။ သိမ်သမုတ်ပွဲမှာ ယခု ရွှေကျင်သာသနာ ပိုင် ဆရာတော် ဥူးအုဋ္ဌယနဲ့ ဥူးဩဒါတသီရိဘိဝံသ တို့လည်း ကြွရောက် ချီးမြှောက်ပေးတော်မူကြပါတယ်။ သာမဏေကျော်ရဲ့ဆရာ ဥူးပညာဇောတ လည်း ပါဝင်ဆောင်ရွက်ပေးပါတယ်။

http://www.dhammadownload.com

ယိုင်လဲသွားရပါတယ်

၂၃-၂-၂၀၀၆ နေ့ ညက အိပ်ရာထဲမှာတောင် ဝမ်းတွေ သွားတာကို မသိလိုက်ပါ။ ဝမ်းပျက်နေလို့ အိပ်ရာမှ နိုးလာတိုင်း ဖင်ကို စမ်းစမ်းကြည့်ရပါတယ်။ မိုးလင်းပိုင်း ရောက်လာခါမှ အိပ်ပျော်သွားရာ အိပ်ပျော်သွားခိုက် ဝမ်းလျှောသွားတာကို နိုးလာမှပဲ သိရပါတော့တယ်။ သင်းပိုင်ရော ဧကသီပါ ညစ်ပေကုန်ပါတယ်။ အခင်းသုံးထည်ရှိရာ အဲဒီအခင်းသုံးထည်လည်း စိုရွှဲသွားပါသေးတယ်။ မနက်ပိုင်း အရုဏ်ဆွမ်းစားပြီးမှ ကိုရင်လေးတွေကို ဖွပ်လျှော်ခိုင်းရပါတယ်။ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ တုန်းကလည်း ဝမ်းလျှောခဲ့ရာ အိပ်ရာထဲမှာ ဒီလိုပဲ သွားခဲ့ဖူးပါသေးတယ်။ အဲဒီတုန်းက ဒေါ်သုဇာဂရန္ဆိ(ဒေါ်ဝင်း) က သူကိုယ်တိုင် ဖွပ်လျှော်ပေးပါတယ်။ အခုလို ဝမ်းထပ်လျှောလို့ သက်နှံးတွေ, အဝတ်တွေ ညစ်ပေသွားတဲ့အခါ ဒေါ်သုဇာဂရန္ဆိကို သတိရလာမိပါတယ်။ ကျောင်းမှာ ရှိနေတဲ့ ဝမ်းပိတ် အင်္ဂလိပ်ဆေးကိုရော နန္ဒင်းနဲ့သကြား ရောစပ်ထားတဲ့ မြန်မာဆေးကိုပါ သောက်ပါတယ်။ မောင်လှဝင်း ကပ်လို့ အအေးမိပျောက်ဆေးကိုတော့ ၂၄-၂-၂၀၀၆ နေ့ အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းအပြီးတွေမှာ သောက်လိုက်ပါသေးတယ်။ နှစ်ရက်မှာ အရုဏ်နဲ့နေ့ဆွမ်းအတွက် ဆန်ပြုတ်ကိုပဲ သောက်လိုက်ရပါတယ်။ အင်္ဂလိပ်ဝမ်းပိတ်ဆေး နှစ်ပြားသောက်ပြီးတော့ ဝမ်းက ပုံမှန် ဖြစ်သွားပါတယ်။ မတင်တင်က သူ့ရုံးမှ ဝမ်းလျှောတာ သက်သာသွားပြီလားလို့ ဖုန်းနဲ့ မေးနေပါသေးတယ်။ မည်ုမိုက ဝမ်းပိတ်ဆေး ဝယ်ယူခဲ့လိုပုံ ရပါတယ်။

၂၃-၂-၂၀၀၆ နေ့ညမှာ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမမှ ဒေါ်တင်မြင့်နဲ့ သူ့တူရဲ့မိန်းမ မကေသီတို့ လှော်ကားမှာ လာအိပ်သွားကြပါတယ်။ ၂၄-၂-၂၀၀၆ နေ့မှာ နံနက်ပိုင်း ပြန်သွားကြပါတယ်။ ဝမ်းလျှောလို့ ဓာတ်ဆားရည်ကို သောက်ရပါတယ်။ ဓာတ်ဆားရည် သောက်လိုက်တော့ နုံးခြိတာ သက်သာသွားပါတယ်။ သစ်သားအိမ်သာရှိရာကို သွားရတဲ့အခါ ဝမ်းလျှောခိုက်မို့ အနည်းငယ် ပင်ပန်းပါတယ်။ အိမ်သာက အနည်းငယ် ဝေးပါတယ်။ ၂၃-၂-၂၀၀၆ နေ့က အနည်းငယ် ဖျားနေလို့ ရေမချိုးဘဲ နေလိုက်ရပါတယ်။

http://www.dhammadownload.com

၂၄-၂-၂၀၀၆ နေ့မှာတော့ ၂၃-၂-၂၀၀၆ ညက ဝမ်းလျှောထားတာမို့ ရေချိုးလိုက်ရပါတော့တယ်။ နေ့ဆွမ်းစားပြီးချိန်မှာ အအေးမိပျောက်ဆေးထပ်သောက်လိုက်မှ ခွေးတွေ စို့လာကာ နေရထိုင်ရ ပိုကောင်းသွားပါတယ်။ ၂၄-၂-၂၀၀၆ နေ့ အရုဏ်ဆွမ်းဘုဉ်းပေးပြီးချိန်မှာ အအေးမိမှာ ကြောက်လို့ တဲကျောင်းထဲ ပြတင်းပေါက်တွေကိုပါ ပိတ်ကာ စောင်ခြုံလျက် ကွေးနေလိုက်ပါတယ်။

ဥုးဓမ္မာလောကက ညအခါ သာမဏေကျော်မှာ လေထသံ အကျယ်ကြီးကို ကြားရလို့ စိတ်မသက်မသာ ဖြစ်ပုံရပါတယ်။ သူစားနေတဲ့ လင်ဇီးဆေးကို လာပြပါတယ်။ ဘုဉ်းပေးကြည့်ပါလို့ ပြောကာ သူ့အိမ်မှာ ရှိတဲ့ လင်ဇီးဆေးဘူးတွေကို ယူခဲ့ပေးဖို့ ကျော်ဝင်းနိုင်ထံ ဖုန်းဆက်ပြောနေပါတယ်။ ကိုယ့်ကိုယ်ကိုယ် အအေးဒဏ် အတော်လေး ခံနိုင်ပြီလို့ ထင်မိတဲ့ အထင်ဟာ ယိုင်လဲသွားရပါတယ်။ ဝမ်းလျှောတာ ဖြစ်တတ်လာတာမို့ ဝမ်းမလျှောအောင် အထူးသတိထားကာ စားသောက်နေထိုင်ရပါတော့မယ်။

အဖိတ်နေ့

၂၅-၂-၂၀၀၆ နေ့မှာ နံနက်ရှစ်နာရီလောက် မည်မြိတို့တစ်သိုက် (မတင်တင်၊ မသုခ၊ မအေးအေး) ရောက်လာကြပါတယ်။ အဖိတ်နေ့ ဖြစ်လို့ အဖိတ်နေ့မှာ ထူးထူးခြားခြား များပြားလှတဲ့ ဆွမ်းဟင်းတွေကို သူတို့ မြင်တွေ့ကာ မုဒိတာပွားခွင့် ရစေချင်ပါတယ်။ ရွှေဘိုဆရာတော်ကတော့ အရင် အဖိတ်နေ့က လာရောက်သွားပါတယ်။ အဖိတ်နေ့ရဲ့ ဆွမ်းဟင်း အနေအထားကို သိမြင်သွားပါတယ်။ ဝမ်းသာနေပါတယ်။ ဝမ်းလျှောနေတာကို မည်မြိတို့ သိလို့ မတင်တင်က တိုင်းရင်းပွဲအုန်းတံဆိပ် ဝမ်းပိတ်ဆေးကို ယူလာခဲ့ပါတယ်။ သောက်ကြည့်ပါတယ်။ ကောင်းပါတယ်။ မည်မြိကတော့ ထုံးစံအတိုင်း ဖရဲသီး, သစ်တော်သီး, ဆီးသီး, လိမ္မော်သီးတွေအပြင် ဆပ်ပြာမှုန့်ထုပ်တွေနဲ့ ဒက်ပျောက်ဆေးတွေကိုပါ ယူလာပါတယ်။ မည်မြိက သူ ဘာလျှုပါတယ်လို့ အသိမပေးဘဲ လျှုသွားတတ်ပါတယ်။ သူတို့ အညာဘူးသီးကြော်နဲ့အခြားဟင်းတွေပါတဲ့ နံနက်စာ စားကြပါတယ်။ နေ့ဆွမ်းမှာ

http://www.dhammadownload.com

တော့ ဆွမ်းဟင်းပေါများပုံကို ကိုယ်တွေ့ကြုံသွားကြပါတယ်။ အားရပါးရ တပျော်တပါး စားကြ, သောက်ကြပါတယ်။ တန်းစီပြီး သပိတ်ကိုယ်စီနဲ့ ကြွလာတဲ့ ကိုရင်လေးတွေအား အသင့်ပြင်ဆင်ထားတဲ့ ဆွမ်းဒန်အိုးကြီးထဲမှ ဆွမ်းတွေကို လောင်းလှူကြပါသေးတယ်။ ပြီးတော့ သူတို့ သယ်ယူလာတဲ့ သစ်သီးတွေကို ကပ်လှူကြပါတယ်။

နေ့ဆွမ်းစားပြီးခါနီမှာ သာမဏေကျော် မဟာဂန္ဓာရုံ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းအတွက် အရှေ့ဆွမ်း, နေ့ဆွမ်း, ဖျော်ရည်, လျှပ်စစ်မီးအလှူရှင်တွေစာရင်းကို သင်ပုန်းတွေမှာ မည်မြတို့အဖွဲ့ကို အရေးခိုင်းရပါတယ်။ မတင်တင်နဲ့ ပက်သက်တဲ့ သင်တန်းသား ကိုရင်နှစ်ပါးကို လည်း စာရင်းပေးသွင်းသွားပါသေးတယ်။ မည်မြတို့အဖွဲ့ ညနေ ၄ နာရီခွဲမှာ ပြန်သွားကြပါတယ်။ သူတို့ ပြန်မသွားခင်လေးမှာ သာမဏေကျော် ရေးဆဲစာအုပ်က စာသားတွေကို ဖတ်ရှုသွားကြပါသေးတယ်။ ဒီနေ့ ချောင်းဆိုးရော, ဝမ်းလျှောတာရော, ဖျားတာရော ကောင်းသွားပါတယ်။ ဆွမ်းကိုတော့ တစ်ဇွန်းတောင် ကုန်အောင် မစားနိုင်သေးပါ။ ဆန်ပြုတ်ကိုပဲ ဘုဉ်းပေးလာရတာ သုံးရက်တောင် ရှိသွားပါပြီ။ အားတော့ နည်းသွားပါတယ်။ အားဆေးလည်း ဘုဉ်းပေးရပါတယ်။ မအေးအေးက သာမဏေကျော်ကို 'ပိန်သွားတယ်' လို့ ပြောသွားပါသေးတယ်။ ဝမ်းလျှောတဲ့အခါ အားနည်းသွားတာ သိသာပါတယ်။ အဲဒီအခါ ဓာတ်ဆားရည်ကို သောက်ရပါတယ်။ အုန်းသီးနုနုအရည်ထဲ ဆားအနည်းငယ် ထည့်ပြီး သောက်ရင်လည်း ရတယ်လို့ သိရပါတယ်။ ဒေါ်ကြီးတင်ငြိမ်က ညနေ ဖျော်ရည်လာကပ်တဲ့အခါ သံပရာ ရည်နဲ့ ကပ်ရင် ဝမ်းလျှောတတ်တယ်လို့ မည်မြတို့က ပြောသွားလို့ သံပရာရည် မထည့်ဘဲ သကြားနဲ့ ဖျော်ကာ ကပ်ပါတယ်။

ကိုရင်တွေကို သာမဏေကျော်ရဲ့အိပ်ရာ သိမ်းဆည်းတဲ့အခါ လက်ကို ဆပ်ပြာနဲ့ ပြောင်စင်အောင် ဆေးပြီးမှ ကိုင်ကြပါလို့ ပြောရပါတယ်။ ငါးပိနံ့ စောင်မှာ နံနေပါတယ်။ စောင်ကို ဖွပ်လျှော်ခိုင်းရပါသေးတယ်။ ဒေါ်ကြီးတင်ငြိမ်နဲ့ မည်မြတို့အဖွဲ့ လျှော်ပေးသွားကြပါတယ်။

http://www.dhammadownload.com

နှင်းတွေ ဝေဆဲ

ကျောင်းဒကာ ဦးခင်ဇော်က "ဒီဖေဖော်ဝါရီလအကုန်မှာ စွန်ညီနောင်-စွန်မင်း ကျောင်းဆောင်ကြီးကို အပြီးလုပ်ပေးဖို့ ဆေးသုတ်သမားစသည်တွေကို ပြောထားပါတယ်။ သာမဏေကျော် နေဖို့ နှစ်ထပ်ကျောင်းဆောင်ကိုတော့ (၁၂-၃-၂၀၀၆) နေ့မှာ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းဖွင့်မှာမို့ အဲဒီရက်မတိုင်မီ အပြီးလုပ်ပေးဖို့ လက်သမား, ပန်းရန်စတဲ့ အလုပ်သမားတွေကို ပြောထားပါသတဲ့။ ဆွမ်းချက်ဆောင်ကိုလည်း သင်တန်းအမီ အပြီးဆောက်လုပ်ပေးရမှာ ဖြစ်ပါတယ်။ ကျောင်းဒကာ ဦးခင်ဇော်စတဲ့ ဒကာ, ဒကာမတွေက သံဃာတော်တွေ ချမ်းချမ်းသာသာနဲ့ သာသနာ့တာဝန်တွေကို ဆောင်ရွက်နိုင်ကြစေရန် ရည်သန်ကာ ကူညီထောက်ပံ့နေကြပါတယ်။ ဒကာ, ဒကာမတွေဘက်က တာဝန်ကျေပွန်ကြပါပေတယ်။ သံဃာတော်တွေက သာသနာ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ဖို့ပဲ လိုပါတယ်။

ဒီနေ့ ၂၆-၂-၂၀၀၆ နေ့မှာ နှင်းတွေက အလွန်အကဲပဲ ကျနေပါတယ်။ ယခု စာရေးနေချိန် (နံနက်ရှစ်နာရီ) အထိ ပိတ်သည်းနေအောင် ကျပါတယ်။ ကိုးနာရီလောက်ထိ ကျမယ့်ပုံပါပဲ။ အအေးမိမှာ ကြောက်လို့ ကျောင်းဝင်းသန့်ရှင်းရေးအတွက် ကြောင့်ကြမစိုက်နိုင်တော့ဘဲ ညီ ဦးပဉ္စင်းနှစ်ပါး (ဥူးသြဘာသ, ဥူးဇဋ္ဌိလ) တို့နဲ့ပဲ လွှတ်ထားလိုက်ပါတယ်။ နှင်းတွေ ပိတ်သည်းကာ အအေးမာတ် ပိုကဲနေတဲ့ အခြေအနေမှာ သန့်ရှင်းရေးလုပ်ရင် အအေးမိကာ ပြန်လည် ဖျားနိုင်ပါတယ်။ ချောင်းလည်း ဆိုးနိုင်ပါတယ်။ အစာလည်း ပိုပြီး မစားနိုင်ဖြစ်ပါမယ်။ ဒါကြောင့် တဲကျောင်းထဲ ပြတင်းပေါက်တွေကို အပိတ်ခိုင်းကာ စောင်ခြုံလျက် ကွေးနေရပါတော့တယ်။ စောင်ထဲမှာ တရားမှတ်လိုက်၊ တွေးလိုက်ပါပဲ။ အခု စာရေးနေတုန်းမှာ ခေါင်းရင်းက ပြတင်းပေါက်ကို အလင်းရောင် ရလိုလို့ ဖွင့်ချင်ပေမယ့် အအေးမိမှာစိုးလို့ မဖွင့်ရဲပါ။ ခပ်မှောင်မှောင်နဲ့ပဲ ဒီစာကို ရေးနေရပါတယ်။ မလုံမခြုံ ကျိုးတိုးကျဲတဲ ဖြစ်နေတဲ့ ဝါးထရံအပေါက်တွေမှ ဝင်လာတဲ့ အလင်းရောင် မလင်းတလင်းနဲ့ ဒီစာတစ်မျက်နှာကို ပြီးအောင် အတင်းရေးရပါတယ်။

http://www.dhammadownload.com

သာမဏေကျော် အိပ်တဲ့ ဝါးကြမ်းပြင်ဘေးဘက်တွေက ဗီရိုသုံးလုံးထဲမှာ မဆန့်လို့ အပြင်မှာဘဲ ထားရတဲ့ ပစ္စည်းတွေက စုပုံလျက် တည်ရှိနေကြပါတယ်။ ဗီရိုတွေထဲမှာ စာအုပ်, ခြင်ထောင်, ခေါင်းအုံးစတဲ့ ပစ္စည်းတွေက နေရာယူထားကြပါတယ်။ တဲကျောင်းလေးမှာ ခြတက်လို့ ပစ္စည်းတချို့ ခြစာတွေ ဖြစ်သွားပါသေးတယ်။ ဦးခင်ဇော်ရဲ့ကျောင်းဆောင်တွေ မပြီးသေးသမျှ ခြအန္တရာယ်, ကြွက် အန္တရာယ်တွေမှ မလုံခြုံသေးပါ။ ရေရှည်မှာ ခြအန္တရာယ်ကို ကြောက်လို့ ကျောင်းဒကာ ဦးခင်ဇော်က သစ်သားကျောင်းထက် အုတ်ကျောင်းကို ပိုမို ဆောက်ပေးလိုပါတယ်။ သာမဏေကျော်အတွက် ကျောင်းဆောင်ကိုလည်း အုတ်တိုက်ပဲ လုပ်လိုက်ပါတယ်။

ပေါ့သွားပါတော့တယ်

၂၆-၂-၂၀၀၆ နေ့မှာ ကျောင်းဒကာ ဦးခင်ဇော်နဲ့အတူ ဦးစိန်ကျော်လည်း ပါလာတယ်။ ဦးခင်ဇော်က ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြု သင်တန်းမှာ ကုန်ကျမယ့် ကြေးငွေအတွက် မတတ်နိုင်တဲ့ကလေးတွေကိုရင်, သီလရှင် ဝတ်ရအောင် ကုန်ကျငွေကို လှူပါမယ်လို့ ထပ်လျှောက်ပါတယ်။ သင်တန်းအတွက် ကျန်တဲ့ လိုအပ်ရာရာ ပစ္စည်းတွေအတွက်လည်း လှူပါမယ်တဲ့။ ဆီ, ငရုတ်, ကြက်သွန် စတဲ့ ပစ္စည်းတွေကို ကိုထိန်ဝင်း ရဟန်းထွက်ပြီးမှ အဝယ်ခိုင်းပါတဲ့။ သင်တန်းကာလက သုံးပတ်ကြာမည်ဖြစ်ရာ ဆွမ်း, ဖျော်ရည်, လျှပ်စစ်မီးအတွက် အလှူက တစ်ပတ်စာပဲ ရရှိပါသေးတယ်။ ဦးခင်ဇော်က ကျန်တဲ့ နှစ်ပတ်ကာလတာအတွက် တာဝန်ယူသွားလို့ တာဝန်ပေါ့သွားရပါတယ်။ ကိုယ့်ဘာသာ တာဝန်ယူရရင် တာဝန်လေးပါတယ်။ ပထမအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းတုန်းကလည်း ဦးခင်ဇော်က ဒီလိုပဲ တာဝန်ယူသွားခဲ့ပါတယ်။ ဒုတိယနှစ်မှာလည်း သူပဲ တာဝန်ယူလိမ့်မယ်လို့ ကြိုတင်ထင်မှတ်ထားပါတယ်။ ပထမနှစ်တုန်းကတော့ "သာမဏေကျော်၊ အားမငယ်နဲ့။ အားဆေး ထိုးပေးမယ်" လို့ ပြောကာ လိုအပ်ရာရာတွေကို သူကပဲ ဖြည့်ဆည်းပေးခဲ့ပါတယ်။ သင်တန်းအတွက် လိုအပ်နေတာတွေကို ကိုယ်က လိုအပ်နေပါတယ်လို့ မပြောရဘဲ သူ့ဘာသာ လှူသွားတာကိုပဲ

http://www.dhammadownload.com

အလိုရှိပါတယ်။ အဲဒီအတိုင်းပဲ ဖြစ်သွားပါတယ်။ သူ့ရဲ့သဒ္ဓါထက်သန်လှတာကို သိလို့ ဘာကိုမှ လိုအပ်တယ်လို့ မပြောလိုပါ။

ကျောင်းဆောင်တွေအတွက် ဦးခင်ဇော်မှာ ကုန်ကျရတာတွေက များနေလို့ သင်တန်းအတွက် လိုအပ်တာတွေ ရှိနေပေမယ့် သူ့အား မပြောရက်ပါ။ ဦးခင်ဇော်နဲ့ရင်းနှီးတဲ့ မကြည်ကြည်ဝင်းကိုတောင် "ကိုပု (ဦးခင်ဇော်)ကို ဘာကိုမှ လျှဖို့ မတိုက်တွန်းပါနဲ့" လို့ ပြောထားရပါတယ်။ ကျောင်းတိုက်က စခါစမို့ လူသိတာ သိပ်မရှိသေးလို့ ဆွမ်း, ဖျော်ရည်, လျှပ်စစ်မီးအတွက် အလှူရှင်က တစ်ပတ်စာလောက်ပဲ အရင်နှစ်ကရော အခုနှစ်မှာပါ ရှိပါတယ်။ ဦးခင်ဇော်က တာဝန်ယူသွားတယ်လို့ ဥးဩဘာသာား ပြောပြရာ "အမလေး တော်ပါသေးရဲ့။ အခုမှပဲ ရင်ထဲ ပေါ့သွားတော့တယ်" လို့ ပြောပါတယ်။ "ဥးဩဘာသမှာလည်း ငါလိုပဲ ခံစားရတာပဲလား" လို့ တွေးနေမိပါတယ်။ ဦးခင်ဇော်ရဲ့အလှူရက်ရောမှုကို ကြားသိရသူအပေါင်းက ချီးကျူးကြ, အံ့ဩကြ, သာဓုခေါ်ကြပါတယ်။ ကိုထိန်ဝင်းကလည်း သင်တန်းအတွက် မီးဖိုချောင်သုံး ချက်ပြုတ်စရာပစ္စည်းတွေကို ဝယ်ယူပေးဖို့ အဆင်သင့် စောင့်ဆိုင်းနေပါတယ်။

ဒီနေ့မှာ ရွှေဘိုဆရာတော်လည်း ကနေဒါမှ မဖြူဖြူဝင်း (ပီပီ)၊ ဒေါ်စောယဉ်ဝင်းတို့နဲ့အတူ ရောက်လာပါတယ်။ ဦးအောင်ကိုတို့လည်း နက်ဖြန် အရုဏ်ဆွမ်းကပ်ဖို့ ပစ္စည်းတွေ လာပို့ကြပါသေးတယ်။ မဟာဂန္ဓာရုံဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့လို့ မသိဖူးဘဲ လာရောက်လှူဒါန်းခဲ့ကြတဲ့ ဒကာ, ဒကာမတွေ ဖြစ်ပါတယ်။ အမရပူရ မဟာဂန္ဓာရုံဆရာတော်ရဲ့စာပေတွေကို ဖတ်ရှုရပြီး မဟာဂန္ဓာရုံ ဆရာတော်ကို ကြည်ညိုနေသူတွေပါလို့ ပြောကြပါတယ်။ ဒီလို ဒကာ, ဒကာမတွေဟာ မြန်မာနိုင်ငံမှာ တော်တော်ပဲ များမယ်လို့ ထင်မိပါတယ်။

သံဝေဂ

၂၇-၂-၂၀၀၆ တပေါင်းလဆန်း တစ်ရက်နေ့ နံနက်ပိုင်းမှာ တပို့တွဲလကွယ်နေ့ နံနက်ပိုင်းမှာလို နှင်းတွေ မဝေတော့။ ဒီနေ့ နံနက်အရုဏ်ဆွမ်းအတွက် ဦးအောင်ကို (ဘုရင့်နောင်) မိသားစုက ကြာဆံချက်ကပ်ပါတယ်။

http://www.dhammadownload.com

မနေ့ညနေတည်းက ချက်စရာပစ္စည်းတွေကို ယူလာကြပါတယ်၊ ပေးသွားကြပါတယ်၊ ရေစက်ကြိုတင်ချသွားကြပါတယ်၊ မနက်ရောက်မှ မှန်းပြီး အာရုံပြုလိုက်ပါတော့မယ်လို့ ပြောသွားကြပါတယ်။ မနေ့ကထိ ဆွမ်းမစားချင်ဖြစ်နေပြီး ဆွမ်းမစားနိုင် ဖြစ်နေလို့ ကျောင်းဒကာ ဦးခင်ဇော်က သူ့အစ်မ ဒေါက်တာ ဒေါ်လှလှရီထံ သွားပြဖို့ ပြောပါတယ်။ ဆရာဝန် ဆရာလေး မကမလဉာနီထံ မောင်လှဝင်းက သာမဏေကျော် ကျန်းမာရေး အနေအထားကို ပြောပြလို့ ဆရာလေးက ညွှန်ကြားပါတယ်။ ပျားရည်သောက် ကြည့်ပါတယ်။ ဇမ္ဗူသိဒ္ဓိသွေးဆေးနဲ့ လူပျံတော်ပတ္တမြားသွေးဆေးကိုလည်း သောက်ကြည့်ပါတယ်။ ပလူဗီမင်ဆေးပြားကိုလည်း နှစ်ပြားနှစ်ကြိမ် သောက်ကြည့်ပါတယ်။ ၂၇-၂-၂၀၀၆ နေ့ အရုဏ်ဆွမ်းမှာ ကြာဆံချက်ကို ဘုဉ်းပေးလို့ ခံတွင်းတွေ့လာပါတယ်။ ဆန်ပြုတ်ကိုတောင် မသောက်ဘဲ နေလိုက်ပါတယ်။ ကြာဆံချက်က ငရုတ်သီးမှုန့်တော့ နည်းနည်း များပါတယ်။ ပဲပြုတ်ကလည်း ကောင်းလို့ ဆန်ပြုတ် မဘုဉ်းပေးပေမယ့် ပဲပြုတ်ကို ဘုဉ်းပေးလိုက်ပါသေးတယ်။

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ တိတ်ဆိတ်ငြိမ်သက်မှုအရသာကို အနီးရှိန္ဓားခြံမှ နွားတွေကလည်း ဖျက်ဆီးပါတယ်။ နွားအပြင်ဘဲတွေကိုပါ မွေးမြူလာလို့ အဲဒီဘဲတွေရဲ့အသံတွေကလည်း တိုးပြီး ဖျက်ဆီးကြပြန်ပါတယ်။ တိတ်ဆိတ်ငြိမ်သက်မှုရဲ့ အန္တရာယ်ဖြစ်တဲ့ အဲဒီအသံတွေ မရှိခဲ့ရင်, မရှိတဲ့အခါဖြစ်ရင် အလွန်ပဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိပါတယ်။ လှော်ကားဥယျာဉ်နဲ့ ရွှေပြည်သာသွား ကတ္တရာကားလမ်းနဲ့ မနီးကပ်တာမို့ ကားသံအန္တရာယ်က ကင်းနေပါတယ်။ နွားတွေအသံကို သည်းခံရသလို နွားချေးအနံ့ကိုလည်း သည်းခံရပါတယ်။ နွားချေးအနံ့ကလည်း တစ်ခါတစ်ရံ အတော်ဆိုးစွာ နံလာပါတယ်။ နွားချေးနံ့က နွားချေးတွေကို ရေနဲ့ ဆေးချတဲ့အခါမျိုးမှာ နံပုံပေါ်ပါတယ်။ နွားချေးနံ့လည်း ကင်း နွားသံ, ဘဲသံ (ရံခါ ဝက်သံ)လည်း ကင်းရင် သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ တိတ်ဆိတ်မှုအရသာကို အပြည့်အဝ ခံစားရပါမယ်။ အခုတော့ မခံစားရသေးပါ။ နောင်ဘယ်သောအခါမှ ခံစားရမယ် မသိပါ။

http://www.dhammadownload.com

တရားရှုမှတ်တဲ့ ယောဂီတွေ ရှိလာခဲ့ရင်တော့ အဲဒီအသံတွေနဲ့ အဲဒီ အနံ့တွေက ယောဂီတွေအား အနှောင့်အယှက်ပေးလာမှာကို စိုးရိမ်မိပါ တယ်။ အဲဒီ အသံတွေ, အနံ့တွေ မရှိဘဲ တရားအားထုတ်ခွင့်ရကြရင် ဘယ်လောက် ကောင်းလိုက်ကြလေမလဲလို့ တွေးမိပါတယ်။ ကူညီနိုင်ခဲ့ရင် သမာဓိရဲ့ အနှောင့်အယှက်ဖြစ်တဲ့ အသံ, အနံ့တွေ ကင်းသွားမှာပဲလို့ ထင်မိ ပါတယ်။ အမြိုက်ကျောင်း တရားရိပ်သာနဲ့ သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းရဲ့ အကြားနေရာမှာ အဲဒီနွားခြံ ဧရိယာက ရှိနေပါတယ်။ အဲဒီနွား တွေ, ဘဲတွေ, ဝက်တွေရဲ့ဘဝကို ရောက်သွားရင် ဒီလိုဝိပဿနာတရားကို အားထုတ်ခွင့် မရတော့ အခုလိုဘဝကောင်းကို ရထားခိုက် ယောဂီဟာ ကြိုးစားအားထုတ်လိုက်လို့ နွား, ဘဲ, ဝက်တွေက သတိပေးကာ သံဝေဂ ရစေတယ်လို့ နှလုံးသွင်းရင် ကုသိုလ်ပွားနိုင်ပါတယ်။

မေတ္တာနဲ့ ဒါန

ရန်ကုန်တိုင်း၊ မော်ဘီမြို့နယ်ရှိ သာမဏေကျော် မဟာဂန္ဓာရုံကျောင်း တိုက် ဖြစ်ပေါ်လာတဲ့အခါ သာမဏေကျော်အပေါ် ဘယ်သူတွေက မေတ္တာ ရှိကြတယ်၊ ကရုဏာရှိကြတယ်ဆိုတာကို သိသာပေါ်လွင်စွာ သိမြင်လာရပါ တယ်။ သာမဏေကျော်အပေါ် မေတ္တာမရှိ, ကရုဏာမရှိသူတွေကိုလည်း မေတ္တာ မထားရကောင်းလား၊ ကရုဏာ မထားရကောင်းလား ဆိုပြီး အပြစ် မြင်ဖို့, အပြစ်တင်ဖို့ မလိုပါ။ မေတ္တာမရှိချင်သူကို မေတ္တာရှိလာအောင်, ကရုဏာမရှိချင်သူကို ကရုဏာရှိလာအောင်လည်း အတင်းလုပ်လို့ မရပါ။ "တစ်ဦးမေတ္တာ တစ်ဦးမှာ" ဖြစ်လာဖို့ရာ ရှေးရေစက်ပါမှ ဖြစ်နိုင်ပုံပေါ်ပါ တယ်။ ကြာပန်းဟာ ရေလည်း ရှိ, ရွှံ့ညွန်လည်း ရှိမှ ဖြစ်ပေါ်လာနိုင်သလို တစ်ဦးအပေါ် တစ်ဦး မေတ္တာရှိမှု ဆိုတာဟာလည်း တစ်ဦးရဲ့အကျိုးကို တစ်ဦး က ဆောင်ရွက်ပေးမှုအပြင် ရှေးဘဝတွေမှာ အတူနေထိုင်ကာ မေတ္တာ သက်ဝင်ခဲ့မှုလည်း ပါဝင်ပါမှ ဖြစ်ပေါ်လာနိုင်ပါတယ်။ သာမဏေကျော် အပေါ် မေတ္တာထားရှိသူတွေရဲ့မေတ္တာကို နှစ်မျိုးနှစ်စား တွေ့ရပါတယ်။ သူတို့ကိုယ်ကျိုးကို ရှေ့တန်းတင်ပြီး ထားရှိလာတဲ့ မေတ္တာနဲ့ သူတို့ ကိုယ်ကျိုး ကို လုံးဝ မငဲ့ကွက်ဘဲ သာမဏေကျော်ရဲ့အကျိုး, သာမဏေကျော် မဟာ

http://www.dhammadownload.com

ဂန္ဓာရုံ သာသနာရဲ့အကျိုးကိုသာ ရှေ့တန်းတင်တဲ့ မေတ္တာတို့ပဲ ဖြစ်ပါတယ်။ နံပါတ်တစ် မေတ္တာထက် နံပါတ်နှစ်မေတ္တာက သာမဏေကျော်အတွက် ပိုမိုလေးမြတ်စရာ ဖြစ်ပါတယ်။ နံပါတ်တစ်မေတ္တာထက် နံပါတ်နှစ်မေတ္တာက ပိုမို အဆင့်အတန်း မြင့်တယ်လို့ နားလည်ရပါတယ်။

အလှူဒါနပြုကြရာမှာ ကိုယ့်နာမည်ပေါ်လွင်မှုကို အလွန်လိုလားသူတွေကို တွေ့ရသလို ကိုယ့်နာမည်ပေါ်လွင်မှုကို အလေးမပြုသူတွေကိုလည်း တွေ့ရပါတယ်။ လူအများစုဟာ ကိုယ့်နာမည်ပေါ်လွင်မှုကိုပဲ လိုလားကြတာမို့ နာမည်ပေါ်လွင်ချင်မှုကို အထူးအဆန်းအနေနဲ့ မရှုမြင်မိပေမယ့် နာမည်မပေါ်လွင်ချင်သူတွေရဲ့ နာမည်မပေါ်လွင်ချင်မှုကိုတော့ အထူးအဆန်းအနေနဲ့ ရှုမြင်မိပါတယ်။ မြင့်မြတ်သူတွေရဲ့ လှူဒါန်းမှုမှာတော့ နာမည်ပေါ်လွင်ချင်မှု ကင်းကွာနေတာကို ထင်ရှားစွာ မြင်တွေ့ရပါတယ်။ တချို့အလှူရှင်တွေမှာတော့ နာမည်ပေါ်လွင်ချင်ရုံမကဘဲ အလှူခံပုဂ္ဂိုလ်တွေအပေါ် သြဇာပေးချင်မှု, ကြိုးကိုင်ချင်မှု, ချယ်လှယ်ချင်မှု, နေရာယူချင်မှု, ဗိုလ်ကျချင်မှု, တင်စီးချင်မှု, အထင်သေးမှု, မရိုမသေပြုမူမှု, အာဏာပေးမှု, အာဏာပြမှု, ချုပ်ချယ်မှု, လွတ်လွတ်ကျွတ်ကျွတ် မစွန့်လွှတ်နိုင်မှုတွေပါ ပါဝင်နေတာကို မြင်တွေ့ရပါတယ်။ အဲဒီလို အလှူရှင်တွေကိုတော့ မြင့်မြတ်သူတွေရဲ့ လှူဒါန်းနည်းနဲ့ မလှူဒါန်းနိုင်သေးသူတွေလို့ ရှုမြင်မိပါတယ်။ "ဆွမ်းဆန်ထဲမှာ ကြွက်ချေးရော" ဆိုတာလို နာမည်ပေါ်လွင်ချင်မှု, သြဇာပေးချင်မှု စတဲ့ ကြွက်ချေးတွေကို ပယ်ရှားသုတ်သင်နိုင်မှသာ ဒါနဆွမ်းဆန်ဟာ စားချင်စဖွယ် ဖြစ်လာပါမယ်။ အကျိုးများပါမယ်။ အဲဒီအသိ, အဲဒီအမြင်တွေကို သာမဏေကျော်မဟာဂန္ဓာရုံဆိုတဲ့ ကျောင်းတိုက်က သာမဏေကျော်အား ပေးသွားပါတယ်။

လောကရဲ့သဘော

သာမဏေကျော် မဟာဂန္ဓာရုံကျောင်း စတင်ဖြစ်ပေါ်လာတဲ့အခါ ကူညီအားပေးလိမ့်မယ်လို့ ထင်မှတ်ထားရတဲ့ တချို့ပုဂ္ဂိုလ်တွေက လုံးဝ ကူညီအားပေးမှု မပြုကြပါ။ ဖုတ်လေတဲ့ငါးပိ ရှိလေတယ်လို့တောင် မထင်မှတ်ကြပါ။ ကူညီအားပေးကြသူတွေကိုတောင် သဘောမကျရှိနေကာ ခနိုးခနဲ့ ဆိုကြပါသေးသတဲ့။ ဒါလည်း လောကကြီးမှာ အံ့သြစရာတစ်ခုပါပဲ။

http://www.dhammadownload.com

သာမဏေကျော်ကတော့ အဲဒီပုဂ္ဂိုလ်တွေကို အံ့ဩမိသလို သနားကရုဏာ သက်စရာ ပုဂ္ဂိုလ်တွေအဖြစ်နဲ့ပဲ မြင်မိပါတယ်။ အားပေးကူညီလိမ့်မယ်လို့ လုံးဝ မထင်မှတ်မိတဲ့ ပုဂ္ဂိုလ်တွေက အံ့ဩစရာကောင်းလောက်အောင် အားပေး ကူညီနေကြပြန်ပါတယ်။ ဒါကလည်း လောကကြီးမှာ အံ့ဩစရာ ကောင်းပြန်ရော။ သာမန် အားပေးကူညီလိမ့်မယ်လို့ ထင်မှတ်ထားရသူတွေက ထင်မှတ်ထားတာထက် အလွန်အကဲ ပိုလွန်ပြီး အားပေးကူညီနေကြပါတယ်။ ဒါလည်း အံ့ဩစရာဖြစ်နေပြန်ရော။ သာမဏေကျော်ရဲ့ ကောင်းကျိုးတွေကို လိုလားလိမ့်မယ်လို့ ထင်မှတ်ထားရသူတချို့တွေမှာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်း စတင်ချိန်မှာ ကရုဏာသက်စရာ အခြေအနေတွေကို မသိချင်ယောင်ဆောင်နိုင်ကြတာကို မြင်တွေ့ရပါတယ်။ အဲဒီ ကရုဏာ သက်စရာ စားရေး, သောက်ရေး, နေရေး, ထိုင်ရေးလေးတွေကို မြင်အောင် ကြည့်ပြီး တတ်နိုင်သမျှ ကူညီအားပေးကြသူတွေကိုလည်း ထူးခြားစွာ တွေ့ ရပါသေးတယ်။ တော်ပါသေးရဲ့။

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ ကရုဏာသက်စရာ အခြေအနေလေးတွေကို မြင်တွေ့ပြီး ကူညီအားပေးကြသူတွေက သာမဏေ ကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ မုဒိတာပွားစရာ စားရေး, သောက်ရေး, နေရေး, ထိုင်ရေးစတဲ့ အခြေအနေကောင်းလေးတွေကို မြင်တွေ့လာကြတဲ့ အခါ အလွန်ပဲ မုဒိတာပွားနိုင်ကြပါတယ်။ တချို့ပုဂ္ဂိုလ်တွေမှာ ကရုဏာ သက်စရာလေးတွေကိုတော့ ကရုဏာသက်နိုင်ကြပြီး မုဒိတာပွားစရာလေး တွေကို မုဒိတာ မပွားနိုင်ကြရှာပါ။ တချို့ပုဂ္ဂိုလ်တွေမှာတော့ သာမဏေ ကျော် မဟာဂန္ဓာရုံရဲ့ မုဒိတာပွားစရာ အခြေအနေလေးတွေကို မြင်တွေ့ရ တဲ့အခါ မုဒိတာပွားနိုင်ကြပြီး ကရုဏာသက်စရာ အခြေအနေလေးတွေကို ကရုဏာမသက်နိုင်ရှာကြပါ။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက် ပုဂ္ဂိုလ်တွေအပေါ် မေတ္တာရော, ကရုဏာရော, မုဒိတာရော ပွားများ ထားရှိ နိုင်ကြတဲ့ ရဟန်း, ရှင်, လူတွေကိုလည်း မြင်တွေ့ရပါတယ်။ အဲဒီလို ရဟန်း, ရှင်, လူတွေကို လေးစား, မြတ်နိုး, တန်ဖိုးထားစရာ စိတ်ထားပိုင်ရှင်တွေ အဖြစ်နဲ့ လေးစားရပါတယ်၊ မြတ်နိုးရပါတယ်၊ တန်ဖိုးထားရပါတယ်။ ကိုယ့် အပေါ် ကရုဏာသက်လိမ့်မယ်လို့ ယူဆမိတဲ့ ပုဂ္ဂိုလ်တွေမှာ ကရုဏာ မသက်

http://www.dhammadownload.com

နိုင်တာကို တွေ့ရတဲ့အခါ အဲဒီပုဂ္ဂိုလ်တွေကို ကရုဏာသက်စရာ ပုဂ္ဂိုလ်တွေ အဖြစ်နဲ့ ယူဆသွားမိပါတယ်။ ကိုယ့်အပေါ် မေတ္တာထားလိမ့်မယ်, မုဒိတာ ပွားလိမ့်မယ်လို့ ယူဆမိတဲ့ ပုဂ္ဂိုလ်တွေမှာ မေတ္တာမထားနိုင်, မုဒိတာ မပွား နိုင်တာတွေကို တွေ့ရတဲ့အခါတွေမှာလည်း အဲဒီပုဂ္ဂိုလ်တွေကို ကရုဏာ သက်စရာ ပုဂ္ဂိုလ်တွေအဖြစ်နဲ့ ထင်မြင်သွားမိပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်က လောကသတ္တဝါတွေရဲ့ သဘောမနော အမျိုး မျိုးတွေကို ပြောပြနေသယောင် ရှိနေပါတော့တယ်။

ပီတိတွေ ဝေ

၁-၃-၂၀၀၆ တပေါင်းလဆန်း သုံးရက်နေ့ ရောက်နေပေမယ့် နှင်း တွေက အလွန်အကဲ ဝေနေပါတယ်။ အခု ရှစ်နာရီ တီးပါတော့မယ်။ နှင်း တွေကတော့ အားမာန်အပြည့် ကျနေလေရဲ့။ သာမဏေကျော်နေထိုင်ရာ တဲကျောင်းလေးက နေပြီး စွန်ညိနောင်-စွန်မင်း ကျောင်းဆောင်အမှတ်တစ် ကို လှမ်းကြည့်ရာ နှင်းတွေ ပိတ်သည်းနေလို့ မမြင်ရပါ။ အင်ဂျင်စက်သံကိုတော့ ကြားနေရပါတယ်။ အမှတ်တစ်ကျောင်းဆောင်ကြီးရဲ့ အပေါ်ထပ် သစ်သား အခင်းကို စက်နဲ့ ရွှေဘော်တိုက်ကာ ချောအောင် လုပ်နေပါတယ်။ ပေါလစ် တိုက်ရတော့မယ်ဆိုတော့ သူတို့ကလည်း အသည်းအသန် လုပ်နေရပါတယ်။ လက်သမားဆရာ, ပန်းရန်ဆရာ, ဆေးသုတ်သမား, ကြွေပြားကပ်သမား တွေကလည်း အသည်းအသန် လုပ်နေကြရပါတယ်။ ကျောင်းဒကာ ဦးခင်ဇော် က စွန်ညိနောင်-စွန်မင်း ကျောင်းဆောင်အမှတ်တစ်ရော, သာမဏေကျော် နေမယ့်အဆောင်ရော, ချက်ဖိုဆောင်ရော, ရေချိုးဆောင်ပါ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းဖွင့်ပွဲ ၁၁-၃-၂၀၀၆ အမီ ပြီးအောင် လုပ်ပေးကြဖို့ အလုပ်သမား တွေကို အကြီးအကျယ် ဆော်ဩထားပါတယ်။ အလုပ်သမားတွေရဲ့ အခေါ် အဝေါ်အရ 'သူဌေး' လို့ ခေါ်ဝေါ်ခံရတဲ့ ဦးခင်ဇော်ရဲ့အမိန့်ကို အလုပ်သမား အားလုံးက အလွန်အကဲပဲ အလေးပြုကြပါတယ်။ ရွှေဘော်သမား, ဆေးသုတ် သမား, ကြွေပြားသမားတွေဟာ ညပိုင်းမှာပါ မီးစက်နှိုးပြီး မီးထွန်းကာ အလုပ်လုပ်ကြရပါတော့တယ်။ ည ၁၁ နာရီလောက်ထိ ရောက်မယ် ထင်ပါ တယ်။

http://www.dhammadownload.com

ဗုဒ္ဓယဉ်ကျေးမှုသင်တန်း တက်ရောက်သင်ယူကြမယ့် ကျောင်းသားလေးတွေက ကိုရင်ဝတ်ပြီး ကျောင်းသူလေးတွေက သီလရှင်ဝတ်ကာ ဗုဒ္ဓယဉ်ကျေးမှုသင်ခန်းစာတွေကို သုံးပတ်ကြာ သင်ယူကြရပါမယ်။ အဲဒီ ကိုရင်, သီလရှင်လေးတွေ ချမ်းချမ်းသာသာနဲ့ နေထိုင်ရ, စားသောက်ရ, သင်ယူရ အောင် ဦးခင်ဇော်က အကြီးအကျယ် ဆော်ဩပေးနေပါတယ်။ ကျောင်းအဂိုလက္ခဏာတွေနဲ့ ပြည့်စုံလာတဲ့အခါ ကျောင်းဆောင်အသီးသီးတွေဟာ ကြည့်ရှုလို့ ကောင်းလာပါတယ်။ တင့်တယ်ထည်ဝါလာပါတယ်၊ ခံ့ညားလာပါတယ်။ ကျောင်းဒကာတွေ ဖြစ်တဲ့ စွန်ညီနောင်-စွန်မင်းမိသားစုဟာ ဒီကျောင်းဆောင်တွေ ပြီးလို့ ရေစက်ချပွဲရောက်ရင် ဘယ်လောက် ပျော်လိုက်ကြလေမလဲ။ ဦးခင်ဇော်ကတော့ အဲဒီ မိသားစုထဲမှာ အပျော်ဆုံး ဖြစ်မှာပေါ့။ ဒီကျောင်းဆောင်တွေ ဖြစ်ပေါ်ပြီးမြောက်လာအောင် လှုပ်ရှားရာမှာ ဦးခင်ဇော်က အဓိကမင်းသားပါပဲ။ သူ့ကြောင့်သာ ဒီအလှူပွဲကြီးဟာ ဖြစ်ပေါ်လာရမှာ ဖြစ်ပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းသား ကိုရင်, သီလရှင်တွေ သူ့ကျောင်းကြီးပေါ် စာသင်ယူကြ, ဩဝါဒ နာယူကြ, ဘုရားရှိခိုးကြ, တရားရှုမှတ်ကြ, မေတ္တာပို့ကြ, အမျှဝေနေကြတာတွေကို ဦးခင်ဇော်ရော ဦးခင်ဇော်မိသားစု (စွန်ညီနောင် - စွန်မင်းမိသားစု) ပါ မြင်တွေ့ကြရင် အလွန်အကဲ ပီတိတွေ ဝေဖြာနေမှာ သေချာပါတယ်။ မြင်တွေ့ရသူ အခြားလူတွေကလည်း ဦးခင်ဇော်တို့ရဲ့ ဒါနစေတနာကို ဝမ်းသာရွှင်ပျ သာဓုခေါ်ကြမှာ မလွဲပါပဲ။

စာအုပ်တွေ

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးက သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ တိပိဋကဓရ ပါဠို-မြန်မာ အဘိဓာန်စာအုပ်တစ်စုံ ၁၈ အုပ်နဲ့ ပါဠို ပိဋကလမ်းညွှန် လေးအုပ် လှူလိုက်ပါလို့ မဝိမလညာနီအား ပြောပါသတဲ့။ မဝိမလညာနီက အဲဒီအကြောင်း လျှောက်ပြတဲ့အခါ "အဲဒီ စာအုပ်တွေ ရှိနေပါပြီ" လို့ ပြောလိုက်ပါတယ်။ မဝိမလညာနီက သာမဏေကျော်မှာ မရှိသေးတဲ့ အခြားစာအုပ်တွေကို လာရှာပြီး လှူပေးပါတယ်။ တစ်သိန်းဖိုးလို့ သိရပါတယ်။ ပါဠိတော်စာအုပ် ၄၀ နဲ့ ဋီကာစာအုပ်

http://www.dhammadownload.com

၂၆ အုပ်တို့ကို ပါမောက္ခ ဦးအောင်ကျော် (ဦးနှောက်နှင့် အာရုံကြော ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာ ဒေါ်ခင်သန်းတင် (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊ သား ဒေါက်တာမျိုးသန်းကျော် (ခေတ္တ-UK) တို့က လျှုဒါန်းကြပါတယ်။ အဋ္ဌကထာ စာအုပ်တစ်စုံ (၅၁-အုပ်) ကို ဖခင်ကြီး ဦးဘီရာကို ရည်စူးပြီး ဇနီးဒေါ်ကျင်ပန်မိသားစုက လျှုဒါန်းပါတယ်။ တိပိဋကပါဠိမြန်မာအဘိဓာန်စာအုပ်တွေနဲ့ ပါဠိပိဋကကျမ်းညွှန်းစာအုပ်တွေကို မကမလညာနီ (ဆရာဝန်ဆရာလေး) နဲ့ မပရမညာနီတို့က လျှုဒါန်းကြပါတယ်။ ဒေါ်ကျင်ပန်မိသားစုက စာအုပ်ဗီရိုတစ်လုံးလည်း လျှုဒါန်းထားပါသေးတယ်။ စတီးပန်းကန် ခွက်ယောက်, ဓား, စာရေးစက္ကူ, စာရေးစားပွဲ, ခေါင်းရိတ်ဓား, လက်သဲညှပ်, ဆေးပစ္စည်းအမျိုးမျိုးအပြင် သာသနဝိသုဒ္ဓိသိမ်တော် အတွက် တစ်သိန်းကျပ်ကိုလည်း မကမလညာနီတို့က လျှုကြပါသေးတယ်။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးနဲ့ မဟာစည်ဆရာတော်ကြီး တို့ရဲ့ စာပေတွေကိုလည်း စုံအောင် ရှာဖွေ စုဆောင်းထားပါသေးတယ်။ ဦးခင်ဇော်က သာမဏေကျော်နေဖို့ ကျောင်းဆောင်ကို နှစ်ထပ်ဆောက်လုပ်ပေးပါတယ်။ အောက်ထပ်မှာ ဧည့်ခံဖို့ ဖြစ်ပြီး အထက်ထပ်မှာ အိပ်ဖို့, စားရေးဖို့ ဖြစ်ပါတယ်။ နှစ်ထပ်လုံးမှာ အိမ်သာ (၀စ္စကုဋီ) နဲ့ ရေချိုးခန်း ပါပါတယ်။ သာမဏေကျော်က အအေးကြောက်တတ်လို့ ရေချိုးခန်းမှာ ရေနွေးစက်ကို ပါ တပ်ဆင်ပေးပါမယ်။ စတီး၀ရန်တာတွေနဲ့ ပြုလုပ်ထားတဲ့ သာမဏေကျော်နေဖို့ နှစ်ထပ်ကျောင်းဟာ ခန့်ငြားထည်၀ါနေပါတယ်။ ပေ ၅၀ ၊ ပေ ၃၂ ရှိတယ်လို့ သိရပါတယ်။ အပေါ်ထပ်က အတော်မြင့်ပါတယ်။ လေ့ကားထစ် ၁၉ ထစ် ပါရှိပါတယ်။ ဧည့်သည်လာလေတိုင်း သာမဏေကျော်က အောက်ထပ် ဆင်းရမှာမို့ သာမဏေကျော်အဖို့ လှုပ်ရှားမှု အလိုလို ရပြီး ဖြစ်နေပါလိမ့်မယ်။ အထက်ပါစာအုပ်တွေကို ကြည့်ရှုကာ ရေးလိုတဲ့ စာအုပ်တွေကို ရေးနိုင်မှာ ဖြစ်ပါတယ်။ မိုးကုတ် ကျပ်ပြင်ရပ်မှ မိခင် ဒေါ်နန်းနွယ်၊ သမီးကြီး - မနန်းခင်ခင်ဦး၊ သမီးလတ် - မနန်းရင်ရင်အေး၊ သမီးငယ် - မနန်းမိုးသီတာနွယ် တို့က (၁၂) သိန်းတန် ကွန်ပျူတာ နောက်ဆုံးပေါ် အမျိုးအစားကို လျှုဒါန်းဖြစ်ပါတယ်။

http://www.dhammadownload.com

နိဗ္ဗာန်ဆော်

"မည်မြိ၊ မည်မြိတို့မိသားစုက သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ လှူထားတဲ့ ပစ္စည်းတွေဟာ အများကြီးပါပဲ။ အဲဒီပစ္စည်းတွေရဲ့ စာရင်းကို စဉ်းစားပြီး ရေးပေးစမ်းပါ။ အဲဒီစာရင်းကို လိုချင်ပါတယ်။"

မောင်လှဝင်းက မည်မြိကို အဲဒီလို ပြောလိုက်ပါတယ်။ မည်မြိက မကြားသလို လုပ်နေပါတယ်။ ဘာစကားကိုမှ ပြန်မပြောပါ။ သာမဏေကျော်လည်း ကြားလိုက်ရပါတယ်။ မည်မြိအနေအထားကိုလည်း သတိပြုမိလိုက်ပါတယ်။ နောင် ရက်အတော်ကြာမှ "မောင်လှဝင်း၊ မောင်လှဝင်းက မည်မြိထံ စာရင်းတောင်းတုန်းက ကောင်မလေးက မကြားသလို လုပ်နေတယ်နော်" လို့ ပြောတဲ့အခါ မောင်လှဝင်းက ရယ်မောကာ "ဟုတ်ပါတယ် ဘုရား" လို့ ပြောလာပါတယ်။ "မောင်လှဝင်း၊ မည်မြိက သူတို့လှူထားတဲ့ အလှူတွေကို လူမသိစေချင်ဘူး ထင်တယ်" လို့ ပြောတဲ့အခါ "ဟုတ်တယ် ဘုရား" လို့ ထောက်ခံပါတယ်။ "အလှူရှင်မှန်း သိအောင် မဏ္ဍပ်တိုင် တက်မပြချင်တဲ့ သဘောပေါ့" လို့ ပြောတော့ "ဟုတ်ပါတယ် ဘုရား" လို့ ထောက်ခံပြန်ပါတယ်။ မည်မြိမိသားစု လှူထားတာကို သာမဏေကျော် မှတ်မိသမျှ ရေးပြရရင်ပဲ အတော်များမယ် ထင်ပါတယ်။ ဥုးသြဘာသ, ဥုးဇင်္ဂီလ, ဥုးဝီရိယတို့မှာ နေစရာ ကောင်းကောင်း မရှိလို့ သာမဏေကျော်က တဲကျောင်း စဆောက်ပေးရပါတယ်။ တဲကျောင်းအတွက် တောင်ထန်းရွက်မိုးတွေကို မည်မြိမိသားစုက စတင်လှူပါတယ်။ စားစရာ သစ်သီး, မုန့်, သကြားလုံးစတဲ့ ပစ္စည်းတွေနဲ့ သောက်စရာ ဖျော်ရည်ဘူး, ဖျော်ရည်ပုလင်းတွေကို သာမဏေကျော် မဟာဂန္ဓာရုံကျောင်းသို့ မည်မြိတို့ သူငယ်ချင်းတစ်သိုက်လာတိုင်း မည်မြိက အမြဲပဲ ယူလာလေ့ ရှိပါတယ်။

ဆပ်ပြာခဲ, ဆပ်ပြာမှုန့်, သွားတိုက်ဆေးဘူး, သက်န်း, ဗလာစာအုပ်, ဘောလ်ပင်စတဲ့ ပစ္စည်းတွေအပြင် ကိုရင်လေးတွေမှာ ဒက်တွေ ပေါက်နေလို့ ဒက်ဆေးတွေကိုပါ ယူလာပြီး လှူလေ့ရှိပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံရဲ့ ဒုတိယဝါမှာ သံဃာတွေအား ဝါဆိုသက်န်းတစ်စုံစီ မည်မြိ မိသားစုက လှူပါတယ်။ ဒုတိယကထိန်မှာ မည်မြိရဲ့ညီမ မဥမွာလှိုင်နဲ့ မောင်ကောင်း

http://www.dhammadownload.com

မြတ်စိုးတို့က ကထိန်ဒကာအဖြစ် ခံယူကာ ပင့်သံဃာတွေနဲ့ ကျောင်းရှိ သံဃာတွေအား သင်္ကန်းတစ်စုံ, ဖိနပ်, ယပ်တောင်, ထီး, မျက်နှာသုတ်ပဝါ, သွားတိုက်ဆေး, သွားတိုက်တံ, ဆပ်ပြာခဲတွေကို လှူကြပါတယ်။ ကထိန်နေ့မှာ အရှင်္ဆာမဏေး, နေ့ဆွမ်း, အချိုပွဲကို အလှုပယ် လှူကြပါတယ်။ ကျောင်းတိုက် အသုံးအဆောင်ပစ္စည်းတွေ ဖြစ်တဲ့ အချိန် ၁၀၀ ဝင် ဆွမ်းဒန်အိုး တစ်လုံး၊ စတီးပန်းကန်ပြား အခု၁၀ ၅၀၊ စတီးဆွမ်းလိုက် ဇလုံကြီး ၁၀ လုံး၊ စတီးဇွန်း နှစ်ဒါဇင်၊ မာတ်ဘူးကြီး နှစ်လုံးတို့ကိုပါ လှူကြပါသေးတယ်။ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ အရှင်္ဆာမဏေး, နေ့ဆွမ်း, ဖျော်ရည်, လျှပ်စစ်မီးကုသိုလ်ရှင်တွေအဖြစ် မည်မြို မိသားစု, မဉ္ဇလွိုင် မိသားစု, မစိန်စိန်မြ မိသားစုတို့က တာဝန်ယူကြပါတယ်။ မည်မြိရဲ့ နိဗ္ဗာန်ဆော် လုပ်ပေးမှုကြောင့် အခြားအခြားကုသိုလ်ရှင်တွေလည်း ပေါ်ပေါက်လာကြပါသေးတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှ ကိုရင်အဂ္ဂဓမ္မ၊ ကိုရင်ပေသလ၊ ကိုရင်ဥတ္တရနဲ့ ဖိုးရာဇိန္ဒကို မည်မြိရဲ့အစ်မတစ်ဝမ်းကွဲ မစိန်စိန်မြ (အင်း၀)၊ မစိန်စိန်မြရဲ့အစ်ကို ကိုမောင်မောင် + မနှင်းနှင်းနဲ့ မစိန်စိန်မြရဲ့အစ်မ မချို၊ မမော်တို့က ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ပေးဖို့ တာဝန်ယူထားကြပါတယ်။ ဒါတွေအားလုံးဟာ မည်မြိနဲ့ ဆက်နွယ်ပြီး မည်မြိရဲ့ နှိုးဆော်တိုက်တွန်းမှုတွေကြောင့် ဖြစ်ပေါ် လာကြတာတွေပါပဲ။ သာမဏေကျော် မဟာဂန္ဓာရုံသာသနာ့အတွက် အထူးထောက်ပံ့သူတွေထဲမှာ မည်မြိက ထူးထူးခြားခြား ပါဝင်နေသူတစ်ဦး ဖြစ်ပါတယ်။

အားမငယ်ပါနဲ့

၂-၃-၂၀၀၆ နေ့ နေ့ဆွမ်းကို ဒေါ် သူဇာအောင်တို့ လာကပ်လှူကြပါတယ်။ ဆွမ်းခံသံဃာ နှစ်တန်းကတော့ ဆွမ်းခံကြွမြဲ ကြွကြပါတယ်။ နှင်းတွေကတော့ ဒီနေ့မှာလည်း ပိတ်ပိတ်သည်းသည်း ဝေနေဆဲပါပဲ။ မိုးကုတ်မှ ဥုးဇဝနထံ ဥုးသြဘာသ ဖုန်းဆက်ပါသေးတယ်။ နောက်သုံးရက်လောက်ကြာမှ ဥုးဇဝန လာမယ်လို့ ပြောပါတယ်တဲ့။ စပါးတွင်းရွာမှ ဥုးဥာနဝရထံ ဖုန်းပြောလိုလို့ မောင်အောင်ဆန်း, မောင်လှဝင်းတို့ အကြိမ်ကြိမ် ကြိုးစားပေ

http://www.dhammadownload.com

မယ့် မရပါ။ ဆားတောင်ရှိဖုန်း, သလဲဘာရှိဖုန်းတွေနဲ့ ဆက်သွယ်ပေမယ့် ဘယ်ဖုန်းနဲ့မှ ဆက်သွယ်လို့ မရပါ။ ပြင်ဦးလွင် ပဏ္ဏိတာရာမ ဆက်ကြည့်တော့ ရလို့ တစ်ဆင့် ဥုးဥာနဝရထံ ပြောပေးမယ်လို့ ဆိုပါတယ်။ လုပ်အားပေးမယ့် စပါးတွင်းရွာက အဖွဲ့ကို တစ်ပတ်လောက် စောပြီး ရောက်စေလိုကြပါတယ်။ သင်တန်းသားတွေကိုတော့ သင်တန်းဖွင့်ခါနီးမှပဲ ရောက်စေလိုကြပါတယ်။ ၁-၃-၂၀၀၆ နေ့က ကျောင်းဒကာ ဦးခင်ဇော် ကျောင်းကို လာသွားပါသေးတယ်။ ထင်းတွေကိစ္စနဲ့ ပတ်သက်ပြီး စိတ်ရှုပ်လိုက်ရကြောင်း၊ သာမဏေကျော် ပြောထားသလို သစ္စာဆိုကြောင်းတွေကို ပြောသွားပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းသားအရေအတွက် ဘယ်လောက် ရှိနေပြီလဲလို့ မေးလို့ ၇၀ လောက် ရှိနေပြီလို့ ပြောလိုက်ပါတယ်။

"သာမဏေကျော်က ရှေ့က သတ္တိရှိရှိလုပ်ပါ။ တပည့်တော်က နောက်မှ သတ္တိရှိရှိ လုပ်ပေးပါမယ်။ သာမဏေကျော် အားမငယ်ပါနဲ့" လို့ ဦးခင်ဇော်က လျှောက်ထားသွားပါသေးတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအတွက် စားရေး, သောက်ရေး, နေရေး, ထိုင်ရေးတွေနဲ့စပ်ပြီး လိုအပ်တာတွေ ရှိရင် ဦးခင်ဇော်က အားလုံးတာဝန်ယူဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ "ဘယ်လို မီးစက် ဝယ်ရရင် ကောင်းမလဲ" လို့လည်း သူက တွေးနေပါတယ်။ ဖွင့်ပွဲနေ့မှာ ကျွေးမွေးမယ့် အလှူရှင် ရှိလားလို့ မေးနေပါသေးတယ်။ ဖွင့်ပွဲ နေ့မှာ လာသမျှပရိသတ်တွေကို ကျွေးမွေးဖို့ အစီအစဉ် မရှိပါ။ စွမ်းလည်း မစွမ်းနိုင်ပါ။ ကိုယ့်အိမ်ကပဲ ထမင်းကိစ္စပြီးအောင် လုပ်ခဲ့ကြဖို့ သင်တန်းသားစာရင်း လာသွင်းစဉ်ကပဲ ပြောလိုက်ရပါတယ်။ အဲဒီလို စားရေးကိစ္စ မရှုပ်ရအောင် မွန်းလွဲတစ်နာရီရောက်မှ အခမ်းအနားကို စတင်ဖွင့်မှာ ဖြစ်ပါတယ်။ ကျောင်းမှာ ခေါင်းအုံး ဘယ်လောက်ရှိလဲလို့ မောင်အောင်ဆန်းကို မေးကြည့်ရာ ၄၀ လောက် ရှိပါတယ်လို့ ပြောပါတယ်။ ပွဲလမ်းသဘင် ရှိလို့ ညအိပ် ပရိသတ်များတဲ့အခါမျိုးမှာ ခေါင်းအုံး မလောက်နိုင်သေးပါ။ စပါးတွင်းရွာမှ လာမယ့် ပရိသတ် ၃၀ လောက်အတွက် ပေးရတာနဲ့ ခေါင်းအုံးက ကုန်သလောက် ဖြစ်နေပါမယ်။ မောင်အောင်ဆန်းက ခေါင်းအုံးအလုံး ၂၀ လောက် ထပ်ဝယ်ဦးမယ်လို့ ပြောပါတယ်။ စွန့်ညီနောင် - စွန့်မင်း ကျောင်းဆောင်ကြီး

http://www.dhammadownload.com

ကို ရွှေ့ပြောင်းနေရင် ခေါင်းအုံး, စောင်, ခြင်ထောင် စတဲ့ အသုံးအဆောင် ပစ္စည်းတွေကို ထည့်ဖို့ ဗီရိုကြီးတွေ လုပ်ရပါဦးမယ်။ အောက်ထပ်မှာ ထားရင် ကောင်းမယ်လို့ တွေးထားမိပါတယ်။ ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေကို စနစ်တကျ ရိုရိုသေသေ သိမ်းဆည်းဖို့, သုံးစွဲဖို့ လိုအပ်လှပါတယ်။

သဘာဝက ပေးတဲ့

ဒေါ်သူဇာအောင်တို့ သူငယ်ချင်းတစ်သိုက်က ၁၈-၃-၂၀၀၆ နေ့မှာ လည်း ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကာလအတွင်း အရုဏ်ဆွမ်း ဆက်ကပ်ကြ ပါဦးမယ်။ လျှပ်စစ်မီးအလှူ နှစ်ညတာအတွက် လှူဒါန်းကြပါသေးတယ်။ အရုဏ်ဆွမ်းကပ်ဖို့ ၁၇-၃-၂၀၀၆ နေ့မှာ ညလာအိပ်ကြပါမယ်။ ဒေါ်သူဇာ အောင်က တဲကျောင်းတွေ အေးလို့ ကောင်းကြောင်း ခီုးကျူးနေပါသေး တယ်။ မကြာခင် တဲကျောင်းမှ တိုက်ကြီးတွေပေါ်သို့ ပြောင်းရွှေ့ကြရပါ မယ်။ မနိုင်နိုင်အောင်က အင်္ဂလိပ် အဘိဓာန်စာအုပ်တွေ, အင်္ဂလိပ် အသံ ထွက်စာအုပ်တွေကို လှူဒါန်းပါသေးတယ်။ အင်္ဂလိပ်စာ လေ့လာနေတဲ့ မောင်လှဝင်းနဲ့ ဥူးသြဘာသ, ဥူးဇင်္ဂီလတို့အတွက် အဲဒီအင်္ဂလိပ် စာအုပ်တွေ က အသုံးဝင်ကြပါလိမ့်မယ်။ သူတို့အား အဲဒီစာအုပ်တွေကို ပေးလိုက်ပါ မယ်။ ဒီနေ့မှာ သာမဏေကျော်နေမယ့် နှစ်ထပ်ဆောင်ကို ဆေးစတင် သုတ် ပါတယ်။ ဆေးသုတ်လိုက်တော့ ပိုမိုကြည့်ရှုချင်စဖွယ် ဖြစ်လာပါတယ်။ ဒေါ် သူဇာအောင်တို့ သူငယ်ချင်းတစ်သိုက်အား ဆွမ်းအနုမောဒနာတရား ဟော ပြီး ရေစက် ချပေးရပါသေးတယ်။ ဥူးသြဘာသ, ဥူးဇင်္ဂီလတို့ စာဝါတွေ တစ်ခြိန်ပျက်ပုံရပါတယ်။ ဧည့်ပရိသတ်တွေကြောင့် ပျက်ရတာ မကောင်းပါ။ စာဝါချမယ့် နေရာမှာ တရားဟောနေလို့ ဖြစ်ပုံရပါတယ်။

စာသင်တိုက်တွေမှာ စာဝါပို့ချမှု, သင်ယူမှု မပျက်ကွက်မှာဘဲ ကောင်း ပါတယ်။ သာမဏေကျော်နေရာ ကျောင်းဆောင်ရဲ့ အပြင်ထွက်ရင် နေပူပေ မယ့် ကျောင်းဆောင်ထဲမှာတော့ အေးပါတယ်။ လေ တဖြူးဖြူး တိုက်ခတ် နေလို့ အေးလှပါတယ်။ ဒေါ်သူဇာအောင်တို့သူငယ်ချင်းတစ်သိုက်က မိုးအခါ မိုးသည်းသည်း ရွာနေလည်း ပျော်ပျော်ပါးပါး သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းမှာ နေသွားတတ်ကြပါသတဲ့။ သူတို့က ကိုရင်တွေအား သူတို့မပြန်

http://www.dhammadownload.com

ခင် သုံးနာရီလောက်မှာ ဖျော်ရည်ကပ်သွားကြပါသေးတယ်။ သကြားလုံးထုပ်တွေနဲ့ ကော်ဖီမစ်ထုပ်တွေကို လှူသွားကြပါသေးတယ်။ သူတို့က ကျောင်းမှာ အေးအေးဆေးနေကာ လှူစရာတွေကို လှူသွားလေ့ ရှိကြပါသတဲ့။ လိပ်ပုတ်ရွာဥက္ကဋ္ဌနဲ့ စာရေးမတို့က မောင်လှဝင်းအား အငြိမ့်တိပ်ခွေ တစ်ခွေကို ၂၀၀၀ ကျပ်နဲ့ ရောင်းသွားပါသတဲ့။ စပါးတွင်းရွာအပါအဝင် သလဲဘာအုပ်စုမှာ ဥက္ကဋ္ဌအဖြစ် ကိုးနှစ်လုပ်ခဲ့တဲ့ မောင်လှဝင်းက ကိုယ်ချင်းစာကာ အဲဒီတိပ်ခွေကို ယူလိုက်ပါသတဲ့။

မနေ့က ချောင်းထဲရှိ နွားချေးတွေအနီးမှာ အမြဲအစိုဓာတ်ရနေတဲ့ မြေပေါ် ဘူးပင်တွေကို တွေ့ရရာ အဲဒီလိုနေရာမျိုးတွေမှာ ရေလည်း လောင်းဖို့ မလို, နွားချေးလည်း အစာကျွေးဖို့ မလိုလို့ နှစ်လလောက်အတွင်း စားလို့ရတဲ့ သီးပင်, တစ်လအတွင်း စားလို့ရတဲ့ သစ်ပင်တွေကို များများ စိုက်ပေးဖို့ လိုအပ်ကြောင်း သဘောပေါက်လာပါတယ်။ အဲဒီလို သဘာဝက ပေးတဲ့ အခွင့်အရေးတွေကို အသုံးချတတ်ဖို့ လိုအပ်ကြောင်း ဥးဩဘာသနဲ့ မောင်ချိုဝင်းအား ပြောပြရပါတယ်။ မောင်ချိုဝင်းကို အဲဒီလိုနေရာတွေမှာ လက်လွှတ်မပေးဘဲ စိုက်ပျိုးပေးဖို့ ပြောရပါတယ်။ သူတို့နှစ်ဦးကလည်း သဘောကျကြပါတယ်။ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းကာလအတွင်း စားလို့ ရနိုင်မယ့် သီးပင်, စားပင်တွေကို များများ စိုက်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှ သင်တန်းအတွင်း အသီးအနှံတွေကို ဝယ်ဖို့ မလိုတော့ပါ။ ဘူးပင်, ချဉ်ပေါင်, မုန်လာ, ကန်စွန်း, ခရမ်းပင်တွေကတော့ များစွာပဲ စားရပါတယ်။

တာဝန်ကိုယ်စီ

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းမှာ ပအိုဝ့် ကိုရင်လေးသုံးပါး ရှိပါတယ်။ ရောက်ခါစက မြန်မာစာကောင်းကောင်း မဖတ်တတ်ကြသေးပါ။ မြန်မာစာ ကောင်းကောင်း မဖတ်တတ်သေးတဲ့ မြန်မာကိုရင်လေးတစ်ပါးလည်း ရှိပါသေးတယ်။ ဥးဇဋ္ဌိလက အဲဒီကိုရင်လေးတွေကို သူငယ်တန်း မြန်မာဖတ်စာက စပြီး သင်ပေးပါတယ်။ အခုတော့ ဖတ်တတ်နေကြပါပြီ။ ပရိတ်ကြီး, ပဋ္ဌာန်း ပစ္စယနိဒ္ဒေသတွေကိုတောင် ရနေကြပါပြီ။ ပိဋကစာပေ

http://www.dhammadownload.com

အခြေခံတွေကိုလည်း သင်ယူနေကြရပါပြီ။ ဥူးပညာသိရီ ပို့ပေးတဲ့ ကိုရင်တွေ အဖွဲ့ထဲမှာလည်း မြန်မာစာ ကောင်းကောင်း မဖတ်တတ်သေးတဲ့ ကိုရင်လေးပါးလောက် ပါလာပါသေးတယ်။ စာလုံးပေါင်း တစ်လုံးချင်း ပေါင်းဖတ်မှ ဖတ်တတ်ကြပါတယ်။ အဲဒီကိုရင်တွေကိုလည်း ဥူးဇဋ္ဌိလက သင်ပေးရပါသေးတယ်။ ကိုရင်လေးတွေကို ပိဋကစာပေ အခြေခံသဒ္ဒါ, သဂြိဟ်တွေ နေ့စဉ် နှစ်ကြိမ်စီ သင်ပေးရင်း ဓမ္မပဒဝတ္ထုတွေနဲ့ ဇာတ်တော်တွေပါ ပြောပြပေးခဲ့ရပါတယ်။ ဇာတ်ဝတ္ထုတွေကို နားထောင်ရရင် လူငယ်တွေက အထူးပဲ စိတ်ဝင်စားကြပါတယ်။ စာသင်ယူကြရာမှာ ပျင်းလည်း မပျင်းရအောင် ဇာတ်တော်, ဓမ္မပဒ စတဲ့ ဝတ္ထုတွေမှ သင်ခန်းစာယူဖွယ်တွေကိုလည်း ယူတတ်ကြရအောင် ပြောပြခဲ့ရတာ ဖြစ်ပါတယ်။

မဟာဂန္ဓာရုံ, မဟာစည်, ရွှေတောင်ကုန်း, သပြေကန်ဆရာတော်ကြီး, ရွှေကျင်ဆရာတော်ကြီးတွေရဲ့အဆုံးအမတွေကို နေ့စဉ် တစ်လှည့်စီ နာယူကြရပါတယ်။ မဟာစည်ဆရာတော်ကြီးရဲ့တရားရှုမှတ်နည်းကိုလည်း နာယူမှတ်သားကာ ရှုမှတ်ကြရပါတယ်။ ဥပုသ်နေ့တွေမှာ စာမေးပွဲ ဖြေဆိုကြရပါတယ်။ သရဏဂုံနဲ့ ဆယ်ပါးသီလ, ဥပဇ္ဈာယ်ကို ထပ်ယူကြရပါတယ်။ နေ့စဉ် နံနက်ပိုင်းနဲ့ ညနေပိုင်းနှစ်ကြိမ် ဘုရားဝတ်တက်ကြရပါတယ်။ ဆွမ်းခံ မသွားခင်နဲ့ ညနေငါးနာရီလောက်မှာ နေ့စဉ် သန့်ရှင်းရေး, စိုက်ပျိုးရေးတွေကို ပြုလုပ်ကြရပါတယ်။ ရေလောင်း, ပေါင်းသင်လုပ်ကြရပါတယ်။ ပန်းကန်ခွက်ယောက် ဆေးကြောရေး, ဆွမ်းကျောင်း ဆွမ်းပြင်ရေး, သန့်ရှင်းရေး, အိမ်သာဆေးကြောရေးတွေမှာ သူတာဝန်နဲ့ သူ ခွဲဝေပေးထားပါတယ်။ တံမြက်စည်း, ပေါက်ပြား, အမှိုက်ပုံး, ရေပုံးတွေကို တာဝန်ခွဲကာ တစ်နေရာစီမှာ သပ်ရပ်ညီညာစွာ သိမ်းထားစေရပါတယ်။ ဒေါ်ကြီးတင်ငြိမ်နဲ့ ဒေါ်စန်းငွေတို့က မီးဖိုချောင်ချက်ပြုတ်ရေးတာဝန်တွေကို ယူကြပါတယ်။ ဆွမ်းခံသွားတဲ့အခါ စက်ဘီးနဲ့ သယ်သူက သယ်, ဆိုက်ကားနဲ့ သယ်သူက သယ်, လက်နဲ့ ဆွဲသူက ဆွဲနဲ့ ကျောင်းသားတွေက တာဝန်ကိုယ်စီ ယူကြရပါတယ်။ ဆွမ်းအိုးကြီးတွေ, ဆွမ်းဟင်းချိုင့်တွေ, အချိုပွဲပစ္စည်း, ပန်း စသည်တွေကို သယ်ယူကြရပါတယ်။ ဖိုးသူတော်လေးနှစ်ပါးက ဆွမ်းခံသံဃာနှစ်တန်းရှေ့မှာ ကြေး

http://www.dhammadownload.com

စည်တီးလျက် လိုက်ပါကြရပါတယ်။ တာဝန်ကိုယ်စီနဲ့ တစ်နေ့တာ တာဝန်တွေကို အသီးသီး ဆောင်ရွက်ကြရပါတယ်။

အသံတွေ

နေ့လယ်ခါန်မှာ နွေလိုပဲ ပူပြင်းနေပေမယ့် နံနက်ခင်းမှာတော့ နှင်းတွေက ဝေပြီး အုံ့ဆိုင်းနေပါတယ်။ ၃-၃-၂၀၀၆ တပေါင်းလဆန်း ၅ ရက်နေ့ ရောက်နေပါပြီ။ နွားခြံမှ နွားသံ, ဘဲသံတွေကို ကြားတဲ့အခါ ကြားရပါတယ်။ သာမဏေကျောင်းနေရာ တဲကျောင်းလေးရဲ့အရှေ့ဘက်မှာ ကပ်လျက်ရှိတဲ့ ဥနှဲပင်ပေါ် ဥနှဲသီးမှည့်တွေကို စားသုံးပျော်မြူးနေတဲ့ ဆက်ရက်ငှက်နဲ့ အခြားငှက်လေးတွေရဲ့ ကြည်နူးစွာ အော်မြည်နေသံလေးတွေကို ကြားတဲ့အခါ ကြားရပါတယ်။ တဲကျောင်းအနီး ဝါးခုံကြီးတစ်ခုံအပေါ် တကြော်ကြော် အော်မြည်နေတဲ့ ခြုံငှက်ရဲ့ အသံလေးကလည်း ကြည်နူးစရာ ကောင်းလှပါရဲ့။ ခပ်လှမ်းလှမ်းရှိဆယ်အိမ်တန်း ရွာလေးဆီကလား ဒါမှမဟုတ် ခပ်လှမ်းလှမ်းရှိ တောင်တန်းလေးပေါ် ကလား တိတိကျကျ မသိရတဲ့ နေရာဆီက ပြန့်လွင့်လာတဲ့ ဥဩငှက်ရဲ့ အသံသာသာလေးက နားထဲမှာ ဝင်လာပါသေးတယ်။ စွန်ညိနောင် - စွန်မင်း ကျောင်းဆောင်တွေကို ဆောက်လုပ်နေကြတဲ့ အလုပ်သမားတွေရဲ့ နှုတ်ဖျားမှ ထွက်ပေါ် လာတဲ့ တေးသံလေးကွေကလည်း တစ်ခါတစ်ရံ နားထဲ ပြေးဝင်လာကြပါသေးတယ်။ ပွဲလမ်းသဘင် ရှိတဲ့အခါ ကျေးရွာတွေမှာ ဖွင့်လေ့ရှိတဲ့ တွံတေးသိန်းတန်စတဲ့ အဆိုတော်တွေရဲ့ တေးသံလေးတွေကို ကြားတဲ့အခါ ကြားရပါရဲ့။ အမြှောက်သခ်ိမ်းကျောင်းမှာ တရားစခန်း ရှိရင် တရားဟောဆရာတော်တွေရဲ့ တရားဟောသံတွေကိုလည်း အသံခွဲစက်မှ နာခံရပါတယ်။

သာရေး, နာရေး ပွဲလမ်းသဘင်တွေ ရှိလို့ အရှင်ဥာနိဿရစတဲ့ ဓမ္မကထိက အကျော်အမော်တွေရဲ့အသံတွေကိုလည်း နံနက်စောစောအချိန်အခါတွေမှာ ကြားရတတ်ပါသေးတယ်။ မင်္ဂလာဆောင်ပွဲတွေ ရှိရင် ကာရာအိုကေ ဆိုကြသူတွေရဲ့ ကောင်း, မကောင်း အသံစုံတွေကိုလည်း ကြားရပါရဲ့။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်အတွင်း သစ်ပင်ကြီးငယ်တွေမှာ နားခိုနေကြတဲ့ ငှက်ငယ်, ငှက်ကြီးအသီးသီးတို့ရဲ့ နံနက်, နေ့လယ်,

http://www.dhammadownload.com

ညနေပိုင်းတွေမှာ ပျော်ရွှင်မြူးထူး ကြည်နူးနေကြတဲ့ အသံတွေကိုလည်း သတိထားရင် ထားသလောက် ကြားရပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှ စာချဆရာ ဥုးသြဘာသနဲ့ဥုးဇင်္ဂီလတို့ရဲ့ စာချပေးတဲ့အသံ, စာသင်ယူကြတဲ့ ကိုရင်, ကျောင်းသား, ဖိုးသူတော်တွေရဲ့စာသင်ယူကြသံ, စာကျက်ကြသံ, စာပြန်ကြသံတွေကိုလည်း နေ့စဉ်ပဲ ကြားနေရပါတယ်။ သံဃာတွေနဲ့ဝေယျာဝစ္စလုပ်သူတွေရဲ့ ဘုရားဝတ်တက်သံ, ပရိတ်, ပဋ္ဌာန်းရွတ်သံ, မေတ္တာပို့သံ, အမျှဝေသံ, သာဓုခေါ်သံတွေအပြင် ခေါင်းလောင်းသံ, တုံးသံတွေကိုလည်း နေ့စဉ်ပဲ ကြားရပါတယ်။ အဲဒီ အသံတွေအပြင် သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်အပေါ် မေတ္တာ, ကရုဏာ, မုဒိတာ, သဒ္ဓါ, စေတနာထားရှိကြတဲ့ ရဟန်း, ရှင်, လူတွေရဲ့မေတ္တာသံ, ကရုဏာသံ, မုဒိတာသံ, သဒ္ဓါသံ, စေတနာသံတွေကလည်း သာမဏေကျော် မဟာဂန္ဓာရုံကျောင်းအဖို့ သာယာကြည်နူးဖွယ် အသံကောင်း, အသံမြတ်တွေ ဖြစ်ကြပါပေတယ်။ အဲဒီအသံကောင်း, အသံမြတ်တွေကို ကြားရပါတယ်။ မင်္ဂလာရှိတဲ့ အသံတွေပါပဲ။ သာမဏေကျော် မဟာဂန္ဓာရုံအပေါ် ဌက်ဆိုးထိုးသံလို အပြစ်ဆိုကြတဲ့ အသံတွေလည်း ရှိချင် ရှိပါလိမ့်မယ်။ လောကကြီးမှာ အကောင်းနဲ့ အဆိုးဟာ နေရာတကာမှာ ဒွန်တွဲနေစမြဲ မဟုတ်လား။

သာမဏေကျော့် စာအုပ်မုန်သမျှ

သာမဏေကျော် ရေးပြီးတဲ့ စာအုပ်တွေက ၁၀၀ လောက် ရှိနေပါပြီ။ ဦးကျော်ဦး (ပါရမီ) ထံမှာပဲ ၇၀ ကျော် ရှိမယ်ထင်ပါတယ်။ ဦးကျော်ဦး မရိုက်နှိပ်တဲ့ ပဏ္ဏိတာရာမနဲ့ဆိုင်ရာ စာအုပ်တွေကိုလည်း ရေးသားထားပါသေးတယ်။ ပဏ္ဏိတာရာမနဲ့ ဆိုင်တဲ့ စာအုပ်တွေကိုတော့ ပဏ္ဏိတာရာမကပဲ တာဝန်ယူရိုက်နှိပ်ခဲ့ပါတယ်။ သာမဏေကျော် မမျှော်လင့်ဘဲ သေသွားခဲ့ရင် သာမဏေကျော် ရေးသားထားသမျှ စာအုပ်အားလုံးဟာ သာမဏေကျော် မဟာဂန္ဓာရုံသာသနာအတွက်သာ ဖြစ်ရမယ်လို့ စိတ်ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် ဒကာကြီး ဦးကျော်ဦးထံ ၁၇-၈-၂၀၀၅ နေ့က စာလေးကို ရေးပေးခဲ့ပါတယ်။ ဒကာကြီး ဦးကျော်ဦးဘက်ကလည်း အဲဒီလိုပဲ နားလည်ခံယူထား

http://www.dhammadownload.com

လိမ့်မယ်လို့ သဘောပေါက်ထားပါတယ်။ ဒကာကြီးက အောက်ပါအတိုင်း စာပြန်ရေးကာ လျှောက်ထားလာပါတယ်။

ဆရာတော် သာမဏေကျော်ဘုရား -

ဆရာတော်ရဲ့စာမူကိစ္စမှာ ဆရာတော် အမိန့်ရှိသကဲ့သို့ ဖြစ်သင့်ပြီး တပည့်တော် ခံယူထားသည်နှင့်လည်း တစ်ထပ်တည်း ဖြစ်နေပါကြောင်း လျှောက်ထားပါသည်။

ရိုးသေစွာဖြင့်

ဒကာ - ကျော်ဦး

ဒကာကြီး ဦးကျော်ဦးက မောင်လှဝင်း စတင်စာအုပ်ထုတ်ဝေတဲ့အခါ စိတ်ကောင်းစေတနာကောင်းနဲ့ မောင်လှဝင်းအား အားရပါးရ လှိုက်လဲစွာ ကူညီပေးပါတယ်။ ပဏ္ဍိတာရာမဆိုင်ရာ စာအုပ်တွေကိုတော့ ပဏ္ဍိတာရာမ ဆရာတော်ကြီး သက်တော်ထင်ရှားရှိခိုက် ပဏ္ဍိတာရာမဆရာတော်ကြီးရဲ့ ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ပဏ္ဍိတာရာမကိုပဲ ဆက်လက်ရိုက်နှိပ်ခွင့် ပေးထားပါမယ်။ ပဏ္ဍိတာရာမ ဆရာတော်ကြီး မရှိတော့တဲ့နောက်ပိုင်းမှာတော့ ပဏ္ဍိတာရာမဆိုင်ရာ သာမဏေကျော်ရဲ့ စာအုပ်မှန်သမျှဟာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ မူပိုင်သာ ဖြစ်ရပါမယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ကပဲ ဆက်လက် တာဝန်ယူ ရိုက်နှိပ်သွားပါမယ်။ သာမဏေကျော်က ဒကာကြီး ဦးကျော်ဦးထံ သာမဏေကျော်စာအုပ်တွေနဲ့ ပတ်သက်ပြီး အောက်ပါစာလေးကို ရေးပေးခဲ့ပါတယ်။

ဒကာကြီး ဦးကျော်ဦး (ပါရမီစာပေ)

သေခြင်းတရားကို အောက်မေ့နလုံးသွင်းလိုက်တဲ့အခါတိုင်း သာမဏေကျော်ဟာ အချိန်မရွေး သေသွားနိုင်တယ်လို့ တွေးမိပါတယ်။ သက်တမ်းစေ့မနေရဘဲ မမျှော်လင့်ဘဲ ရုတ်တရက် သေသွားခဲ့ရင် သာမဏေကျော် ရေးသားထားတဲ့ စာအုပ်တွေနဲ့ ပတ်သက်ပြီး အရှုပ်အထွေး မဖြစ်စေလိုပါ။ သာမဏေကျော်ကတော့ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ထုံးကို နှလုံးမူပြီး ကျင့်သုံးသွားပါမယ်။ မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ စာအုပ်တွေဟာ မဟာဂန္ဓာရုံ သာသနာအတွက် ဖြစ်ရသလို သာမဏေကျော်ရဲ့ စာအုပ်မှန်သမျှဟာလည်း သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းတိုက်သာသနာအတွက် ဖြစ်ရပါ

http://www.dhammadownload.com

မယ်။ သာမဏေကျော် ရေးသားထားတဲ့ စာအုပ်မှန်သမျှဟာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ မူပိုင်သာ ဖြစ်ပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်က ကိုယ့်ဘာသာ ရိုက်ထုတ်နိုင်တဲ့အခါ သာမဏေကျော်ရဲ့ စာအုပ်အားလုံးကို သာမဏေကျော် မဟာဂန္ဓာရုံကပဲ ရိုက်ထုတ်သွားပါမယ်။

သာမဏေကျော်က အရင် သေပြီး ညီအရင်းဖြစ်တဲ့ ဥူးဩဘာသအသက်ထင်ရှားရှိနေသေးရင် သာမဏေကျော် မဟာဂန္ဓာရုံသာသနာအတွက် ဥူးဩဘာသကပဲ သာမဏေကျော်စာအုပ်အားလုံးကို တာဝန်ယူဆောင်ရွက်သွားပါမယ်။ ညီတစ်ဝမ်းကွဲဖြစ်သူ မောင်လှဝင်းက ရိုက်ထုတ်နိုင်ရင် ရိုက်ထုတ်နိုင်သလောက် သာမဏေကျော်စာအုပ်တွေကို ရိုက်ခွင့်ပေးသွားပါမယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်သာသနာအတွက် ဘဝကို မြှုပ်နှံပြီး ဆောင်ရွက်ပေးတဲ့ မောင်လှဝင်းရဲ့ကျေးဇူးတွေကို ငဲ့ပြီး မောင်လှဝင်း ဘဝ ရပ်တည်သွားနိုင်အောင် သာမဏေကျော်မှာ တာဝန်ရှိလို့ ဆောင်ရွက်ပေးရတာပါ။ မောင်လှဝင်း မရိုက်နှိပ်နိုင်သေးတဲ့ စာအုပ်တွေကို မရိုက်နှိပ်နိုင်သေးသမျှ ဒကာကြီး ဦးကျော်ဦးကိုပဲ ဆက်လက်ရိုက်နှိပ်ခွင့် ပေးထားပါတယ်။

မောင်လှဝင်းလည်း ရိုက်နှိပ်ထုတ်ဝေဖို့ဆိုတာ အချိန်တိုတိုနဲ့ ဖြစ်နိုင်မယ် မဟုတ်ပါ။ ဒါကြောင့် သာမဏေကျော်စာအုပ်တွေကို ဒကာကြီး ဦးကျော်ဦးအနေနဲ့ အချိန်ကြာမြင့်စွာ ထုတ်ဝေခွင့် ရနေနိုင်လိမ့်မယ်လို့ ထင်မိပါတယ်။ ဒကာကြီး ဦးကျော်ဦးနဲ့ အလုပ်လုပ်ရတာ အဆင်ပြေလှပါတယ်။ အလွန်ပဲ စိတ်ချမ်းသာရပါတယ်။ သာမဏေကျော် အခုလို စာရေးရတာဟာ မမျှော်လင့်ဘဲ သေသွားခဲ့သော် သေတမ်းစာအနေဖြစ်အောင် ရေးဖို့ ဝန်လေးပေမယ့် အားနာနာနဲ့ပဲ ရေးရတာပါ။

ဦးကျော်ဦးမှာ ရိုက်စရာ စာအုပ်တွေက အခြားစာရေးဆရာပေါင်းများစွာရဲ့ စာအုပ်တွေလည်း ရှိတာမို့ ပေါများပါတယ်။ မောင်လှဝင်းကို ဦးကျော်ဦးရဲ့ တပည့်တစ်ဦးအနေနဲ့ လက်တွဲခေါ်ဆောင်သွားပေးလိမ့်မယ်လို့ သာမဏေကျော်ရော, မောင်လှဝင်းပါ ယုံကြည်ထားပါတယ်၊ အားကိုးထားပါတယ်။

http://www.dhammadownload.com

အခု ရေးထားတဲ့ ဒီစာကို ဥူးသြဘာသထံရော, မောင်လှဝင်းထံမှာပါ ပေးထားပါတယ်။ သေခြင်းတရားဟာ ဘယ်သူ့ထံမဆို အချိန်မရွေး ရောက်လာနိုင်ပါတယ်။ ဒါကြောင့် သေပြီးနောက် ရှုပ်တတ်တဲ့ အရှုပ် မရှိရအောင် ယခုနှယ်က ရေးလိုက်ရတာပါ။

ကျန်းမာချမ်းသာပါစေ။

သာမဏေကျော်

၁၃၆၇ - ခု၊ ဝါခေါင်လဆန်း (၁၃) ရက်။

၁၇၊ ၈၊ ၂၀၀၅။

မွေးသဗျာ

ကျောင်းဒကာ ဦးခင်ဇော်က စွန့်ညီနောင်-စွန့်မင်း ကျောင်းဆောင် အမှတ်တစ်နဲ့နှစ်ကို ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအမီ ပြီးစေချင်လို့ ဆေးသုတ်သမား, လက်သမား, ပန်းရန်သမား, ကြွေပြားကပ်သမား, ကော်ပတ်စားသမားတွေကို အရေးတကြီး မြန်မြန် ပြုလုပ်စေပါတယ်။ မီးစက်ကို ည ၁၁ နာရီလောက်ထိ မောင်းပြီး အပေါ် ထပ်ကြမ်းခင်းကို ကော်ပတ်စားမှု ပြုလုပ်ကြပါတယ်။ ဆေးသုတ်ကြပါတယ်။ ကြွေပြားကပ်ကြပါတယ်။ ဖြတ်တောက်ကြပါတယ်။ စက်သံက ဆူညံလှပါတယ်။ နွားခြံဘက်က မီးစက်မောင်းတဲ့ အခါ ကိုယ့်ဘက်က ဆူညံတယ်လို့ ထင်မှတ်ပါတယ်။ ကိုယ့်ဘက်က စက်သံက နွားခြံဘက်က စက်သံထက် ပိုမို အသံဆူညံပါတယ်။ ကိုယ့်ဘက်က စက်သံက ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးမှာ သေချာပါတယ်။ ကိုယ့်ဘက်က စက်သံနဲ့ ပတ်သက်ပြီး မောင်လှဝင်းက ရယ်ကာမောကာနဲ့ အောက်ပါ အကြောင်းအရာလေးကို ပြောပြပါတယ်။

"တပည့်တော်တို့ စပါးတွင်းရွာက ကိုစောမြင့်က သူတစ်ပါး သား, သမီးတွေရဲ့ ချေး (မစင်) ကို နံတယ်လို့ ပြောတတ်ပါတယ်။ ကိုစောမြင့် အိမ်ထောင်ကျပြီး သားလေး ရလာတဲ့အခါ သူ့အစ်မတွေဖြစ်တဲ့ မပိုနဲ့မချို့တို့အား "အစ်မတို့၊ ကျုပ်သားလေးရဲ့ချေးက မနံဘဲ မွေးသဗျာ" လို့ သူ့လက်ဝါးပေါ် တင်ပြီး ပြောပြပါသတဲ့။

http://www.dhammadownload.com

သာမဏေကျော်လည်း ရယ်ရပါတယ်။ ကိုစောမြင့်က သာမဏေကျော်ရဲ့ ဦးလေးတစ်ဝမ်းကွဲတော်စပ်သူ ဖြစ်ပါတယ်။ ပြီးတော့ မောင်လှဝင်းက ဒီလို ဆက်ပြောပါသေးတယ်။

"ကိုယ့်ဘက်က စက်မောင်းသံကိုတော့ သီချင်းသံလို နားထောင်လို့ကောင်းနေပါတယ်။ တပည့်တော်လည်း ကိုစောမြင့်လို ဖြစ်နေတာပေါ့ဘုရား။"

ဦးခင်ဇော်က မီးစက်အသစ်တစ်လုံး ဝယ်ပြီး လှူပါဦးမယ်။ မီးစက်ထားဖို့နေရာကို ချက်ဖိုဆောင်နဲ့ကပ်လျက် တည်ဆောက်ပါမယ်။ မီးစက်နဲ့ပတ်သက်ပြီး နားလည်ကာ ကိုင်တွယ်သုံးစွဲတတ်တဲ့ ပုဂ္ဂိုလ်တစ်ဦး လိုမယ်လို့ ဦးခင်ဇော်က ပြောပါတယ်။ သင့်တော်ရာပုဂ္ဂိုလ်ကို ရွေးချယ်ပေးရပါမယ်။ မီးစက်မောင်းတဲ့အခါ အဲဒီမီးစက်သံက အနှောင့်အယှက် မဖြစ်စေရင် ကောင်းပါမယ်။ အဲဒီအခါမှာလည်း မောင်လှဝင်းဟာ ကိုစောမြင့်လိုပဲ ခံစားနိုင်ပါဦးမလား။ သီချင်းသံလိုပဲ သာယာနာပျော်ဖွယ် ရှိနေဦးမှာလား။ ပဋ္ဌပတ်ဘက်ပိုင်းမှာ နေတဲ့ မောင်လှဝင်းအဖို့ ပရိယတ်ဘက်ပိုင်းက စက်သံဟာ မဆူညံလှတာမို့ နားခံသာနေပါလိမ့်မယ်။ အစိုးရထံက လျှပ်စစ်မီးသွယ်ခွင့် ရလာခဲ့မယ်ဆိုရင်တော့ မီးစက်သံ ဆူညံတာကို နာခံရမှု သက်သာသွားပါတော့မယ်။

အစာ

၄-၃-၂၀၀၆ နေ့မှာ စာဝါ နားလိုက်ကြပါတယ်။ ဆွမ်းခံပြန်မှာ အချိန်တစ်နာရီနီးပါး ချောင်းထဲမှ နွားချေးတွေကို ကုန်းပေါ် သယ်ယူကြပါတယ်။ နေ့လယ်တစ်နာရီကစပြီးလည်း ထပ်ကာ သယ်ယူကြပြန်ပါတယ်။ အဖွဲ့သုံးဖွဲ့ခွဲပြီး သယ်ယူကြပါတယ်။ ဥုးဩဘာသနဲ့ ဥုးဇဋိလတို့က တစ်ဖွဲ့စီဦးဆောင်ကြပါတယ်။ သာမဏေကျော်က သုံးဖွဲ့လုံးကို လိုက်ကြည့်ပါတယ်။ မောင်ချိုဝင်းနဲ့မောင်အောင်ဆန်းဦးတို့က ချောင်းထဲမှ နွားချေးအရည်တွေကို စက်နဲ့ စုတ်တင်ကာ စိုက်ခင်းတွေထဲ လောင်းထည့်ကြပါတယ်။ စပါးတွင်းရွာမှ လှော်ကား ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအတွက် လာကြမယ့် ပရိသတ်တွေ မလာခင် ကြိုတင်ပြီး နွားချေး သယ်ယူမှုကို ပြုလုပ်ကြပါတယ်။ နွားချေးတွေ အများကြီးပဲ ရပါတယ်။ ညနေ ငါးနာရီရောက်မှ ပြီးပါတယ်။ ကိုရင်တွေ

http://www.dhammadownload.com

နွားချေးတွေ ပေကျန်နေလို့ ကိုရင်တွေဟာ ကျွဲလေးတွေနဲ့ တူနေပါတော့တယ်။ ရေချိုးကြရာမှာ ကိုရင်တွေ ချိုးနေကျ ရေကန်မှာ ရေအလာ နည်းနေလို့ သာမဏေကျော်ချိုးရာ ရေကန်မှာ ရေချိုးခိုင်းရပါတယ်။ နက်ဖြန် အဖိတ်နေ့ ဖြစ်မှာမို့ သူတို့ ရေချိုးနေကြတုန်း ဦးခေါင်းရိတ်ပေးမယ်လို့ ပြောလို့ ခေါင်းရိတ်ဖို့ သွားကြပါတယ်။

နွားချေးတွေကို စွန်ညီနောင်ဘက် (ပရိယတ်ဘက်) မှာ သစ်ပင်တွေကို အစာကျွေးဖို့ စုထားရတာ ဖြစ်ပါတယ်။ ပရိယတ်ဘက်ပိုင်းမှာက ကွင်းပြင်ကြီးပဲ ရှိနေပါသေးတယ်။ စိုက်ထားတဲ့ သရက်, ပိန္နဲ, ငှက်ပျော, မလေးရှား, ပိတောက် စတဲ့ သစ်ပင်တွေက မကြီးထွားကြသေးပါ။ ငှက်ပျောပင်တွေက ရေမသောက်ရလို့ မသန်စွမ်းကြပါ။ မစိမ်းစိုကြပါ။ သရက်, ပိန္နဲ, မလေးရှား, ပိတောက်စတဲ့ သစ်ပင်တွေက သေးငယ်နေကြပါသေးတယ်။ သံယာတွေ ပြောင်းရွှေ့နေထိုင်ပြီးမှပဲ သစ်ပင်လေးတွေကို ပြုစုပျိုးထောင်ပေးကြရပါမယ်။ မြက်ရှင်းကြရပါမယ်၊ ရေလောင်းကြရပါမယ်၊ မြေဆွေးကြရပါမယ်၊ နွားချေးကျွေးကြရပါမယ်၊ သစ်ပင်လေးတွေ ကြီးလာရင် စိမ်းလန်းစိုပြည်မှုတွေ ရှိလာပါမယ်။ နှစ်နှစ်လောက် ပြုစုလိုက်ရရင် အတော်လေး စိုပြည်လာမယ် ထင်ပါရဲ့။ ရေလည်း သောက်ရ, နွားချေး အစာလည်း စားရ, မြက်လည်း ရှင်း, မြေလည်း ရွှနေရင် ဘယ်မှာ မစိမ်းစိုဘဲ ရှိပါ့မလဲ။

စွန်ညီနောင် - စွန်မင်းရဲ့ကျောင်းဆောင်ကြီး လေးဆောင်ကလည်း လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားပေါ်လွင်လှပါတယ်။ စိမ်းစိုညိုမှိုင်းနေတဲ့ သစ်ပင်အပေါင်း ဝိုင်းရံခြည်းနေရင်တော့ ကျောင်းဆောင်ကြီးတွေဟာ ပိုမို ရှုချင်စဖွယ် ဖြစ်လာကြပါမယ်။ ပဋိပတ်ဘက်မှာလို စိမ်းစိုညိုမှိုင်းနေတဲ့ သစ်ပင်တွေ ရှိလာအောင် ကြိုးစားပြုစုပေးကြရပါဦးမယ်။ ကိုရင်လေးတွေနဲ့ ဖိုးသူတော်လေးတွေကိုလည်း အဲဒီသစ်ပင်တွေပမာ ပြုစုပျိုးထောင်ပေးကြရပါမယ်။ သစ်ပင်လေးတွေကလည်း စိမ်းလန်းစိုပြည်လာ, ကိုရင်, ဖိုးသူတော်လေးတွေကလည်း ပရိယတ်, ပဋိပတ်အသိပညာတွေ ဝေဆာလာရင်တော့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ဟာ ပိုမိုနေချင်စဖွယ် ဖြစ်လာပါလိမ့်မယ်။ သာမဏေကျော် ညီအစ်ကိုတစ်သိုက်, ဆွေမျိုး

http://www.dhammadownload.com

တစ်သိုက်, ဆရာတပည့်တစ်သိုက်ဟာ အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်နေကြပါတယ်။ နွားချေးအစာတွေကို သစ်ပင်တွေအား ကျွေးပေးရသလို ကိုရင်, ဖိုးသူတော်လေးတွေအားလည်း ပရိယတ်၊ ပဋိပတ် အစာတွေကို စွမ်းနိုင်သမျှ ကျွေးပေးနေကြပါတယ်။

အထောက်အကူ

လှော်ကားတောရကျောင်းမှာ ဘုရားပွဲ ရှိပါသတဲ့။ တွံတေးသိန်းတန်ရဲ့ သီချင်းတွေကို ဖွင့်တာ များပါတယ်။ သာမဏေကျော်ရဲ့ဇာတိရပ် စပါးတွင်းရွာမှာရော အနီးအနားက ရွာတွေမှာပါ တွံတေးသိန်းတန်ရဲ့သီချင်းတွေကို အကြိမ်များစွာ နားထောင်ခဲ့ရပါတယ်။ ဒါကြောင့် တွံတေးသိန်းတန်ရဲ့ သီချင်းသံတွေကို နားထောင်ရတဲ့အခါ ဇာတိရွာစပါးတွင်းကို သတိရမိပါတယ်။ လှော်ကားတောရကျောင်းမှာ သက်တော် ၇၀ ကျော် ဆရာတော်ကြီး ရှိပါသတဲ့။ မျက်စိနှစ်ကွင်း အလင်းမရရှာတော့ပါ။ လမ်းလျှောက်ရင် ကြိုးတန်းကို ကိုင်ပြီး လျှောက်ရပါတယ်။ နှစ်ကျိပ်ရှစ်ဆူဘုရားကျောင်းကိုလည်း ဆရာတော်ဥုးဂန္ဓသာရက တည်ဆောက်နေပါတယ်။ လှော်ကားတောရကျောင်းနဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားကျောင်းဟာ နီးကပ်ပါတယ်။ နှစ်ကျိပ်ရှစ်ဆူဘုရားကျောင်းဆရာတော်ကြီးကလည်း သက်တော် ၇၀ ကျော်ပါပြီတဲ့။ သူက အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းရဲ့ အစပိုင်းကာလမှာ မဟာဂန္ဓာရုံမှာနေခဲ့ပါသတဲ့။ မဟာဂန္ဓာရုံထွက်ချင်း တူပေမယ့် သာမဏေကျော်က အဲဒီဆရာတော်ကြီးကို မဖူးတွေ့ဖူးသေးပါ။ သူ့ဘုရား ကျောင်းဝင်းထဲမှာ 'သက်လွတ်မေတ္တာနယ်မြေ' ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို တွေ့ရပါတယ်။ သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ ပဋိပတ်ဘက်နေရာနဲ့ အနီးဆုံးနေရာမှာ အမြိုက်သခ်မ်းကျောင်း ရှိပါတယ်။ နွားခြံဧရိယာ ခြားကွယ်နေပါတယ်။

ပရိယတ်ဘက်နေရာရဲ့ အနီးဆုံးနေရာမှာတော့ အောင်စည်ဟိန်းမဟာစည်သာသနာ့ရိပ်သာ ရှိနေပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံရဲ့ အနီးဝန်းကျင်မှာ ဘုန်းကြီးကျောင်းလေးကျောင်း ရှိနေပါတယ်။ ပွဲသဘင်ရှိလို့ စားပွဲ, ကုလားထိုင်, ကော်ဇော, ဖျာ စတဲ့ ပစ္စည်းတွေ လိုအပ်ရင် အမြိုက်

http://www.dhammadownload.com

ကျောင်းမှာ သွားငှားရပါတယ်။ ဘက်ထရီအားသွင်းချင်ရင်လည်း အမြဲကဲ့မှာပဲ သွားသွင်းရပါတယ်။ အမြဲကဲ့ကျောင်းက ကူညီပါတယ်။ ဥူးသူရိယဘွဲ့ အမည်ရှိ ကရင်ဥူးဇင်းတစ်ပါးက အမြဲကဲ့မှာ စောင့်ထိန်းနေပါတယ်။ သူက လည်း သဘောကောင်းပါတယ်။ အမြဲကဲ့ကျောင်း, နှစ်ကျိပ်ရှစ်ဆူကျောင်းနဲ့ လှော်ကားတောရကျောင်းတွေမှာတော့ အစိုးရလျှပ်စစ်မီး ရပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာတော့ မရသေးပါ။ လျှပ်စစ်မီးသွယ်ခွင့် ရအောင် ဒကာကြီး ဦးလေးမောင်က ကူညီပေးပါတယ်။ အခုအထိ အမကောင်အထည် မပေါ်သေးပါ။

ကျောင်းသစ်ဆိုတော့ ရေရအောင်လည်း ကြိုးစားခဲ့ရပါတယ်။ ဒကာကြီး ဦးသောင်းရင်ရဲ့ ကြိုးစားပေးမှု, မောင်လှဝင်းရဲ့လှူပ်ရှားမှု, ကျောင်းဒကာ ဦးခင်ဇော်ရဲ့ ပိုက်လုံးသွယ်မှုအတွက် ကုန်ကျတဲ့ သိန်း ၃၀ ကျော် လျှူတွေကြောင့် ရေနဲ့ ပတ်သက်ပြီး အဆင်ပြေ ချမ်းသာသွားရပါတယ်။ ရေရလာတဲ့အတွက် သောက်ရေး, ချိုးရေး, ချက်ပြုတ်ရေး, အဆောက်အအုံ တည်ဆောက်ရေး, စိုက်ပျိုးရေးတွေမှာ အဆင်ပြေလာလို့ အလွန်ပဲ စိတ်ချမ်းသာရပါတယ်။ ပရိယတ်, ပဋိပတ် သာသနာ့ကိစ္စတွေကို ဆောင်ရွက်ရရာမှာ များစွာပဲ အထောက်အကူ ရလှပါတယ်။

ကျေးဇူးဆပ်နည်း

၅-၃-၂၀၀၆ နေ့ကလည်း ကိုရင်တွေက နွားချေးတွေကို ချောင်းထဲမှ သယ်ယူကာ ကုန်းပေါ် တင်ကြပါသေးတယ်။ နွားချေးတွေ တော်တော် များလာပါတယ်။ ငါးရက်လောက် သယ်လိုက်မယ်လို့ စိတ်ကူးထားပါတယ်။ မနေ့က ကုလားတို့, ကျောက်ဒိုးတို့ လေးယောက်အုပ်စုလည်း နွားချေးတွေကို ဝိုင်းကူ သယ်ပေးကြပါသေးတယ်။ ဦးခင်ဇော်တို့ မနေ့ ၅-၃-၂၀၀၆ က လာကာ ခုတင်, စားပွဲ, ကုလားထိုင်, ဗီရိုတွေကို လာပို့ကြပါတယ်။ နေ့ဆွမ်းစားပြီးစမှာ ရောက်လာကြပါတယ်။ ဦးခင်ဇော်, မအေးမြလွင်, မပပ, ဦးမောင်မောင်တို့ ဇနီးမောင်နှံတို့ကို မောင်လှဝင်းတို့က နေ့လယ်စာထမင်း ကျွေးကြပါတယ်။ ကိုထိန်ဝင်း (ဥူးဓမ္မာလောက) လည်း ကိုးရက်ပြည့်လို့ လူဝတ်လဲသွားပါတယ်။ ဦးခင်ဇော်ရဲ့ကားကို ကိုထိန်ဝင်း မောင်းသွားပါတယ်။ စက်ခန်း

http://www.dhammadownload.com

ဆောက်လုပ်ဖို့ အုတ်လိုနေတဲ့အတွက် ညပိုင်း သုံးနာရီလောက် အုတ်ကား ရောက်လာပါသေးတယ်။ ကျောင်းဒကာ ဦးခင်ဇော်က သာမဏေကျော် မဟာဂန္ဓာရုံသာသနာအတွက်လည်း အင်တိုက်အားတိုက် အားပါးတရ ဆောင်ရွက်ပေးနေတာမို့ သူ့အား အခါအခွင့်သင့်တိုင်း သင့်တော်မယ့် တရား စကားလေးတွေကို ပြောပြပေးလိုတဲ့ဆန္ဒ သာမဏေကျော်ရင်မှာ အမြဲ တည် ရှိနေပါတယ်။ ပြောပြပေးလိုပေမယ့် သူမှာ အချိန်ရ, မရ ကြည့်ရပါတယ်။ ပါလာတဲ့ ပရိသတ်အနေအထားကိုလည်း ကြည့်ရပါတယ်။

၅-၃-၂၀၀၆ နေ့ကတော့ သာမဏေကျော်နေတဲ့ တဲကျောင်းနားမှာ ရပ်နေကြရင်း သစ္စာဆိုမှုအကြောင်းကို ပြောပြမိပါတယ်။ ပါဠိလိပုတ်ပြည်က ဗန္ဓုမတီ ပြည့်တန်ဆာမရဲ့သစ္စာဆိုမှုကြောင့် ဂဂီမြစ်ရေ အထက်ပြန်ဆန် တက်တဲ့အကြောင်း, မြွေကိုက်ခံရတဲ့ သားငယ်ကို ဆရာရသေ့နဲ့ မိဘနှစ်ပါး တို့ သစ္စာဆိုလို့ အဆိပ်ပြယ်သွားကြောင်း, ဘုရားလောင်းငုံးမင်းရဲ့ သစ္စာဆိုမှု ကြောင့် တောမီးကြီး ကွင်းသွားကြောင်း, မယလုလင်တို့ သစ္စာဆိုလို့ ဆင်ကြီး မနင်းဝံ့ကြောင်းတွေကို ပြောပြပါတယ်။ သစ္စာဆိုမှုဟာ အရေးအကြောင်း ကြံလာရင် အခက်အခဲ ရင်ဆိုင်လာရရင် တကယ့်ကို အားကိုးရကြောင်း ရှင်းပြပါတယ်။ မိဘကျေးဇူးကို ကျေအောင် ဆပ်ချင်ရင် သဒ္ဓါ, သီလ, ဒါန, တရားအသိပညာ မရှိသေးတဲ့ မိဘတွေကို သဒ္ဓါ, သီလ, ဒါန, ပညာရှိလာ အောင် လုပ်ပေးနိုင်မှသာ ကျေနိုင်ကြောင်းကိုလည်း ပြောပြပါတယ်။ မိဘ နှစ်ပါးကို မိမိရဲ့ပခုံးနှစ်ဖက်ပေါ် တင်ပြီး လိုလေသေးမရှိအသက်တစ်ရာကြာ ပြုစုပေမယ့်လည်း မိဘကျေးဇူးတွေ မကျေသေးကြောင်း, မိဘနှစ်ပါးကို စကြဝတေးမင်းအဖြစ် ရောက်အောင် လုပ်ပေးပေမယ့်လည်း ကျေးဇူးကြွေး မကျေသေးကြောင်းကိုလည်း ပြောပြပါတယ်။ ဦးခင်ဇော်က "ဒါဆိုရင် တပည့်တော်တို့ ဒါနတွေ ပြုလုပ်ပြီး ကျေးဇူးဆပ်ပေမယ့်လည်း မကျေသေး ဘူးပေါ့" လို့ မှတ်ချက်ချနေပါတယ်။ တရားအားထုတ်ခွင့်ရအောင် လုပ်ပေး နိုင်ရင် ကျေးဇူးကြွေး ကျေသွားပါတယ်လို့ ပြောလိုက်ပါတယ်။

http://www.dhammadownload.com

ကြိုတင်ပြင်ဆင်

၆-၃-၂၀၀၆ နေ့က ဥုးဇဝနထံကရော ဥုးဥာနဝရထံကပါ ဖုန်းလာပါတယ်။ ဥုးဇဝနက ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအမိ လာပါမယ်တဲ့။ ဥုးဥာနဝရက သင်တန်းသား ၃၂ ယောက်နဲ့ လုပ်အားပေး ရှစ်ယောက်၊ နှစ်ရပ်ပေါင်း ၄၀ ယောက် လာကြပါမယ်။ ၂၀ စီ ခွဲလာကြပါမယ်။ ရထားလက်မှတ်ရရင် ဒီနေ့ (၇-၃-၂၀၀၆) နေ့ လာကြပါမယ်တဲ့။ ဒီနေ့ (၇-၃-၂၀၀၆) နေ့ ဘဏ်ကို သွားရပါမယ်၊ မစာရုဒသီနီနဲ့ မအရိယဉာနေသီတို့ သာမဏေကျော် မဟာဂန္ဓာရုံကို ရောက်ဖူးအောင် လိုက်လာကြပါမယ်တဲ့။ မည်မြိနဲ့မမော်တို့ မနေ့က လာမယ်ဆိုပြီး မလာဖြစ်ကြပါ။ သူတို့ နေ့လယ်စာ စားဖို့ ဝေယျာဝစ္စ လုပ်အားပေးသူတွေက ပြင်ဆင်ကာ စောင့်နေကြပါသေးတယ်။ နေ့လယ် တစ်နာရီလောက် ရောက်မှ မတင်တင်က ဖုန်းဆက်ပြောလို့ မလာဖြစ်တော့ကြောင်း သိရပါတယ်။ ရွှေဘိုဆရာတော် ဥုးနန္ဒလည်း သာမဏေကျော်ထံ ရောက်လာပါသေးတယ်။ လွမ်းလို့ အလွမ်းပြေလာတာပါ လို့ ပြောသွားပါသေးတယ်။ မောင်အောင်ဆန်း ရွာပြန်ခိုက် မောင်ကျောက်ဒိုးတို့သုံးယောက် ရောက်လာကြလို့ ဆွမ်းခံကျောင်းသားအတွက် အဆင်ပြေသွားပါတယ်။ သူတို့သုံးယောက်က သင်္ကြန်ပြီးမှ အလုပ်ပြန်ဝင်ကြပါမယ်တဲ့။ သင်တန်းမှာ လုပ်အားပေးကြပါမယ်တဲ့။ မနေ့ကပါ သူတို့သုံးယောက် နွားချေးတွေကို ကူညီသယ်ပေးကြပါတယ်။

ဒီနေ့ နံနက်ပိုင်း ဆွမ်းခံပြန်ကစပြီး အမှိုက်ကျင်းကို ပရိယတ်ဘက်ပိုင်းမှာ နှစ်နေရာ သူတို့ တူးကြပါမယ်။ ၁၀ ပေ ပတ်လည် ကျယ်ဝန်းပြီး သုံးပေ နက်မယ့် တွင်းနှစ်တွင်း တူးကြပါမယ်။ ဆွမ်းကျောင်းက အမှိုက်တွေနဲ့ ကိုရင်တွေ အဆောင်က အမှိုက်တွေကို ပစ်ဖို့ ဖြစ်ပါတယ်။ သင်တန်းမတိုင်မီ ကြိုတင် ပြုလုပ်ထားရမယ့် အလုပ်တွေကို ကြိုတင်ပြီးအောင် လုပ်ထားကြဖို့ ဥုးသြဘာသ, ဥုးဇဋ္ဌိလနဲ့ မောင်လှဝင်းတို့ကို ပြောရပါတယ်။ လှည်းကူးမြို့ သစ်ဆန်း ဗီဒီယိုမှ မောင်ဇော်ထံ သင်တန်းရက်မှာ မှတ်တမ်းတင်ရိုက်လိုကြောင်းကို မောင်လှဝင်းက ဖုန်းဆက်ပြောပါတယ်။ မောင်ဇော်က ကြိုတင်ပြီး (နက်ဖြန်သန်ဘက်လောက်မှာ) လာကြည့်ပါမယ်လို့ ပြောပါတယ်

http://www.dhammadownload.com

တဲ့။ စျေးစကား မပြောလိုပါတဲ့။ မည်မြိမက ဗီဒီယိုရိုက်ဖို့ ခြောက်သောင်းကျပ် မောင်လှဝင်းထံ ပေးသွားလို့ ရိုက်ဖို့ စိတ်ကူးရတာပါ။ အင်္ဂလန်က မည်မြိရဲ့ ညီမ မဥမွာလှိုင်ထံ မည်မြိမက ပို့ပေးချင်ပုံ ရပါတယ်။ မနေ့က ကိုထိန်ဝင်းက သာမဏေကျော် ဘဏ်သွားရင် ပို့ပေးဖို့ လာပါသေးတယ်။ ဒီနေ့မှပဲ သွားဖို့ စီစဉ်ထားတယ်လို့ ပြောလိုက်ပါတယ်။ မဝိမလဉာနီတို့ စီစဉ်ပေးတဲ့ မရည်မွန်ရဲ့ ကားနဲ့ ဘဏ်ကို သွားပါမယ်။ ၁၀ နာရီမှာ ဆွမ်း ကြိုစားပြီး မောင်လှဝင်းပါလိုက်ပါမယ်။ မစာရုနဲ့ မအရိယတို့ပါ ကြိုတင်စားပြီး သွားကြပါမယ်။ ကိုရင်တွေနဲ့ နွားချေးတွေကို သုံးရက် သယ်လိုက်ရာ အနှစ်တွေ ကုန်သလောက် ဖြစ်သွားပါတယ်။ ဒီနေ့ မြက်ရှင်းကြပါမယ်။ သင်တန်း မတိုင်မီ စာဝါတွေ နားလိုက်ရပါတော့မယ်။ ကြိုပြင်ဆင်ရပါမယ်။

မဟောလိုက်ရတဲ့ တရား

အစိုးရဘဏ်မှာ ငွေအပ်ထားလို့ မထုတ်တာ လေးနှစ် ကျော်သွားတဲ့အတွက် ငွေသေသွားလို့ ရှင်အောင် ပြန်လုပ်ဖို့ လိုပါတယ်လို့ မဝိမလဉာနီက ပြောပါတယ်တဲ့။ အစိုးရဘဏ်ကို မစာရုဒဿီနီနဲ့ မအရိယဉာနေသီတို့ လိုက်လာကြပါတယ်။ မစာရုဒဿီနီကပဲ အစစအရာရာ လုပ်ပေးပါတယ်။ နောက် တစ်ခါ ဧပြီလ ၁၁၊ ၁၂ ရက်လောက်မှ လာခဲ့ပါလို့ ပြောပါတယ်။ မစာရုက ကိုယ်စားလှယ်နဲ့ ထုတ်လို့ရအောင် လုပ်ပေးပါလို့ ပြောလို့ လုပ်ပေးပါတယ်။ ဥူးဓမ္မိကာဘိဝံသကို ဦးဓမ္မိကာဘိဝံသလို့ ရေးမိတဲ့အတွက် မူရင်းလက်မှတ်မှာက "ဥူး" လို့ ရေးထားတာကို ဖျက်ပြီး "ဦး" လို့ ရေးနည်းနဲ့ ထပ်ရေးလိုက်ရပါတယ်။ အလုပ်ရှုပ်တဲ့အတွက် ဘဏ်မှာ မအပ်တော့ဘဲ အပြီးထုတ်လိုက်ပါတော့လို့ မစာရုကို ပြောရပါတယ်။ မစာရုက ပြည်ပယောဂီတွေနဲ့ ပတ်သက်ပြီး လာနေကျမို့ ပြောဆိုပြုလုပ်ပုံတွေက အေးအေးဆေးဆေးပါပဲ။ ကားကို မရည်မွန်က မောင်းပါတယ်။ မရည်မွန်ရဲ့ ကားလေးပါပဲ။ သူမက ကားစမောင်းတာ တစ်လလောက်ပဲ ရှိပါသေးသတဲ့။ အခု ခရီးမျိုးမှာ အခုမှပဲ စတင်မောင်းတာ ဖြစ်ပါသတဲ့။ "အရှင်ဘုရား၊ မကြောက်နဲ့နော်" လို့ သူမက အားပေးနေပါသေးတယ်။ သူမက "ဒီတစ်ခါ ကားကို အားရပါးရ မောင်း

http://www.dhammadownload.com

လိုက်ရတာပဲ" လို့ ပြောပါတယ်။ "ဘယ်နေရာမှာ ဘယ် ခ်ိုး၊ ဘယ်နေရာမှာ ညာကွေ့" စသည်ဖြင့် မစာရုက နောက်က ပြောပေးနေရပါသေးတယ်။

မရည်မွန်ကို "ယာဉ်ကို လျှုသူဟာ ချမ်းသာကို လျှုရာ ရောက်တယ်" လို့ ပြောပြဖို့ စိတ်ကူးမိပေမယ့် ပြောမပြလိုက်မိပါ။ 'ရည်မွန်' ဆိုတဲ့ နာမည်လေးနဲ့ လိုက်ဖက်ပါတယ်။ ရည်ရည်မွန်မွန် ပြောတတ်, ဆက်ဆံတတ်ပါတယ်။ မရည်မွန်ဟာ ဒီစာလေးကို ဖတ်ခဲ့ရရင် "ငါဟာ အဲဒီနေ့က ချမ်းသာအလှူ လှူလိုက်ရတာပါလား" လို့ အားရဝမ်းသာ ထပ်ဖြစ်နေပါလိမ့်မယ်။ အဲဒီနေ့က မကမလညာနီနဲ့ မပရမညာနီတို့က ဆေးဗီရိုတစ်လုံး လှူထားတာကို ဘဏ်က အပြန်မှာပဲ သိရပါတယ်။ ကျောင်းဒကာ ဦးခင်ဇော်လည်း ဒီနေ့ (၇-၃-၂၀၀၆) မှာ လာပါသေးတယ်။ အလုပ်သမားတွေကို သူ မှာစရာ ရှိတာလာမှာပါတယ်။ ပြောပါတယ်။ "မီးစက်ကို ကားအင်ဂျင်အမျိုးအစား လှူပါမယ်။ တရုတ်နီအမျိုးအစားကို မလှူတော့ပါ။ ၁၀-၃-၂၀၀၆ နေ့ အရောက် ပို့ပေးပါမယ်" လို့ ပြောသွားပါသေးတယ်။"

မိဘမေတ္တာ

"ဘုန်းကြီး ဥးကွန္ဒေါဏ်က ဖုန်းလာတယ်။ တိပိဋကမဟာဂန္ဓာရုံမှာ ရောက်နေတယ်။ ဓမ္မိက၊ သာမဏေကျော် မဟာဂန္ဓာရုံမှာ ရောက်နေပြီလား"

၈-၃-၂၀၀၆ နေ့ နံနက်ပိုင်းမှာ မောင်လှဝင်းက ပြောပြပါတယ်။ မောင်လှဝင်းက ဒီလိုလည်း ပြောပြပါသေးတယ်။

"မြေကိစ္စ ဘယ်အခြေအနေ ရှိပြီလဲ။ မွန်းလွဲနှစ်နာရီမှာ ဘုန်းကြီးထံ အရောက်လာပါ။ တိုင်းမှူးနဲ့ တွေ့စရာ ရှိတယ်" လို့လည်း ဘုန်းကြီး ဥးကွန္ဒေါက ပြောပါတယ်။ စိတ်အားရှိလိုက်တာ။ ဘုန်းကြီး ဥးကွန္ဒေါက ဒီကို ကြွလာဦးမှာ။ ကားတော့ မရှိပါဘုရား။ ကြွလာပါဦးဘုရားလို့ လျှောက်ထားလိုက်မယ်။"

မောင်လှဝင်းက အလွန်အကဲပဲ အားရဝမ်းသာဖြစ်နေပါတယ်။ (လန -၃၉) ရအောင် လျှောက်ထားပေမယ့် အခြေအနေက ထူးမလာသေးလို့ မောင်လှဝင်းက အားလျှော့နေပုံရပါတယ်။ ဘုန်းကြီး ဥးကွန္ဒေါက အလွန်အကဲ လိုက်လဲစွာ အမိန့်ရှိလိုက်တော့ မောင်လှဝင်းကလည်း အလွန်အကဲ

http://www.dhammadownload.com

အားရဝမ်းသာ ဖြစ်နေပါတယ်။ ဘုန်းကြီး ဥူးကွန္ဒေါကတော့ သာမဏေကျော် မဟာဂန္ဓာရုံအတွက် အလွန်အကဲပဲ အားပေးကူညီလှုပါတယ်။ တကယ့် မိဘအရင်းသဖွယ်ပါပဲ။ သာမဏေကျော်ထက်တောင် သာမဏေကျော် မဟာဂန္ဓာရုံသာသနာအတွက် အရေးကြီးတဲ့ ကိစ္စတွေမှာ ပိုမိုထက်သန်စွာ ဆောင်ရွက်နေပါသေးတယ်။ "မိဘမေတ္တာဆိုတာ ဒီလိုမေတ္တာပါလား" လို့ တောင် အတွေးဝင်မိပါသေးတယ်။ သာမဏေကျော်အပေါ်မှာသာ ဘုန်းကြီး ဥူးကွန္ဒေါက ဒီလိုလှိုက်လှဲစွာ ဆောင်ရွက်ပေးတာ မဟုတ်ပါ။ သူ့တပည့် အားလုံးအပေါ်မှာ ဒီလိုပဲ လှိုက်လှဲစွာ ဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် သဲနုပုံရွာမှ ဆရာတော် ဥူးသဒ္ဓမ္မက ဒီလို မှတ်ချက်ချပါသတဲ့။

"ဘုန်းကြီး ဥူးကွန္ဒေါဘာသက တပည့်အားလုံးအပေါ် ကြောင့်ကြကြီးတယ်။ တပည့်တွေ ရှိရာကို မရောက်ရောက်အောင် သွားတယ်၊ အားပေးကူညီတယ်၊ အခက်အခဲ ရှိရင် ဖြေရှင်းပေးတယ်။ ဒါကြောင့် သူ့ကို သူ့တပည့်တွေက ရောက်ရာအရပ်မှာ လှိုက်လှဲထက်သန်စွာ ကြိုဆိုကြပါတယ်။ ဘုန်းကြီးတို့မှာတော့ အဲဒီလို မဆောင်ရွက်နိုင်လို့ အဲဒီလို မရှိပါ။"

သာမဏေကျော်ထံ ကြွလာလို့ ဘုန်းကြီး ဥူးကွန္ဒေါကို ထည်ဝါကောင်းမွန်စွာ နေရာမပေးနိုင်ပေမယ့် ဘုန်းကြီးမှာ ငြိုငြင်တာ မရှိပါ။ ခွင့်လွှတ်မှု အပြည့်ရှိပါတယ်။ သစ်ပင်အောက် ကွပ်ပျစ်ပေါ် ဖြစ်သလို သီတင်းသုံးပါတယ်။

နေပူရှိန်ပြင်းပြင်းအောက်မှာ

ကိုရင်၊ သီလရှင်တွေရဲ့ အဝတ်တွေကို လှန်းဖို့ ကြေးနန်းကြိုးတန်းပေးထားရပါတယ်။ သီလရှင်တွေ ရေချိုးမယ့်နေရာမှာ အကာအကွယ်အတွက် ဝါးထရံတွေကိုလည်း ထပ်ဝယ်ယူရပါတယ်။ ကျင်းနှစ်ကျင်းကိုလည်း ဒီနေ့ (၈-၃-၂၀၀၆) မှာ ဆက်လက်တူးရပါမယ်။ ဥူးဇင်းတွေ, ကိုရင်တွေ, ကျောင်းသားတွေ နေပူကြီးထဲ တူးကြရှာပါတယ်။ ၇-၃-၂၀၀၆ ညက ကိုရင်တွေ ပင်ပန်းကြလို့ ဖြစ်ပါမယ်။ ခပ်စောစောပဲ အိပ်သွားကြပါတယ်။ နေ့လယ် တစ်နာရီမှ ညရှစ်နာရီထိ တူးကြရပါတယ်။ ဘယ်မှာ မပင်ပန်းဘဲ ရှိကြမလဲ။ ကျင်း

http://www.dhammadownload.com

နှစ်ကျင်းသို့သွားဖို့ လမ်းကိုလည်း ရှင်းကြရပါသေးတယ်။ ၈-၃-၂၀၀၆ နေ့ နေ့ဆွမ်း မစားမီလေးမှာ မောင်အောင်ဆန်းက မန္တလေးမှ ဖုန်းဆက်ပါသေးတယ်။ သူနဲ့အဖွဲ့မှာ လူ ၂၈ ယောက် လာကြပါမယ်။ နောက်နေ့မှာ ဥူးညနဝရန့်အတူ ၁၂ ယောက် လာကြပါမယ်။ စပါးတွင်းရွာမှ ၄၀ လာကြပါမယ်။ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ ရန်ကုန်နဲ့မော်ဘီက အနည်းငယ်ပဲ လာတက်ရောက်ကြပါတယ်။ ဆွမ်းခံရွာတွေမှ တော်တော်လေး လာကြပါတယ်။ လက်ရှိကိုရင် ၂၅ ပါးနဲ့ စပါးတွင်းမှ လာမယ့် ၃၂ ယောက် ပေါင်းလိုက်ရင် ၅၇ ယောက် ရှိနေပါတယ်။ ကိုယ့်တောသူတောသားတွေကို အစားအသောက်အနေအထိုင် မပြည့်စုံလှပေမယ့် အားနာစရာ မလိုလှပါ။

ကိုရင်တွေ ၈-၃-၂၀၀၆ နေ့လယ် တစ်နာရီမှာ အလုပ်လုပ်ကြဖို့ ယခုစာရေးနေချိန် တစ်နာရီမှာ ပြင်ဆင်နေကြပါပြီ။ နေပူရှိန်က ပြင်းလှပါတယ်။ စာဝါတွေ ရပ်နားပြီး အလုပ်လုပ်ကြရပါတယ်။ သင်တန်း မတိုင်ခင် လုပ်စရာအလုပ်တွေကို ကြိုတင်နိုင်အောင် လုပ်ထားကြရပါတယ်။ စပါးတွင်းရွာမှ လူတွေ အလာကို စောင့်နေလို့ မဖြစ်ပါ။ ကိုရင်တွေ အလုပ်လုပ်ဖို့ ပရိယတ်ပိုင်းဘက်သို့ မယွားကြသေးခင် အရိပ်အကောင်းဆုံး ဥနှဲပင်ကြီးတွေ အောက်မှာ စုဝေးနေကြပါတယ်။ ပုံး, ဂေါ်ပြား, ပေါက်ပြားတွေကို ကိုရင်တွေရဲ့လက်တွေထဲ လှမ်းပြီး မြင်နေရပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်း တစ်ကြိမ်လုပ်နိုင်ဖို့ ငွေအင်အား, လူအင်အား များစွာပဲ ရင်းနှီးရပါတယ်။သင်တန်းအမီ သုံးလို့ရအောင် စွန်ညီနောင် - စွန်မင်း ကျောင်းဆောင်အမှတ်တစ်နဲ့ ချက်ဖိုဆောင်, ရေချိုးခန်း, မီးစက်ခန်း, အိမ်သာတွေကို ကြိုးစား ဆောက်လုပ်နေကြပါတယ်။ နေပူရှိန် ပြင်းနေသေးလို့ ဖြစ်ပုံရပါတယ်။ တစ်နာရီခွဲသွားပြီးသည်အထိ အလုပ်မစတင်ကြသေးပါ။ ဒီနေ့မှာ မစာရှဒဿီနီက စာရေးစားပွဲ, ကြိမ်ကုလားထိုင်ကို လှူလိုပါကြောင်း လျှောက်ထားပါတယ်။ မည်မြိတို့သူငယ်ချင်း လေးယောက် (မသုခ၊ မအေးအေး၊ မအန်းကူ) တို့ဆယ်မိုင်ကုန်း ပဏ္ဏိတာရာမ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းမှာ မော်နီတာလုပ်ဖို့ ဒီနေ့မှာ သီလရှင်ဝတ်ကြပါတယ်။

http://www.dhammadownload.com

ဗုဒ္ဓယဉ်ကျေးမှုသင်တန်းတွေအတွက်

သီလရှင်လေးတွေ နေမယ့်အဆောင် နှစ်ဆောင်ပေါ်မှ လူတွေကို ရော, ပစ္စည်းတွေကိုပါ ရှင်းလင်းရပါတယ်။ ဖျာတွေ ခင်းရပါတယ်။ သီလရှင်လေးတွေအတွက် နေရာအဆင်သင့်ဖြစ်အောင် ကြိုတင်ဆောင်ရွက်ရပါတယ်။ ဘထွေးသိန်းမောင်နဲ့ မောင်အောင်ဆန်းတို့ဦးဆောင်တဲ့ စပါးတွင်းရွာက အဖွဲ့ဟာ ၉၊ ၃၊ ၂၀၀၆ နေ့ နံနက်ပိုင်း ကိုးနာရီခွဲလောက်မှာ ရောက်လာကြပါတယ်။ ဥုးဥာနဝရနဲ့ မဝင်းမာကြည်တို့ ဦးဆောင်တဲ့ နောက်အဖွဲ့က ၁၀-၃-၂၀၀၆ နေ့မှာ ရောက်ပါမယ်။ သင်တန်းသား ၃၄ ယောက် ရှိပါတယ်။ လုပ်အားပေးအဖွဲ့က ၁၀ ယောက် ကျော်ပါတယ်။ ကိုရင် အမြဲဆက်လက်ဝတ်ကြမယ့် ကျောင်းသား ၁၀ ယောက် ပါတယ်လို့ မောင်အောင်ဆန်းက ပြောပါတယ်။ လုပ်အားပေးလူကြီးအဖွဲ့က သီလရှင်တွေရဲ့ ရေချိုးရာ နေရာမှာ ဝါးထရံ ကာကြပါတယ်။ မောင်ချိုဝင်းနဲ့ မောင်အောင်ဆန်းဦးတို့က စားပွဲတွေကို သင်္ဘောဆေးနဲ့ သုတ်ကြပါတယ်။ နောက်ထပ်ရောက်လာတဲ့ ရွာမှ ပရိသတ်အတွက် ဘူးသီးနဲ့ ကြက်သားရောကာ ဟင်းတစ်ခွက် ချက်ပေးကြပါတယ်။ မောင်အောင်ဆန်းက ကျောက်တန်းရွာသို့ ငါးပိရည် ဝယ်ဖို့သွားပါမယ်။ မဝင်းမာတို့ ဦးဆောင်တဲ့ ကျောက်တန်းအဖွဲ့က သင်တန်းအတွင်း အရက်ဆွမ်းတစ်နပ်အတွက် မုန့်ဟင်းခါး ကပ်လှူကြပါမယ်။

ကျန်တဲ့ ကျောင်းသား, ကျောင်းသူအဖွဲ့တွေနဲ့ ကိုရင်တွေက နေချိုရင် ပရိယတ်ပိုင်းဘက်မှာ အမှိုက်တွေ သန့်ရှင်းကြပါမယ်။ ထင်းတွေကို သယ်ပို့ကြပါမယ်။ ချမ်းမြေ့မြိုင်ရိပ်သာဆရာတော်နဲ့ ချမ်းမြေ့မြိုင် စာသင်တိုက်ဆရာတော်၊ နန္ဒကာရာမဆရာတော်တို့ သာမဏေကျော်မဟာဂန္ဓာရုံသို့ ရောက်နေခိုက် ဘထွေးသိန်းမောင်တို့အဖွဲ့ဟာ အဌားကားနဲ့ ရောက်လာပါတယ်။ ချမ်းမြေ့မြိုင် ဆရာတော်နဲ့ဘထွေးသိန်းမောင်တို့ဟာ ကျောင်းနေဖက် သူငယ်ချင်း အရင်းအခြာတွေ ဖြစ်ကြပါတယ်။ သူငယ်ချင်းဟောင်းတွေဖြစ်တဲ့ ဦးကျော်တင်နဲ့ ဦးကျော်ဝင်းတို့ကိုလည်း ချမ်းမြေ့မြိုင်ဆရာတော်တွေ့သွားပါတယ်။ သူကျောင်း လာကြဖို့ ကားလွှတ်ခေါ်လိုက်ပါမယ့်လို့ ပြောသွားပါတယ်။ "ဒိုင်နာကားကြီးတစ်စီး ထပ်ဝယ်ထားတယ်။ ဆီဖိုးထည့်ပြီး သုံးစရာရှိက သုံးပါ" လို့လည်း ပြောသွားပါသေးတယ်။ သူ့ယဉ်ကျေးမှု

http://www.dhammadownload.com

သင်တန်း သီလရှင်မော်နီတာအဖြစ် ကူညီပေးဖို့ မတင်တင်ဟာ ၁၀-၃-၂၀၀၆ ညနေ သွားပါမယ်။ သင်တန်းဖွင့်တဲ့ ၁၁-၃-၂၀၀၆ နေ့မှာ သာမဏေကျော်ကိုဩဝါဒ စကားပြောကြားဖို့ ပြောသွားပါသေးတယ်။ သင်တန်းသား ၂၅၀ ရှိတယ်လို့ ပြောပါတယ်။ သူ့သင်တန်းမှာလည်း ကိုရင်ဝတ်, သီလရှင်ဝတ်နဲ့ သင်ယူကြရပါတယ်။ မနှစ်က စတင်ခဲ့ပါတယ်။ ဒီနှစ် (ဒုတိယနှစ်) မှာတော့ နှစ်တန်းခွဲပြီး သင်ပေးပါတယ်။ သင်ခန်းစာ စာအုပ်ကို သူကိုယ်တိုင် ရေးပါတယ်။

ပြော မယုံ ကြုံမှ သိ

ကိုရင်ဝိလာသဂ္ဂနဲ့ ကိုရင်ဥတ္တရတို့ဟာ ၉-၃-၂၀၀၆ နေ့မှာ ပရိယတ်ပိုင်းဘက်မှာ သစ်သားတွေကို သယ်ယူကြရင်း ခြေထောက်မှာ သံစူးခံကြရပါတယ်။ ကိုရင်ဝိလာသဂ္ဂက ဝက်လက်မြို့နယ် နှမ်းကြီးရွာက ဖြစ်ပါတယ်။ သာမဏေကျော်တူဝမ်းကွဲ တော်စပ်ပါတယ်။ ရှင်ဥတ္တရက ရှမ်းပြည်နယ် ဟိုပုန်းမြို့နယ် ပန်တွန်းရွာက ဖြစ်ပါတယ်။ ပအိုဝ်အမျိုးသား ဖြစ်ပါတယ်။ သူတို့ ခြေထောက်တွေက သံစူးတဲ့ နေရာတွေမှာ ရေဆေးကာ ဂုဏ်မင်းနန်းတွင်းသုံး အကြောဖြေလိမ်းဆေးကို သုတ်လိမ်းပေးလိုက်ရပါတယ်။ ဝါဂွမ်းနဲ့ စည်းပတ်ထားလိုက်ရပါတယ်။ ဝါဂွမ်းပေါ် သက်နိုးစုတ်နဲ့ ပတ်ထားပါတယ်။ မေးခိုင်ပိုး ဝင်မှာ စိုးရပါတယ်။ ကျောင်းထိုင်ဘုန်းကြီး လုပ်ပြီဆိုရင် တပည့်တွေမှာ ဒီလို ထိခိုက်ဒဏ်ရာ ရခဲ့ရင် ဆေးနည်း သိဖို့ လိုသလို ကုသနည်းကိုလည်း သိဖို့ လိုပါတယ်။ ကံ့ကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက် ဆရာတော် ဥူးသာသနက တပည့်သံယာတွေမှာ ထိခိုက်ဒဏ်ရာရမှုနဲ့ ဖျားနာမှု, မကျန်းမမာမှု ဖြစ်လာခဲ့ရင် ကုသတတ်အောင် လေ့လာစူးစမ်းလေ့ရှိပါတယ်။ "သာမဏေကျော် ကျောင်းထိုင်ဘုန်းကြီး လုပ်ရင် ဆေးပညာ ဗဟုသုတလည်း ရှိအောင် လုပ်ထားရတယ်နော်။ အမှုမဲ့အမှတ်မဲ့ မနေရဘူး"လို့ မိန့်ဖူးပါတယ်။

ဆရာတော် ဥူးသာသနရဲ့စကား မှန်ကန်နေတာကို သာမဏေကျော်မှာ ယခုကိုယ်တွေ့ စတင်ကြုံနေရပါပြီ။ ဆရာဝန်ဆရာလေး မကမလညာနီလျူထားတဲ့ ဆေးဗီရိုထဲမှ ဆေးတွေကို လိုက်ကြည့်ရပါတယ်။ သံစူးတဲ့နေရာ

http://www.dhammadownload.com

မှာ ကပ်ဖို့ ပလာစတာကို ရှာမိပါတယ်။ မတွေ့ရပါ။ ဂုဏ်မင်းဆေးကိုပဲ တွေ့လို့ အဲဒီဆေးကိုပဲ လိမ်းပေးရပါတယ်။ ဆွမ်းခံမလိုက်ဖို့လည်း ပြောရပါတယ်။ "ကိုရင်လေးနှစ်ပါးမှာ မေးခိုင်ပိုး မဝင်ပါစေနဲ့" လို့ စိတ်မှာ ဆုတောင်းနေမိပါတယ်။ မေးခိုင်ပိုး ဝင်သွားလို့ သေသွားခဲ့ရင် ဒုက္ခပဲ။ ကိုရင်လေးနှစ်ပါးက အသက် ၁၁ နှစ်စီ ရှိကြပါတယ်။ နှစ်ပါးလုံး ဉာဏ်ကောင်းကြပါတယ်။ ငါ့ကို အမှီပြုနေကြရှာတဲ့ ကိုရင်လေးနှစ်ပါးဟာ ငါ့ရဲ့ ဆေးပညာဗဟုသုတ မရှိမှု, နည်းပါးမှုကြောင့် ကတိမ်းကပါး ဖြစ်သွားခဲ့ရင် ကျောင်းထိုင်ဘုန်းကြီး အသစ်စက်စက်လေးမှာ ရင်ကျိုးရချေရဲ့။ "ဦးဖွ၊ မေးခိုင်ပိုး မဝင်ဘဲ မြန်မြန် ပျောက်ပါစေ" လို့ ဆုတောင်းရရင်, မန်းမှုတ်လို့ ပျောက်ရင် ကောင်းမှာပါပဲ။ ကိုယ့်ကို မှီခိုနေသူတွေရဲ့ စားရေး, သောက်ရေး, နေရေး, ထိုင်ရေး, ကျန်းမာရေးတွေအတွက် ကိုယ်မှာ တာဝန်ရှိနေပြီ မဟုတ်ပါလား။ သား, သမီးတွေကို မွေးပြီး မစောင့်ရှောက်ဘဲ ထားရင် မိဘမှာ တာဝန်မကျေပွန်ပါ။ တပည့်တွေကို မွေးပြီး မစောင့်ရှောက်ဘဲ ထားရင် ဆရာသမားတွေမှာ တာဝန်မကျေပွန်ပါ။

များလှပါပေတယ်

၁၀-၃-၂၀၀၆ နေ့ အရုဏ်ဆွမ်းစားအပြီးမှာ ထင်းတွေကို သယ်ယူဖို့ မကြိုးစားခင် တံမြက် အရင် လှည်းကြရပါတယ်။ တံမြက်လှည်းအပြီးမှာ ထင်းတွေကို ပရိယတ်ဘက်ပိုင်းရှိ ချက်ဖိုသစ်ဆီသို့ သယ်ယူကြရပါတယ်။ တစ်ယောက်လျှင် တစ်နိုင်စီ သယ်ယူကြပါတယ်။ နွားခြံရှိ ထော်လာဂျီက ကြံကြိုက်တာနဲ့ ထင်းတွေကို ကူညီကာ သယ်ပေးလို့ တစ်ခေါက်တည်းနဲ့ ပြီးသွားပါတယ်။ ထော်လာဂျီရှိတာဟာ ဒီလိုကိစ္စမှာ အကျိုးများလှပါလားလို့ တွေးမိပါတယ်။ လူပင်ပန်း သက်သာပြီး အချိန်တိုအတောအတွင်းမှာ ပြီးစီးသွားပါတယ်။ နွားခြံဘက်မှ လာရောက်ကူညီပေးတဲ့ ထော်လာဂျီမောင်းသူ ဒကာကြီးကို ကျေးဇူးတင်မိပါတယ်။ မနေ့ကလည်း နွားခြံဘက်မှ သူဌေးက အလှူခိုင်းလို့ နွားနို့လာလှူသူ ဒကာမတစ်ယောက်ကို တွေ့ရပါသေးတယ်။ အတတ်နိုင်ဆုံး နွားသံ, ဘဲသံဆူညံမှု နည်းပါးအောင် ကူညီပေးဖို့နဲ့ နွားချေးနံ့

http://www.dhammadownload.com

မနံရအောင် ကူညီပေးဖို့ မောင်လှဝင်းက အဲဒီထော်လာဂျီမောင်းသူ ဒကာကြီးကို ပြောပြနေပါတယ်။ နံနက် နှစ်နာရီမှာ နွားနို့ညှစ်တဲ့အခါ နွားနာမည်တွေကို ခေါ်လိုက်တဲ့အခါ အဲဒီနွားငယ်လေးတွေက ထွက်လာကြပါသတဲ့။ နွားတွေကို နာမည်ပေးကြရာမှာ မင်းသား, မင်းသမီးတွေရဲ့ နာမည်တွေကို ပေးထားကြပါတယ်။ စတင်ကြားဖူးသူတွေက ရယ်ကြပါတယ်။အဲဒီမင်းသား, မင်းသမီးတွေက ဘာလို့ ဒီနွားခြံဘက် ရောက်နေကြပါလိမ့်လို့ မသိသေးသူတွေကတော့ တွေးကြပါလိမ့်မယ်။

ဒီနေ့ (၁၀-၃-၂၀၀၆) မှာ မတင်တင်ဟာ ချမ်းမြေ့မြိုင် ယဉ်ကျေးမှုသင်တန်းမှာ ကူညီပေးဖို့ လာပါမယ်။ နေ့လယ် နှစ်နာရီလောက် ရောက်ပါမယ်။ ညနေ ခုနစ်နာရီလောက်မှာ ချမ်းမြေ့မြိုင်က ကားနဲ့ လာခေါ်ပါမယ်။ မကြာခင်မှာ ဥုးဥာနဝရတို့အုပ်စု ရောက်လာကြပါတော့မယ်။ ဥုးဥာနဝရကို ဝေယျာဝစ္စလုပ်သူတွေအား စည်းကမ်းတွေကို ပြောပြပေးဖို့ စီမံထားပါတယ်။ ဥုးဩဘာသကိုတော့ ကိုရင်တွေနဲ့ ကိုရင်လောင်း, သီလရှင်လောင်းလေးတွေအား စည်းကမ်းတွေ ပြောပြဖို့ တာဝန်ပေးထားပါတယ်။ စပါးတွင်းရွာမှ ကိုရင်လောင်း, သီလရှင်လောင်းလေးတွေက မြက်တွေ ရှင်းကာ ကြက်သွန်ဥတွေကိုလည်း တူးယူကြပါတယ်။ မောင်ချိုဝင်းရဲ့ စိုက်ပျိုးရေးကိစ္စတွေမှာ ကူညီပေးကြပါတယ်။ အသီးသီးပြီး မှည့်နေတဲ့ ချဉ်ပေါင်ပင်တွေကို ခုတ်ပစ်ကြပါတယ်။ အသီးအခွံတွေကို ခွာကြရပါတယ်။ လက်သမားတွေနဲ့ မီးခိုးခေါင်းတိုင် လုပ်မယ့်သူတွေကို မောင်လှဝင်းက သီးခြားခေါ်ယူရပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအတွက် ကြိုတင်ပြင်ဆင် ပြုလုပ်ရတာတွေက များလှပါပေတယ်။

ဖွင့်ပွဲ အကြိုနေ့

၁၁-၃-၂၀၀၆ နေ့ နေ့ဆွမ်းအတွက် လှော်ကားရွာ ဒေါ်အေးကြည်အိမ်ကို ကြွကြပါတယ်။ ဥုးဥာနဝရ, ဥုးဩဘာသ, ဥုးဇဋိလတို့ ပါကြပါတယ်။ ပါဠိတော်စာအုပ်တွေကို လှူပါတယ်။ ပါဠိတော်စာအုပ်တွေ လှူတဲ့ဆွမ်းစားဖြစ်လို့ လိုက်သွားပါတယ်။ ဒံပေါက်ဆွမ်း ကပ်ပါတယ်။ ဘုဉ်းပေး

http://www.dhammadownload.com

လို့ကောင်းပါတယ်။ စေတနာ, သဒ္ဓါကောင်းကြပါပေတယ်။ ဒေါ်အေးကြည်က အသက် ၈၀ ရှိပြီလို့ ပြောပါတယ်။ ချမ်းမြေ့မြိုင်က ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကိုတစ်နာရီကျော်လောက်မှာ အရောက်သွားရပါတယ်။ သင်တန်းသားကိုရင်, သီလရှင် ၂၆၀ အား သားသုံးမျိုးအကြောင်းကို ပြောပြခဲ့ပါတယ်။ အမေး, အဖြေလုပ်ကာ ပြောပြခဲ့ပါတယ်။ အခမ်းအနားအစီအစဉ်က တစ်နာရီပဲ ကြာပါတယ်။ ချမ်းမြေ့မြိုင်ဆရာတော်က ၁၅ မိနစ်၊ သာမဏေကျော်က ၁၅ မိနစ်ကြာ ပြောကြပါတယ်။ အခမ်းအနား အစီအစဉ်က တစ်နာရီထက် ပိုမိုသွားရင် ပျင်းရိငြီးငွေ့ဖွယ် ဖြစ်သွားတတ်ပါတယ်။ အခမ်းအနားမှာ စကားပြောသူက ကိုယ်ပြောချင်တိုင်း ပရိသတ်အခြေအနေကို မငဲ့ဘဲ မပြောသင့်ပါ။ အခမ်းအနားပြီးတဲ့အခါ မတင်တင်ကို တွေ့ရပါတယ်။ မနက်ဖြန်နံနက်စောစောမှာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို ပို့ပေးဖို့ မတင်တင်က တောင်းဆိုပါတယ်။ ချမ်းမြေ့မြိုင်ဆရာတော်က ပို့ပေးပါမယ်လို့ ပြောပါတယ်။

၁၀-၃-၂၀၀၆ နေ့က ချက်ဖိုမှာ ချက်ပြုတ်စရာ ပစ္စည်းတွေကို ကျောင်းဒကာ ဦးခင်ဇော်က ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအတွက် ဝယ်ပို့ပါတယ်။ တစ်လစာ လိုအပ်တဲ့ ပစ္စည်းတွေကို စာရင်းပေးပါတယ်။ ၁၁-၃-၂၀၀၆ နေ့မှာတော့ ကားအင်ဂျင်နဲ့မီးစက် လာလျှပါတယ်။ ခလုတ်နှိပ်ပြီး စက်နှိုးရတယ်လို့ ပြောကြပါတယ်။ ၁၀-၃-၂၀၀၆ နေ့က ယောဂီတွေအတွက် ဆောက်လုပ်ထားတဲ့ နှစ်ခန်းတွဲတိုက်ကလေးမှာ ဥုးဉာနဝရနဲ့ နေကြပါတယ်။ တစ်ခန်းစီမှာပါ။ မှန်တပ်မယ့် ပြတင်းပေါက်တံခါးတွေမှာ မှန်မတပ်ရသေးလို့ စက္ကူချပ်တွေကို ဖြတ်ကာ ကပ်ထားရပါတယ်။ အခန်းအတွင်းမှာ အင်္ကတေခင်းထားတာမို့ အေးလို့ ဖျာကြမ်းခင်းပြီး ဖိနပ်ပါ စီးထားရပါတယ်။ အိမ်သာလည်းသုံးလို့ရ, ရေလည်း အခန်းထဲ ချိုးလို့ရတဲ့အတွက် အဆင်ပြေပါတယ်။ ပဋိပတ်ဘက်မှ ပစ္စည်းတွေကို ပရိယတ်ဘက်ပိုင်းသို့ မနေ့ကရော ဒီနေ့ပါ ပြောင်းရွှေ့ကြရပါတယ်။ စွန်ညိနောင် - စွန်မင်း ကျောင်းဆောင်အမှတ်တစ်မှာ ဖွင့်ပွဲလုပ်ပြီး ကိုရင်တွေ, ဥုးဇင်းတွေ နေမှာမို့ သန့်ရှင်းရ, ပြင်ဆင်ရပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံ ဆိုင်းဘုတ်မုခ်ဦးအောက်မှာ ဗုဒ္ဓယဉ်ကျေးမှု

http://www.dhammadownload.com

သင်တန်း ဖွင့်ပွဲဆိုင်းဘုတ် ခွါတ်ဆွဲထားပါတယ်။ မဝင်းမာနဲ့ မကေသွယ် (ကျောင်းဆရာမ) တို့လည်း ကျောင်းဆောင်ကြီးကို ကူညီသန့်ရှင်းပေးကြပါတယ်။

ဖွင့်ပွဲနေ့

၁၂-၃-၂၀၀၆ နေ့မှာ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြု သင်တန်း ဖွင့်ပါတယ်။ သင်တန်းသား ၁၀၀ ကျော် ရှိပါတယ်။ ၁၁-၃-၂၀၀၆ ညက ဖုန် မထအောင် ဂဝံကားလမ်းပေါ် ရေဖြန်းကြရပါတယ်။ ပဋ္ဌိပတ်ဘက် ပိုင်းမှာလည်း ရေဖြန်းကြရပါတယ်။ ၁၂-၃-၂၀၀၆ နေ့မှာ နံနက်ပိုင်းပါ ဆက် ဖြန်းကြရပါတယ်။ သင်တန်းဖွင့်မှာ အဖိတ်နေ့နဲ့ ကြုံနေလို့ ဟင်းတွေ အများကြီး ရတဲ့အတွက် ဧည့်ပရိသတ်များပေမယ့် ကျွေးစရာဟင်း လုံလောက်ပါတယ်။ ကျောင်းက ဟင်းတွေ ချက်ထားပါသေးတယ်။ သန့်ရှင်းရေး, ပြင်ဆင်ရေး တွေကို လူအင်အားများစွာနဲ့ အတော်ကို ကြိုးစားကြရပါတယ်။ မဝင်းမာနဲ့ မကေသွယ် (ကျောင်းဆရာမ) တို့ ၁၁-၃-၂၀၀၆ ညက လာအိပ်ကြပါတယ်။ ၁၂-၃-၂၀၀၆ မှာ လုပ်အားပေးသွားကြပါတယ်။ အဖိတ်နေ့မှာ ဟင်းတွေ များစွာ ရတာကို ကိုယ်တိုင် ကြုံတွေ့သွားလို့ သူတို့ များစွာ အံ့ဩသွားကြပါ တယ်။ အခမ်းအနားဖွင့်ပွဲမှာ ဥုးဥာနဝရက အခမ်းအနားမျှူး လုပ်ပါတယ်။ အားရပါးရ စကားပြောသွားပါတယ်။ သာမဏေကျော်က ၁၅ မိနစ် လောက် ပဲ ပြောပါတယ်။ သာမဏေကျော်က ကိုရင်လောင်းတွေအား သရဏဂုံ သီလ ပေးပါတယ်။ ဥပဇ္ဈာယ် ပေးပါတယ်။

ညနေ လေးနာရီမှာ ကိုရင်, သီလရှင်တွေကို ဥုးဩဘာသက ပြန်ခေါ် ပါတယ်။ စည်းကမ်းတွေနဲ့ အချိန်ဇယားတွေကို ပြောပြမှာ ဖြစ်ပါတယ်။ သင်္ကန်းဝတ်ပုံ, သပိတ်ကိုင်ပုံ, နေရာထိုင်ခင်းပုံ, ခေါက်ပုံတွေကိုပါ သင်ပြမှာ ဖြစ်ပါတယ်။ ၁၃-၃-၂၀၀၆ နေ့မှာ ဆွမ်းခံသံဃာတန်း တစ်တန်းတိုးပြီး ကြွပါ တယ်။ သံဃာတန်း သုံးတန်းကြွရင် ဆွမ်းရော, ဟင်းပါ ပိုမို ရလာနိုင်ပါမယ်။ နေ့ဆွမ်းအတွက် အထောက်အကူ ပိုမို ရရှိလာပါမယ်။ စွန်ညီနောင်-စွန်မင်း ကျောင်းဆောင်အမှတ်တစ်မှာ ဖွင့်ပွဲကျင်းပပါတယ်။ ကျောင်းကြီးက ကျယ်ဝန်း

http://www.dhammadownload.com

လို့ မနည်းလှတဲ့ ပရိသတ်ဟာ နည်းသလို ထင်မှတ်ရပါတယ်။ မဝင်းမာ, မကေသွယ်, မနီမ စတဲ့ ကျောက်တန်းအဖွဲ့တွေ သုံးနာရီခွဲလောက်မှာ ပြန်သွားကြပါတယ်။ ဒေါ်ကြည်အောင်တို့က ၁၃-၃-၂၀၀၆ နေ့ အရုဏ်ဆွမ်းကပ်မှာမို့ မတင်တင်ပါ ကျောင်းမှာ အိပ်ပါတယ်။ ၁၂-၃-၂၀၀၆ ညက ကားအင်ဂျင်မီးစက်ကို စတင်မောင်းပါတယ်။ အသံ မကျယ်ပါ။ ညင်သာပါတယ်။ စက်ခန်း ပြီးသွားရင် အသံအတွက် ပိုမို သက်သာပါမယ်။ ဖွင့်ပွဲမှာ ကိုထိန်ဝင်း လာပါသေးတယ်။ သူ့ကားနဲ့ ဖွင့်ပွဲရှိရာကို လိုက်ပို့ပါတယ်။ ကျောင်းဒကာ ဦးခင်ဇော်က မော်လမြိုင်ဘက် ခရီးထွက်ခိုက်ဖြစ်နေလို့ ဖွင့်ပွဲကို မလာနိုင်ပါ။ ၁၁-၃-၂၀၀၆ ညက ရွှေဘိုဆရာတော်က ဖုန်းဆက်ပါတယ်။ မဝင်းမာတို့နဲ့လည်း စကားပြောပါသေးတယ်။ ၁၁-၃-၂၀၀၆ နေ့ နေ့လယ်မှာ မမနာပိကာဟာ ကိုရီးယားယောဂီနှစ်ဦးနဲ့ လာပါသေးတယ်။ သင်တန်းတစ်နေ့တာအလှူအပြင် စာအုပ်ထုတ်ဖို့လည်း လှူသွားပါသေးတယ်။

ပိုမို အားရစရာ

၁၃-၃-၂၀၀၆ နေ့မှာ ဆွမ်းခံသံယာတန်း သုံးတန်းခွဲပြီး ကြွကြပါတယ်။ နောက်တိုးအတန်းအားလည်း အလွန်ပဲ ဆွမ်းနဲ့ ဆွမ်းဟင်းတွေကို လောင်းလှူကြပါသတဲ့။ နံနက်ဘုရားဝတ် စတက်ကြတာကို မြင်လိုလို့ နံနက်လေးနာရီမှာ ထကာ ကိုရင်တွေဘက်ကို သွားရာ ကိုရင်တွေဘက်ကို ကားတစ်စီး ဝင်လာလို့ ကြည့်လိုက်တော့ ကျောင်းဒကာ ဦးခင်ဇော်ရဲ့ကား ဖြစ်နေတာကို သိရပါတယ်။ မော်လမြိုင်က အပြန်မှာ ဝင်လာတာ ဖြစ်ပါတယ်။ ဦးခင်ဇော်ရဲ့ ဇနီးဒေါ်စန်းစန်းအေးနဲ့ သားနှစ်ယောက်လည်း ပါလာပါတယ်။ တောင်ကြီးမြို့မှ သားကြီးက ကားမောင်းပါတယ်။ ကျောင်းဆောင်ပေါင်းများစွာ ဆောက်လုပ်လှူဒါန်းနေပေမယ့် ဦးခင်ဇော်ရဲ့ဇနီးနဲ့သားနှစ်ယောက် သာမဏေကျော် မဟာဂန္ဓာရုံကျောင်းသို့ လာရောက်တာကို တစ်ခါမှ မမြင်ခဲ့ရဖူးပါ။ အခု တစ်ခေါက်ဟာ ပထမဆုံး အခေါက်ပါပဲ။ ဦးခင်ဇော်လူကြီးနဲ့ မကြည်ကြည်ဝင်းမိသားစုက မုန့်ပုံးကြီးနှစ်ပုံးနဲ့ စတီးချိုင့်ကြီး (ငါးဆင့်ချိုင့်) နှစ်ချိုင့် လှူလိုက်ပါတယ်။ ကျောက်တန်းရွာမှ မကေသွယ် (စျေးသည်) နဲ့ မစု

http://www.dhammadownload.com

တို့ ဖွင့်ပွဲနေ့မှာ ဖွင့်ပွဲအပြီး ရောက်လာကြပါသေးတယ်။

ကိုရင်က ၈၀ ကျော်နေလို့ စွန့်ညီနောင် - စွန့်မင်းကျောင်းဆောင် အမှတ်တစ်အပေါ်ထပ်ရှိ အခန်းတွင်းမှာရော အခန်းပြင်မှာပါ ကိုရင်တွေ နေကြရပါတယ်။ သပိတ်စင်သုံးစင်ကို အောက်ထပ်မှာ ထားတာမို့ သပိတ်တွေကို သပိတ်စင်တွေမှာ ထားကြရပါတယ်။ အရုဏ်မှာရော နေ့ဆွမ်းမှာပါ အောက်ထပ်မှာပဲ ဘုဉ်းပေးကြရပါတယ်။ သင်ဖျာငယ်လေးတွေကို တစ်ပါးစီ အတွက် ခင်းပေးထားပါတယ်။ နေ့ဆွမ်းကို ကိုငြိမ်းချမ်းနဲ့ မမာလာဦးတို့ ကပ်မှာမို့ ၁၂-၃-၂၀၀၆ နေ့မှာပါ မတင်တင် အိပ်သွားပါတယ်။ သီလရှင်လေးတွေကို မတင်တင်, မဝင်းမာကြည်, မကေသွယ်, မဝင်းမာတို့ကလည်း ဖွင့်ပွဲနေ့မှာ ကူညီဝတ်ပေးကြ, သွားပုံ, လာပုံ, နေပုံ, ထိုင်ပုံ စသည်တွေကို သင်ပေးကြပါတယ်။ မပုညဝတီ (မဖြူ) ကတော့ မော်နီတာ အတွေ့အကြုံ မရှိသေးလို့ အတွေ့အကြုံရှိထားတဲ့ မတင်တင်တို့က ကူညီပေးကြတာ ဖြစ်ပါတယ်။ ကိုရင်တွေကိုတော့ စာပြဆရာတွေဖြစ်တဲ့ ဥူးဥာနဝရ, ဥူးဇဝန, ဥူးဩဘာသ, ဥူးဇဋ္ဌလတို့က စည်းကမ်းတွေကို ပြောပြကြပါတယ်။ လိုက်နာ အောင်လည်း အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးကြပါတယ်။ ချက်ပြုတ်ရေး အဖွဲ့ကို ဘထွေးသိန်းမောင်က ဦးဆောင်ပါတယ်။ လုပ်အားပေးအဖွဲ့ကို မောင်လှဝင်းနဲ့မောင်အောင်ဆန်းတို့က ဦးဆောင်ကြပါတယ်။ သံဃာအဖွဲ့မှာ ဥူးဥာနဝရ, ဥူးဇဝနတို့က ဦးဆောင်ကြပါတယ်။ ကျောင်းသားတွေကို ကိုရင်ဝတ်ပေးပြီး ကျောင်းသူတွေကို သီလရှင်ဝတ်ပေးကာ ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့, လက်တွေ့သင်ကြားပေးတဲ့ သင်တန်းတွေ မြန်မာနိုင်ငံအနှံ့အပြားမှာ ပေါများလာရင် မြန်မာနိုင်ငံသာသနာဟာ ပိုမိုအားရစရာ ဖြစ်လာပါလိမ့်မယ်။

သဒ္ဓါ ထက်သန်ကြတယ်

ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ အတန်းနှစ်တန်း ခွဲသင်ပါတယ်။ အငယ်တန်းနဲ့အလတ်တန်း ဖြစ်ပါတယ်။ အငယ်တန်းအတွက် ဗုဒ္ဓသာသနာဝင်တို့ သိဖို့ လိုသည် စာအုပ်ကို ပြဋ္ဌာန်းပါတယ်။ အလတ်တန်းအတွက် ဗုဒ္ဓသာသနာ

http://www.dhammadownload.com

ဝင်တို့ သိဖို့ လိုသည် စာအုပ်နဲ့ ဗုဒ္ဓပေးခဲ့တဲ့ ယဉ်ကျေးမှုအမွေ စာအုပ်တွေကို ပြဋ္ဌာန်းပါတယ်။ ၁၃-၃-၂၀၀၆ နေ့က ညနေ ၅ နာရီမှာ ဩဝါဒပေးရပါတယ်။ သရဏဂုံသုံးပါးနဲ့ ဆယ်ပါးသီလတို့ကို ပါဠိလိုရော မြန်မာလိုပါ ဆိုခိုင်းပါတယ်။ အဟောင်းကိုရင်တွေက ဆိုနိုင်ကြပါတယ်။ အသစ်တွေကို ရအောင် ကျက်ထားကြဖို့ ပြောရပါတယ်။ ၁၄-၃-၂၀၀၆ ကစပြီး ပထမတစ်ပတ်မှာ ဥုးဥာနဝဂကို ဆက်ပြီး ဩဝါဒပေးဖို့ ပြောရပါတယ်။ ဒုတိယပတ်မှာ ဥုးဇဝန၊ တတိယပတ်မှာ ဥုးဩဘာသကို ဩဝါဒပေးဖို့ ပြောရပါတယ်။ သာမဏေကျော် မရှိလည်း သူတို့ဘာသာ ဆောင်ရွက်နိုင်အောင် ရည်ရွယ်ပါတယ်။ အငယ်တန်းကို စွန်ညီနောင် - စွန်မင်း ကျောင်းဆောင်အောက်ထပ်မှာ အလတ်တန်းကို အပေါ် ထပ်မှာ သင်ပေးကြပါတယ်။ နံနက်ပိုင်း ဘုရားဝတ်တက်တဲ့အခါ ကိုရင်တွေက အပေါ် ထပ်မှာ တက်ကြပါတယ်။ သီလရှင်တွေက ပဋိပတ်ဘက်ပိုင်းက ဆွမ်းစားကျောင်းဆောင်ပေါ်မှာ တက်ကြပါတယ်။

သီလရှင်တွေ စာသင်ဆောင်ကို နေ့လယ်ပိုင်း သွားကြတဲ့အခါ နေပူလို့ ထီးကိုယ်စီ ပေးထားပါတယ်။ ဆွမ်းခံမသွားခင် နံနက်ပိုင်းမှာ တစ်ကြိမ် စာသင် ပေးကြပါသေးတယ်။ စာသင်ပေးပြီး ကိုရင်တွေက ဆွမ်းခံသွားဖို့ ပြင်ဆင်ကြရပါတယ်။ သီလရှင်လေးတွေက ပဋိပတ်ဘက်ပိုင်းမှာ တံမြက်လှည်း, အမှိုက်ကျုံးကြရပါတယ်။ ညပိုင်းမှာ စာကျက်ကြတဲ့အခါ အသံတိတ် စာကျက်ကြဖို့ ပြောရပါတယ်။ ကိုရင်တွေရဲ့သပိတ်တွေထားရာ သပိတ်စင်မှာ ရေချိုးခွက်, ဆပ်ပြာခွက်, မတ်ခွက်တွေကို ထားဖို့, အိပ်ရာခင်း, စောင်, ခြင်ထောင်စသည်တွေကို တစ်ပုံစံတည်းနဲ့ သပ်သပ်ရပ်ရပ် ထားကြဖို့, ခြေနင်းမကြမ်းဖို့ ပြောရပါသေးတယ်။ ဖိနပ်တွေကို ဖိနပ်စင်မှာ အတန်းခွဲပြီး စီချွတ်ဖို့, သပိတ်စင်မှာ သပိတ်တွေကို ညီအောင် ထားဖို့ ပြောရပါသေးတယ်။ နေ့ဆွမ်းစားပြီး သပိတ်ထဲမှာ ဆွမ်းလုံး ကျန်, မကျန် စိစစ်ခိုင်းရပါသေးတယ်။ ဆွမ်းလုံးတစ်လုံးမှ မကျန်ရအောင် စားခိုင်းပါတယ်။ ပထမတစ်ပတ်မှာ ဘုရားဂုဏ်တော် ကိုးပါး ပါဠို, အနက်၊ ဒုတိယပတ်မှာ တရားဂုဏ်တော် ခြောက်ပါး ပါဠို, အနက်၊ တတိယပတ်မှာ သံဃာဂုဏ်တော် ကိုးပါး ပါဠိအနက်တွေကို ရအောင် အထူးကျက်ခိုင်းပြီး စာမေးပွဲမှာ မေးဖို့ ပြောရပါတယ်။

http://www.dhammadownload.com

ဆွမ်းခံသံယာသုံးတန်းမှာ ဖိုးသူတော်နှစ်ပါးနဲ့ ကျောင်းသား ၁၀ ယောက် ကျော်လောက် လိုက်ရပါတယ်။ ဆွမ်းဟင်းချိုင့် (၎ါးဆင့်ချိုင့်) ၁၂ ချိုင့် ယူသွားရပါတယ်။ ဆွမ်းထည့်ဒန်အိုး လေးလုံး ယူသွားရပါသေးတယ်။ တတိယ ဆွမ်းခံသံယာတန်း (ကျောင်းကုန်းတန်း) က ဆွမ်းဟင်းတွေ များစွာပဲ ရလှပါတယ်။ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ရလာလိမ့်မယ်လို့ မောင်လှဝင်းက ထင်မှတ်နေပါတယ်။ သဒ္ဓါ, စေတနာ အလွန်ပဲ ထက်သန်ကြပါတယ်တဲ့။

အားရှိပါတယ်

၁၄-၃-၂၀၀၆ နေ့မှာ စာရေးဆရာ လယ်တွင်းသား စောချစ်ဟာကိုရင်, သီလရှင်တွေအား မွန်းလွဲသုံးနာရီကျော်မှ လေးနာရီကျော်အထိ တစ်နာရီကြာလောက် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ ဟောပြောသွားပါတယ်။ ဆရာဝန်ဆရာလေး မကမလညာနီရဲ့ ကြိုးစားမှုကြောင့် ဦးစောချစ် ရောက်လာတာ ဖြစ်ပါတယ်။ သူကားနဲ့သူ လာပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာ အရိပ်မရှိလို့ နေပူတယ်လို့ မကမလညာနီက ပြောလိုက်ပေမယ့် ကြီးမားလှတဲ့ ဥနှဲပင်တွေကို တွေ့ရပြီး အကြီးဆုံး ဥနှဲပင်ရဲ့ အရိပ်အောက်မှာ ထိုင်ရင်း သာမဏေကျော်နဲ့ စကားပြောကာ ဒီလောက်ကြီးတဲ့ ဥနှဲပင်ကို မတွေ့ဖူးသေးကြောင်း, အရိပ်အာဝါသကောင်းပြီး အေးချမ်းတိတ်ဆိတ်ကြောင်း, သူဇနီးကိုလည်း ခေါ်လာခဲ့ဦးမယ့်အကြောင်းတွေကို ဦးစောချစ်က ပြောသွားပါတယ်။ သူရေးသားထားတဲ့နာမည်ကြီးစာအုပ်နှစ်အုပ်ကိုလည်း လှူသွားပါသေးတယ်။ ပန်းမြိုင်လယ်က ဥယျာဉ်မှူးနဲ့ ပန်းလိုချင် အပင်ကို ပျိုးတတ်မှ စာအုပ်တို့ ဖြစ်ပါတယ်။ သာမဏေကျော်က ဗုဒ္ဓပေးခဲ့တဲ့ ယဉ်ကျေးမှုအမွေနဲ့ လှူမျှဝေ၍ စာအုပ်တွေကို လယ်တွင်းသားစောချစ်အား လှူလိုက်ပါသေးတယ်။ သာမဏေကျော်ရဲ့စာအုပ်တွေ အတော်များများ သူ့အိမ်မှာ ရှိကြောင်းကိုလည်း ပြောသွားပါသေးတယ်။

၁၅-၃-၂၀၀၆ နေ့ အရုဏ်ဆွမ်းအတွက် မုတ္တမမြို့မှ ဦးအောင်မြတ်ကြည် + ဒေါ်လုံးကျင်မိသားစုတို့က ခေါက်ဆွဲကြော် ကပ်ပါတယ်။ စွန်ညီနောင် - စွန်မင်းခေါက်ဆွဲကို ကြော်ပါသတဲ့။ မစားဖူးသေးလို့ စားကြည့်ရာ အရသာရှိတာကို သတိပြုမိပါတယ်။ အမြိုက်ကျောင်းကို အရုဏ်ဆွမ်းအတွက်

http://www.dhammadownload.com

ခေါက်ဆွဲကြော် သွားလှူကြပါသေးတယ်။ အမြိုက်ကျောင်းက သာမဏေကျော် မဟာဂန္ဓာရုံအား ကျေးဇူးပြုပါတယ်။ ကူညီစရာရှိက ကူညီပါတယ်။ လှော်ကားတောရကျောင်းနဲ့ နှစ်ကျိပ်ရှစ်ဆူကျောင်းမှ ဆရာတော်ကြီး နှစ်ပါးဟာ သက်တော် ၇၀ ကျော် ရှိကြတဲ့အပြင် ကြည်ညိုဖွယ်ဂုဏ်တွေလည်း ရှိတာမို့ အဲဒီ ဆရာတော်ကြီးနှစ်ပါးထံလည်း လှူနိုင်ရင် လှူပေးကြပါလို့ ဝေယျာဝစ္စ လုပ်သူတွေအား ပြောပေးရပါတယ်။ လေးစားထိုက်တဲ့ ဆရာတော်ကြီးတွေအား လေးစားပူဇော်ရတာဟာ စိတ်ကြည်နူးစရာကောင်းလှပါတယ်။

ဥုံးညနဝရက "မင်းရွာမှ ဆရာတော်ဥုံးပညာဇောတလည်း မန္တလေးမှာ အလှူတစ်ခုကို ကြွလာခိုက် သာမဏေကျော် မဟာဂန္ဓာရုံကိုလည်း ရောက်အောင် လာခဲ့မယ်လို့ ပြောလိုက်တယ်လို့ ပြောပါတယ်။ ကျေးဇူးရှင် ဆရာသမား လာရောက်အားပေးမှာကို ဝမ်းသာလှပါတယ်။ ကိုယ့်ရဲ့တပည့်တွေ ဒီလို ကျောင်းတိုက်တည်ထောင်ရင် အားပေးဖို့ လိုအပ်တယ်ဆိုတာကို ပိုမိုနားလည်မိပါတယ်။ အားပေးခံရတဲ့ တပည့်မှာ အားရှိပါတယ်။ ချမ်းမြေ့မြိုင် ဆရာတော်က မောင်လှဝင်းထံ ဖုန်းပြောတဲ့အခါ "သင်တန်းမှာ စားရေး, သောက်ရေး အဆင်ပြေကြရဲ့လား" လို့ မေးလို့ အဆင်ပြေကြောင်း သိသွားတဲ့အခါ "ဝမ်းသာပါတယ်" လို့ လှိုက်လှဲစွာ ပြောသွားပါသတဲ့။ သူလည်း သာမဏေကျော်အပေါ် မေတ္တာထား, မုဒိတာပွားသူ တစ်ဦးပါပဲလား။

အနာထပိဏ်ပါပဲ

၁၄-၃-၂၀၀၆ နေ့မှာ ဦးကြည်ဦး - ဒေါ်မိကျင်မိသားစုက သာမဏေကျော် မဟာဂန္ဓာရုံ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းအတွက် ဆန် ၁၅ တင်းနဲ့ ငါးပိသာဆီတစ်ပုံး လှူဒါန်းသွားပါတယ်။ ပထမအကြိမ် သင်တန်းအတွက် ဆန်အတင်း ၂၀ လှူခဲ့ပါသတဲ့။ ကျောင်းဒကာ ဦးခင်ဇော်က ၁၅-၃-၂၀၀၆ နေ့ မွန်းလွဲသုံးနာရီခွဲလောက်မှာ ကျောင်းကို ရောက်လာပါသေးတယ်။ "သာမဏေကျော်၊ တော်တော် ချမ်းသာနေပြီလား" လို့ မေးလို့ "ကျောင်းဒကာက ချမ်းသာအောင် လုပ်ပေးနေတာပဲ၊ ချမ်းသာပြီပေါ့" လို့ ပြောလိုက်ပါတယ်။ "မနှစ်ကထက် အများကြီး ချမ်းသာလာပြီနော်" လို့ ကျောင်းဒကာ ပြောလာပြန်ပါတယ်။ ကျောင်းဒကာ ဆောက်လုပ်ပေးထား

http://www.dhammadownload.com

တဲ့ စွန်ညီနောင် - စွန်မင်းကျောင်းဆောင်အမှတ်တစ်မှာ ကိုရင်တွေ နေကြပါတယ်။ ကိုရင်, သီလရှင်တွေနဲ့ ပရိသတ်အားလုံး အဲဒီကျောင်းဆောင်အောက်ထပ်မှာ စားကြပါတယ်။ ကိုရင်, သီလရှင်တွေ အဲဒီကျောင်းဆောင်ကြီးမှာ စာသင်ယူကြပါတယ်။ ဘုရားဝတ်တက်ကြပါတယ်၊ ဩဝါဒခံယူကြပါတယ်၊ ချက်ဖိုဆောင်မှာ ချက်ပြုတ်ကြပါတယ်၊ ရေချိုးဆောင်မှာ ရေချိုးကြရပါတယ်။ သင်တန်းအတွက် ချက်ပြုတ် စားသောက်စရာ ပစ္စည်းတွေကို ကျောင်းဒကာက ဝယ်ပေးထားပါတယ်။ မီးစက်ကို ၁၈ သိန်း ကုန်ကျခံကာ ထပ်ဝယ်ပေးထားပါတယ်။ မီးစက်ဆောင်လည်း ဆောက်လုပ်နေပါတယ်။ စားပွဲ, ကုလားထိုင်, ဘီဒိုတွေအတွက် သိန်း ၂၀ ကျော် ကုန်ကျခံကာ လှူထားပါတယ်။ ကိုရင် ၁၅ ပါးစာအတွက် သပိတ်, သင်္ကန်း စသည်ကို တာဝန်ယူထားပါသေးတယ်။ ကျောင်းဆောင်ကြီးရှေ့မှာ ရှစ်သိန်းတန် စတီးထိုင်စရာတွေကို နှစ်ဖက်မှာ ပြုလုပ်ထားပါသေးတယ်။ ယောဂီတွေအတွက် အဆောင်နှစ်ဆောင်အပြင် အလျားပေ ၉၀ ကျော် ယောဂီဆောင်တစ်ဆောင်ကိုလည်း သင်္ကြန်အမီ ပြီးအောင် ဆောက်လုပ်ပေးနေပါသေးတယ်။ ဖူဂျီပိုက်လိုင်းသွယ်ဖို့ သိန်း ၃၀ ကျော် လှူထားပါသေးတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာ ဦးခင်ဇော် လှူတဲ့ အလှူတန်ဖိုးဟာ သိန်းနှစ်ထောင်ကျော်တောင် ရှိမယ် ထင်မိပါတယ်။ သူ့ရဲ့ဒါနစေတနာကတော့ အလွန့်အလွန် အံ့သြဖွယ်ကောင်းလောက်အောင် ထက်သန်လှပါတယ်။ သူ့ရဲ့ဒါနစေတနာ ထက်သန်ပုံ, လှူဒါန်းပုံတွေကို ကြည့်ပြီး ချမ်းမြေ့မြိုင်ဆရာတော်က "ဦးခင်ဇော်ဟာ အနာထပိဏ်ပါပဲ" လို့တောင် ပြောသွားပါသေးတယ်။ ကျောင်းဒကာက ကျောင်းကို မကြာခဏ လာရောက်ပြီး အလုပ်သမားတွေကို သူ လုပ်စေချင်တာတွေ ပြောပြသွားတတ်ပါတယ်။ လက်သမား, ပန်းရန်, ဆေးသုတ်သမား, အင်ဂျင်နီယာ စတဲ့ အလုပ်သမားတွေဟာ ကျောင်းဒကာအပေါ် အလွန်ပဲ အလေးပြုကြပါတယ်။ အလုပ်သမားတွေက ကျောင်းဒကာကို လေးစားကြတာဟာ ကျောင်းဒကာရဲ့ကျေးဇူးကို သိကြလို့ပါပဲတဲ့။

စိတ်ကူးယဉ်မှုသာ

သာမဏေကျော်ရဲ့ဆရာတစ်ပါးဖြစ်တဲ့ ဥုံးပညာဇောတ (မင်းရွာ) က

http://www.dhammadownload.com

စပါးတွင်းရွာဆရာတော် ဥးဥာနဝရကို သာမဏေကျော် မဟာဂန္ဓာရုံကျောင်းရဲ့ အခြေအနေကို မေးပါသတဲ့။ အဲဒီအခါ စပါးတွင်းဆရာတော်က ဒီလို ဖြေလိုက်ပါသတဲ့။

"အဆောက်အအုံတွေကတော့ တစ်ဟုန်ထိုး တိုးတက်နေပါတယ်။ ပရိယတ်အရည်အသွေးပိုင်းက လိုနေပါသေးတယ်။ သာမဏေကျော်က အစစအရာရာ လိုက်ပြီး မကြည့်ရှုနိုင်ပါ။ အားကိုးရတဲ့ လက်ထောက်တပည့် နှစ်ပါးလောက် ရှိရင် ကောင်းပါမယ်။"

သာမဏေကျော်က ဒီလို ပြောပြလိုက်ပါတယ်။

"အဆောက်အအုံပိုင်းက ကျောင်းဒကာ ဦးခင်ဇော်တို့ရဲ့ စေတနာ, သဒ္ဓါတရားအရ အလျင်အမြန် ဖြစ်ပေါ်လာတာပါပဲ။ ပရိယတ်မှာရော ပဋိပတ်မှာပါ သာမဏေကျော်က စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်လိမ့်မယ်လို့ မယူဆပါ။ ကိုယ့်ကျန်းမာရေးအရ တတ်နိုင်သမျှလေးပဲ ဆောင်ရွက်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ ပရိယတ်ပိုင်းမှာရော ပဋိပတ်မှာပါ ကြီးကြီးကျယ်ကျယ် ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်မထားသလို ကြီးကြီးကျယ်ကျယ် ဖြစ်လာဖို့လည်း မရည်ရွယ်မိပါ။ ငယ်မွေးခြံပေါက်လေးတွေကို အချိန်ယူမွေးမြူပြီး တဖြည်းဖြည်း နိုင်သမျှလေးပဲ တိုးချဲ့သွားချင်ပါတယ်။ အဆောက်အအုံတွေ တစ်ဟုန်တိုး ဖြစ်ပေါ်လာပေမယ့် အရည်အသွေးပိုင်းမှာ တစ်ဟုန်တိုး ဖြစ်ပေါ်လာဖို့ မလွယ်ပါ။"

သာမဏေကျော်က အများစာသင်ပြနေတဲ့ နည်းတွေနောက် လိုက်လိုတဲ့ ဆန္ဒ မရှိပါ။ ကိုယ့်မှာ ရှိနေတဲ့ အင်အားနဲ့ ချင့်ချိန်ပြီး တတ်နိုင်သမျှ အလုပ်လုပ်နေရရင် တာဝန်ကျေပြီလို့ ယူဆကာ ကျေနပ်နေပါမယ်။ ဥးဩဘာသနဲ့ ဥးဇဋိလတို့က သူတို့ တတ်သိထားသမျှနဲ့ ကိုရင်, ဖိုးသူတော်လေးတွေအား ပို့ချပေးနေကြပါတယ်။ သူတို့နှစ်ပါးအားရော, ကိုရင်, ဖိုးသူတော်လေးတွေ အားပါ သာမဏေကျော်က ပါဠိပညာကို တတ်နိုင်သမျှ ပေးပေးသွားဖို့ ရည်ရွယ်ထားပေမယ့် အခြေအနေအရ အကောင်အထည် မဖော်ဖြစ်သေးပါ။ ပါဠိတော်, အဋ္ဌကထာ, ဋီကာတွေကို ဖတ်ရှုနားလည်နိုင်တဲ့ အသိဉာဏ် မြန်မြန်ရစေနိုင်တဲ့ နည်းလမ်းကို ပေးချင်ပါတယ်။ အဲဒီနည်းလမ်းတွေ

http://www.dhammadownload.com

ကို ရရှိပြီး အဲဒီအသိဉာဏ် ရရှိသွားကြပြီဆိုရင် သာမဏေကျော့် ဆန္ဒ ပြည့်ဝ သင့်သလောက် ပြည့်ဝလာပြီလို့ ဆိုချင်ပါတယ်။ အခုတော့ စိတ်ကူးယဉ်မှု သာ ရှိနေပါသေးတယ်။

တိတ်ဆိတ်ငြိမ်းချမ်းလို့ပါတဲ့

၁၆-၃-၂၀၀၆ နေ့က ဆရာဝန် မစန္ဒာကောင်းမြင့်က ဗုဒ္ဓယဉ်ကျေးမှု သင်တန်းသား ကိုရင်, သီလရှင်လေးတွေအား ဆေးပညာဆိုင်ရာ ဗဟုသုတ တွေကို လာရောက်ဟောပြောပေးသွားပါတယ်။ မကမလဉာနီရဲ့ သူငယ်ချင်း ဖြစ်ပါတယ်။ အမေရိက ဆန်ဟိုဈေးမြို့မှ မလွင်မာကောင်းမြင့်ရဲ့အစ်မကြီး ဖြစ်ပါတယ်။ မကမလဉာနီနဲ့ မမနာပိကာတို့လည်း လိုက်ပါလာကြပါတယ်။ မမနာပိကာက ကိုရီးယားခရီးစဉ်အတွက် လက်မှတ်ထိုးပေးဖို့ လိုလို့ လိုက် လာပုံရပါတယ်။ လေးခေါက်မြောက် လာရောက်ခြင်း ဖြစ်ပါတယ်။ မစန္ဒာ ကောင်းမြင့်က ကိုရင်, သီလရှင်တွေအတွက် ဖျော်ရည်ဗူး ၁၀၀ လှူသွားပါ တယ်။ မမနာပိကာက မိုက်ကရိုဖုန်း လှူသွားပါသေးတယ်။ စတီးဇလုံ နှစ်လုံး နဲ့ ဟင်းထည့်ဘူးကိုလည်း လှူပါသေးတယ်။ ၁၉-၃-၂၀၀၆ နေ့ တနင်္ဂနွေနေ့ ရောက်ရင် မည်ညီဉီဝင်း (ဆရာဝန်မ) ကလည်း ဆေးပညာဗဟုသုတတွေကို လာရောက်ဟောပြပါဦးမယ်တဲ့။ မကျန်းမာတဲ့ ကိုရင်, သီလရှင်တွေအား ဆေးပေးသွားကြပါသေးတယ်။ မစန္ဒာကောင်းမြင့်ကို ရန်ကုန် ပဏ္ဍိတာရာမ မှာ တစ်ခါ တွေ့ဖူးပါတယ်။ မမနာပိကာက သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းမှာ သစ်ရွက်မိုးတဲကျောင်း ဆောက်ပြီး လာနေလိုနေပါသတဲ့။ တိတ် ဆိတ်ငြိမ်းချမ်းလို့ပါတဲ့။ သူတို့အဖွဲ့ကိုလည်း အကြီးဆုံးဥနဲ့ပင်ကြီးအောက် မှာ တွေ့လိုက်ပါတယ်။ မစန္ဒာကောင်းမြင့်က ဥနဲ့ပင်ကို ကုက္ကိုပင်လို့ လွဲမှား ပြောနေပါသေးတယ်။

ပဋိပတ်ဘက်ပိုင်းရှိ ချောင်းထဲရှိ သင်္ဘောကုက္ကိုပင်ကြီးတွေက ဥနဲ့ပင် ကြီး, ဥနဲ့ပင်လတ်တွေကို စိမ်းစိုမှုချင်း ယှဉ်ပြိုင်နေကြသယောင် ထင်ရပါ တယ်။ ဥနဲ့ပင်တွေရဲ့ စိမ်းစိုမှုကို ယှဉ်နိုင်နေတဲ့ အခြားသစ်ပင်တွေကိုလည်း တွေ့နေရပါသေးတယ်။ သရက်ပင်တွေရဲ့ ရွက်သစ်တွေ ဝေပြီး စိုပြည်နေမှု

http://www.dhammadownload.com

ကလည်း မျက်စိကိုရော, ရင်ကိုပါ အေးမြရွှင်လန်းစေပါတယ်။ ပိန္နဲ, ငှက်ပျော, မလေးရှားပိတောက်ပင်တွေအပြင် စိုက်ခင်းတွေထဲမှ ကန်စွန်း, ချဉ်ပေါင်, မုန်လာ, ဘူး, ခရမ်း, နွေပဲ, ပဲပုစွန်, ကြက်ဟင်းခါး စတဲ့ သစ်ပင်လေးတွေကလည်း အထူးပဲ စိမ်းလန်းစိုပြည်နေကြပါတယ်။ အဲဒီလို စိမ်းလန်းစိုပြည်နေအောင် သီးပင်, စားပင်လေးတွေကို ရေလောင်းပေးရပါတယ်၊ ပေါင်းသင်ပေးရပါတယ်၊ မြေဩဇာကျွေးရပါတယ်၊ ဒုတိယအကြိမ် ဖွင့်လှစ်သင်ကြားပေးတဲ့ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ ကိုရင် ၈၀ ကျော်နဲ့ သီလရှင် ၂၀ ကျော်တို့အား ဗုဒ္ဓယဉ်ကျေးမှုမြေဩဇာတွေကို ကျွေးကာ သင်တန်းသား သစ်ပင်လေးတွေကို စိမ်းလန်းစိုပြည်လာအောင် ကြိုးစားပေးနေရပါတယ်။ တစ်လသင်တန်း ဖွင့်လှစ်လိုပေမယ့် ကျွေးမွေးဖို့ မတတ်နိုင်သေးလို့ တစ်ပတ်လျှော့ကာ သုံးပတ်ပဲ ဖွင့်လှစ်သင်ကြားပေးနိုင်ပါသေးတယ်။ တတ်နိုင်တဲ့ အချိန်မှာတော့ တစ်လကြာ သင်ကြားပေးမယ်လို့ စိတ်ကူးထားပါတယ်။ သင်တန်းသားတွေက ရန်ကုန်နဲ့မှော်ဘီက အနည်းအကျဉ်းပဲ လာကြပါသေးတယ်။ ဆွမ်းခံရွာတွေကနဲ့ စပါးတွင်းရွာကပဲ များနေပါသေးတယ်။

အလုပ်

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းမှာ ဝေယျာဝစ္စလုပ်အားပေးသူတွေထဲမှာ စပါးတွင်းရွာမှ အစ်ကိုတွေ, ဘထွေးတွေ, အဒေါ်တွေ, ညီတွေ, ညီမတွေ, တူတွေ, တူမတွေ, ကျောင်းရှိကိုရင်, ဖိုးသူတော်တွေနဲ့ ဆွေမျိုးတော်စပ်သူတွေ ပါဝင်ကြပါတယ်။ အစ်ကိုနှစ်ဝမ်းကွဲတော်စပ်တဲ့ မောင်သိန်းအေးအမည်ရှိ ဒကာလည်း ပါပါတယ်။ သူ့ကိုတော့ အားမနာတမ်း ပြောရပါတယ်။ ကျောင်းရောက်ပြီး တစ်ရက်, နှစ်ရက်လောက် ကြာတဲ့အခါ လုပ်အားပေးဖို့ လာသူတွေဟာ ဘာတွေကို လုပ်နေကြသလဲလို့ လိုက်ကြည့်မိပါတယ်။ လုပ်ဖို့ ကိစ္စတွေက များပြားနေပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမစခင် လုပ်ရမယ့် ကိစ္စတွေကို နိုင်အောင် လုပ်ထားကြဖို့ လိုပါတယ်။ ဒါကြောင့် ကြောင့်ကြစိုက်ပေးရပါတယ်။ သာမဏေကျော် လိုက်ကြည့်တဲ့

http://www.dhammadownload.com

အခိုက်မှာ မောင်သိန်းအေး နားနေတာကို တွေ့ရပါတယ်။ လုပ်စရာကိစ္စ တွေက များနေလို့ အလိုက်တသိနဲ့ လုပ်စရာ ကိစ္စတွေကို ဝိုင်းဝန်းပြီး လုပ်စေ ချင်ပါတယ်။ လုပ်ကြလိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်။ ဒါကြောင့် နား နေတဲ့ မောင်သိန်းအေးကို မြင်ရလို့ အခေါ်ခိုင်းပြီး ပြောရပါတယ်။

"မောင်သိန်းအေး၊ မောင်သိန်းအေးက ကိုယ့်အစ်ကိုကြီး ဖြစ်လို့ အားမနာတမ်း ပြောရမှာပဲ။ အလုပ်က မောင်သိန်းအေးကို လိုက်ရှာမနေရ စေနဲ့။ ကိုယ်က အလုပ်ကို လိုက်ရှာပြီး လုပ်ရမယ်။"

မောင်သိန်းအေးက သင်တန်းကာလတစ်ပတ်လောက် ကြာလာတဲ့ အခါ သာမဏေကျော်အား "တပည့်တော်ကို အလုပ်က လိုက်ရှာမနေရဘဲ တပည့်တော်က အလုပ်ကို လိုက်ရှာပြီး အလုပ်လုပ်နေပါတယ် ဘုရား" လို့ လျှောက်လာပါတယ်။ လုပ်ရမယ့် ကိစ္စတွေကို မခိုင်းရဘဲ မြင်အောင် ကြည့်ကာ လုပ်တတ်သွားကြရင်တော့ အကောင်းဆုံးပါပဲ။ ခိုင်းမှပဲ လုပ်တတ်တယ် ဆိုရင် ကျကျနန တိတိကျကျ ခွဲဝေပေးပြီး ကျေပွန်အောင် ဆောင်ရွက်ခိုင်းဖို့ လိုပါတယ်။ လူ များနေပေမယ့် လုပ်ရမယ့် တာဝန်ကို ခွဲဝေပြီး တိတိကျကျ မပေးနိုင်ရင် ကိစ္စတွေ မပြီးမြောက်ဘဲ ရှိပါမယ်။ အင်အားကို ထိရောက်အောင် အသုံးပြုတတ်ပါမှ ကိစ္စတွေ ပြီးမြောက် အောင်မြင်နိုင်ပါမယ်။ ထိရောက်အောင် အသုံးမပြုတတ်ရင် လူများပြီး ပွဲမစည် ဖြစ်တတ်ပါတယ်။ လုပ်အားပေးသူတွေ လိုက်နာရမယ့် စည်းကမ်းတွေကို ဥုံးညှနဝရ ပြောပြ ပေးဖို့ စီစဉ်ရပါတယ်။ ကိုရင်တွေ လိုက်နာရမယ့် စည်းကမ်းတွေကို ကြိုတင်ပြီး ဥုံးသြဘာသကို ပြောခိုင်းထားပါတယ်။ ဥုံးညှနဝရက လုပ်အားပေးသူ တွေကိုရော ကိုရင်တွေကိုပါ စုပေါင်းပြီး ပြောပြပါသေးတယ်။ ကျောင်း ဒကာ ဦးခင်ဇော်ရဲ့ ကျောင်းဆောင်တွေက ဆေးသုတ်ပြီးစဖြစ်တဲ့အပြင် ရေစက်လည်း ချ မလျှုရသေးလို့ ညစ်ပေမသွားရအောင် အထူးပဲ သတိထား ခိုင်းရပါတယ်။ ညစ်ပေသွားရင် သဒ္ဓါပျက်ဖွယ် ဖြစ်သွားပါမယ်။

ထူးထူးခြားခြား

၁၇-၃-၂၀၀၆ နေ့ နေ့ဆွမ်းမစားမီအချိန်မှာ ဥုံးအဂ္ဂသာမိ, မသူဇာ

http://www.dhammadownload.com

သန်း, ဥုံးအေးကြိုင်, ဥုံးအဂ္ဂသာမိရဲ့တူမသီလရှင်တို့ဟာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို ရောက်လာကြပါတယ်။ သူတို့ရဲ့မြေကွက်ကို ကြည့် သွားကြပါတယ်။ နေ့ဆွမ်းလည်း စားသွားကြပါတယ်။ ရဟန်းတွေနဲ့ ဝေယျာ ဝစ္စလုပ်သူတွေအား နဝကမ္မဝတ္ထုဌွေ လှူသွားကြပါသေးတယ်။ မသီရိအောင် တို့မိသားစုနဲ့ သူငယ်ချင်းတွေဟာ ၁၈-၃-၂၀၀၆ နေ့ အရုဏ်ဆွမ်းကပ်ဖို့ ၁၇-၃-၂၀၀၆ နေ့မှာ ညလာအိပ်ကြပါတယ်။ ၁၈-၃-၂၀၀၆ နေ့ အရုဏ်ဆွမ်း (ကြာဆံချက်) ကပ်ပြီး ရုံးတက်ရမှာမို့ ပြန်သွားကြပါတယ်။ စိတ်ကြည်နူး တယ်လို့ ပြောသွားကြပါတယ်။ သင်တန်းသား ကိုရင်, သီလရှင်လေးတွေကို ကြည့်ပြီး စိတ်ကြည်နူးကြပုံပေါ်ပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် ကြီးကို ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေ ဖြစ်လို့ ကိုရင်လေးတွေကို တွေ့ရတော့ "အမရပူရမြို့ မဟာဂန္ဓာရုံကို ရောက်သွားသလိုဖြစ်သွားတာပေါ့" လို့သာမဏေ ကျော်က ပြောလိုက်ပါသေးတယ်။ မသီရိအောင်နဲ့ ပါလာတဲ့ ကလေး သုံးယောက်က အလွန်ပျော်ကြပုံ ပေါ်ပါသေးတယ်။ အသံဆူညံလို့ အသံ မဆူညံရအောင် ပြောရပါသေးတယ်။ တိတ်ဆိတ်ငြိမ်သက်မှု အရသာဟာ ကလေးသုံးယောက်ရဲ့အသံကြောင့် အနည်းငယ် ပျက်သွားပါတယ်။ သုံးခါ လောက် ပြောလိုက်တော့ ကလေးတွေလည်း မဆူညံကြတော့ပါ။ မသီရိအောင် တို့ကလည်း မဆူညံရအောင် သတိပေးပါတော့တယ်။

သန့်ရှင်းမှု, သပ်ရပ်မှု, တိတ်ဆိတ်မှုဟာ နေရာတကာမှာ လိုအပ်ပါ တယ်။ ဘုန်းကြီးကျောင်းတွေမှာ ဘုရားအလိုတော်ကျ လိုက်နာဆောင်ရွက် တတ်ကြရင် သန့်ရှင်းမှု, သပ်ရပ်မှု, တိတ်ဆိတ်မှုတွေဟာ ထိပ်တန်းမှာ ရောက်နေကြပါမယ်။ သန့်ရှင်းမှု, သပ်ရပ်မှု, တိတ်ဆိတ်မှုတွေဟာ ဗုဒ္ဓ ယဉ်ကျေးမှုတွေပါပဲ။ အဲဒီဗုဒ္ဓယဉ်ကျေးမှုတွေကို ဗုဒ္ဓသာသနာဝင် ရဟန်း, ရှင်, လူတိုင်း လိုက်နာနိုင်အောင် ကြိုးစားကြရပါမယ်။ မလိုက်နာနိုင်ကြတော့ ဗုဒ္ဓသာသနာရော, ဗုဒ္ဓသာသနာဝင်တွေပါ အထင်သေးစရာ ဖြစ်နေကြပါ တယ်။ သန့်ရှင်းမှု, သပ်ရပ်မှု, တိတ်ဆိတ်မှုတွေရဲ့ တန်ဖိုးကို နားလည်နိုင်စွမ်း ဟာ ဗုဒ္ဓသာသနာဝင် ရဟန်း, ရှင်, လူတွေမှာ အားနည်းနေကြပါတယ်။ ဗုဒ္ဓ သာသနာဝင်မဟုတ်တဲ့ တခြို့နိုင်ငံသားတွေက ဗုဒ္ဓယဉ်ကျေးမှုဖြစ်တဲ့

http://www.dhammadownload.com

သန့်ရှင်းမှု, သပ်ရပ်မှု, တိတ်ဆိတ်မှုတွေကို အကြီးအကျယ် မြတ်နိုး တန်ဖိုးထားကာ လိုက်နာကျင့်သုံးလျက် ရှိနေကြပါတယ်။ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေမှာ အဲဒီဗုဒ္ဓယဉ်ကျေးမှုတွေကို လိုက်နာကျင့်သုံးမှု အားနည်းနေကြတာဟာ အားမရစရာပါပဲ။ မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တိုင်း အဲဒီ ဗုဒ္ဓယဉ်ကျေးမှုတွေကို လိုက်နာကျင့်သုံးနိုင်ကြပြီဆိုရင် မြန်မာဟာ ကမ္ဘာမှာ ထူးထူးခြားခြား စိတ်ဝင်စားစရာ နိုင်ငံတစ်နိုင်ငံ ဖြစ်နေမှာပါပဲ။

စိတ်ကြည်နူးဖွယ်

ဆွမ်းစားကျောင်းမှာ ဝေယျာဝစ္စလုပ်အားပေးသူတွေကို အောက်ပါစည်းကမ်းလေးတွေ ပြောပြထားဖို့ သင်တန်း မစမီကတည်းက ဥုးဉာနဝရကို တာဝန်ပေးထားရပါတယ်။

၁။ ဆီစသည် ညစ်ပေနေတဲ့ လက်နဲ့ တိုင်ကိုဖြစ်စေ, နံရံကိုဖြစ်စေ, တံခါးကိုဖြစ်စေ, အခြားအရာကိုဖြစ်စေ မကိုင်ရပါ။ ညစ်ပေနေတဲ့ လက်ကို လက်သုတ်ပဝါနဲ့သာ သုတ်ပါ။

၂။ ဆွမ်း, ဆွမ်းဟင်း စသည်တွေကို ခပ်ယူတဲ့အခါ သန့်ရှင်းတဲ့ ဇွန်း, ပန်းကန်တွေနဲ့ ခပ်ယူရပါမယ်။ လက်နဲ့ မခပ်ယူရပါ။

၃။ အစားအသောက်တွေကို စားသောက်ခိုန်ရောက်တဲ့အခါမှသာ စားပွဲမှာ စားသောက်ရပါမယ်။ နှိုက်ယူပြီး လမ်းသွားရင်း စားသောက်တာမျိုး မလုပ်ရပါ။

၄။ ပန်းကန်, ခွက်ယောက်, ဇွန်းစတဲ့ ပစ္စည်းတွေကို သန့်စင်အောင် ဆေးကြောကာ သပ်ရပ်စွာ သိမ်းဆည်းထားရပါမယ်။

၅။ ထမင်းလုံး, ဟင်းဖတ်, ငှက်ပျောခွံစတဲ့ အရာတွေကို ပန်းကန် ခွက်ယောက် ဆေးကြောရာနေရာမှာ ညစ်ပေရှုပ်ထွေးမနေစေရပါ။ အမှိုက်ပုံးထဲ ထည့်ကြရပါမယ်။ ပြီးရင် အမှိုက်ကျင်းထဲ သွားသွန်ရပါမယ်။

၆။ ဝေယျာဝစ္စပြုလုပ်သူတွေ စကားပြောကြရာမှာ အော်ဟစ်မပြောကြဘဲ တိုးတိုးသက်သာ ပြောကြရပါမယ်။

၇။ ဆွမ်း, ဆွမ်းဟင်း လိုက်ထည့်စဉ် အကျီလက်တို, ဘောင်းဘီတို

http://www.dhammadownload.com

မဝတ်ဆင်ရပါ။

၈။ ဆွမ်း, ဆွမ်းဟင်း လိုက်ထည့်စဉ် ပန်းကန်, ခွက်ယောက်တို့ကို အသံမမြည်အောင် အထူးသတိပြုကာ ကိုင်ကြရပါမယ်။

၉။ အားလုံး နံနက်လေးနာရီမှာ အိပ်ရာမှ ထပြီး လုပ်အားပေးကြရပါမယ်။ ခိုကတ် မနေရပါ။

၁၀။ ညအခါ ကျောင်းပြင်ထွက်ပြီး လှည့်လည်သွားလာခြင်း မပြုလုပ်ရပါ။

လုပ်အားပေးသူတွေက စပါးတွင်းရွာမှ ဆွေမျိုးတွေပဲ ဖြစ်ပါတယ်။ သူတို့ကို စည်းကမ်းတကျ လုပ်အားပေးတတ်အောင် ကြိုတင်ပြောပေးထားရပါတယ်။ ပစ္စည်းတွေကို ရိုရိုသေသေ စည်းကမ်းရှိရှိ အသုံးချပေးပါမှ လှူသူတွေမှာ စိတ်ကြည်နူးဖွယ် ဖြစ်ပါမယ်။

ကျောင်း ငါးကျောင်း အလှူ

၁၉-၃-၂၀၀၆ နေ့ အရုဏ်ဆွမ်းကိုရော, နေ့ဆွမ်းကိုရော, ဖျော်ရည်ကိုရော, လျှပ်စစ်မီးကိုပါ အင်းတကော်မှ ဦးကျော်လှိုင် + ဒေါ်တင်ဌေး၊ သမီးမည်မီလှိုင်တို့က သာမဏေကျော် မဟာဂန္ဓာရုံ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ လှူဒါန်းကြပါတယ်။ မည်မီလှိုင်က ယခုအခါ ပဲခူးမြို့နယ်၊ ဆယ်မိုင်ကုန်း ပဏ္ဏိတာရာမ တောစခန်းရိပ်သာမှာ သီလရှင်ဝတ်နေပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းက သီလရှင်လေးကွေကို ထိန်းသိမ်းစောင့်ရှောက်ပေးနေပါတယ်။ ဘွဲ့က မဇ္ဈိမဉာဏီ ဖြစ်ပါတယ်။ ပဏ္ဏိတာရာမက တာဝန်တွေ လစ်ဟင်းမှု မရှိရအောင် ဆောင်ရွက်ပေးနေလို့ သာမဏေကျော် မဟာဂန္ဓာရုံမှာ လှူတဲ့အလှူအတွက် မလာဘဲ နေတာ ဖြစ်ပါလိမ့်မယ်။ အရုဏ်ဆွမ်းအတွက် ခေါက်ဆွဲကြော် ဆက်ကပ်ပါတယ်။ မဇ္ဈိမဉာဏီရဲ့ မွေးနေ့အလှူအဖြစ်နဲ့ ဒီနေ့မှာ လှူလေ့ရှိပါတယ်။ ခေါက်ဆွဲကြော်ကို အနီးအနားရှိ အမြိုက်ကျောင်း, လှော်ကားတောရကျောင်း, နှစ်ကျိပ်ရှစ်ဆူဘုရားကျောင်း, အောင်စည်ဟိန်း မဟာစည်သာသနာ့ ရိပ်သာတွေအား လှူဒါန်းပါတယ်။ ငါးဆင့်ချိုင့် ငါးချိုင့်နဲ့ သွားလှူကြပါတယ်။ မဇ္ဈိမဉာဏီတို့ရဲ့အလှူက ကျောင်းငါးကျောင်းကို လှူတဲ့အလှူ ဖြစ်သွားပါတယ်။

http://www.dhammadownload.com

မဇ္ဈိမနိကာယ်တို့ နိဒ္ဒာန်ဆော်လုပ်ပေးမှုကြောင့် မဉ္ဇာလှိုင်နဲ့မစိန်စိန်မြတို့ကလည်း တစ်ရက်စီပဲ တာဝန်ယူ လှူကြပါသေးတယ်။ အင်းတိုင်နဲ့ သာယာအေးမှ အလှူရှင်တွေလည်း ပါဝင်လာကြပါသေးတယ်။ မည်မြဲရဲ့ အင်္ဂလန်က ညီမ မဉ္ဇာလှိုင်က မည်မြဲကို 'ဆရာလေး' လို့ပဲ ခေါ်ဝေါ်သုံးနှုန်းပါတယ်။ မည်မြဲက ဆယ်မိုင်ကုန်း ပဏ္ဏိတာရာမက ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာ သီလရှင်ဝတ်ပြီး ခေါင်းဆောင်လုပ်ခဲ့တာ နှစ်ပေါင်း ၁၀ နှစ်ရှိပါပြီ။ ဒုတိယအကြိမ်ကစပြီး ယခုအထိပါပဲ။ မည်မြဲဦးဆောင်တဲ့ သူငယ်ချင်းတစ်သိုက်ရဲ့ ပဏ္ဏိတာရာမ သာသနာအတွက် အဲဒီလို ကူညီဆောင်ရွက်ပေးခဲ့တာကို ဝမ်းသာခဲ့ရပါတယ်။ ယခု ဆောင်ရွက်ပေးနေတာကိုလည်း ဝမ်းသာနေပါတယ်။ နောင်အခါတွေမှာ ဆောင်ရွက်ပေးမှာတွေကိုလည်း ဝမ်းသာနေပါမယ်။ မဇ္ဈိမနိကာယ် သီလရှင် (သိက္ခာရှင်) လေးတွေကို စည်းကမ်းသေဝပ်အောင် ဆောင်ရွက်ပေးရာမှာ စေတနာထက်သန်သလို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းလည်း ထူးထူးခြားခြား ရှိပါတယ်။ ပါရမီထူးတယ်လို့ ဆိုရမှာပါပဲ။ မည်မြဲနဲ့အတူ ကုသိုလ်ကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်လေ့ရှိတဲ့ မတင်တင်က ပဏ္ဏိတာရာမ တောစခန်းက သီလရှင်တွေ ခေါင်းရိတ်ရာမှာ ကူညီပေးဖို့ တောစခန်းရိပ်သာကို သွားနေပါတယ်။ မည်မြဲက မတင်တင်ကို ခင်သလို မတင်တင်ကလည်း မည်မြဲကို ခင်မင်ပါတယ်။ မတင်တင်က မည်မြဲကို 'အစ်မ' လို့ ခေါ်ပါတယ်။ မည်မြဲအပေါ် ချစ်ကြောက်ရိုသေမှု မတင်တင်မှာ အပြည့်ရှိတာကို သတိပြုမိပါတယ်။

အရသာ

ဥနဲ့သီး မှည့်မှည့်ဝါဝါလေးတွေကို မစားရတာ နှစ်ပေါင်း ၄၀ ကျော်ကြာခဲ့ပြီ ထင်ပါတယ်။ ငယ်ရွယ်စဉ်ကလေးဘဝကပဲ စားခဲ့ဖူးပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံ ပဋိပတ်ဘက်ပိုင်းမှာ ဥနဲ့ပင်တွေ များစွာရှိသလို ဥနဲ့ကိုင်းတွေမှာ ဝါဝင်းနေအောင် မှည့်နေတဲ့ ဥနဲ့သီးတွေလည်း ရှိပါတယ်။ အဲဒီဥနဲ့သီးတွေကို ဆက်ရက်စတဲ့ ဌက်တွေက တပျော်တပါး စားသောက်ရင်း အော်ဟစ်မြူးတူးနေကြသံကိုလည်း ကြားရပါတယ်။ လူ

http://www.dhammadownload.com

တစ်ရပ်အမိုက ဥနှဲကိုင်းတွေမှာ ဝါဝင်းနေတဲ့ ဥနှဲသီးမှည့်မှည့်လေးတွေကို မောင်အောင်ဆန်းကို ကပ္ပိ (ဆွတ်) ခိုင်းပြီး ကပ်ခိုင်းပါတယ်။ အားရပါးရ စားကြည့်လိုက်ပါတယ်။ ဥနှဲပင်တစ်ပင်ရဲ့အသီးတွေမှာတော့ ခါးသက်မှုနည်းပါးပြီး အချို လွန်ကဲနေပါတယ်။ ခါးသက်သက်အရသာရှိတဲ့ အသီးသီးတဲ့ ဥနှဲပင်တွေကပဲ များပါတယ်။ ဥနှဲရွက်ကိုလည်း လက်ဖက်ခြောက်ရွက်လို ရေနွေးနဲ့ သောက်လေ့ရှိကြပါတယ်။ ကျန်းမာရေး ကောင်းမွန်စေနိုင်တယ်လို့ သိရပါတယ်။ ဥနှဲရိုးကို ဆေးရွက်ကြီး မပါဘဲ ဆေးလိပ်လုပ်ကာ သောက်ရင်လည်း ကျန်းမာရေးအတွက် ကောင်းတယ်လို့ ပြောကြပါတယ်။

အကြီးဆုံး ဥနှဲပင်ကြီး နှစ်ပင် ယှဉ်လျက်ရှိရာ တစ်ပင်ကပဲ အသီးသီးပါတယ်။ အခြားတစ်ပင်မှာတော့ အသီး မသီးပါ။ အပွင့်တော့ ပွင့်ပါတယ်။ ထန်းပင်မှာ အဖို, အမ ရှိသလို ဥနှဲပင်မှာလည်း အဖို, အမ ရှိလေသလားလို့ တွေးမိပါတယ်။ ဥနှဲပင်မှန်သမျှ အသီးသီးတယ်လို့သာ ထင်မှတ်မိခဲ့ပါတယ်။ အဲဒီအထင် မှားပုံရပါတယ်။ ခါးသက်သက်အရသာရှိတဲ့ဥနှဲသီးက ကျန်းမာရေး ကောင်းမွန်စေနိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။ ဒါကြောင့် တစ်ဝကြီး စားကြည့်လိုက်ပါတယ်။ ဥနှဲသီးပေါင်း ၁၀၀ လောက် ရှိသွားတယ်လို့ ထင်မိပါတယ်။ ဥနှဲရွက်တွေက အပင်မှာ ကုန်မသွားဘဲ အမြဲစိမ်းစိုနေတာမို့ ဥနှဲပင်ကို 'မအိုပင်' လို့တောင် ခေါ်ကြတယ်လို့ မှတ်သားဖူးပါတယ်။ နွေရာသီမှာ အမြဲစိမ်းစိုနေတဲ့ ဥနှဲပင်တွေဟာ ထူးခြားတဲ့အသွင်ကို ဆောင်နေကြပါတယ်။ ထူးထူးခြားခြား အရိပ်ကောင်းလှတဲ့ ဥနှဲပင်ကြီးတွေဟာ သာမဏေကျော် မဟာဂန္ဓာရုံရဲ့ ထူးခြားတဲ့ ပြယုဂ်သဖွယ် ဖြစ်နေပါတယ်။ တချို့က ဥနှဲပင်ကို 'ဆေးရိုးပင်' လို့ပဲ သိကြပါတယ်။ ခေါ်ဝေါ်ကြပါတယ်။ ပတ်ဝန်းကျင်မှာ ကျယ်ပြန့်ဝိုင်းလျက် ပိတ်ပိတ်သည်းနေတဲ့ ဥနှဲပင်ကြီး ညီနောင်နှစ်ခုအောက် ကွပ်ပျစ်ပေါ် ထိုင်လိုက်ရသူအပေါင်းရဲ့ နှုတ်ဖျားမှ ထွက်လာတဲ့ တစ်ခုတည်းသော အသံက 'အေးမြလိုက်တာ' ဆိုတဲ့ အသံပဲ ဖြစ်ပါတယ်။ တိတ်ဆိတ်မှုနဲ့ ပေါင်းစပ်လိုက်တော့ အေးမြမှုက ပိုမိုအရသာရှိလှပါတယ်။ ရံခါ ဆင့်ကာဆင့်ကာ အော်မြူးနေတဲ့ ချိုးငှက်လေးတွေရဲ့ အသံကလည်း စိတ်ကြည်နူးမှုကို ပေးပြန်ပါသေးတယ်။

http://www.dhammadownload.com

ကြည်နူးဖွယ်

၂၃-၃-၂၀၀၆ နေ့ နေ့လယ် ၁၂ နာရီလောက် ကျောက်တန်းရွာအဖွဲ့တွေဟာ ထောက်ကြွန့်ကို သာမဏေကျော် မဟာဂန္ဓာရုံက ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ အရှဏ်ဆွမ်းအတွက် မုန့်ဟင်းခါးကပ်ဖို့ လာကြပါမယ်။ မောင်အောင်ဆန်း လာကြိုဖို့ မဝင်းမာတို့က မှာသွားပါတယ်။ ရွှေဘုံဆရာတော်ကလည်း ဖုန်းနဲ့ နှစ်ကြိမ်တိုင်တိုင် ကျောက်တန်းအဖွဲ့ကို မောင်အောင်ဆန်း လာကြိုဖို့ ပြောပါသေးတယ်တဲ့။ ဒေါက်တာဒေါ်ညိုညိုဝင်းတို့ ရောက်လာလို့ သူတို့ကို ဧည့်ခံစကားပြောဆိုနေခိုက် ရွှေဘုံဆရာတော်ထံက ဒုတိယအကြိမ် ဖုန်းလာတာ ဖြစ်ပါသတဲ့။ ဒေါ်ညိုညိုဝင်းက လှိုက်လှိုက်လဲ့လဲ့ ထက်ထက်သန်သန် စိတ်ရှည်ရှည်နဲ့ ကိုရင်, သီလရှင်လေးတွေရဲ့ ကျန်းမာရေးအတွက် ကြည့်ရှုစစ်ဆေးကာ ကျောင်းမှာ အဆင်သင့်ရှိနေတဲ့ ဆေးတွေကို ပေးသွားပါတယ်။ ဒေါ်ညိုညိုဝင်းတို့အဖွဲ့ကို ဝေယျာဝစ္စ လုပ်သူတွေက ညနေစာ ကျွေးမွေးလိုက်ကြပါတယ်။ ဘူးရွက်ဟင်းချို လတ်လတ်ဆတ်ဆတ်ကို သူတို့ နှစ်ခြိုက်စွာ စားသုံးကြပါသတဲ့။

ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ လုပ်အားပေးသူတွေ များပါတယ်။ ဧည့်သည်တွေ, ကိုရင်, သီလရှင်တွေရဲ့ မိဘဆွေမျိုးတွေလည်း လာကြပါတယ်။ ကျောင်းမှာ လက်သမား, ပန်းရန်စတဲ့ အလုပ်သမားတွေလည်း ရှိကြပါတယ်။ အဲဒီပရိသတ်တွေထဲမှာ ကျွေးမွေးဖို့ လိုအပ်တဲ့ ပုဂ္ဂိုလ်တွေ ပါသလို မလိုအပ်တဲ့ ပုဂ္ဂိုလ်တွေလည်း ပါပါတယ်။ ကျွေးဖို့ မလိုအပ်တဲ့ ပုဂ္ဂိုလ်တွေကို စပြီး ကျွေးမွေးမိရင် စားမယ့်ပုဂ္ဂိုလ်တွေက တိုးတိုးလာပါတယ်။ အဲဒီအခါ တာဝန်လေးလာပါတယ်။ မတတ်နိုင်တော့ပါ။ ဝေယျာဝစ္စလုပ်သူတွေက ကျွေးဖို့ လိုတဲ့ပုဂ္ဂိုလ်, မလိုတဲ့ပုဂ္ဂိုလ်ကို ခွဲခြားပြီး သိဖို့ လိုပါတယ်။ ဝေယျာဝစ္စလုပ်သူတွေက ပေးဖို့ လိုတဲ့ ပုဂ္ဂိုလ်, မလိုတဲ့ ပုဂ္ဂိုလ်ကိုလည်း ခွဲခြားပြီး သိတတ်ဖို့ လိုပြန်ပါတယ်။ မလိုအပ်ဘဲ လောကွတ်ကောင်းလွန်းရင် ကျောင်းမှာ တကယ်လိုအပ်လာတဲ့အခါ အခက်အခဲ တွေ့ရပါတတ်တယ်။ ကျွေးမွေးရမယ့် ဧည့်သည် လာရင် ကျွေးမွေးစရာက အဆင်သင့် ရှိနေရပါမယ်။ အဲဒီ

http://www.dhammadownload.com

လို အနေအထားရှိအောင် ဝေယျာဝစ္စလုပ်သူတွေက ပစ္စည်းတွေကို ခွဲခြားဝေဖန် သိမ်းဆည်းတတ်ကြရပါတယ်။

အရာခပ်သိမ်း စည်းစနစ်ကျကျ, စည်းကမ်းရှိရှိ ဆောင်ရွက်တတ်ဖို့ အရေးကြီးလှပါတယ်။ အဲဒီလို မဆောင်ရွက်တတ်ရင် အကွပ်မရှိတဲ့ ကြမ်းပမာ ဖရိုဖရဲဖြစ်ရပါလိမ့်မယ်။ ပစ္စည်းအယိုအဖိတ်, အပျက်အစီးတွေ များပါလိမ့်မယ်။ မစားရက်, မသောက်ရက်ဘဲ လျှဒါန်းရှာကြတဲ့ ဒကာ, ဒကာမတွေရဲ့ သဒ္ဓါတရားကို အလေးမူပြီး သုံးစွဲတတ်ကြရပါမယ်။ ဒါမှ လျှဒါန်းရတဲ့ ဒကာ, ဒကာမတွေမှာ လျှဒါန်းရကျိုး ပိုရှိပါမယ်။ ဝမ်းသာကြည်နူးဖွယ် ဖြစ်ပါမယ်။

ကျောက်တန်းရွာအဖွဲ့

၂၁-၃-၂၀၀၆ နေ့ဟာ တပေါင်းလပြည့်ကျော် ၈ ရက် ဥပုသ်နေ့ ဖြစ်ပါတယ်။ ကျောက်တန်းရွာက ကုသိုလ်ရှင်များရဲ့ အရှဏ်ဆွမ်းအတွက် မုန့်ဟင်းခါး ဆက်ကပ်လှူဒါန်းမယ့်နေ့လည်း ဖြစ်ပါတယ်။ ၂၀-၃-၂၀၀၆ နေ့မှာ ညလာ အိပ်ကြမှာမို့ အိပ်စရာနေရာကို မောင်အောင်ဆန်းနဲ့ မဝင်းမာကြည်တို့ ပြင်ဆင်ထားကြဖို့ သတိပေးထားရပါတယ်။ သူတို့ ပြင်ဆင်ထားတာ အချိုးကျ, မကျ ကိုယ်တိုင် ကြည့်ရှုရပါသေးတယ်။ ဘထွေးသိန်းမောင်ကို ကျောက်တန်းအဖွဲ့အတွက် နေ့လယ်စာနဲ့ ညနေစာ စီစဉ်ထားဖို့ ပြောရပါတယ်။ ၂၁-၃-၂၀၀၆ နေ့ အရှဏ်ဆွမ်းအတွက် နေ့စဉ် ချက်ပြုတ်နေ့ကျ ဆန်ပြုတ်နဲ့ ပဲပြုတ် မပြုတ်ပါနဲ့လို့ ဘထွေးသိန်းမောင်ကို ပြောရပါတယ်။ ကျောက်တန်းမုန့်ဟင်းခါးကိုပဲ စားပါမယ်လို့ ပြောလိုက်ပါတယ်။ ကျောက်တန်း မုန့်ဟင်းခါးက အထူးပဲ အရသာရှိလှပါတယ်။ ဒါကြောင့် အနီးအနားရှိ အမြိုက်ကျောင်း, အောင်စည်ဟိန်းရိပ်သာ, လှော်ကားတောရကျောင်း, နှစ်ကျိပ်ရှစ်ဆူကျောင်းတွေအပြင် လိပ်ပုတ်ရွာကျောင်းသို့ပါ မုန့်ဟင်းခါး လှူပေးဖို့ မောင်လှဝင်းကို ပြောထားပါသေးတယ်။ ဥုးသြဘာသကလည်း လိပ်ပုတ်ရွာကျောင်းကိုပါ လှူပေးဖို့ မောင်လှဝင်းအား သတိပေးပါသေးတယ်။ ကျေးဇူးရှိလို့ သတိရပုံပေါ်ပါတယ်။

http://www.dhammadownload.com

ကျောက်တန်းရွာ ကုသိုလ်ရှင်အဖွဲ့ကို မဝင်းမာက ဦးဆောင်ပါတယ်။ ၂၁-၃-၂၀၀၆ နေ့ ညနေဖျော်ရည်ကိုလည်း မဝင်းမာက ဖခင်ကြီး ကွယ်လွန်သူ ဦးဆေးညွှန့်ကို ရည်စူးပြီး လှူပါသေးတယ်။ မောင်အောင်ဆန်း ထောက်ကြွန့်ကို သွားကြိုရာ တစ်နာရီလောက် ရောက်လာလေမလားလို့ တွေးပြီး ဥနှဲ့ပင်ကြီးရဲ့ အရိပ်အောက်မှာ ထိုင်ရင်း သူတို့အလာကို စောင့်မျှော်နေပါသေးတယ်။ တစ်နာရီခွဲလောက်ထိ ရောက်မလာသေးတာမို့ အခန်းပြန်ကာ အခု စာကို ရေးလိုက်ပါတယ်။ အဖိတ်နေ့မှာ လှော်ကားသံလမ်းဘက်သွားလို့ ဆွမ်းဟင်းများစွာ ရတာကို ထပ်ကြည့်လိုလို့ နံနက်ကိုးနာရီမှာ ထောက်ကြွန့်ကို လာကြိုဖို့ မဝင်းမာက မောင်အောင်ဆန်းအား ပထမဆုံး ပြောထားပါသေးတယ်။ နောက်မှ အခြားလိုက်မယ့် ပုဂ္ဂိုလ်တွေကို ငဲ့ပြီး နေ့လယ် ၁၂ နာရီမှာ လာကြိုဖို့ အချိန်ပြောင်းလိုက်တာ ဖြစ်ပါမယ်။ အဖိတ်နေ့မှာ သံလမ်းဘက်ကအပြင် ကျောင်းကုန်းဘက်ကပါ ဆွမ်းဟင်းတွေ ပိုမိုရတာချင်း တူနေလို့ အလွန်ပဲ ဟင်းတွေ ပေါများနေပါတယ်။ ကျောက်တန်းရွာအဖွဲ့ ဘယ်လောက်ပဲ များများ ကျွေးစရာ ထမင်း, ဟင်းတွေကတော့ ပေါနေလို့ ပူပင်စရာ မလိုပါ။ ကျောင်းဒကာ ဦးခင်ဇော်က မနေ့ကလည်း လာပါတယ်။ ဒီနေ့လည်း လာပါတယ်။ ဒီနေ့မှာ မြိတ်မြို့က သူမိတ်ဆွေနှစ်ယောက်ပါ ပါလာတယ်။ နေ့ဆွမ်း စားချိန် ရောက်လာပါတယ်။ နေ့လယ်စာ ပျော်ပျော်ပါးပါး စားသွားကြပါတယ်။ ကျောင်းဒကာက ကျောင်းအဆောက်အဦးတွေအတွက် လာရောက် ကြည့်ရှုကာ ညွှန်ကြားသွားပါတယ်။ သူ ကျောင်းဆောင်တွေကို ဧည့်သည်တွေအား လိုက်ပြပေးနေပါတယ်။

ကျောင်း ခြောက်ကျောင်းအလှူ

မုန့်ဟင်းခါးအချိန်က ၄၃ ပိဿာတဲ့။ ၁၃ ပိဿာလောက် ပိုများသွားပါတယ်တဲ့။ အခြားကျောင်း ငါးကျောင်းကို သွားလှူခိုင်းပါသေးတယ်။ မုန့်တွေ ပိုနေလို့ အလုပ်သမားတွေကိုပါ ပေးရပါသေးတယ်။ မဝင်းမာ, မနီမ, ဒေါ်တိုး, မဌေး, မသန်းသန်းအေး, မစုတို့အပြင် ဦးကုလား, မောင်လင်းအောင်, ဖိုးဇော်တို့လည်း ပါပါသေးတယ်။ ဦးကုလားတို့ အမျိုးသားသုံးယောက်

http://www.dhammadownload.com

က အရုဏ်ဆွမ်း အပြီးမှာ ပြန်သွားကြပါတယ်။ မစုနဲ့ မသန်းသန်းအေးတို့က နေ့ဆွမ်းပြီးမှ ပြန်ကြပါမယ်။ မဝင်းမာတို့ လေးယောက်က ၂၁-၃-၂၀၀၆ ညမှာပါ ဆက်အိပ်ကြပါမယ်။ ရွှေဘိုဆရာတော်က စိတ်နဲ့ပဲ မုန့်ဟင်းခါးကို ဘုဉ်းပေးပါတော့မယ်လို့ ဖုန်းနဲ့ ပြောပါတယ်။ ကျောက်တန်းက လူ ဘယ်နှယောက် လာကြသလဲလို့ မေးပါတယ်။ နှစ်ကျိပ်ရှစ်ဆူဘုရားကျောင်းကို မုန့်ဟင်းခါး သွားပို့ခိုင်းရာ "သက်လတ် စားတာမို့ သက်လတ် မဟုတ်ရင် မပို့ပါနဲ့။ စိတ်မရှိပါနဲ့။ ဒုက်ပျောသီးတို့လို ပို့ရင်တော့ ရပါတယ်" လို့ ဆရာတော်ကြီးက မောင်လှဝင်းကို မိန့်လိုက်ပါသတဲ့။ ဟုတ်တာပဲလေ။ သူ့ကျောင်းဝင်းအဝင်မှာ သက်လတ်မေတ္တာနယ်မြေလို့ ရေးထားတာကိုး။ ကိုယ့်ဘက်က သတိမမူမိ ဖြစ်သွားပါတယ်။

မဝင်းမာတို့တစ်တွေဟာ ဒုက်ပျောသီး, ကျောက်ကျော, ပန်းသီးစတဲ့ စားသောက်ဖွယ်တွေကို ကျောက်တန်းရွာမှ သယ်ယူလာကြရပါတယ်။ ပင်ပင်ပန်းပန်း ကြိုးကြိုးစားစားနဲ့ သယ်ယူခဲ့ကြရရှာပါတယ်။ သင္ခါသာ မထက်သန်ရင် ဘယ်မှာ အပင်ပန်းခံပြီး လာနိုင်ပါ့မလဲ။ ကျောင်းမှာ ကန်စွန်းရွက်တွေ ပေါလျှံနေလို့ သူတို့တစ်သိုက် ခူးကာ နေ့ဆွမ်းအတွက် ချက်ပေးကြပါတယ်။ ဘူး, ခရမ်း, ချဉ်ပေါင်, ကန်စွန်းစတာတွေကို နိုင်အောင် မချက်နိုင်လို့ သူတို့အားမလိုအားမရ ဖြစ်နေကြပါတယ်။ ၂၀-၃-၂၀၀၆ နေ့က အဖိတ်နေ့ ဖြစ်တာမို့ သူတို့တစ်သိုက် ညစာ စားကြတဲ့အခါ ဟင်းတွေ အလွန်ပေါနေပါတယ်။ ရွှေဘိုဆရာတော်က ဖုန်းဆက်ပြောတဲ့အခါ ဆွမ်းခံသံယာတန်းသုံးတန်းက ဟင်းတွေ ငါးဆင့်ချိုင့်ကြီး ၁၂ ချိုင့်၊ ချိုင့်ငယ် နှစ်ချိုင့်၊ ဆွမ်းဒန်အိုးကြီးငါးလုံး ရပါတယ်လို့ သာမဏေကျော် ပြောလိုက်တော့ ရွှေဘိုဆရာတော်က အလွန်ပဲ အံ့သြသွားပါတယ်။ ကျောက်တန်းသူတွေ ချက်တဲ့ကန်စွန်းရွက်, ဘူးရွက်ဟင်းတွေဟာ နေ့ဆွမ်းဘုဉ်းပေးတဲ့အခါ သိသိသာသာ အရသာကောင်းပါတယ်။ နွားနို့ခဲချက် နေ့ဆွမ်းဝိုင်းမှာ ပါလာလို့ ကျောက်တန်းသူတွေ စားဖူးအောင် ကျန်ရင် ကျွေးလိုက်ပါလို့ မောင်လှဝင်းကို ပြောလိုက်ပါတယ်။ မောင်လှဝင်းက နှစ်ကျိပ်ရှစ်ဆူဘုရားကျောင်း ဆရာတော်ကြီးထံ ဒုက်ပျောသီး, လက်ဖက်နဲ့ အဆာစုံကို သွားလှူပါတယ်။ "အေး အေး

http://www.dhammadownload.com

ကောင်းတယ်၊ ကောင်းတယ်" လို့ မိန့်လိုက်ပါသတဲ့။ ကျောက်တန်းအဖွဲ့ရဲ့ အလှူက ကျောင်းခြောက်ကျောင်းအလှူ ဖြစ်သွားပါတယ်။ မည်မျှမရဲ့အလှူ တုန်းက လိပ်ပုတ်ရွာမှာ အလှူပွဲ ရှိနေလို့ သွားမလှူဖြစ်လိုက်ပါ။

စားကြည့်ရသေးတာပေါ့

၂၁-၃-၂၀၀၆ နေ့က မဝင်းမာတို့နဲ့ ဥနှဲပင်တစ်ပင်အောက်မှာ စကား ပြောနေတုန်း အပြာရောင်ကားတစ်စီး ဝင်လာတာကို မြင်တွေ့ရပါတယ်။ သီလရှင်လေးတွေထဲ လာတဲ့ ကားနဲ့ တူတယ်လို့ ထင်နေမိပါတယ်။ ပြီးတော့ သာမဏေကျော်ထဲ လာတဲ့ ဧည့်သည်တွေ ဖြစ်နေတာကို သိရပါတယ်။ "ဧည့်သည်တွေ လာရင် စကားပြောရဦးမှာ။ ကိုယ့်ဘာသာ အေးအေး ဆေး ဆေးပဲ နေချင်တယ်" လို့ ပြောတော့ မဝင်းမာက "အဲဒီလို နေလို့မရတော့ဘူး လေ။ စကားပြောရမယ်၊ ဧည့်ခံရမယ်၊ ဆက်ဆံရတော့မယ်"လို့ ပြောပါတယ်။ ရောက်လာတဲ့ ဧည့်သည်တွေက ရန်ကင်းမှ မစုတို့ ဖြစ်ပါတယ်။ သူမရဲ့ အဒေါ် ဒေါ်မြင့်မြင့်ဦး (ဗိုလ်မှူး-ငြိမ်း) လည်း ပါလာတယ်။ "နေရာလေးက အေးချမ်းတယ်နော်" လို့ ပြောသွားပါတယ်။ မစုက ကွယ်လွန်သွားတဲ့ သူ မိခင်ကြီး ဒေါ်ကျင်ဆိုင်ကို ရည်စူးပြီး သိမ်အတွက် တစ်သိန်း လှူပါတယ်။ ဒေါ်မြင့်မြင့်ဦးကလည်း သိမ်အတွက်ပဲ တစ်သိန်း လှူပါတယ်။ ရေစက် ချ ပေးလိုက်ပါတယ်။ ကျောင်းထဲ လိုက်ကြည့်ပါသေးတယ်။ ကျောက်တန်းအဖွဲ့က ကျောက်တန်းမုန့်ဟင်းခါး ကျွေးလိုက်ကြပါသေးတယ်။

၂၁-၃-၂၀၀၆ နေ့ မွန်းလွဲနှစ်နာရီမှာ ဆရာဝန်ဆရာလေး မကမလ ဉာနီက ဗုဒ္ဓယဉ်ကျေးမှုသင်တန်းသား ကိုရင်, သီလရှင်တွေအား ကျန်းမာရေး အသိပညာကို ဟောပြပေးသွားပါတယ်။ နောက်တစ်ပတ်မှာ ဟောပေးဦး မယ့် ဒေါက်တာကောင်းထက်လည်း ပါလာသေးတယ်။ ကိုရင်, သီလရှင် လေးတွေရဲ့ ကျန်းမာရေးကိုလည်း ကြည့်ရှုစစ်ဆေးကာ ဆေးပေးသွားကြပါ သေးတယ်။ ဒေါက်တာ ကောင်းထက်က ကျောင်းရှိသံဃာ, သီလရှင်, ဝေယျာဝစ္စလုပ်သူအားလုံးအား သန်ကျဆေး တိုက်ပေးပါဦးမယ်လို့ ပြော သွားပါသေးတယ်။ ဦးရေ ၁၅၀ လောက် ရှိပါမယ်။ သာမဏေကျော်အား အသည်းရောင်ကာကွယ်ဆေးကို ဒုတိယအကြိမ်အဖြစ် မကမလဉာနီက

http://www.dhammadownload.com

ထိုးပေးခိုင်းလို့ ဒေါက်တာကောင်းထက်က ညာဘက်လက်မောင်းမှာ ထိုးပေးသွားပါတယ်။ ဒေါက်တာကောင်းထက်က တန့်ကြည့်တောင်ဆရာတော် ဥးသောမဗုဒ္ဓိထံ တရားအားထုတ်ဖူးကြောင်း ပြောပြပါတယ်။ တန့်ကြည့်တောင် ဆရာတော်ဟာ သာမဏေကျော် မဟာဂန္ဓာရုံသို့ လာရောက်သွားပါတယ်လို့ ပြောလိုက်ပါသေးတယ်။

အညာအရပ်မှာ စားလေ့မရှိတဲ့ ဟင်းနုနယ်ကို မဝင်းမာ, မနီမ, မဌေးဌေးတို့က ချက်ကပ်မယ်လို့ ပြောကာ ချဉ်ပေါင်ခင်းထဲမှ ဟင်းနုနယ် တွေကို ခူးကြပါသေးတယ်။ ၂၂-၃-၂၀၀၆နေ့အရုဏ်မှာ ချက်ကပ်ကြပါမယ်။ အသစ်အဆန်းအနေနဲ့ စားကြည့်ရသေးတာပေါ့။ အရုဏ်ဆွမ်းမှာ စားကြည့်လိုက်ပါတယ်။ အရသာရှိလှပါတယ်။ မနီမ လက်စွမ်းပြလိုက်ပုံ ပေါ်ပါတယ် လို့ မနီမ ကို ပြောတော့ "ပုစွန်ခြောက်ပဲ ထည့်ပါတယ်၊ သူ့အလိုလို ချိုတာပါ" လို့ ပြောပါတယ်။

ဗီဒီယို

၂၂-၃-၂၀၀၆ နေ့မှာ လှည်းကူးမြို့မှ သစ်ဆန်းဓာတ်ပုံတိုက်က ဖိုးဇော်က ဗီဒီယို ထပ်ရိုက်ပါမယ်။ ရိုက်ရမယ့်အကွက်တွေကို မောင်လှဝင်းက ဥးဇင်းတွေနဲ့ တိုင်ပင်ပြီး ပြင်ဆင်ထားပါတယ်။ "ဒီနေ့ ရိုက်ရသမျှ အကွက်တွေကို ရိုက်ထားပါ့မယ်။ ကျန်တဲ့ ရိုက်ကွက်တွေကို နောက်တစ်ကြိမ်မှ ထပ်ရိုက်ပါ့မယ်" လို့ ပြောပါတယ်။ မည်မြိမက ဗီဒီယိုရိုက်ဖို့ တစ်သိန်းပြည့်အောင် ထပ်ပေးလိုက်ပါတယ်။ "နောက်ခံစကားပြောမယ့် မောင်လှဝင်းရဲ့အသံက ချိုသာညက်ညောပြီး ပြေပြေပြစ်ပြစ် ရှိဖို့ လိုမယ်။ အကြောင်းအရာက တိကျပြည့်စုံဖို့ လိုမယ်" လို့ ပြောထားရပါတယ်။ မောင်လှဝင်းက ပြင်ဆင်နေပါတယ်။ "မဥမ္မာလှိုင်ရဲ့ကောင်းမှုတွေ စုံလင်အောင် ရိုက်ပြဖို့ လိုမယ်။ မည်မြိတို့ရဲ့ကောင်းမှုတွေပါ ပါဝင်ဖို့ လိုတယ်" လို့ သတိပေးရပါတယ်။ မည်မြိက မဥမ္မာလှိုင်ထံ ပို့ပေးလိုပုံ ရပါတယ်။ မဥမ္မာလှိုင်နဲ့ မောင်ကောင်းမြတ်စိုးတို့ရဲ့ကောင်းမှုတွေက မနည်းတာမို့ မဥမ္မာလှိုင် - မောင်ကောင်းမြတ်စိုးတို့ သဒ္ဓါပွားရအောင် ပို့ပေးလိုပုံရပါတယ်။ ရိုက်ပြီးရင် စပါးတွင်းရွာ ဆရာတော် ဥးဉာနဝရကလည်း ရွာအတွက် တစ်ခွေ ရလိုပါသတဲ့။ သာမဏေကျော်

http://www.dhammadownload.com

မဟာဂန္ဓာရုံကို မရောက်ရသေးတဲ့ ရွာသူရွာသားတွေလည်း သာမဏေကျော်
မဟာဂန္ဓာရုံရဲ့အခြေအနေကို မြင်တွေ့နိုင်ကြပါမယ်။

၂၄-၃-၂၀၀၆ နေ့ မွန်းလွဲ နှစ်နာရီမှာ မှော်ဘီမြို့ကို အရောက်လာဖို့
ဒေါ်ခင်မျိုးတင့်က ဒေါ်ဝင်းတို့နဲ့ တိုင်ပင်ပြီး မောင်လှဝင်းကို ပြောပါတယ်။
သင်တန်းသား ကိုရင်, သီလရှင်တွေ မှော်ဘီမြို့မှာ ဆွမ်းဆန်စိမ်း အလှူခံကြွ
ဖို့ဖြစ်ပါတယ်။ လှော်ကားဘက်က ဆွမ်းခံရွာတွေထဲ တစ်ရက် ဆွမ်းဆန်စိမ်း
အလှူခံကြွကြပါဦးမယ်။ မြောက်ဥက္ကလာမှ ဖိုးဇော်တို့အဖွဲ့က ကားတစ်စီးနဲ့
လာရောက်ကူညီကြပါမယ်။ မှော်ဘီ သွားဖို့ ကားနှစ်စီး ထပ်ငှားရပါဦးမယ်။
"တစ်စီးကို ဖိုးဇော်ပဲ ငှားပေးပါတယ်။ ပိုက်ဆံ ကျောင်းက ပေးပါမယ်" လို့
မောင်လှဝင်းက ပြောပါတယ်။ မြောက်ဥက္ကလာမှ ဖိုးဇော်နဲ့ ဒေါ်ဝင်း, ဒေါ်ခင်
မျိုးတင့်တို့က ဆွမ်းဆန်စိမ်း အလှူခံ ကြွဖို့ အထူးပဲ တက်တက်ကြွကြွ ပါဝင်
လှုပ်ရှားကြပါတယ်။ ဆွမ်းဆန်စိမ်း အလှူခံ ကြွတဲ့ ကိုရင်, သီလရှင်တွေကို
မြင်ရသူ အပေါင်းက ကြည်ညိုသဒ္ဓါပွားကြပါတယ်။ မှော်ဘီမြို့မှ ပထမ
အကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ သင်တန်းသူတစ်ယောက်ပဲ တက်ရောက်
ပါတယ်။ ဒုတိယအကြိမ်မှာ ရှစ်ယောက် ဖြစ်လာပါတယ်။ တတိယအကြိမ်
မှာ ဒီထက် ပို တိုးလာဖွယ် ရှိပါတယ်။ သင်တန်းရဲ့အကျိုးကို သိလာကြ
တော့ သင်တန်းကို ပိုမို တန်ဖိုးထားလာကြပါတယ်။ ပိုမို စိတ်ဝင်စားလာကြ
ပါတယ်။

ပိုမို စိုပြည်လာကြမှာ

ပရိယတ်ဘက်ပိုင်းရှိ စွန်ညိနောင် - စွန်မင်းကျောင်းဆောင်ကြီးတွေရဲ့
နောက်ပိုင်းမှာ သရက်ပင်တို့တွင် နာမည်အကြီးဆုံး မြကျောက်မျိုးနဲ့ စိန်
တစ်လုံးမျိုး သရက်ပင်တွေကို အပင် ၁၀၀ လောက် စိုက်ထားပါတယ်။
စိန်တစ်လုံး သရက်ပင် ၅၀ ရှိပါတယ်။ ကျန်သရက်တွေကတော့ မြကျောက်
သရက်ပင်တွေပါပဲ။ စိန်တစ်လုံးသရက်ပင်တွေက ကိုင်းကူးပင်တွေ ဖြစ်ပါ
တယ်။ တစ်နှစ် နှစ်နှစ်အတွင်း သီးနိုင်ပါတယ်။ မြကျောက်သရက်ပင်တွေ
ကတော့ အစေ့စိုက်ပင်တွေ ဖြစ်လို့ သီးဖို့ရာ နှစ်ကြာပါဦးမယ်။ ပိန္နဲ, ကီလို
မာလကာ, ဒူးရင်း, သံပရာ, ကွဲကောစတဲ့ သစ်ပင်တွေကိုလည်း စိုက်ထားပါ

http://www.dhammadownload.com

သေးတယ်။ ပြီးခဲ့တဲ့ မိုးတွင်းတုန်းက လယ်ကွင်းပြင် ဖြစ်လို့ သစ်ပင်တွေမှာ ရေဝပ်ပါတယ်။ ဒါကြောင့် သစ်ပင်အတန်းတွေရဲ့ အကြားမှာ ရေစီးဆင်းဖို့ ရေမြောင်း တူးပေးရပါတယ်။ ရေ မဝပ်တော့လို့ အဲဒီသစ်ပင်တွေက မသေဘဲ ရှင်သန်နေပါတယ်။ ငှက်ပျောပင်တွေက မိုးအခါမှာ ရေဝပ်လို့ မသန်ပါ။ နွေအခါမှာ ရေမရလို့ မသန်မာပါ။ ပိန်လှီနေကြပါတယ်။ အုန်းပင်တွေလည်း ရေမသောက်ရတော့လို့ မသေရုံဘဲ ရှိပါတော့တယ်။ မလေးရှားပိတောက်ပင်တွေကတော့ စိမ်းလန်းစိုပြည် ရှင်သန်နေကြပါတယ်။

နွေအခါ ရောက်လာလို့ လယ်ကွင်းထဲက မြက်တွေက ခြောက်သွေ့လာကြပါပြီ။ သရက်, ပိန္နဲ, မာလကာ, ဒူးရင်း, သံပရာ, ကွဲကော စတဲ့ သစ်ပင်တွေကို မြေဆွေးရပါတယ်။ မြေဩဇာကျွေးရပါတယ်။ ရေလောင်းပေးရပါတယ်။ မောင်မြင့်သိန်းနဲ့ မောင်ထွန်းနိုင်ကို ဆွမ်းခံသွားရာမှာ မလိုက်ပါစေဘဲ အဲဒီအလုပ်တာဝန်တွေ ပေးထားပါတယ်။ မောင်မြင့်သိန်းနဲ့ မောင်ထွန်းနိုင်က အပင်ခြေတွေမှာသာမက ပတ်ဝန်းကျင်မှာပါ မြက်တွေကို ရှင်းပစ်ကြပါတယ်။ လှည့်လည်သွားလာ ကြည့်ရှုဖို့ လွယ်ကူသွားပါတယ်။ မောင်လှဝင်းက ရေပိုက်သမားတွေကို ပိုက်သွယ်ခိုင်းကာ မောင်မြင့်သိန်းနဲ့ မောင်ထွန်းနိုင်ကို ရေလောင်းခိုင်းပါတယ်။ ချောင်းထဲမှ သယ်တင်ထားတဲ့ နွားချေးခြောက်တွေကို ကျောက်ဒိုး, ကျော်ဦး, အောင်ဆန်းဦး, စိုးနိုင်, ငဖြိုး, ကျောက်ထက်တို့ လူငယ်တစ်သိုက်က ပရိယတ်ဘက်ပိုင်းသို့ သယ်ပို့ကြပါတယ်။ အဲဒီ နွားချေးခြောက်တွေကို မောင်မြင့်သိန်းက သရက်ပင်စတဲ့ သစ်ပင်တွေပတ်ဝန်းကျင်မှာ အစာကျွေးပါမယ်။ ရေလောင်းပါမယ်။ ကောက်ရိုးခြောက်တွေနဲ့ ဖုံးပါမယ်။ နှစ်နှစ် သုံးနှစ်လောက် ပြုစုစောင့်ရှောက်လိုက်ရင် စိမ်းလန်းစိုပြည်တဲ့ သစ်ပင်လေးတွေ ဖြစ်လာကြပါမယ်။ အပြုစု, အစောင့်ရှောက် ကောင်းရင် ကောင်းသလောက် သန်မာထွားကြိုင်းလာတာကို မြင်တွေ့ရပါမယ်။ မြေအမျိုးအစားက နုန်းမြေ ဖြစ်လို့ သစ်ပင်တွေ ဖြစ်ထွန်းလာမှာပါပဲ။ အနိမ့်ပိုင်း လယ်မြေမို့ ရေအစိုဓာတ်က ရှိသင့်သလောက် ရှိနေပါသေးတယ်။ မောင်မြင့်သိန်းနဲ့ မောင်ထွန်းနိုင်တို့ ပြုပြင်ပေးထားတဲ့ အဲဒီသစ်ပင်တွေကို ကျောင်းမှာ အမြဲနေ ကိုရင်တွေက ပြုစုစောင့်ရှောက်လိုက်ရင် အဲဒီသစ်ပင်တွေဟာ

http://www.dhammadownload.com

တစ်ဟုန်တိုး ရှင်သန်ထွားကြိုင်းကာ စိမ်းလန်းစိုပြည်လာကြမှာ သေချာပါတယ်။ လာမယ့်မိုးတွင်းမှာ သစ်ပင်လေးတွေကို ထပ်မံစိုက်ပျိုးလိုက်ရင် နောင်နှစ်တွေမှာ ပိုမိုစိုပြည်လာကြမှာ ဖြစ်ပါတယ်။

နှင်းမှုံတွေကြား

၂၃-၃-၂၀၀၆နေ့နံနက်ခုနစ်နာရီခွဲလောက်မှာ ဆွမ်းခံသံဃာသုံးတန်း တန်းစီပြီး သွားတာကို စွန်ညီနောင်-စွန်မင်းကျောင်းဆောင် အမှတ်တစ်ရှေ့ကနေ လှမ်းကြည့်နေမိပါတယ်။ လှော်ကားတောရကျောင်းနဲ့ အောင်စည်ဟိန်း မဟာစည်သာသနာ့ရိပ်သာအကြားရှိ လယ်ကွင်းတွေကို ဖြတ်သွားတဲ့ တောလမ်းအတိုင်း ကြွသွားပါတယ်။ ဖြတ်လမ်းဖြစ်လို့ ဆွမ်းခံ သွားလမ်းဟာ နီးသွားပါတယ်။ လှော်ကားတောရကျောင်းက ကုန်းမြင့်မြင့်ပေါ်မှာ ရှိပါတယ်။ အဲဒီကျောင်းထဲရှိ သစ်ပင်အများစုက အရွက်တွေ ကင်းမဲ့ကာ ရိုးတံချည်းသာ ကျန်နေပါတယ်။ ကျောင်းဝင်းရှိ အောက်ခြေပိုင်းသစ်ပင်တွေမှာ အရွက်စိမ်းစိုနေကြပါတယ်။ နှင်းတွေ ဝေနေချိန် ဖြစ်နေ သေးလို့ လှော်ကားတောရကျောင်းက သစ်ပင်တွေကို ခပ်ဝါးဝါးပဲ မြင်ရပါတယ်။ သံဃာတန်းသုံးတန်းရဲ့ရှေ့မှာ ချိုင့်တွေ၊ ဒန်အိုးတွေကို သယ်ယူသွားတဲ့ ကျောင်းသားတွေက တန်းစီသွားကြပါတယ်။ နှင်းမှုံတွေကြားမှာ ကြွသွားနေတဲ့ သံဃာ ၈၀ ကျော်အတန်းဟာ နောက်ခံ လှော်ကားတောရ ကျောင်းနဲ့ လယ်ကွင်းနဲ့ မြေပဲခင်းတွေကို ဖြတ်သွားနေပါတယ်။ ဟို ခပ်လှမ်းလှမ်းနေရာက ဖွင့်နေတဲ့ တွံတေးသိန်းတန်ရဲ့ သီချင်းကို ပီပြင်စွာ ကြားနေရပါ တယ်။ နှင်းမှုံတွေကြား စသည်ဖြင့် သီဆိုနေပါတယ်။ သူ လာမလားရယ်လို့ တစ်ယောက်ချစ်သူကို မျှော်တယ်ဆိုတဲ့ သီချင်းသံလေးကိုလည်း ကြားရပါသေးတယ်။

စွန်ညီနောင် - စွန်မင်းကျောင်းဆောင်ကြီးရဲ့ရှေ့မှာတော့ အရုဏ်ဆွမ်း, နေ့ဆွမ်း, ဖျော်ရည်, လျှပ်စစ်မီး, သိမ်, ပစ္စည်းလေးပါး, ဆုနှင်းသဘင် အလှူစာရင်းတွေကို ရေးသားထားတဲ့ သင်ပုန်းတွေကို တွေ့ရပါတယ်။ သာသနာ့အလံတွေကို ကွန်ကရစ်လမ်းမကြီးရဲ့ ဘေးမှာ စိုက်ထူထားကြပါတယ်။ ဖိနပ်ကို ညီညာစွာ ချွတ်ဖို့ လုပ်ထားတဲ့ ဖိနပ်စင်တွေကိုလည်း တွေ့ရပါတယ်။ ပဋိပတ်ဘက်ပိုင်းကို လှမ်းကြည့်လိုက်ရင် ဖက်ဖူးရောင်အရွက်တွေ

http://www.dhammadownload.com

ဝေနေတဲ့ ပျဉ်းကတိုးပင်, စိမ်းစို ညိမ့်ပိုင်းနေတဲ့ ဥနဲ့ပင်တွေ, ကုက္ကိုပင်တွေ, သရက်ပင်တွေ စသည်တွေနဲ့ ဝေဆာနေတဲ့ မြင်ကွင်းကို တွေ့နေရပါတယ်။ ဘထွေးသိန်းမောင်တို့ ချက်ပြုတ်ရေးအဖွဲ့ကလည်း ချက်ဖိုဆောင်ရဲ့ အနောက်ဘက် လယ်ကွင်းထဲမှာ နှင်းမုံတွေအောက် ချက်ပြုတ်ကာ အလုပ်ရှုပ်နေကြပါတယ်။ ချက်ဖိုဆောင်က ချက်ပြုတ်ဖို့ အဆင်သင့် မဖြစ်သေးလို့ အပြင်မှာပဲ လွတ်လွတ်လပ်လပ် ချက်ပြုတ်နေကြပါတယ်။ ကျန်တဲ့ တာဝန်ရှိ ကိုရင် အနည်းငယ်လေးက တံမြက်လှည်းစတဲ့ တာဝန်ကို ယူကြရပါတယ်။ အိမ်သာဆေးကြောကြရပါတယ်။ သီလရှင်တွေက သူတို့နေရာ ပဋိပတ်ဘက်ပိုင်း ရေဖြန်း, တံမြက်လှည်း, အမှိုက်ကျုံးပစ်ကြရပါတယ်။ ဥဉာဉနဝရက ဆွမ်းခံမကြွဘဲ ကျောင်းမှာ ချန်ခဲ့ကာ ကြည့်ရှုစောင့်ရှောက်ပါတယ်။ ချက်ရေး ပြုတ်ရေးဘက်မှာ ဥဉာဉနဝရက ဦးဆောင်ကာ ဘထွေးသိန်းမောင်နဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။

အချိန် မနှောင်းသေးပါ

၂၂-၃-၂၀၀၆ နေ့က ရွှေပြည်သာမှ ကိုရင်, သီလရှင်လေးတွေရဲ့ ဖခင်တစ်ဦးနဲ့ အကြီးဆုံး ဥနဲ့ပင်ကြီးအောက်မှာ စကားပြောရပါတယ်။ အဲဒီဒကာကြီး ပြောတဲ့စကားကိုပဲ နားထောင်ရတာ များပါတယ်။ ရွှေပြည်သာက သံဃာတွေအကြောင်းနဲ့ ရန်ကုန်မြို့ရှိ အခြားမြို့နယ်တွေက သံဃာတွေအကြောင်းကို အဲဒီဒကာကြီးက ပြောပြပါတယ်။ ဘာသာခြားအန္တရာယ်ထက် ကိုယ့်ဗုဒ္ဓဘာသာအတွင်း ပျက်စီးနေကြတဲ့ အခြေအနေတွေက ပိုမိုကြောက်စရာကောင်းပါတယ်လို့ အဲဒီဒကာကြီးက ပြောပါတယ်။ အဲဒီဒကာကြီးက "သူ့သားလေးနှစ်ယောက်နဲ့ သမီးလေးကို ကိုရင်, သီလရှင်ဝတ်ပေးဖို့ သင့်တော်မယ့်နေရာကို ရွေးချယ်ရာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို ရွေးမိပါတယ်" လို့ ပြောပါသေးတယ်။ "ဒီကျောင်းက စည်းကမ်းကောင်းမှာပေါ့ ဘုရား။ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စည်းကမ်းတွေကိုး ဘုရား" လို့လည်း အဲဒီဒကာကြီးက ပြောသွားပါသေးတယ်။ မဟာဂန္ဓာရုံ, မဟာစည်, ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွေက ရခဲ့တဲ့ စည်းကမ်းအမွေအနှစ်တွေကို လက်ဆင့်ကမ်းပေးနေတာပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

အဲဒီ ဒကာကြီးက ဒီလိုလည်း ပြောနေပါသေးတယ်။

"ဒီလို စည်းကမ်းကောင်းပြီး စည်းကမ်းကောင်းတွေကို ဖြန့်ဝေပေးနေတဲ့ ကျောင်းတိုက်တွေ ၁၀၀ လောက် ရှိရင် သိပ်ကောင်းမှာပဲ ဘုရား။ တပည့်တော်ရဲ့ သား, သမီးလေးတွေကို ကိုရင်, သီလရှင်ဘဝနဲ့နေဖို့ စီစဉ်ပေးရာမှာ နေရာ ရွေးပေးရပါတယ်။ စည်းကမ်း မကောင်း, အနေအထိုင် မကောင်းတဲ့ နေရာကို သွားပို့မိရင် ဘုန်းကြီးသံဃာဆိုတာ ဒီလိုစည်းမရှိ, ကမ်းမရှိ နေထိုင်ကြပါလားလို့ သား, သမီးတွေက မှတ်ယူသွားက ခက်ပါမယ် ဘုရား။ အဖြူရောင်သူတို့လေးတွေရဲ့ နှလုံးသားမှာ မကောင်းတဲ့ မြင်ကွင်းတွေကို မြင်တွေ့ရပြီး အယူအဆ, အယုံအကြည် လွဲမှားသွားမှာ တပည့်တော် စိုးရိမ်လှပါတယ် ဘုရား။ တပည့်တော်က အဌားကားမောင်းပါတယ်။ နေ့အခါမှာတော့ အဌားကား မလိုက်ပါ။ အပူဒဏ်ကို မခံနိုင်လို့ပါ။ ညအခါပဲ လိုက်ပါတယ်။"

ရေယိုဝင်နေတဲ့ သင်္ဘောကြီးကို မဖာ, မပိတ်ဘဲ ဒီအတိုင်းပဲ ဆက်လက်စီးသွားကြမယ်ဆိုရင် အဲဒီသင်္ဘောကြီးဟာ မကြာခင် ရေထဲ မြုပ်ဝင်သွားတော့မယ်။ ခရီးသည်တွေ ဒုက္ခရောက်ကြရပါတော့မယ်။ ဗုဒ္ဓသာသနာဟာ အဲဒီသင်္ဘောကြီးပမာ မဖြစ်ရအောင် ဗုဒ္ဓသာသနာဝင် ရဟန်း, ရှင်, လူတိုင်း ဖာသင့်တာကို ဖာပေးကြဖို့, ပိတ်သင့်တာကို ပိတ်ပေးကြဖို့, ရေခပ်ထုတ်သင့်တာကို ခပ်ထုတ်ကြဖို့ အချိန်မီ ကြိုးစားအားပေးနိုင်ကြရင် အချိန်မနှောင်းသေးပါ။ အချိန်တွေ ရှိပါသေးတယ်။

ကြိုးစားကြည့်ပါမယ်

"မောင်လှဝင်း၊ သင်တန်းက ပြီးတော့မယ်။ မနေ့က (၂၃-၃-၂၀၀၆) နေ့က ဒုတိယအကြိမ် စာမေးပွဲ ဖြေပြီးကြပြီ။ တစ်ပတ်ပဲ ကျန်တော့တယ်။ ကိုရင်, သီလရှင်တွေရဲ့ ဘုရားဝတ်တက်သံ, မေတ္တာပို့သံ, အမျှဝေသံ, တရားရှုမှတ်ပုံလက်ဆိုသံလေးတွေကို အသံသွင်းယူထားရင် ကောင်းမယ်။ ပြီးတော့ ဒီသင်တန်းရဲ့ အခြားအခြားအသံလေးတွေကိုလည်း သွင်းယူထားရင် ကောင်းမယ်။"

http://www.dhammadownload.com

"စပါးတွင်းရွာဆရာတော် ဥုးဥာနဝရရဲ့ ဖွင့်ပွဲအခမ်းအနားမှာ လျှောက်ထားသံ, မိုးကုတ်ဆရာတော် ဥုးဇဝနရဲ့ ဘာသာခြားအန္တရာယ်နဲ့ ပတ်သက်ပြီး သတိပေးသံ, ဥုးဩဘာသရဲ့ သင်တန်းသားစည်းကမ်းအချက် ၃၀ ပြောပြသံ, ဥုးဇဋိလရဲ့ သန့်ရှင်းရေးလုပ်ရက်ျိုး, အသံတိတ်ဆိတ်ဖို့ လို အပ်ပုံတွေကို ပြောပြသံ, ကိုရင်, သီလရှင်လေးတို့ရဲ့ စာရွတ်ဆိုသံ, ဆွမ်းမစား ခင် တုံးခေါက်သံ, မေတ္တာပို့သံ, ဆွမ်းအလှူရှင်ကို ကြော်ငြာသံတွေအပြင် ကိုရင်, သီလရှင်လေးတွေရဲ့ မိဘထံက သင်တန်းနဲ့ပတ်သက်ပြီး ခံစားသုံးသပ် သံ, ဝေယျာဝစ္စလုပ်အားပေးသူတွေရဲ့ ခံစားချက်အသံ, သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက် တစ်နေ့တာ လုပ်ငန်းစဉ်အခြေအနေတွေနဲ့ စည်းကမ်း ၁၀ ချက်တွေအပြင် သာမဏေကျော် မဟာဂန္ဓာရုံရဲ့ အခြေအနေ အနေအထားတွေကို ပြောပြမယ့် မောင်လှဝင်းရဲ့အသံတွေကိုလည်း သွင်း ယူထားရင် ကောင်းပါတယ်။"

"အသံသွင်းဖိတ်ခွေမှာတော့ စပါးတွင်းရွာမှ သာမဏေကျော် မဟာ ဂန္ဓာရုံကို မရောက်ဖူးသေးတဲ့ ရွာသူ, ရွာသားတွေအား မောင်လှဝင်းက ပြောပြတဲ့ ပုံစံနဲ့ ပြောပြရင် ကောင်းမယ် ထင်ပါတယ်။ ဗီဒီယိုခွေထဲမှာတော့ မည်မြိရဲ့အလှူနဲ့ ရိုက်တာ ဖြစ်လို့ မည်မြိရဲ့ညီမ အင်္ဂလန်က မဥမ္မာလှိုင်အား ပြောပြတဲ့ ပုံစံနဲ့ ပြောပြရင် ကောင်းမယ် ထင်ပါတယ်။ မဥမ္မာလှိုင်ဟာ သာမဏေကျော် မဟာဂန္ဓာရုံကို လူကိုယ်တိုင် လာပြီး ကြည့်နေသလို စုံလင် အောင်, ထောင့်စေ့အောင် ရိုက်ပြဖို့, ပြောပြဖို့ လိုပါလိမ့်မယ်။"

"ဒီဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းရဲ့ အခြေအနေကို ဗီဒီယို ရိုက်တဲ့ နည်းနဲ့ရော, အသံသွင်းတိတ်ခွေနဲ့ပါ ကြိုးစားတင်ပြရင် ပိုမိုကောင်း ပါတယ် ဘုရား။ တပည့်တော် ကြိုးစားကြည့်ပါမယ် ဘုရား။"

"သဒ္ဓါပွားချင်သူတွေမှာ သဒ္ဓါပွားခွင့်, မုဒိတာပွားချင်သူတွေမှာ မုဒိတာပွားခွင့်ရတာပေါ့။"

မမောနိုင် မပန်းနိုင်

မခင်မျိုးတင့် မှော်ဘီမြို့က ၂၃-၃-၂၀၀၆ နေ့ညက မောင်လှဝင်းထံ ဖုန်းဆက်ပါတယ်။ မခင်မျိုးတင့်က မှော်ဘီမြို့မှ သက်ဆိုင်ရာ သံဃာအဖွဲ့

http://www.dhammadownload.com

အစည်း, လူအဖွဲ့အစည်းအသီးသီးတွေထံ ဆွမ်းဆန်စိမ်းအလှူခံ ကြွရောက်မယ့်အကြောင်း မေတ္တာရပ်ခံအကြောင်းကြားစာ ရေးပို့ပါတယ်။ မခင်မျိုးတင့်က တက်ကြွစွာ ဆောင်ရွက်ပါတယ်။ "၂၄-၃-၂၀၀၆ နေ့ နေ့လယ် နှစ်နာရီမှာ မှော်ဘီမြို့ကို အရောက်လာပါမယ်။ ကားသုံးစီး စီစဉ်ထားပါတယ်" လို့ မောင်လှဝင်းက မခင်မျိုးတင့်ကို ပြောပြပါတယ်။ မခင်မျိုးတင့်က "ရေတည်ချိုင့် (လောင်းခံ) နဲ့ ကြေးစည် ယူခဲ့ဖို့ မမေ့ပါနဲ့" လို့ မောင်လှဝင်းကို ပြောပါတယ်။ ၂၃-၃-၂၀၀၆ နေ့ ညနေ မိုက် (အသံချဲ့စက်) နဲ့ မှော်ဘီမြို့ကို အသိပေးပြီးကြောင်း မခင်မျိုးတင့်က ပြောပြပါသေးတယ်။ ဒေါ်ဝင်း, မသင်းသင်းရီတို့နဲ့ မခင်မျိုးတင့်တို့က သာမဏေကျော် မဟာဂန္ဓာရုံနဲ့ပတ်သက်တဲ့ လုပ်ငန်းကိစ္စတွေမှာ အထူးပဲ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြတာကို တွေ့ရပါတယ်။ မှော်ဘီမြို့ပေါ် ဆွမ်းဆန်စိမ်း အလှူခံကြွရောက်ရာမှာ ပါဝင်ခဲ့တဲ့ သာမဏေကျော် မဟာဂန္ဓာရုံမှ ဝေယျာဝစ္စ လုပ်သူတွေနဲ့ မြောက်ဥက္ကလာမှ ဖိုးဇော်တို့အဖွဲ့ဟာ ပင်ပန်းလို့ ညည်းတွားချင်စိတ် ပေါက်လာတောင်မှ မညည်းတွားနိုင်ကြပါတဲ့။ နေပူကြီးထဲမှာ တက်တက်ကြွကြွ ထက်ထက်သန်သန်နဲ့ မမောနိုင် မပန်းနိုင် ပါဝင်ဆောင်ရွက်နေကြတဲ့ ဝေယျာဝစ္စ လုပ်အားပေးသူအဖွဲ့ ဒကာ, ဒကာမတွေကို ကြည့်ပြီး ညည်းတွားချင်စိတ် ပျောက်သွားကြပါသတဲ့။ ညည်းတွားချင်စိတ် ပျောက်သွားသူတို့အဆိုအရ အမျိုးသမီးတွေရဲ့ ထူးထူးခြားခြား တက်ကြွကာ အပင်ပန်းခံနိုင် ခံကြမှုကြောင့်ပါတဲ့။

မှော်ဘီမြို့ပေါ်နဲ့ မြောင်းတကာစတဲ့ ရွာတွေကို တစ်နှစ်မှာ တစ်ခါ သာမဏေကျော် မဟာဂန္ဓာရုံက ဆွမ်းဆန်စိမ်း အလှူခံကြွပါတယ်။ ဒီသင်တန်းမတိုင်မီက ကြွခဲ့ပြီးပါပြီ။ ဒါကြောင့် ဒီသင်တန်း ကိုရင်, သီလရှင်တွေ သွားဖို့ မကြိုးစားလိုတော့ပါ။ ဒါကြောင့် မသွားတော့ဘူးလို့ ဆုံးဖြတ်ထားပါတယ်။ ဒေါ်ဝင်း, ဒေါ်ခင်မျိုးတင့်တို့ရဲ့ စိတ်ထက်သန်မှု, မြောက်ဥက္ကလာမှ ဖိုးဇော်တို့ရဲ့ စိတ်ထက်သန်မှုတွေကြောင့် ပြင်ပြီး သွားဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ ဒီဗုဒ္ဓယဉ်ကျေးမှုသင်တန်းအခြေအနေကို မှော်ဘီမြို့သူမြို့သားတွေ သိရှိကြည်ညိုခွင့် ရသွားကြပါမယ်။ ကျောင်းသား, ကျောင်းသူလေးတွေမှာ ဒီကိုရင်, သီလရှင်လေးတွေလို ကိုရင်, သီလရှင်ဝတ်ကာ ဒီသင်တန်းကို တက်

http://www.dhammadownload.com

ရောက် သင်ယူလိုစိတ်တွေ ပေါ်ပေါက်သွားနိုင်ကြပါမယ်။ အဲဒီရည်ရွယ်ချက်ကြောင့်လည်း မသွားလိုဘဲ သွားမယ်လို့ ဆုံးဖြတ်လိုက်ရပါတယ်။ သင်တန်းသားကိုရင် ၈၆ ပါး၊ သီလရှင် ၂၁ ပါးရှိရာ ၁၀၇ ပါးသော ကိုရင်, သီလရှင်တွေရဲ့ ကြည်ညိုဖွယ်အနေအထားကို မြင်တွေ့ရကာ မှော်ဘီမြို့သူ, မြို့သားတွေမှာ ကြည်ညိုသဒ္ဓါ ပွားနေကြပါလိမ့်မယ်။

ဆွမ်းဆန်စိမ်းအလှူခံ

(၂၄-၃-၂၀၀၆) နေ့က မှော်ဘီကို ဆွမ်းဆန်စိမ်းအလှူခံ ကြွကြပါတယ်။ နေ့လယ် တစ်နာရီသာသာလောက်မှာ ကားသုံးစီးနဲ့ သွားကြပါတယ်။ ဖိုးဇော်ကား, သူသူငယ်ချင်းကား, အဌားကား (သံလမ်းဘက်က ကား) တို့ဖြစ်ပါတယ်။ ညမှောင်မှ ပြန်ရောက်ကြပါတယ်။ ခုနစ်နာရီလောက် ရှိပြီ ထင်ပါတယ်။ မှော်ဘီစျေးအဖွဲ့က ကားတစ်စီးနဲ့ လာပို့ကြပါတယ်။ မှော်ဘီစျေးအဖွဲ့က သာမဏေကျော် မဟာဂန္ဓာရုံမှာ အလိုအပ်ဆုံးအရာကို လှူလိုကြပါတယ်တဲ့။ မှော်ဘီစျေးအဖွဲ့က မုခ်ဦးအလှူ လှူမယ်လို့ စောစော ပြောခဲ့တဲ့အတိုင်းပဲ မုခ်ဦးလှူတာပဲ ကောင်းပါတယ်လို့ ပြောလိုက်ပါတယ်။ "ဘယ်ဘက်မှာ မုခ်ဦး လိုအပ်ပါသလဲ" လို့ မေးကြရာ "ဒီပဋ္ဌိပတ်ဘက်ပိုင်းမှာ လိုပါတယ်" လို့ အကြီးဆုံး ဥနှဲ့ပင်အောက်မှာ ထိုင်ရင်း ဖြေလိုက်ပါတယ်။ "မုခ်ကို ရိုးရိုးရှင်းရှင်းပဲ ပြုလုပ်လိုပါတယ်" လို့ သူတို့ကလည်း ပြောပါတယ်။ သာမဏေကျော်ကလည်း အဲဒီလိုပဲ ကြိုက်ပါတယ်။ "စွန်ညိုနောင် ကျောင်းဒကာ ဦးခင်ဇော်နဲ့ တိုင်ပင်ပြီး ဆောင်ရွက်ပါမယ်" လို့ ဦးကြည်ဝင်းက ပြောပါတယ်။ ဦးကြည်ဝင်းကို အားလုံးရဲ့ကိုယ်စား ပြောကြားစေကြပါတယ်။ ဦးလှဝင်း, ဒေါ်ညိုတို့က ဦးကြည်ဝင်းကို ဦးဆောင်စေကြပါတယ်။

မှော်ဘီစျေးအဖွဲ့ အားလုံးနီးပါးကို ညစာ ကျွေးမွေးကြပါတယ်။ အားလုံးကို ကျွေးပေမယ့် တစ်ယောက်တလေကတော့ မစားပါ။ ပြန်ပို့တဲ့အဖွဲ့ထဲမှာ ဒေါ်ဝင်း, ဒေါ်သင်းသင်းရီတို့လည်း ပါဝင်ကြပါတယ်။ မခင်မျိုးတင့်တော့ မပါလာပါ။ မှော်ဘီအဖွဲ့ဟာ အလွန်ပဲ ရွှင်မြူးတက်ကြွနေကြပါတယ်။ မီးစက်မောင်းထားလို့ မီးစက်အလင်းရောင်နဲ့ သူတို့ရဲ့အလှူနဲ့ စတင်ထားတဲ့

http://www.dhammadownload.com

သိမ်အဆောက်အဦးအပါအဝင် ကျောင်းဆောင်တွေကို လိုက်ကြည့်နေကြပါတယ်။ နဝကမ္မဝတ္ထုငွေ နှစ်သိန်းကျော် လောင်းလှူကြပါတယ်။ ဆန်နှစ်တင်းလောက် လှူကြပါတယ်။ ခရစ်ယာန်ဘာသာဝင်တွေ ပေါများတဲ့ စံပြရွာကိုလည်း သွားရောက်ခဲ့ကြပါသတဲ့။ အဲဒီရွာက ကိုရင်လေးလည်း ဒီသင်တန်းမှာ ပါဝင်ပါတယ်။ မှော်ဘီမြို့သူ မြို့သား, ၁၀၀ ကျော်၊ စျေးသူစျေးသား, ရွာသူရွာသားတွေက ကိုရင်နဲ့သီလရှင်လေးတွေကို စိတ်ဝင်စားစွာကြည်ညိုကာ လောင်းလှူကြပါသတဲ့။ ပင်ပန်းလာတဲ့အတွက် ကိုရင်, သီလရှင်တွေဟာ ကျောင်းရောက်ပြီး မကြာခင်မှာ အိပ်ရာဝင်ကြပါတယ်။ မြောက်ဥက္ကလာမှ ဖိုးဇော်တို့အဖွဲ့ဟာ အရေးကြီးကိစ္စ သူတို့အိမ်မှာ ပေါ်လာလို့ ထမင်းမစားဘဲ ပြန်သွားကြပါတယ်။ ဆွမ်းဆန်စိမ်းခံ မသွားခင်မှာတော့ သူတို့စားသွားကြပါတယ်။ "ယင်ကောင်တွေ ဘာလို့ ပေါတာလဲ" လို့ ဖိုးဇော်က မေးပါသေးတယ်။ အိမ်သာက အနံ့နံတာကို မနံအောင် စီစဉ်လိုက်ရပါတယ်။ မောင်မြင့်ထွန်း, မောင်ထွန်းနိုင်တို့နဲ့ ကြိုးစားလိုက်ရာ အနံ့မနံတော့ပါ။ တော်သွားပါတယ်။

မောင်လှဝင်း - မမြင့်မြင့်တို့ အလှူ

၂၅-၃-၂၀၀၆ နေ့ အရုဏ်ဆွမ်းကို ညီဖြစ်သူ မောင်လှဝင်းနဲ့ ဇနီး မမြင့်မြင့်တို့က ဆက်ကပ်ကြပါတယ်။ စွန့်ညီနောင် ခေါက်ဆွဲကြော် ဖြစ်ပါတယ်။ နံနက် ခုနစ်နာရီခွဲခါနီးထိ လျှပ်စစ်မီးရောင် လင်းနေပါတယ်။ ဒီနေ့ဟာ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့ ဖြစ်ပေမယ့် နှင်းတွေက အကျဆုံးနေ့ပါပဲ။ ဒါကြောင့် မီးစက်ကို နောက်ကျပြီးမှ ငြိမ်းပါတယ်။ နှင်းတွေက သစ်ပင်တွေအောက် ဖြတ်သွားလိုက်ရင် မိုးကျသလိုပဲ တစ်ပေါက်ပြီးတစ်ပေါက် ကျနေပါတယ်။ "ဘာလို့များ ဒီလောက်နှင်းတွေ ပိတ်ပိတ်သည်းနေရသေးတာလဲ။ နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့များ ကျနေလေရော့သလား" လို့ တွေးမိပါသေးတယ်။ မောင်လှဝင်းက သာမဏေကျော် မဟာဂန္ဓာရုံမှာပဲ အင်အားအပြည့် အသုံးချကာ ကျောင်းရဲ့ ကိစ္စကြီးငယ်တွေကို အားသွန်ခွန်စိုက် ဆောင်ရွက်နေပါတယ်။ ရွာမှ သူစီးပွားရေးလုပ်ငန်းတွေကို ပစ်ထား

http://www.dhammadownload.com

ပါတယ်။ ဒါကြောင့် သူ အရုဏ်ဆွမ်းကပ်တာကို ဝမ်းသာပေမယ့် အားနာပါတယ်။ တားချင်ပေမယ့် မတားရက်ပါ။ စပါးတွင်းရွာမှ မောင်လှဝင်း - မမြင့်မြင့် တို့အပြင် တူမလေး မဝင်းမာကြည်၊ သူမရဲ့သူငယ်ချင်း မလဲသာသူ၊ မမာမာဌေးတို့က ဖျော်ရည်အလှူ လှူကြပါတယ်။ မဝင်းမာကြည်က ရွာမှာ မူလတန်းပြကျောင်းဆရာမ လုပ်နေပြီး ကျန်းမာရေး မပြည့်စုံရှာတာမို့ သူမတို့ရဲ့ အလှူကိုလည်း ဝမ်းသာပေမယ့် အားနာပါတယ်။ စိတ်မကောင်းဖြစ်မှာ စိုးလို့ မပယ်မြစ်ရက်ပါ။

ကျန်တဲ့ ဆွမ်းအလှူရှင်တွေကတော့ ရန်ကုန်, မှော်ဘီ, တံတားဦး, အင်းတကော်, မုတ္တမ, အင်းတိုင်, သာယာအေး စတဲ့ နေရပ်တွေအပြင် အင်္ဂလန်နဲ့ကိုရီးယားမှလည်း ပါဝင်ကြပါတယ်။ မောင်လှဝင်းရဲ့ အရုဏ်ဆွမ်းအလှူမှာ ဘူးသီးကြော်လည်း ပါပါတယ်။ သာမဏေကျော်က ဆန်ပြုတ်လည်း သောက်ပါတယ်။ ဆွမ်းကိုလည်း တစ်ဇွန်းလောက် စားပါတယ်။ ခေါက်ဆွဲကိုလည်း မြည်းကြည့်လိုက်ပါသေးတယ်။ အရသာကောင်းပါတယ်။ ကွေကာအုပ်နဲ့မုန့်တွေကိုလည်း အနည်းငယ် စားလိုက်ပါသေးတယ်။ ခေါက်ဆွဲများလို့ ပိုရင် အနီးရှိ ကျောင်းတွေကိုလည်း ပို့ပါလို့ မောင်လှဝင်းကို ပြောလိုက်ပါတယ်။ "လောက်ငရုံပဲ ရှိပါတယ်၊ မပိုပါ" လို့ မောင်လှဝင်းက ပြန်ပြောပါတယ်။ သူ့ကို ကုသိုလ်ပိုရစေချင်, ဝမ်းသာရစေချင်လို့ ပို့ခိုင်းတာဖြစ်ပါတယ်။ "မောင်လှဝင်း၊ အိမ်သာက အနံ့နံသေးလား" လို့ မေးလိုက်တော့ "နံသေးတယ်" လို့ ပြောပါတယ်။ "ဒါဆိုရင် မနံအောင် ထပ်ကြိုးစားဖို့လိုသေးတယ်" လို့ ပြောလိုက်ရာ မောင်လှဝင်းက "ထပ် ကြိုးစားကြည့်ပါဦးမယ်" လို့ ပြောပါတယ်။ "သလဲဘာကျေးရွာအုပ်စုမှာ ဥက္ကဋ္ဌလူကြီး ကိုးနှစ်ဆက်တိုက်လုပ်ကာ ဆောင်ရွက်ခဲ့တဲ့ မောင်လှဝင်းက ဒီအိမ်သာအနံ့လောက်ကိုတော့ ပြေလည်သွားအောင် ဖြေရှင်းပေးနိုင်သင့်တာပေါ့။ ဒီထက် အဆပေါင်းများစွာ ခက်ခဲတဲ့ ကိစ္စတွေကိုတောင် ပြေလည်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သေးတာပဲ" လို့ မောင်လှဝင်းကို ပြောလိုက်ပါသေးတယ်။ အိမ်သာက ဆွမ်းစားကျောင်း, ချက်ဖိုနဲ့ဆက်ပြီး နီးကပ်နေတာမို့ အနံ့မနံရအောင် အထူးကြောင့်ကြစိုက်ကာ ကြိုးစားပေးနေရတာ ဖြစ်ပါတယ်။

http://www.dhammadownload.com

လာချင်ရင် အနီးလေး

မတင်တင် လုပ်အားပေးဖို့ ဒေါ်ကြည်အောင်တို့နဲ့အတူ ရောက်လာပါတယ်။ ဆုနှင်းသဘင်အတွက် မည်မိမိနဲ့ မဝိဝေကာနန္ဒီတို့က လှူလိုနေကြပါတယ်တဲ့။ ဒါကြောင့် ဘာတွေ လှူကြမှာလဲ၊ ဘာ ဆောင်ရွက်ပေးရမလဲ ဆိုတာ သိရအောင် မည်မိမိ (ဆရာလေး မဇဝနဉာနီ) ထံ မတင်တင်က သွားမေးပါမယ်တဲ့။ ဆုနှင်းသဘင်အတွက် လှူမယ့်သူလည်း သိပ်မရှိသေးပါ။ ဆုပစ္စည်း သိပ်မပေးနိုင်လည်း မတတ်နိုင်ပါ။ ရသမျှလေး မျှဝေပေးရမှာပေါ့လို့ ဆုံးဖြတ်ထားပါတယ်။ သာမဏေကျော်မှာလည်း ဟိုဟာအတွက် ကုန်ရ, ဒီဟာအတွက် ကုန်ရနဲ့ ကုန်ရတာတွေက များနေလို့ မတတ်နိုင်လှတော့ပါ။ မည်မိမိ, မဝိဝေကာနန္ဒီ, မဝိပုလဉာနီတို့လို လှူသူတွေ ရှိလာရင်တော့ ကိုရင်, သီလရှင်လေးတွေ ဆုပစ္စည်း ရကြမှာပေါ့။ ဒီနေ့ (၂၅-၃-၂၀၀၆) နေ့လယ်တစ်နာရီခွဲလောက်မှာ မဝင်းမာနဲ့မမိုးသူတို့ ရောက်လာကြပါတယ်။ သူတို့လာကြမယ်လို့ မထင်မိပါ။ "မမိုးသူက လာချင်ရှာတယ်၊ သူ့ခမျာ မအားလပ်ရှာဘူး" လို့ သူမရဲ့သူငယ်ချင်းတွေက ပြောကြပါတယ်။ သူငယ်ချင်းတွေရဲ့ပြောသံကို ကြားဖန်များလာတော့ 'မိုးသူ လေအိုးပါ' လို့ ပြောလိုက်ပါတယ်။ အဲဒီစကားကို ကြားရတဲ့အခါ 'ငါ့ကိုတော့ လေအိုးလို့ ပြောနေပြီ' လို့ တွေးကာ လေအိုး မဟုတ်ကြောင်း လက်တွေ့ပြလိုက်ပုံ ရပါတယ်။ တကယ့်ကို ရောက်လာပါတယ်။ ကျောက်တန်းရွာမှ ကားနှစ်ဆင့် သုံးဆင့် စီးပြီး လာရလို့ သွားရေးလာရေးခက်တဲ့အတွက် လာဖို့ ဝန်လေးကြပေမယ့် လာချင်ရင် အနီးလေးလို့ သူတို့က ပြောသွားကြပါသေးတယ်။

မမိုးသူက မရောက်တာ အတော်လေး ကြာသွားတာမို့ ကျောင်းမှာ အပြောင်းအလဲတွေကို တွေ့မြင်ရလို့ အကြီးအကျယ် အံ့သြနေပါတယ်။ ကျောင်းဒကာ ဦးခင်ဇော်ရဲ့ကြိုးစားချက်တွေက မြန်ဆန်လွန်းလှပါတယ်။ ၉၁ ပေ, ၂၈ ပေ ယောဂီကျောင်းဆောင်ကြီးက အတော်များများ ပြီးစီးသွားပါပြီ။ မမိုးသူက အခု ပြီးမြောက်နေတဲ့ အဆောက်အအုံအားလုံးကို မမြင်တွေ့ရသေးပါ၊ ဒါကြောင့် အချိန်တိုအတောအတွင်း ဒီလောက် အဆောက်အအုံ များများ ပြီးစီးနေတာကို အံ့သြတကြီး ဖြစ်နေပါတယ်။ မမိုးသူသာ

http://www.dhammadownload.com

အံ့သြတာ မဟုတ်ပါ။ အခြားအခြား မမိုးသူလိုလူတွေကလည်း အံ့သြကြပါတယ်။ သူတို့ကို ပရိယတ်ပိုင်းဘက် ခေါ်သွားရင်း ဆွမ်းချက်ဆောင်မှာ စားကြွင်းတွေကို ချက်ချင်း သွန်ပစ်ဖို့၊ ပန်းကန်ခွက်ယောက် ဆေးကြောရာမှာ သန့်ရှင်းအောင် ဆပ်ပြာမှုန့်နဲ့ ဆေးကြောပေးဖို့ ဘထွေးသိန်းမောင်ကို ပြောခဲ့ရပါတယ်။ အိမ်သာအနံ့ မနံရအောင် ရေစီးထွက်ရာ နေရာတွေမှာ သဲလောင်းဖို့ဖို့ ဥူးညာန၀ရကို ပြောခဲ့ရပါသေးတယ်။ ပရိယတ်ဘက်ပိုင်းမှာ သစ်ပင်တွေကို ရေလောင်းဖို့ မောင်လှ၀င်း ဦးဆောင်ပြီး လူငယ်တစ်သိုက်နဲ့ ပိုက်သွယ်နေကြပါတယ်။ ပိုက်သမား လာခိုက် ပိုက်သွယ်ဖို့ နေရာ တူးပေးကြပါတယ်။ ပိုက်ဖိုးက ၇ သောင်းကျော် ကုန်ကျပါသတဲ့။ မနည်းပါဘဲလား။

အလု

၂၅-၃-၂၀၀၆ နေ့က ညနေ ဘုရား၀တ်တက်ချိန်မှာ ကိုရင်ကြီးတွေနဲ့ အတူ ဥူးညာန၀ရက အိမ်သာရေလှောင်ကန်ဘေးမှာ စိမ့်ထွက်နေတဲ့ ရေကို ပိတ်ဆို့ဖို့ရာ သဲတွေ အဖို့ခိုင်းနေပါတယ်။ အိမ်သာက အနံ့ နံနေသေးလို့ပါ။ ပန်းရန်ဆရာ ဦးသန်း၀င်းက မောင်လှ၀င်းအား အဲဒီလို လုပ်ပါလို့ပြောလို့ အဲဒီလို သဲဖို့ ကြည့်တာ ဖြစ်ပါတယ်။ အိမ်သာ ရေလှောင်ကန်ဘေးမှာ သဲတွေ ဖို့ပြီး ရေသွားလမ်းလည်း လုပ်ပေးထားပါတယ်။ အနံ့ မနံတော့ဘူးလို့ မောင်လှ၀င်းက ပြောပါတယ်။ အိမ်သာမှ စိမ့်ထွက်တဲ့ ရေနံ့က နံနေရင် ချက်ဖိုဆောင်မှာ စားတဲ့သူတွေရော ဆွမ်းစားရာနေရာမှာ စားတဲ့သူတွေပါ စားရခက်ပါမယ်။ အဲဒီအနံ့ မနံရအောင် ၀ိုင်း၀န်းကြိုးစားရပါတယ်။ အနံ့ နံနေပါက အိမ်သာ၀န်းကျင် သွားပြီး ဧည့်သည်တွေ လှည့်လည်ကြည့်ရှုရင်တောင် အားနာစရာ ဖြစ်နေပါတယ်။ ကျောင်းအဆောက်အဦးကြီးတွေကတော့ ကောင်းပါရဲ့။ အိမ်သာရေနံ့က နံနေရင် လှပနေတဲ့ ကျောင်းကြီးတောင် အလှပျက်ရမလို ဖြစ်နေပါတယ်။ အနံ့မကောင်းရင် အဆင်းရဲ့အလှကိုတောင် ခံစားနိုင်မယ် မဟုတ်ပါ။ စားသောက်ရတဲ့ အရသာတွေက ကောင်းပေမယ့် အရသာကောင်းတွေအဖြစ်နဲ့ စားရသူတွေမှာ ခံစားနိုင်ကြမယ် မဟုတ်ပါ။

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို လာကြတဲ့ ဧည့်သည်တွေထဲမှာ နေခြစ်ခြစ်တောက် ပူလောင်နေတဲ့အခါ လာရင် သာမဏေကျော်

http://www.dhammadownload.com

မဟာဂန္ဓာရုံရဲ့ တိတ်ဆိတ်မှု, ငြိမ်းချမ်းမှုအရသာကို အေးအေးဆေးဆေး ပြည့်ပြည့်ဝဝ မခံစားနိုင်ကြပါ။ ဥနှဲပင်ကြီးတွေရဲ့အေးမြမှုကိုတော့ မချိုးမွှမ်း, မအံ့သြသူကတော့ မရှိသလောက်ပါပဲ။ ဒီအပင်ကြီးတွေကို သိလားလို့ မေးကြည့်ရင် မြို့သူ, မြို့သားတွေထဲမှာ မသိသူတွေ အတော်များသားပဲ။ အေးဆေး တိတ်ဆိတ်တဲ့အခိုန်မှာ ရောက်လာရင်တော့ သာမဏေကျော် မဟာဂန္ဓာရုံရဲ့ တိတ်ဆိတ်ငြိမ်သက်မှုအရသာကို အပြည့်အဝ ခံစားသွားနိုင်ကြပါတယ်။ နေအေးတဲ့ နံနက်ပိုင်းနဲ့ညနေပိုင်းမှာဆိုရင် အေးဆေးမှုကို ပိုမိုခံစားလို့ရပါတော့တယ်။ သာမဏေကျော် မဟာဂန္ဓာရုံရဲ့အလှကို ပိုမိုခံစားလို့ ရပါတယ်။ ပရိယတ်ပိုင်းနဲ့ပဋိပတ်ပိုင်းရဲ့အကြားရှိ ဂဝံလမ်းက ကတ္တရာလမ်း ဖြစ်လာခဲ့ရင်တော့ ကတ္တရာကားလမ်းကနေ ခွဲထွက်လာတဲ့အခါ သွားရေး, လာရေး ပိုကောင်းပါမယ်။ ကတ္တရာလမ်းနဲ့ကျောင်းက မဝေးလို့ တော်ပါသေးရဲ့။ မိုးခါမှာတော့ ဂဝံလမ်း ဖြစ်တာမို့ ရေငွေ့တွေ ရှိတတ်တဲ့အတွက် သွားရေး, လာရေး ခက်ပါဦးမယ်။

အစိုးရထံက လျှပ်စစ်မီးသွယ်ခွင့် ရလို့ သွယ်နိုင်ခဲ့ပြီဆိုရင် မီးစက်မောင်းစရာ မလိုတော့ပါ။ ထောက်ကြန့်လမ်းဆုံကနေ မှော်ဘီမြို့ဘက်ကို သွားရင် လှော်ကားဥယျာဉ်ဆိုင်းဘုတ်ကို တွေ့ရပြီး ဥယျာဉ်ဘက် သွားလမ်း အတိုင်း ရွှေပြည်သာသို့ ဆက်သွားပါက ကားလမ်းဘေးတစ်လျှောက်မှာ မြင်တွေ့ရတဲ့ မြင်ကွင်းတွေက ပြင်ဦးလွင်က ရှုခင်းတွေလို အနိမ့်အမြင့် ရှုခင်းတွေကို မြင်တွေ့ရပါတယ်။ ကားလမ်းကလည်း ပြင်ဦးလွင် အတက်လမ်းလိုပဲ အကွေ့အကောက်လေးတွေ ရှိနေပါတယ်။ ဒါကြောင့် ဒီကားလမ်း ဖြတ်သွားသူတွေက ရှမ်းပြည်နယ်လမ်းတွေ ရောက်နေသလိုပါပဲလို့ ပြောတတ်ကြပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံရောက်ရင် လှော်ကားဥယျာဉ်ကိုလည်း သွားကြည့်လေ့ ရှိကြပါတယ်။ အဲဒီကားလမ်းရဲ့ရှုခင်းအလှကလည်း မြင်ရသူတွေအဖို့ စိတ်ဝင်စားဖွယ် ဖြစ်ပါတယ်။

စိတ်ရှည် - ဇွဲသန်

၂၆-၃-၂၀၀၆ နေ့အတွက် အရုဏ်ဆွမ်းနဲ့နေ့ဆွမ်းကို ဦးစိန်ကျော် (မြောင်းမြ) နဲ့ သူငယ်ချင်းတစ်စုက လှူဒါန်းပါတယ်။ သူတို့ လာမယ်လို့

http://www.dhammadownload.com

ထင်ထားပေမယ့် မလာဖြစ်ပါ။ ဦးစိန်ကျော်ရဲ့မိတ်ဆွေတွေဖြစ်တဲ့ ကျောင်းဒကာ ဦးခင်ဇော်နဲ့ ကိုထိန်ဝင်းတို့တစ်သိုက်တော့ ရောက်လာကြပါတယ်။ "ဦးခင်ဇော်နဲ့ကိုထိန်ဝင်းတို့ ကျောင်းမှာ ဘာဟင်းတွေနဲ့ စားခဲ့ရသလဲ" လို့ မေးလိုက်ရာ "ဟင်းတွေက စုံနေပါတယ်" လို့ ပြောသွားပါတယ်။ ဦးမောင်မောင်တို့ဇနီးမောင်နှံနဲ့ မပပတို့လည်း ပါလာကြပါတယ်။ ကိုထိန်ဝင်းက ချောင်းရဲ့ အနောက်ဘက်ပိုင်းကိုပါ ဦးခင်ဇော်တို့ကို လှည့်လည်ပြခဲ့ပါတယ်။ ဦးခင်ဇော်က အခုမှပဲ အဲဒီဘက်ပိုင်းကို ရောက်ဖူးပါတယ်။ မကြည်ကြည်ဝင်း လျှူထားတဲ့ မြေနေရာကိုပါ တွေ့သွားပါတယ်။ မကြည်ကြည်ဝင်း လျှူထားတဲ့ မြေနေရာမှာ ပီလောပီနံပင်တွေနဲ့ ခရမ်းပင်တွေကို စိုက်ထားပါတယ်။ အခြားအကွက် (ဘေးဘက်အကွက်) တွေမှာ စိုက်ထားတဲ့ နာနတ်, ဘူး, ချဉ်ပေါင်, ပီလောပီနံပင်တွေကိုလည်း တွေ့သွားပါတယ်။ ချောင်းကို ဖြတ်ထားတဲ့ တံတားနှစ်စင်းကိုလည်း တွေ့သွားပါတယ်။ ဝါးတွေနဲ့ ပြုလုပ်ထားတဲ့ ဝါးတံတားတွေပါပဲ။ ချောင်းဘေးမှာရော စည်းရိုးတွေမှာပါ ဝါးပင်တွေက များစွာ ရှိနေပါတယ်။

ကိုထိန်ဝင်းက ပြန်ခါနီးမှာ ဦးခင်ဇော်က သင်တန်းမှာ ပိုက်ဆံမတတ်နိုင်တဲ့ ကိုရင် ၁၅ ပါးအတွက် သင်္ကန်း, သပိတ်, နေရာထိုင်, ခါးပန်းကြိုး, ဆွမ်းစရိတ်တန်ဖိုးတွေကို လှူထားပါတယ်လို့ ပြောကာ ကပ္ပိယကာရကထံ ငွေလှူသွားပါတယ်။ အဲဒီ ၁၅ ပါးကို ဓာတ်ပုံရိုက်ပေးပါမယ်။ စုပေါင်းရိုက်ပုံပါပဲ။ ဦးခင်ဇော် မြင်တွေ့ရပြီး ပီတိဖြစ်ရအောင်ပါပဲ။ ဥုးဥာနဝဂရက အမြဲဆက်လက်ဝတ်မယ့် ကိုရင်လေးတွေကို ရွေးချယ်ပေးပါမယ်လို့ ပြောပါတယ်။ စပါးတွင်းရွာမှ ၁၀ ပါးနဲ့ ကျောင်းဝန်းကျင်မှ ငါးပါး ဖြစ်ပါတယ်။ အမြဲဆက်လက်ဝတ်မယ့် ကိုရင်လေးတွေထဲမှာ နောင်အခါ ဆရာတော်ကြီးတွေ ဖြစ်လာမယ့် ကိုရင်လေးတွေလည်း ပါလာနိုင်ပါတယ်။ ဆရာတော်ကြီးတွေ ဖြစ်လာခဲ့ရင် ဦးခင်ဇော်ရဲ့ ထောက်ပံ့ရတဲ့ အလှူဟာ အလွန်ပဲ သာသနာအား ကျေးဇူးများတဲ့ အလှူ ဖြစ်ပါလိမ့်မယ်။

ဒီနေ့ မတင်တင်နဲ့မအိတို့ဟာ နေ့လယ်စာ စားပြီး ဆယ်မိုင်ကုန်းပဏ္ဍိတာရာမက မဇ္ဈနဉာနီထံ သွားကြပါတယ်။ နံနက် ၁၁ နာရီခွဲမှာ သွား

http://www.dhammadownload.com

ကြပါတယ်၊ မဇ္ဈန္တိကနီထံ အောက်ပါလက်ဘလေးတွေကို ရေးပေးလိုက်ပါတယ်။

* စိတ်ရှည်-ဇွဲသန်, သည်းညည်းခံ, ပြုရန် သာသနာ။
* အများအကျိုး, ရွှက်သယ်ပိုးက, ခနိုးခနဲ့, ဆိုကဲ့ရဲ့လည်း, မဖဲ့မစောင်း, ကိုယ့်လမ်းကြောင်းကို, စိတ်ကောင်းနှင့်ယှဉ်, ရှေ့ရှုနှင့်လော့။

၁-၄-၂၀၀၆ နေ့မှာ လော်ကားဘက်ကို ဆွမ်းဆန်စိမ်းအလှူခံကြွကြပါမယ်။ အဲဒီနေ့မှာ မတင်တင်နဲ့ဒေါ်ကြည်အောင်တို့တစ်စုဟာ ဆွမ်းဆန်စိမ်းအလှူခံအမီ လာကြပါမယ်။ ၂-၄-၂၀၀၆ ဆုနှင်းသဘင်နေ့ အရုဏ်ဆွမ်းမှာ ဒေါ်ကြည်အောင်မိသားစု, မမာလာဦးမိသားစုတို့က မုန့်ဟင်းခါး ကပ်လှူကြပါဦးမယ်။

နိုးနိုးကြားကြား

၂၆-၃-၂၀၀၆ နေ့ညက ကိုးနာရီကျော်ထိ မောင်အောင်ဆန်းက တရားတိတ်ခွေဖွင့်ပြီး နာနေပါတယ်။ အိပ်ချိန်မှာ မနာယူဖို့ ပြောရပါတယ်။ တစ်ရက်မှာတော့ နံနက်စောစောမှာ ဆိုင်းခွေဖွင့်ပြီး နားထောင်နေပါတယ်။ နံနက်စောစောလည်း မဖွင့်ဖို့ ပြောခဲ့ရပါသေးတယ်။ မောင်အောင်ဆန်းက အနင်းလည်း ခံနေပါတယ်။ အဲဒါကိုလည်း မလုပ်ဖို့ ပြောရပါသေးတယ်။ ကိုးနာရီခွဲလောက်ထိ အနင်းခံရင်း စကားပြောနေသံကို ကြားရလို့ သူတစ်ပါးတွေ အိပ်နေချိန်မှာ စကားမပြောဖို့ ပြောရပါတယ်။ အခြားကလေးတွေ တစ်ယောက်မှ မရှိပါ။ အပြင် သွားကြပါတယ်လို့ ပြောမှ မောင်လှဝင်းကို အဲဒီလို သွားခွင့်မပြုဖို့ ပြောရပါသေးတယ်။ အဲဒီလို ခွင့်ပြုလို့ အပြင်သွားတာများလာရင် မလိုအပ်တဲ့ ပြဿနာတွေ ရှုပ်လာနိုင်တယ်။ ဒါကြောင့် နောင်အခါ ဘယ်တော့မှ ခွင့်မပြုပါနဲ့လို့ မောင်လှဝင်းကို ပြောရပါသေးတယ်။ သူတို့တစ်တွေ နံနက်အိပ်ရာထ နောက်ကျတာကိုတွေ့ရပါတယ်။ "အောင်ဆန်း၊ မင်းက စပြီး အိပ်ရာထ နောက်မကျစေနဲ့။ မင်းကို ကြည့်ပြီး သူတို့က လိုက်လုပ်ကြမယ်" လို့ ပြောလိုက်ရပါသေးတယ်။

http://www.dhammadownload.com

၂၆-၃-၂၀၀၆ နေ့က နောက်နှစ်မှာ လုပ်အားပေးပုဂ္ဂိုလ်တွေကို ဥုံးညာနဝရမသိဘဲ၊ ဥုံးညာနဝရခွင့်မပြုဘဲ စပါးတွင်းရွာမှ ခေါ်မလာပါစေနဲ့လို့ မောင်လှဝင်းကို ပြောရပါတယ်။ လုပ်အားပေးသူတွေကို လိုအပ်သလောက် ခေါ်ခဲ့ဖို့ သင်တန်းသားတွေကိုလည်း လျှော့ပြီး ခေါ်ခဲ့ဖို့ ဥုံးညာနဝရကို ပြောဖို့ လိုလာပါတယ်။ လုပ်အားပေးတွေရဲ့ အသွားအပြန်ခရီးစရိတ်နဲ့ ကိုရင်တွေရဲ့ပါ ဘုရားဖူးစရိတ်တွေက သုံးသိန်းလောက် ကုန်ကျမယ်။ နှစ်စဉ် ကိုယ့်ဘက်က တတ်နိုင်, မတတ်နိုင် မသေချာပါ။ တတ်နိုင်ရင်တော့ ကောင်းပါတယ်။ မတတ်နိုင်ရင်တော့ အစီအစဉ် ပြောင်းရပါမယ်။ စွန့်ညီနောင် ဦးခင်ဇော်ထံ မှာတဲ့ ပစ္စည်းတွေကို သက်ိန်ပြီးရင် ပြန်စီစစ်ဖို့ ပိုတာ ရှိခဲ့ရင် မှတ်သားထားဖို့ ပြောရပါတယ်။ နောက်နှစ်သင်တန်းမှာ လုပ်အားပေး လူအရေအတွက်နဲ့ သူတို့ဆောင်ရွက်မယ့် တာဝန်တွေကို အသေးစိပ် အတိအကျ ပြောပြနိုင်ရင် ကောင်းပါမယ်။

ပါလာမယ့် လုပ်အားပေးသူတွေက ကျရာတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြမယ်ဆိုရင် လူနည်းပြီး ပွဲစည်နိုင်ပါတယ်။ တာဝန်တွေ ကျေပွန်နိုင်ကြပါမယ်။ လူများပြီး ပွဲမစည်ဖြစ်ရင်, တာဝန်တွေ လစ်ဟင်းနေရင် မကောင်းပါ။ တက်တက်ကြွကြွ တက်ညီလက်ညီ လုပ်ကြသလို နိုးနိုးကြားကြားလည်း လုပ်ဖို့ လိုအပ်ပါတယ်။ ဒါမှ ကိစ္စတွေဟာ ပြီးသင့်ချိန်ထက် ပိုမိုစောကာ ပြီးစီးနိုင်ပါမယ်။

ဥယျာဉ်မှူးရဲ့ပီတိ

၂၇-၃-၂၀၀၆ နေ့က တပ်မတော်နေ့တဲ့။ ပန်းရန်, လက်သမားတွေဟာ ဒီနေ့မှာ အလုပ်နားကြပါတယ်။ ကြွေပြားကပ်သမားတွေကတော့ သာမဏေကျော် နေမယ့် ကျောင်းဆောင်သစ်မှာ ကြွေပြားကပ်နေကြပါတယ်။ အောက်ထပ်မှာပါ ပြီးသွားပါပြီ။ ဒီနေ့ အထက်ထပ်မှာ သန့်ရှင်းရေးလုပ်ပေးဖို့ မဝင်းမာကြည်နဲ့ မပုညဝတီကို ပြောလိုက်ပါတယ်။ အိပ်စရာခုတင် မတင်ရသေးပါ။ ပြတင်းပေါက်တချို့မှာတော့ မှန်တပ်ဖို့ လိုနေပါသေးတယ်။ အခု သာမဏေကျော်က ယောဂီတွေ နေဖို့ ဆောက်လုပ်ထားတဲ့ နှစ်ယောက်နေ တိုက်လေးမှာ ဥုံးညာဝနရန့်အတူ တစ်ခန်းစီမှာ နေကြပါ

http://www.dhammadownload.com

တယ်။ အိမ်သာ, ရေချိုးခန်းက နှစ်ခန်းလုံးမှာ ပါပါတယ်။ ညအခါ ဥုဉာနဝရ အိပ်ပျော်ခိုက်မှာ ကျယ်လောင်တဲ့ ဟောက်သံကို သာမဏေကျော် အခန်းက ကြားနေရပါတယ်။ ည ညဉ့်နက်တဲ့အထိ အိပ်မပျော်တဲ့အခါ ဟောက်သံကို အားရပါးရ နာခံနေရပါတယ်။ ရင်ကလည်း ကျပ်နေလို့ အခန်းပြင်ဘက် ဝရန်တာမှာ လမ်းထွက်လျှောက်ရင်း လေကို ပြင်းပြင်း ရှူပေးရပါတယ်။ စတုမဓူကိုလည်း ဘဉ်းပေးထားလို့ ထင်ပါရဲ့။ သလိပ်ကပ်ကာ ရင်ကျပ်နေတတ်ပါတယ်။ သွေးမှာ အချိုဓာတ် များနေလို့ အချိုကို ရှောင်ရမယ်လို့ ပြောကြပေမယ့် စတုမဓူကိုတော့ ဘဉ်းပေးနေမိပါတယ်။ အချိုစားရင် သွေးချိုမှတစ်ဆင့် ဆီးချို ဖြစ်လာတတ်ပါသတဲ့။

သင်တန်းပြီးဖို့ တစ်ပတ်လောက် ကျန်ပါသေးတယ်။ အဲဒီတစ်ပတ် အတွင်း ကိုယ်က အရင် အိပ်ပျော်ရင်တော့ ဥုဉာနဝရရဲ့ဟောက်သံကို နာခံရဖွယ် မရှိပါ။ ဥုဉာနဝရက အရင် အိပ်ပျော်သွားရင်တော့ ဟောက်သံကို နာခံပေဦးရော့။ သာမဏေကျော် နေဖို့ ဆောက်ထားတဲ့ နှစ်ထပ်ကျောင်း ဆောင်ကလည်း အပေါ်ထပ်မှာ နေလိုက နေလို့တော့ ရပါပြီ။ သွားနေရင်တော့ ဟောက်သံနဲ့ နွားသံတွေကို နာခံရဖွယ် မရှိတော့ပါ။ စွန်ညီနောင် - စွန်မင်း ကျောင်းဆောင်အမှတ်တစ်၊ နှစ်တွေရဲ့ နောက်က သရက်ပင် စတဲ့ သစ်ပင်တွေ ရှိရာ နေရာတွေမှာ မြက်တွေကို မောင်မြင့်သိန်းတို့အဖွဲ့က ဆက်လက် ရှင်းကြပါမယ်။ မောင်မြင့်ထွန်းအဖွဲ့က ငှက်ပျောပင်တွေ စိုက်ကြပါမယ်။ ကိုရင်ကြီးတွေအဖွဲ့က နွားချေးတွေကို အိတ်တွေနဲ့ သယ်ယူကာ သရက်ပင် စတဲ့ အပင်တွေရဲ့ အခြေတွေမှာ လောင်းထည့်ကြပါမယ်။ ရေလောင်းဖို့ ပိုက်တွေကိုလည်း သွယ်ထားပြီးပြီမို့ ရေကို အားရပါးရ လောင်းကြပါမယ်။ အဲဒီအခြေအနေကို ရောက်နေလို့ မောင်လှဝင်းကတော့ အလွန်ပဲ ပျော်နေပါတယ်။ စိမ်းစိုလာမယ့် သစ်ပင်တွေကို ကြိုတွေးကြည့်ကာ ပျော်နေပုံရပါတယ်။ "ဒီလို ဖြစ်ချင်နေတာ" လို့လည်း နှုတ်က အားရပါးရ ပြောနေပါသေးတယ်။ နောက်တစ်နှစ်လောက် ပြုစုစောင့်ရှောက်လိုက်ရရင် သစ်ပင်လေးတွေဟာ ထူးထူးခြားခြားပဲ ထွားကြိုင်းကာ စိမ်းစိုလာကြပါလိမ့်မယ်။ ဥယျာဉ်မှူးရဲ့ ပီတိအရသာကို ခံစားနိုင်လာပါလိမ့်မယ်။

http://www.dhammadownload.com

အက်ျိဳးလေး

သာမဏေကျော် မဟာဂန္ဓာရုံ လျှော်ကားဥယျာဉ် ရန်ကုန်လို့ စာတန်းလေးဟာ စွပ်ကျယ်အက်ျိဳရဲ့ ရှေ့ဘက်မှာရော နောက်ဘက်မှာပါ ပါပါတယ်။ အရွယ်အစားက အကြီးဝတ်, အလတ်ဝတ်, အငယ်ဝတ်လို့ သုံးမျိုး ပါပါတယ်။ အငယ်ဝတ်အက်ျိတန်ဖိုးက ၁၂၅၀၊ အကြီးနဲ့အလတ်ဝတ် အက်ျိတန်ဖိုးက ၁၄၀၀ တဲ့။ အကြီးဝတ်အက်ျိ ၇၀၊ အလတ်ဝတ်အက်ျိ ၅၀၊ အငယ်ဝတ်အက်ျိ ၃၀၊ သုံးရပ်ပေါင်း ၁၅၀ ဖြစ်ပါတယ်။ ဆုနှင်းသဘင်မှာ ကိုရင်, သီလရှင် ၁၀၇ ပါးအား တစ်ထည်စီ ဆုပစ္စည်းအဖြစ် ပေးပါမယ်။ အဲဒီစွပ်ကျယ်အက်ျိလေးကို သာမဏေကျော် မဟာဂန္ဓာရုံနဲ့ ပတ်သက်တဲ့ လူဝတ်ကြောင်တွေက အမြတ်တနိုး အလိုရှိကြပါတယ်။ ဝတ်ဆင်ကြပါတယ်။ သင်တန်းသား ကိုရင်, သီလရှင်လေးတွေကလည်း သူတို့ တက်ရောက်သင်ယူခဲ့ရတဲ့ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းဆု ပစ္စည်းဖြစ်လို့ အခြားပုဂ္ဂိုလ်တွေထက် ပိုမိုအမြတ်တနိုးရှိကာ အမှတ်တရ ဝတ်ဆင်ကြမယ်လို့ ထင်မိပါတယ်။ သင်တန်းသား ကိုရင်, သီလရှင်တွေအပြင် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ လုပ်အားပေးကြသူတွေကိုလည်း ပေးကြပါတယ်။ လုပ်အားပေးသူတွေလည်း ပျော်နေကြပါတယ်။ ကိုရင်, သီလရှင် လူထွက်လေးတွေလည်း အဲဒီအက်ျိလေးကို ဝတ်ကာ ပျော်နေကြပါလိမ့်မယ်။

လုပ်အားပေးသူတွေက ဒီနေ့ (၁-၄-၂၀၀၆) နေ့ ဆွမ်းဆန်စိမ်းအလှူခံမှာရော သင်တန်းအောင်ပွဲ စုပေါင်းမာတ်ပုံရိုက်ရာမှာပါ (ဗီဒီယိုရိုက်ရာမှာပါ) အဲဒီအက်ျိလေးကို ဝတ်ဆင်ကြပါမယ်။ ကိုယ်မြတ်နိုးတဲ့ ပစ္စည်းလေးကို ရရင် ပျော်ကြတယ်။ ဝတ်ဆင်ရရင်လည်း ပျော်ကြတယ်။ အဲဒါဟာ လောကသတ္တဝါတိုင်းရဲ့ သဘောပါပဲ။ အက်ျိလေးက မြတ်နိုးဖွယ်လေးပါပဲ။ မြတ်နိုးဖွယ်ဆိုရင် မြတ်နိုးတတ်ကြတာဟာ လောကသဘာဝတစ်ခုပါပဲ။ အက်ျိလေးအပြင် ကွန်ပါဘူး, ဘောလ်ပင်စတဲ့ ပစ္စည်းတွေကိုပါ ဆုပစ္စည်းအဖြစ် ရကြပါမယ်။ အဲဒီရတဲ့ ပစ္စည်းတွေထက် ကိုယ်ယဉ်ကျေးမှု, နှုတ်ယဉ်ကျေးမှု, စိတ်ယဉ်ကျေးမှုတွေက ပိုမို တန်ဖိုးရှိပါတယ်။ တန်ဖိုးဖြတ်လို့ မရလောက်အောင် တန်ဖိုးကြီးပါတယ်။ ပိုမို မြတ်နိုးဖွယ် ဖြစ်ကြပါတယ်။ တန်ဖိုးဖြတ်လို့

http://www.dhammadownload.com

မရလောက်အောင် တန်ဖိုးကြီးလှတဲ့ အဲဒီမြတ်နိုးဖွယ်တွေကို တစ်သက်လုံး ပိုင်ဆိုင်ပြီး တန်ဖိုးဖြတ်လို့ မရလောက်အောင် မြတ်နိုးဖွယ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်အောင် အသီးသီး ဆက်လက် ကြိုးစားကြရပါဦးမယ်။ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းသားတွေသာမက လုပ်အားပေးသူတွေပါ လုပ်အားပေး ကုသိုလ်များစွာကို ရရှိကြပါတယ်။ သူတို့ရဲ့ လုပ်အားပေးကုသိုလ်တွေကြောင့် သင်တန်းသား ကိုရင်, သီလရှင် ၁၀၇ ပါးဟာ စားရေးသောက်ရေးအတွက် ကိစ္စမများကြဘဲ ကိုယ်ရော စိတ်ပါ ချမ်းသာစွာနဲ့ ဗုဒ္ဓယဉ်ကျေးမှု သင်ခန်းစာတွေကို သင်ယူနိုင်ကြပါတယ်။

တစ်ပွေ့တစ်ပိုက်ကြီး

၂၈-၃-၂၀၀၆ အင်္ဂါနေ့ နေ့လယ် ၁၂ နာရီမှာ မည်ပြီနဲ့ မဝိဝေကာနန္ဒီတို့က ဖုန်းဆက်မယ်လို့ ပြောသွားပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဆုနှင်းသဘင်အတွက် လျှုမယ့် ပစ္စည်းနာမည်တွေကို ပြောပြဖို့ ဖြစ်ပါတယ်။ ဥူးဇဝနနဲ့ဥူးသြဘာသတို့က ကပ္ပိယမောင်မြင့်ထွန်းနဲ့အတူ ဆုနှင်းသဘင်အတွက် လိုအပ်တဲ့ ပစ္စည်းတွေကို စီစဉ်ဖို့ သွားကြပါတော့မယ်။ မည်ပြီတို့လျှုမယ့် ပစ္စည်းတွေကိုပဲ မဝယ်မိအောင် (မထပ်ရအောင်) မတင်တင်ထဲ မောင်လှဝင်းကပဲ ဖုန်းဆက် မေးလိုက်ပါတယ်။ ကွန်ပါဘူးနဲ့ခဲဆန်ပါတဲ့ ဖောင်တိန်ကို မည်ပြီက ကိုရင်, သီလရှင် ၁၀၇ ပါးအား လျှူပါမယ်။ မဝိဝေကာနန္ဒီက ဘောလ်ပင် လျှူပါမယ်။ သာမဏေကျော် မဟာဂန္ဓာရုံ လှော်ကားဥယျာဉ် ရန်ကုန်လို့ နောက်ကျောဘက်မှာ စာသားရိုက်ထားတဲ့ အင်္ကျီလေးကိုလည်း အများကောင်းမှုနဲ့ ပေးပါမယ်။ ကောင်း, တော် ၁၂ ပါးအား ပုဆိုးအဝတ်ကိုလည်း ပေးပါဦးမယ်။ အဲဒီအင်္ကျီလေးကို သင်တန်းသားတွေသာမက လုပ်အားပေးသူတွေကိုပါ ပေးပါမယ်။ သူတို့အတွက်လည်း အမှတ်တရပစ္စည်းလေးဖြစ်နေပါမယ်။ သူတို့ကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ လိုလားကြပါတယ်။ မည်ပြီနဲ့ မဝိဝေကာနန္ဒီ, မဝိပုလဉာနီတို့ရဲ့အလှူတွေကြောင့် ဆုနှင်းသဘင်အတွက် ဆုပစ္စည်းတွေဟာ သင့်တင့်ပြည့်စုံသွားပါတယ်။

http://www.dhammadownload.com

သင်တန်းအစပိုင်းမှာ ကိုရင်, သီလရှင်တချို့ဟာ မိဘတွေ သူတို့ထံ လာကြတဲ့အခါ ငိုကြတာ, ခွဲကြ, နွဲ့ကြတာ ရှိပါတယ်။ မိဘတွေက ချော့လိုက်တော့လည်း ပြေသွားကြပါတယ်။ မှော်ဘီမြို့နယ် စံပြရွာက ကိုရင်လေးဟာ အမေထံက မခွာဘဲ ပူးကပ်နေပါတယ်။ ပြန်လိုက်မယ်လို့ပဲ ပြောနေပါတယ်။ ပြန်မလိုက်ဘဲ နေလိုက်ပါတယ်။ နောင်အခါ သင်တန်းပြီးခါနီးမှာ အဲဒီကိုရင်လေးကို တွေ့လို့ "ကိုရင့်ကို ပြန်ပို့မယ်" လို့ စလိုက်ပါတယ်။ "မော်သွားပါပြီ ဘုရား" လို့ ပြုံးရွှင်တဲ့ မျက်နှာလေးနဲ့ ဖြေသွားပါတယ်။ မဝတ်ဖူးသေးတဲ့ကိုရင်ငယ်, သီလရှင်လေးတချို့တွေမှာ အဲဒီလိုပဲ ဖြစ်တတ်ပါတယ်။ မိဘတွေက အသနား ပိုမသွားမိကြဖို့ လိုပါတယ်။ အသနားပိုမိသွားပြီး ကလေးအလိုလိုက်မိရင် ကလေးမှာ ရလာမယ့်ကောင်းကျိုးတွေ ဆုံးရှုံးသွားပါတော့တယ်။ အဲဒီကိုရင်လေးက အမေထံက နာရီကို ယူထားလိုက်ပါသတဲ့။ သူ့ကို ပြန်ခေါ်မသွားရင် နာရီကို ပေါက်ခွဲပစ်မယ်လို့ ပြောပါသတဲ့။ အဲဒီအချိန်မှာ ဖြစ်တတ်တဲ့ ကလေးတွေရဲ့စိတ်နေသဘောထားကို နားလည်ထားတဲ့ မိဘတွေက ကလေးအလိုကို မလိုက်ကြပါ။ အဲဒီအစပိုင်း အချိန် လေးမှာ ကလေးရော မိဘပါ အောင့်အည်း သည်းခံနိုင်ကြရင် မော်ရွင် ကြည်နူးစွာနဲ့ ကောင်းကျိုးတွေကို တစ်ပွေ့တစ်ပိုက်ကြီး ရရှိသွားကြပါလိမ့်မယ်။

အေးချမ်းတဲ့ ကမ္ဘာလေး

ခေါင်းဆောင်လုပ်သူဟာ နောက်လိုက်ပုဂ္ဂိုလ်တွေအပေါ် အားမလိုအားမရ ဖြစ်တတ်ပါတယ်။ အဲဒီအခါ နောက်လိုက်ပုဂ္ဂိုလ်တွေကို မကြည်လင်, မအေးမြတဲ့ စိတ်ထား, စကား, အပြုအမူများနဲ့ ဆက်ဆံတတ်ပါတယ်။ အဲဒီအခါ ၂၆-၃-၂၀၀၆ နေ့က မတင်တင်အပြန်မှာ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမက ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ သီလရှင်လေးတွေကို ဦးဆောင်ထိန်းသိမ်းပေးနေတဲ့ မဇ္ဈိမနာနီ (မည်ဂျီမီ) ထံ ရေးပေးလိုက်တဲ့ အောက်ပါစာသားလေးတွေကို သတိရကာ ဆက်ဆံသင့်ပါတယ်။

* ပူပြင်းတဲ့ နွေရာသီအချိန်အခါ
ကြည်လင်အေးမြတဲ့ နယ်ပယ်မှာ

http://www.dhammadownload.com

ကြည်လင်အေးမြတဲ့ စိတ်ထား
ကြည်လင်အေးမြတဲ့ စကား
ကြည်လင်အေးမြတဲ့ အပြုအမူများနဲ့
ကြည်လင်အေးမြတဲ့ ကုသိုလ်ထူးတွေကို
ထူးခြားစွာ စုဆောင်းမိအောင်
ကြိုးစားနိုင်ပါစေ။

* ဘဝသံသရာတစ်လျှောက်
ခဏတာ တွေ့ခိုက်
လှိုက်လှဲတဲ့
မနောက် မေတ္တာ,
ဝစီက် မေတ္တာ,
ကာယက် မေတ္တာတွေနဲ့
ကိုယ့်ပတ်ဝန်းကျင်မှာ
များများ ဖြန့်ဝေပေးပြီး
အေးချမ်းတဲ့ ကမ္ဘာလေး
တည်ဆောက်ပေးနိုင်အောင်
ကြိုးစားပါ။

ခေါင်းဆောင်လုပ်သူတွေရော နောက်လိုက်လုပ်သူတွေပါ အထက်ပါ စာသားလေးတွေနဲ့အညီ ကြိုးစားနိုင်ကြရင် ကိုယ့်ပတ်ဝန်းကျင်မှာ အေးချမ်းတဲ့ ကမ္ဘာလေး တည်ဆောက်ပေးနိုင်ကာ ကြည်လင်အေးမြတဲ့ ကုသိုလ်ထူးတွေကို ဆည်းပူးနိုင်ပါလိမ့်မယ်၊ စုဆောင်းမိပါလိမ့်မယ်။

သေခါနီးသူရဲ့ဆန္ဒ

စပါးတွင်းရွာမှ အဒေါ်တော်စပ်သူ ဒေါ်ဖော့တစ်ယောက် ကျန်းမာရေးအခြေအနေစိုးရိမ်ရတဲ့ အခြေအနေ ရောက်နေလို့ ဒေါ်ဖောရဲ့သားဖြစ်သူ ဦးကျော်တင်နဲ့ဦးကျော်ဝင်းတို့ထံ ဦးကျော်တင်ရဲ့သားဖြစ်သူ မောင်ဆန်းဝင်းက ဖုန်းနဲ့ အကြောင်းကြားပါတယ်။ သားကြီးဖြစ်သူ မောင်ကျော်တင်က

http://www.dhammadownload.com

ပြန်ပါမယ်။ သားငယ်ဖြစ်သူ မောင်ကျော်ဝင်းက မပြန်ဘူးလို့ ဆုံးဖြတ်နေပါတယ်။ သူတို့ညီအစ်ကို နှစ်ယောက်လုံးက သာမဏေကျော် မဟာဂန္ဓာရုံကျောင်းက ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ လုပ်အားပေးကုသိုလ် ယူနေကြဆဲဖြစ်ပါတယ်။ ကိုကျော်တင်က သာမဏေကျော်ထံ လာရောက်ကန်တော့ခိုက် သာမဏေကျော်ရဲ့သဘောထားကို မောင်လှဝင်း နေတဲ့ ကျောင်းတဲလေးအနီးမှာ ပြောပြလိုက်ပါတယ်။

"သာမဏေကျော်ရဲ့အမေကြီး ဒေါ်ရင် သေတုန်းက သာမဏေကျော် မပြန်ခဲ့ပါ။ သေခါနီးမှာ သူ့မြေး သာမဏေကျော်ကို အမေကြီးက တွေ့ချင်ရှာပါသတဲ့။ သာမဏေကျော်က သံယောဇဉ်ဖြတ်ပြီး မသွားဘဲ နေလို့ လူမှုရေးခေါင်းပါးတယ်လို့ အပြစ်တင်သူက တင်ပါတယ်။ သာမဏေကျော် မတုန်လှုပ်ခဲ့ပါ။ အနည်းငယ်တော့ နောင်တဖြစ်ကာ စိတ်မကောင်း ဖြစ်မိခဲ့ပါတယ်။ မောင်လှဝင်းရဲ့အစ်မဖြစ်သူ မသန်းစိန် သေသွားတဲ့အခါ မောင်လှဝင်းက ပြန်မသွားခဲ့ပါ။ မောင်လှဝင်းရဲ့ ညီမဖြစ်သူ မသန်းလှိုင်က မောင်လှဝင်းထံ စာလေးတစ်စောင် ရေးပို့ပါတယ်။ မသန်းစိန်က သေခါနီးအထိ "မောင်ဝင်း မလာဘူးလား" လို့ မေးသွားပါသတဲ့။ မသန်းလှိုင်ရဲ့ အဲဒီစာလေးကို ဖတ်ရတော့ သာမဏေကျော်ရဲ့စိတ်ဟာ ထူးထူးခြားခြား တုန်လှုပ်သွားပါတယ်။ သေခါနီးသူတစ်ယောက်က ကိုယ့်ကို တမ်းတနေခဲ့ရင် အဲဒီလူရဲ့ဆန္ဒကို ငါဟာ ဖြည့်ပေးနိုင်အောင် ကြိုးစားပါတော့မယ်လို့ ဆုံးဖြတ်သွားမိပါတယ်။ နောင်တဆိုတာ နောင်မှ ရတတ်ပါတယ်။ ကြီးဒေါ်ဖော့ အသက်မီသေးရင် "တရားရှုမှတ်ဖူးတာပဲ။ တရားတတ်နိုင်သမျှ ရှုမှတ်ပေးပါ" လို့ ပြောပေးပါ။

ကိုကျော်ဝင်းဟာ သာမဏေကျော် အထက်ပါစကားတွေကို ကိုကျော်တင်အား ပြောပြနေတုန်း ပြုံးရွှင်နေတဲ့ မျက်နှာနဲ့ မောင်လှဝင်း တဲကျောင်းထဲက အပြင်ဘက် သာမဏေကျော်ရှိရာကို ထွက်လာပါတယ်။ လူမှုရေးခေါင်းပါးတယ်လို့ အပြစ်တင်ခဲ့သူဟာ သာမဏေကျော်ရဲ့အခု အနေအထားကို သိသွားရင် သာမဏေကျော်ဟာ လူမှုရေးနားလည်လာပြီလို့များ ပြောနေလေရော့မလား။

http://www.dhammadownload.com

သတိမရမိပါ

၃၀-၃-၂၀၀၆ နေ့ ညရောက်မှ လှည်းကူးမှ ဖိုးဇော်တို့ လာအိပ်ဖြစ်ပါတယ်။ ၃၁-၃-၂၀၀၆ နေ့ တစ်နေ့လုံး ရိုက်ပါမယ်။ မောင်လှဝင်းက ရိုက်ကွင်းတွေကို အဆင်သင့် ပြင်ဆင်ကာ စောင့်နေပါတယ်။ အချိန်တို့ အတောအတွင်း ပြီးသွားအောင် ရိုက်ကွင်းတွေနဲ့ ရိုက်ကွင်းမှာ ပါဝင်မယ့်သူတွေကို အဆင်သင့် ပြင်ထားဖို့ ပြောထားရပါတယ်။ ဘယ်ရိုက်ကွင်းမှာ ဘယ်သူတွေကို ဘယ်အချိန်မှာ ရိုက်မယ်လို့ ရိုက်မယ့်အချိန်အသီးသီးကိုပါ ပြောပြထားဖို့ သတိပေးရပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်း မရှိရာနေ့တွေမှာ လှုပ်ရှားမှုတွေနဲ့ သင်တန်းမှာ လှုပ်ရှားမှုတွေကို ခွဲခြားရိုက်မယ်လို့ မောင်လှဝင်းက ပြောပါတယ်။ ရိုက်ပြီးရင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေထံ အဲဒီတိတ်ခွေကို ပို့ပေးကြပါမယ်။ မောင်လှဝင်းရဲ့ အသံသွင်းခွေကိုလည်း ပို့ပေးကြပါမယ်။ ဒီနေ့မှာ မိုးအုံနေပါတယ်။ မိုး အနည်းငယ်လေး ရွာပါတယ်။ ၂၉-၃-၂၀၀၆ နေ့က ရန်ကုန်မြို့ထဲမှာတော့ အတော်များများ ရွာပါသတဲ့။ မိုးရွာရင် မိုးရေစိုစွတ်မှာ ကြောက်လို့ ပန်းရန်သမားတစ်ဦးက ဘိလပ်မြေတွေကို မိုးကာကြီးနဲ့ ဖုံးအုပ်နေပါတယ်။

ဥူးဥာနဝရအား သာမဏေကျော် မဟာဂန္ဓာရုံမှာ နေပြီး အပြင်မှာ စာသင်ကျောင်းတက်မယ့်သူ, စီးပွားရေးသွားလုပ်မယ့်သူ, ဈေးသွားရောင်းမယ့် သူတွေကို လက်မခံကြောင်းကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို အသိပေးထားဖို့ ပြောရပါတယ်။ ကျောင်းမှာ နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ (အထူးသဖြင့် ကိုရင်, ဥူးဇင်းတွေနဲ့) အရှုပ်အထွေးဖြစ်မှာ စိုးရိမ်ပါတယ်။ ထောက်ပံ့ လှူဒါန်းနေတဲ့ ဒကာ, ဒကာမတွေမှာလည်း သဒ္ဓါပျက်သွားမှာ စိုးရိမ်ရပါ တယ်။ ဒါကြောင့် အဲဒီလိုပုဂ္ဂိုလ်တွေကို လက်မခံလိုပါ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သာမဏေကျော် လာမနေသေးခင်ကတည်းက ဥူးဩဘာသထံ စာရေးပေးခဲ့တာကို သတိရလာပါတယ်။ အခြားအခြား ရေးပေးခဲ့တဲ့စာတွေကိုလည်း သတိရလာပါတယ်။ အဲဒီစာလေးတွေကတော့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ ယခုလို ပုံပေါ်လာအောင် ပုံဖော်ပေးခဲ့တဲ့ စာလေးတွေ ဖြစ်ပါတယ်။ ဥူးဩဘာသနဲ့ မောင်လှဝင်းတို့ထံ အဲဒီစာလေးတွေကို တောင်းယူပြီး ပြန်

http://www.dhammadownload.com

ဖတ်ကြည့်ရပါတယ်။ ကျောင်းသစ်ရဲ့အရှေ့ဦးကာလကို အဲဒီစာလေးတွေက ပိုမို ပီပြင်အောင် ဖော်ပြထားကြပါတယ်။ အဲဒီ စာလေးတွေကို အရင်နေ့တွေက သတိမရမိပါ။ သတိမရတော့ ဒီစာအုပ်မှာ ဖော်ပြဖို့လည်း စိတ်ကူးမပေါ်မိပါ။ အဲဒီစာလေးတွေ ပါလာမှပဲ 'ကျောင်းသစ်ရဲ့အရှေ့ဦး' စာအုပ်ဟာ ပိုမို ပီပြင်လာပါတယ်။ ဖုန်း ရလာတဲ့အခါ ဖုန်းနဲ့ ပြောထားတဲ့ သာမဏေကျော်ရဲ့ ပြောကြားချက်တွေကို မောင်လှဝင်းနဲ့ ဥူးသြဘာသတို့က စာအုပ်မှာ ရေးမှတ်ထားကြပါတယ်။ အဲဒီစာလေးတွေကလည်း အရှေ့ဦးစာအုပ်ကို အားဖြည့်ထားကြပြန်ပါတယ်။

ခါးက မသန်

၃၀-၃-၂၀၀၆ နေ့ညက လှည်းကူးမှ ဖိုးဇော်ကြီးဟာ သူ့တပည့် လေးယောက်နဲ့အတူ ရောက်လာပါတယ်။ ညစာစားပြီး ဖိုးဇော်နဲ့ တပည့် နှစ်ယောက် ပြန်သွားကြပါတယ်။ တပည့်နှစ်ယောက်ကို ထားခဲ့ပါတယ်။ မောင်လှဝင်းနဲ့တွဲပြီး မောင်လှဝင်း ရိုက်လိုတဲ့ အကွက်တွေကို ၃၁-၃-၂၀၀၆ မှာ တစ်နေ့လုံး ရိုက်ကြပါတယ်။ ခွေ နှစ်ခွေစာ ဖြစ်ပါမယ်လို့ ပြောပါတယ်။ တစ်ခွေတည်း ပါလာလို့ မလောက်တဲ့အတွက် မောင်အောင်ဆန်းက လှည်းကူးမြို့မှ သစ်ဆန်းဗီဒီယိုထံ ခွေသွားယူရပါတယ်။ နောက်ထပ်တစ်ခွေ ရောက်လာလို့ နေ့ဆွမ်းစားအပြီးမှာ ရိုက်လိုတဲ့ အကွက်တွေကို ဆက်လက်ရိုက်ပါတယ်။ ပရိယတ်ဘက်အပိုင်းမှာရော ပဋိပတ်ဘက်အပိုင်းမှာပါ စိတ်တိုင်းကျ ရိုက်ကြပါတယ်။ မောင်လှဝင်းက နောက်ခံစကား ပြောပါတယ်။ ရိုက်ကွင်းရဲ့ အခြေအနေတွေကို ပြောပြတာ ဖြစ်ပါတယ်။ ၁-၄-၂၀၀၆ နေ့မှာ လှော်ကားဘက်ကို ကိုရင်, သီလရှင်တွေ ဆွမ်းဆန်စိမ်း အလှူခံကြွကြပါမယ်။ ဖိုးဇော် (မြောက်ဥက္ကလာ) အဖွဲ့က အဲဒီနေ့မှာလည်း ကားအကူအညီ ပေးကြပါမယ်။ ပါရမီကားတစ်စီးကိုလည်း ငှားကြပါမယ်။ နေ့လယ် နှစ်နာရီလောက်မှ ထွက်ကြပါမယ်။ ၃၁-၃-၂၀၀၆ နေ့မှာ နောက်ဆုံးပတ် (တတိယပတ်) စာမေးပွဲ ဖြေဆိုကြပါတယ်။ ကျောင်းဒကာ ဦးခင်ဇော်ရဲ့ ကုသိုလ်နဲ့ ကိုရင်ဝတ်ကြတဲ့ ကိုရင် ၁၅ ပါးကို ဗီဒီယိုရိုက်ပေးဖို့ ပြောထားရပါသေးတယ်။ ဓာတ်ပုံလည်း ရိုက်ထားရပါမယ်။

http://www.dhammadownload.com

စပါးတွင်းရွာမှ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းအတွက် လုပ်အားပေးဖို့ လာရောက်ကြသူတွေရဲ့ အသွား, အပြန်စရိတ်က နှစ်သိန်းလောက် ကုန်ပါတယ်။ ဘုရားဖူးစရိတ်ပါ ထည့်တွက်ရင် သုံးသိန်းလောက် ကုန်ပါမယ်။ နှစ်စဉ် ဒီလိုတာဝန်ယူနိုင်, မယူနိုင်ကိုတော့ ချင့်ချိန်ကြည့်ရပါဦးမယ်။ တာဝန်မယူနိုင်တော့ရင် အစီအစဉ်တစ်မျိုးကို စဉ်းစားရပါမယ်။ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းတစ်ခုဖြစ်မြောက်လာဖို့ရာ ကုန်ရတဲ့ငွေအတိုင်းအတာ က မသေးပါ။ ငွေကုန်, လူပန်းရသလောက် အကျိုးသက်ရောက်မှုကတော့ များလှပါတယ်။ ဒါကြောင့် ဒီသင်တန်းကိုတော့ အပျက်မခံချင်ပါ။ ဒါပေမဲ့ မတတ်နိုင်ခဲ့ရင်တော့ လက်လျှော့ရပါမယ်။ အားမတန်တော့ မာန်လျှော့ရပေမပေါ့။ 'ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီး ဖြိုမယ်ကြဲ့ ခါးက မသန်' ဆိုတာလို ဖြစ်လာခဲ့ရင်တော့ မာန်လျှော့လိုက်ရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်ပါ။ ကိုယ်ပြောတာကို နားထောင်လိုက်နာတဲ့ ပရိသတ်နဲ့ အလုပ်လုပ်ရတာ ပြဿနာအဖြစ်နည်းပါတယ်။ နားမထောင်မလိုက်နာတဲ့ ပရိသတ်နဲ့ဆိုရင်တော့ ပြဿနာ ရှုပ်ထွေးလာမှာ စိုးရိမ်ရပါတယ်။

ခေါင်းဆောင်

၁-၄-၂၀၀၆ နေ့ နံနက်အရုဏ်ဆွမ်း မဘဉ်းပေးကြသေးခင် ဆွမ်းဝိုင်းပြင်ရာနေရာကို ရောက်ပါတယ်။ ကုဋီတက်ချင်လာပြန်လို့ ကုဋီတက်ပါတယ်။ ဆပ်ပြာခွက်ထဲက ဆပ်ပြာတွေက ရေစိုကာ အိပျော်နေပါတယ်။ အိပျော်ပျော့ ပွစိစိ ဖြစ်နေပါတယ်။ ဆပ်ပြာခွက်မှာ ရေမကျန်အောင် မသုံးတတ်, မသန့်ရှင်းတတ်လို့ ဒီလို ဖြစ်နေပါတယ်။ ကုဋီထဲက ကြက်ပေါင်ဖိနပ်မှာ မြေကြီးတွေ ညစ်ပေလို့ အရောင်မည်းနေပါတယ်။ လက်သုတ်ပဝါချိတ်ရာ ချိတ်ကလေးက ကျိုးသွားလို့ လက်သုတ်ပဝါကို မတွေ့ရတော့ပါ။ စည်းကမ်းတကျ, စနစ်ရှိရှိ မသုံးတတ်ကြလို့ ဒီလို ဖြစ်ရတယ်။ သုံးစွဲနေကြတဲ့ သိနားလည်သူတွေကလည်း ပြောကြဖို့ ကောင်းတယ်လို့ တွေးမိပါတယ်။ ဆွမ်းဝိုင်းတွေနားမှာ ဥုးဇုိလကို တွေ့ရလို့ အဲဒီအကြောင်းကို ပြောပြကာ စည်းကမ်းရှိရှိ, သန့်သန့်ရှင်းရှင်း အသုံးမပြုတတ်ကြတာ ခက်တယ်လို့ ပြောလိုက်ပါတယ်။

http://www.dhammadownload.com

ဥုးဇင်္ဂီလက ချက်ချင်း ကုဋီဆီ သွားပြီး ကြည့်ပါတယ်။ အရုဏ်ဆွမ်းစားအပြီး အောင်ဆန်းတို့နေရာအဆောင်ဘက်ကို လှည့်လိုက်ရာ အောင်ဆန်းရောအခြားနှစ်ယောက်ပါ အိပ်ရာမှ မထသေးတာကို တွေ့ရပါတယ်။ "အောင်ဆန်း၊ နေမကောင်းဘူးလား၊ နေကောင်းရင် ဒီလိုအိပ်ရာထ နောက်မကျပါစေနဲ့။ အခြားပုဂ္ဂိုလ်တွေ ပမာမခန့် ဖြစ်လာမယ်။ သူတစ်ပါးအပေါ် ဆရာကြီးလုပ်ကာ လျှောက်ပြောနေပြီး ကိုယ် ပြောတဲ့အတိုင်း ကိုယ်က မလုပ်ရင် ကိုယ့်ကို ဘယ်လေးစားလိမ့်မတုံး" လို့ ပြောလိုက်ရပါတယ်။

အိပ်ရာပေါ်မှာ ခဏလဲရင်း ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးရဲ့စကားကို သတိရလာမိပါတယ်။

"ကိစ္စတစ်ခု ပြီးစီးသွားရင် အောင်မြင်တာကို ကျေနပ်အားရနေမယ့် အစား အဲဒီကိစ္စမှာ လိုတာကို စွက်, လွဲတာကို တည့်, ဟာတာကို ဖြည့်ပေးရတယ်။ အဲဒီလိုလုပ်မှ ပိုမိုအောင်မြင်လာနိုင်တယ်" တဲ့။

ဟုတ်ပေတာပဲလို့ ပိုမိုသဘောပေါက်လာမိပါတယ်။ ဒီယဉ်ကျေးမှုပွဲကတော့ ပြီးမြောက်အောင်မြင်သွားပါပြီ။ လိုတာ, လွဲတာ, ဟာတာတွေရှိတာ သေချာပါတယ်။ အဲဒီ လိုတာ, လွဲတာ, ဟာတာတွေကို မြင်အောင်ကြည့်ပြီး စွက်ဖို့, တည့်ဖို့, ဖြည့်ဖို့ လိုအပ်လှပါတယ်။ အဲဒီလိုမှ မလုပ်ရင်တော့ အောင်မြင်မှုနည်းပါး နည်းပါးသွားမှာ သေချာပါတယ်။ ခေါင်းဆောင်လုပ်ရခါမှ ခေါင်းဆောင်တွေရဲ့ စကားတွေကို ပိုမိုသဘောပေါက်လာတာဟာ လောကသဘာဝတစ်ခုပါပဲလေ။

အင်အား

၂-၄-၂၀၀၆ နေ့က ဆုနှင်းသဘင်နေ့ ဖြစ်ပါတယ်။ တန်ခူးလဆန်း (၅) ရက် ရောက်နေပေမယ့် နှင်းတွေကတော့ ကျနေဆဲပါပဲလား။ ဆုနှင်းသဘင်ပွဲ ပြီးရင် ကိုရင်, သီလရှင်တွေက အိမ်ပြန်ကြပါမယ်။ စပါးတွင်းရွာမှ လုပ်အားပေးသူတွေကလည်း ရထားလက်မှတ်ရရင် အမြန်ပြန်ကြပါမယ်။ မပြန်ကြခင် ရန်ကုန်မြို့ပေါ်က ဘုရားတွေကို လိုက်ဖူးကြပါဦးမယ်။ ဒေါ်မြင့်မြင့်စန်း အကူအညီနဲ့ ရထားလက်မှတ်ကို မနှစ်ကလည်း စီစဉ်ခဲ့ရပါတယ်။ ဒီနှစ်

http://www.dhammadownload.com

လည်း ဒေါ်မြင့်မြင့်စန်း အကူအညီနဲ့ပဲ ဆောင်ရွက်ရပါမယ်။ ဒကာမကြီး ဒေါ်မြင့်မြင့်စန်းထံ အကူအညီတောင်းတဲ့ စာတစ်စောင် ရေးပေးလိုက်ပါတယ်။ စပါးတွင်းရွာမှာ တစ်ရွာလုံးနဲ့ သက်ဆိုင်တဲ့ ဘုရားပွဲကြီးကလည်း တန်ခူးလပြည့်နေ့မှာ ရှိတာမို့ အဲဒီဘုရားပွဲအမီ ဥဉာဏဝရရော ပရိသတ် အချို့ပါ ပြန်ကြပါမယ်။ သင်္ကြန်ကာလအတွင်း ချက်ပြုတ်ရေးစတဲ့ ကိစ္စတွေအတွက် လိုအပ်သလောက်သာ ကျန်ရစ်ကြပါမယ်။ ၁-၄-၂၀၀၆ နေ့ ညမှာ ကိုထိန်ဝင်းလည်း ညလာအိပ်ပါတယ်။ ကိုငြိမ်းချမ်း၊ မမာလာဦး၊ ဒေါ်ကြည်အောင်မိသားစု၊ မတင်တင်တို့လည်း ၂-၄-၂၀၀၆ နေ့ အရုဏ်ဆွမ်းမှာ မုန့်ဟင်းခါး ကပ်ကြမှာမို့ ၁-၄-၂၀၀၆ နေ့ ညအိပ်လာကြပါတယ်။

ဆုနှင်းသဘင်အခမ်းအနား ပြင်ဆင်ရေးစတဲ့ ကိစ္စတွေမှာ လိုအပ်တာ မရှိရအောင် ကြောင့်ကြစိုက်ပေးရပါတယ်။ ၁-၄-၂၀၀၆ နေ့ နေ့လယ်နှစ်နာရီကျော်လောက်မှာ လှော်ကားရွာတွေဘက်ကို ဆွမ်းဆန်စိမ်းအလှူခံကြွခဲ့ကြပါတယ်။ ဆွမ်းဆန် (၁၀) တင်းလောက် ရပါတယ်။ နဝကမ္မဝတ္ထုငွေက (၈၀၀၀၀/-) ရပါတယ်။ ကျောင်းကုန်းရွာဘက်က ဝေယျာဝစ္စလုပ်အားပေးအဖွဲ့လည်း ယောဂီဝတ်စုံနဲ့ ပါလာကြပါတယ်။ ကားဆရာ ဖိုးဇော်တို့အဖွဲ့နဲ့ ကျောင်းကုန်းအဖွဲ့ကို ညနေစာ ကျွေးလိုက်ကြပါတယ်။ ၁-၄-၂၀၀၆ နေ့ ညက ကိုရင်, သီလရှင်လေးတွေကို သူတို့ရေးခဲ့တဲ့ ကဗျာလေးတွေကို ကိုရင်, သီလရှင် ပရိသတ်ရှေ့မှာ ရွတ်ဖတ်ပြကြရပါတယ်။ ဆုနှင်းသဘင်နေ့ ပြီးသွားရင် ခေါင်းအုံး, စောင်, ခြင်ထောင်, ပန်းကန်ခွက်ယောက်စတဲ့ ပစ္စည်းတွေကို စာရင်းနဲ့ စစ်ဆေးပြီး ပြန်လည်သိမ်းဆည်းကြရပါမယ်။ နောက်နှစ်ယဉ်ကျေးမှုသင်တန်းမှာ ကျောင်းရှိ ကိုရင်တွေကို အသုံးပြုရတဲ့ ကိစ္စတွေမှာ အသုံးပြုသွားဖို့ စိတ်ကူးမိပါတယ်။ ကိုယ့်မှာ ရှိထားတဲ့ အင်အားကို အသုံးချနိုင်ရင် အပြင်မှ အင်အားတွေကို သိပ်မှီခိုဖို့ မလိုအပ်တော့ပါ။ အပြင်မှ အင်အားရဖို့ ငွေအင်အားကို ရင်းနှီးရပါတယ်။ ကိုယ့်မှာ အင်အားရှိထားရင် ငွေအင်အား အကုန်အကျ သက်သာသွားပါမယ်။ အမရပူရ မဟာဂန္ဓာရုံမှာ သံဃာအင်အားနဲ့ပဲ ကိစ္စများစွာကို ဆောင်ရွက်လေ့ရှိကြပါတယ်။

http://www.dhammadownload.com

တဝေဝေနဲ့

၂-၄-၂၀၀၆ နေ့လယ် တစ်နာရီမှာ အခမ်းအနား စခဲ့ပါတယ်။ အခမ်းအနားမှူး ဥုံဥာနဝဏရဲ့ လျှောက်ထားလွှာရော သာမဏေကျော်ရဲ့ ကံကောင်းကြပါစေဆိုတဲ့ ဆုပေးတရားစကားလေးပါ နှစ်နာရီ မတီးခင် ပြီးသွားပါတယ်။ ဥုံဥာနဝဏက မိနစ် ၃၀ လောက် ကြာအောင် ပြောသွားပါတယ်။ သာမဏေကျော် ပြောချိန်ကတော့ ၁၅ မိနစ်မျှပါပဲ။ သာမဏေကျော်က မွန်, ကောင်း, တော် ကိုရင်, သီလရှင် ၁၂ ပါးကို ဆုပေးခဲ့ရပါသေးတယ်။ ပြန်လာတော့ နှစ်နာရီ မတီးသေးပါ။ ကျန်တဲ့ စာအောင် ကိုရင်, သီလရှင်တွေကို ဥုံဇဝန, ဥုံသြဘာသ, ဥုံဇဋိလတို့က ဆုဆက်ပေးကြပါမယ်။ သုံးနာရီ မတီးခင် ပြီးမှာ သေချာပါတယ်။ စောစောပြီးလေ ကောင်းလေပါပဲ။ ကျောက်တန်းရွာ ပြန်မယ့် ပုဂ္ဂိုလ်တွေဟာ စောစောမပြီးရင် အပြန်ရခက်ပါမယ်။ အခမ်းအနားဆိုတာ အချိန်ကြာညောင်းရင် ငြီးငွေ့ဖွယ် ကောင်းသွားပါတယ်။ အချိန်တိုအတောအတွင်း ပြီးစီးအောင် ဆောင်ရွက်တာဟာ အချိန်ကြာလွန်းပြီး ငြီးငွေ့ကာ နားမဝင်တာထက် ပိုမိုအကျိုးသက်ရောက်ပါတယ်။ ပြောတဲ့ပုဂ္ဂိုလ်တွေက ကိုယ်ပြောချင်တိုင်း မပြောဘဲ ပရိသတ် နာယူမှတ်သားနိုင်သလောက်သာ ပြောတာပဲ သင့်တော်ကောင်းမြတ်ပါတယ်။

ဗီဒီယို ဖိုးဇော်က ခဏပဲ လာရောက်ရိုက်သွားပါတယ်။ သာမဏေကျော်ဆင်းလာတော့ ပြန်မယ်လို့ လျှောက်ကာ ပြန်သွားပါတယ်။ အရေးကြီးလို့ပါတဲ့။ အဌားကားနဲ့ လာရောက်ပါတယ်။ သူ့ကိုယ်ပိုင်ကားလေးနဲ့ လာတာဟုတ်ပုံမပေါ်ပါ။ မောင်လှဝင်း ရိုက်ချင်တဲ့ အကွက် စုံလင်အောင် ရိုက်သွားနိုင်ပုံမပေါ်ပါ။ ဆုနှင်းသဘင်မှာ ကျောက်တန်းမှ မကေသွယ် (ကျောင်းဆရာမ) တို့လည်း လာရောက်ကြပါတယ်။ မော်နီတာ မပုညဝတီ (မဖြူ) က ဆုနှင်းသဘင်မတိုင်မီ နေ့ဆွမ်းဒကာမ မမို့မို့တို့နဲ့အတူ လိုက်ပါသွားပါတယ်။ ပြန်ခါနီးမှာ မမို့မို့တို့ လာရောက်ကန်တော့တဲ့အခါ မမို့မို့က "အရှင်ဘုရားက ဘုန်းကြီးတယ်" လို့ အလျင်အမြန် ပေါ်ပေါက်လာတဲ့ အဆောက်အအုံတွေကို ကြည့်ကာ ပြောသွားပါသေးတယ်၊ "ဒကာ, ဒကာမတွေရဲ့ သဒ္ဓါတွေက ကောင်းလွန်းလို့ပါ" လို့ ပြန်ပြောလိုက်ပါတယ်။ စွန့်ညီနောင် - စွန်မင်း

http://www.dhammadownload.com

ကျောင်းဒကာ ဦးခင်ဇော်ရဲ့သဒ္ဓါတရားကို သူတို့လည်း အံ့သြအားရသွားကြပါတယ်။ ဒီနေ့ ဆုနှင်းသဘင်မှာ ဦးခင်ဇော် လာတာကိုတော့ တွေ့လိုက်ရပါတယ်။ စကားတော့ မပြောလိုက်ရပါ။ အခမ်းအနားအပြီးမှာ ကိုရင်, သီလရှင်တွေရဲ့ စုပေါင်းမေတ္တာပို့နေကြသံကို နှစ်နာရီ မိနစ် ၂၅ မှာ သာမဏေကျော်နေရာအဆောင်လေးမှ ကြားရပါတယ်။ မေတ္တာပို့သံ, အမျှဝေသံတွေ တဝေဝေနဲ့ ဆုနှင်းသဘင်ဟာ ပြီးမြောက်သွားပါတယ်။

သင်တန်းပြီး နောက်နေ့မှာ

၃-၄-၂၀၀၆ နေ့မှာ မောင်လှဝင်းဟာ ရထားလက်မှတ်အတွက် ဒေါ်သန်းမေထံ သွားပါတယ်။ ဒေါ်သန်းမေက ဒေါ်မြင့်မြင့်စိမ်းထံ ခေါ်သွားပါတယ်။ မနှစ်ကလည်း ဒေါ်သန်းမေက ဒီလိုပဲ အကျိုးဆောင်ပေးခဲ့ပါတယ်။ မောင်လှဝင်း နောက်နောင်နှစ်တွေမှာ ကိုယ်တိုင် ဆက်သွယ်နိုင်အောင် ဒေါ်သန်းမေက မောင်လှဝင်းကို ခေါ်သွားပါတယ်။ ဒီနေ့ နံနက် အရုဏ်ဆွမ်းစားအပြီးမှာ သာမဏေကျော်နေမယ့် ကျောင်းဆောင်အသစ်ပေါ် ခုတင်ကို တင်ပါတယ်။ စာအုပ်တွေကို ကြမ်းပြင်က ဖျာအခင်းပေါ် တင်ထားပါတယ်။ ခုတင်အပေါ် အိပ်ရာကိုလည်း ပြင်ဆင်ထားပါတယ်။ ဥုဉာနဝရက မဝင်းမာကြည်, မကေသွယ်တို့ အကူအညီနဲ့ ပြင်ပါတယ်။ မောင်လှဝင်းက ကြွေပြားတွေကို လူငယ်တစ်သိုက်နဲ့ ရွှေ့ထားပါတယ်။ အိမ်သာမှာ ရေမလာသေးလို့ ရွှေ့ပြောင်းတော့ မနေသေးပါ။ မီးလာအောင် ဥုဇဝနနဲ့ မောင်ထွန်းနိုင်တို့က ဆောင်ရွက်ကြပါတယ်။ ဖုန်းကိုလည်း သူတို့ပဲ ပြောင်းရွှေ့ကာ တပ်ဆင်ပေးကြပါတယ်။ ဖျာ, သပိတ်စတဲ့ ပစ္စည်းတွေကို တင်ထားဖို့ရာ ချက်ဖိုဆောင်နဲ့ မီးစက်ဆောင်မှာ ထပ်ခိုးပြုလုပ်ဖို့ ဥုဉာနဝရနဲ့ ဥုဇဝနတို့က အကြံပေးကြပါတယ်။ ချက်ဖိုဆောင်မှာ ဒီနေ့ပဲ ထပ်ခိုး ပြုလုပ်လိုက်ပါတယ်။

သိမ်းဆည်းစရာ ပစ္စည်းတွေကို ခွဲဝေကာ တာဝန်ယူပြီး သိမ်းဆည်းကြဖို့ ဥုဉာသြဘာသ, ဥုဇဇိုလ, မောင်အောင်ဆန်းတို့အား တာဝန်ပေးရပါတယ်။ မောင်လှဝင်းကို ရထားလက်မှတ်, ဘုရားဖူးသွားဖို့ကား စီစဉ်ခိုင်းရပါတယ်။ ယဉ်ကျေးမှုသင်တန်းအတွက် ဝင်ငွေ, ထွက်ငွေစာရင်း ပြုလုပ်ပေးဖို့လည်း ပြောရပါတယ်။ သင်တန်းတွင်းမှာ သုံးစွဲခဲ့တဲ့ ဖွပ်လျှော်စရာ ပစ္စည်း

http://www.dhammadownload.com

တွေကို ဖွပ်လျှော်ကြပါတယ်။ တံခါးဖွင့်ပြီး ဘောက်ချိတ်မချိတ်ဘဲ မေ့နေတတ်ကြလို့ မမေ့အောင် သတိပေးရပါတယ်။ ဘောက်ချိတ်မချိတ်ဘဲ မှန်တပ်ထားတဲ့ ပြတင်းပေါက်တွေဟာ လေပြင်းပြင်း တိုက်ခတ်ခံလိုက်ရရင် မှန်ကွဲသွားတတ်ကြပါတယ်။ မှန်ကွဲသွားရင် အလှူရှင် သဒ္ဓါပျက်ဖွယ် ဖြစ်သွားနိုင်ပါတယ်။ ရိုရိုသေသေ သုံးစွဲတတ်ကြဖို့ လိုအပ်လှပါတယ်။ ကျောင်းဆောင်တွေကို ရေစက်ချပြီး မလှူရသေးပါ။ ရေစက် မချသေးခင် နံရံတွေမှာ ညစ်ပေမသွားအောင် သတိပေးရပါတယ်။ နှူတ်နဲ့ သတိပေးရင် အားနာရတဲ့အခါရှိပါတယ်။ ဒါကြောင့် ဥူးဇင်းတွေက "သတိ = နံရံကို မကိုင်ရ၊ မမှီရ" လို့ စာတန်းရေးကာ နံရံမှာ ကပ်ထားကြပါတော့တယ်။ အပြောရ သက်သာသွားပါတယ်။ မကေသွယ်နဲ့ စကားပြောရင်း မကေသွယ်က ဒီလို ပြောသွားတာကို အံ့အားသင့်စွာ ကြားနာလိုက်ရပါတယ်။

"မညိုမိ, မတင်တင်တို့က သာမဏေကျော်အား ကားဝယ်လှူရအောင် ထီတွေကို အမြဲထိုးကြပါသတဲ့။"

တိုက်ဆိုင်နေတယ်

၄-၄-၂၀၀၆ နေ့ အရုဏ်ဆွမ်းဝိုင်းမှာ ဥူးဉာနဝရ၊ ဥူးဇဝန, ဥူးဩဘာသ, ဥူးဇိုလတို့နဲ့အတူ နောင်နှစ်ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအတွက် ကြိုတင်တိုင်ပင်ကြည့်ပါတယ်။ "ဆွမ်းဝိုင်း ပြင်, ဆွမ်း - ဆွမ်းဟင်း လိုက်, ပန်းကန်သိမ်း စတဲ့ ကိစ္စတွေကို ကိုရင်ကြီးတွေအား တာဝန်ပေးမယ်။ ဆွမ်းခံသွားရာမှာ ဆွမ်းဟင်းချိုင့်ဆွဲ, ဆွမ်းဟင်းချိုင့်ထဲ ထည့် စတဲ့ ကိစ္စတွေကို ဖိုးသူတော်တွေအား တာဝန်ပေးမယ်။ ကြေးစည်တီး ဖိုးသူတော်တွေအပြင် သံဃာတန်း သုံးတန်းအတွက် တစ်တန်းစီမှာ ဖိုးသူတော်နှစ်ပါးစီ ထပ်ထည့်မယ်။ ဆွမ်း, ဆွမ်းဟင်း ချက်ဖို့ ဘထွေးသိန်းမောင် စတဲ့ အမျိုးသားသုံးယောက်နဲ့ အမျိုးသမီးနှစ်ယောက်ကိုပဲ စပါးတွင်းရွာမှ ခေါ်မယ်။ သီလရှင်မော်နီတာကို စပါးတွင်းရွာမှ မခေါ်တော့။ ယဉ်ကျေးမှု သင်တန်းတက်ရောက်မယ့် ကိုရင်လောင်း, သီလရှင်လောင်းတွေကိုလည်း မခေါ်တော့။ စပါးတွင်းရွာနဲ့ အနီးရွာတွေမှ သာမဏေကျော် မဟာဂန္ဓာရုံသို့ ပို့လိုက်တဲ့ စာသင်ကိုရင်လေးအတွက် သက်နှံ, သပိတ် စသည်ကို မိမိတို့ဘာသာပဲ တာဝန်ယူကြပါတော့။

http://www.dhammadownload.com

သာမဏေကျော် မဟာဂန္ဓာရုံက တော့ဝန်မယူနိုင်တော့။ သင်တန်းကာလကို နောက်တစ်ပတ် ဆုတ်လိုက်မယ်။ သက္ကြန်နဲ့ ဆက်သွားမယ်။ သုံးပတ်ပဲ သင်တန်းကာလ သတ်မှတ်မယ်။ နှစ်တန်းပဲ သင်ပေးမယ်။ ၁၅ နှစ်ထိပဲ လက်ခံမယ်။ ၁၂၅ ပါးထိပဲ အများဆုံး လက်ခံမယ်" လို့ သာမဏေကျော်က ကြိုတင်စိတ်ကူးမိတာကို ပြောပြပါတယ်။

ဥူးဥာနဝရ, ဥူးဇဝနတို့ကလည်း ကိုယ့်ကျောင်းရှိ ကိုရင်, ဖိုးသူတော်တွေကိုပဲ ဝေယျာဝစ္စကိစ္စတွေအတွက် ဆောင်ရွက်ခိုင်းမယ်လို့ ၃-၄-၂၀၀၆ ညက တိုင်ပင်ဆွေးနွေးနေကြပါသတဲ့။ သာမဏေကျော်လည်း အတော်နဲ့အိပ်မပျော်လို့ နောင်နှစ်သင်တန်းအတွက် အထက်ပါ အစီအစဉ်တွေကို တွေးနေမိခဲ့ပါတယ်။ သူတို့တိုင်ပင်ချက်နဲ့ သာမဏေကျော်ရဲ့ အတွေးဟာ တိုက်ဆိုင်နေကြပါတယ်။ လူဝေယျာဝစ္စ လုပ်အားပေးသူတွေကို မှီခိုနေရရင် ကိုယ့်ကိုရင်, ဖိုးသူတော်တွေကို ခိုင်းရသလောက် အဆင်မပြေပါ။ ကိုရင်ကြီးတွေကို မီးစက်နဲ့ ပတ်သက်ပြီး ဥူးဇဝနက သင်ပြပေးထားဖို့ ပြောရပါတယ်။ နောက်နှစ်သင်တန်းမှာ မီးစက်အတွက် ဥူးဇဝနက တာဝန်ယူပါတယ်၊ ဥူးဇဝနက လျှပ်စစ်မီးဘက်ပိုင်းဆိုင်ရာမှာ ကျွမ်းကျင်ပါတယ်။ သင်တန်းအတွက် ကုန်ကျရတဲ့ ငွေကြေးတွေက များလှပါတယ်။ ရေရှည်မှာ သာမဏေကျော်မတတ်နိုင်သေးပါ။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအတွက် ရန်ပုံငွေ ရှိထားရင် သင်တန်းနဲ့ ပတ်သက်ပြီး ပူပန်စရာ မရှိပါ။ ယခုတော့ မရှိသေးလို့ ကိုယ့်အင်အားနဲ့ ချင့်ချိန်ပြီး ဆောင်ရွက်ရပါတယ်။ သင်တန်းအတွက် ကူညီအားပေးသူတွေက မများသေးပါ။

ကျောင်းဆောင်သစ်ပေါ်သို့

၄-၄-၂၀၀၆ တန်ခူးလဆန်း ၇ ရက်နေ့ ၇ နာရီခွဲကျော်လောက်မှာ သာမဏေကျော်နေဖို့ ဆောက်ထားတဲ့ နှစ်ထပ်အဆောင်သစ်ကို ပြောင်းရွှေ့နေထိုင်ပါတယ်။ စာအုပ်ထည့်စရာ ဗီရိုတွေတော့ မရောက်သေးပါ။ မကြာခင် ရောက်လာကြပါမယ်။ အောက်ထပ်မှာရော အထက်ထပ်မှာပါ သန့်ရှင်းရေး လုပ်ရပါတယ်။ ကုဋီတွေကိုလည်း သုံးလို့ရအောင် ပြင်ဆင်ရပါတယ်။ ရေ

http://www.dhammadownload.com

လာအောင် လုပ်ရပါတယ်။ သာမဏေကျော်ရဲ့ သင်္ကန်းစတဲ့ ပစ္စည်းတွေကို ထည့်စရာဗီရို မရှိသေးလို့ ခုတင်အောက်မှာပဲ ထားရပါသေးတယ်။ ဖုန်းကိုတော့ သာမဏေကျော်ရဲ့ အိပ်ခန်းထဲမှာပဲ ထားပါတယ်။ ခေါင်းရင်းဘက် ဝရန်တာမှာ လေတိုက်လှပါတယ်။ အဲဒီဘက်ကို လမ်းမလျှောက်ရဲပါ။ အအေးမိပြီး ဖျားမှာ စိုးလို့ပါ။ အဲဒီလေတိုက်တဲ့ဘက်က ပြတင်းပေါက်တွေကိုလည်း မဖွင့်ရဲပါ။ လေမတိုက်တဲ့ဘက်က ပြတင်းပေါက်တချို့ကိုပဲ ဖွင့်ရပါတယ်။ လယ်ကွင်းပြင်ဖြစ်လို့ လေတိုက်တဲ့ဘက်မှာ တဟူးဟူးတိုက်ပါတယ်။ အအေးကြိုက်တဲ့ ပုဂ္ဂိုလ်အတွက်တော့ အလွန်ပဲ ကောင်းပါလိမ့်မယ်။

သာမဏေကျော်ရဲ့စာအုပ်တွေနဲ့ ပစ္စည်းတွေက ဟိုဟိုဒီဒီ ပြန့်နေပါတယ်။ ကိုရီးယားခရီး မသွားခင် စာအုပ်တွေကို စာအုပ်ဗီရိုမှာ စနစ်တကျ ထားသွားလိုပါတယ်။ ဗီရိုတွေ မရောက်လာသေးလို့ စာအုပ်တွေကို ကြမ်းပြင်ပေါ် သင်ဖျာခင်းကာ စီတင်ထားရပါတယ်။ မအေးမြလွင် (အင်ဂျင်နီယာ မလေး) ရောက်လာလို့ မောင်လှဝင်းနဲ့ ဥုးဥာနဝရတို့က အဆောင်မှာ လိုအပ်တာတွေကို ထောက်ပြသွားပါတယ်။ မအေးမြလွင်ကလည်း စာရေးမှတ်သွားပါတယ်။ သာမဏေကျော် အခုရောက်နေတဲ့ အဆောင်အပေါ်ထပ်မှာ အိပ်ခန်း, ရေချိုးခန်း, အိမ်သာခန်း, စာရေးခန်းတွေ ပါပါတယ်။ စာရေးခန်းမှာ စာရေးစားပွဲလည်း မရောက်သေးလို့ အိပ်ခန်းထဲရှိ ဖုန်းတင်ရာစားပွဲပေါ်မှာ အခု ဒီစာကို ရေးနေပါတယ်။ ည ၈ နာရီ ၁၀ မိနစ်လောက် ရှိပါပြီ။ စာရေးစားပွဲကို မစာရွှဒသိနီက လှူပါမယ်။ ကုလားထိုင်လည်း လှူပါမယ်။ အောက်ထပ်မှာတော့ ဧည့်ခံဖို့ ဖြစ်ပါတယ်။ အပေါ်ထပ်မှာ သစ်သားခင်းထားပါတယ်။ အကာကိုတော့ အုတ်စီထားပါတယ်။ အိပ်ခန်းကို ဖော်မိကာအပြားနဲ့ ကာရံထားပါတယ်။ ရေချိုးခန်းမှာ ရေနွေးစက်တပ် ထားပါတယ်။ လျှပ်စစ်မီး ရမှပဲ သုံးလို့ ပိုကောင်းပါမယ်။ ကျောင်းဒကာ ဦးခင်ဇော်က သာမဏေကျော် အအေးကြောက်တတ်မှန်း သိလို့ စီစဉ်ပေးတာ ဖြစ်ပါတယ်။

အောက်ထပ်မှာ ကြွေပြား ခင်းထားပါတယ်။ အထက်ထပ် ဝရန်တာမှာရော အောက်ထပ် ဝရန်တာမှာပါ ကြွေပြားပဲ ခင်းထားပါတယ်။ ရေချိုးခန်း, အိမ်သာခန်းမှာလည်း ကြွေပြား ခင်းထားပါတယ်။ အကာတစ်ဝက်ကို ကြွေပြား

http://www.dhammadownload.com

ကပ်ထားပါသေးတယ်။ ပြတင်းပေါက်တွေကိုတော့ မှန်တပ်ထားပါတယ်။ အထက်, အောက်ထပ်တံခါးမကြီးတွေကိုတော့ သစ်သားတံခါး ပြုလုပ်ထားပါတယ်။ လှေခါးကို အောက်ထပ်ရဲ့ အပြင်ဘက်မှာ တပ်ဆင်ထားပါတယ်။ အောက်ထပ်မှ အပေါ်ထပ်တက်တဲ့ လှေကားထစ် ၁၉ ထစ် ရှိပါတယ်။ စွန်ညီနောင် - စွန်မင်းကျောင်းဆောင် တစ်ရဲ့ လှေကားထစ်တွေလောက်မမတ်စောက်ဘဲ ပြေလျှောပါတယ်။ သာမဏေကျော် နေရာ ကျောင်းဆောင်နာမည်က စွန်ညီနောင်စွန်မင်းကျောင်းဆောင် နှစ် ဖြစ်ပါတယ်။ တစ်မှာရော၊ နှစ်မှာပါ ဖောင်းကြွစာလုံးတွေနဲ့ ကျောင်းဆောင်နာမည်တွေကို ရေးပါတော့မယ်။ မကြာခင်ပဲ ပြီးပါတော့မယ်။

ကျောင်းဝရံတာမှ မြင်ကွင်း

၅-၄-၂၀၀၆ နေ့ နံနက် ၆ နာရီ မိနစ် ၂၀ လောက်မှာ စွန်ညီနောင် စွန်မင်းကျောင်းဆောင်နှစ်ဖြစ်တဲ့ သာမဏေကျော်အဆောင် အပေါ်ထပ် ဝရန်တာမှာ လမ်းလျှောက်ရင်း ပတ်ဝန်းကျင်ရှုကွင်းကို လှည့်ပတ်ကြည့်လိုက်ပါတယ်။ ဝရန်တာက ကျောင်းပတ်လည်သုံးဖက်မှာ ရှိတာမို့ ပတ်ဝန်းကျင်ရှုခင်းကို ကောင်းကောင်းကြီး မြင်တွေ့ရပါတယ်။ လယ်ကွင်းတွေမှာ ရိုးပြတ်တောတွေကို မြင်တွေ့ရသလို မြေပဲခင်း စိမ်းစိမ်းစိုစိုတွေမှာ မြေပဲ နုတ်နေကြသူတွေရဲ့ လှည်းတွေ, ကန်သင်းရိုးပေါ်က နွားတွေနဲ့ နှုတ်သီးရှည်ရှည်, လည်ပင်းရှည်ရှည်, ခြေတံရှည်ရှည် ဗျိုင်းဖြူတွေကိုလည်း မြင်တွေ့ရပါတယ်။ အုတ်ဖုတ်တဲ့ အုတ်ဖိုနေရာတွေက မီးခိုးတလူလူ ထူထပ်စွာ လွှင့်တက်နေတာကိုလည်း မြင်ရပါတယ်။ မှော်ဘီသွားလမ်း အမှတ်လေး ကားလမ်းမကြီးနဲ့ လှော်ကားဥယျာဉ်မှ ဝါးတစ်ရာသွား ကားလမ်းပေါ် ကားတွေ သွားနေတာကိုလည်း မြင်တွေ့ရပါတယ်။ တန်ခူးလဆန်း ရှစ်ရက်နေ့ ရောက်နေပေမယ့် နှင်းတွေ ဝေနေပါသေးတယ်။ နီရဲရဲ နေမင်းကြီးက တက်လာပေမယ့် နွားခြံထဲက မလေးရှားပိတောက်မြင့်မြင့်ပင်တွေရဲ့ ထိပ်ဖျားကို မကျော်တက်သေးပါ။ သာမဏေကျော် မဟာဂန္ဓာရုံမှ ကိုရင်တွေက သာမဏေကျော် အဆောင်ဝန်းကျင်မှာ သဲဖို့, ဖို့ သဲတွေကို သယ်ယူနေကြပါပြီ။

http://www.dhammadownload.com

ရိုးတံပြိုင်းပြိုင်း သစ်ပင်တွေ မင်းမူနေသေးတဲ့ လျော်ကားတောရ ကျောင်းကြီးနဲ့ ငြမ်းတွေ ဆင်ထားတဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားကျောင်း စေတီတော်မြတ်ကြီးကိုလည်း အထင်းသား မြင်တွေ့နေရပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံရဲ့ ပဋိပတ်ဘက်ပိုင်းမှာတော့ ဥနှဲပင်မြင့် ကြီးကြီးမားမားတွေ ထက် ပိုမိုမြင့်မားနေတဲ့ ပိန္နဲကြီးမှာ သရက်ပင် စိမ်းစိမ်းစိုစိုတွေရဲ့ ဝိုင်းရံခံနေတာကို မြင်ရသလို သိမ်နဲ့ ဧရာ ပေရှည် ယောဂီဆောင်အတွက် ပံ့ထားတဲ့ အုတ်ပုံ, သစ်သားပုံတွေကိုလည်း လှမ်းမြင်တွေ့နေရပါတယ်။ ပဋိပတ်ဘက်ပိုင်းကို ကျော်ပြီး ကြည့်လိုက်တော့ တောင်ကုန်းလေးကို လှမ်းမြင်နေရပါတယ်။ ယောဂီတွေအတွက် ဆောက်လုပ်ထားတဲ့ အဆောင်လေး နှစ်ဆောင်က သစ်ပင်တွေရဲ့ အကာအကွယ်ခံရလို့ သူတို့ကို မမြင်တွေ့ရပါ။ တဲကျောင်းဆောင်တချို့ကိုသာ မြင်တွေ့ရပါတယ်။ နံနက် ကိုးနာရီလောက် ဖူဂျီပိုက်လမ်းဖြစ်တဲ့ ဂဝံလမ်းပေါ် ကျွဲအုပ်ကြီး စားကျက်ဆီ အသွားနဲ့ အပြန်မှာ ကျွဲတွေပေါ် စီးပါသွားတဲ့ ကျွဲကျောင်းသားတွေရဲ့ လေးခွနဲ့ အချိုးမကျတဲ့ ကျွဲတွေကို လောက်စာအစာ ကျွေးနေတာကို မြင်တွေ့ရပါတယ်။ ကျွဲတွေပေါ် ရံခါ အိပ်ပြီးတောင် လိုက်ပါသွားကြပါသေးတယ်။ မြေပဲခင်း ကန်သင်းပေါ်က နွားတွေရဲ့ ဘို့အပေါ်မှာတော့ လင်းမြီးဆွဲငှက်တွေက ဇိမ်ကျနေတာကို မြင်တွေ့ရပါသေးတယ်။ ကိုယ့်ဘဝနဲ့ကိုယ် ဇိမ်ရှိပြီး ပျော်နေကြတာပါပဲလား။

သူတို့မိသားစု

၅-၄-၂၀၀၆ နေ့မှာ လယ်တွင်းသား စောချစ်နဲ့ ဇနီးဒေါ်မြင့်မြင့်၊ သမီး မယမင်းလှိုင်၊ မြေး မောင်ကြယ်စင်လင်းတို့ဟာ နံနက် ကိုးနာရီလောက်မှာ ရောက်လာကြပါတယ်။ လယ်တွင်းသား စောချစ် + ဒေါ်မြင့်မြင့်မိသားစု၊ ကိုအောင်ကျော်မောင် + မယမင်းလှိုင်၊ သား - မောင်ကြယ်စင်လင်း မိသားစုတို့က နဝကမ္မဝတ္ထုဌေတစ်သောင်းစီ လှူသွားကြပါတယ်။ လယ်တွင်းသား စောချစ်က ယဉ်ကျေးမှုသင်တန်းတွင်းကာလက ဟောပြောသွားခဲ့ပါတယ်။ ဇနီးနဲ့ သမီးတို့က ရောက်လိုလို့ ထပ်လာပါတယ်။ အကြီးဆုံး ဥနှဲပင်ကြီးကို လယ်တွင်းသား စောချစ်က သဘောကျသလို ဇနီးနဲ့ သမီးတို့ကလည်း သဘော

http://www.dhammadownload.com

ကျကြပါတယ်။ ဒကာကြီးက ဥနှဲ့အစေ့လေးတွေကိုတောင် ကောက်ယူသွားပါသေးတယ်။ စိတ်ကောင်းရှိဖို့က ပထမဆိုတဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စကားနဲ့ပတ်သက်ပြီး ဆောင်းပါး ရေးထားတယ်လို့ ဒကာကြီးက ပြောသွားပါတယ်။ အဲဒီဆောင်းပါးထဲမှာ ဒီဥနှဲ့ပင်ကြီးအကြောင်းလည်း ပါပါတယ်လို့ ပြောသွားပါတယ်။ "အရှင်ဘုရားက မဟာဂန္ဓာရုံမှာ နေခဲ့ပါသလား" လို့ မေးပါတယ်။ "နေခဲ့ပါတယ်။ သာမဏေကျော် စာမေးပွဲကို အဲဒီက အောင်ခဲ့ပါတယ်။ မဟာဂန္ဓာရုံဆရာတော်ကြီးထံ ကိုရင်ဘဝက စာလည်း တက်ခဲ့ရပါတယ်။ ရေးလည်း ရေးခဲ့ရပါတယ်" လို့ ပြောလိုက်ပါတယ်။ မြေးဖြစ်သူ မောင်ကြယ်စင်လင်းရဲ့ လက်ထဲမှာ သူ့အဘိုး ရေးထားတဲ့ "စာပန်းပွင့်ကြွေအလွမ်းပြေ" ဆိုတဲ့ နောက်ဆုံးထွက် စာအုပ်လေးကို လှုသွားပါတယ်။ ဒကာကြီးက သူ့အလှူ အမှတ်အသား စာလေးကို စာအုပ်မှာ ရေးပေးပါတယ်။ အရင် လှူဖူးတဲ့ စာအုပ်တွေမှာလည်း ရေးပေးခဲ့ပါတယ်။ ကွယ်လွန်သွားတဲ့ စာရေးဆရာ ၁၀ ဦးအကြောင်း ရေးထားပါတယ်။ ဖတ်လို့ ကောင်းလှပါတယ်။

အကြီးဆုံး ဥနှဲ့ပင်ကြီးအောက်မှာ ထိုင်တော့ ကွပ်ပျစ်ပေါ် ထိုင်ကန်တော့ကြပါလို့ ပြောရာ မြေကြီးပေါ်ပဲ ထိုင်ကန်တော့ကြပါတယ်။ သူတို့မိသားစုက မဟာစည်ရိပ်သာမှာရော ချမ်းမြေ့ရိပ်သာမှာရော ပဏ္ဏိတာရာမဆယ်မိုင်ကုန်းမှာပါ တရားအားထုတ်ဖူးကြပါတယ်။ ဒကာကြီးမှာ သားတစ်ယောက်နဲ့ သမီးတစ်ယောက် ရှိပြီး မြေးနှစ်ယောက် ရှိပါသတဲ့။ တိတ်ဆိတ်ငြိမ်သက်အေးချမ်းမှုကို သဘောကျနေကြပါတယ်။ လှော်ကားဥယျာဉ်ဘက်က လာလမ်းလေးကိုလည်း ခြီးမွမ်းကြပါတယ်။ ကြည်နူးဖွယ်ကောင်းတယ်တဲ့။ လယ်တွင်းသား စောချစ်က ကျောက်ဆည်သား၊ ဒေါ်မြင့်မြင့်က မုံရွာသူဖြစ်ပါတယ်။ ဆရာမ မဝင်းမာကြည်တို့က ရွှေနိဒ္ဒက်ပျောသီး, လက်ဖက်သုတ်, ကော်ဖီ, မုန့်တွေနဲ့ ဧည့်ခံကြပါတယ်။ ဒကာကြီးက လက်ဖက်သုတ်ကို ကြိုက်ပါတယ်။ ဒကာကြီးတို့က ဟောပြောပွဲ သွားခဲ့စဉ် အညာက ရခဲ့တဲ့ ပျားရည်စစ် နှစ်ပုလင်းနဲ့ အခြားစားသောက်ဖွယ်တွေကိုလည်း လှူသွားပါသေးတယ်။ ဒကာကြီးတို့ မိသားစုဟာ ခင်မင်စရာကောင်းလှပါတယ်။ ဆရာဝန်ဆရာလေး မကမလညာနိုက ပေးတဲ့အပြင် ဒကာမကြီးကလည်း စာအုပ်စွေး

http://www.dhammadownload.com

ပွဲတော်မှာ ဝယ်တဲ့အတွက် သာမဏေကျော်ရဲ့ စာအုပ်များစွာ သူတို့ထံမှာ ရှိပါသတဲ့။ ပဋိပတ်ဘက်ပိုင်းမှာပဲ နေကာ ပြန်သွားကြပါတယ်။ ပရိယတ်ဘက်ပိုင်းကို မသွားကြတော့ပါ။ မယမင်းလှိုင်က ရုံးတက်ချိန်အမီ ပြန်သွားရတာ ဖြစ်ပါတယ်။ ရုံးဝတ်စုံကို ဝတ်လာပါတယ်။

လာလမ်းဆီသို့

၆-၄-၂၀၀၆ နေ့မှာ ဥူးညနဝရဦးဆောင်တဲ့ ရွာက လာတဲ့ အဖွဲ့တချို့ဟာ ရန်ကုန်ထဲ ဘုရားလှည့်လည်ဖူးပြီး ည ခုနစ်နာရီရထားနဲ့ မန္တလေးကို သွားကြပါတယ်။ ကျောင်းမှ နံနက် ခုနစ်နာရီမှာ ကားထွက်ပါမယ်။ ကားခတစ်နေ့တာအတွက် ကိုးသောင်းခွဲ ကုန်ကျပါတယ်။ မပြန်သေးဘဲ ကျန်ရစ်မယ့် ဘုရားဖူးအဖွဲ့က ကျောင်းကို ပြန်လာကြပါမယ်။ သက်ြန်ပြီးမှ ဥူးညနဝရကိုယ်တိုင် ကျန်တဲ့အဖွဲ့ကို လာခေါ်ပါမယ်။ သက်ြန်ပြီးရင် သုံးရက်လောက် ပြန်ပါမယ်။ ပြီးရင် ပြန်လာပါမယ်။ သာမဏေကျော်ကတော့ ၁၁-၄-၂၀၀၆ နေ့မှာ ပဏ္ဏိတာရာမဆရာတော်ကြီးနဲ့အတူ တောင်ကိုရီးယားကို သွားပါမယ်။ ၂ လလောက် ကြာပါမယ်။ မမနာပိကာက ကိုရီးယားကို ကြိုတင်သွားနှင့်ပါတယ်။ မဝိမလညာနီက သာမဏေကျော်တို့နဲ့အတူ လိုက်ပါမယ်။ ကိုရီးယားရောက်ပြီး ၁၃-၄-၂၀၀၆ နေ့မှာ သာမဏေကျော်တစ်ကိုယ်လုံးကို ဆေးစစ်ပေးပါမယ်တဲ့။ ဒီနှစ်မှာ အရင်ကထက် အအေးပိုနေတယ်လို့ ဆိုပါတယ်။ အအေးဒဏ် ခံနိုင်အောင် အနွေးထည်တွေကို ကြိုတင်ပြင်ဆင်သွားရပါမယ်။ ခြေစွပ်, ခေါင်းစွပ်တွေကိုပါ ယူသွားရပါမယ်။ ခြုံထည်ကိုလည်း ယူသွားရပါမယ်။ မမနာပိကာနဲ့ မဝိမလညာနီတို့က အလိုက်သိတတ်, ပြုစုတတ်သူတွေ ဖြစ်လို့ အရာရာ အဆင်ပြေမယ်လို့ ကြိုတင်တွေးနေမိပါတယ်။

၅-၄-၂၀၀၆ နေ့က ကျောင်းရှိဖျာကြမ်း, ဖျာနု (အကြီး၊ အသေး) တွေကို သိမ်းဆည်းပြီးသား ဖြစ်သွားအောင် သာမဏေကျော် အဆောင်အောက်ထပ် ကြွေပြားခင်းပေါ်မှာ ဖျာကြမ်းတွေကို ခင်းထားခိုင်းလိုက်ပါတယ်။ ဖျာနု (အကြီး) တွေကို ညီညာစွာ ထပ်ပြီး သိမ်းထားလိုက်ပါတယ်။ ဖျာနု အသေးတချို့ကိုပါ သိမ်းထားလိုက်ပါတယ်။ ပရိယတ်ပိုင်းက သိမ်းဆည်းရ

http://www.dhammadownload.com

မယ့် ပစ္စည်းတွေကို ဥူးသြဘာသ, ဦးဇင်္ဂီလတို့ဆီမှာ သိမ်းထားခိုင်းရပါတယ်။ ပစ္စည်းတွေကို စည်းကမ်းရှိရှိ စနစ်တကျ သိမ်းဆည်းမထားရင် ပျက်စီးလွယ်ပါမယ်။ ရှိတဲ့ ပစ္စည်းတွေကို စာရင်းနဲ့အတူ သိမ်းဆည်းထားဖို့ ပြောရပါတယ်။ သာမဏေကျော်အဆောင်ရဲ့ အပေါ်ထပ်မှာ စာအုပ်ဗီရိုတွေ မရောက်သေးလို့ နေရာနေသားတကျ မဖြစ်သေးပါ။ သာမဏေကျော် အိပ်ခန်းထဲမှာလည်း ပစ္စည်းထည့်ဖို့ ဗီရိုရောက်လာမှပဲ ပစ္စည်းလေးတွေက နေသားတကျဖြစ်ပါမယ်။ အဲဒီဗီရိုကို မည်မီက လျူပါမယ်။ ရေခဲသေတ္တာ (၂) လုံးနဲ့ ရေပူရေအေးစက်တွေကို မည်မီရဲ့ ညီမ မဥမွာလှိုင် + မောင်ကောင်းမြတ်စိုးက လျူပါမယ်။ နှင်းတွေက အခု ခုနစ်နာရီတီးခါနီးထိ ဝေနေပါတယ်။ ကိုရင်, သီလရှင်တွေက အထုပ်ကိုယ်စီနဲ့ လာလမ်းဆီကို ပြန်ဖို့ ပြင်ဆင်ကာ ကားအလာကို စောင့်နေကြပါတယ်။ တစ်နေ့လုံး ဘုရားဖူးပြီး ရထားဘူတာရုံကို သွားကြပါမယ်။ စားဖို့ အစားအစာတွေကို ကျောင်းက ချက်သွားကြပါတယ်။ ကားဆန့်သလောက် လိုက်ကြပါမယ်။ ပါရမီကားကြီးကို မောင်လှဝင်းက စီစဉ်ထားပါတယ်။

မသွားခင် ပြင်ဆင်

၆-၄-၂၀၀၆ နေ့ ည ခုနစ်နာရီမှာ ဥူးဥာနဝရဦးဆောင်တဲ့ ရွာက အဖွဲ့ ပြန်ဖို့ ရထားဘူတာရုံ ရောက်ခါမှ ၇-၄-၂၀၀၆ နေ့ နံနက် လေးနာရီမှ သွားမယ်လို့ အချိန်ပြောင်းသွားကြောင်းကို ဥူးဥာနဝရက ဘူတာရုံကနေ လှမ်းဖုန်းဆက်ပါတယ်။ အဖွဲ့က (၄၁) ယောက်တောင် ရှိပါတယ်။ ဘူတာရုံထဲမှာပဲ ဖြစ်သလို ညအိပ်ကြရပါတယ်။ ဥူးဇဝနနဲ့ မောင်မြင့်ဦးတို့ ဘူတာရုံကို အဲဒီညမှာပဲ သွားပြီး ကူညီစောင့်ရှောက်ကာ အိပ်ပေးကြပါတယ်။ ၆-၄-၂၀၀၆ နေ့ နေ့လယ် သုံးနာရီလောက်မှာ ကျောင်းဒကာ ဦးခင်ဇော် ရောက်လာပါတယ်။ သူက တရုတ်ပြည်ကို ခေါက်ဆွဲစက်ရုံအတွက် စက်ဝယ်ယူဖို့ရာ သွားပါမယ်။ ၈-၄-၂၀၀၆ နေ့မှာ ဖြစ်ပါတယ်။ မသွားခင် လာရောက် ကန်တော့တာ ဖြစ်ပါတယ်။ ကျောင်းအဆောက်အဦး အခြေအနေတွေကိုလည်း ကြည့်ရှုသွားပါတယ်။ (၉၁) ပေ အလျားရှိ ယောဂီဆောင်နဲ့ သိမ်အဆောက်အဦး

http://www.dhammadownload.com

နှစ်ထပ် ပြီးရင် ကျောင်းဆောက်လှူတာ နားတော့မယ်။ စီးပွားရေးကို ပိုမို လုပ်ဦးမယ်။ မုခ်ဦးကို မှော်ဘီစျေးအဖွဲ့က ခုနစ်သိန်း အကုန်ခံကာ ဆောက် လုပ်ရင် ကျန်တာကို သူ ဖြည့်လှူမယ်လို့ သူက ပြောသွားပါသေးတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာ ဦးခင်ဇော် လှူတာ သိန်းနှစ်ထောင်လောက် ရှိသွားပုံရပါတယ်။ သာမဏေကျော်တို့ကလည်း သူ လှူတာကို ရပ်သင့်ပြီလို့ ပြောဖို့ စိတ်ကူးထားပါတယ်။ သူက အလွန်ပဲ လှူနေတော့ အားနာရပါ တယ်။ သူက သူ့ကို မေတ္တာပို့ပေးပါလို့ လျှောက်လို့ ပို့ပါမယ်လို့ ပြောလိုက်ပါ တယ်။ သံဃာတွေကိုလည်း မေတ္တာအထူးပို့ပေးကြဖို့ ပြောရပါမယ်။

ကိုရီးယားခရီးစဉ်အတွက် ယူစရာ ပစ္စည်းလေးတွေကို မောင်လှဝင်း နဲ့အတူ ပြင်ဆင်ရပါတယ်။ ယူမယ့်အိတ်ထဲမှာ မဟာစည်တရားစာအုပ် ငါးအုပ်၊ သင်္ကန်း သုံးစုံ၊ ခြုံထည် တစ်ထည်၊ အနွေးထည် နှစ်ထည်၊ ခေါင်းစွပ် နှစ်ခု၊ ခြေအိတ် နှစ်ခု၊ လက်ကိုင်ပဝါ နှစ်ထည်၊ ကိုယ်ပတ်သင်္ကန်း သုံးခု၊ ခေါင်းရိတ်, မုတ်ဆိတ်ရိတ်ဓား သုံးခု၊ စာရေးပက် တစ်ခု၊ ဘောလ်ပင် လေး ချောင်း၊ လက်သည်းပ် တစ်၊ မျက်နှာသုတ်ပဝါ တစ်၊ ဆပ်ပြာခဲ တစ်၊ သွား တိုက်တံ တစ်၊ သွားတိုက်ဆေးဘူး တစ်တွေကို ထည့်ကြပါတယ်။ သပိတ်ထဲ မှာ ရေစစ်၊ ပရုပ်ဆီ၊ နာရီ၊ တစ်ရှူး၊ လိပ်စာစာအုပ်တွေကို ထည့်ရပါတယ်။ ခေါင်းရိတ်ဓားနဲ့ လက်သည်းပ်ကို သပိတ်ထဲ မထည့်ဘဲ အိတ်ထဲ ထည့်ဖို့ မဝိမလညာနီက ပြောပါတယ်။ ယပ်တောင်, ပခုံးပေါ်တင်ခြုံထည်, ဝတ်သွား မယ့် သင်္ကန်း, ခြေအိတ်တစ်ခုကို အပြင်မှာ ထုတ်ထားရပါတယ်။ ၈-၄-၂၀၀၆ ည တရားဟောဖို့ စော်ဘွားကြီးကုန်းမှ အသောကာရုံကျောင်းကို သွားတဲ့ အခါ ကိုရီးယားယူမယ့် အိတ်ကို ယူသွားပါမယ်။ ပဏ္ဏိတာရာမဆရာတော် ကြီးက ၉-၄-၂၀၀၆ နေ့ နံနက် အသောကာရုံမှာ တရားဟောပါမယ်။ အဲဒီ အခါ အဲဒီအိတ်ကို ဆရာတော်ကြီးရဲ့ ကားမောင်းသမားထံ ပေးလိုက်ပါမယ်။ ၁၀-၄-၂၀၀၆ နေ့ ရောက်အောင် ပို့ပေးပါလို့ မဝိမလက ပြောထားလို့ ကြိုပို့ လိုက်ပါတယ်။

http://www.dhammadownload.com

တရားရှုမှတ်ကြမယ်

၇-၄-၂၀၀၆ နေ့ကစပြီး သင်္ကြန်မတိုင်မီ ခြောက်ရက်ရှိရာ အဲဒီ ခြောက်ရက်အတွင်းမှာ "တရား ဘယ်လို ရှုမှတ်ရမလဲ" ဆိုတဲ့ စာအုပ်ကို ဥူးသြဘာသကို ကိုရင်လေး, ဖိုးသူတော်လေးတွေအား သင်ပြပေးဖို့ ပြောထားပါတယ်။ ဥူးဇင်္ဂီလကို တက္ကသိုလ်ဝိပဿနာတရားတော်စာအုပ် နောက်ပိုင်းမှာ တရားရှုမှတ်လို့ ရောဂါပျောက်တဲ့သူတွေအကြောင်းနဲ့ အရိယာဝါသ တရားတော်စာအုပ်မှနိဒါန်းကို ဖတ်ပြပေးဖို့ တာဝန်ပေးရပါတယ်။ မဟာစည် ဆရာတော်နဲ့ သတိပဋ္ဌာန်အတွေ့အကြုံစာအုပ်ကို ဖတ်ပြပေးဖို့ ဥူးဇဝနကို တာဝန်ပေးရပါတယ်။ တစ်နာရီစီ သင်ပြပေးကြပါတယ်။ နံနက်ပိုင်းမှာ ကိုရင်, ဖိုးသူတော်လေးတွေကို တစ်နာရီ တရားထိုင်မှတ်ဖို့, ညနေပိုင်းမှာ မိနစ် ၃၀ စင်္ကြံလျှောက်ရှုမှတ်ဖို့၊ မိနစ် ၃၀ ထိုင် ရှုမှတ်ဖို့ အပြောခိုင်းရပါတယ်။ သင်္ကြန်တွင်းကာလမှာတော့ ယောဂီတွေလိုပဲ တရားရှုမှတ်ကြဖို့ အပြောခိုင်းထားပါတယ်။ သင်္ကြန်ကာလငါးရက်မှာ သုံးရက်အတွက် ဥူးဇဝန တရားဟောဖို့, ဥူးသြဘာသနဲ့ ဥူးဇင်္ဂီလက တစ်ရက်စီ တရားဟောဖို့ တာဝန်ခွဲပေးထားပါတယ်။ ဥူးဇဝနက ယောဂီတွေအား တရားရှုမှတ်ပုံကို သင်ပြပေးပါမယ်။

ကိုရင်တွေ, ဖိုးသူတော်တွေကို ဥူးဇင်္ဂီလ သင်ပြပေးတဲ့ ရောဂါပျောက်ပုံ ဇာတ်လမ်းတွေကို ပြောပြကြပါတယ်။ သူတို့ စိတ်ဝင်စားတာကို သိရပါတယ်။ သင်္ကြန်တွင်းကာလမှာ ယောဂီတွေလို အချိန်ပြည့် တရားရှုမှတ်နိုင်အောင် ကြိုတင်လေ့ကျင့်ပေးတဲ့အနေ ဖြစ်နေပါတယ်။ သင်္ကြန်တွင်းကာလမှာ တရားရှုမှတ်ဖို့အတွက် စွန့်ညီနောင် - စွန့်မင်းကျောင်းဆောင် တစ်နဲ့ နှစ်က အဆင်ပြေကောင်းမွန်ပါတယ်။ ထိုင်ဖို့လည်း ကောင်းပါတယ်။ စင်္ကြံလျှောက်ဖို့လည်း ကောင်းပါတယ်။ သစ်ပင်တွေ မရှိလို့ အရိပ် မရပေမယ့် လေတဟူးဟူး တိုက်နေလို့ အေးလှပါတယ်။ စွန့်ညီနောင်-စွန့်မင်းကျောင်းဆောင်တွေဟာ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းသား ကိုရင်, သီလရှင်တွေအတွက်ရော, ယောဂီတွေအတွက်ပါ ကျေးဇူးများလှပါတယ်။ နောက်နှစ်သင်္ကြန်ကာလတွေမှာလည်း ကိုရင်, ဖိုးသူတော်တွေကို ဒီနှစ်မှာလိုပဲ တရားရှုမှတ်ခိုင်းဖို့ ရည်ရွယ်ထားပါတယ်။ စပါးတွင်းရွာမှ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းလာတက်

http://www.dhammadownload.com

တဲ့ ကိုရင်လေးတွေလည်း မပြန်သေးဘဲ သင်္ကြန်အတွင်းမှာပါ ရှိနေကြပါတယ်။ သူတို့လည်း တရားရှုမှတ်ကြရပါမယ်။

ဌက်ပျော်ပင်တွေ ချောင်းထဲမှာ စိုက်ရသမျှ စိုက်ပေးဖို့ မောင်မြင့်သိန်းတို့အဖွဲ့ကို ပြောရပါတယ်။ သူတို့တစ်တွေ အမြိုက်ကျောင်းမှ ရတဲ့ ဌက်ပျော်သားတက်ကို ယူကာ စိုက်ကြပါတယ်။ ဥူးသြဘာသလည်း အမြိုက်ကျောင်းကို လိုက်သွားပါသေးတယ်။

စွမ်းနိုင်သမျှ

၇-၄-၂၀၀၆ နေ့က ချောင်းထဲမှာ ဌက်ပျော်ပင် ၅၀ ထပ်စိုက်ပါတယ်။ မောင်မြင့်သိန်းအား စိုက်သင့်တဲ့ နေရာကို ရွေးချယ်ခိုင်းပါတယ်။ ဒေါ်ခင်ဝင်းဘက်မှာ သံဆူးကြိုး မကာရသေးတဲ့ နေရာကို ကျောက်တိုင် စိုက်ခိုင်းပြီးပါပြီ။ ဒီနေ့ သံဆူးကြိုး မောင်အောင်ဆန်း သွားဝယ်ပါမယ်။ နွားချေးအနှစ်တွေကို စုပ်တင်ဖို့ မုန်ခရုကို မောင်လှဝင်း မြန်မြန် ဝယ်ပါလို့ ပြောရပြန်ပါတယ်။ ကုန်စျေးနှုန်းတွေက တက်နေပါတယ်။ အဝယ်နောက်ကျလို့ စျေးပိုမိုများခါမှ ဝယ်ရရင် မသက်သာပါ။ ကျောင်းဒကာ ဦးခင်ဇော်ဟာ ဒီနေ့ ၈-၄-၂၀၀၆ မှာ တရုတ်ပြည်ကို သွားပါတယ်။ သာမဏေကျော်က ဒီနေ့ အသောကာရုံတရားစခန်းမှာ တရားဟောပေးဖို့ သွားရပါဦးမယ်။ တန်ခူးလဆန်း ၁၁ ရက် ရောက်နေပေမယ့် နံနက်ပိုင်းမှာ အအေးဓာတ် ရှိနေဆဲ၊ နှင်းကလည်း ဓဝ နေဆဲပါပဲ။ ၇-၄-၂၀၀၆ နေ့ ည ခုနစ်နာရီမှ ရှစ်နာရီထိ ပထမမိနစ် ၃၀ မှာ စင်္ကြံလျှောက်ပြီး တရားမှတ်ဖို့ ဥူးဇဝနက ကိုရင်တွေနဲ့ ဖိုးသူတော်တွေအား သင်ပေးပါတယ်။ ဒုတိယမိနစ် ၃၀ မှာ ထိုင်ပြီး တရားရှုမှတ်ဖို့ သင်ပြပေးပါတယ်။ ၈-၄-၂၀၀၆ နေ့မှာတော့ နံနက်ပိုင်းမှာ တစ်နာရီကြာ ထိုင်ပြီး ရှုမှတ်ရတာပါ တိုးလာပါတယ်။ သင်္ကြန်မတိုင်မီ နေ့စဉ် အဲဒီလို နှစ်နာရီ နှစ်နာရီ တရားရှုမှတ်စေပါတယ်။

သင်္ကြန်ပြီး နောက်ပိုင်းအချိန်တွေမှာလည်း နေ့တိုင်း နေ့တိုင်း မိနစ် ၃၀ ကြာ စင်္ကြံလျှောက်မှတ်ဖို့ မိနစ် ၃၀ ကြာ တရားထိုင်မှတ်ဖို့ ပြုလုပ်ခိုင်းရန် စိတ်ကူးထားပါတယ်။ ပရိယတ် မကင်းတဲ့ ပဋိပတ်, ပဋိပတ် မကင်းတဲ့ ပရိယတ် ဖြစ်နိုင်အောင် ကြိုးစားပေးချင်ပါတယ်။ ပရိယတ်ကင်းတဲ့ ပဋိပတ်,

http://www.dhammadownload.com

ပဋိပတ် ကင်းတဲ့ ပရိယတ်ဖြစ်ရင် သံဃာတွေမှာရော ကိုးကွယ်ဆည်းကပ် ထောက်ပံ့နေရတဲ့ ဒကာ, ဒကာမတွေမှာပါ ပစ္စုပ္ပန်, သံသရာအကျိုးတွေက နည်းပါးလှပါတယ်။ ဒါကြောင့် ပရိယတ်ဘက်က ကျေးဇူးရှင်ဆရာတွေ, ပဋိပတ်ဘက်က ကျေးဇူးရှင်ဆရာတွေရဲ့ နည်းတွေကို အသုံးပြုကာ ကိုယ့် မှီခိုနေသူတွေမှာ အကျိုးရှိအောင် စဉ်းစားကာ ဆောင်ရွက်ပေးရပါတယ်။ ကိုယ်မသေခင် ကာလလေးမှာ ကိုယ်တတ်နိုင်သမျှ ဆောင်ရွက်ပေးရမှာက ကိုယ့်တာဝန်ပဲ ဖြစ်ပါတယ်။ ကိုယ်သေသွားတော့လည်း နောက်ကျန်ရစ်တဲ့ ပုဂ္ဂိုလ်တွေ သူတို့စွမ်းနိုင်သမျှ ဆက်လက် ဆောင်ရွက်သွားကြပေမပေါ့။

သူတို့ရဲ့လက်ထဲမှာ

၈-၄-၂၀၀၆ နေ့ ည ၇ နာရီမှာ အသောကာရုံရွှေကျင်စာသင်တိုက်က တရားဟောပင့်ဖို့ ကားရောက်လာပါတယ်။ မောင်လှဝင်းပါ လိုက်လာပါ တယ်။ ကိုရီးယားခရီးစဉ်မှာ ယူသွားမယ့် အိတ်ကို ယူသွားပါတယ်။ ရှစ်နာရီ မှာ တရားဟောပါတယ်။ ကိုးနာရီမှာ ပြီးပါတယ်။ ဒုတိယအကြိမ် ပြုလုပ်တဲ့ ၁၀ ရက် တရားစခန်း ဖြစ်ပါတယ်။ ယောဂီ ၂၀၀ ကျော် ၃၀၀ နီးပါး ရှိပါ တယ်။ တရားရှုမှတ်ပုံလေးတွေကို ဟောခဲ့ပါတယ်။ ပထမဆုံး ဟောရတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ကိုယ် ဟောချင်တာ ဟောဖို့ အခွင့်အရေး ရပါတယ်။ အသော ကာရုံဆရာတော်က "တရားဟောတာ စေ့တယ်၊ ကျက်ပြီး ဟောသလိုပဲ" လို့ ပြောလိုက်ပါသေးတယ်။ ပဏ္ဏိတာရာမ ဆရာတော်ကြီး ရေးသားထားတဲ့ "လက်ဝယ်ဖွဲ့ခွေ, ကိုယ် ဖြောင့်စေ, ထားလေ စိတ်ဝမ်းမှာ" စတဲ့ လက်ာလေး တွေကို ရွတ်ပြီး ရှင်းပြခဲ့ပါတယ်။ ၉-၄-၂၀၀၆ နေ့ နံနက် ခုနစ်နာရီမှာ ပဏ္ဏိတာ ရာမဆရာတော်ကြီး ကြွရောက်ခီးမြှောက်မယ်လို့ သိခဲ့ရပါတယ်။

နောက်နှစ်ပြုလုပ်မယ့် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအတွက် ကုန်ကျရ မယ့် ငွေကြေးတွေနဲ့ ပတ်သက်ပြီး တွေးလိုက်တော့ ဝန်လေးလာမိပါတယ်။ လုပ်အားပေးလာသူတွေနဲ့ ပတ်သက်ပြီးတော့လည်း တာဝန်ကြီးပါတယ်။ ငွေကြေးမတတ်နိုင်ရင် သင်တန်းကာလကိုပဲ တစ်ပတ် ထပ်လျှော့ပြီး နှစ်ပတ် ပဲ လုပ်ရကောင်းမလား။ သင်တန်းသားဦးရေကိုပဲ လျှော့ရမလား။ လုံးဝ မတတ်နိုင်ရင် သင်တန်းကို ပယ်ဖျက်ပစ်လိုက်ရမလားလို့ တွေးတောနေမိပါ

http://www.dhammadownload.com

တယ်။ နောက်နှစ်တွေ ဆက်လက်ပြုလုပ်ဖို့ အားလျော့စိတ် ဖြစ်ပေါ် နေမိပါတယ်။ ဒီလို အကျိုးများပြီး ငွေကုန်နည်းမဲ့ ဘယ်လို အကျိုးပြုအလုပ်တွေကို လုပ်ရကောင်းလေမလဲလို့လည်း တွေးမိပါသေးတယ်။ ယဉ်ကျေးမှုသင်တန်း လုပ်မပေးတော့ဘဲ ကိုယ့်စာသင်သား ကိုရင်တွေကိုပဲ ကြည့်ရှုစောင့်ရှောက်ပေးရလေမလားလို့ လျှောက်တွေးမိပါသေးတယ်။ ကိုယ် မတတ်နိုင်တာတွေကို လျှော့ပြီး တတ်နိုင်တာကိုသာ လုပ်ရရင် စိတ်လေးမနေရတော့ပါ။ စိတ်လွတ်လပ်ပေါ့ပါးသွားပါတော့တယ်။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဟာ ငွေကုန်များပါတယ်။ အကျိုးများတာကတော့ သေချာပါတယ်။ တတ်နိုင်သူတွေက အားပေးကူညီ ထောက်ပံ့ကြမယ်ဆိုရင်တော့ ဒီလို အများအကျိုးပြုလုပ်ငန်းတွေကို လုပ်ရတာ အားရှိပါတယ်။ အားပေးကူညီ ထောက်ပံ့နိုင်စွမ်း ရှိသူတွေဟာ ဒီလို တကယ်အကျိုးများတဲ့ လုပ်ငန်းတွေကို လိုက်လံရှာဖွေကာ အားပေးကူညီထောက်ပံ့နိုင်ကြမယ်ဆိုရင် မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဟာ ဒီထက်ပိုမိုအားရစရာ အခြေအနေကို ဆိုက်ရောက်လာနိုင်ပါမယ်။ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဟာ မြန်မာမှ ဆရာတော် သံဃာတော်တွေ, ဒကာ, ဒကာမတွေရဲ့ လက်ထဲမှာ ရှိနေပါတယ်။ ပြုပြင်စောင့်ရှောက်နိုင်ရင် ပြုပြင်စောင့်ရှောက်နိုင်သလောက် တိုးတက်လာနိုင်ပါတယ်။

လိုအပ်နေပါသေးတယ်

၉-၄-၂၀၀၆ နေ့ နံနက် ကိုးနာရီလောက်မှာ ချမ်းမြေ့မြိုင်ဆရာတော် ရောက်လာတယ်။ ကားဆရာ မောင်ဘဝမ်းရယ်, မိန်းမချောငယ်ငယ်လေး သုံးယောက်ရယ်ပေါ့။ သူ့ကျောင်း ဗုဒ္ဓယဉ်ကျေးမှုက ၈-၄-၂၀၀၆ မှာ ပြီးသွားပါတယ်။ သူ့ယဉ်ကျေးမှုသင်တန်းမှာ စုစုပေါင်း ကုန်ကျငွေက သိန်းတစ်ရာလောက် ကုန်ပါသတဲ့။ လက်ကျန် ပိုငွေက သိန်း ၃၀ ကျန်ပါသတဲ့။ ဝေယျာဝစ္စလုပ်အားပေးသူတွေက မခိုမကပ်ဘဲ အမာခံလူ ၂၀ ရှိပါတယ်တဲ့။ သာမဏေကျော် မဟာဂန္ဓာရုံမှာတော့ လုပ်အားပေးသူတွေကို စပါးတွင်းရွာမှ ခေါ်ယူနေရပါသေးတယ်။ ချမ်းမြေ့မြိုင်မှာတော့ လုပ်အားပေးသူတွေက အင်အားကောင်းနေပါတယ်။ နေစရာနေရာအတွက် မပူပန်ရသလို စားစရာအတွက်လည်း မပူပန်ရပါ။ လာရောက်ဟောပြောပေးကြတဲ့ စာရေးဆရာ,

http://www.dhammadownload.com

ဆရာဝန်, ရုပ်ရှင်သရုပ်ဆောင်စတဲ့ ပုဂ္ဂိုလ်တွေကလည်း များလှပါတယ်တဲ့။ သာမဏေကျော် မဟာဂန္ဓာရုံမှာတော့ လုပ်အားပေးသူတွေကို စပါးတွင်းရွာမှ ခေါ်ယူရလို့ စရိတ်ကိုက မသက်သာလှပါ။ ဆွမ်းဒကာ, ဒကာမတွေကလည်း မပြည့်စုံပါ။ စွန့်ညီနောင်ကျောင်းဒကာ ဦးခင်ဇော်နဲ့ မည်မြိမစတဲ့ ကုသိုလ်ရှင်တွေသာ မရှိရင် ပိုမိုအခက်တွေ့ရဖွယ် ရှိပါတယ်။ နောက်နှစ်တွေမှာ စွမ်းနိုင်ချင်မှ စွမ်းနိုင်မှာမို့ လက်လျှော့လိုစိတ်တွေ ဖြစ်ပေါ်နေပါတယ်။

ချမ်းမြေ့မြိုင်ဆရာတော်က "ဘာတွေ့ အခက်အခဲ ရှိသေးလဲ" လို့ မေးပါတယ်။ "အားလုံး အဆင်ပြေပါတယ်" လို့ ဖြေလိုက်ပါတယ်။ "နောက်နှစ်တွေမှာ လုပ်အားပေးသူတွေနဲ့ ပတ်သက်ပြီး ဝန်လေးပါတယ်။ ဆွမ်းဒကာ, ဒကာမတွေ မပြည့်စုံမှာကို တွေးပြီးတော့လည်း ဝန်လေးပါတယ်" လို့ ပြောတော့ ချမ်းမြေ့မြိုင်ဆရာတော်က "တွေးပူမနေပါနဲ့၊ နောက်နှစ်က အဝေးကြီး ရှိပါသေးတယ်" လို့ ပြောပါတယ်။ "သင်တန်းကတော့ မဖျက်လိုက်ပါနဲ့။ သင်တန်းသားအရေအတွက်နဲ့ သင်တန်းကာလကို လျှော့ချင်လျှော့လိုက်ပါ" လို့လည်း ပြောပါတယ်။ ချမ်းမြေ့မြိုင်မှာတော့ ကူညီထောက်ပံ့အားပေးကြမယ့် ဒကာ, ဒကာမပရိသတ်က သာမဏေကျော် မဟာဂန္ဓာရုံမှာထက် များစွာပဲ သာလွန်ပေါများနေပါတယ်။ နေစရာနေရာတွေကလည်း ပိုမိုပြည့်စုံပါတယ်။ သူ့မှာလည်း ဒုတိယအကြိမ်၊ ကိုယ့်မှာလည်း ဒုတိယအကြိမ်ပါပဲ။ သူ့မှာက သင်တန်းသား ကိုရင်, သီလရှင် ၂၆၀၊ ကိုယ့်မှာကတော့ ၁၀၇ ပါးပဲ ရှိပါတယ်။ သူ့သင်တန်းကာလ တစ်လ၊ ကိုယ့် သင်တန်းကာလက ၃ ပတ်။ သူ့ကျောင်းသက်တန်းကလည်း ကိုယ့်ကျောင်းသက်တန်းထက် ပိုမိုကြီးပါတယ်။ ကိုယ့်ကျောင်းသက်တန်းကပဲ တစ်နှစ်ခွဲပဲ ရှိပါသေးတယ်။ သူ့ကျောင်းမှာက အဖွဲ့အစည်းနဲ့ အလုပ်လုပ်ပါတယ်။ ကိုယ့်ကျောင်းမှာက ဘာအဖွဲ့အစည်းမှ မရှိပါ။ ကိုယ့်ကျောင်းက သူတစ်ပါးအား အကျိုးပြုပေးတဲ့လုပ်ငန်း နည်းနေပါသေးတယ်။ အများအကျိုးပြုလုပ်ငန်းတွေ များများလုပ်ပေးဖို့ အများကြီး လိုအပ်နေပါသေးတယ်။

http://www.dhammadownload.com

မုခ်ဦးအလှူ

၉-၄-၂၀၀၆ နေ့က ညနေ ခြောက်နာရီခွဲလောက်မှာ မှော်ဘီမြို့မှ စျေးသူစျေးသားတွေက သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ ပဋိပတ်ဘက်ပိုင်းမှာ မုခ်ဦးအလှူအတွက် နဝကမ္မဝတ္ထုငွေ ၁၀ သိန်း ၅ ထောင်ကို ပထမအရစ်အဖြစ် လာလှူကြပါတယ်။ ဒေါ်ညို, ဒေါ်ဝင်း, ဒေါ်ခင်မျိုးတင့်, ဦးလှဝင်း စတဲ့ ပုဂ္ဂိုလ်တွေက ဦးကြည်ဝင်းကို ဦးဆောင်ခိုင်းကာ လျှောက်ထားစေကြပါတယ်။ ကျောင်းဒကာ ဦးခင်ဇော်ထံ သူတို့ ကြိုက်နှစ်သက်တဲ့ မုခ်ဦးပုံစံအတိုင်း လုပ်ပေးဖို့ အပ်နှံပေးပါမယ်။ သာမဏေကျော် နေရာ ကျောင်းဆောင်သစ်ကြီးရဲ့ အောက်ထပ်ဟာ ဧည့်သည်တွေကို ဧည့်ခံစကားပြောဖို့ ပြုလုပ်ထားတဲ့ အထပ် ဖြစ်ပါတယ်။ မှော်ဘီစျေးသူ, စျေးသားတွေက သာမဏေကျော် မဟာဂန္ဓာရုံသို့ ပြောင်းရွှေ့ကာ စတင် သီတင်းသုံးခိုက် ပထမဆုံးလာရောက်ဖူးမြော်ကန်တော့ခဲ့ကြပါတယ်။ အခုလည်း မှော်ဘီမြို့မ စျေးသူ, စျေးသားတွေကို ဧည့်ခံစကားပြောရာ နေရာမှာ ပထမဆုံး ဧည့်သည်တွေအဖြစ်နဲ့ ဧည့်ခံစကားပြောလိုက်ရပါတယ်။ ၈ နာရီလောက်မှာ ပြန်သွားကြပါတယ်။

မှော်ဘီစျေးသူ, စျေးသားတွေက ဆရာတော်ဥူးမေဓာဘာရရဲ့ ဦးဆောင်မှု, အမရပူရ မဟာဂန္ဓာရုံမှ ဥူးကွန္ဒေဘာသာဘိဝံသရဲ့ စောင်မမှူတွေအရ သာမဏေကျော် မဟာဂန္ဓာရုံအပေါ် အာရုံစိုက်ကာ ဂရုစိုက်ကြပါတယ်။ မှော်ဘီ စျေးသူ, စျေးသားတွေထဲမှ ဒေါ်ညိုကလည်း အတော်ကို ပျော်ရွှင်ကြည်နူးနေပုံရပါတယ်။ အသံကျယ်ကျယ်နဲ့ ပြောဆိုပြီး အဖော်တချို့ကို ခေါ်ကာ စွန်ညီနောင် - စွန်မင်းကျောင်းဆောင် တစ်ရဲ့ အပေါ်ထပ်ကို တက်သွားပါတယ်။ အပေါ်ထပ်မှာ ကိုရင်တွေ, ဖိုးသူတော်တွေက စကြံလျှောက်ပြီး တရားရှုမှတ်နေကြပါတယ်။ အဲဒီမြင်ကွင်းကို မြင်တွေ့လိုက်ရတော့ ဒေါ်ညိုဟာ အတော်ကို ကျေနပ်သွားပုံပေါ် ပါတယ်။ ပြန်အဆင်းမှာတော့ အတက်မှာလို အသံကျယ်ကျယ် မပြောတော့ဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ပြန်ဆင်းသွားပါတယ်။ ဦးကြည်ဝင်းက ဦးခင်ဇော်ရဲ့ အင်ဂျင်နီယာမလေး မအေးမြလွင် ဆွဲထားပုံ မုခ်ဦးပုံကိုလည်း ကြည့်ရှုပါတယ်။ သူယူလာတဲ့ မုခ်ဦးပုံစံတွေကိုလည်း ပြပါတယ်။ ဦးခင်ဇော်နဲ့ မအေးမြလွင်တို့ကို တိုင်ပင်

http://www.dhammadownload.com

ပြီး ဆောင်ရွက်လိုက်ရင် စိတ်တိုင်းကျမုခ်ဦး ဖြစ်လာပါလိမ့်မယ်။ ကိုရီးယား ခရီးစဉ်က အပြန်မှာ မုခ်ဦးကို မြင်တွေ့ရမယ် ထင်ပါတယ်။ မှော်ဘီအဖွဲ့က ဦးကြည်ဝင်းရဲ့ဦးဆောင်မှုကို ကျေနပ်သဘောကျကြပုံပေါ်ပါတယ်။ ဒေါ်ညိုတို့က ဦးကြည်ဝင်းကိုပဲ ဦးဆောင်စေကြပါတယ်။

ဝါသနာအရ

၁၁-၄-၂၀၀၆ နေ့နံနက် ရှစ်နာရီခွဲလောက်မှာ မစာရုဒဿီနီလှူမယ့် စာရေးစားပွဲနဲ့ ကုလားထိုင်ကို လာပို့ရင်း သာမဏေကျော်ကို လာခေါ်ပါမယ်လို့ မဝိမလဉာနီက ဖုန်းဆက် ပြောပါတယ်။ ၉-၄-၂၀၀၆ နေ့က စာအုပ်တွေကို တင်စရာစင်တွေကို ပြုလုပ်ပြီးပါပြီ။ စာအုပ်တွေကို အစီစဉ်တကျ တင်ထားလိုက်ရာ ကြည့်ရှုလို့ ကောင်းလှပါတယ်။ အိပ်ခန်းနံရံကို ကပ်လျက် စာအုပ်စင်တွေကို ထားပါတယ်။ ကြည့်ရှုချင်စရာ စာအုပ်တွေကို အလွယ်တကူ ယူပြီး ကြည့်လို့ရသွားပါတယ်။ ဒီလိုဖြစ်ချင်နေတာ ကြာပါပြီ။ ကိုရီးယားမသွားခင် သာမဏေကျော် မြင်သွားရအောင် စာအုပ်စင်တွေကို အမီရိုက်ပေးပါတယ်။ ပဏ္ဏိတာရာမမှာတုန်းက ရေးလို့မပြီးသေးတဲ့ "ထင်ပေါ်ကျော်ကြား ရဟန်းများ" စာအုပ်ကို ကိုရီးယားက ပြန်လာမှပဲ ဆက်ရေးပါတော့မယ်။ သာမဏေကျော် မဟာဂန္ဓာရုံသို့ ပြောင်းရွှေ့လာခါစမှာ ဆက်ရေးလို့ပေမယ့် ပိဋကစာအုပ်တွေက ပြန့်ကျဲနေပါတယ်။ ဟိုတစ်ခု, ဒီတစ်ခု ရှိနေပါတယ်၊ ဗီရိုတွေ, ဆာလာအိတ်တွေထဲမှာ စုပုံထည့်ထားရပါတယ်။ ပိဋကစာအုပ်တွေကို ကြည့်ချင်ပေမယ့် အလွယ်တကူ ရှာမရလို့ မကြည့်ဖြစ်ပါ၊ ကိုရီးယားက ပြန်လာချိန်မှာတော့ စာအုပ်စင်တွေပေါ်က စာအုပ်တွေကို အလွယ်တကူ ယူပြီး ကြည့်နိုင်တော့ပြီမို့ ပိဋကဆိုင်ရာစာအုပ်တွေကို ဆက်လက်ရေးပါတော့မယ်။

ဒဿိနီကလောင်အမည်နဲ့ စာတွေ ရေးနေတဲ့ မစာရုဒဿိနီ လှူတဲ့ စာရေးစားပွဲနဲ့ စွန်ညီနောင် - စွန်မင်း ကျောင်းဆောင်နှစ် အပေါ်ထပ်မှာ စာအုပ်တွေ ဘယ်လောက် ရေးဖြစ်မယ်လို့ ခန့်မှန်းလို့ မရနိုင်သေးပါ။ "ထင်ပေါ်ကျော်ကြား ရဟန်းများ" စာအုပ်ကိုလည်း ရေးဖို့ စိတ်ကူးထားပါသေးတယ်။ စိတ်ကူးထဲ ရေးဖို့ ပေါ်လာမယ့် အခြားအခြား စာအုပ်တွေကိုလည်း

http://www.dhammadownload.com

ဆက်လက် ရေးသွားပါဦးမယ်။ ရေးပြီးစာအုပ်တွေက ၁၀၀ လောက် ရှိသွားပါပြီ။ ကျန်းမာပြီး အသက်ရှင်နေသေးရင် စာအုပ်တွေကို ဆက်လက် ရေးဖြစ်နေဦးမယ်လို့ ယူဆထားပါတယ်။ ကိုယ် သိစေချင်တဲ့ အချက်အလက်တွေ ရှိနေသေးသမျှ ရေးစရာ စာတွေက ရှိနေဦးမှာပါပဲ။ ရေးစရာတွေ တွေ့နေရသမျှ မရေးဘဲလည်း နေနိုင်မယ် မဟုတ်ပါ။ ဝါသနာအရ ဆက်လက် ရေးနေဦးမှာပါပဲ။ ဆက်လက်ရေးနေသေးသမျှ စာအုပ်တွေကလည်း ဆက်လက် ထွက်နေဦးမှာပါပဲ။ စာရေးချင်တဲ့ ဝါသနာကို မရေးပါနဲ့လို့ ဟန့်တားပေမယ့် ဟန့်တားလို့ မရနိုင်ပါ။ စာရေးတယ်ဆိုတာ ကိုယ် သိစေချင်တာလေးတွေကို နှုတ်နဲ့ မပြောဘဲ လက်နဲ့ ရေးပြောတာပါပဲ။

ကြောင့်ကြစိုက်တယ်တော့

သာမဏေကျော် ပဲခူးမြို့နယ် ဆယ်မိုင်ကုန်း ပဏ္ဏိတာရာမ တောစခန်း ရိပ်သာမှာ နေခဲ့တုန်းက သာမဏေကျော် မဟာဂန္ဓာရုံမှာ ဆောင်ရွက်သင့်, ဆောင်ရွက်ထိုက်, ဆောင်ရွက်ရမယ့် ကိစ္စတွေကို ဖုန်းနဲ့ မကြာမကြာ ပြောခဲ့ရပါတယ်။ ဖုန်းနဲ့ တစ်ခါ ပြောရင် ပြောစရာကိစ္စအားလုံး မကြွင်းကျန်ရအောင် ပြောချင်တဲ့ အချက်တွေကို စာရွက်မှာ ရေးမှတ်ပြီး တန်းစီ ပြောသွားပါတယ်။ အချိန်တိုအတောအတွင်းမှာ ပြီးသွားအောင်လို့ပါ။ ကျောင်းမှာ အဆောက်အအုံတွေက ဘယ်လိုအခြေအနေ ရောက်နေပြီလဲ။ ဘယ်ကိစ္စတွေကို ဆောင်ရွက်ပြီးပြီလား စသည်ဖြင့် သိချင်တာတွေကိုလည်း မေးရပါသေးတယ်။ ပဏ္ဏိတာရာမ တောစခန်းရိပ်သာ ဖုန်းက ကောင်းတဲ့အခါမှ ကောင်းတတ်ပါတယ်။ အမြဲ ကောင်းမနေပါ။ ဒါကြောင့် ပြောချင်ပေမယ့် ပြောလို့မရတဲ့အခါ ရှိပါတယ်။ ပြောလို့ရတဲ့အခါ ရောက်မှ စုပေါင်း ပြောရပါတယ်။ လုပ်ဆောင်စရာကိစ္စတွေကို အသေးစိတ် မေးမြန်းရပါတယ်။ ညွှန်ကြားရပါတယ်၊ အဲဒီလို မကြာခဏ ဖုန်းနဲ့ ပြောတာကို မြင်တွေ့ရတဲ့ ပုဂ္ဂိုလ်တစ်ဦးက "သူ့ကျောင်းကိစ္စတွေကိုတော့ စိတ်ဝင်စားတယ်, ကြောင့်ကြစိုက်တယ်တော့" လို့ ပြောပါသတဲ့။ မောင်လှမြင့်ကတော့ "သာမဏေကျော်က သူ့ကျောင်းကို ရခါစမယားလေးလိုပါပဲ" လို့ ရယ်စရာလို အနေနဲ့ အတည်ပြောပါတယ်။

http://www.dhammadownload.com

သာမဏေကျော်ထံက ဖုန်းကို နားထောင်ရတဲ့ ဥုးဩဘာသတို့, မောင်လှဝင်းတို့ကတော့ သာမဏေကျော်ထံက ဖုန်းလာမှာကို ကြောက်နေတတ်ကြပါသတဲ့။ "ဘာ လုပ်ပြီးပြီလဲ။ ဘာတွေကို မလုပ်ရသေးဖူးလား" စသည်ဖြင့် မေးတဲ့မေးခွန်းတွေ, ညွှန်ကြားချက်တွေက သူတို့ကို တာဝန်လေးစေ, ကျဉ်းကျပ်စေပုံရပါတယ်။ လုပ်ငန်းကိစ္စတွေမှာ မလစ်ဟင်းရအောင် ဆောင်ရွက်တတ်ဖို့ ညွှန်ကြားပြောပြပေးရတာဟာ ခေါင်းဆောင်လုပ်သူတို့ရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ သာမဏေကျော် ဖုန်းနဲ့ ပြောပြီး မေးမြန်းရ, ညွှန်ကြားရတဲ့စကားတွေထဲက တစ်စိတ်တစ်ဒေသကိုပဲ ဖော်ပြပါမယ်။ ဥုးဩဘာသ, မောင်လှဝင်းတို့က သာမဏေကျော်ထံက ဖုန်းနဲ့ ပြောလာတဲ့ စကားတွေကို ရော, အခြားသူတွေထံက ပြောလာတဲ့ စကားတွေကိုပါ ရေးမှတ်ထားလေ့ရှိကြပါတယ်။ သူတို့ရဲ့ မှတ်သားချက်တွေအရ အောက်ပါ သာမဏေကျော်ရဲ့ ပြောစကားတွေကို ပြန်လည်ဖတ်ရှုရပါတယ်။ အဲဒီ စကားတွေကလည်း ကျောင်းသစ်ရဲ့အရုဏ်ဦးကို ဖော်ကြူးတဲ့စကားလေးတွေ ဖြစ်နေကြပါတယ်။ ဥုးဩဘာသ, မောင်လှဝင်း, မောင်အောင်ဆန်းတို့ ကြောက်တယ်ဆိုတဲ့ စကားလေးတွေက ဘယ်လိုစကားတွေပါလိမ့်။ ရှုစားကြည့်ပါဦး။

ဥုးဝီရိယ, ဥုးဩဘာသ, ဥုးဇဋိလတို့ထံ စာရေးလိုက်ပါတယ်။

ကိုရင်နှစ်ပါးကို ဝါခေါင်လပြည့်မတိုင်မီ ဝတ်ပေးပြီး ဒုတိယဝါ ဆိုပေးပါ။ တစ်ပါးက ကိုအေးသန်းရဲ့သား၊ တစ်ပါးက ခင်လေးရီရဲ့တူ(အစ်မရဲ့သား)၊ ကိုရင်နှစ်ပါးရဲ့သပိတ်, သင်္ကန်း စသည် လိုအပ်သမျှအတွက် သာမဏေကျော်ရဲ့ နဝကမ္မနဲ့ စီမံပေးပါ။ ခင်လေးရီတူကိုတော့ မြန်မာစာပါ သင်ပေးရပါလိမ့်မယ်။ လိမ္မာယဉ်ကျေး အချိုးကျတဲ့ ကိုရင်လေးတွေ ဖြစ်အောင် ပြုစုပျိုးထောင်ပေးကြပါ။

တဲဆောက်ဖို့ အကူအညီတွေကို ကိုရင်နှစ်ပါးရဲ့ ခမည်းတော်ကြီးတွေက ပေးပါလိမ့်မယ်။ လိုအပ်တဲ့ နဝကမ္မကို မဝိမလထံမှ ကပ္ပိယနဲ့ သွားယူပါ။ ဝါကျွတ်မှ အကျေပေးချေရမယ့် ငွေကိုတော့ မဖြူထံမှ လာတဲ့အခါ ပေးလို့ရပါတယ်။ ယခု လောလောဆယ် လိုအပ်နေတဲ့ နဝကမ္မကိုသာ မဝိမလက လဲလှယ်ပေးပါလိမ့်မယ်။

http://www.dhammadownload.com

ချောင်းဟိုဘက်က တစ်သိန်းလောက်တန်တဲ့ နေရာလေးကို အမြန်ယူလိုက်ပါ။ မိခိုင်လေးရဲ့ သားလေးနှစ်ယောက် စနေ, တနင်္ဂနွေ လာခဲ့တဲ့ အခါ သူတို့လာနိုင်တဲ့ အချိန်မှာ မေတ္တာ, ကရုဏာရှေ့ထားပြီး သင်ပေးကြပါ။

အနီးပတ်ဝန်းကျင်က ကလေးတွေကို ဥုဇင်းတို့ ကြိုက်နှစ်သက်ရာ အချိန်မှာ သင်ပေးကြပါ။ မကျွေးမွေးနိုင်တော့ ၁၂ နာရီနောက်ပိုင်း ကောင်းမယ် ထင်ပါတယ်။ ဂဝံကျောက် ခင်းချင်တာလည်း ခင်းလိုက်ကြပါ။

ဆွမ်းခံကြွရင် ဆွမ်းခံလမ်းဆိုင်ရာ ကလေးတွေကို ဗုဒ္ဓယဉ်ကျေးမှု သင်တန်း တက်ရောက်လိုက ဥပုသ်နေ့တိုင်းမှာ လာရောက် သင်ယူနိုင်ကြောင်း ပြောပြပေးကြပါ။ ဘုန်းကြီးဥုဇမေဓာသာရ, ဥုဇစန္ဒသိရီထံ သူတို့ဆိုင်ရာ ဒကာ, ဒကာမတွေကိုလည်း အသိပေးဖို့ လျှောက်ထားကြပါ။

တဲကြီးကြီး ဆောက်လိုက်ရင် သင်တန်းသားကလေးများအတွက်ပါ အဆင်ပြေပါလိမ့်မယ်။ ဦးအေးသန်း, ကိုဌေးညိုတို့ရဲ့ အကူအညီနဲ့ အမြန်ဆုံး ဆောက်လိုက်ကြပါ။ သာမဏေကျော်ရဲ့ နဝကမ္မနဲ့ပဲပေါ့။

မောင်မြင့်သိန်းရဲ့သားလည်း အဲဒီမှာ ကိုရင်ဝတ်နေရင် ကောင်းပါတယ်။ ရေသိမ်ဖြစ်မယ့် ကုန်းလေးရဲ့ အရှေ့ဘက်ပိုင်းပါ (သင်းပိုင်အောက်စရောက်တဲ့ နေရာလောက်ထိ) ရေစီးအောင် ပြုပြင်ပေးလိုက်ပါ။

သာမဏေကျော်

ဥုဇင်းတွေအတွက် အစကောင်းမှ အနှောင်းသေချာ

ဝိနည်းကို အလေးပြုတော်မူကြတဲ့ ဆရာတော်ကြီးတွေ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ကို ရောက်လာရင် အထင်သေးစရာ အခြေအနေတွေ မရှိရအောင် အသေးအမွှား ဝိနည်းကိစ္စတွေက စပြီး သတိပြုကြရပါမယ်။ ဥပမာ -

အကပ်မခံဘဲ စားစရာတွေကို ကိုင်တွယ်မှု။
ထမင်းအိုး, ဟင်းအိုး လှပ်ကြည့်မှု။
ပဲ, ဆန်, ငရုတ်စသည်ကို မလိုအပ်ဘဲ,
လက် အငြိမ်မနေဘဲ လျှောက်ကိုင်မှု။

http://www.dhammadownload.com

အကပ်ခံပြီး စားဖွယ်, သောက်ဖွယ်တွေကို
နောက်နေ့တွေမှာ သိမ်းဆည်း စားသောက်မှု။
အကပ်ခံပြီး ပျားရည်, စတုမဓူကို ခုနစ်ရက်ထက် အလွန်မှာ စားမှု။
သင်္ဃန်းမရုံဘဲ အပြင်သွားမှု၊ ပိုက်ဆံကိုင်သွားမှု၊
ကပ္ပိကာရကနဲ့ အပ်စပ်အောင် မစီမံမှု။
"ပိုက်ဆံကို ယူလိုက်, သူ့အား ပေးလိုက်, ဒီမှာ ထားခဲ့, ဒီပိုက်ဆံနဲ့
ဝယ်ခဲ့, ပိုက်ဆံကို ဟိုနေရာမှာ သိမ်းထားလိုက်" စတဲ့ ဝိနည်းနဲ့ မညီ
တဲ့ စီမံမှု။
သင်္ဃန်းသစ် ရလာရင် အဓိဋ္ဌာန်, ဝိကပ္ပနာ မပြုမှု။
သင်္ဃန်းသစ် ဝတ်ရင် ကပ္ပဗိန္ဒု မထိုးမှု။
လက်သည်းအရှည် ထားမှု။
ပါးမွေး, မေးမွေး အရှည် ထားမှု။
ကိုရင်, ကျောင်းသားတွေကို ရိုက်နှက်မှု။
အဝေးမှ အကပ်ခံမှု။
လေးလွန်းတဲ့ စားပွဲကို (ပေါင်းပြီး) အကပ်ခံမှု။
အနီးမှ ဆွမ်း, ဆွမ်းဟင်း လာလိုက်စဉ် ကိုင်မထားမှု။
ကပ္ပိရမယ့် စားဖွယ်တွေကို မကပ္ပိဘဲ စားမှု။
ဝစ္စကုဋိမှာ သင်္ဃန်းတင်ဖို့ တန်း (ဝါးတန်းစသည်) မထားရှိမှု။
ပိုက်ဆံကို ကပ္ပိကာရကထံ လျှဲသွားရင် ကပ္ပိကာရကကို အလျှောက်
မခိုင်းမှု။
အဓိဋ္ဌာန်, ဝိကပ္ပနာမပြုဘဲ ၁၀ ရက် ထက်လွန်တဲ့
သပိတ်, သင်္ဃန်းကို မစွန့်မှု, ဝိကပ္ပနာမပြုမှု။
ဆွမျိုးပင်ဖြစ်စေ မိန်းကလေးငယ်ငယ်, ကြီးကြီးကို
မသာယာဘဲ ထိကိုင်မှု။
အမျိုးသမီးနဲ့ နှစ်ယောက်ချင်း ဆိတ်ကွယ်ရာမှာ
နေထိုင်မှု၊ စကားပြောမှု။
လိင်ကျလျက် ကိုရင်တွေ သရဏဂုံ ထပ်မယူမှု။

http://www.dhammadownload.com

သေနာသနဝတ် ပျက်ကွက်မှု။
လုံလောက်တဲ့ အကြောင်းမရှိဘဲ ဥပုသ် မပြုမှု။
ကမ္မဝါစာကို မှန်ကန်အောင် မရွတ်ဖတ်မှု။
သစ်သီးရှိတဲ့ သစ်ပင်ကို ကိုင်မှု။
သစ်ရွက်, သစ်သီးတွေကို ဆွတ်ခူးမှု။
မြေကြီး တူးဆွမှု။
မြက် နုတ်မှု။
မွန်းလွဲပိုင်းမှာ ရေနွေးကြမ်း သောက်မှု၊
ဆေးလိပ် သောက်မှု၊ ကွမ်း စားမှု။

အထက်ပါအသေးအဖွဲလေးတွေနဲ့ အခြားအလားတူ အသေးအဖွဲလေးတွေကိုပါ လိုက်နာတဲ့ အလေ့အထကောင်းတွေ အားနည်းနေသေးရင် အားကောင်းလာအောင် ပြုလုပ်ကာ ကိုယ့်ရဟန်းဘဝကို မြှင့်တင်ပေးကြပါ။ (ဘုရားစင်မှာ စားသောက်စရာတွေ ရှုပ်ပွမနေပါစေနဲ့။ ထားစရာ ရှိလာရင် အခြားနေရာမှာ ထားပါ။)

သပိတ်ဆေးရာနေရာမှာ ဆွမ်းလုံးတွေ ပေပွမနေပါစေနဲ့။

ဥူးဇင်းတွေထံ

၁။ မဟာဂန္ဓာရုံ, မဟာစည်, သပြေကန်, ရွှေတောင်ကုန်းဆရာတော်ကြီးတွေရဲ့ ဩဝါဒ, အဆိုအမိန့်တွေကို ဘုရားရှိခိုးချိန်မှာ တစ်အုပ်ပြီးမှ တစ်အုပ် ဖတ်ပြကြရန် ဖြစ်ပါတယ်။ မဟာဂန္ဓာရုံဩဝါဒတွေကို ကုန်အောင် အရင်ဆုံး ဖတ်ပြပေးပါ။

၂။ ဥပုသ်နေ့မှာ ဥပုသ်ပြုပေးကြပါ။
(နှစ်ပါးရှိ နှစ်ပါး ဥပုသ်၊ သုံး လေးပါးရှိ သုံးလေးပါး ဥပုသ် ပြုကြပါ)

၃။ ဥပုသ်နေ့မှာ ကိုရင်တွေအား သရဏဂုံ, သီလ, ဥပဇ္ဈာယ် ပေးကြပါ။

၄။ ဝိနည်းငါးကျမ်း မြန်မာပြန်စာအုပ်တွေကို နောက်နှစ်တွေမှာ ဥူးဇင်လ ဖတ်ပြီး ပြောပြသင့်တာကို ကိုရင်တွေအား ပြောပြပေးရန် ဖြစ်ပါတယ်။ မဟာဝါ၊ ပရိဝါ၊ စူဠဝါ၊ ပါရာဇိကဏ်၊ ပါစိတ် အစဉ်အတိုင်း ပြောပြပေးပါ။

http://www.dhammadownload.com

၅။ အငယ်တန်း ယဉ်ကျေးမှုစာအုပ်ကို ကြိုတင်သင်ပေးထားပြီး စာမေးပွဲ အဖြေခိုင်းပေးပါ။

၆။ သင်တန်းတွင်း ချက်ပြုတ်စရာ သီးနှံပင်တွေကို ကြိုတင်စိုက်ထားကြပါ။

၇။ သင်တန်းအတွက် ကြိုတင်ပြင်ဆင်စရာတွေကို စောစောပြီးအောင် လုပ်ထားနိုင်လေ ကောင်းလေ ဖြစ်ပါတယ်။

၈။ ကျောင်းပြင်သွားကြတဲ့အခါ စက်ဘီး, ဆိုင်ကယ် မစီးကြပါနဲ့။ တီဗွီ လည်း အပြင်ထွက် မကြည့်ကြပါနဲ့။

၉။ ကျောင်းပိတ်နေ့တိုင်း (စနေ, သို့မဟုတ် တနင်္ဂနွေ) ယဉ်ကျေးမှု သင်တန်းသားလေးတွေအား စာဆက်သင်ပေးကြရင် ကောင်းပါတယ်။

၁၀။ ကိုရင်တွေအား ကိုယ်ပတ် ချုပ်ပေးထားရင် ကောင်းပါတယ်။

၁၁။ ဥူးသြဘာသထံက အသံထွက် အင်္ဂလိပ်အဘိဓာန်စက်လေးကို မောင်လှဝင်း အသုံးပြုကြည့်ပေါ့။

၁၂။ စက်ဘီး ကပ္ပိမှာဆိုရင် ကပ္ပိပါ။ လူဝတ်ကြောင်တွေအတွက် အင်္ကျီ, သို့မဟုတ် အနွေးထည် လှူပေးပါ။

၁၃။ ကက်ဆက်လေးကို ဥူးသြဘာသ သိမ်းဆည်းထားပါ။ တရားစခန်း စသည်မှာ အသုံးပြုဖို့ လိုပါလိမ့်မယ်။

၁၄။ စောင်, ခြင်ထောင်, သင်္ကန်းစတာတွေကို ထည့်ဖို့ သေတ္တာလိုနေပါ ပြီ။ ဥူးဥာနဝရ, ဥူးဇဝနတို့ ဖတ်ဖို့ စာအုပ်တွေကို တင်ဖို့ စင်လေး လုပ်ပေးထားပါ။

၁၅။ သာမဏေကျော်က လုပ်သင့်တာတွေကိုလုပ်ဖို့ အကြိမ်များစွာ တိုက် တွန်းပါလျက် အလေးမပြု၊ လျစ်လျူရှုထားရင် ရေရှည်ကျောင်း တိုက်အတွက် မကောင်းပါ။ သာမဏေကျော်ကို အရှုး အပေါ် လုပ် လိုက်သလိုလည်း ခံစားရပါတယ်။ ဝဋ်လည်တတ်တယ်။

ဥူးဇင်းတွေထံ

၁။ ဒီနဝကမ္မတစ်သိန်းကို မုတ္တမ, မကြည်ကြည်ဝင်းက နောက်ထပ် ကပ္ပိ မယ့် တစ်သိန်းလောက်တန်တဲ့ မြေနေရာအတွက် လှူတာ ဖြစ်ပါ

http://www.dhammadownload.com

တယ်။ ကပ္ပိုပြီး တစ်သိန်းထဲက ကျန်သေးရင် ဆွမ်းစားကျောင်း အသုံးအဆောင်ဖြစ်တဲ့ ဓာတ်ဘူး, ရေနွေးအိုး, စတဲ့ ပစ္စည်းတွေကို စီစဉ်ပေးပါ။

၂။ ကျောင်းဝင်း အဝင်လမ်းဘေးရှိ ချောင်းဘက်က ပြိုကျတဲ့ နေရာလေးကို ကိုအေးသန်းတို့ လူအုပ်စုနဲ့ သစ်သားရိုက်ကာ မြေထိန်းနံရံ လုပ်ဖို့ စီစဉ်ပါ။

၃။ ချောင်းထဲက တောင်ပို့မြေ(ရေသိမ်နေရာ) အပေါ် မြက်တွေကို ရှင်းပေးပါ။ ပတ်ဝန်းကျင်ရှိ ခွေးလှေးယားပင်တွေကို ရှင်းပစ်ပါ။ တောင်ကမူလေး အရှေ့ဘက်မှာ ရေစီးအောင် လုပ်လိုက်ပါ။

၄။ ဆွမ်း, ဆွမ်းဟင်းကိစ္စနဲ့ ပတ်သက်ပြီး မောင်မြင့်သိန်းတို့ရဲ့ ပိုက်ဆံမကုန်ကျပါစေနဲ့။ သာမဏေကျော်ရဲ့ နဝကမ္မပဲ ကုန်ကျပါစေ။

၅။ တဲ ပြီးသွားရင် ယဉ်ကျေးမှုသင်တန်းကို ဥပုသ်နေ့မှာ စဖြစ်အောင် စလိုက်ကြပါ။ မှော်ဘီ, ထောက်ကြန့်, ကျောင်းဝန်းကျင်ကို အသိပေးကြပါ။ မခိုင်လေး သားတွေ လာရင်တော့ တနင်္ဂနွေ, စနေနေ့ပါ သင်ပေးကြပါ။

၆။ လူငယ်တို့အတွက် ဗုဒ္ဓအကြောင်းစာအုပ် ခုနစ်အုပ် ထပ်ပေးလိုက်ပါတယ်။ သင်တန်းအတွက် အသုံးပြုပါ။

ဥူးဇင်းတွေထံ

၁။ ဥူးဇင်္ဂီလက လူဝတ်ကြောင်တွေ ဘုရားရှိခိုးရာမှာ ငါးပါးသီလ ပေးပါ။ ပါဠိလိုရော မြန်မာလိုပါ အငယ်တန်း (ယဉ်ကျေးမှု) မှာ ပါပါတယ်။ မဟာဂန္ဓာရုံဆရာတော်ကြီး၏ လူဝတ်ကြောင်တွေအတွက် နံနက်ခင်းဩဝါဒတွေကို တစ်နေ့ နည်းနည်း ဖတ်ပေးပါ။ လူဝတ်ကြောင်တွေ မဟာဂန္ဓာရုံမှာ နေတုန်း ဘုရားရှိခိုး ကုသိုလ်လောက်, တရားအနည်းငယ် ရွှမှတ်, မေတ္တာပို့, အမျှဝေ ကုသိုလ်လောက်တော့ ရအောင် ယူကြပါ။ နောက်ထပ်တစ်ခါ ထပ်တိုက်တွန်းရရင် မကောင်းပါ။ ဥူးဇင်္ဂီလက လူဝတ်ကြောင်တွေ ညနေပိုင်း ဘုရားဝတ်တက်ရာမှာ ဦးဆောင်ပေးပါ။ ဥူးဇင်္ဂီလက ရှေ့က ဆိုပေးပါ။

http://www.dhammadownload.com

၂။ ကိုရင်တွေကိုတော့ ဥုံးဝီရိယ, ဥုံးသြဘာသတို့ ဦးဆောင်ပေးပါ။ သံဃာတွေနဲ့ လူဝတ်ကြောင်တွေ ဘုရားဝတ်တက်ခိုန်မှာ တစ်နေရာစီ ခွဲပြီး ဝတ်တက်ကြပါ။ ကိုရင်လေးတွေ မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ သြဝါဒတွေကို နာခွင့်ရအောင် ဥုံးဝီရိယ မဆောင်ရွက်ရင် ဥုံးသြဘာသ ဆောင်ရွက်ပါ။

၃။ သီတင်းကျွတ်လကွယ်နေ့မှာ ကိုရင်တွေကို ဥုံးပညိသရ ဦးဆောင်ပြီး လှော်ကားရွာဘက်တွင် ဆွမ်းဆန်စိမ်းခံကြွပါမယ်တဲ့။ အလှူခံနိုးဆော်စာ စာရွက်တွေနဲ့ ယဉ်ကျေးမှုလက်ကမ်းစာစောင်တွေကို ဝေငှထားပါ။

၄။ ယဉ်ကျေးမှုလက်ကမ်းစာစောင်တွေကို ကထိန်မှာ ပေးလိုက်ဖို့ ထပ်ကူးခဲ့ပါမယ်။

၅။ နောက်နောင် လပြည့်, လကွယ်တွေမှာ ဥုံးဇင်္ဂီလက ကိုရင်တွေကို ဦးဆောင်ပြီး ဆွမ်းဆန်စိမ်းခံ ကြွရပါမယ်။ ဥုံးဝီရိယ, ဥုံးသြဘာသက ကျောင်းသား, ကျောင်းသူလေးတွေကို စာပြကြရပါမယ်။ (ဥုံးဇင်္ဂီလနဲ့ ဥုံးသြဘာသ တစ်လှည့်စီ လိုက်ရင်လည်း ကောင်းပါတယ်။)

၆။ ကျန်တဲ့ ဥနွဲပင်ကြီးအောက်မှာလည်း ကွပ်ပျစ်ရိုက်လိုက်, ခင်းလိုက်ပါ။

၇။ မောင်မြင့်သိန်းကို ဥုံးသြဘာသ ဆက်လက်တာဝန်ယူ, တာဝန်ခံနိုင်ပါရင် နောက်စာရွက်ပါ အစီအစဉ်အတိုင်း နေခွင့်ပြုပါတယ်။

ဥုံးသြဘာသ

၁။ အဖြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းရာနေရာဖြစ်တဲ့ ဘုန်းကြီးကျောင်းမှာ ဇနီးမောင်နှံတို့ ရေရှည်နေဖို့ မသင့်လျော်ပါ။ မောင်မြင့်သိန်းဇနီးနဲ့ မောင်လေးတို့ ဝါကျွတ်ရင် ပြန်မယ်ဆိုရာ ကထိန်ပြီးရင် ပြန်ခွင့်ပြုလိုက်ပါ။ မောင်မြင့်သိန်းလည်း ဇနီး, သား, သမီးနဲ့ ကြာကြာ ခွဲခွာနေလို့ မသင့်တော်ပါ။ ကြာကြာ ခွဲခွာနေရင် မဖြစ်သင့်တာလေးတွေ ဖြစ်တတ်ကြတာဟာ လောကဓမ္မတာလို ဖြစ်နေပါတယ်။ ဒါကြောင့် မောင်မြင့်သိန်းပါ သူ့ဇနီးနဲ့အတူ လိုက်ပါသွားပါ

http://www.dhammadownload.com

စေ။ သူတို့သုံးယောက်အတွက် သာမဏေကျော်ရဲ့ နဝကမ္မမှ တစ်သောင်း စီ ပေးလိုက်ပါ။ သူတို့ကျေးဇူး ကြီးမားလှပါတယ်။ ဒါပေမဲ့ ကျောင်းတိုက်ရဲ့ ရေရှည်အကျိုးစီးပွားအတွက် မျှားစွာ အားနာကာ ပြောခိုင်းရခြင်း ဖြစ်ပါတယ်။

၂။ ပဏ္ဏိတာရာမ (မြို့ကျောင်း၊ တောကျောင်း၊ ပြင်ဦးလွင်မြို့) သက်တန်း ကာလတွေမှာ လူငယ် ဖို့, မတွေရဲ့ အဖြစ်အပျက်မျှားစွာကို ကြုံတွေ့ခဲ့ရတာမို့ လူငယ်အမျိုးသမီးဆိုရင် သာမဏေကျော် မဟာဂန္ဓာရုံမှာ ထားဖို့ ဝန်လေးလှပါတယ်။ စိတ်ပူရပါတယ်။ ဒေါ်တင်ငြိမ် နေသားကျသွားရင် မိမှေးကို ရွာတန်ခူးလ ဘုရားပွဲအမီ ပြန်ပါစေ။ ဒီကြားကာလမှာ ပြဿနာ မပေါ်ရအောင် အထူးဂရုစိုက်ပေးပါ။

၃။ ရန်ကုန် ပဏ္ဏိတာရာမ မဝိမလထံမှ ကျန် နဝကမ္မ ၁၀ ခုကို သွားယူပြီး ပြန်ရင် အဌားကားနဲ့ ပြန်ခဲ့ပါ။ သာမဏေကျော်ရဲ့ ပါဠိတော်, အဋ္ဌကထာ, ဋီကာစာအုပ်တွေကိုလည်း ကားနဲ့ တင်ယူခဲ့ပါ။ ပိုက်ဆံကို အစောကြီး ကြိုတင် ယူမထားပါနဲ့။ ပေးခါနီးမှ ယူပါ။ သိမ်းထားရရင် ဝန်လေးလို့ပါ။

၄။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ထဲမှာ လူတွေအားဘယ်သူ့ကိုမှ သီးနှံစိုက်စားခွင့် မပေးပါနဲ့တော့။ ကျောင်းအတွက်ပဲ ကပ္ပိယတွေ, ကိုရင်တွေနဲ့ စိုက်ပျိုးတော့ပါ။

၅။ လှော်ကားရွာဘက် ဆွမ်းဆန်စိမ်း အလှူခံဖို့ ကိုရင်ခြောက်ပါးနဲ့ ဒကာတွေကိုပဲ စမ်းသပ်ကြည့်တဲ့အနေနဲ့ တစ်ခါ, နှစ်ခါလောက် လွှတ်ကြည့်စမ်းပါ။ အဆင်ပြေရင် ဆက်ကြည့်တာပေါ့။ လူကြီးဆိုတာ ပြောသင့်တာတွေကို အားနာလှပေမယ့်လည်း ပြောရပါတယ်။

၆။ ယဉ်ကျေးမှုသင်တန်း လက်ကမ်းစာစောင်တွေကို နောက်လူကြုံနဲ့မှပဲ ပေးလိုက်ပါမယ်။ မောင်လှဝင်း လာရင် သူနဲ့ ပေးလိုက်ပါမယ်။

ကျန်းမာချမ်းသာကြပါစေ။

သာမဏေကျော်

http://www.dhammadownload.com

ဥုဒ္ဒါလ ဆောင်ရွက်ရန်

၁။ မြန်မာစာ မဖတ်တတ်သေးတဲ့ ကိုရင်လေးတွေကို ဖတ်တတ်လာအောင်၊ မရေးတတ်တဲ့ ကိုရင်လေးတွေကို ရေးတတ်လာအောင် နေ့စဉ် သင်ပေးရန်။

၂။ မှတ်သားလိုက်နာဖွယ် ဝတ္ထုဇာတ်လမ်း၊ ဇာတ်တော်၊ ဓမ္မပဒ စသည်တွေကို တစ်နေ့မှာ တစ်ပုဒ်လောက် ကိုရင်လေးတွေအား ပြောပြပေးရန်။

၃။ ဆွမ်းစားကျောင်းဆိုင်ရာ ကိစ္စတွေကို ကိုရင်တွေနဲ့ တွဲပြီး ဆောင်ရွက်ရန်။

၄။ နေရာအဆောင်, ကျောင်းဝင်းအတွင်း, ကုဋီတွေမှာ သန့်ရှင်း သပ်ရပ်မှုရှိအောင် ကိုရင်တွေနဲ့အတူ ဆောင်ရွက်ပေးရန်။

၅။ ပိဋကစာပေလာ မှတ်သားစရာကို တစ်နေ့မှာ အနည်းဆုံး တစ်မျိုးလောက်တော့ ဖတ်ဖြစ်အောင် ဖတ်ရန်။

၆။ ကဲကြီး, ကဲငယ်ကိစ္စ အသွယ်သွယ်ကို ဆောင်ရွက်တတ်အောင် ဥုဒ္ဒီရိယထံ လေ့လာရန်။

၇။ ဝိနည်းဗဟုသုတလည်း တိုးပွားအောင် နေ့စဉ် မှန်မှန် ကြိုးစားဖတ်ရှုရန်။

ဥုဒ္ဒါသြဘာသ ဆောင်ရွက်ရန်

၁။ အကြီးတန်း ပဉ္စာဟောင်းတွေကို ရသမျှ အခွင့်လေးအတွင်းမှာ ကြိုးစားဖြေပေးရန်။

၂။ ပစ္စည်းတွေကို စနစ်တကျ ထိန်းသိမ်းပေးရန်၊ သုံးစွဲပေးရန်။

၃။ စားရေး, သောက်ရေးစသည်အတွက် လိုအပ်တာတွေကို သာမဏေကျော်ရဲ့ နဝကမ္မနဲ့ အပ်အပ်စပ်စပ် ဖြစ်အောင် စီမံဆောင်ရွက်ပေးရန်။

၄။ ကျောင်းအတွက် မရှိမဖြစ် လိုအပ်နေတဲ့ ပစ္စည်းတွေကို သာမဏေကျော်ရဲ့ နဝကမ္မနဲ့ ပြည့်စုံအောင် ထူထောင်ပေးရန်။

၅။ ကုန်ကျငွေအရေအတွက်နဲ့ သုံးစွဲပုံ အကြမ်းဖျင်းစာရင်းလေးကို ဥုဒ္ဒီလကို ရေးမှတ်ထားခိုင်းရန်။

၆။ ကုဋီ (အိမ်သာ) ထပ်လိုရင် ထပ်ဆောက်ခိုင်းရန်။

http://www.dhammadownload.com

ဒီကျောင်းမှာ နေပြီး အပြင်သွားကာ လောကီစာသင်ကျောင်းတက်မယ့် ကျောင်းသူ, ကျောင်းသားတွေနဲ့ အလုပ်လုပ်ကြမယ့် လူဝတ်ကြောင်တွေကို လက်မခံလိုပါ။ ပရိယတ်, ပဋိပတ်အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေကသာ ဘုန်းကြီးကျောင်းနဲ့ သင့်လျော် လျောက်ပတ်ကြပါတယ်။

ဥုဝိရိယ ဆောင်ရွက်ရန်

၁။ နေ့စဉ် သင့်တော်ရာ အချိန်တစ်ချိန်မှာ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ နံနက်ခင်းဩဝါဒ၊ မဟာစည်ဆရာတော်ကြီးနဲ့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးတွေရဲ့ အဆိုအမိန့်တွေကို တစ်လှည့်စီ ၁၅ မိနစ်ခန့် ဥုဇင်း, ကိုရင်အားလုံးအား ဖတ်ပြပေးရန်။

၂။ ကိုရင်တို့အား ဥပုသ်နေ့တိုင်း သရဏဂုံနဲ့ ဆယ်ပါးသီလ, ဥပဇ္ဈာယ်တို့ကို ပါဠိလိုရော မြန်မာလိုပါ ဆိုပေးရန်။

၃။ မဟာဂန္ဓာရုံနည်းစနစ်နဲ့အညီ ကိုရင်တို့ ဝတ်တတ်, စားတတ်, သောက်တတ်, ပြောတတ်, ဆိုတတ်, သွားလာတတ်, ဆက်ဆံတတ်အောင် သင်ပေးရန်။ (ဂန္ဓာရုံအချိုး, ဂန္ဓာရုံပုံစံ သွင်းပေးရန်)

၄။ ဥပုသ်နေ့မှာ ခေါင်းရိတ်, နေ့စဉ် တံမြက်လှည်း, အမှိုက်ကုံး, သန့်ရှင်းရေးလုပ်တာတွေကိုလည်း ဂန္ဓာရုံပုံစံအတိုင်း ကိုရင်လေးတွေ ဆောင်ရွက်ခိုင်းပေးရန်။

၅။ လိင် ၁၀ ပါး၊ ဒဏ် ၁၀ ပါး၊ သေဒိယ၊ ခန္ဓကဝတ်စတဲ့ ကိုရင်တို့ သိကျင့်ဖွယ်တွေကို ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း အငယ်တန်းစာအုပ်ထဲကအတိုင်း ပါဠိမဆိုတတ်သေးရင် မြန်မာသက်သက်နှုတ်တိုက်သင်ပေးရန်။ (တစ်နေ့မှာ တစ်ချိန်)

၆။ ဘုရားဝတ်တက်ရာမှာ တညီတညာ ဖြစ်စေရန် ရွှေတောင်ကုန်းယဉ်ကျေးမှု ဘုရားရှိခိုးစာအုပ်လေးအတိုင်း ရွတ်ဆိုခိုင်းရန်။ (ရှေ့က ဆိုပေးရန်)

၇။ သံဃာအားလုံး ညဘုရားရှိခိုး, မေတ္တာပို့ အမျှဝေခိုင်းရန်, နံနက်တရားရှုမှတ်ခိုင်းရန်။

http://www.dhammadownload.com

၈။ မဟာဂန္ဓာရုံနည်းအတိုင်း အတတ်နိုင်ဆုံး အစစအရာရာမှာ ဦးဆောင်ပေးရန်။

၉။ ကိုရင်တွေကို မီးအသုံးပြုရာမှာ အထူးသတိထားဖို့ ပြောပေးပါရန်။

ဥုဇင်းတွေနဲ့ မောင်လှဝင်းထံ

၁။ ကထိန်သင်္ကန်းကို ဥုဒိရိယ ခံယူပါ။ ခင်းပါ။ ကထိန်တရားကိုလည်း ဥုဒိရိယပဲ ဟောပါ။ ကြိုတင် လေ့လာထားပါ။

၂။ ကထိန်ကံမှာ သံဃာငါးပါးရှိရမှာမို့ သိမ်ထဲ ကထိန်သင်္ကန်း ဥုဒိရိယအား ပေးရာမှာ နောက်ထပ် ရဟန်းနှစ်ပါး လိုပါမယ်။

၃။ ကထိန်ကမ္မဝါစာ ဖတ်တတ်အောင်, ကထိန်အနုမောဒနာ ပြုတတ်အောင် ဥုဩဘာသ, ဥုဇ္ဈိလတို့ ကြိုတင်လေ့ကျင့်ထားကြပါ။ ဝါဆိုနဲ့ကထိန် စာအုပ်လေးထဲက ကထိန်အကြောင်းကို သေချာဖတ်ကြပါ။

၄။ အဲဒီကထိန်ကို သာမဏေကျော် မလာတော့ပါ။ ကား အဆင်ပြေမယ်မထင်ပါ။

၅။ ဝါဆိုနဲ့ ကထိန်စာအုပ်လေးထဲက ကထိန်အကြောင်းအရာကို ကြည့်ပြီး ဥုဒိရိယ တရားဟောရင် ရပါတယ်။

၆။ သံဃာတွေ အပြင်ကြွတဲ့အခါ လိုက်ပါတဲ့ ကပ္ပိယကာရကအတွက် ခရီးစရိတ်ကို သာမဏေကျော်ရဲ့ နဝကမ္မကို အသုံးပြုကြပါ။ ကပ္ပိယမပါဘဲ သွားရင် မဟာဂန္ဓာရုံ ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို အားနာစရာဖြစ်ပါတယ်။

၇။ ဥုဇ္ဈိလက ကိုရင်လေးတွေကို သေခိယနဲ့ ဘုရားရှိခိုး သင်ပေးပြီးရင် လူငယ်တို့အတွက် ဗုဒ္ဓအကြောင်းနဲ့ ဓမ္မပဒဝတ္ထုတွေ, ဇာတ်ဝတ္ထုတွေကို နေ့စဉ် နည်းနည်းစီ ပြောပေးပါ။ (ဓမ္မပဒဝတ္ထု မြန်မာပြန်, ဇာတ်ဝတ္ထု မြန်မာပြန်စာအုပ်တွေကို သာမဏေကျော်ရဲ့ နဝကမ္မနဲ့ ကပ္ပိထားပါ။)

၈။ ရေ, မီး, သာသနာ့မြေ ရအောင် မောင်လှဝင်း ကြိုးစားပေးပါ။ လိုအပ်တဲ့ နဝကမ္မကို ဥုဩဘာသ စီစဉ်ပေးပါ။

၉။ ဆွမ်းဆန်ခံထွက်ရင် နွေနဲ့ ဆောင်းပဲ အဆင်ပြေပါမယ်။

http://www.dhammadownload.com

၁၀။ ရေနဲ့ ဆွမ်းကိစ္စ အဆင်ပြေလောက်ရင် ယဉ်ကျေးမှုသင်တန်းအတွက် အဆောက်အအုံတွေ ကြိုတင်ဆောက်ပေးရပါတော့မယ်။

၁၁။ ရေ စသည် ရအောင် မောင်လှဝင်း ကြိုးစားရာမှာ ပေးချင်ရာ ပေးဖို့ 'အတုယူဖွယ်ရာ စိတ်ထားများ' စာအုပ် ၂၀ နဲ့ အလှူကြီး ငါးလှူ စာအုပ် ၂၀ ပေးလိုက်ပါ။ ကျန်တာကို ကျောင်းအတွက် လိုအပ်သလို သုံးပါ။

ဥုးဇင်းတွေထံ

၁။ ကျွဲကောပင်, ရှောက်ပင်, ငရုတ်ပင်, စံပယ်ပင်, ရွှေနီငှက်ပျောပင်စတဲ့ အပင်တွေကို ပေးလိုက်ပါတယ်။ ကျွဲကောပင်တွေကိုတော့ ကျွဲကောပင် အလှူရှင် ကိုအေးသန်းကိုယ်တိုင် လာပြီး သင့်တင့်ရာ နေရာမှာ စိုက်ပေးပါလိမ့်မယ်။ နှစ်ရက်၊ သုံးရက်လောက် ကြာရင် ဦးအေးသန်း လာပါလိမ့်မယ်။

၂။ ကျောင်းဝင်းထဲမှာ မြွေစတဲ့အန္တရာယ် မရှိရအောင် ကိုရင်တွေကို နေ့စဉ် ရှင်းခိုင်းရင် အဆင်ပြေပါမယ်။ ကျောင်းဝင်းတစ်ဝင်းလုံး မြက်စသည် ရှင်းနေရင် ညီညာနေရင် ကောင်းပါတယ်။ ကိုရင်တွေကို လည်း တာဝန်ဝတ္တရားလေးတွေ ဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးပါ။

၃။ ကိုရင်တွေ ဖတ်ဖို့ ၃၈ - ဖြာမဂ်လာ ကာတွန်းပဒေသာစာအုပ် (ဖေသိန်း ရေး) ၃၈ - ဖြာမဂ်လာပုံပြင်များ (မင်းယုဝေ ရေး) ငါးပါး သီလ ကာတွန်းစာအုပ်တွေကို ကပ်ပေးထားပါ။

၄။ မန္တလေးက နေပြီး ရွာက မသန်းချစ်က သာမဏေကျော်ထံ ဖုန်းဆက်ပေမယ့် တရားစစ်ခိုက် ကြုံနေလို့ မပြောလိုက်ရပါ။ ကျောင်းမှာနေပြီး အလုပ်လုပ်သွားလိုပုံ ရပါတယ်။ ကျောင်းမှာနေပြီး အလုပ်လုပ်သွားမယ့်သူ, တန်းကျောင်းတက်မယ့်သူတွေကို ဘယ်သူကိုမှ ခွင့်မပြုကြောင်း ပြောပါမယ်။ ဥုးဇင်းတို့ကလည်း ပြောပေးပါ။ ပရိယတ်, ပဋိပတ်သက်သက်ကိုသာ အားပေးလိုသူတွေအတွက် သဒ္ဓါပျက်

http://www.dhammadownload.com

ဖွယ် မဖြစ်ရအောင်နဲ့ ယောကျ်ားလေး, မိန်းကလေး ဆက်ဆံရေး အရှုပ်အထွေးပြဿနာတွေ မပေါ်ရအောင်လို့ပါ။

၅။ စည်းကမ်းလိုက်နာချင်တဲ့ ကိုရင်လေးတွေ ဖြစ်လာအောင် မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ဩဝါဒတွေကို နာယူခွင့်ရအောင် လုပ်ပေးတာဟာ ခရီးရောက်လှပါတယ်။ မဟာဂန္ဓာရုံဆရာတော်ကြီး ကိုယ့်ကျောင်းတိုက်ထဲ ရှိနေတဲ့အလား ခံစားရပါမယ်။

၆။ ဥူးသြဘာသက အကြီးတန်းအတွက် တစ်နေ့မှာ အနည်းဆုံး တစ်နာရီလောက်တော့ အချိန်ယူ လေ့လာပေးပါ။ ပစ်မထားပါနဲ့။

၇။ မီးစက်ကို လိုအပ်မှသာ မောင်းပါ။ ရေတွင်းအခြေအနေ, ရေပိုက်အခြေအနေတွေကို သိလိုပါတယ်၊ မောင်လှဝင်း လာရင် သာမဏေကျော်ထံ လွှတ်လိုက်ပါဦး။

၈။ ရွာက သီလရှင်ဝတ်စုံ, သင်္ကန်းတွေ ပိုနေခဲ့ရင် လူကြဲနဲ့ ယူထားကသင်တန်းဖွင့်တဲ့အခါ အသုံးဝင်ပါမယ်။

၉။ ဥူးဝီရိယက မဟာစည်ဆရာတော်ကြီးရဲ့ ဝိပဿနာအခြေခံ တရားတော်နဲ့ တက္ကသိုလ်ဝိပဿနာတရားတော်စာအုပ် အဲဒီနှစ်အုပ်ကို သင်္ကြန်တွင်းမှာပါ ဟောပြောရအောင် အပိုင်လေ့လာထားပါ။

၁၀။ တမာနဲ့လုပ်ထားတဲ့ ဆေးဘူးလေးက ကိုအေးသန်းသား ကိုရင်လေးရဲ့ မျက်နှာက ညှင်းလေးတွေ လိမ်းပေးဖို့ ဖြစ်ပါတယ်။

၁၁။ ဆွမ်းဆန်စိမ်းခံသွားမယ့် ရွာက ဝေးရင်, ကားလည်း သွားရရင် ဦးအေးချို့ရဲ့ ကားအကူအညီ တောင်းက ရနိုင်ပါလိမ့်မယ်။ ဆန်များရင် သယ်ပေးလို့လည်း ရပါတယ်။

၁၂။ သိမ်ဖြစ်လောက်တဲ့ ကုန်းမြေအရှေ့ဘက်မှာ နက်အောင် ထပ်တူးလိုက်ပါဦး။ မကြည်ဝင်းနေရာ တောင်ဘက်စွန်းလောက်မှာ ရေကာတာ အတားဖြစ်အောင် မြေဖို့ ထား, ရေလွှဲဖောက်ထားရင် မိုးလေးလ ရေစီးပါမယ်။ ရေသိမ်လုပ်ရပါလိမ့်မယ်။ နောက်မိုးတွင်းအတွက် ကြိုတင်လုပ်ထားပါ။

၁၃။ ရေရှည်ကျောင်းတိုက် အကျိုးအတွက် မောင်လှဝင်းကိုတော့ ဦးကျော်ဦး (ပါရမီ) ထံက စာအုပ်ထုတ်လုပ် ဖြန့်ဝေစတဲ့ အတွေ့အကြုံရအောင်

http://www.dhammadownload.com

ဦးကျော်ဦးထံ ကျောင်းကနေ သွားလေ့လာ သင်ယူခွင့် ပေးထားပါတယ်။

၁၄။ ရေ အဆင်ပြေလို့ ယဉ်ကျေးမှုသင်တန်းဖွင့်မယ် ကြံရင် သီလရှင်တွေအတွက် အဆောင်နဲ့ ဆွမ်းစားကျောင်းဆောင်တွေကို ဆောက်ရပါမယ်။ အိမ်သာတွေလည်း လုပ်ထားရပါမယ်။

သာမဏေကျော်

မောင်အောင်ဆန်း၊ မောင်ဝင်းဇော် (ဖိုးတုတ်) တို့အတွက်

၁။ ဥုးဇင်းတွေ, ကိုရင်တွေအပေါ် ကိုယ်အမူအရာနဲ့ရော, နှုတ်အပြောအဆိုနဲ့ပါ ရိုသေမှုရှိအောင် အမြဲသတိပြုပါ။

၂။ ဆဲရေးခြင်း, ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်းကို ဘယ်သူ့အပေါ်မှ မပြုလုပ်ပါနဲ့။

၃။ လူဝတ်ကြောင်တွေ နေ့စဉ် တစ်ကြိမ် ငါးပါးသီလယူ, ဘုရားရှိခိုး, မေတ္တာပို့, အမျှဝေ ပြုလုပ်ဖြစ်အောင် ဦးဆောင်ပေးပါ။ တတ်နိုင်ရင် လူဝတ်ကြောင်တွေအတွက် မဟာဂန္ဓာရုံဆရာတော်ရဲ့ နံနက်ခင်းဩဝါဒကို တစ်နေ့လျှင် ငါးခါလောက် ဖတ်ပေးပါ။

၄။ ပိုက်ဆံကို ကိုရင်, ဥုးဇင်းထံ လာလှူရင် ကိုရင်, ဥုးဇင်းတွေအား လျှောက်ထားတတ်အောင် လေ့လာပြီး လျှောက်ထားပါ။

၅။ ဆေးလိပ်သောက်, ကွမ်းစား, လက်ဖက်ရည်ဆိုင်ထိုင် စတဲ့ အပို အလုပ်တွေကို မလုပ်ပါနဲ့။

၆။ ကပ္ပိစရာ အစားအစာတွေကို ကပ္ပိတတ်အောင် ပြုလုပ်ပါ။

၇။ ဧည့်သည်တွေ လာရင် ပျူငှာရည်မွန် ယဉ်ကျေးစွာ ပြောတတ်, ဆက်ဆံတတ်ပါစေ။

၈။ လူငယ်အမျိုးသားလေး, အမျိုးသမီးလေးတွေ တစ်ဦးနဲ့တစ်ဦး ဆက်ဆံရမှာ အပြစ်ကင်းရှင်းစွာ ဆက်ဆံကြအောင် သတိပြုကာ ကြောင့်ကြစိုက်ပေးပါ။

http://www.dhammadownload.com

၉။ ကျောင်းဂုဏ် ညှိုးစေမယ့် အပြုအမူ, အပြောအဆိုတွေကို ကိုယ်တိုင်လည်း မပြုလုပ်မိ, မပြောမိအောင် ဂရုစိုက်သလို သူတစ်ပါးတွေကိုလည်း ဂရုစိုက်ပေးပါ။

၁၀။ စားသောက်ရာနေရာ, မီးဖိုချောင်, ပန်းကန်ခွက်ယောက်တွေကို သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ထားအောင် ဥူးဇင်္ဂီလနဲ့ ပေါင်းပြီး ကြောင့်ကြစိုက်ပေးပါ။

၁၁။ အိမ်သာမှာ သန့်ရှင်းအောင် နေ့စဉ် ဂရုစိုက်ကာ သန့်ရှင်းပေးပါ။

၁၂။ နံနက် အိပ်ရာထ နောက်မကျပါစေနဲ့။

ဥူးဇင်းတွေနဲ့ မောင်လှဝင်းတို့ထံ

၁။ ထောက်ကြန့် ဆွမ်းဆန်စိမ်းခံအစီအစဉ် ဖျက်လိုက်ပါတော့။

၂။ မှော်ဘီဆွမ်းဆန်စိမ်းခံ အစီအစဉ်ကိုလည်း အကျိုးဆောင်ဒကာ, ဒကာမတို့မှာ ဝန်လေးနေခဲ့ရင် ဖျက်လိုက ဖျက်လိုက်ပါ။

၃။ လှော်ကားဆွမ်းဆန်စိမ်း အလှူခံကိုတော့ ရရ, မရရကြွရင် ကောင်းပါမယ်။

၄။ စွန်ညီနောင် ကိုပုက မြေတူးဖို့ တစ်ဇက ထပ်ဝယ်ခဲ့ရင် အဲဒီတစ်ဇကကိုလည်း သာသနာ့မြေလျှောက်ရာထဲမှာ ပါဖို့ လိုပါတယ်။ မြေတူးရာနေရာဟာ ရေကန် ဖြစ်သွားရင် ကောင်းပါတယ်။

၅။ သင်တန်းသား ယခု ၁၅ ယောက်ထက် ဒေါ်သန်းမေထံ ဖုန်းဆက်ပေမယ့် တစ်ပတ်အတွင်းမှာ တိုးမလာခဲ့ရင် ဦးစိန်ရွှေအုပ်စုကို ကိုရင်, သီလရှင်ဝတ်ပေးရင် ကောင်းပါမယ်။ ဘထွေးသိန်းမောင် ကလေးနှစ်ယောက်၊ ကျောင်းက ကိုရင်, ဖိုးသူတော်အုပ်စု, ကိုအေးသန်းအုပ်စု, ဌေးညိုသမီးတို့ပါ ထည့်ရင် များလာပါမယ်။ ရွှေဘိုဆရာတော်က သူ့ရွာက မောင်ထူးရဲ့ ကလေးသုံးလေးယောက်ကို ပို့ရ ကောင်းမလားလို့ ပြောနေပါသေးတယ်။ အဝေးက လာတဲ့ ကလေးတွေနဲ့ ၅၀ ပြည့်သွားရင်တော့ ဦးစိန်ရွှေအုပ်စုကို ကျောင်းသား, ကျောင်းသူ အဝတ်နဲ့ပဲ တက်ရောက်ပါစေ။

http://www.dhammadownload.com

၆။ ကိုရီးယားဆရာလေး မမနာပိကာက သာမဏေကျော် မဟာဂန္ဓာရုံမှာ ဆင်းရဲလို့ ကိုရင်, သီလရှင် မဝတ်နိုင်သူတွေအတွက် ရည်ရွယ်ပြီး နှစ်သိန်းကျော် လှူထားပါတယ်။ သာမဏေကျော်ကျောင်းမှာ အခြားအခြား လိုအပ်ရာရာအတွက်လည်း သုံးလိုက သုံးပါလို့လည်း ပြောပါတယ်။

၇။ အထူးသဖြင့် ရေအခြေအနေကို (ဆွမ်းအလှူရှင်အခြေအနေ၊ သင်တန်းသားကျား/မ အခြေအနေ၊ ကျောင်းမှာ လုပ်ငန်းပြီးစီးမှုအခြေအနေတွေကိုပါ) နှစ်ရက်, သုံးရက်မှာ တစ်ခါလောက် ဖုန်းဆက်အကြောင်းကြားပေးရင် ကောင်းပါတယ်။

၈။ မြေရေကန်ကြီးမှာ ရေပြည့်အောင် မောင်းထည့်ထားရင် မပိုလွန်ပါ။ ကိုယ့်မှာ ရေအပိုင်ရှိထားလေ စိတ်အေးရလေပါပဲ။

၉။ ဆွမ်း, ဖျော်ရည်, မီးစက်ဆီစတဲ့ လိုအပ်ရာရာ အဖြာဖြာကို ဝယ်ယူမှုပြီး, မပြီး အခြေအနေ ပြောပြပါ။

၁၀။ မြေထိန်းနံရံနားက အုတ်ကန်ကြီး လိုအပ်, မလိုအပ် တိုင်ပင်ကြပါဦး။

၁၁။ ဖြေလွှာစာရွက်များကို ကြိုတင် ဝယ်ယူထားရန်။

၁၂။ ဆွမ်းစားကျောင်းမဏ္ဍပ်အမိုးနဲ့ ကိုရင်ဆောင်မဏ္ဍပ်အမိုးအတွက် ကိုင်းသက်ငယ်ကိုပဲ အောက်ပြည်က အသုံးပြုကြပါတယ်။ အဲဒါကိုပဲ မိုးပါ။ အေးလှပါတယ်။

၁။ တဲကျောင်းတိုင်အခြေတွေမှာ ခြမတက်ရအောင် ရေနုံချေးသုတ်ဖို့ လိုက သုတ်ပါရန်။

၂။ မဟာဂန္ဓာရုံဆိုင်းဘုတ် သုံးခုထဲက အလယ်ဆိုင်းဘုတ်ကို အဝင်ပုဂ္ဂိုလ်တို့ မြင်အောင် ပြင်ချိတ်ရန်။

၃။ ဘုရားဝတ်တက် (ညပိုင်း) နဲ့ တရားထိုင် (နံနက်ပိုင်း) မဟာဂန္ဓာရုံ ဩဝါဒ ဖတ်ရှုတာတွေကို စဖြစ်အောင် စလုပ်ကြပါရန်။

၄။ ဝေယျာဝစ္စကုသိုလ်ရှင် ကပ္ပိယကာရကတွေကိုလည်း ဩကာသ ဘုရားရှိခိုး, ငါးပါးသီလခံယူ, ဘုရားရှိခိုး, တရားရှုမှတ်, မေတ္တာပို့, အမျှဝေတွေ နေ့စဉ် ပြုလုပ်ခိုင်းရန်။ (ပဏ္ဍိတာရာမလိုပါပဲ။)

http://www.dhammadownload.com

၅။ နံနက်အရုဏ်ဆွမ်းအတွက် အဆင်ပြေအောင် လပြည့်, လကွယ် ဥပုသ်နေ့တွေမှာ သို့မဟုတ် တစ်လမှာ တစ်ကြိမ် လှော်ကားရွာဘက်ကို ဆွမ်းဆန်စိမ်းအလှူခံ ကြွရင် အဆင်ပြေမယ် ထင်ပါတယ်။ ပိုက်ဆံအလှူမခံပါနဲ့။ ဆွမ်းဆန် စတဲ့ လှူဖွယ်တွေကို အကပ်မခံပါနဲ့။ (ညနေသင်တန်းပြီးချိန် သုံးနာရီလောက်မှာ ကြွရန်။)

၆။ သင်တန်းသားတွေကို စာရင်းပြုစုထားပါရန်။

၇။ ဒေါ်ခင်စောညွှန့်၊ မဖြူ မကြည်ကြည်ဝင်းနေရာကို လှူဒါန်းစာချုပ်အတွက် ကွန်ပျူတာရိုက်ဖို့ စာသားကို ဥူးပညိဿရထံ ပေးရန်။

၈။ ကျောင်းနာမည် ပေါက်ပြီးရင် သာသနာ့မြေနဲ့ သိမ်လျှောက်ဖို့ မိခိုင်လေးထံ ပေးရန်။

၉။ နွေရာသီယဉ်ကျေးမှုသင်တန်းအတွက် အရုဏ်ဆွမ်း, နေ့ဆွမ်း, ဖျော်ရည်, သက်နှံး, သီလရှင်ဝတ်စုံ, သပိတ်, နေရာထိုင်, စာအုပ်, ဆွမ်းစရိတ်တွေကို သင်တန်းသား ၁၀၀ စာ မှန်းပြီး တန်ဖိုးသတ်မှတ်ပေးကြရန်။

၁၀။ သင်တန်းသား ၁၀၀ အတွက် နေစရာ, စားစရာ ဆန်, ဆီ, ဆားစသည်, မီး, ရေ စသည်တွေကို ယခုနှယ်က ကြိုတင်စဉ်းစား စီမံထားရန်။ (ဆွမ်းဆန်ခံထွက်ထားရင် အထောက်အကူရပါမယ်။)

၁၁။ ဆွမ်းဆန်စိမ်းခံထွက်ရင် အရုဏ်ဆွမ်းအတွက် ကုန်ကျမယ့် ငွေကို အခြားကိစ္စအတွက် သုံးစွဲနိုင်ပါမယ်။ ဧည့်သည် များများလာလည်း မပူပန်ရတော့ပါ။ အရုဏ်စာအတွက် လှူဒါန်းမယ့်သူတွေ ပေါ်ပေါက်လာရင်တော့ ဆွမ်းဆန်စိမ်းခံမထွက်လည်း ရပါပြီ။

၁၂။ ယဉ်ကျေးမှုကာလ တစ်လတာနဲ့ သင်္ကြန်အတွင်းကာလတွေမှာ အရုဏ်ဆွမ်း, နေ့ဆွမ်း, ဖျော်ရည်, မီးအလင်းရောင် အလှူရှင်တွေပေါ်ထွက်လာဖို့ရာ လက်ကမ်းစာစောင် ကြိုတင်ပြီး မြန်မြန် ပြီးထားရပါမယ်။ ပထမနှစ်မို့ လူမသိကြသေးလို့ လက်ကမ်းစာစောင်ကို စောစော ကြိုတင် ဖြန့်ဝေထားဖို့ လိုပါမယ်။

၁၃။ ယဉ်ကျေးမှုလက်ကမ်းစာစောင်ကို လှော်ကားရွာမှ ကျောင်းဆရာ, ဆရာမတွေနဲ့ ရွာဥက္ကဋ္ဌထံ ပို့ပေးပါရန်။

http://www.dhammadownload.com

၁၄။ ဆက်သွယ်ရန် ဖုန်းနံပါတ်ကို ပေးလိုက်ပါရန်။

၁။ ပဏ္ဏိတာရာမ ကထိန်ရက် (တောကျောင်း) နိုဝင်ဘာ ၂၀ ရက် တန်ဆောင်မုန်းလဆန်း ၉ ရက် စနေနေ့။ ပဏ္ဏိတာရာမ ကထိန်ရက် (မြို့ကျောင်း) နိုဝင်ဘာ ၂၁ ရက် တန်ဆောင်မုန်းလဆန်း ၁၀ ရက် တနင်္ဂနွေနေ့။

၂။ သာမဏေကျော် မဟာဂန္ဓာရုံ ကထိန်ရက်ကို ဥူးဇင်းတို့ သင့်မယ် ထင်သလို ကထိန်ဒကာတွေနဲ့ တိုင်ပင်ပြီး သတ်မှတ်ပါ။ ပင့်သံဃာကို အလှူရှင်အနေအထားကို ကြည့်ပြီး ပင့်ရပါမယ်။ ပိုက်ဆံကိုတော့ လှူဖွယ်အဖြစ်နဲ့ မလှူလိုပါ။

၃။ နွေရာသီယဉ်ကျေးမှု တစ်လသင်တန်းကို စားစရာ, ဝတ်စရာ, သောက်စရာ, ရေ, မီး အဆင်မပြေရင် သင်တန်းသား ၁၀၀ လက် မခံဘဲ ၅၀ လောက်ပဲ လက်ခံမှ ဖြစ်နိုင်ပါမယ်။ တစ်လ မတတ်နိုင်ရင် သုံးပတ်၊ နှစ်ပတ်လောက် ပြုလုပ်မှ ဖြစ်နိုင်ပါမယ်။ အစစအရာရာ အဆင်မပြေလို့ အထက်ပါအတိုင်း မလုပ်နိုင်ရင် လူဝတ်ကြောင်နဲ့ အပြင်က လာပြီး တက်ရောက်ခွင့်ပြုမှ ဖြစ်နိုင်ပါမယ်။ အဲဒီ တစ် နည်းနည်းနဲ့ပဲ ကြိုးစားလို့ မရရင်တော့ မပြုလုပ်ဘဲ လက်လျှော့ရပါ တော့မယ်။ လက်တော့ မလျှော့ချင်ပါ။

၄။ ဆွမ်းဆန်စိမ်းခံကြွဖို့ ရက်ကို တစ်လမှာ နှစ်ကြိမ် ပြုလုပ်ထားပါတယ်။ ကြွမယ့်အချိန်ကို သင့်သလို ပြင်လိုက ပြင်ပါ။ စာရွက်ရေ ၅၀၀ ရိုက် ထားပါတယ်။ ၇၀၀၀ ကျော် ကုန်ပါတယ်။ လျော်ကားရွာထဲ နှံ့နိုင် သမျှ နှံ့အောင် ၅၀၀ လုံး ဝေငှပေးပါ။ မလှူတောင် ကျောင်းကိုတော့ သိသွားတာပေါ့။ မောင်မြင့်သိန်း ဆောင်ရွက်ပေးပါလိမ့်မယ်။

၅။ မှော်ဘီဆရာတော်တွေနဲ့ စေ့းသူစေ့းသားတွေရဲ့ ကုသိုလ်တွေနဲ့ စပ် ပြီး မုဒိတာ, မေတ္တာ ပွားလိုလို့ ဘာတွေ လှူကာ ကူညီကြတယ် ဆိုတာ သိလိုပါတယ်။

၆။ ဥူးဇဋိလက ကိုရင်လေးတွေကို ပုံဝတ္ထုလေးတွေကိုပါ (ဓမ္မပဒလာ, ဇာတ်တော်လာ စသည်) နေ့စဉ် ဝတ္ထုနှစ်ပုဒ်လောက် ပြောပြရင်

http://www.dhammadownload.com

ကောင်းပါမယ်။ ကိုယ်ကိုယ်တိုင်လည်း ကြည့်ဖြစ်သွားတာပေါ့။ ကိုရင်လေးတွေလည်း အပျင်းပြေတာပေါ့။ ဝါဆိုနဲ့ ကထိန်စာအုပ်ထဲက ကထိန်အကြောင်းကိုလည်း ဗဟုသုတအဖြစ် ကြားဖူးအောင် ပြောပြပေးပါ။

၇။ နွေရာသီသင်တန်း လုပ်ဖြစ်ရင် သင်္ကြန်တရားစခန်း လုပ်ဖြစ်ရင် စာစရာအတွက် ဟင်းသီး, ဟင်းရွက်တွေကို ကြိုတင်စိုက်ပျိုးထားရပါမယ်။ ဥပမာ-ဘူး၊ ငရုတ်၊ ချဉ်ပေါင်၊ ခရမ်းသီး၊ ပဲတောင့်ရှည် စသည်။

၈။ ဝါဆိုနဲ့ ကထိန်အကြောင်း စာအုပ်ထဲက ကထိန်အကြောင်းကို လူတွေအား ကျကျနန ပြောပြတတ်အောင် ပြန်ကြည့်ထားကြပါ။

၉။ ဆွမ်းဆန်စိမ်းခံကြွတဲ့နေ့မှာ ဥးဝီရိယက ကျောင်းမှာ ကျန်ရစ်ခဲ့ပါ။ စောင့်ရှောက်ပေးပါ။

ဥးဇင်းတွေနဲ့ မောင်လှဝင်းထံ

၁။ ဦးခင်မောင်လွင် (စိုးသူရဲ့ အဖေ) နက်ဖြန်, တစ်ပတ်လောက် အဲဒီကိုလာမယ်လို့ ပြောတယ်။ မောင်လှဝင်းနဲ့ တွေ့ဖို့ ရေအခြေအနေ ရှင်းပြဖို့ လိုပါမယ်။ ချောင်းကူးတံတား, ရေကာတာကိစ္စ, ရေကန်ရေစိမ့်ယိုထွက်တဲ့ ကိစ္စတွေကို တိုင်ပင်အကြံဉာဏ် ယူဖို့ လိုပါတယ်။ အဲဒီကိစ္စတွေမှာ ဦးခင်မောင်လွင်က ကျွမ်းကျင်ပညာရှင် ဖြစ်ပါတယ်။

၂။ မှော်ဘီဆွမ်းဆန်စိမ်းခံ ကြွတဲ့အခါ ဆွမ်းဆန်စတဲ့ စားသောက်ဖွယ်တွေကို အကပ်မခံမိအောင်, မကိုင်မိအောင် နဝကမ္မကို ကပ်ပြီးကာရက တွေသာ ကိုင်တွယ်အလျှုခံအောင်, မှော်ဘီဝေယျာဝစ္စ ကပ်ပြီးကာရက အဖွဲ့က ဖိုးသူတော်ထံ လွှဲပြောင်းပေးတဲ့အခါ ဖိုးသူတော်က ဥးဇင်းထံ အပ်စပ်အောင် လျှောက်ထားဖို့ မမေ့ရန်၊ ဥးဇင်းတွေက လုံခြုံရာအရပ်ကို ညွှန်ပြကာ ထိန်းသိမ်းရန်၊ ယဉ်ကျေးမှုသင်တန်းအတွက် ဆန်, ဆီ, ဆားစသည်ကို အဲဒီနဝကမ္မနဲ့ မြန်မြန် ကြိုတင်ဝယ်ထားဖို့ လိုပါမယ်။

http://www.dhammadownload.com

၃။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းရက်ကို ပြင်ဖို့ လိုက ပြင်ပါ။ သင်တန်းသား ကျောင်းသား, ကျောင်းသူတွေက သတ်မှတ်ထားတဲ့ ရက်မှာ စာဖြေလို့ ပြီး, မပြီးကို စုံစမ်းမေးမြန်းပါဦး။ စာဖြေပြီးတယ်၊ မီတယ်ဆိုရင် ပြင်ဖို့ မလိုပါ။

၄။ ရေကိစ္စ, သိမ်ကိစ္စ အဆင်ပြေရင် အကြောင်းကြားပေးပါဦး။

၅။ သင်တန်းကိစ္စကို ရပ်ရွာဥက္ကဋ္ဌ, သံဃာဥက္ကဋ္ဌထံ ခွင့်တောင်းစာ ရေးပေးရန် မမေ့ပါနဲ့။

၆။ စပါးတွင်းရွာမှ ယဉ်ကျေးမှုသင်တန်းရန်ပုံငွေတွေကို သာမဏေကျော် မဟာဂန္ဓာရုံအတွက် အသုံးမပြုလိုပါ။ ရွာသင်တန်းအတွက် သင့်သလို အသုံးပြုကြပါ။ သာမဏေကျော်က အပြတ်လှူပြီးသား ဖြစ်ပါတယ်။

၇။ မှော်ဘီဆွမ်းဆန်စိမ်းအလှူခံကြွမယ့် သံဃာတွေကို အစစအရာရာ အချိုးကျ, အဆင်ပြေအောင် ကြိုတင်ပြောထားဖို့ လိုပါတယ်။ အဲဒီ အာဂန္တုသံဃာတွေကို တတ်နိုင်သလောက် နဝကမ္မ လှူလိုက်ဖို့ လိုပါမယ်။

၈။ သာသနာ့မြေကျအောင် မိခိုင်လေး လက်ထဲ မြန်မြန် ရောက်အောင် ပို့ဖို့ လိုပါမယ်။ သူတို့ရာထူးရှိတုန်းသာ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

၉။ သင်တန်းအတွက် ဘုရားရှိခိုးစာအုပ်, ဒေအောင်လက်မှတ်, ဖြေလွှာစာရွက်တွေ, မြေဖြူ, ဘောဖျက်, အမှိုက်ပုံး, ပန်းကန်ခွက်ယောက်စတဲ့ ကြိုတင်ပြင်ဆင်ဖွယ်တွေကို ကြိုတင်ပြင်ဆင်ဝယ်ယူထားရပါမယ်။

ဥုံးသြဘာသနဲ့ မောင်လှဝင်း

၁။ ချောင်းရဲ့အနောက်ဘက်က ကျန်အကွက် သုံးကွက်ကိုပါ သာမဏေကျော်ရဲ့ နဝကမ္မနဲ့ အမြန်ဆုံး ကပ္ပိလိုက်ပါ။ အနည်းဆုံး စျေးနဲ့ပေါ့။ သိန်း ၄၀ နဲ့ ရလောက်မယ် ထင်ပါရဲ့။ နီပေါဆရာလေး မဝိသိဋ္ဌဉာနီထံမှ နဝကမ္မ ယူရပါမယ်။

http://www.dhammadownload.com

၂။ ချောင်းရဲ့ဟိုဘက်က အကွက်တွေပါ ယူပြီးရင် အဲဒီ ငါးကောလောက် ကျယ်တဲ့ ခြံကြီးတစ်ခုလုံးကို မြေစာရင်းဌာနမှာ သာမဏေ ကျော်ရဲ့ နာမည်ပေါက်အောင် လုပ်ဖို့ လိုပါသေးတယ်။ အဲဒါလည်း အရေးကြီးပါတယ်။

၃။ မှော်ဘီမှာ ဆွမ်းဆန်စိမ်းခံကြွဖို့ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နံနက် ခြောက်နာရီမှ ညနေ ခြောက်နာရီမှာ ပြီးပါမယ်တဲ့။ သံဃာ ၂၀ လောက် ကြွရင် ကောင်းပါတယ်တဲ့။ သူတို့က နေ့ဆွမ်း ကပ်ပါမယ်။ ကားလည်း စီစဉ်ပေးပါမယ်တဲ့။ ဒေါ်ဝင်းနဲ့ ဦးစောမောင်တို့ စီစဉ်ပါတယ်။ ယဉ်ကျေးမှုဆွမ်းဆန်စိမ်းခံကတော့ အခု ဖေဖော်ဝါရီလ လောက်တော့ ရမယ် မဟုတ်တော့ပါတဲ့။

၄။ ယဉ်ကျေးမှုသင်တန်း လက်ကမ်းစာစောင်အားလုံး ပြည့်စုံပြီးစီးသွားလို့ တစ်ရွက် ပေးလိုက်ပါတယ်။ မှော်ဘီမှာ ဖေဖော်ဝါရီလ ဆွမ်းဆန်စိမ်းခံတဲ့အခါ ဝေဖို့ ရွက်ရေ ၇၀၀ ကူးလိုက်ပါမယ်။ သင်္ကန်း, သပိတ်, ခါးပန်းကြိုး, သီလရှင်ဝတ်စုံ, နေရာထိုင်တွေကို ကြိုတင်ဝယ်ယူထားရပါတယ်။

၅။ မောင်လှဝင်းရဲ့ စာအုပ်ရိုက်ဖို့ စီမံကိန်းကို ယခုလောလောဆယ် ရပ်ဆိုင်း ထားလိုက်ပါဦး။ ဦးကျော်ဦးထံ စာအုပ်ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး လေ့လာထားပါ။ နောက်ထပ်မြေကွက် သုံးကွက်ကို ယူဖြစ်သွားရင် အခုလောလောဆယ် စာအုပ်ထုတ်လုပ်ဖို့ ကိစ္စ အဆင်မပြေသေးပါ။ စာအုပ်ကိစ္စကို နောင်အဆင်ပြေလာတဲ့အခါမှ ဆောင်ရွက်တာပေါ့။

ဥုးသြဘာသနဲ့ မောင်လှဝင်း

၁။ မဝိမလဉာနိထံမှ သာမဏေကျော်ရဲ့ နဝကမ္မ သိန်း ၅၀ ထိသာ သာမဏေကျော် မဟာဂန္ဓာရုံအတွက် သုံးခွင့်ပြုပါသည်။(ကုန်ပြီးရော, နောင်ကုန်မယ့် အရေအတွက်အားလုံးအတွက် ဖြစ်ပါသည်)

http://www.dhammadownload.com

၂။ သာမဏေကျော် နဝကမ္မထဲမှ ကုန်ထားသမျှထဲက ဒကာမကြီး ဒေါ်ခင်စောညွန့်က တာဝန်ယူ လျှုခဲ့ပါလျှင် သာမဏေကျော် မဟာဂန္ဓာရုံအတွက် သုံးစွဲစရာ ပိုထွက်လာပါမည်။

၃။ သာမဏေကျော် မဟာဂန္ဓာရုံရဲ့ လိုအပ်သမျှ စား, ဝတ်, နေ, ရေး စသည်အတွက် သာမဏေကျော် နဝကမ္မထဲက သိန်း ၂၀ သုံးပြီးခဲ့ရင် သိန်း ၃၀ သာ သာမဏေကျော် ဆက်လက်တာဝန်ယူနိုင်ပါတော့သည်။ အဲဒီကျန်နဝကမ္မနဲ့ ရပ်တည်နိုင်အောင် ဆောင်ရွက်ရပါမည်။

၄။ ယဉ်ကျေးမှုသင်တန်းအတွက် ရေ, မီး အဆောင်ပြေသွားတောင် ဆွမ်း, ဖျော်ရည်အတွက် တစ်လပြုလုပ်လျှင် ၁၅ ရက်က ဒေါ်ခင်စောညွန့်က တာဝန်ယူကာ ကုသိုလ်ရှင် ရှာဖွေနိုင်မှ သင်တန်း ပြုလုပ်နိုင်ပါမည်။

၅။ ဒေါ်ခင်စောညွန့်အား ရေအတွက်, မီးအတွက် (မီးသီး, မီးချောင်း, မီးကြိုးစသည်အတွက်), ပန်းကန်ခွက်ယောက်အတွက်, အရက်ဆွမ်း, နေ့ဆွမ်း, ဖျော်ရည် တစ်နေ့စာအတွက်, တစ်လစာအတွက်, ထောလာဂျီအတွက်, သာသနာ့မြေကို ကပ်ဖို့အတွက် ကုန်ကျစရိတ် တို့ကို ခန့်မှန်းရေတွက်ပြ ပေးထားရပါမည်။

၆။ သာမဏေကျော် မဟာဂန္ဓာရုံရဲ့ စား, ဝတ်, နေရေးစသည်အတွက် အဆင်ပြေပြည့်စုံလာဖို့ရာ ကျောင်းဒကာမကြီး ဒေါ်ခင်စောညွန့်တို့ရဲ့ နိဗ္ဗာန်ဆော်လုပ်နိုင်မှု (စည်းရုံးနိုင်မှု) အပေါ် များစွာ တည်ရှိပါသည်။ သာမဏေကျော်တို့ရဲ့ ဘုန်းကံထက် ဝိသာခါကျောင်းဒကာမတွေရဲ့ စွမ်းဆောင်နိုင်မှုက ပိုပြီး အရေးပါပါသည်။

ဥူးငင်းတွေထံ

၁။ ရေတွင်းအတွက် ဒေါ်တင်မြင့် (ဆယ်မိုင်ကုန်း ပဏ္ဏိတာရာမ) ရဲ့ တူတစ်ယောက်က ၅ သိန်း (ငါးသိန်း) လှူလိုက်ပါတယ်။

၂။ မှော်ဘီကလည်း ရေတွင်းအတွက် သုံးသိန်း လှူတယ်လို့ သိရတယ်။

၃။ တန်ဆောင်မုန်း ၈ ရက် နံနက်ပိုင်း ဆွမ်းခံသွားခိုန်မှာ ရွှေဘိုဆရာတော်နဲ့အတူ လာသွားတဲ့ ဒကာ, ဒကာမတွေက ရုပ်ရှင်မင်းသားစိုးသူရဲ့

http://www.dhammadownload.com

မိဘတွေ ဖြစ်ပါတယ်။ သူတို့က အဝီစိတွင်း တူးတာအတွက် ကုန်ကျသမျှကို လျှူပါမယ်တဲ့။

၄။ ဒါကြောင့် ဒေါ်တင်မြင့်တူရဲ့ ငါးသိန်းနဲ့ မှော်ဘီသုံးသိန်းကို ရေစင်, ရေတိုင်ကီ, အုတ်ကန်, ပိုက်လုံး စတဲ့ အခြားရေပိုင်းဆိုင်ရာ လိုအပ်တာတွေအတွက် အသုံးပြုလို့ ရပါတယ်။

၅။ ရေပိုက်က လေးလက်မပိုက် အဝီစိတွင်း သင့်မယ် ထင်ပါတယ်။ သင့်မယ်, ကောင်းမယ် ထင်သလို လုပ်ကြပါ။

၆။ ဇာတ်တော်ကြီး ၁၀ ဖွဲ့အနှစ်ချုပ်စာအုပ်ကို ဥူးဇင်္ဂီလ ဖတ်ပါ။ ပြီးတော့ ကိုရင်တွေကို ပြောပြပေးပါ။

၇။ ကိုယ့်ရဲ့ ပရိယတ်, ပဋိပတ်အလုပ်ကို လေးလေးစားစားနဲ့ ဆောင်ရွက်ပေးကြပါ။ ပရိယတ်, ပဋိပတ်အလုပ်နဲ့ ကျေးဇူးရှင် ဒကာ, ဒကာမတွေကို ကျေးဇူးဆပ်ပေးကြပါ။ ကျေးဇူးရှင် ဒကာ, ဒကာမတွေကို မေတ္တာပွားပို့ပေးကြပါ။

၈။ ဒကာ, ဒကာမတွေက ကူညီထောက်ပံ့လေလေ မိမိတို့က ကိုယ့် အလုပ် (ပရိယတ်, ပဋိပတ်) ကို ပိုလုပ်လေလေ ဖြစ်ရပါတယ်။

၉။ သာမဏေကျော်ကျောင်းတိုက်ပိုင်အဖြစ် သာမဏေကျော် ပို့ထားတဲ့ စာအုပ်တွေမှာ သာမဏေကျော် ကျောင်းတံဆိပ် ရိုက်နှိပ်ထားပေးပါ။

ဥူးဇင်းတွေနဲ့ မောင်လှဝင်းထံ

၁။ ဘုန်းကြီး ဥူးဣန္ဒောဘာသာဘိဝံသက ဒီနေ့နံနက် ချမ်းမြေ့မြိုင် လှူချင်တဲ့ မြေနေရာ နှစ်ဧကအကြောင်း ပြောပါတယ်။ ချမ်းမြေ့မြိုင်က သာမဏေကျော်အား လှူချင်ပါတယ်တဲ့။ ဘုန်းကြီး ဥူးဣန္ဒောနဲ့ ဘုန်းကြီးဥူးသဇနတို့အား လျှောက်ထားပြီးပြီလို့ ပြောပါတယ်။ ရေ, မီး ရလွယ်တယ်လို့ ပြောပါတယ်။ သွားကြည့်ပြီး အကြောင်းပြန်ပါ။ ဘုန်းကြီး ဥူးဣန္ဒောက လက်ခံလိုက်ပါလို့ တိုက်တွန်းပါတယ်။ ချမ်းမြေ့မြိုင်နဲ့ မဝေးဘူးလို့ ပြောပါတယ်။

http://www.dhammadownload.com

၂။ ဩစတြေးလျဆရာတော် လျှူတဲ့ တစ်သိန်းနဲ့ အဝင်ပေါက်အစရဲ့ ဘယ်ဘက်က ရေစားထားတဲ့ နေရာမှာ နံရံကာအတွက် ဂဝံကျောက်စီပြီး မြေဖို့ဖို့ စီမံပေးပါ။ ဝါးတံတား နှစ်ခု ရရင်လည်း လုပ်လိုက်ပါ။

၃။ ကက်ဆက် ပေးလိုက်ပါတယ်။ သီချင်း မဖွင့်ပါနဲ့။ တရားတိတ်ခွေ ဖွင့်လိုက ဖွင့်ပါ။ ကျောင်းထဲမှာ သီချင်းသံ ကြားရရင် ဒကာ, ဒကာမတွေ သဒ္ဓါပျက်ဖွယ် ဖြစ်ပါမယ်။

၄။ ဥူးဇင်္ဂီလ၊ ကိုရင်လေးတွေအား ဓမ္မပဒဝတ္ထုတွေကို အစဉ်အတိုင်း တစ်နေ့ နည်းနည်းချင်း ပြောပေးပါ။ ဥူးဇင်္ဂီလကိုယ်တိုင်လည်း ကွမ်းမစားပါနဲ့။ ဖိုးတုတ်နဲ့ မောင်ဇော်ကိုလည်း ကွမ်းမစားအောင် ပြောလိုက်ပါ။ ဥူးဇင်္ဂီလကတော့ စာပြဆရာဆိုတော့ သက်နှံးမရှည်အောင်လည်း သတိထားပါ။ ကိုရင်လေးတွေက အတုလိုက်တတ်ကြတယ်။

၅။ ရွှေတောင်ကုန်းဆရာတော်ကြီးတို့လို စည်းကမ်းရှိတဲ့, စည်းကမ်းကြီးတဲ့ ဆရာတော်တွေ ကြွလာရင် အစစအရာရာ အထင်သေးစရာ မဖြစ်ရအောင် အားလုံးပဲ ဂရုစိုက်ပေးကြပါ။

၆။ မြောင်းဟိုဘက် နှစ်ဧကမှာ အကြမ်းပြင်း မြင်ကွင်း ရှင်းသွားအောင် ကိုရင်တွေနဲ့ နည်းနည်းချင်း ရှင်းပေးသွားပါ။

၇။ သိမ်နုတ်, သမုတ်သံယာတွေအား ဒေါ်ခင်စောညွှန့်ထံက ပြန်ပြောင်း ပြောပြစာအုပ်အပြင် နဝကမ္မကို တစ်ပါးလျှင် အနည်းငယ်ဆုံး တစ်ထောင်စီ လျှုရင် ကောင်းပါမယ်။

၈။ အခု လာတဲ့ ကားနဲ့ ချမ်းမြေ့မြိုင် လျှုမယ့်နေရာ ကြည့်ဖို့ လမ်းကြုံလိုက်သွားလိုက်ပါ။

ဥူးသြဘာသနဲ့ မောင်လှဝင်းထံ

၁။ ကိုရီးယားဆရာလေး မမနာပိကာက ယဉ်ကျေးမှုသင်တန်းဆရာ, သင်တန်းသားတွေအတွက်ရော ဝေယျာဝစ္စလုပ်သူတွေအတွက်ပါ ပြက္ခဒိန် ၁၂၀ လျှုလိုက်ပါတယ်။ (ပိုရင် သင့်တော်သလို လျှုပါ။)

http://www.dhammadownload.com

၂။ ဒေါ်တင်မြင့်ရဲ့ တူတစ်ယောက်က ရေပိုက်ခေါင်းတွေလည်း လှူလိုက်ပါတယ်။ နောက်ထပ် သူတူ တရားလာထိုင်တဲ့အခါလည်း ယူလာပါဦးမယ်တဲ့။

၁။ ဥုးဉာနဝရ နွေရာသီသင်တန်းမှာ လူကြီးအဖြစ်နဲ့ လာနေပေးရန်။
၂။ ကျောင်းသား, ကျောင်းသူတွေ တန်းစီပြန်ပြီး မင်္ဂလာကဗျာနှစ်ပုဒ်စီ ဆိုခိုင်းရန်။
၃။ ဦးတာ၊ ဦးသိန်းမောင်၊ မောင်မြင့်တို့ပါ လာခိုင်းရန်။
(တဲဆောက်ဖို့၊ မီးဆင်ဖို့)
၄။ တဲဆောက်ဖို့ နေရာရွေးရန်။
၅။ ကြိုတင်ဝယ်ယူရမယ့် ပစ္စည်းစာရင်း။
၆။ တတ်နိုင်မှ အပြင်သံယာတွေကို ဒီနှစ်ကထိန်မှာ ပင့်ပါ။ မတတ်နိုင်ရင် နောင်တတ်နိုင်မှ ပင့်ပါ။
၇။ မကြည်ဝင်း နေရာလေးမှာ စိုက်ပျိုးရေး စပါ။
၈။ ဦးတာ, ဦးသိန်းမောင်, ဒေါ်တင်ငြိမ်း, မောင်မြင့်သိန်းသား ကိုရင်လောင်းတို့ ဝါမကျွတ်ခင် လာကြရန်။
၉။ စားပွဲခုံ, သေတ္တာ, ကုဋ္ဌီ, သောက်ရေအိုးစင်, စာသင်ဘော (သင်ပုန်း), နောက်တဲကျောင်း(ယဉ်ကျေးမှုကိုရင်တို့အတွက်)ထပ်ဆောက်ထားရန်။
၁၀။ ဥုးဉာနဝရနဲ့ ကိုရင်လောင်းတွေ မောင်လှဝင်းတို့ ဝါကျွတ်မှ လာကြရန်။
၁၁။ စာသင်ခိုန်နှစ်ခိုန်တွင် တစ်ခိုန်မှာ လူငယ်တို့အတွက် ဗုဒ္ဓအကြောင်းစာအုပ်ကိုသင်ပေးရန်။ ကျန်တစ်ခိုန်မှာ ဩကာသ စတဲ့ ဗုဒ္ဓယဉ်ကျေးမှုသင်ခန်းစာ စာအုပ်လာ စာတို့ကို လိုအပ်သလို ရွေးချယ် သင်ပေးရန်။
၁၂။ နောက်တဲ တစ်လုံး ထပ်ဆောက်ပြီးရင် နှစ်တန်းခွဲပြီး သင်ပေးရန်။
၁၃။ ဥုးဉာနဝရ လာနေနိုင်ရင် ဝါကျွတ်တည်းက သင်တန်းပြီးအထိ နေဖို့ လျှောက်ထားရန်။

http://www.dhammadownload.com

၁၄။ သင်တန်းလက်ကမ်းစာစောင်တွေကို ရွာဥက္ကဋ္ဌဒကာ, ဘုန်းကြီး, သာသနာ့ဝန်ဆောင်ဆရာတော် နှစ်ပါး, အကျိုးဆောင်ဒကာများ, စေ့းသူစေ့းသားတွေနဲ့ ဆွမ်းခံလမ်းတွေထဲ ဖြန့်ဝေရန်။

၁၅။ နွေရာသီတစ်လယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားပေးဖို့ ခွင့်ပြုစာကို ရွာဥက္ကဋ္ဌ, လူနဲ့ ရဟန်း၊ မြို့နယ်ဥက္ကဋ္ဌ, လူနဲ့ ရဟန်းတွေကို ရေးပေးရန်။ (နွေရောက်မှ သင်တန်းမစခင်)

၁၆။ အရုဏ်တက်ဇယား ရှာပြီး ချိတ်ထားရန်။

၁၇။ မဟာစည် ကမ္မဝါစာတစ်စုံကို ကပ်ပို့ရန်။

၁။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်း၌ လူဝတ်ကြောင်အမျိုးသားတွေအတွက် အဆောင်နှင့် အမျိုးသမီးတွေရဲ့ အဆောင်သည် ကပ်လျက် မရှိပါစေနဲ့။ ဝေးကွာပြီး နေပါစေ။ တသီးတခြား ဖြစ်ပါစေ။ ရောစပ်ခြင်း မရှိပါစေနဲ့။ အတော်ကြီး ဝေးပါစေ။ နီးရင် လုံးဝ မကောင်းပါ။

၂။ မောင်မြင့်သိန်းတို့ ဇနီးမောင်နှံအတွက် အဆောင်သီးသန့် ဆောက်ပေးဖို့ မလိုပါ။ မသင့်တော်ပါ။

၃။ မောင်မြင့်သိန်းသည် အမျိုးသားတို့အဆောင်၌သာ အမျိုးသားတို့နှင့် အတူ နေရပါမည်။

၄။ မောင်မြင့်သိန်းဇနီးသည် အမျိုးသမီးတို့အဆောင်၌ အမျိုးသမီးတို့နှင့်သာ အတူနေရပါမည်။ အတူအိပ်ရပါမည်။

၅။ မည်သည့်ဇနီးမောင်နှံပဲ လာလာ ဤသို့သာ နေခွင့်ပေးကြရပါမည်။ ရောနှောနေခွင့် မပြုရပါ။

၆။ အမျိုးသားဆောင်က ဒေါ်ခင်စောညွှန့်ဘက်တွင်၊ အမျိုးသမီးဆောင်က မဖြူဘက်တွင် ရှိရင် ကောင်းပါမည်။

၁။ ရဲယိုပင်ကို ချောင်းထဲ တစ်နေရာ ရေလွတ်ရာမှာ စိုက်ပါ။

၂။ ကြက်သွန်နီတစ်ခင်း စိုက်ပါ။

http://www.dhammadownload.com

၃။ အဝင်ပေါက် ဘယ်ဘက် သိမ်ဆောက်မယ့်နေရာက ဌက်ပျောပင်တွေအကြားမှာ ကန်စွန်း စိုက်ပါ။

၄။ သံပရာတွေကို မြက်ခြောက် ဖုံးပေးပါ။
(ဒေါ်ခင်ဝင်းအကွက်ထဲက ယူပါ။)

၅။ ဥးသြဘာသကျောင်းတောင်ဘက်က စားပင်တွေကို နွားချေးရည် လောင်းပေးပါ။

၆။ ဒေါ်ခင်ဝင်းအကွက်မှာ တစ်နေ့ နည်းနည်းချင်း မြက်ရှင်းပါ။

၇။ ပရိယတ်ဘက်က စားပင်တွေမှာလည်း ချောင်းထဲက နွားချေးခြောက်တွေ တစ်နေ့ နည်းနည်းချင်း ထည့်ပေးသွားပါ။

၈။ စာဝါချ, ဘုရားဝတ်တက်, စာမေးပွဲဖြေ စတဲ့ အလုပ်တွေကို မပျက်မကွက် လုပ်ပေးပါ။

၉။ ရွာက အာဂန္တုဆရာတော်တွေကို ကိုရင်တွေအား တစ်လှည့်စီ ဩဝါဒပေးဖို့ လျှောက်ထားပါ။

၁၀။ စပါးတွင်း, မင်းကဲ, နှမ်းကြီးရွာတွေက ဆွေမျိုးတွေကို ကိုရင်ဝတ်ပြီး လာနေဖို့ ပြောပါ။

၁၁။ ဇာတ်တော်တွေ, ဓမ္မပဒတွေ, မဟာဂန္ဓာရုံ ဩဝါဒတွေကို နေ့စဉ်ကြားနာခွင့် ရနေကြပါစေ။

၁၂။ ကျောက်ဖရုံပင်, ကင်းပုံပင်, ကင်ပွန်း, ဆူးပုတ်တွေကို စိုက်ရင် ကောင်းပါတယ်။ ကင်ပွန်း + ဆူးပုတ်တွေကို ရေရှိရာမှာ စိုက်ရင် ရှင်ပါတယ်တဲ့။

၁၃။ မြေဩဇာတွက် နွားချေးတွေကိုသာ အသုံးပြုပါ။

၁၄။ နွေရာသီယဉ်ကျေးမှုသင်တန်းမှာ စားသုံးအသီးအရွက်ပင်တွေကို ယခုနှယ်က ကြိုတင် စိုက်ထားပါ။

၁၅။ သင်္ဘောအပင် ၁၀၀ လောက် ရှင်အောင် တစ်နေရာတည်းမှာ စုပေါင်းပြီး စိုက်ပါ။ ရေသိမ်ကုန်းမြင့်မြင့်မှာ စိုက်ရင်လည်း ရပါမယ်။

၁၆။ ခရမ်းချဉ်နဲ့ ပဲကို နောက်မကျသေးဘူးဆိုရင် များများ စိုက်ထားပါ။

http://www.dhammadownload.com

၁၇။ ဒေါ်ခင်ဝင်းဘက် ရှင်းလိုက်ရင် စိုက်ပြီးစားပင်လေးတွေကို နွားချေးကျွေးခွင့် ရလို့ ပိုသန်မာလာပါမယ်။ စိုက်စရာနေရာလည်း ပိုရလာပါမယ်။

၁၈။ မိုးညို + အောင်မင်းတို့ လုပ်အားပေးနိုင်ရင် ဘူးစင် + ပဲစင်စသည်ထိုးဖို့ အကူအညီ ရပါလိမ့်မယ်။

၁၉။ ဥူးဇင်္ဂီလက အခုအချိန်မှာ ပါဠိဘာသာကို ဖတ်ရှုနားလည်နိုင်အောင် ပဲ ကြိုးစားပါဦး။ အင်္ဂလိပ်စာကို နောင်အခွင့်သင့်မှပဲ ကြိုးစားပါ။

၂၀။ ဥူးဇဝန ကြာကြာ နေပေးနိုင်ရင် ဇာတ်တော်ကြီး ၁၀ ဘွဲ့ကို ကိုရင်တွေအား ပြောပေးဖို့ စာဝါချိန် တစ်ချိန်ပေးပါ။

၂၁။ မောင်လှဝင်းကို ဆေးပညာဗဟုသုတနဲ့ ပတ်သက်ပြီး တစ်ပတ်မှာ တစ်နာရီလောက် ကိုရင်တွေအား ပြောပေးစေချင်ပါတယ်။

၂၂။ ရေကို စည်းကမ်းတကျ အသုံးပြုတတ်အောင် ပြောပေးကြပါ။ ရေအလှူရှင်တွေကိုလည်း မေတ္တာပို့ပေးကြပါ။

၁။ အဖိတ်နေ့မှာ ကိုရင်တွေအား ဆရာနှစ်ပါးလုံး အင်္ဂလိပ်စာ သင်ပေးကြပါ။

၂။ ဥူးဇင်္ဂီလက သင်္ကြိုဟ်ကို မြန်မာလိုပဲ သင်ပေးပါ။ ပါဠိမသင်ပါနဲ့။

၃။ စာမေးပွဲကို အပတ်စဉ် ဖြေခိုင်းပါ။

၄။ ဥူးသြဘာသနဲ့ ဥူးဇင်္ဂီလတို့ ကိုရင်တွေအား ပြောပြတဲ့ ခုဒ္ဒသိက္ခာဘာသာဋီကာလာ အကြောင်းအရာခေါင်းစီးလေးနဲ့ ဝတ္ထုအကြောင်းနာမည်လေးတွေကို နေ့စွဲနဲ့ မှတ်တမ်းရေးထားကြပါ။

၅။ ဆရာနှစ်ပါးလုံး အဓိပ္ပာယ်သိချင်တဲ့ ပါဠိစကားလုံးတွေကို ဗလာစာအုပ်မှာ ရေးမှတ်ထားပါ။

၆။ ကိုရင်တွေအတွက် အခုထပ်ရိုက်ထားတဲ့ လက်ရှိစာအုပ်တွေကို ဖတ်ဖို့ တစ်အုပ်စီ ပေးထားလိုက်ပါ။

၁။ ကိုရင် ၁၂ ပါးလောက် မှော်ဘီဆွမ်းဆန်စိမ်းမတိုင်မီ ရောက်ရင် ကောင်းမယ်။

http://www.dhammadownload.com

၂။ လူငယ်တို့အတွက် အလင်းတိုင်များနဲ့ သတိပဋ္ဌာန် စာအုပ်တွေကို ဆရာတော်တွေအား လှူရန်။

၃။ ချောင်းထဲ ရေမလာတော့ရင် ရေလာရာ လမ်းတစ်လျှောက် ရာသီစာ အသီးအရွက်ပင်တွေ စိုက်နိုင်ရန်။

၄။ သာမဏေကျော် ကျောင်းဆောင်နေရာမှာရော, ယောဂီဆောင်တွေ နေရာတွေမှာပါ ဆရာတော်တွေ ပရိတ်ရွတ်၊ မောင်ပုထဲ အကြောင်းကြား၊ ကျန်းမာရေး သတင်းမေးလာကြောင်း ပြော၊ မိတ်ဆက်ပေး။

၅။ ဆရာတော်တွေကို ဦးအေးချို့ကားနဲ့ လှော်ကားဥယျာဉ် လိုက်ပြ။

၆။ ချောင်းထဲက နွားချေးအခြောက်တွေကို ကုန်းပေါ် တစ်နေရာမှာ စုပုံထားရင် ကောင်းမယ် ထင်။

၇။ ကိုရင်ကြီးတွေ ရေချိုးရင် ရေလောင်းရမယ်။ ကိုရင်တွေ အဆောင်ရှေ့က ဌက်ပျော စသည်တွေအနီး ပုံးနဲ့ ခပ်ပြီး ချိုးခိုင်းရန်။ အပြီး သတ်မှာ ရေကန်နား ချိုး။

၈။ ဥူးဇဝနကို ဆေးမြီးတိုစာအုပ်တွေ အဖတ်ခိုင်းပါ။ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတကို စာဝါချရင်း ငါးမိနစ်စာ နေ့စဉ် ပြောပေးပါ။

ပို့လိုက်ပါ - ငွေတစ်သောင်း

ညီ ဥူးဩဘာသက ရယ်မောပြီး သာမဏေကျော်ထံက စာဖြစ်စေ, ဖုန်းဖြစ်စေ လာမှာ ကြောက်နေပါတယ်လို့ ပြောပါတယ်။ ရယ်မောပြီး ပြောနေတဲ့ ဥူးဩဘာသရဲ့ ဟန်ပန်အမူအရာလေးကို ပြန်လည် မြင်ယောင်နေမိပါတယ်။ သာမဏေကျော်က သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ကို သာမဏေကျော် မဟာဂန္ဓာရုံသက်တန်း တစ်နှစ်နဲ့ ၆ လလောက် အရောက်မှာ ပဏ္ဏိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှ အပြီးပြောင်းရွှေ့လာပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံမှာ သာမဏေကျော် မဟာဂန္ဓာရုံသက်တမ်း တစ်နှစ်မပြည့်ခင်လေးမှာ ဖုန်း ရှိလာပါတယ်။ ဖုန်း မရှိသေးခင်က စာတွေကို ကိုအေးသန်း, ကိုဌေးညို (ကိုရင်လေးနှစ်ပါးရဲ့ ခမည်းတော်များ) နဲ့ ရေးပို့ပေးရပါတယ်။ အဲဒီစာတွေကို ဥူးဩဘာသနဲ့ မောင်လှဝင်းတို့က

http://www.dhammadownload.com

သေချာသိမ်းဆည်းထားလို့ ပြန်လည်ဖတ်ရှုရပါတယ်။ အဲဒီစာတွေကို ရေးပို့ခဲ့စဉ်က နေ့စွဲတပ်ခဲ့ရင် ပိုကောင်းပါမယ်။ နေ့စွဲမပါဘဲ ဖြစ်နေပါတယ်။ စာတွေက အတော်များနေပါတယ်။ သာမဏေကျော် ပြောချင်, မှာချင်တာလေးတွေကို စာနဲ့ ရေးရေးပြီး မှာရတယ်။ အဲဒီစာလေးတွေကို မပျောက်အောင် သိမ်းထားတဲ့ ဥုးဩဘာသနဲ့ မောင်လှဝင်းတို့ကို ကျေးဇူးတင်ရပါတယ်။ အဲဒီစာလေးတွေကမှ **"ကျောင်းသစ်ရဲ့အရှက်ဦး"** ဆိုတဲ့နာမည်နဲ့ ပိုမိုဆီလျော်တဲ့ စာသားတွေ ဖြစ်နေကြပါတယ်။ ကျောင်းသစ်ရဲ့အဦးပိုင်း ကာလအခြေအနေလေးတွေကို ပြည့်စုံစွာ ဖော်ပြထားပါတယ်။ ပြည့်စုံစွာ သိရှိရပါတယ်။

မောင်လှဝင်းကတော့ "တပည့်တော်တို့က ရယ်စရာအနေနဲ့ ဒီလို ပြောနေကြပါသေးတယ်လို့ ပြောပါတယ်။ 'အရာတော်မြို့နယ်ရှိ သလဲဘာရွာမှ မိခင်တစ်ဦးက ဒီလို ပြောပါသတဲ့။ ငါအကြောက်ဆုံးအရာ နှစ်ခု ရှိပါတယ်။ တစ်နံပါတ်က ရွာဥက္ကဋ္ဌဖြစ်တဲ့ ဦးထွန်းအောင်ရဲ့ မိုက်ကို လေနဲ့ မှုတ်လိုက်တဲ့ အသံရယ်၊ နှစ်က ငါ့သားဖြစ်တဲ့ မောင်မျိုးသန့်ဆီက စာရယ်ပါပဲ။' ဦးထွန်းအောင်က မိုက်ကို ကိုင်ပြီး အသံခွဲစက်မှ အမိန့်တွေ, အာဏာတွေ ပေးတတ်လို့ ဦးထွန်းအောင်ကို ကြောက်မိပါတယ်။ မောင်မျိုးသန့်က တက္ကသိုလ်ကျောင်းသား ဖြစ်ပါတယ်။ သားက အမေ့ထံ စာတွေကို ရေးရေးပို့လေ့ ရှိပါတယ်။ သူစာတိုင်းမှာ အမြဲပါတဲ့ စာကြောင်းလေးတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

'အမေ နေကောင်း၊ သား ဆုတောင်း၊ ပို့လိုက်ပါ ငွေတစ်သောင်း'

တဲ့။ ပို့လိုက်ပါ - ငွေတစ်သောင်းဆိုတဲ့ စာသားလေးကို မိခင်ခမျာ အကြောက်ဆုံးဖြစ်ပါသတဲ့။" အခုလည်း ဥုးဩဘာသ - မောင်လှဝင်းတို့ ကြောက်တဲ့ သာမဏေကျော်ထံက စာသားလေးတွေကို ရှုစားကြည့်ကြပါဦး။ သာမဏေကျော်က ဖုန်းဆက်ပြီး ပြောထားတဲ့ စကားလေးတွေပါပဲ။ သူတို့နှစ်ယောက်က စာနဲ့ ဒီလို ရေးမှတ်ထားကြပါတယ်။

http://www.dhammadownload.com

၂၀-၁-၂၀၀၅

ကျောင်းတိုက်တွေ သွားရောက်လေ့လာတဲ့အခါ ကိုယ်ကြုံကြိုက်တဲ့ အဆောင်ကို ဓာတ်ပုံရိုက်ယူခဲ့ပါ။ ချောင်းဘေးက စိမ့်စမ်းရှိတဲ့ နေရာမှာ ရေတွင်း တူးစမ်းကြည့်ပါ။ ဦးပညိဿရဆီက အောင်လက်မှတ်နမူနာနဲ့ သိမ် နုတ် သိမ်သမုတ် ကမ္မဝါ နမူနာကို ယူသွားပါ။ သင်တန်းသားအရေအတွက် ၅၀ ထက် မပိုရေးအတွက် ဆက်သွယ်ရန် လိပ်စာများဆိုတဲ့ သူများနဲ့ မပြတ် ထိတွေ့ဆက်သွယ်ပါ။

မြောက်ဥက္ကလာ ဖိုးဇော်ကို ဆွမ်းဆန်စိမ်းခံရာ ကားကူညီဖို့ ကြိုပြော ထားပါ။ မှော်ဘီဆွမ်းဆန်စိမ်းခံသွားတဲ့နေရာမှာ စာအိတ်ရဲ့အပေါ် မျက်နှာ မှာ ဆွမ်းအကျိုးငါးပါးနဲ့ ဒါနအကြောင်း ငါ သိသလိုသာ သိကြရင် ဆိုတဲ့ စာသားထည့်ပါ။ ဘုရားရှိခိုးစာအုပ်၊ အောင်လက်မှတ်၊ မှော်ဘီဆွမ်းဆန်စိမ်းခံ စာအိတ်တို့ကို ဦးကျော်ဦးထံ စီစဉ်ခိုင်းပါ။ လူဝတ်ကြောင်တို့ အတွက် နံနက်ခင်းဩဝါဒ စာအုပ်ကို ကပ္ပိယ၊ သင်တန်းမှာ သပိတ်, သင်္ကန်း စသည် ကို ရွှေတိဂုံနားက ရတနာအောင်သင်္ကန်းဆိုင်မှာ ကပ္ပိရမှာပါ။ စျေးနှုန်း စုံစမ်း ထားပါ။ ကိုထိန်ဝင်းနဲ့ ကိုပုက သူ ဝယ်ထားတဲ့ မြေပေါ်မှာပဲ ဆောက်ချင်တာ လား။ တစ်ထပ်လား နှစ်ထပ်လား။ အရေးကြီးတာက သံဃာနေဖို့ အဆောင် ပဲ။ အုတ်စျေး၊ မြေစျေး ပြန်ပြောပြပါ။

၂၃-၁-၂၀၀၅

ဝေယျာဝစ္စအဖွဲ့များ ဘုရားဝတ်တက်ကြပါ။

ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော်တွေကို ဂုဏ်တော် တစ်ခုချင်းအလိုက် ပါဠိအနက် ဆိုပါ။ မေတ္တာပို့ပါ။ ငါးမိနစ် တရားထိုင်ပါ။

ကိုရင်လေးတွေ ဘုရားဝတ်တက်ပြီး စာပြန်ပါ။ စာပြန်ပြီး ကိုရင် တစ်ပါးက တစ်ရက် ပုံပြင်တစ်ခု ပြောပါ။ ပိဋကစာအုပ်တွေထဲက ပုံပြင်တွေ ကိုပဲ ပြောပါ။

နံနက်ခင်းဩဝါဒများစာအုပ်ကို ဝေယျာဝစ္စအဖွဲ့အား ဖတ်ပေးပါ။ ပြန်ပြောင်းပြောပြ မဟာဂန္ဓာရုံဩဝါဒကို ကိုရင်တွေ ဖတ်ကြပါ။

http://www.dhammadownload.com

ရေရလျှင် ရေဖျန်းပါ။
သင်တန်းအတွက် ကြိုတင်ပြီး ဆွမ်းခံနေရာ စီစဉ်ပါ။
သိမ်တိုင်တွေကို ကြိုဝယ်ထားပါ။

၁၉-၇-၂၀၀၅

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာက သာမဏေကျော် မဟာဂန္ဓာရုံကျောင်းကို ဝါဆိုသင်္ကန်းကပ်ဖို့ ပင့်ထားတယ်။ ကားနဲ့ လာပင့်ရင် ကြွပါ။ မလာရင်တော့ ကြွမနေနဲ့။ ၂၄-၇-၀၅ နေ့ လာလိမ့်မယ်။

ဦးအေးချို မဖြူဆီ သွားရင် ပစ္စေကဗုဒ္ဓါ၊ ကောင်းကင်ယံက ကံထူးရှင်များ၊ ရှင်မဟာမောဂ္ဂလ္လာန်စာအုပ်တွေကို ပေးလိုက်ပါ။

ဒေါ်သိဂီကျော် (မစာရုရဲ့အစ်မ) က မွေးနေ့ခေါင်းလောင်း လျှုပါမယ်။ သင့်တော်ရာ နေရာမှာ ရွေးပေးလိုက်ပါ။

၂၄-၇-၂၀၀၅

ဥနှဲပင် အပင်ပေါက်လေးတွေနဲ့တင် အားရမနေနဲ့။ ကိုင်းချိုး စိုက်ကြည့်ပါဦး။ ချောင်းဘေးတစ်လျှောက် ငှက်ပျောစိုက်ပါ။ မည်မီလှိုင် လျှုတဲ့ သင်္ကန်းတွေက ကထိန်သင်္ကန်းလား၊ ဝါဆိုသင်္ကန်းလား။ ဘုန်းကြီး ဣန္ဒေါဘာသက ရေရလို့ ဝမ်းသာကြောင်း အမိန့်ရှိပါတယ်။

၁၄-၈-၂၀၀၅

ကိုထိန်ဝင်းကိုလည်း ကျောင်းအခြေအနေတွေ ပြီးစီးတာကို ဆက်သွယ်အကြောင်းကြားပါ။ မဏိဇောတစာအုပ်ထဲက နွားမတွာစာ တော်တော်ကောင်းတယ်။ ကိုရင်လေးတွေကိုလည်း ဖတ်ပြပေးပါ။

၁၄-၉-၂၀၀၅

မောင်လှဝင်း၊ သာမဏေကျော် မဟာဂန္ဓာရုံ ဆိုင်းဘုတ်ကို ကထိန်အမီ လုပ်ပါ။ ဦးကျော်ဦး, ကိုပုတို့ကို သည်းခံပြီး ပေါင်းပါ။ တပည့်ခံပါ။ ရွာဥက္ကဋ္ဌ လုပ်တုန်းက ဌာနဆိုင်ရာအကြီးအကဲတို့ကို ပေါင်းသလိုပဲ လေး

http://www.dhammadownload.com

လေးစားစား ပေါင်းပါ။ အညာက 'ကျုပ်လို့' သုံးတာဟာ ရန်ကုန်မှာတော့ ရိုင်းတယ်။ မသုံးပါနဲ့။

၂၃-၁၀-၂၀၀၅

ကထိန်မှာ သာသနာ့ဝန်ဆောင်ကျောင်းက ဦးမေဓာသာရနဲ့ ဦးဥဿဘ သီရိ နှစ်ပါးလုံးကို ပင့်ပါ။ နွားချေးတွေကို စက်နဲ့ မောင်းတင်ပါ။ သံပရာပင်တွေကို ကျင်းဖွဲ့ပြီး မောင်းတင်ပါ။ မြက်တွေကို ရှင်းပါ။ ကျောင်းဝင်းမှာ မြက် မရှင်းတာ လူပျင်းတွေရဲ့ လက္ခဏာပဲ။ ကထိန်မှာ တာဝန်တွေ ခွဲဝေပေးပြီးပြီလား။

အခမ်းအနားမျူးက ဘယ်သူ လုပ်မှာလဲ။
ကြိုဆိုနေရာချထားရေးကို ဘယ်သူ တာဝန်ယူမှာလဲ။
ဖိနပ်စောင့်က ဘယ်သူတွေလဲ။
ဆွမ်းကပ်, ပရိသတ်ထမင်းကျွေးတွေကို ဘယ်သူတွေ လုပ်ကြမှာလဲ။
ဆွမ်းစားကျောင်းပေါ်မှာ သံဃာများကို ဆွမ်းကပ်မယ်။
ကိုရင်တွေ အဆောင်မှာ ပရိသတ်ကို ထမင်းကျွေးမယ်။
ဦးဩဠာသအဆောင်မှာ သံဃာများ သီတင်းသုံးမယ်။
ဦးဩဠာသက သံဃာကြိုပါ။
ဦးဇင္ဒိလက ဆွမ်းပွဲ ပြင်ပါ။
အဆောင်အာလုံး ရှင်းထားပါ။

သင်ဖျာ လိုရင် ကပ္ပိပါ။ ဖိနပ်တင်စရာ စင် လုပ်ပါ။ ရေအိုးတင်စရာ ရေအိုးစင် လုပ်ပါ။ ကုဋီတွေမှာ ဆပ်ပြာ ထည့်ပါ။ ရေ ဖြည့်ဖြည့်ထားပါ။

၃၀-၁၁-၂၀၀၅

ဒီနေ့ ဥပုသ်နေ့ဆိုတော့ ဥပုသ်ပြုကြပါ။ ဝေယျာဝစ္စလုပ်တဲ့ လူဝတ်ကြောင်တွေက ဘုရားဝတ်တက်ကြလား။ ဥဩဝနက လူဝတ်ကြောင်တွေကို ဩဝါဒပေးရဲ့လား။ မိနစ် ၃၀ လောက်ကြာလား။ ကိုရင်လေးတွေ ဖြေထားတဲ့ ဖြေလွှာတွေကို ကြည့်ရတဲ့အခါ စာရေးတာ မလှသေးဘူး။ စာလုံးလှလှရေးတတ်ကြပါစေ။ အစိပ်အကျဲ ညီအောင် ရေးခိုင်းပါ။ မောင်အောင်ဆန်း

http://www.dhammadownload.com

က ဥုးဇင်းတွေကို လေးလေးစားစား ဆက်ဆံပါ။ ရိုရိုသေသေ ဆက်ဆံပါ။ မာနသံ, ဒေါသသံ မပါအောင် သတိထားဖို့ ပြောလိုက်ပါ။

၁၄-၁-၂၀၀၆

မြောက်ဥက္ကလာမှ ဖိုးဇော်တို့ ကားကို ဆွမ်းဆန်စိမ်းခံမှာ လိုအပ်ရင် ကြိုတင် အကြောင်းကြားထားပါ။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းအတွက် ဘုရားရှိခိုးစာအုပ်, အောင်လက်မှတ်, အဖြေလွှာစာရွက်, တံဆိပ်တုံးတွေကို အဆင်သင့် လုပ်ထားပါ။

ခုဒ္ဒသိက္ခာမှ သင်္ကန်းအပိုင်း ဖတ်ပြီးရင် ပဏိဏ္ဏကအပိုင်း ဘာသာဋီကာ စာမျက်နှာ ၄၂၁ မှ စဖတ်ပါ။ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဥုးဇင်းတွေ ခုဒ္ဒသိက္ခာ ဘာသာဋီကာ နေ့စဉ် မှန်မှန် ဖတ်ကြရဲ့လား။

၃၀-၁-၂၀၀၆

ယောဂီဆောင်တွေမှာ ခုတင်တစ်လုံးစီ အခန်းတိုင်းမှာ ထားဖို့ လိုတယ်။ စွန်ညီနောင် - စွန်မင်း ကျောင်းဆောင်တစ်ရဲ့ အောက်ထပ်က အခန်းနှစ်နဲ့ အထက်ထပ် အခန်းတစ်ခန်းမှာလည်း ခုတင်တစ်လုံးစီ ထားဖို့ လိုမယ်။ အပေါ်ထပ်မှာ ကိုရင်တွေနဲ့ ဥုးဩဘာသနေဖို့ အခန်းဖွဲ့ရမယ်။ သိမ်အပေါ်ထပ်က အရှေ့ဘက်မှာ ဘုရားမန်း ထားသင့်တယ်လို့ ကျောင်းဒကာ ဦးခင်ဇော်ကို ပြောလိုက်ပါ။

ကြောက်နေကြဦးလေမလား

ကိုရီးယားခရီးစဉ် မသွားခင် ဥုးဩဘာသ, မောင်လှဝင်းတို့ ကြောက်ပါတယ်လို့ ပြောလာစေမယ့် စကားလေးတွေကို ထပ်ရေးပေးခဲ့ရဦးမယ်။ ဒီတစ်ခါမှာတော့ ဥုးဇင်္ဂီလအပြင် ဥုးဇဝနပါ ပါလာမယ် ထင်တယ်။ သူတို့ကိုလည်း မှာခဲ့ရဦးမယ်။

၁။ ဥုးဇဝနက ပို့ချလို့ တစ်ဝက်လောက်သာ ပြီးသေးတဲ့ ဇာတ်တော်ကြီး ၁၀ ဘွဲ့ကို ကိုရင်တွေနဲ့ ဖိုးသူတော်တွေအား ဆက်လက်ပို့ချပေးပါ။

http://www.dhammadownload.com

၂။ ဥုးဇဝန ဦးဆောင်ပြီး ဖတ်လက်စ ခုဒ္ဒသိက္ခာဘာသာဋီကာကို သုံးပါး စုပေါင်းပြီး ဆက်လက်ဖတ်ကြပါ။

၃။ ဥုးဩဘာသက ပို့ချလက်စ ပါဠိသိက္ခာကို ဆက်လက်ပို့ချပြီး ၅၅၀ ဇာတ်တော်တွေကိုလည်း ဆက်လက်ပြောပြပေးပါ။

၄။ ဥုးဩဘာသက ကိုယ်ပြောပြတဲ့ ဇာတ်တော်ကို ပါဠိဘာသာနဲ့လည်း ဖတ်ရှုပါ။ အနက်မထင်တဲ့ (မသိတဲ့) စာလုံးငါးလုံးကို နေ့စဉ် ရေးမှတ်ထားပါ။ ကိုရီးယားက ပြန်လာရင် အဲဒီ မသိတာတွေကို ပြောပြမယ်။

၅။ ဥုးဇဋိလက သင်္ဂြိဟ်ကို မြန်မာလိုပဲ ဆက်လက်ပို့ချပေးပါ။

၆။ ဥုးဇဋိလက ခုဒ္ဒသိက္ခာဘာသာဋီကာထဲက မှတ်သားစရာ အချက်တစ်ချက်စီကို နေ့တိုင်း မှန်မှန် ရေးမှတ်ထားပါ။ ကိုရီးယားက ပြန်လာရင် ကြည့်မယ်။

၇။ မောင်လှဝင်းက အင်္ဂလိပ်စကားပြောသင်တန်း တက်နေတာဆိုတော့ အင်္ဂလိပ်ဝါကျနှစ်ခုစီကို နေ့စဉ် ကျက်ထားပါ။ ကိုရီးယားက ပြန်လာရင် ရွတ်ပြရမယ်။

၈။ သပြေပင်တွေ, ကံ့ကော်ပင်တွေ, ဆူးပုတ်ကြီးပင်တွေစတဲ့ သစ်ပင်တွေကို စိုက်သင့်ရာ နေရာတွေမှာ အစီအစဉ်တကျ စိုက်ပျိုးပေးကြပါ။

၉။ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ ရိုက်ထားတဲ့ ခွေတွေကို ပေးသင့်တဲ့ ပုဂ္ဂိုလ်တွေအား ပေးပါ။

၁၀။ ဆွမ်းခံသံယာတန်း နှစ်တန်းအတွက် ဖိုးသူတော် လေးပါး ထပ်ဝတ်ပေးပါ။

၁၁။ ဥုးဇဝနက ကိုရင်ကြီးတွေအား မီးစက်နဲ့ ပတ်သက်ပြီး သင်ပြပေးသင့်တာကို သင်ပြပေးပါ။

၁၂။ ဥုးဇဝနက လုပ်အားပေးလူဝတ်ကြောင်တွေ ဘုရားဝတ်တက်ရာမှာ ဦးဆောင်ကာ ဩဝါဒစကား ပြောကြားပေးပါ။

သာမဏေကျော်

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်၊
လှော်ကားဥယျာဉ်အနီး၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။
တန်ခူးလဆန်း ၁၃ ရက်၊ ၁၃၆၇-ခု
၁၀-၄-၂၀၀၆

http://www.dhammadownload.com

သာဓုခေါ်ပါလေ

* ပညာဆိုတာ, လောကမှာ, အရာရာကို သိနိုင်ပေ။
* စာအုပ်လှူရာ, ပညာပါ, လှူရာရောက်ပါပေ။
* ဗုဒ္ဓသာသနာ, လောကမှာ, ရှည်ကြာတည်ပါစေ။
* ဤသို့ ရည်မှန်း, ငါ လှူဒါန်း, ရွှင်လန်း သာဓုခေါ်ပါလေ။

သာမဏေကျော်ဘေ
ပညာဒါန အလှူရှင်များ

၁။ ကိုမျိုးခိုင်ကို ရည်စူး၍ ကျန်ရစ်သည့် မောင်နှမတစ်စု
အမှတ် (၃၄) (A)၊ အင်းယားမြို့လမ်း၊
ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်း။ ၁,၅၀၀,၀၀၀/-

၂။ Sukhavati (Korea, Seoul) ၆၈၇,၅၀၀/-

၃။ မခင်ညွန့်လွင် (ခ) မဖြူ၊ မန္တလေးမြို့။ ၃၀၀,၀၀၀/-

၄။ ကိုစိန်ကျော်နှင့် မောင်နှမတစ်စု၊
ဘုရင့်နောင်ပွဲရုံ ၃၀၀,၀၀၀/-

၅။ ကိုတိုးတိုး (ခ) ကိုသန်းထွဋ် - မခင်ဝင်းရီ၊
သမီး - ယွမ်ယွမ်း၊ ဝမ်ဝမ်း။ ၂၀၀,၀၀၀/-

၆။ ကိုရဲ၊ ရွှေမဟာအထွေထွေရောင်းဝယ်ရေး၊
အမှတ် (၈၇)၊ ကုန်ဈေးတန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ၂၀၀,၀၀၀/-

http://www.dhammadownload.com

၇။	ကိုကြည်လင် မိသားစု၊ ကောင်းဓာက်ပွဲရုံ။	၁၅၀,၀၀၀/-
၈။	ကိုမောင်မောင် - မစန်းနု၊ ကောင်းဆက်ပွဲရုံ။	၁၅၀,၀၀၀/-
၉။	ဦးလှမြင့် - ဒေါ်တင်တင်အေး၊ သား - ဟိန်းစည်၊ သမီး - ဧကရီ၊ မိသားစု၊ ပြင်ဦးလွင်မြို့။	၁၃၀,၀၀၀/-
၁၀။	မသုဘဒ္ဒါ၊ မဝိဇယာ၊ ကိုရီးယား။	၁၁၅,၅၀၀/-
၁၁။	ကောင်းသီဟ၊ မင်းသီဟ၊ မေဦးခိုင် မောင်နှမများ၊ အမှတ် (၅)၊ ငွေပြည်သာ၊ သယ်နှုန်းကျွန်း။	၁၁၁,၀၀၀/-
၁၂။	အရှင်သံဝရာလင်္ကာရ ဓမ္မပိယဆရာတော်၊ သယ်နှုန်းကျွန်း၊ ရန်ကုန်မြို့။	၁၀၀,၀၀၀/-
၁၃။	ကိုမျိုးအောင် - မစန်းစန်းဝင်း မိသားစု၊ (၅၃) ကမ်းနားလမ်း၊ ပုသိမ်မြို့။	၁၀၀,၀၀၀/-
၁၄။	ဦးအောင်ထွန်း - ဒေါ်မြင့်မြင့်အေး၊ သား - ကျော်ကျော်ထွန်း၊ ဟန်လင်းအောင်၊ သမီး - မသဇင်အောင်၊ တောင်ကြီးမြို့။	၁၀၀,၀၀၀/-
၁၅။	ဦးအောင်သန်း + ဒေါ်ဝေ၊ ဒေါ်နုနုဝေ၊ ဒေါ်အေးအေးလွင်၊ ဒေါ်ခင်လေးဝင်း၊ တောင်ကြီးမြို့။	၁၀၀,၀၀၀/-
၁၆။	ဦးစိမ်း မိသားစု။	၁၀၀,၀၀၀/-
၁၇။	ဦးခင်ဇော် - ဒေါ်စန်းစန်းအေး မိသားစု။	၁၀၀,၀၀၀/-
၁၈။	ဦးကုလားဖြူ မိသားစု။	၁၀၀,၀၀၀/-
၁၉။	ကိုထင်ကျော် - မအေးအေးခိုင်၊ သား - အောင်အောင်ဦး၊ ဟိန်းထက်ဇော်။	၁၀၀,၀၀၀/-

http://www.dhammadownload.com

၂၀။ ကိုဇင်မျိုးနိုင် - မဝင်းမာဦး မိသားစု။ ၁၀၀,၀၀၀/-
၂၁။ ကောင်းဆက်ပွဲရုံ မိသားစု။ ၁၀၀,၀၀၀/-
၂၂။ ဒေါ်နန်းနွယ်၊ သမီး - မခင်ခင်ဦး၊
ညီမ - မနန်းမိုးသီတာ၊
ကြေပြင်၊ မိုးကုတ်မြို့။ ၁၀၀,၀၀၀/-
၂၃။ ဦးအောင်မြင့်သိန်း၊ ကားဝပ်ရှော့၊
(၄၇၂) သစ္စာလမ်း၊ တောင်ဥက္ကလာ။ ၁၀၀,၀၀၀/-
၂၄။ ဦးအောင်ကျော်ဆင့် + ဒေါ်နှင်းငွေရည်
မြကြာငုံစာပေ၊ အမှတ်-၅၄၊ အုတ်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။ ၁၀၀,၀၀၀/-
၂၅။ မကမလညာနီ နှင့် မပရမညာနီ၊
ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်း
သာသနာ့ရိပ်သာ။ ၅၀,၀၀၀/-
၂၆။ ဦးတင်ဝင်း - ဒေါ်ဝမ်းဝမ်း မိသားစု။ ၃၀,၀၀၀/-
၂၇။ ဦးအောင်သူဆန်း - ဒေါ်ဌေးဌေးရီ မိသားစု။ ၃၀,၀၀၀/-
၂၈။ ဦးတင်အောင်၊ ဒေါ်ကျင်ပု၊ စံပြရွှေဆိုင်၊
(၅၃)၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့။ ၃၀,၀၀၀/-
၂၉။ ဦးနီပွန် + ဒေါ်ခင်လေးရီ၊
သင်္ဘာမျက်မှန် မိသားစု၊ ပဲခူးမြို့။ ၃၀,၀၀၀/-
၃၀။ သာသနာမိခင်ကြီး ဒေါ်ကျင်ယုံ၊
မဟာစည်သာသနာ့ရိပ်သာ၊ သယ်နံးကျွန်း။ ၁၅,၀၀၀/-
၃၁။ ဒေါ်ညွှန့်ညွှန့်၊ သား - ကိုထွန်းနိုင် မိသားစု။ ၁၀,၀၀၀/-

http://www.dhammadownload.com

သာမဏေကျော်စာပေကထုတ်ဝေခဲ့သည့်
ဆရာတော် သာမဏေကျော်၏စာအုပ်များ

၁။ ကြီးပွားချမ်းသာမယ်
၂။ ဆွမ်းအလှူ
၃။ ကျောင်းအလှူ
၄။ ဗုဒ္ဓသမီးထံသို့
၅။ ဝါဆိုနှင့်ကထိန် (ဒုတိယအကြိမ်)
၆။ ကိုရင်ဝတ်ပြုရင်
၇။ ဗုဒ္ဓ၏တစ်နေ့တာလုပ်ငန်းစဉ်
၈။ တောင်ကိုရီးယားသို့ဝိပဿနာခရီး
၉။ ကိုရင်လေးတို့ဖတ်ဖို့
၁၀။ ကြည်ညိုဖွယ်ရာ–အရှင်သာရိပုတ္တရာ
(ဒုတိယအကြိမ်)
၁၁။ တရားဘယ်လိုရှုမှတ်ရမလဲ (ဒုတိယအကြိမ်)
၁၂။ ဗုဒ္ဓသာသနာကွယ်ချိန်
၁၃။ ဗုဒ္ဓပေးခဲ့တဲ့ယဉ်ကျေးမှုအမွေ (ဒုတိယအကြိမ်)
၁၄။ အတုယူဖွယ်ရာစိတ်ထားများ (ဒုတိယအကြိမ်)
၁၅။ ပန်းလေးတစ်ပွင့်

http://www.dhammadownload.com

ယခု

ကျောင်းသစ်၏ အရှေ့ဘဉီး (ပထမအကြိမ်)

ဆက်လက်ထုတ်ဝေမည့်

ဆရာတော်သာမဏေကျော်၏စာအုပ်များ

၁။ ပုဒ္ဓသာသနာဝင်တို့ သိဖို့လိုသည် (ဒုတိယအကြိမ်)
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၇၉၅၁၂၀၇

၂။ ရဟန်းနှင့်စည်းကမ်း
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၅၄၅၀၈၀၇

၃။ မြန်မာတွေအတွက် မြန်မာပရိတ်ကြီး
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၃၄၉၀၆၀၇

၄။ ဘုရားဂုဏ်တော်နှင့်မဟာစည်ဆရာတော်
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၃၅၆၀၆၀၇